
www.burmeseclassic.com

လာဘ်မိုးရွာ စာပေ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

မင်္ဂလာပဉ္စယော

# ရောင်ခြည်

မင်္ဂလာဇင်း



ဝေဠုဝန
ကျောက်စိမ်း
စေတီတော်
(စာ-၁၇)




လာဘ်မတိတ်စေတဲ့
အဆောင်
(စာ-၄၆)

Graphic; Soe Win Htun



ထိုင်တော်မူ မြတ်စွာဘုရား

ရောဂါဘယ ကင်းဝေးခြင်း ဖြစ်ပေါ်လတ္တံ့သော
ကပ်ရောဂါများ ကာကွယ်စောင့်ရှောက်ခြင်း



ဘီလူး နဂါးမင်းအချုပ်
နဂါးရုံ မြတ်စွာဘုရား

နေနှင့်ဆက်စပ်သော လုပ်ငန်းများ
စီးပွားဖြစ်ထွန်း အောင်မြင်ခြင်း
စီးပွားလာဘ်လာဘ တိုးတက်ခြင်း

ဂျပန်(အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာ)
ဘုရားဖူးသွားရအောင် (စာ-၃၆)

www.burmeseclassic.com

www.burmeseclassic.com

## လာဘ်မိုးရွေဂါထာ

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘာတော နန္ဒလာဘောမေ၊
သဒါဟောတု ဘဝါဘဝေ။

မဂ္ဂပစ္စယော

# ရောင်ပြန် မဂ္ဂဇင်း

BURMESE CLASSIC

၂၀၁၆-ခုနှစ်၊ ဇွန်လ၊ အမှတ် (၆၉)

ⓐ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။ ⓐ

ထုတ်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးရွေ) အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်

အမှုဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သန္တာဝင် အယ်ဒီတာရုံးအဖွဲ့ - စိုးစိုး

---

ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး(၀၀၉၅၆)မှ ထုတ်ဝေ၍ ဝင်းထွန်း(၀၀၁၂၆)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။
အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၂၄၀၀ ကျပ်
စာအုပ်ချုပ် - ရှကီး၊ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - အောင်နိုင်လတ်၊ ကျော်စိုးညိမ်း၊ စံလွင်မောင်၊ ဖိုးအောင်တို့က ပန်းချီဆွဲ၍ မျက်နှာဖုံးဂရပ်ဖစ်ကို စိုးဝင်းထွဏ်းမှ ဖန်တီးသည်။

## ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ့ရေးရာ သုတအဖြာဖြာကိုလည်းကောင်း၊ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများ၊ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်းသံဃာများအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော မဂ္ဂဇင်း ဖြစ်ပါသည်။ ဤ၌ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် မဆိုင်ဘဲ ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း၊ ၎င်းတို့၏ စွမ်းဆောင်ချက်များကိုလည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

မဂ္ဂပစ္စယော

မဂ္ဂဇင်း

၂၀၁၆ ခုနှစ်၊ ဖွန်လ၊ အမှတ် (၂၆၉)

# မာတိကာ

## ရောင်ပြန် ကဗျာ

သားထက်ခွေး၊ တက်လှ၊ ချစ်မုန်းငြိမ်း၊ မင်းရိုးယဉ်၊ ဖျာပုံနီလုံဦး၊
မောင်သုခွေ(သပြေရုံ)၊ ကျော်လွင်ဦး(ပျဉ်းမနား)၊ သွေးရည်

## ရောင်ပြန် အခန်းဆက်ရသ


တောဘုမ္မာဝင့်နန်းလယ်မှာ ကျွတ်တမ်းကယ် စာမထိပ်ချင်ဘု(၁၈)
မောင်ဟိန်းကျော် —— ၁၆၈


ဓတော်ကြီးတစ္ဆေ(၂)
တာတေကြီး —— ၁၈၄

ဂန္ဓီရမိုးကောင်းကင်မှ ကြယ်စင်(၂)
မြန်မာ့ရှင် —— ၁၉၄












www.burmeseclassic.com

စာ - ၂၂၄




## မြန်မာ့ရေးရာ

ဒီပါလေးဆူ သမိုင်းထူခဲ့သည့် သီတာမောင်နမရာဇဝင်
မင်းတိုင်ပင်(မြရောင်မြေ) ——— ၂၂
သန်လျင်မြို့ ရွှေနံ့သာဆရာတော် ထေရုပ္ပတ္တိနှင့်...
ဒေါ်မြမှတ်ရီ ——— ၂၇
မာတ်တော်ကျူးဆရာတော်ကြီး ဘဒ္ဒန္တစန္ဒောဘာသ
ကျော်ဇောဟိန်း(နံ့သာ) ——— ၃၃
"ဓ"သုံးလုံး၏ လျှို့ဝှက်ချက်
ဗေဒသုတေသီဆရာမျိုး ——— ၆၅

စာ - ၃၆

## ဂျပန်ဘုရားဖူး သွားရအောင်

မြတ်မြတ်မိုး



## ရောင်ပြန် ရသ

ကျောက်ကြဘသိမ်ကုန်းဘုရားမှ သိုက်မောင်နှမ
မနှင်းပွင့်(မြည်) ——— ၂၀၂
အဆုံးမဲ့ စီးဆင်းခဲ့သော်လည်း
မြမြလှိုင် ——— ၂၂၄
ကြောခဇစ်၏ နလုံးသားကွန်ယက်
လေးသွစ် ——— ၂၃၂
အစိမ်းသေ လူဝင်စား
ကျော်မင်းနိုင် ——— ၂၄၄
အကြံကောင်း
မနသသကျော်ဝင်း ——— ၂၅၄

စာ - ၁၆၈




**အယ်ဒီတာအမှဲ့ / ကြော်ငြာနှင့် ဖြန့်ချိရေး**

**လာဘ်မိုးစွေ စာပေ**

တိုက် - ၂၇၊ အခန်း - ၁၂(မြေညီထပ်)

၅၂ - လမ်း(အောက်)၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၀၉ - ၄၂၀၀၅၉၂၅၊ ၀၉ - ၅၀၉၂၄၇၇

www.burmeseclassic.com

www.burmeseclassic.com

## ဓာတ်တော်ကျူဆရာတော်ကြီး ဘဒ္ဒန္တစန္ဒောဘာသ (မိုးကုတ်)



■ ကျော်ဇောဟိန်း(နံ့သာ)

စာ - ၃၃

## လောကီရေးရာ


အောင်ဇေယျဝန္ဒနာဂါထာ
အောင်ကျည်တွထ်း ———————— ၄၉
ဘဝအမောကိုဖြစ်စေတဲ့ သရအဆိုးတွေ
ဆရာမဒေါက်တာစောယုနွယ် ———————— ၅၃
ထိုင်းနိုင်ငံနက္ခတ္တဆရာကြီး ခါသာချင်နာဘာန်ချွန်၏ . . .
ဦးတိုး(တက္ကသီလ) ———————— ၅၆
ဒီလိုလက်မျိုး သင့်မှာရှိခဲ့လျှင်
ဒေါက်တာစောယုနွယ် ———————— ၅၉
တရုတ်နက္ခတ္တဗေဒင်ပညာ 2016-June
ကောတီအောင်သိန်း ———————— ၆၁
ရောင်ပြန်မဂ္ဂဇင်းပြက္ခဒိန်
အင်ကြင်းမြူမြူ(တောင်ငူ) ———————— ၆၇
ငွေနံလဖွားအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် ———————— ၆၉
အလုပ်အကိုင် အောင်မြင်စေရန်
မဟိန္ဒီကျော်ခေါင် ———————— ၇၀
သည်ငွေနံလမှာ ဆောင်ရွက်ပါ
နေမျိုးထွင့်ခေါင် ———————— ၇၁
စိုက်ပျိုးရေးရာ တစ်လတာ
တောကကိုရင် ———————— ၇၂
သည်လအတွက် ကောင်းသောရက်
နယ်သာကီအောင် ———————— ၇၃
နယုန်လပြည့် ထူးခြားနေ့
တက္ကသိုလ်သျှင်ဥက္ကာ ———————— ၇၅
ဥဒိန်ကျော်ခေါင်နတ်
နန်းကြော့သျှင် ———————— ၇၇
အရှင်ဒေဝိန္ဒာဘိဝံသနှင့် ဓမ္မစကားလ်
တက္ကသိုလ်သဒ် ———————— ၇၉
ဓာတ်ရိုက်ယတြာ ရွှေပညာ(၄၁)
ဘုန်းပွင့်ထွန်း ———————— ၈၂
အနိစ္စဒေသနာတော်(၂၃)
မဟာထွန်း ———————— ၈၅
သူတော်စင်ဝိဇ္ဇာကြီးတို့၏ ကျင့်စဉ်နှင့် ဖြစ်ရပ်ဆန်းများ
ဝိဇ္ဇာရေဆရာအောင် ———————— ၉၅
ခနတို့ပွဲ တို့ဆင်နွဲ
ရှယ်လီသိန်းမောင် ———————— ၉၇
ကျွန်ုပ်နှင့် ထူးဆန်းအံ့ဩဖွယ်ရာ ဝိဇ္ဇာကြီးများ
ပထမံဆရာကြီးဦးအောင်သူ ———————— ၁၀၁
မေ့လျော့နေသော သမိုင်းစာမျက်နှာများ
လှမိုး(ပညာရေး) ———————— ၁၀၃
ဗာကျိုးနီးယားမှတ(၄)
မောင်ကောင်းမြင့် ———————— ၁၀၉
တောင်စောင်းရိပ်မှောင် ယောဂီချောင်ဝယ်(၁၁)
မြစံပယ် ———————— ၁၁၁




စာ - ၂၃၂

www.burmeseclassic.com

www.burmeseclassic.com

## လောကီရေးရာ


ဘီလူး ရက္ခိုသ်၊ ကုမ္ဘဏ်
နတ်ထီးလှိုင် ———————— ၁၁၄
ဝင်လယ်ပြင်တခွေ့
ရန်မောင်မောင် ———————— ၁၁၇
မြွေနိုင်နည်းကျင့်စဉ် မေတ္တာဝင်
ထိန်းထက်ချာန် ———————— ၁၁၉
ပထမံဆရာဦးမောင်ကြီးနှင့် တပည့်မိုက်
လူစံ(ပညာခံရေး) ———————— ၁၂၃
မဟာဂီတကျိုက်လတ်ဦးမြူးချို၏ ဗေဒါဘုမ္မာနှင့်
မိတ်ဆွေစစ် မိတ်ဆွေကောင်း
မိုးမြင့်လွင် ———————— ၁၂၈
သူတော်ကောင်းတစ်ယောက်ဖြစ်ဖို့ရာ ဘာများလိုအပ်နေပါသလဲ
ခင်မေမြင့်(မုံ) ———————— ၁၃၂
အယူတော်မင်္ဂလာနှင့် ကြက်နီမိတ်
ဂန္ဓာရဆရာမွှင့် ———————— ၁၃၇
ပြစ်မှားသည့်ဓာတ် ဘယ်သူထံ
ဒေါက်တာအောင်ဒေါ်မင်း ———————— ၁၃၉
ဤလူဘဝ
ချာယဉ်သာမြင့် ———————— ၁၄၂
ထန်းကွက်ခြားနား ဤဆယ်ပါးကို
အဂ္ဂမျိုး ———————— ၁၄၇
ကောင်းကျိုးဝေလျှံ ရွှေအမိဌာန်
ဂန္ဓာရဆရာလှမျိုး ———————— ၁၄၉
ကွမ်ရင်မယ်တော်ဘုရားရှိခိုး
မောင်ပုဝတ်စည် ———————— ၁၅၂



[illegible]
မင်းသိင်္ခ

စာ - ၄၆



စာ - ၂၂
ဒီပါလေးဆူ သမိုင်းထူခဲ့သည့်
[illegible]
မင်းတိုင်ပင်(မြို့ရောင်မြေ)




အုံဖွယ်ထူးဆန်း ဂန္ဓာရမှတ်တမ်းများ
မျိုးသန်းထွန်းကို ———————— ၁၅၃
အသရေမချိုးသည့် ပြည်မြို
ပါမောက္ခမင်းဓာတု ———————— ၁၅၉
ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားသူများကို ရည်မှန်း၍
သက်လှိုင်မျိုး(စက်မှုတက္ကသိုလ်) ———————— ၁၇၈
အညာသူ အညာသား ဆန်ကောရောင်းသူများ
သူတော်စိန် ———————— ၂၃၇
လောကီရေးရာ မှတ်သင့်စွာ
သုတေသီဆရာငြိမ်း ———————— ၂၄၁
ဘဝအမောစင်မယ့် လုတောတစ်ခွင် ဟာသများ
ဦးကောင်းထွေး ———————— ၂၅၈
သာသနာ့ ဇာတနည်း အရှင်ဦးဝိစာရနှင့် အာဇာနည်စိတ်ဓာတ်
ကိုမောင်သန်းဝင်း ———————— ၂၆၂
မြန်မာ့ရိုးရာ ခုစွန်းငွေဝင် အဆောင်စီရင်များ
အောင်မြင်စိုး ———————— ၂၆၈
မွန်ပေစာထဲမှ လျှို့ဝှက်ဗေဒင်ဟောကိန်း
ညွှန့်နိုင်မာ(ကျောက်ဆည်) ———————— ၂၇၁
အသက်ရှည်စေမိုကြောင်း သိကောင်းစရာများ
မင်းမေမြင့်(မုံ) ———————— ၂၇၃
နိမိတ်ပြမည့် ဗယောင်ရှုကိုင်
အင်္ဂဝိဇ္ဇာဆရာအောင် ———————— ၂၇၅
မယ်တော်ကြီးသနိုင်း
ဘုန်းမြတ်သာခေါင် ———————— ၂၇၇


www.burmeseclassic.com

www.burmeseclassic.com

## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး


မြန်မာနိုင်ငံ၏ ပထမဦးဆုံး ဝေရောစနကျောက်စိမ်းစေတီတော်

မြမဥ္စူဝေ(ကျုံမငေး) ———————— ၁၇

ဂျပန်ဘုရားဖူးသွားရအောင်


မြတ်မြတ်မိုး ———————— ၃၆


အစားအသောက်ပေါ်များကြွယ်ဝစေသည့် ဓာတ်ပန်းချီ

ချစ်ဖွယ်(တောင်ငူ) ———————— ၄၃

လာဘ်မတိတ်စေတဲ့အဆောင်

မင်းသိင်္ခ ———————— ၄၆



## ရောင်ပြန် လှိုင်းဂှက်ဆန်းကြယ်


ပြည့်တွင်းပြည်ပ ဝိညာဉ်လောက ယုံကြည်ချက်များ

လှတိုး(စိတ်ပညာ) ———————— ၉၁


## ရောင်ပြန် တိုင်းရင်းဆေး


တိရစ္ဆာန်များမှ လူသားများကို အကျိုးပြုပုံ

ဒေါက်တာသက်ဆွေ ———————— ၂၀၇


ဆေးဖက်ဝင်သည့် မီခင်ပထဝီမြေ

ကျော်ဇောဟိန်း(နံ့သာ) ———————— ၂၂၀


လစဉ်ထုတ် ရောင်ပြန်မဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်းသို့ စာမူပေးပို့ခြင်း၊ စာမူခထုတ်ယူခြင်းတို့ကို နံနက်(၁၀း၀၀)နာရီမှ မွန်းလွဲ(၂း၀၀)နာရီအတွင်း (စနေ၊ တနင်္ဂနွေနှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ) ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော်လည်းကောင်း လာရောက်ထုတ်ယူနိုင်ကြပါသည်။ စာမူပေးပို့ရာ၌ မဂ္ဂဇင်းတိုက်သို့ တိုက်ရိုက်ပေးပို့ခြင်းမရှိပါက တာဝန်ယူမည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com




## ရောင်ပြန်ဖဗဒင်


သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် ———————— ၂၈၅


## ရောင်ပြန် အထူးယတြာ


နိုင်ငံခြားရောက်မြန်မာများအတွက် အထူးယောဂိန်း
ဒေါက်တာစောယုနွယ် ———————— ၂၉၄


## လူတွေသိ နတ်တွေကြားစေ


လူတွေသိ၍ နတ်တွေကြားစေ ———————— ၂၉၆



**တောင်စောင်းရိပ်မှောင်**

**ယောဂီချောင်ဝယ် (၁၁)**



ရ - ၁၁၁




**ငွေလျှင်နှင့်သော**

**သမိုင်းစာမျက်နှာများ**

◆ လှမိုး(ပညာရေး) ◆



ရ - ၁၀၃

**အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး**

**လာဘ်မိုးရွှေ စာပေ**

တိုက် - ၂၇၊ အခန်း - ၁၂ (မြေညီထပ်)

၅၂ - လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၀၉ - ၄၂၁၀၀၅၉၂၅၊ ၀၉ - ၅၀၉၂၄၇၇

www.burmeseclassic.com

# အောင်ဇေယျမှုတောရ ဓမ္မရိပ်သာ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တပဏ္ဍဝံသ(မဟာသဒ္ဓမ္မဇောတိကဓဇ)၏

# ထွဝိဒဏထာ



"အမြတ်ဆုံးဘဝ ဖြစ်ချင်လျှင်
ချမ်းသာ ဆင်းရဲ လောကထဲ၊ ဉာဏ်တွဲမြင်အောင်ရှု
အလှူဒါန၊ ဟူသမျှ ဘဝရပ်တည်မှု
အမြတ်ဘဝ၊ ရှာကြံကြ၊ ဒါနကုသိုလ်ပြု"

သတ္တဝါများသည် ဘဝအဆုံးအစမရှိ အသင်္ချေအနန္တ မရေမတွက်နိုင်အောင် အပိုင်းပြေး ပြေးသွားနေကြသည်။ သတ္တဝါတိုင်းကြည့်လျှင် တချို့ မွဲတေဆင်းရဲလွန်းသည်။ တချို့ အရာရာပြည့်စုံကြ၍ အလွန်ချမ်းသာကြသည်ကို တွေ့ရပေလိမ့်မည်။ ဒါဟာ သံသရာခရီးသွား သတ္တဝါနှစ်မျိုးရဲ့ ကွာဟချက် ဖြစ်နေ၏။ မိဘများ ချမ်းသာ၍ တချို့သားသမီး ပြည့်စုံအောင် ပေးကြသည်။ သို့သော် အကြောင်းဒါနပါရမီ မပြည့်စုံခဲ့၍ ပေးပင်ပေးသော်လည်း သားသမီးများမှာ အဖတ်မတင် အလုပ်မအောင်မြင် ရေ၊ မီး၊ သူခိုး၊ မွေးခံဆိုး စသော ရန်သူကြောင့် မွဲမြဲမွဲ ဆင်းရဲတိုင်း ဆင်းရဲကြံ့ကြရပေသည်။ တချို့သော သားသမီးများမှာ ပေးတာနည်းနည်း ကံ၊ဉာဏ်၊ဝီရိယ စုံလင် အကျင့်သီလကောင်းကောင်းနှင့် ကြိုးစားတော့ လောကအလယ် တင့်တယ်စွာဖြင့်၊ ချမ်းသာစွာဖြင့် နေကြရသည်။ ဒါဟာ အကြောင်းဒါနပါရမီ၏ စွမ်းအားဖြစ်ပေသည်။ ဒီပါရမီ မဖြည့်ဆည်းကြဘူးဆိုလျှင် သံသရာမှာ မစ္ဆရိယရန်သူ၏ တိုက်ခိုက်ခြင်းကို ခံကြရမည်။

www.burmeseclassic.com

www.burmeseclassic.com

# နွေထဲမှာ

သားထက်ဆွေ

■ ရေရှုအမှတ်
နေအပူဟပ်
ငွေမြူတံလျှပ်တို့တဝေဝေ။

■ စမ်းတွေမချို
နှံတွေငို
ငှက်ပျိုတွေ တေးသီခက်
သစ်ရွက်နွမ်းကြွေ။

■ လေအပင့်
ကြွေလွင့်ပါ ရွက်ခြောက်တွေ
ဖုန်နှောက်မွှေလူးယှက်ရော။

■ အဝေးတို့ မြေမပြေ
အလွမ်းတွေ တလွင့်လွင့်
ဂိမာန်နွေ အဖွင့်တေးကို
ရွှေသြပို့ အချွဲချို ကဲတယ်
ကွယ်…
နှိုဆင့်တယော။ ■




www.burmeseclassic.com

www.burmeseclassic.com

# စိတ်ထားမြတ်စွ ပရဟိတ

တက်လူ

- ပရဟိတ အလှူအစွဲတွေနဲ့
ဘဝရှိကြ လူ့ခပဲရယ်လို့
ကူတွဲသကွဲ့ ညီ့ကို့မောင့်မယ်။

- အိုးပစ်လို့ အိမ်ခွာ
တာဝတီသာ အတူတက်နိုင်ငဲ့
ကူလက့်ခြေ ငွေပင်စိုက်လို့ရယ်
ခြေလျင်လိုက် မမောပန်းပါဘူ
တောတန်းတောင်စွယ်။

- ရေဘေးဒဏ်သင့် ပြည်သူတွေငဲ့
ကြည်ဖြူစေဖို့ ဆန့်ဆီ့ဆေး
ကြံ့စည်အေးဖို့ ဝတ်စုံထည်
ချုတ်ခြုံလည်ဖို့ ငွေအိတ်ဖွင့်
မြေစိတ်ကျင့်ဖို့ ကူပံ့ကြွယ်
လှူငယ်တို့လှုပ်အားပေး။

- သူဌေးမဟုတ်ပေမင့်
အပေးမဆုတ်ပါဘူ
အေးသရုပ် ပျူငှာဖျော်သကွဲ့
မှုရာတော် အပျော်စရိုက်တွေနဲ့
သူ့ငါနော် အဖော်လိုက်ပါရ
အကြိုက်ကယ် သဘာသာပေါ့
သံမာမာ ခေါင်းလောင်းထိုးပါလို့
ကောင်းကျိုးမျှော် ရွာတောင်မြို့ကိုလ
(ကွယ်တို့ရယ်…) ဆောင်ပို့တယ်လေ။

(ကိုညွန့်ဝင်းနှင့် မိတ်ဆွေ လူငယ်မောင်မယ် ပရဟိတအဖွဲ့သို့ ရည်ညွှန်းလျက်၊ ရန်ကုန်)



www.burmeseclassic.com

www.burmeseclassic.com



# ငြိမ်းချမ်းရေး

ဖျာပုံနီလုံဦး

■ ရင်ထဲမှာ
စူးနေတာ ကြာပြီ
အတော်ကြာပြီ
"ဆူး" လည်းမဟုတ်...။

■ ရင်ထဲမှာ
မြစ်နေတာကြာပြီ
အတော်ကြာပြီ
"ငုတ်" လည်းမဟုတ်...။

■ ရင်ထဲမှာ
စွဲနေတာကြာပြီ
အတော်ကြာပြီ
"ဝဲ" လည်းမဟုတ်...။

■ ရင်ထဲမှာ
ခုန်နေတာကြာပြီ
အတော်ကြာပြီ
"ဖို" လည်းမဟုတ်...။

■ ရင်ထဲမှာ
တွေဝေနေတာကြာပြီ
အတော်ကြာပြီ
ငွေလည်းမဟုတ်၊ ရွှေလည်းမဟုတ်...။

■ ရင်ထဲမှာ
မျှော်နေတာကြာပြီ
အတော်ကြာပြီ
"ချိုးဖြူ" ငှက်ကလေးရဲ့ တေးသံပါ။ ■

www.burmeseclassic.com

www.burmeseclassic.com

# ဆန္ဒဇော

မောင်သုဆွေ(သပြေရုံ)

- တစ်ခါတလေ
  ဇရာတွေကို
  အသာနေလို့ ထားချင်တယ်။

- ဆံပင်ဖြူ ဆေးရည်ဆိုး
  မြေးတွေ အဘိုးရယ်။

- အဘွားရဲ့အယုအယအလယ်
  သမုဒယတွယ်နေမိ။

- ဒုက္ခသစ္စာတဲ့
  ရုပ်သမျှပစ်ခွာ အထာသိပေမယ့်
  ကညာတမိ သူ့အနားမှာပဲ
  အမှုမျှားကာ ကတုန်ကယင်နဲ့
  ဘုံတစ်ခွင်ဇရာလေ့ကို
  အသာမေ့ချင်၏။ ။



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာနိုင်ငံ၏ ပထမဦးဆုံး

# ဝေဠုစန ကျောက်စိမ်းစေတီတော်

မြမဉ္ဇူဝေ(ကျုံမငေး)

မြန်မာပြည်အတွင်း၌ ဗုဒ္ဓသာသနာသည် နေလပမာ ထွန်းလင်းပြာ၍ ဘုရားစေတီ အဆူဆူကို မြေပြန့်တောင်တန်း၊ တောင်ထိပ်၊ တောင်စွယ်၊ ကမ်းခြေ၊ သောင်တန်း မြေနိမ့် ချိုင့်ဝှမ်းဟူသမျှတွင် ဖူးတွေ့နေရသည်မှာလည်း နှစ်ကာလ တစ်ထောင်မက နှစ်ထောင် ကျော်ကာလသို့ပင် ရောက်ခဲ့ပါပြီ။ သမိုင်းစဉ် အဆက်ဆက် မင်းနှင့်ပြည်သူ စိတ်တူညီ သဒ္ဓါမျှစွာတည်ခဲ့သော ဘုရားစေတီများသည် ကား...

- စွယ်တော်ရှင်စေတီများ၊ စွယ်တော်ပွားစေတီများ
- ဗုဒ္ဓဘုရားရှင်၏ သရီရဓာတ် အဖြာဖြာ ကိန်းဝပ်နေသော ဘုရားစေတီများ
- ရွှေ၊ ငွေ၊ စိန်ကျောက် ရတနာ များစီခြယ် ရုပ်ပွားတော်များ
- ကျောက်သား ကျောက်ဆစ် ကျောက်တော်ကြီးများ ထွင်းထုထားသည့် ရုပ်ပွားတော်များ
- မြေ၊ အုတ်တို့ဖြင့် အနုပညာ လက်ရာမြောက်စွာ တည်ခဲ့သော ဘုရားစေတီရုပ်ပွားဆင်းတု အမျိုးမျိုး

စသည်အားဖြင့် မိမိတို့ဝန်နှင့် ခွန်အား



အနီးကပ်ဖူးတွေ့ရသော ဝေဠုစန ကျောက်စိမ်းစေတီတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်စကြံ့ထပ်းမှ ဖူးတွေ့ရသည့်
ကျောက်စိမ်းစေတီ

မှုစွာ တည်ထားကိုးကွယ်ခဲ့သော ထိုဘုရားစေတီများသည် မြန်မာ့မြေပေါ်၌ များလှစွာ ကိန်းဝပ်တော်မူနေပြီဖြစ်၍ အမျိုးဘာသာ၊ သာသနာကို ချစ်ခင်မြတ်နိုးကြသည့်၊ ဗုဒ္ဓဘာသာကို ဦးထိပ်ပန်ဆင် ကိုးကွယ်ဆည်းကပ်သူများသာမက နိုင်ငံရပ်ခြား လူမျိုးခြား၊ ဘာသာခြားများပင် ဗုဒ္ဓသာသနာထွန်းလင်းရာ မြန်မာပြည်သို့ စိုက်လိုက်မတ်မတ် အခါခါလာ၍ ဘုရားစေတီများ ကြည်ညိုသဒ္ဓါပွားရန်-လာရောက်နေသော ယနေ့ မြန်မာပြည်ကြီးသည် ကမ္ဘာ့အလယ်မှာ သာသနာကြွယ်သည့် နိုင်ငံကြီး ဖြစ်ခဲ့ရပါပြီဟု ဂုဏ်ဝင့်ကြွားသော စာပေများ၊ စကားများဖြင့် သက်သေပြနေသော အချိန်ဖြစ်ပါသည်။

မကြာသေးသောအချိန်ကာလတွင် ထိုမျှများပြားလှသော ရွှေဘုရား ရွှေစေတီ၊ ငွေဘုရား ငွေစေတီတို့နှင့်အတူ ထပ်တိုး ကိန်းဝပ်လာသည်ကား "**ကျောက်စိမ်းစေတီတော်ကြီး**" ဖြစ်ပါသည်။

ထိုကျောက်စိမ်းစေတီတော်ကြီး ကိန်းဝပ်တည်ထားရာ ဒေသမှာ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆင်ရှာအုပ်စု၊ မြင်းမှူးကျေးရွာတွင် ဖြစ်ပါသည်။ စေတီတော်ကြီးကို စာရေးသူ သွားရောက်ဖူးမြော်ရင်း ဘုရားတည်မှတ်တမ်းများ



ကျောက်စိမ်းစေတီတော်ကြီးကို ညချမ်းအခါ၌ ဖူးတွေ့ရစဉ်

www.burmeseclassic.com



ကျောက်စိမ်း
ကျောင်းတော်မှပုံ

နှင့် မှတ်တမ်းတင်ပုံတော်များပါ ဓာတ်ပုံရိုက်ယူကာ ကုသိုလ်ပြု ရေးသားနိုင်ရန် ကြိုးပမ်းခဲ့ပါသည်။


ကျောက်စိမ်းစေတီတော်၏ ဘွဲ့တော်ကို ရွှေသုဝဏ်ဆရာဟော်ကြီး ဘဒ္ဒန္တသမ္မိယက ဆက်ကပ်လှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။ စေတီတည်ထားမှုကို မြေသန့်မင်္ဂလာအခါနေ့ကို ၂၈-၁၂-၂၀၁၂ နေ့တွင်လည်းကောင်း၊ ပန္နက်တော်တင်နှင့် ထွန်တော်ဝန်းမင်္ဂလာကို ၂၃-၁၂-၂၀၁၂ နေ့တွင်လည်းကောင်း ကျင်းပခဲ့ပါသည်။

စေတီဒါယကာအလှူရှင်က နှစ်ပေါင်း ၂၅ နှစ်တိုင်အောင် စုဆောင်းထားသော ကျောက်စိမ်းများဖြင့် ကျောက်စိမ်းအသား ကျောက်တန်ချိန် ၇၅၀ ကို ဒါပနာပြီး စေတီ၏ ငုတ်ပေါ်ပုဖူးတော်နှင့် စိန်ဖူးတော်ကိုလည်း ကျောက်စိမ်းတုံးကြီးများဖြင့် တင်လှူထားပါသည်။ စေတီတစ်ဆူလုံး အုတ်တစ်ချပ်မှမပါဝင်ဘဲ ကျောက်စိမ်းများဖြင့်သာ တည်ထားပါသည်။

စေတီတော်ကြီး၏ ပုံဟန်သဏ္ဌာန်မှာ မုခ်လေးမုခ်ပါဝင်ပြီး စေတီရင်ပြင်သို့ အတက်လှေကား လေးခု၊ မကာန်း၊ သရက်ကင်းများ၊ စိန်တောင်များနှင့် ကျောက်စိမ်းများဖြင့်သာ အနုပညာလက်ရာမြောက်စွာ တည်ထားပါသည်။ မြန်မာမှု ထက်ရာ သမိုင်းများကို အေးအေးခိုင် ကျောက်မျက်ကုမ္ပဏီမှ ကျောက်စိမ်းမြန်မာမှုပညာရှင်များမှ တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

စေတီတော်ပတ်လည်တွင် ဗုဒ္ဓဝင် ၅၅၀ နိပါတ်တော်လာများကို ရုပ်လုံးရုပ်ကြွများဖြင့် ပုံဖော်ထားပြီး ဗုဒ္ဓဘုရားရှင်၏ ပါရမီတော် ၁၀ ပါး၊ အောင်ခြင်းရှစ်ပါး၊ ဇာတ်ကြီး ၁၀ ဘွဲ့ အစရှိသော ဇာတ်တော်များကို ကျောက်စိမ်းပန်းချီကားများဖြင့် ပုံဖော်ထားပါသည်။

အရှေ့ဘက် အထက်ပစ္စယံတို့တွင် ကျောက်စိမ်းဖြင့် ထုဆစ်ထားသော ရုပ်ပွားတော်တစ်ဆူနှင့် ပထမ၊ ဒုတိယ၊ တတိယ ပစ္စယံတို့တွင် ဗောဓိညောင်ပင်နှင့် ဘုမိဖသသမုဒြာ၊



ဗုဒ္ဓဘုရားရှင်၏ ကျောက်စိမ်းခြေတော်ရာတော်



www.burmeseclassic.com

www.burmeseclassic.com



ဝေရောစနကျောက်စိမ်းစေတီ၏ အရှေ့ဘက်မုခ်ဦးနှင့် စည်ကားနေသော ဘုရားဖူးများ

ရှာနမုဒြာ၊ သမ္ဘိဒမုဒြာ၊ အဘယမုဒြာ၊ စိဝရပာဋ္ဌမုဒြာပုံပါဟန် ဗုဒ္ဓရုပ်ပွားတော်များကိုလည်း အရည်အသွေးကောင်းသော ကျောက်စိမ်းများဖြင့် ထုဆစ်ထားပါသည်။

စေတီတော်၏ ဉာဏ်တော်အမြင့်မှာ ၇၅ ပေ ၆ လက်မနှင့် လုံးပတ်တော် ၁၇၆ ပေ၊ ပန်းတင်ခုံမှာ ၅၂ ပေ ၆ လက်မ၊ အနံ ၅၂ ပေ ၆ လက်မနှင့် အမြင့် ၁၂ ပေ ရှိပြီး ထီးတော်မှာ အမြင့် ၇ ပေ၊ ငှက်ပျောဖူးအမြင့် ၈ ပေ ၆ လက်မ ရှိသော အချိုးအစားများဖြင့် တည်ထားပါသည်။ မုခ်လေးဘက်တွင် ကိန်းဝပ်နေသော ကျောက်စိမ်းရုပ်ပွားတော်မြတ်များမှာ အရှေ့ဘက်ရုပ်ပွားတော်မှာ ဉာဏ်တော် ၃၀ လက်မ၊ အနောက်ဘက်မုခ်မှ ရုပ်ပွားတော်၏ ဉာဏ်တော်မှာ ၃၀ လက်မ၊ တောင်ဘက်မုခ်ရှိ ရုပ်ပွားတော်၏ ဉာဏ်တော်မှာ ၄၉ လက်မခွဲ၊ မြောက်ဘက်မုခ်ရှိ ရုပ်ပွားတော်၏ ဉာဏ်တော်မှာ ၅၀ လက်မခွဲ အသီးသီးရှိပါသည်။

စေတီတော်တည်ထားရာ မြေမြတ်သည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မိုင်တိုင် ၃၆၊ အနောက်ဘက် ပေ ၆၀၀ ခန့်နှင့် စစ်ကိုင်း-မြစ်ငယ် ကားလမ်း၏ မိုင်တိုင် ၄/၇ တောင်ဘက် ပေ ၁၀၀၀ ခန့်တွင် တည်ရှိပြီး ရန်ကုန်-မန္တလေးလမ်းမကြီးအထက် အမြင့် ၉ ပေနှင့် ၅ ကေ ကျယ်ဝန်းသော ကုန်းမြေပေါ်တွင် တည်ရှိနေပါသည်။ ရင်ပြင်တော်အကျယ်အဝန်းမှာ အလျား ၁၃၃ ပေ ၆ လက်မ၊ အနံ ၁၃၃ ပေ ၆ လက်မတွင် တည်ရှိနေပါသည်။

"ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီး၏ အစုစုသော သာသနိကများ တည်ထားမှု ကျောက်စိမ်းများ တန်ဖိုးကို ကျောက်စိမ်းရတနာအရည်အသွေး စိစစ်ကြီးကြပ်ရေးကော်မတီ တန်ဖိုးဖြတ်အဖွဲ့မှ ငွေသားတန်ဖိုး ကျပ်သိန်းပေါင်း ၃၃၄၆၁၉·၀၃ တန်ဖိုးရှိ ကျောက်စိမ်းရတနာများဖြင့် တည်ထားသည်ဟု သတ်မှတ်ထားပါသည်။


မြန်မာနိုင်ငံနှင့် ဗုဒ္ဓသာသနာအတွက် ဂုဏ်တက်စရာဖြစ်လာသည်။ ဤကဲ့သို့သော ကျောက်စိမ်းရတနာများနှင့်သာ စေတီ၊ ရုပ်ပွား၊ ရုပ်လုံး၊ ရုပ်ကြွများနှင့် ဘုရားစေတီတစ်ခွင်လုံး ပါမကျန် တည်ထားခဲ့သောကြောင့် နိုင်ငံတကာတွင် စံချိန်တင်ဖြစ်လာမည်ဟုလည်း ဘုရားဖူးလာ ပြည်သူအများက ယူဆနေပါသည်။

ကျောက်စိမ်းရတနာများသည် ကျောက်တိုင်း စွမ်းရည်အသီးသီးအနက် တစ်မူထူးစွာ ဂုဏ်အင်္ဂါသုံးရပ် ရှိပါ

www.burmeseclassic.com



ကျောက်စိမ်းမွှာရုံတော်ကြီး



သည်။ ကျောက်၏သဏ္ဌာန်လှပခြင်း၊ ကြာရှည်ခံခြင်း၊ ရှားပါးသော အမျိုးအစားဖြစ်ခြင်းများကြောင့် လူသားတိုင်း ခုံမင်စွာ နှစ်သက်မြတ်နိုးသော ကျောက်စိမ်းဖြစ်ပါသည်။

ထို့အပြင် ကျောက်စိမ်းစေတီတော်မြတ်ကြီးအတွက် ပို၍ပိုကာ ဂုဏ်သိမ်မြင့်တက်စေသည့် "ကျောက်စိမ်းမွှာရုံကြီး"လည်း မကြာခင် တည်ရှိလာတော့မှာ ဖြစ်ပါသည်။

ရုပ်ဝေးရုပ်နီး ဘုရားဖူးများနှင့် စည်ကားနေပြီဖြစ်သော မြန်မာပြည်၏ တစ်ဆူတည်းသော "ဝေဇော စန ကျောက်စိမ်းစေတီတော်မြတ်ကြီး"သို့ ဘုရားဖူးရောက်' ကြပါစေသတည်း။

မြမဥ္ဇူဝေ(ε ရုံမငေး)

<u>**မှီငြမ်းမှု**</u>

- စာရေး ၍၏ ကျောက်စိမ်းစေတီသို့ ဘုရားဖူးခရီးမှတ်တမ်း (၃· ၁၁· ၂၀၁၅)
- ဝေရောစနကျောက်စိမ်းစေတီ ဘုရားတည်သမိုင်းအကြောင်း တမ်းလွှာ (ဂေါပကအဖွဲ့)



www.burmeseclassic.com


www.burmeseclassic.com

# ဒီပါလေးဆူ သမိုင်းထူးခဲ့သည့် သီတာဖေမောင်နှမရာဇဝင်

မင်းတိုင်ပင်(မြူရောင်မြေ)

ငါးသိုင်းချောင်းမြို့ ဝေနံမြစ်ကူးတံ တားကျော်လိုက်သည်နှင့် စိမ်းစိုစိုကိုင်းခင်းများနှင့် ကွေ့ဝိုက်စီးဆင်းနေသောချောင်းငယ်လေးများက တစ်ကန့်စီ အလှဆင်ထားသလို စိမ်းတစ်ကွက်၊ ပြာတစ်လှည့်၊ ညိုတစ်ရောင်၊ ဖြူတစ်တန်း အရောင်မျိုးစုံတွက်သန်းနေသည့် ပဲခင်း၊ ပြောင်းခင်း၊ နှမ်းခင်း၊ စပါးခင်း၊ မြေပဲခင်းများနှင့် အနောက်ရိုးမ တောင်ပြာပြာကြီး၏ အလှနှင့်ပြိုင်နေရောထင့်။ မကြာမီ ဇီးတန်း၊ သောင်တန်း သောင်ရွာ၊ ထိုမှ ရေနံသာဂိတ်သို့ရောက်သောအခါ အထက်ဘက်သို့တက်၍ သွားမည်ဆိုပါက ပုသိမ်-မုံရွာကား။လမ်းမကြီး မြန်မာပြည်မြောက်ပိုင်းအထိ၊ အနောက်ဘက်သို့ သွားမည်ဆိုပါလျှင် ငါးသိုင်းချောင်း-ဂွလမ်း။ ရိုးမကျော်လမ်းမကြီး။ ယခု သီတာကုန်းပြင်ဆိုတာ သမိုင်းဝင်နေရာတစ်ခုပါ။


လေးဆူဒီပါ သီတာရေမြေဆုံးစေတော့ အနောက်ဘက် သာသနာတံခါးကြီး။ သည်မှာပင် ကျောင်းကုန်းတာ ဦးဆရာတော်ကြီးဦးတေဇိန္ဒက လေးဆူဒီပါဆိုတာ ဒီပါလေးဆူရှိတယ်။ ရေကြည်ဒီပါ၊ ပျဉ်းမချောင်းဒီပါ၊ သီဘာဒီပါ၊



www.burmeseclassic.com



မော်ဘီဒီပါလို့ အဓိပ္ပာယ်ဖွင့်ပါ၏။ တစ်ခါ ပုပ္ပားအောင်မင်းရှင်၊ ပုပ္ပားမင်းခေါင်လို့ပြောတဲ့ သက်တော် ၁၂၅ နှစ်ကျော် ပုဂ္ဂိုလ်ထူးကြီးက လွန်ခဲ့သောငါးနှစ်ခန့်ကက ရေကြည်မြို့ ဒီပါရုံစေတီတော်ဖူးရင်း ရှင်းပြသွားတာက ရောဝတီတိုင်းမှာ ဒီပါ(၇) ဆိုတာရှိတယ်။ အဲဒါ ရွှေတွင်းတူး၊ ပျဉ်းမချောင်း၊ တောင်ညို၊ ဆင်မပြုပ်ကောင်း၊ ဒီပါရုံ၊ သီတာကုန်းပြင်၊ တောင်ညိုအတွင်းဒီပါလို့ ဆိုပါသည်။ ဒီတော့ အနောက်ဘက်ဘာသာသည်မှ သီတာကုန်းပြင်တောင်ဘက် လင်းလွန်းတစ်တောင်၊ ဤနယ်မြေကို သာသနာ့နယ်မြေအဖြစ် သစ်တောအရာရှိ ဦးမြင့်ဆွေနှင့် AE ဦးခင်မောင်ချိုတို့က မြေစာရင်းတွင် မှတ်ပုံတင်၍ မြေအကျယ် ၄၉ ဧကကို ဤသာသနာစတင်ပျိုးထောင်ခဲ့သူ ရသေ့ဦးရန်အောင် ယခု ဝေဘူချောင်မေတ္တာရှင် ဘဘုန်းဦးဝိသိပ္ပကို လှူဒါန်းခဲ့ပါသည်။ နောက်ထပ်ပေါ်ထွန်းလာသည့် သာသနာသည် လင်းလွန်းတစ်တောင်သာသနာ ထိုမှ (သီဟိုဠ်တစ်တောင်)ဖြစ်လာ၏။ ယခုဆို




ငါးမည်ရသာသနာဖြစ်၍ ငါးမည်တော်အောင် ဖြစ်ပါ၏။ ဂူတောင်၊ မန်းတောင်၊ လင်းလွန်းတစ်တောင်၊ ၁၀၀ တောင်၊ ဝေဘူချောင်ဟူသော ငါးမည်ရဖြစ်ပါသည်။ ယခု အမေသီတာမောင်နှမအပိုင်တွင် ဖြစ်ပါသည်။

အနောက်ရိုးမတောင်တန်းကြီးမှ မြစ်ဖျားခံစီးဆင်းလာသော သီတာချောင်းကလေးသည် ကြည်လင်အေးမြ၏။ ချောင်းကျောက်၊ ကျောက်မျိုးစုံတို့၏ ဖြူ၊ နီ၊ ဝါ၊ ပြာ အရောင်မျိုးစုံတို့အား ကြည်လင်ထင်ရှားစွာ မြင်ရ၏။ မြေလိမ်မြွေကောက် တွန့်လိမ်စီဆင်းလာသော သီတာချောင်းသည် ငဝန်မြစ်ထဲသို့ စီးဝင်ပါ၏။ ယခု တောင်ပေါ်မြို့လေး သီတာကုန်းပြင် နာမည်နှင့်လိုက်ဖက်လှသော ရွာကလေး တောင်ဘက် တောင်ဆင်းလမ်းကလေးက အမြင့်အနိမ့်များစွာနှင့် စီကာရီကာ ဆောက်ထားသော အိမ်များ၊ တိုက်များနှင့် အလွန်လှပနေပါ၏။ ထိုမှ သီတာချောင်းနှင့် တစ်ဖက်ကမ်း လက်ပံပင်ရွာဆိုက်ရောက်လျှင် ရွှေရောင်တဝင်းဝင်းနှင့် ဖူးတွေ့ရသည့် မြသိန်းတန်စေတီတော်မြတ်ပင် ဖြစ်ပါတော့၏။ အနောက်ဘက်တွင် ဖူးဘုရား၊ ကျောင်းစာရုံ ဆုတောင်းပြည့်စေတီ သမိုင်းဝင်ကျောက်စာကြီးသည် ထင်

www.burmeseclassic.com

www.burmeseclassic.com

ရှား၏။ ရှေးနှစ်ပေါင်းရာစုကျော်က သမိုင်းဝင်ပစ္စည်း ရှေးဟောင်းအမွေအနှစ်များ ပေါ်များ၏။ ဒီပါတစ်ဆူဖြစ်သော မြသိန်းတန်စေတီတော်သည် တန်ခိုးကြီးစေတီတော် တစ်ဆူ ဖြစ်ပါ၏။

ရှေးယခင်တုန်းက လမ်းပန်းဆက်သွယ်ရေး မကောင်း ခင်က ငါးသိုင်းချောင်းမှ စက်လှေစီးပြီး သီတာကုန်းပြင်ကို သွားရ၏။ ယခုအခါမှာတော့ လမ်းပန်းဆက်သွယ်မှုရေးက ကောင်းသည့်အချိန်ဆိုတော့ ဂွလမ်းပေါ်ကနေ သပြုပင်က ဆင်းဆင်း မုံရွာလမ်းပေါ်ကနေ လက်ပံပင်ရွာဝင်ပြီး ကြိုး တံတားနှင့်ကူးလည်း ရောက်နေပါပြီ။

စာရေးသူ ဒုတိယအကြိမ်မြောက် ရွှေနန်းဦးစေတီ (သို့) မြသိန်းတန်စေတီတော်နှင့် သီတာမောင်နှမအကြောင်း ကို တင်ပြလိုပါသည်။ ယခင်က ဂီတစာဆို ကိုခင်မောင်ဝင်းရဲ့ သီတာကုန်းပြင်သက်သေတည် ဇာတ်လမ်းထွက်ခဲ့ဖူးပါ၏။ ရင်နှင့်ဖွယ်ရာအကြောင်းနှင့် သနားစရာ ဤဇာတ်လမ်းအား စာရေးသူတင်ပြရန် အကူအညီပေးခဲ့သည့် ညီအစ်ကိုလို ခင် မင်ရတဲ့ ကိုသောင်းဌေး(သီတာမောင်နှမ နတ်နန်း)တာဝန်ခံ က အားလုံးစီစဉ်ရှင်းပြပေးသဖြင့် အထူးကျေးဇူးဥပကာရ တင်ရှိကြောင်း မှတ်တမ်းတင်လိုက်ပါသည်။

## သီတာမောင်နှမရာဇဝင်

ဗေယျာတုသုနာပရန္တတံပဒီပတိုင်း ရတနာပူရ အင်းဝ ပြည့်ရှင် မဟာဓမ္မရာဇာ (အနောက်ဘက်လွန်) မင်းတရားကြီး သည် မြို့ကြွင်းသက္ကရာဇ် ၉၇၄ ခု၊ တန်ခူးလဆန်း ၈ ရက် နေ့တွင် သန်လျင်မြို့၌ ကိုးနှစ်စိုးစံသော သန်လျင်မြို့စား ကုလားငဇင်ကာ၊ လောင်းကျိုက်မြို့သူ ရခိုင်မင်းသမီး စော သဇ္ဈါ၊ သားတော် နန္ဒာဘယ၊ သမီးတော် သုပဘာဒေဝီ၊ ဘိုးတော်မင်းစောထွတ်တို့ကို လက်ရဖမ်းယူရာ သန်လျင်မြို့ စား ကုလားငဇင်ကာကိုသာမိ၍ ရာဇဝတ်ဖြင့် ကွပ်ညှပ်တော် မူသည်။ ဘိုးတော်နှင့်တကွ မိဖုရားသားသမီးတို့ကို မမိ၍ ဘိုးတော်ကား မွန်မြို့အပိုင် အနောက်ချောင်းလက်တက်သို့ ထွက်ပြေးတိမ်းရှောင် ပုန်း၍နေသောကြောင့် "ဘိုးတော် ချောင်း"ဟု ခေါ်သည်။ ဘိုးတော်မင်းစောထွတ် ကွယ်လွန်ပြီး



နောက် စောသဇ္ဈါသည် သားတော်၊ သမီးတော်တို့နှင့် အတူ တကွ လောင်းကျိုက်မြို့သို့ ထွက်ပြေးတိမ်းရှောင်ပြန်လာရာ (ကျိုက်ပွင့်ပဒေါမြို့) အနောက်ချောင်း ကုန်းပြင်ရွာတွင် မိဖုရား သည် ဖျားသောရောဂါဖြင့် နတ်ရွာစံလေ၏။ သားနှင့်သမီး မောင်နှမနှစ်ယောက်တို့ကို ဧည့ာဝတီ ရခိုင်အမတ် သူဒိန်နှင့် တွေ့၍ ကောက်ယူကျွေးမွေးပြီး အရွယ်ရောက်သည့်ကာလ ဘုန်းပညာလက္ခဏာနှင့် ပြည့်စုံသဖြင့် မင်းမျိုးမင်းနွယ်မှန်း သိ၍ လူသူမိုလ်ပါ စုရုံးပြီးလျှင် သက္ကရာဇ် ၉၈၅ ခု၊ တပို့တွဲ လဆန်း ၅ ရက် သောကြာနေ့တွင် (ကျိုက်ယာသီ မြို့)ကို တည်၍ နန္ဒာဘယနှင့် သုပဘာဒေဝီ မောင်နှမနှစ်ယောက် တို့ကို မင်းမြှောက်၍ နန်းစံစေ၏။ မွန်တို့ဘာသာ ကျိုက်ယာသီ မြို့ကို မြန်မာဘာသာ(သီတာမြို့)ဟု ခေါ်သည်။ ထိုအကြောင်း ကို အနောက်ဘက်လွန်မင်းတရားကြီး ကြားတော်မူလျှင် ဖမ်းယူအံ့ဟု စစ်သည်ရဲမက်များကို စေလွှတ်တော်မူ၍ အမတ် သူဒိန်နှင့်တကွ မောင်နှမနှစ်ယောက်တို့သည် ကျိုက်တုံ လုံတားမြို့(နောင်အခေါ် မြန်အောင်မြို့)အနီး ခေါင်းပေါင်း ကြီးကွင်းရွာသို့ ထွက်ပြေးတိမ်းရှောင် ပုန်း၍နေကြရလေသည်။ အင်းဝဘုရင်၏ စစ်သည်ရဲမက်များလည်း မတွေ့၍ ပြန်သည့် သည့်နောက်၌ သက္ကရာဇ် ၉၈၆ ခု၊ တန်ခူးလတွင် ငါးနှစ်ပါး တို့သည် သီတာမြို့သို့ ပြန်လာကြရာ လမ်းခရီးအကြား အင်ပူ

www.burmeseclassic.com

ပြီးအနောက် တောင်ပေါ်တွင် ခေတ္တပြီးတည်၍ သုံးနှစ်ခန့် နှန်းစံပြီးမှ ၉၇၉ ခု၊ ကဆုန်လဆုတ် ၁၂ ရက် တနင်္ဂနွေနေ့တွင် ပြန်ရောက်တော်မူကြပြီး သက္ကရာဇ် ၉၇၉ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက် သောကြာနေ့တွင် ရွှေနန်းဦးဘုရားနှင့် ရွှေကူနီဘုရားတို့ကို တစ်ချိန်တည်းတည်၏။ ၎င်းနောက် သုပဘာဒေဝီ အငြိမ့်အေးယာဉ်ကစားစရာဖြစ်သော ကုန်းပြင်တော်ပုစာပေါ်တွင် ရွှေဒါန်းဦးဘုရားကိုတည်၏။ ထိုနောက် သက္ကရာဇ် ၉၉၉ ခု၊ ပြာသိုလတွင် ပြင်းစွာသော သေးထိုးရင်ကျပ်နာဖြင့် မောင်တော်နန္ဒာဘယ နတ်ရွာစံလေ၏။ ကျန်ရစ်သောရုပ်အလောင်းကို ရွှေနန်းဦးဘုရား ဖိနပ်တော်ပန်းတင်ခုံအနီးတွင် သနပ်ခါးနံ့သာ ထင်းတို့ဖြင့် သင်္ဂြိုဟ်၏။ ထိုမြို့သခင် နန္ဒာဘယနတ်ရွာစံလွန်ခါနီးတွင် ရွှေနန်းဦးဘုရားထီးတော် ငှက်မြတ်နားဌ လင်းတနားသောနိမိတ်ပြလေ၏။ လေမလာဘ အလိုလို မြို့ရှေ့ထန်းပင် လဲ၏။ ရွှေကူနီဘုရားလည်း ကွယ်၏။ သက္ကရာဇ် ၉၉၉ ခု၊ တပေါင်းလဆန်း ၁၂ ရက်တွင် နှမတော် သုပဘာဒေဝီမင်းသမီးသည် မောင်တော်ကိုလွမ်းဆွတ်သောစိတ်ဖြင့် ပြင်းထန်စွာဖျား၍ နတ်ရွာစံလေ၏။ နှမတော်ရုပ်အလောင်းကို ရွှေသားတလား၊ မိဖုရားအသုံးအဆောင်များနှင့် ကုန်းပြင်တောင်ပုစာပေါ်တွင် ဘုမ္မိရရှာပနကို သင်္ဂြိုဟ်မြှုပ်နှံထား၏။ ထိုမင်းသမီးမောင်နှမတို့သည် တိမ်းပါးသောအယူကြောင့် နတ်စိမ်းများဖြစ်သွားကြ၏။ ရွှေနန်းဦးစေတီတော်တည်ပြီးနောက် နှစ်ပေါင်း ၂၄၄ နှစ်အကြာတွင် သက်ငယ်ကျင်းအတွင်းမှ ရောင်ခြည်တော်များ ကွန့်မြူးနေသည်ကို လူများမှုတွေ့ကြရသဖြင့် လိုက်လံရှာဖွေရာ ချုံနွယ်ပိတ်ပေါင်းများအကြားမှ ပြိုကျပျက်စီးနေသော စေတီတော်တစ်ဆူကို တွေ့ရှိကြလေသည်။ ထိုအခါ၌ လက်ပန်ပင်ကျေးရွာနေ ဦးလွန်းပြေ၊ ဒေါ်ခွန်းအောင်တို့က ဦးစီးဦးဆောင်ပြုပြီး နယ်သူနယ်သား ပြည်သူအများ စုပေါင်းပါဝင်သော ငွေကြေးလုပ်အားဒါနတို့ဖြင့် သက္ကရာဇ် ၁၂၃၃ ခုနှစ်တွင် စေတီတော်ကိုပြန် လည်မွမ်းမံ၍ တည်ထားကြလေသည်။ စေတီတော်၏ဘွဲ့အမည်ကိုလည်း "မြသိန်းတန်"ဘုရားဟု ခေါ်တွင်ခဲ့ပါသည်။ စေတီတော်၏ထီးတော်မှာ နှစ်ပေါင်း ၇၂ နှစ်အကြာတွင် ဟောင်းနွမ်း၍ ဂေါပကလူကြီးများဦးဆောင်ပြီး သက္ကရာဇ် ၁၃၀၅ ခုနှစ်တွင် ထီးတော်အသစ်ကပ် လှူခဲ့ပါသည်။ ၁၃၃၇ ခုနှစ်တွင် စေတီတော်နှင့် ထီးတော်မှာ လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးချို့ယွင်းသွားပါသဖြင့် ဩဝါဒစရိယ ကုန်းပြင်တောင်ပေါ်ကျောင်း ဆရာတော်ဦးပဏ္ဍိစ္စနှင့် အနောက်ချောင်းရှိ ဆရာတော်သံဃာတော်များဦးဆောင်၍ မြသိန်းတန်စေတီတော် ဂေါပကအဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် စေတီနှင့် ထီးတော်အား သက္ကရာဇ် ၁၃၃၈ ခု၊ တပေါင်းလဆန်း ၁၀ ရက်၊ စနေနေ့တွင် အသစ်ပြုပြင် ပြီးစီးအောင်မြင်ခဲ့ပါသည်။ မြသိန်းတန်စေတီတော်မှာ စတင်တည်ခဲ့သော ၉၇၉ ခုနှစ်မှ သက္ကရာဇ် ၁၃၇၇ ခုနှစ်အထိ နှစ်ပေါင်း ၃၉၈ နှစ် ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း စေတီတော်၏သမိုင်းနှင့် သီတာနတ်မောင်နှမ အတ္တုပ္ပတ္တိအကျဉ်းကို အများပြည်သူတို့ သိရှိနိုင်ကြစေရန် တင်ပြအပ်ပါသည်။

## နှစ်စဉ်ဆင်နွှဲ သီတာမောင်နှမနတ်ကွန်းတက်ပွဲ

မြသိန်းတန်စေတီတော်မြတ်မှ မိုင်ဝက်ခန့် သီတာချောင်းကမ်းနဖူးအတိုင်း ဆက်လက်သွားမည်ဆိုပါက သီတာအေးမြစေတီတော် ထိုမှ ကမ်းနားဘက်တွင် သီတာ[illegible]မနတ်ကွန်းရှိပါ၏။ ထူးခြားသည်မှာ နတ်ကွန်းရှေ့၌ ရောမသစ်ပင်ကြီးနှစ်ပင်က အမြစ်ချင်းလိမ်ယှက်၍ ဝေဝေဆာဆာဖြင့် ပေါ်ပေါက်နေပါ၏။ ထိုအပင်ကြီး၏ အရွက်များသည် ကညင် (သို့) အင်ရွက်နှင့် ဆင်ဆင်တူပါသည်။ အတောင် ၁၀၀ ဝန်းကျင်ခန့်မြင့်ပြီး လုံးပတ်သည် သံကြိုးတစ်ပတ်ခန့်ရှိပါလိမ့်မည်။ မောင်တော် နန္ဒာဘယနှင့် နှမတော် သုပဘာဒေဝီတို့ အပြိုင်ရှိနေသယောင် ထင်မိပါ၏။ သီတာချောင်းသည် ရစ်ခွေစီးဆင်းသော ရွာများမှာ အမေသီတာအပိုင်ဖြစ်ပါ၏။ ကုန်းပြင်တစ်ပိုက် အနောက်ရိုးမတောင် ခြေတစ်ပိုက်ရှိရွာများ ဘိုးတော်ပိုင်၊ ကရင်မအပိုင်၊ အမေသီတာမောင်နှမအပိုင်တို့သည် အလွန်ထင်ရှား၍ နာမည်ကြီးသောဒေသများဖြစ်ပါသည်။ နှစ်စဉ် တော်သလင်းလဆန်း ၁၂ ရက်မှ လပြည့်ကျော် ၁ ရက်နေ့အထိ နတ်ကွန်းတက်ပွဲကို မိုးသီတာနတ်ထိမ်းအဖွဲ့နှင့် အဖွဲ့များက လာရောက်ကပြကြပါသည်။ ယခုအခါ နတ်နန်းပြန်၍ အသစ်ထပ်မံ ဆောက်လုပ်ရန်အတွက် တာဝန်ခံကို[illegible]င်းဒွေးမှ ဦးစီးဆောင်ရွက်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ရွှေနန်းဦး မြသိန်းတန်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်

ရွှေနန်းဦး မြသိန်းတန်စေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်အား မင်္ဂလာရာမကျောင်းတိုက် မြသိန်းတန်ဆရာတော်နှင့် ဂေါပကအဖွဲ့များက နှစ်စဉ် တော်သလင်းလဆန်း ၁၂ ရက်မှစ၍ ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ဆပ်ကပ်၊ ရုပ်ရှင်၊ Video များကို ပြသ၍ ဘောလုံးပွဲ၊ ခြင်းလုံးပွဲ၊ လှေပြိုင်ပွဲနှင့် မြန်မာ့ရိုးရာ ပျော်ပွဲရွှင်ပွဲ အားကစားများကိုပါ ထည့်သွင်းဖျော်ဖြေပေးပါသည်။ အနယ်နယ်မှ ဈေးသည်များ လာရောက်ရောင်းချခြင်း၊ အထက်ကျော်၊ အောက်ပြည်ကျော်များနှင့် ဈေးဆိုင်တန်းများပြည့်နှက်၍ အလွန်စည်ကားသဖြင့် အောက်ပြည် တောင်ပြုံးပွဲဟုပင် ခေါ်တွင်ပါသည်။ ယခုအခါ ရေးစဉ်လာမပျက် ရွှေဒါန်းစီးခြင်း၊ ချိုးရေတော်သုံးခြင်းများကိုပါ ကျင်းပပူဇော်ကြပါသည်။ ရှေးဟောင်းအမွေအနှစ်များထဲတွင် ကြေးပိဋကတ်တိုက်အတွင်းရှိ ကြေးပိဋကတ်တော် ချပ်ရေပေါင်း ၁၆၂ ချပ်တိတိရှိကြောင်း ကြားသိရပါသည်။ တစ်ချပ်၏အလေးချိန်မှာ ပိဿာ ၁၀ ခန့်ရှိပါ၏။ ယခင်နှစ်များက ပိဋကတ်တော် ၁၀ ချပ် မသမာသူများ ခိုးယူ၍ ဝှက်ထားရာမှ ကုန်းပြင်သီတာချောင်းတွင် ငါးဖမ်းသူများက တွေ့ရှိပြီး ပြန်ရရှိခဲ့ပါသည်။

## သီတာတစ်ခွင် သာသနိကအဆောက်အဦများ

သီတာကုန်းပြင်ရွာ၏ တောင်ဘက် ဗွေးတောက်ရွာအနီး ဂူတောင်၊ မန်းတောင်၊ လင်းလွန်းတစ်ထောင်၊ ၁၀၈ တောင် ဝေဘူချောင်းသာသနာသည် လွန်ခဲ့သော ၁၅ နှစ်အတွင်း စတင်ပေါ်ထွန်းလာခဲ့ခြင်းဖြစ်၏။ ထိုအတူ ယခင်မြောက်စမ်းကျောင်းတိုက် ဆရာတော်ဘုရားကြီးသည် တစ်ပါးတည်း သီတင်းသုံးစဉ်အခါက တစ်ခုသောနံနက်ပိုင်းတွင် အမျိုးသမီးတစ်ဦး အစိမ်းရောင်ကို ဝတ်ဆင်ပြီး မြန်မြန်ဆန်ဆန်ဖြင့် ဆံပင်သည် ဒူးအထိရောက်ရှိပြီး ဆရာတော်ကြီးထံသို့ လာရောက်၍ ပတ္တမြားသုံးလုံး လှူဒါန်းပြီး ပြန်ဆင်းသွားသည်။ ထိုအမျိုးသမီး၏နာမည်ကို မေးသောအခါ မသီတာဟုပြောကာ လှေခါးရင်းတွင်ပျောက်ကွယ်ခဲ့၏။ ထိုပတ္တမြားကို ဌာပနာ၍ စေတီတော်တည်ထားခဲ့ပါသည်။ ယခုအခါ မြောက်စမ်း ရွှေထမင်းဆိုင်အနီး တောင်ကုန်းပေါ်တွင် ဖူးမြော်ရပါမည်။ ထို့နောက် ဂူတောင်တောရတွင် အရှေ့ယိမ်းလိုက်၊ အနောက်သို့ ယိမ်းလိုက်နှင့် ဒေါက်ထောက်ထားရသည့် အနန္တဇိနမာရဇိန် ဘုရားကြီးလည်း ဖူးမြော်နိုင်ပါသည်။ ထို့အတူ ဆင္ဓသင်္ဂါယနာ သံဃာ့ဝိရဆရာတော်ကြီး ဦးဉာဏထိသရ၏ ရုပ်တုတော်၊ ထူးခြားဆန်းပြား ညောင်တံခါးကြီးသည်လည်း နှစ်ပေါင်းပရိစ္ဆေဒ ကြာမြင့်ခဲ့ပြီး ယနေ့တိုင် မြင်ရပါမည်။ ထို့အတူ မန်းတောင်စေတီတော်၊ လင်းလွန်းတစ်တောင်(ယခုသိပ္ပိဂ္ဂိတစ်တောင်)နှင့် ဝေဘူချောင်းသာသနာ၌ မေတ္တာရှင်ဦးဝိသိပ္ပ သာသနာ့နယ်မြေအတွင်း ၁၀၈ တောင် သမ္မာသမ္ဗုဒ္ဓ ဆံတော်ရှင်စေတီတော် မဟာဂူတော်ကြီး အင်းသုံးပင်မောင်နှမနန်းနှင့် လောကမာန်ရန်အောင်စေတီတော်၊ အခြားသော စေတီတော်များစွာတို့ကို ဖူးတွေ့နိုင်ပါမည်။ ထို့အပြင် ရွှေဒါန်းဦး၊ ရွှေနန်းဦး စေတီပုထိုးများကို ဖူးမြော်ရပါဦးမည်။

## ဖိတ်ခေါ်ပါသည် သီတာမြေသို့

သဘာဝအလှတရားတို့၏ ကြည်နူးဖွယ်ရာ တောတောင်များ၏ သာယာမှုရှုခင်းများ၊ ဘုရားပုထိုးစေတီကျောင်းကန် ဂူကျောင်းပြာသာဒ်အရုပ်ရုပ်တို့အား မြန်မာလူမျိုးတို့၏ ကြည်ညိုအားထားရာ ကိုးကွယ်ရာဖြစ်သော အမြတ်ဆုံးသော ဗုဒ္ဓ၏အမွေအနှစ်များ နောက်ဆုံး မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီးအတွင်း အနောက်တံခါးဖြစ်သော လေးဆူဒီပါ သီတာရေမြေခုံးစေတော့ဆိုသည့် စကားအတိုင်း ရောဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့နယ်ခွဲ သီတာကုန်းပြင်မြို့လေးမှ ညီ့ဝတ်ပျူဟာစွာ ကြိုဆိုပါမည်။ ဘုရားဖူးကြွရောက်ဖို့ ဖိတ်မန္တကပြုလိုက်ပါသည်။

ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု...

မင်းတိုင်ပင်(မြရောင်မြေ)

ကျမ်းကိုး

၁။ မြသိန်းတန်စေတီတော် သမိုင်း

၂။ ကိုယ်တွေ့ဖူး



www.burmeseclassic.com


www.burmeseclassic.com

## သန်လျင်မြို့ ရွှေနံ့သာဆရာတော် ဘဒ္ဒန္တဉာဏောဘာသ
## (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)
## ပြည်တွင်းပြည်ပ သာသနာပြု နယ်လှည့်ဓမ္မကထိက၏ ထေရုပ္ပတ္တိနှင့်

# ရွှေနံ့သာမိုးကုတ်ဓမ္မရိပ်သာအကြောင်း

**ဒေါ်ဓမ္မစာရီ (သမီးမဂ္ဂီအောင်စိုး)**

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့ သောက်တော်တွင်းရပ်ကွက် ရွှေနံ့သာကျောင်း။ ရွှေနံ့သာ မိုးကုတ်ဓမ္မရိပ်သာဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဉာဏောဘာသသည် သန်လျင်မြို့တွင်သာမက ပြည်တွင်းပြည်ပသာသနာပြု နယ်လှည့်ဓမ္မကထိက အကျော်အမော်တစ်ဦးအဖြစ် ထင်ရှားကျော်ကြားလျက်ရှိပါသည်။ ဆရာတော်သည် ဘူမိနက်သန်မှန်သော သန်လျင်မြို့ သောက်တော်တွင်းရပ်ကွက်ရှိ မထင်မရှား ရွှေနံ့သာကျောင်းတိုက်ကို ဦးစီးနာယက ဆရာတော်များထံမှ ချီးမြှောက်မှုအရ "ရွှေနံ့သာ ပရိယတ္တိ မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်ကြီး"အဖြစ် ၁၃၅၄ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက် (၂၈-၈-၉၃) တနင်္ဂနွေနေ့မှစ၍ အကျင့်ပဋိပတ်ကျင့်စဉ်များကို ကိုယ်တိုင်လည်း ကျင့်ကြံအားထုတ်၊ ဒကာ၊ ဒကာမများကိုလည်း ကျင့်ကြံအားထုတ်နိုင်စေရန် သင်ကြားပို့ချလျက် ယနေ့တိုင် တရားအားထုတ်စေခဲ့ပါသည်။



www.burmeseclassic.com


www.burmeseclassic.com



ဒေလးကျွန်းရှင် ဗုဒ္ဓမာရ်အောင်စေတီတော်

မှန်ဦးပုံ

ရွှေနံ့သာဆရာတော်အား ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ် ကမာမက်စံပြကျေးရွာ တောင်သူဦးကြီးများဖြစ်ကြသော ခမည်းတော် ဦးထွန်းလှိုင်၊ မယ်တော် ဒေါ်ခင်စိန်တို့မှ ကောဇာသက္ကရာဇ် ၁၃၁၃ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄ ရက်၊ အင်္ဂါနေ့နံနက် ၇ နာရီအချိန်တွင် ဖွားမြင်ပါသည်။ ငယ်နာမည်မှာ မောင်စိုးကျော်ဖြစ်ပါသည်။ ဆရာတော်လောင်းလျာသည် သက်တော် ၁၃ နှစ်တွင် မိဘများ၏ ပဗ္ဗဇ္ဇာနုဂ္ဂဟာကို ခံယူလျက် ခရမ်းမြို့ ကမာမက်(စံပြကျေးရွာ)၊ စိတ္တသုခမွေလက်ာရုံကျောင်းဆရာတော် ဘဒ္ဒန္တကုမာရမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ဘွဲ့တော်အမည်မှာ ရှင်ဉာဏောဘာသဖြစ်ပါသည်။ သက်တော် ၂၀ နှစ်တွင် ခရမ်းမြို့ ဦးထွန်းအောင်၊ ဒေါ်ကျော့စိန်




ဒေလးကျွန်းရှင် ဗုဒ္ဓမာရ်အောင်စေတီတော်

သားမောင်သန်းဝင်းမိသားစုက ပဗ္ဗဇ္ဇာနုဂ္ဂဟာပြု၍ ခရမ်းမြို့ ဘုရားကြီးကျောင်းဆရာတော် ဘဒ္ဒန္တနရသီဟကို ဥပဇ္ဈာယ်ပြု၍ ဘုရားကြီးကျောင်း ခဏ္ဍသိမ်တော်မြတ်၌ မြင့်မြတ်သော ရဟန်းအဖြစ် ရောက်ရှိတော်မူပါသည်။

ဆရာတော်သည် မိမိမွေးဖွားရာ ကမာမက်စံပြကျေးရွာရှိ စိတ္တသုခမွေလက်ာရုံကျောင်း ဆရာတော် ဘဒ္ဒန္တကုမာရ နှင့်တကွ ဆရာတော်ဘုရားကြီးများထံတွင် လောကုတ္တရာပညာရပ်များကို ဆည်းပူးခဲ့ပါသည်။ ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်ရှိ မိုးကောင်းကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတ၊ ကျောက်ကုန်းတောရ မေဒိနီကျောင်းတိုက် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒဓဇ ဘဒ္ဒန္တသုန္ဒရ၊ ဘဒ္ဒန္တဉာဏဝံသ၊ ဘဒ္ဒန္တဉာဏဗလ စသည့်ဆရာတော်များထံတွင် ငယ်-လတ်-ကြီး ဓမ္မစရိယပရိယတ္တိ စာပေများကို လေ့လာသင်ယူအောင်မြင်ခဲ့ပါသည်။ ဆရာတော်သည် ပရိယတ္တိ စာပေကျမ်းဂန်များကို ထိုက်သင့်သလောက် ပြည့်စုံပြီးနောက် မိုးကောင်းမိုးကောင်း

www.burmeseclassic.com



သိက္ခာတော် ခုနစ်ဝါရ ဆရာတော်ငယ်ပုံ

ကျောင်းတိုက်၌ စာသင်သားသံဃာတော်တို့အား ငယ်၊ လတ်၊ ကြီး ပရိယတ္တိစာပေများကို ၁၂ နှစ်တိုင်တိုင် သင်ကြားပို့ချခြင်းဖြင့် ပရိယတ္တိသာသနာအကျိုးကို သယ်ပိုးထမ်းဆောင်ခဲ့ပါသည်။

၁၃၅၁ ခုနှစ်မှစ၍ ပဋိပတ္တိကျင့်စဉ်များကို ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ကြီး၏ နာယက အဂ္ဂမဟာကမ္မဋ္ဌာနစရိယ ဘဒ္ဒန္တဇနိတာလင်္ကာရ ဝွတ္တလစ် တစ်ဘဝသာသနာကျမ်းပြုဆရာတော် ဘဒ္ဒန္တယောသိတ ဘုရားလေးကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂဉာဏဆရာတော်များထံမှ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယကို ခံယူကာ သန်လျင်မြို့ ဓမ္မရောင်ခြည်ဆရာတော် နိုင်ငံတော်ဩဝါဒစရိယ ဘဒ္ဒန္တရေဝတ၊ ဘဒ္ဒန္တကုန္ဓောဘာသတို့၏ လမ်းညွှန်ဆုံးမမှုကို ခံယူ၍ ပဋိပတ်ကျင့်စဉ်များကို ကိုယ်တိုင်အားထုတ်၍ ဒါယကာ၊ ဒါယိကာမတို့အား ပြည်တွင်း၊ ပြည်ပ မြို့ပြကျေးရွာအနှံ့ တရားအလှူကို ယနေ့တိုင် ဟောကြားပို့ချက်လျက်ရှိပါသည်။ ပြည်ပခရီးများကိုသွားရောက်၍ တရားဟောခြင်း၊ တရားဆွေးနွေးပွဲများပြုလုပ်ခြင်းကို ပြုလုပ်ခဲ့ပါသည်။ ဂျပန်ဘုန်းတော်ကြီးများ၏ ဖိတ်ကြားချက်အရ ဆရာတော်သည် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဘာသာရေးဆိုင်ရာ ကိစ္စများကို သွားရောက်ဆွေးနွေးခဲ့ပါသည်။ ရက်တိုတရားစခန်းများကိုပါ ဖွင့်လှစ်ခဲ့ပါသည်။

ဆရာတော် ဂျပန်နိုင်ငံတွင်ရှိနေစဉ် ဆရာတော်၏ ရဟန်းအမ ဂျပန်နိုင်ငံ၊ အီတိုမြို့တွင်နေထိုင်သော [illegible]က်တာ ဒေါ်မြမြဝင်းအကူအညီကို အများဆုံးရရှိခဲ့ကြောင်း သိရှိရပါသည်။ ဆရာတော်သည် ၁၃၆၉ ခုနှစ်က မဟာကမ္မဋ္ဌာနာစရိယဘွဲ့ကို ရရှိခဲ့ပါသည်။

မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်တွင်ရှိသော မိုးကုတ်တရားစဉ်နှင့် လုပ်ငန်းစဉ်အဖွဲ့ခွဲများကို အောက်ပါအတိုင်း ဆရာတော် ဖွဲ့စည်းခဲ့ပါသည်။

၁။ အဖွဲ့ခွဲအမှတ်(၂၅၉)၊ ရင်းရှည်ရွာ၊ ငဖဲမြို့ မကွေးတိုင်း။
၂။ အဖွဲ့ခွဲအမှတ်(၂၅၁)၊ လည်ကိုင်းရွာ၊ ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်း။
၃။ အဖွဲ့ခွဲအမှတ်(၂၈၆)၊ ကျွဲကျိုက်ရွာ၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း။
၄။ အဖွဲ့ခွဲအမှတ်(၄၀၆)၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း။
၅။ အဖွဲ့ခွဲအမှတ်(၄၅၉)၊ ၉၃ ရပ်ကွက်၊ ဒဂုံ[illegible] သစ်တောင်ပိုင်း၊ ရန်ကုန်တိုင်း။
၆။ အဖွဲ့ခွဲအမှတ်(၅၃၁)၊ တံတားမြို့ ၄ ရပ်ကွက် တန်းမြို့နယ်၊ ရန်ကုန်တိုင်း။

တို့တွင် ဖွဲ့စည်းထားပါသည်။ ဖွဲ့စည်းထားသော [illegible]င်းတိုက်ဓမ္မာရုံများ၏ နာယကဆရာတော်အဖြစ်ဖြင့် [illegible]နှံ့သင်ညွှန်ပြနည်းလမ်းပေး[illegible] ကျေးဇူး[illegible]ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏မှ ဥပနိဿယကို ထိန်းသိမ်းကာကွယ စောင့်ရှောက်ရင်း သာသနာအကျိုးကိုသယ်ပိုးကာ တရားဓမ္မများကို မနားမနေ ဟောကြားလျက်ရှိပါ[illegible]ည်။

ဆရာတော်သည် [illegible]ရားဟောကောင်း[illegible]သာမက



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူနေပုံ (တပေါင်း၊၁ပြည့်)

စာပေအရေးအသားလည်း ကောင်းပါသည်။ ဆရာတော်ရေးသားထားသော ဩဝါဒကထာကို အကျဉ်းချုံး၍ စာရေးသူ ပြန်လည်ရေးသား ဖော်ပြအပ်ပါသည်။

"လောကတွင် ဥစ္စာဂုဏ်၊ ရာထူးဂုဏ်၊ ပညာဂုဏ်တို့သည်လည်းကောင်း ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ ဂုဏ်ရှိခြင်း၊ ဂုဏ်မဲ့ခြင်းတို့သည်လည်းကောင်း၊ ရုပ်ချောလှခြင်း၊ အရုပ်ဆိုးအကျည်းတန်ခြင်းတို့သည်လည်းကောင်း တရားလမ်းကြောင်းနှင့် ယှဉ်လိုက်သောအခါ အနှစ်မပါ အကာသက်သက်ဖြစ်ပါသည်။ တကယ့် အနှစ်သာရတရားများမှာ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တရားများသာ မိမိတဝ၏ အနှစ်သာရတရားများ ဖြစ်ပါသည်။ ဤကုသိုလ်တရားများနှင့် ပြည့်စုံမှသာ တကယ့်ဘဝအလုပိုင်ရှင်များ ဖြစ်ပါသည်"

"မြတ်ဗုဒ္ဓက လောကမှာ သူတစ်ပါးကိုနိုင်သောသူ၏ အောင်မြင်ခြင်းသည် မမြတ်၊ မိမိ၏ ကိုယ်တွင်းကိလေသာရန်သူကို အောင်နိုင်မှသာလျှင် မြတ်၏ဟု မိန့်ကြားထားပါသည်"

"နေဝဒေဝေါန ဂန္ဓဗ္ဗော၊ န မာရော သဗြဟ္မုနာ။
ဇိတံ အပဇိတံ ကယိရာ၊ တထာ ရူပဿ ဇန္တုနော။"

"မိမိကိုယ်ကို အောင်နိုင်သောသူကို တစ်စုံတစ်ယောက်သော နတ်သိကြားဖြစ်စေ၊ မာရ်နတ်ဖြစ်စေ၊ ဗြဟ္မာမင်းကြီးပင် ဖြစ်စေကာမူ ရှုံးအောင်ပြုခြင်းငှာ မတတ်နိုင်ဟု ဆိုထားပါသည်"

"သီလ၊ သမာဓိ၊ ပညာသိက္ခာ သုံးရပ်(ြည့်)စုံမှသာလျှင် အမြတ်ဆုံး အောင်နိုင်သူဖြစ်ပါမည်။ ထို့ကြောင့် သီလ ပညာဇာတ္တ လောကသို့ အဂ္ဂမဂ္ဂာယတိ ဟူသော ဗုဒ္ဓဝစနကို မမှိတ်မသုန်လိုက်နာကျင့်သုံးရပါမည်ဟု ဆရာတော် ရေးသားထားပါသည်"

"သတိမမူ ဂူမမြင်" ဆိုသောစကားအတိုင်း သတိမရှိလျှင် အကာနှင့်အနှစ် ခွဲခြားမြင်မှာမဟုတ်ဘဲ "သတိမူလျှင် မြူတောင်မြင်နိုင်သည်" ဟု ဆိုထားသည့် စကားအတိုင်း ဆရာတော်က သတိထား ဝီရိယစိုက်ထုတ်ပြီး အကာနှင့် အနှစ် ကွဲကွဲပြားပြားသိကာ အကာကိုဖယ်ရှားပြီး အနှစ်ကိုသုံးဆောင်ကြပါရန် ဟောကြားထားပါသည်"

ဆရာတော်သာ စာပေအရေးအသား ကောင်းမွန်သည်မဟုတ်။ ဆရာတော်၏တပည့် ရဟန်းသံဃာတို့မှာလည်း စာလည်းတတ်၊ စာပေအရေးအသားလည်း ကောင်းမွန်ကြပါသည်။ ဆရာတော်အား "မဟာကမ္မဋ္ဌာနစရိယ ဂုဏ်ပူဇနီယသဘင်" တွင် ချီးကျူးဂုဏ်ပြုစာများ ရေးသားကြသော အောက်ပါ ရွှေပည့်သံဃာ အရှင်မြတ်များ၏ အရေးအသားများမှာ ထူးချွန်ပြောင်မြောက်ကြောင်း တွေ့ရှိရပါသည်။

www.burmeseclassic.com

၁။ အရှင်ဣန္ဒာစာရ (ဓမ္မစရိယဘီအေ) ရွှေနံ့သာကျောင်း။ သန်လျင်မြို့။
၂။ ဘဒ္ဒန္တအာစာရ (စာချကထိက ဂဏဝါစက) သာသနဓဇဓမ္မာစရိယ၊ ငါးထပ်ကြီးစာသင်တိုက်၊ ဗဟန်း။
၃။ ဘဒ္ဒန္တဉာဏိသာရ၊ ရွာလည်ကျောင်း။ ကဝမြို့နယ်၊ ပဲခူးတိုင်း။
၄။ အရှင်ပညာတိက္ခ ရွှေနံ့သာကျောင်းတိုက်၊ သန်လျင်မြို့။

ဆရာတော်သည် "ရွှေနံ့သာဓမ္မရိပ်သာကြီး"ကို နှစ်ပေါင်း ၂၂ နှစ်ကျော် ယခုတိုင် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခဲ့ရာ ယခုအခါ တုန်ခါယိမ်းယိုင် လေးဘက်လေးလံ ထွားကာနေရပြီး ညအခါ ကြယ်မြင်လမြင် ဝါးတဲအိုကျောင်းဖျက်နှင့် ပစ္စည်းလေးပါး မပြည့်စုံ ရှားပါး၍ အစားဆင်းရဲ အနေမချမ်းသာသောဘဝမှ စိတ်ဓာတ်ခိုင်မာစွာဖြင့် ကြိုးစား၍ လုပ်ဆောင်ခဲ့ရာမှ ယခုအခါ သာသနိက အဆောက်အအုံများဖြစ်သော နှစ်ထပ်ဓမ္မာရုံကျောင်းတော်ကြီး၊ ယောဂီ ၃၅၀ တရားဝင်၊ တရားအားထုတ်နိုင်ရန် ယောဂီဆောင်များ။ သီးသန့်အလှူရှင်များမှ တိုက်ကျောင်းနှစ်ထပ်ဆောင်များ၊ ဆွမ်းစားကျောင်းကြီးတစ်ကျောင်း။ သမိုင်းဝင် လေးကျွန်းရှင် ဗုဒ္ဓမာရ်အောင်စေတီတော်မြတ်အား ပြန်လည်မွမ်းမံပြင်ဆင်ပြီး အရံစေတီ ရှစ်ဆူအား တည်ထားကိုးကွယ်ခဲ့ခြင်း နဂါးရုံဘုရား ရဟန္တာကြီးနှစ်ပါး၊ လျောင်းတော်မူ ရုပ်ပွားတော်မြတ်တစ်ဆူ၊ မိုးကုတ်ဆရာတော်ဘုရားကြီး ပုံတူထုလုပ်ထားခြင်းကို ဓမ္မာရုံကြီးထဲတွင် ပူဇော်ထားခြင်း။ စင်္ကြံလမ်းများကို အမိုးများ အခိုင်အခံ့ပြုလုပ်ကာ နေပူ၊ မိုးရွာထဲတွင် စင်္ကြံလျှောက်နိုင်ရန် ဓမ္မာရုံနှင့် ဆွမ်းစားကျောင်းကို ထီးမလိုဘဲ ကူးသန်းသွားလာနိုင်ရန် ဆောက်လုပ်ထားပါသည်။

ဤတွင် လေးကျွန်းရှင် ဗုဒ္ဓမာရ်အောင်စေတီတော်၏ နောက်ကြောင်း ဘုရားသမိုင်းကို စာရေးသူသိရှိသမျှ အနည်းငယ် တင်ပြလိုပါသည်။ ယခင်က ဘုရား၏ဘွဲ့တော်မှာ ဗုဒ္ဓမာရ်အောင်ဟုသာ ခေါ်ကြောင်းကို သိရှိရပါသည်။ ဘုရားငုတ်တိုရှိမှန်းကို မည်သူမှမသိကြဘဲ တောကြီးသဖွယ် ကြခတ်ရုံများ၊ ချုံနွယ်ပိတ်ပေါင်းများဖြင့် ရှုပ်ထွေးနေသည်ကို သန်လျင်မြို့ သောက်တော်တွင်းရပ်ကွက်မှ ရပ်ဘက်တရားသူကြီးဟောင်း ဦးဘအို(ကွယ်လွန်)မှ ကမကထလုပ်၍ ရပ်ကွက်သူရပ်ကွက်သားများ ယခုစာရေးသူအား ဘုရားသမိုင်းပြောကြားသော (ရွှေနံ့သာယောဂီ အငြိမ်းစားကျောင်းဆရာမကြီး ဒေါ်စန်းကြည်)၏အဘွား ဒေါ်စောနွယ်အပါအဝင် လူများ တက်ညီလက်ညီ ခုတ်ထွင်ရှင်းလင်းကြကြောင်း။ ထိုအခါတွင် ဘုရားအား ထိခိုက်မိမှ သေချာစွာကြည့်ရှုကြသောအခါ ဘုရားငုတ်တိုဖြစ်နေကြောင်း သိရှိကြပါသည်။ ဤကား လွန်ခဲ့သော



ဟောပြောပွဲတွင် ဆရာတော်နှင့် အထင်ကရ ဂျပန်ဘုန်းတော်ကြီးများ

www.burmeseclassic.com

www.burmeseclassic.com

နှစ်ပေါင်းတစ်ရာခန့်က စတင်တွေ့ရှိခဲ့ကြခြင်း ဖြစ်ပါသည်။ လူသူမသိဘဲ မထင်ရှားခဲ့သော်လည်း လွန်ခဲ့သော နှစ်ပေါင်း ခုနစ်ဆယ်ကျော်လောက်ကမှစ၍ လူသိများလာခဲ့ပါသည်။ ဘုရားမှာ ဆရာတော်၏ ကျောင်းဝင်းအတွင်းတွင် တည်ရှိပါသည်။ တရားအားထုတ်ရန် လာရောက်ကြသော ယောဂီများသည် အားလပ်ချိန်တိုင်းတွင် ဘုရားအား သွားရောက်ကြည်ညိုကြပါသည်။ ပုံတွင်ပြထားသော ဘုရားပုံမှာ လမ်းမဘက်မှ စာရေးသူရိုက်ထားခြင်းဖြစ်ပါသည်။

ဘုရား၏ မှတ်တမ်းမှတ်ရာမှာ တိတိကျကျမရှိသော်လည်း တစ်ဆင့်ပြန်လည်ပြောပြချက်များအရ ဤဘုရားသည် ရှေးဘုရင်များ တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်းကို ခန့်မှန်းသိရှိနိုင်ပါသည်။ လူအများက ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းပြီး ဘုရားငုတ်တိုအား ပြန်လည်မွမ်းမံတည်ထားကိုးကွယ်သူမှာ ထွက်ရပ်ပေါက်ဆရာတော် (ဒေဝံတောမိဇ) အမည်ရှိသော ပုဂ္ဂိုလ်မှ ဦးစီး၍ တည်ထားကိုးကွယ်ခဲ့ပါသည်။ ယခု မှန်ဦးအား ပြင်ဆင်မွမ်းမံသောအလှူရှင်မှာ (ဘိုးသံသိပ္ပနှင့်တပည့်များ)ဖြစ်ပြီး ကမ္ပည်းထိုးထားရာတွင် ဘုရား၏ ဘွဲ့တော်မှာ "လေးကျွန်းရှင် ဗုဒ္ဓမာရ်အောင်"စေတီဟု အမည်တွင်သွားပါသည်။

ဘုရားသည် တန်ခိုးကြီးသောကြောင့် လူသိများလာခြင်း ဖြစ်ပါသည်။ ဆုတောင်းပြည့်သည်လည်း ဖြစ်ပါမည်။ သို့သော် ထူးခြားသည်ကတော့ ရောင်ခြည်တော်ကွန့်မြူးခြင်းပင် ဖြစ်ပါသည်။ ဆုတောင်းပြည့်သည်ဟု ပြောသံမကြားရပါ။ ရောင်ခြည်တော်ကွန့်မြူးရာမှာ အချိန်အခါမရွေးပါ။ ညနံနက်၊ နေ့လယ်အချိန်များတွင် သုံးကြိမ် ရောင်ခြည်တော်ကွန့်မြူးသည်ကို တွေ့မြင်ဖူးမြော်ရခြင်း ဖြစ်ပါသည်။ ဤရွှေနံ့သာကျောင်းနှင့် မျက်နှာချင်းဆိုင် နံ့သာကုန်း ၃ လမ်းထိပ်တွင် နေထိုင်သော ကျောင်းဆရာမကြီး ဒေါ်စန်းကြည်မှာ ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်၊ ည ၁၂ နာရီ ၁၅ မိနစ်တွင် ဘုရားနှင့်မျက်နှာချင်းဆိုင်နေသော အရောင်အလင်းတန်းများကိုမြင်ရ၍ သေချာစွာစူးစိုက်ကြည့်ရာ ဘုရား၏ စိန်ဖူးတော်နေရာမှ အရောင်များထွက်နေသည်ကို တွေ့ရ၍ ရောင်ခြည်တော်ကွန့်မြူးရာကို သေသေချာချာ ဖူးတွေ့ရခြင်းဖြစ်ကြောင်းကို ပြောပြပါသည်။ တစ်ဖန် အိန္ဒိယထဝီးလ်လူမျိုး ဦးချစ်တီးဆိုသူသည် နေအိမ်မှ (ဘုရားရှေ့လမ်း)မှ အလုပ်သွားစဉ် နံနက်ပိုင်း၌ တစ်ကြိမ်၊ တစ်ဖန် နေ့လယ်ဘက်တွင် တစ်ကြိမ် နှစ်ကြိမ် ရောင်ခြည်တော်လွှတ်သည်ကို ဖူးမြင်ရကြောင်း ပြန်လည်ပြောပြချက်အရ သိရှိရပါသည်။

ယခုအခါ ရွှေနံ့သာ မေ့ရိပ်သာကြီးသည် ဘုရားတည်ရှိခြင်းကြောင့် အများသူငါ လာရောက်ဖူးမြော်ကြရင်းမှ ရိပ်သာအတွင်း တရားစခန်းဝင်ဖြစ်မှာ ဖြစ်သည်။ ဥပုသ်နေ့နှင့် တနင်္ဂနွေနေ့များတွင် တစ်နေ့တာ တရားထိုင်လိုသူများ လာရောက်၍ တရားအားထုတ်နိုင်ပါသည်။

စာရေးသူသည် ဤဆောင်းပါးကို ရေးသားရခြင်းမှာ သန်လျင်မြို့တွင် ကိုယ်ပိုင်ကျောင်း တစ်ပါးကျောင်းလေးဖြင့် ရန်ကုန်မြို့မှ လာရောက်နေထိုင်ရစဉ်က စိတ်ပျက်အားငယ်စွာဖြင့် တရားဝင်၊ တရားအားထုတ်ရန် နေရာအခက်အခဲများရှိမည်ထင်ပြီး ရန်ကုန်အထိပြန်ကာ မိမိဝင်ရောက်ဖူးသော ရိပ်သာများသို့ သွားရောက်၍ တရားအားထုတ်ခဲ့ပါသည်။ နောက်မှ အတူနေ သန်လျင်မှ သီလရှင်ဆရာကြီး၊ ဆရာလေးများ၏ သန်လျင်မြို့တွင် ရိပ်သာအများအပြားရှိကြောင်း ပြောပြသောကြောင့် ရွှေနံ့သာမေ့ရိပ်သာသို့ ဦးဆုံးရောက်ဖူးခဲ့ပါသည်။ အခြားရိပ်သာများသို့ သွားဝင်ခြင်းမရှိခဲ့ပါ။ ဆရာတော်၏ တရားပြမှု၊ တရားဟောမှု၊ အခြားဆရာတော်များ၏ ဟောကြားမှုတို့မှာ အကာမပါ အနှစ်တရားကိုသာ ဟောကြားကြသောကြောင့် ရွှေနံ့သာမှာပင် တရားဝင်၊ တရားအားထုတ်ဖြစ်ပါသည်။ ဤကဲ့သို့ တရားအားထုတ်နေရင်းမှ ရန်ကုန်တွင် ဆရာတော့်အကြောင်းကို ပြန်ပြောပြရာ ရန်ကင်းမြို့နယ်တွင် ဆရာတော်အား မသိသူ မရှိခဲ့ပါ။

"ပန်းသတင်း လေညင်းဆောင်၊ လူသတင်း လူချင်းဆောင်၊ တရားဟောဆရာတော် ကောင်းမကောင်းကို ဒကာ၊ ဒကာမများကဆောင်"ရမှာဖြစ်၍ ဆရာတော်၏အကြောင်းကို ရောင်ပြန်မဂ္ဂဇင်းမှ ဒိုးကျွန်းဂုဏ်ပြု ပူဇော်လိုက်ရပါသည်။

• မှတ်ချက် ။ ။ ဤဆောင်းပါးရေးသားရာတွင် အကူအညီများပေးခဲ့သော ရွှေနံ့သာ အမြဲတမ်းယောဂီကျောင်းဆရာမကြီးဒေါ်စန်းကြည်အား အထူးကျေးဇူးတင်ရှိပါသည်။

ဒေါ်ဓမ္မစာရီ [သမ်းမဂျီအောင်စိုး]




www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်တော်ကျဆရာတော်ကြီး

# ဘဒ္ဒန္တစန္ဒောဘာသ (မိုးကုတ်)

■ ကျော်ဇောဟိန်း(နံ့သာ)



မိုးကုတ်မြို့သည် မန္တလေးတိုင်း အတွင်းတွင်ပါဝင်ပြီး ရှမ်းကုန်းပြင်မြင့်၏ အနောက်ဘက်စွန်းဒေသ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၇၀၀ ခန့်မြင့်ရာအရပ်၌ တည်ရှိသည်။ အရှေ့ဘက်တွင် ရှမ်းပြည်နယ်၊ မိုင်းလုံမြို့နှင့် ၂၁ မိုင်၊ မြောက်ဘက် မိုးမိတ်မြို့နှင့် ၂၇ မိုင်၊ အနောက်ဘက်တွင်ရှိ သပိတ်ကျင်းမြို့နှင့် ၆၀ မိုင်၊ မန္တလေးမြို့နှင့် ၁၂၅ မိုင် အကွာအဝေးတွင် တည်ရှိသည်။ မိုးကုတ်မြို့သည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတွင်ပါ ကျော်ကြားသောမြို့တစ်မြို့ဖြစ်သည်။ ကမ္ဘာ့အဖိုးတန် ကျောက်မျက်ရတနာမျိုးစုံ ထွက်ရှိသော မြို့ဖြစ်သလို ဘာသာသာသနာ ထွန်းကားရာမြို့လည်းဖြစ်သည်။ ဧယ်အိုးပုံသဏ္ဌာန်ဖြင့် တောင်များ ပတ်လည်ဝိုင်းရံလျက်ရှိပြီး ထိုတောင်မြင့်များ၏ထိပ်တွင် စေတီပုထိုးများကို တွေ့မြင်နိုင်သောကြောင့် ဗုဒ္ဓသာသနာကို အထူးပင် သက်ဝင်ယုံကြည်သောမြို့ဟု ဆိုနိုင်ပါသည်။

မိုးကုတ်မြို့၏ သာသနာ့ကြယ်တစ်ပွင့်အဖြစ် ထွန်းလင်းထင်ရှားလာမည့် ဆရာတော်ဘဒ္ဒန္တစန္ဒောဘာသမဟာထေရ်မြတ်ကို ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ ဝဲဝင်းရွာနေ အဖ ဦးချို၊ အမိ ဒေါ်ပုမတို့မှ မြန်မာသက္ကရာဇ် ၁၂၈၆ ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက်   နေ့တွင် ဖွားမြင်တော်မူခဲ့သည်။ ငယ်နာမည်မှာ မောင်စောပုဖြစ်သည်။

မြန်မာနှစ် ၁၂၉၉ ခုနှစ် အသက် ၁၃ နှစ်သားတွင် ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ် ရေပေါ်သောင်ရွာ ရေပေါ်သောင်ကျောင်းဆရာတော် ဦးနန္ဒမာလကို ဥပဇ္ဈာယ်ပြု၍ သာမဏေရပဗ္ဗဇ္ဇာသို့ ခိုလှုံခဲ့ပါသည်။ ဆရာတော်၏ ဘွဲ့အမည်မှာ ရှင်စန္ဒောဘာသဖြစ်သည်။

မြန်မာနှစ် ၁၃၀၆ ခုနှစ် ဝါဆိုလပြည့် အင်္ဂါနေ့၌ ရေပေါ်သောင်ကျောင်းတိုက် ဥဒကုက္ခေပသိမ်၌ ညောင်လေးပင်မြို့နယ် ကျောင်းရွာကျောင်းဆရာတော် ဦးပုညိန္ဒကို ဥပဇ္ဈာယ်ပြုပြီး မြင့်မြတ်သော ရဟန်းဘဝခံယူပါသည်။ ဆရာတော်သည် ပရိယတ္တိစာပေများကို သင်ယူပြီးနောက် ပဋိပတ်စခန်းသို့ ကူးပြောင်းအားထုတ်ခဲ့ပါသည်။

မြန်မာနှစ် ၁၃၂၂ ခုနှစ်တွင် မိုးကုတ်မြို့ ရွှေကူကျောင်းတိုက်သို့ ကြွရောက်တော်မူခဲ့ကာ ကမ္မဋ္ဌာန်းဘာဝနာကို အချိန်နှင့်အမျှ ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူခဲ့၏။ ဆရာတော်သည် ဣရိယာပုတ်လေးပါးအနက် စင်္ကြံလျှောက်



www.burmeseclassic.com

www.burmeseclassic.com

၍ရှုမှတ်နည်းကို အလေးပေးအားထုတ်တော်မူခဲ့သည်။ ဆရာတော် စကြံ့လျှောက်၍ တရားရှုမှတ်ခဲ့သောနေရာမှာ မြက်သရိုက်မပေါက်နိုင်လောက်အောင်ပင် ပြောင်ရှင်းလျက်ရှိနေသည်ဟု သိရှိရသည်။

ဆရာတော်သည် ရွှေကူကျောင်းတိုက်၌ နှစ်ပေါင်း ၂၂ နှစ်ကြာ တရားဓမ္မများအား ကျင့်ကြံအားထုတ်တော်မူခဲ့ပြီးနောက် မြန်မာနှစ် ၁၃၄၄ ခုနှစ်တွင် မိုးကုတ်မြို့ မင်းတဲတားရပ်တွင်ရှိ ခါတော်မီကျောင်းတိုက်ကြီးသို့ ပဓာနနာယကဆရာတော်အဖြစ် သာသနာပြုသီတင်း သုံးခဲ့၏။

ဆရာတော်သည် မြို့နယ်သြဝါဒါစရိယာအဖြစ်လည်းကောင်း၊ မြို့နယ်သံ ဃာ့နာယကအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ရပ်ကွက်အုပ်စု သံဃာ့နာယက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရွှေကူကြီးစေတီတော် သြဝါဒါစရိယအဖြစ်လည်းကောင်း၊ ဈေးကျောင်းဂိုဏ်းကြီး၏ ဂဏာဓိပတိ ဦးစီးနာယကအဖြစ်လည်းကောင်း သာသနာရေးရာများ ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်ကြီးသည် ကျန်းမာရေးကောင်းမွန်နေသမျှ ကာလပတ်လုံး ဆွမ်းခံဝတ်ကို အမြဲမပြတ်ဆောင်ရွက်တော်မူပြီး ဥပုသ်၊ ပဝါရဏာပြုကာ မြဲစွာကျင့်ဆောင်တော်မူသည်။ ကြီးလေးသော ကရုဏာအား လုံးဝစင်ကြယ်တော်မူသည်။ နေ့ညမပြတ် ပဋ္ဌာန်းပရိတ်ရွတ်ဖတ်သရဇ္ဈာယ်ခြင်းအမှုကိုလည်း နေ့စဉ်မလပ်အောင်ပြုတော်မူပါသည်။ ဆရာတော်ကြီးသည် မိမိသီတင်းသုံးရာ ကျောင်းတိုက်များတွင် ဘုရားသောက်တော်ရေ၊ ပန်း၊ ဆီမီး၊ ဆွမ်းတို့ကို နေ့စဉ်မပြတ် ကိုယ်တော်တိုင် ဆောင်ရွက်တော်မူပါသည်။ ထို့နောက် ဗုဒ္ဓါနုဿတိနှင့် အာနာပါနကမ္မဋ္ဌာန်းတို့ကို အဓိက လက်ကိုင်ပြုကာ နှစ်ပေါင်းများစွာ ကျင့်ကြံအားထုတ်တော်မူပါသည်။ ဆရာတော်ကြီးသည် ကျိန်းစက်ခြင်း၊ ဆွမ်းကိစ္စနှင့် အခြားသော အရေးကြီးသော ကိစ္စမှ အပအလဟဿအချိန်အား ကုန်ဆုံးစေခြင်းမရှိပါ။ အနိမ့်ဆုံးအပြင် အကုသိုလ်စိတ်များ မဝင်နိုင်စေရန် မေတ္တာဘာဝနာကို စီးဖြန်းနေသည်။ ဝိပဿနာအရာ၌ မည်မျှပေါက်ရောက်ခဲ့သည်ကို ဆရာတော်ကြီး သီတင်းသုံးရာ အခန်းတံခါးတွင် ကိုယ်တိုင်မြေဖြူရေးမှတ်ထားခဲ့သည့် တရားမှတ်တမ်းများ အချို့ကို တင်ပြပါမည်။

- ၁၃၂၆ ခု၊ တန်ခူးလ အရဟံသိဒ္ဓိအောင်ပြီ။

- ၁၃၆၉ ခု၊ နတ်တော်လဆန်း ၁၃ ရက်၊ ည ၁၂ နာရီ ၃၅ မိနစ် ရဟန္တာအောင်ရမည်။

- ၁၃၆၄ ခု၊ နတ်တော်လ ပြည့်ကျော် ၄ ရက်၊ တနင်္လာည ၁၁ နာရီ ၂၂ မိနစ်အချိန်တွင် သိဒ္ဓိဓာတ်လုံးရသည်။

- ၁၃၆၅ ခု၊ ကဆုန်လဆန်း ၃ ရက်၊ ရက်ရာဇာ စနေနေ့နံနက် ၄ နာရီ အကြံပေါ်-ဉာဏ်ပေါ်ပွင့်။

- ဝါခေါင်လဆုတ် ၆ ရက်၊ သောကြာနေ့ ၄ နာရီအချိန်၊ ပထဝီ ၄ သိပျက်၊ အာရုံ ၆ ပါးသိပျက်၊ ဓာတ် ၆ ပါးသိပျက်၊ အာယတန ၆ ပါးသိပျက်၊ အားလုံးပေါ်ရာ သိပျက်၊ ရုပ်နာမ်သိပျက်၊ ကဆုန်လဆန်း ၃ ရက်၊ အင်္ဂါနေ့နံနက် အိပ်မက် "မို့တွေအများကြီးရသည်"၊

- ၁၃၆၅ ခု၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ သောကြာ ရက်ရာဇာနေ့၊ နေ့ ၃ နာရီ၊ ၃၀ မိနစ်အချိန် လေးချက်သိ။ လဆန်းတစ်ရက်နေ့ ၁ နာရီ ၃၅ မိနစ် ဆုတောင်းဆုံး ၈ ရက်၊ ၂ နာရီ ရုပ်နာမ်ပြန်ကြည့်၊

- ၁၃၆၅ ခု၊ သီတင်းကျွတ်လဆန်း ၉ ရက်၊ နံနက် ၆ ခွဲ၊ စနေဖြစ်ပျက်ချုပ်ငြိမ်း၊ သိ ၅ ချက် သိဖြစ်ပျက်ချုပ်ငြိမ်းကုန်မရှိ။ သိနေ့ ၁၂ နာရီချုပ်သည်။ ပျက်ရုပ်နာမ် ၂။ ဖြစ်ပျက်ရုပ်နာမ် ၄ ချက်သိ။ သီတင်းကျွတ်လဆန်း ၁၄ ရက် ည၌ ၁ နာရီ ၃၅ မိနစ် ကြာသပတေး။

## ဆရာတော်ကြီး၏ နောက်ဆုံးခရီး

ဆရာတော်သည် ကျောင်းရှေ့တွင် စူဠာမဏိစေတီတော် တည်ထားပြီး စေတီတော်အတွင်း ဌာပနာရန် ဌာပနာပစ္စည်းများကို ပင့်ဆောင်ရန် နောက်ပါတပည့်များနှင့်အတူ မန္တလေးသို့ ကြွတော်မူသွားသည်။ ဆရာတော်သည် မန္တလေး မဟာမြတ်မုနိဘုရားအနီး သေနာရာမတိုက် အင္ဂမအုဋ္ဌကျောင်း၌ တည်းခိုသီတင်းသုံးတော်မူပါသည်။ ဆရာတော်သည် မန္တလေးသို့ မကြွရောက်မီ ၁၃၆၈ ခု၊ တပို့တွဲလဆန်း ၁၄ ရက်နေ့တွင် ကျောင်းရှိ ရဟန်းသာမဏေကျောင်းသားများကိုခေါ်ပြီး တစ်ပါးစီ၊ တစ်ယောက်စီကို ငွေသား ၃၀၀၀ ကျပ် ပေးလိုက်ပြီး ရဟန်းသာမဏေတို့အား သင်္ကန်းတစ်စုံစီလှူဒါန်းလိုက်ပြီး ဤသို့မိန့်တော်မူလိုက်သည်။

"ဦးဇင်းတို့ ကျောင်းတိုက်ကြီးကိုလည်း လွှဲအပ်ပြီးပြီ။



www.burmeseclassic.com

www.burmeseclassic.com

ငါ့ကြီးမှာ ခန္ဓာကိုယ်နှင့် သက်န်းတစ်စုံသာ ရှိတော့သည်။ ငါက မင်းတို့အပေါ်မှာ ပြောမှားဆိုမှားရှိခဲ့ရင် ခွင့်လွှတ်ကြ။ ငါ့အပေါ်မှာ ပြောမှားဆိုမှားရှိရင်လည်း ငါခွင့်လွှတ်ပါတယ်။ ငါ့မှာ ဘာသံယောဇဉ်မှမရှိတော့ဘူး"ဟု မိန့်တော်မူလိုက်ပါတော့သည်။

ဆရာတော်ကြီးသည် အန္တိမ သံသရာခရီးလမ်းကို သိနေရော့အလား။ နောက်ဆုံးကန်တော့သည့်အလား မိုးကုတ်မြို့ ကျပ်ပြင်ကသည်း အနောက်ကျောင်းဆရာတော်ဘုရားကြီးထံ သွားရောက်ကန်တော့လိုက်ပြီး ဤသို့ လျှောက်ထားလိုက်ပါတော့သည်။ "တပည့်တော် နောက်ဆုံးလာရောက်ကန်တော့ခြင်းပါဘုရား။ တပည့်တော် ကျန်းမာရေးလည်း မကောင်းပါဘုရား"

ထိုနေ့မှပင် လင်းရောင်ခြည်ဆရာတော်နှင့် တပ်ဦးကျောင်းဆရာတော်တို့ကိုလည်း ထူးထူးခြားခြား သွားရောက်တွေ့ဆုံနှုတ်ဆက် စကားပြောတော်မူပါသည်။ ဆရာတော်သည် ပြုဖွယ်ကိစ္စများကို ကုန်စင်အောင် ဆောင်ရွက်တော်မူပြီး ကျန်သော အရေးကြီးသောကိစ္စတစ်ခုဖြစ်သော ဆရာတော်ကြီးတည်ထားလက်စဖြစ်သည့် စူဠာမဏိစေတီတော် မြတ်ကြီးဌာပနာသွင်း စီမံစရာတစ်ခု ကျန်နေသေးသည့်အတွက် ဆရာတော်သည် တပေါင်းလဆန်း ၁၀ ရက်နေ့တွင် ဌာပနာပစ္စည်းများကို မိုးကုတ်မင်းတံတားရပ် ဦးမောင်ငယ်အားအပ်နှံကာ စေတီတော်အတွင်း ထည့်သွင်းယူဆောင်သွားရန် ဤသို့ မိန့်တော်မူလိုက်ပါသည်။

"ငါနေကောင်းတယ်။ ငါ မိုးကုတ်မြို့ကို ပြန်မလာတော့ဘူး။ မင်းတံတားရပ်က စည်ကားတော့မယ်။ ဌာပနာပစ္စည်းတွေကို စူဠမဏိစေတီတော်အတွင်း တပေါင်းလမှာ အပြီးပိတ်လိုက်ပေတော့"

ဆရာတော်သည် လိုက်ပါသွားခြင်းမရှိတော့ပါ။ ဒကာရင်းဖြစ်သော ဦးမောင်ငယ်အား နောက်ဆုံးမိန့်ကြား လိုက်ပါတော့သည်။

"ငါ့မှာ ဘာသံယောဇဉ်မှ မရှိတော့ဘူး။ မင်းနဲ့ဗိုက်လို့ မင်းသင်္ဂြိုဟ်ခွင့်ရတာ"

ဤသည်ကို ကြားရသော ဒကာဖြစ်သူမှာ ဝမ်းနည်းစွာဖြင့် ဆရာတော်မိန့်သည့်အတိုင်း ဆောင်ရွက်ရန် မိုးကုတ်မြို့သို့ ပြန်လာလိုက်ပါတော့သည်။

မြန်မာနှစ် ၁၃၆၈ ခု၊ တပေါင်းလဆန်း ၁၁ ရက်၊ ၂၆.၂.၂၀၀၇ တနင်္လာနေ့နံနက် ၈ နာရီအချိန်တွင် သက်တော် ၈၂ နှစ်၊ သိက္ခာတော် ၆၄ ဝါရှိတော်မူပြီဖြစ်သော ခါတော်မီကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ မဟာထေရ်မြတ်သည် "ဖြစ်ပျက်သိ၊ ဖြစ်ပျက်သိ"ဟု နှုတ်မှရွတ်ဆိုလျက် ခန္ဓာဝန်ချ တော်မူသည်။ ဆရာတော်၏ရုပ်ကလာပ်တော်ကို နန္ဒိသေနာရာမအင်္ဂမအုတ် ကျောင်းဆရာတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် မန္တလေးမြို့မှ မိုးကုတ်မြို့သို့ နေ့ချင်း လွယ်ကူစွာ ပင့်ဆောင်နိုင်ခဲ့ကြသည်။

ဆရာတော်၏ ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်ကို ခါတော်မီကျောင်းတိုက် စံကျောင်းတော်တွင် ခုနစ်ရက်ကြာ အပူဇော်ခံထားရှိပြီး ၁၃၆၈ ခု၊ တပေါင်းလပြည့်ကျော် ၂ ရက် (၄.၃ ၂၀၀၇) တနင်္ဂနွေနေ့တွင် နိဗ္ဗာန်ကျောင်းချကာ ရဟန်းရှင်လူ၊ တပည့်ဒကာ၊ ဒကာမတို့မှ မိုးကုတ်မြို့ ထင်းယားပင်ကွေ့သုသာန်သို့ ထုတ်ဆောင်၍ မီးသင်္ဂြိုဟ်တော်မူခဲ့သည်။

ဆရာတော်၏ရုပ်ကလာပ်တော်ကို နံ့သာထင်းပုံထက်သို့တင်၍ မီးသင်္ဂြိုဟ်သောအခါတွင် ရုပ်ကလာပ်တော်မှ ဓာတ်တော်များကျရောက်ခြင်းကို မြင်တွေ့ဖူးမြော်ရသဖြင့် ရဟန်းရှင်လူအများ အာတ်အော်သောင်းတင်း အံ့ဩဘနန်း ဖြစ်ခဲ့ကြရသည်။

ဆရာတော်၏ ကြွင်းကျန်ရစ်သော ဓာတ်တော်များနှင့် မီးမခတော်မူခဲ့သော ညာမျက်လုံးတော်၊ ဘယ်မျက်လုံးတော်၊ တင်ပါးဆုံတော်၊ ပခုံးတော်၊ လည်ချောင်းကွင်းတော်၊ ဦးခေါင်းတော်တို့ကို အများပြည်သူများ ဖူးမြော်နိုင်ရန်အတွက် မိုးကုတ်မြို့ မင်းတံတားရပ် ခါတော်မီ ကျောင်းတိုက်အတွင်း၌ အပူဇော်ခံထားရှိသည်။ ဆရာတော် ခန္ဓာဝန်မချမီ တည်ထားတော်မူခဲ့သော စူဠမဏိစေတီတော်ကိုလည်း ခါတော်မီကျောင်းတိုက်ဝင်းအတွင်းတွင် ဖူးမြော်နိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

*သဗ္ဗာဝါမှန်သမျှ ဘေးမခ အေးမြရွှင်လန်း ချမ်းမြေ့ပါစေ . . .*

**ကျော်ဇောဟိန်း(နံ့သာ)**



www.burmeseclassic.com

www.burmeseclassic.com

# ဂျပန်ဘုရားဖူး သွားရအောင်

မြတ်မြတ်မိုး



တစ်နေ့ အိမ်ရှေ့တွင် ကျွန်မ တစ်ဦးတည်း စာထိုင်ဖတ်နေစဉ် သားတော်မောင် ရောက်လာပြီး ဆိုင်းမဆင့် ဗုံမဆင့်ဖြင့်...

"မေမေ သား ဂျပန်ဘုရား သွားချင်တယ်"

ဟု ဆိုသဖြင့် ကျွန်မ အံ့သြထိတ်လန့်သွားရသည်။ အဘယ်ကြောင့်ဆိုသော် အိမ်ထဲက အိမ်ပြင် မထွက်လိုက်နဲ့ ထွက်လိုက်တာနဲ့ သွားစရိတ်၊ လာစရိတ်၊ စားသောက် တည်းခိုစရိတ်တွေက ခေါင်ခိုက် ဈေးများ အကြေးပွားစရာ ဖြစ်နိုင်သောကြောင့် အာရှတိုက်တွင် ခေတ်အမီဆုံးနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံသို့ ဘုရားဖူးသွားချင်သည်ဟု ဆိုသဖြင့် ကျွန်မ အံ့သြထိတ်လန့်သွားရခြင်း ဖြစ်သည်။

"နေစမ်းပါဦး သားရယ်၊ သားရဲ့ဘုရားဖူးခရီးက ဝေးလှချည်လား၊ အကုန်အကျများပြီး ကရိကထများတဲ့ခရီးကို မသွားချင်စမ်းပါနဲ့ သားရယ်၊ မေမေ စိတ်မချလို့ပါ"

"ဟာ...မေမေကလည်း သားပြောတာက ဂျပန်နိုင်ငံကို ဘုရားဖူးသွားဖို့ ပြောတာမဟုတ်ဘူး၊ မော်တီမှာရှိတဲ့

www.burmeseclassic.com



**သဘာဝဘေးအန္တရာယ်ကင်းခြင်း။**
**စစ်ဘေး လက်နက်ဘေးကင်းခြင်း။**
**အရပ်လေးမျက်နှာမှလာသော အန္တရာယ်ကို**
**ကာကွယ်ပေးခြင်း**

ဂျပန်ဘုရားတွေကို သွားဖူးဖို့ ပြောတာပါ"

သားဖြစ်သူ၏ အဖြေစကားကြောင့် ကျွန်မ စိတ်သက်သာရာ ရသွားတော့သည်။ မော်လမြိုင်-ရန်ကုန် တစ်ညအိပ်ခရီးစဉ်ကို အသွားအပြန်ခရီးစရိတ် ငွေကျပ် တစ်သောင်းသာ ပေးရသည်မို့ ကျွန်မလည်း လမ်းခရီးတွင် လိုသလိုသုံးလို့စားလို့ရအောင်နှင့် လှူဒါန်းမှုများ ပြုလုပ်နိုင်ရန်အတွက် ငွေကျပ်သုံးသောင်း ထုတ်ပေးလိုက်သည်။

နေ့လယ်စာ စားသောက်ပြီး မွန်းတည့် ၁၂ နာရီတိတိတွင် ကလေး၊ လူကြီး ဘုရားဖူးခရီးသည် ၂၀ ဦးတိတိပါဝင်သော Light Truck အမျိုးအစားယာဉ်မှာ ကျွန်မတို့နေထိုင်ရာ စမ်းကြီးရပ်ကွက်မှ စတင်ထွက်ခွာကာ ပေါင်၊ သထုံ၊ ဘီးလင်း၊ ကျိုက်ထို လမ်းဘေးတစ်လျှောက်ရှိ ဘုရားများ ဝင်ဖူးကာ ကျိုက်ထိုမြို့ရှိ ကျိုက်ပေါ်လောမုံရှင် ဘုရားဝင်းရှိ တည်းခိုဆောင်တွင် ညအိပ်ရပ်နားကြလေသည်။

နံနက် ၄ နာရီတွင် ကျိုက်ထိုမြို့မှ စတင်ထွက်ခွာကာ နံနက် ၈ နာရီတွင် မော်ဘီမြို့ရှိ ရှေးဟောင်း ဗုဒ္ဓဆင်းတုတော်များအား ဝင်ရောက်ဖူးမြော်ကာ အပြန်ကျ ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ခဲ့ကြပြီး ည ၇ နာရီတွင်



**ရေနှင့် ဆက်စပ်သော လုပ်ငန်းများ စီးပွားဖြစ်ထွန်းအောင်မြင်ခြင်း။ စီးပွားလာဘ်လာဘ တိုးတက်ခြင်း**

www.burmeseclassic.com




**ရောဂါဘယ ကင်းဝေးခြင်း၊ ဖြစ်ပေါ်လတ္တံ့သော ကပ်ရောဂါများ ကာကွယ်စောင့်ရှောက်ခြင်း**

မော်လမြိုင်နေအိမ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ မိသားစုညစာ စုပေါင်းစားသောက်ပြီးချိန်မှာဝေ ၇ သားတော်မောင်က သူ၏ ဘုရားဖူးခရီးစဉ်အကြောင်းကို ရင်ဖွင့်ပြောပြခဲ့သည်။

"သားတို့ကားက ရန်ကုန်-ပြည် ကားလမ်းနံဘေးကနေ အနောက်ဘက်ကို ၁၀ မိနစ်လောက် ဆက်မောင်းရသေးတယ်။ ရေပြာရွာကိုရောက်တော့ ကားရပ်တဲ့နေရာဝန်းကျင်မှာ စားသောက်ဆိုင်တွေ၊ ဈေးဆိုင်တွေ အများကြီးပဲ။ သားတို့အဖွဲ့လည်း ဘုရားဖူးဖို့ တန်းစီပြီး စောင့်ကြရတာပေါ့။ လူတန်းကြီးက ကျောင်းဝင်းအပြင်အထိတောင် ရောက်တယ်။ ထောင်ပေါင်းများစွာသော ဘုရားဖူးခရီးသည်တွေဟာ တရွေ့ရွေ့နဲ့ စိတ်ရှည်သည်းခံပြီး စောင့်ဆိုင်းရတာပေါ့။

မွှေ့ရုံထဲကိုရောက်တော့ ဆရာတော်ကို အရင်ဦးဆုံး ဖူးကြရတယ်။ ဆရာတော်က ဘုရားဖူးပရိသတ်တွေကို တရားဟော ဆုံးမသြဝါဒ ချီးမြှင့်တယ်။ ဆရာတော်ရဲ့အသံက ကြည်လင်ပြတ်သားပြီး မေတ္တာစိတ်တွေ ပြည့်ဝနေတယ်လို့ ခံစားရတယ်။

ပြီးတော့ တန်းစီပြီး အပေါ်ထပ်မှာ တည်ရှိတဲ့ ဆင်းတုတော်တွေကို တန်းစီလက်အုပ်ချီပြီး ဖူးကြရကာယ်။ ရေးနှစ်ပေါင်းများစွာကတည်းက ထုလုပ်ပူဇော်ခဲ့ကြတဲ့ ဗုဒ္ဓဆင်းတုတော်တွေကို ဖူးမြော်ကြည်ညိုလိုက်ရတဲ့ အချိန်ကစပြီး သားစိတ်ထဲမှာ ကြည်နူးခံစားလိုက်ရတယ်။ ဖေဖေတို့၊ မေမေတို့ကိုလည်း ဖူးစေချင်လိုက်တာ မေမေရယ်…။



**မိမိစည်းစိမ် မပျက်စီးအောင် စောင့်ရှောက်ခြင်း၊ မိမိရာထူး မပျက်စီးအောင် စောင့်ရှောက်ခြင်း။ အေးချမ်းသောစိမ်မြင့်မှုဖြစ်အောင် စောင့်ရှောက်တော်မူသည်။**



www.burmeseclassic.com

www.burmeseclassic.com




မိမိလိုရာကို ဆုတောင်းလျှင် ဆုတောင်းပြည့်လွယ်ခြင်း

သားတို့အဖွဲ့တွေ ရှေးဟောင်းဆင်းတုတော်တွေကို ဖူးမြော်ကြည်ညိုပြီးတော့ ကျောင်းဝင်းတစ်ပတ် လှည့်လည်ကြည့်ရှုခဲ့ကြတယ် မေမေရဲ့။ ကျောင်းဝင်းထဲမှာ ဇမ္ဗူအေးစေတီတော်၊ လောကဥဿျှောင် ထိုင်တော်မူနဲ့ လောကမာန်အောင် ရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်တွေကိုလည်း ဖူးလိုက်ရသေးတယ် မေမေရဲ့…။

ကျောင်းဝင်းထဲမှာ သန့်ရှင်းသပ်ရပ်နေပုံများ မေမေရယ်…ဟိုတယ်ဝင်းကြီးတစ်ခုထဲ ရောက်သွားသလို ခံစားလိုက်ရတယ်။ ကျောင်းဝင်းတစ်ဝင်းလုံးမှာ ကွန်ကရစ်လမ်းတွေ ခင်းထားပေးတယ်။ လမ်းဘေးဝဲယာမှာ အရိပ်ရပင်၊ ပန်းအလှပင်တွေနဲ့ သီးနှံပင်တွေကလည်း ပြည့်လို့။ ၁၅ ပေ×၂၅ ပေ အရွယ်ရှိတဲ့ ခြင်လုံသံဇကာ၊ ရေချိုးခန်း အိမ်သာတွဲလျက် တစ်ထပ်အာရုံစီ တစ်ပါးယောဂီ အဆောင်တွေကလည်း အလုံးပေါင်း ၆၀ ကျော်တယ်။

'အောင်ဇမ္ဗူဗိမာန်' လို့ ခေါ်တဲ့ ဓမ္မာရုံကြီးကလည်း ခံ့ညားသပ်ရပ်ပြီး သစ်လွင်တောက်ပနေတာပဲ။ ဘုရားဖူးဧည့်သည်တွေ နားခိုဖို့ နားနေဆောင်တွေ ဆောက်ထားပေးတယ်။ စတုဒိသာနဲ့လည်း ကျွေးမွေးဧည့်ခံတယ်။ အိမ်သာ




မိမိရဲ့ရန်များကိုလည်း ကာကွယ်ပေးခြင်း။ လာဘ်လာဘနှင့် မြတ်သောဆုကိုလည်း ပေးတော်မူခြင်း

www.burmeseclassic.com



လောကမာန်အောင် ရပ်တော်မူဘုရား



လောကဥသျှောင် ထိုင်တော်မူဘုရား

တွေဆိုရင်လည်း သန့်သန့်ရှင်းရှင်းနဲ့ ဗိုလ်ထိုင်ကော၊ မြန်မာထိုင်ပါ နှစ်မျိုးစလုံးရှိတယ်။ အခုဆိုရင် ရှေးဟောင်းဗုဒ္ဓ ဆင်းတုတော်တွေ ကိန်းဝပ်စံပယ်တော်မူဖို့ ငါးထပ် အာရုံစီ ဂန္ဓကုဋီ အဆောက်အဦ လုပ်နေတာ လုပ်ငန်း ၅၀ ရာခိုင်နှုန်းကျော်တောင် ပြီးနေပြီ မေမေရဲ့။

အဆောက်အဦတွေ ဆောက်လုပ်ထားပုံကလည်း စနစ်ကျမှကျ။ ကုန်းမြင့်ပေါ်မှာ စေတီတော်နှင့် ဆင်းတုတော်တွေ တည်ထားလို့ တစ်ဆူကနေ တစ်ဆူကို ဖူးမြော်ကြည့်လိုက်ရင် မျက်နှာချင်းဆိုင် ဖူးတွေ့ရပြီး တစ်ဆူနဲ့ တစ်ဆူ နီးနီးလေးလို့ ထင်မှတ်ခံစားရတယ်။

တောင်အောက်မှာရှိတဲ့ တစ်ပါးယောဂီဆောင်နဲ့ အခြားသာသနိက အဆောက်အဦတွေဆိုရင်လည်း သူ့နေရာနဲ့သူ တစ်ဆင့်ချင်း၊ တစ်ခုချင်း ညီညီညာညာနဲ့ မြင်တွေ့လိုက်ရတော့ တောထဲ တောင်ထဲမှာ အဆင့်မြင့်မြင့် တည်ဆောက်ထားတဲ့ အဆင့်မြင့် ဟိုတယ်ထဲ ရောက်သွားသလိုပဲ မေမေရယ်။ ကြည်နူးသာယာလိုက်တာ။

ဘုရားဖူးဖို့ တန်းစီစောင့်ရတာ တစ်နာရီကျော်ကျော် ကြာပေမယ့် ဘုရားဖူးပြီး ကျောင်းဝင်းတစ်ပတ် လိုက်ကြည့်လိုက်တာနဲ့ အပူအားလုံး ငြိမ်းသွားသလိုပဲ မေမေရယ်။ သားတို့တစ်တွေ နားခိုဆောင်မှာ ထိုင်နားနေကြတုန်း ကားဆရာက ပြောတယ်။ အောင်ဇမ္ဗူဆရာတော်ရဲ့ကျောင်းက သားတို့ မော်လမြိုင်မှာလည်း ရှိသေးတယ်တဲ့။ ဘယ်မှာ ရှိတာလဲဟင်"

www.burmeseclassic.com

သားဖြစ်သူက သူ၏ဘုရားဖူး အတွေ့အကြုံကို ရှည်လျားစွာ ပြောပြပြီး နိဂုံးချုပ်တွင် မေးခွန်းဖြင့် အဆုံးသတ်လိုက်သောကြောင့် ကျွန်မလည်း ပြည့်ပြည့်စုံစုံ ဖြေကြားပေးလိုက်ရသည်။

"အောင်ဇမ္ဗူဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသဟာ ၄-၁-၁၉၉၆ ရက်နေ့ကစပြီး မော်လမြိုင်မြို့၊ သီရိမြိုင်ရပ်ကွက်၊ သီဟလမ်းမှာ အောင်ဇမ္ဗူကျောင်းတိုက် ဓမ္မရိပ်သာရဲ့ ပဓာနနာယက ဆရာတော်အဖြစ်နဲ့ စတင်သီတင်းသုံးတော်မူခဲ့တယ်။

ဆရာတော်ရဲ့ ထက်သန်တဲ့ စေတနာ၊ ဖွဲ၊ လုံ့လ၊ ဝီရိယ၊ သမ္မာဝါတွေကြောင့် အောင်ဇမ္ဗူဓမ္မရိပ်သာ ကျောင်းတိုက်ဟာ တစ်စစ စည်ပင်ဖွံ့ဖြိုး တိုးတက်လာခဲ့သလို ကျောင်းတိုက် တည်ရှိရာ သီရိမြိုင်ရပ်ကွက်ဆိုရင်လည်း တစ်ချိန်က နာမည်ဆိုးနဲ့ ကျော်ကြားခဲ့ပေမယ့် အခုဆိုရင် ကောင်းသတင်းတွေနဲ့ ကျော်ကြားနေပြီ သားရဲ့။ ဒါဟာ ဆရာ/ဒကာ ညီညာစွာနဲ့ သာသနာအကျိုး၊ လောကကောင်းကျိုးတွေကို စုပေါင်းဆောင်ရွက်ခဲ့ကြလို့ပဲပေါ့။

ဒီလိုနဲ့ ဆရာတော်ရဲ့ သာသနာပြုလုပ်ငန်းတွေကို ချီးမြှောက် ပါရမီဖြည့်တဲ့အနေနဲ့ မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ သိမ်ကုန်းလမ်းနေ ဦးဟုတ်ရီ၊ သမီး မသက်သက်ခွန် မိသားစုက မြေကွက်လှူဒါန်းပေးခဲ့လို့ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရေပြာကျေးရွာမှာ အောင်ဇမ္ဗူတောရဓမ္မရိပ်သာ အမည်နဲ့ တောရကျောင်းကို ၂၀၁၀ ခုနှစ်မှာ စတင်ထူထောင်ခဲ့တယ်။

တောရကျောင်းရဲ့ သက်တမ်းဟာ ငါးနှစ်လောက်သာ ကြာမြင့်ခဲ့ပေမယ့် ဖွံ့ဖြိုးတိုးတက်လာတာကလည်း ဆရာတော်ရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တွေအပြင် တပည့်ဒါယကာ၊ ဒါယိကာမတွေရဲ့ ထက်သန်သော သဒ္ဓါ ဖွေးဖြူ အလှူပေးလှူကာ ပါရမီဖြည့်ပေးခဲ့လို့ပေါ့ သားရဲ့။

ဒီကြားထဲ အမြဲတော်ရှိရာ အမြဲတောစုဆိုတဲ့ စကားကို ဂျပန်လူမျိုး ဘုရားဒါယကာကြီး ကာစူးသူကီကူမာနို ဝင့်ဆောင်လှူဒါန်းထားတဲ့ ခေတ်ခုနှစ်ဆက်က ရှေးဟောင်း ဗုဒ္ဓဆင်းတုတော်တွေရဲ့ တန်ခိုးရှိန်ဖော်အာနုဘော် ဂုဏ်တော်တွေကြောင့် မြန်မာပြည် အနယ်နယ် အရပ်ရပ်က ဘုရားဖူး ရဟန်းရှင် ပြည်သူတွေသာမက ကမ္ဘာအနှံ့က နိုင်ငံခြားခရီးသွားဧည့်သည်တွေတောင် ဘုရားလာဖူးကြ၊ လေ့လာကြနဲ့ နေ့စဉ် စည်ကားနေတာလေ။ ဒါတင် ဘယ်ကမလဲ သားရယ်။ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာဆိုတဲ့ ရတနာသုံးပါးကို ရည်မျှော်ပူဇော်တဲ့ ကုသိုလ်တော်တွေကိုလည်း နေ့စဉ် ပြုလုပ်ပြီး ပြည်တွင်း/ပြည်ပ သာသနာပြုလုပ်ငန်းတွေကို စွမ်းစွမ်းတမံ ဆောင်ရွက်နေလို့ ဆရာတော်ရဲ့ သာသနာပြုလုပ်ငန်းတွေကို အားပေးချီးမြှောက် အသိအမှတ်ပြုတဲ့အနေနဲ့ နိုင်ငံတော်အစိုးရက အောင်ဇမ္ဗူဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသ ဆရာတော်ကို (မဟာသဒ္ဓမ္မ ဇောတိကဓဇ)ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ပူဇော်ခဲ့တာပေါ့ သားရဲ့။

အခုဆိုရင် ရှေးဟောင်းဗုဒ္ဓဆင်းတုတော်တွေကို တစ်စုတစ်ဝေးတည်း ဖူးမြော်ကြည်ညိုချင်ကြတဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေ တစ်နေ့တခြား တိုးပွားလာလို့ အနယ်နယ်အရပ်ရပ်က ဘုရားဖူးလုပ်ငန်းအဖွဲ့တွေက "ဂျပန်ဘုရားဖူး" ဆိုတဲ့ အမည်နဲ့ ခရီးစဉ်ကို ရေးဆွဲပြီး နေ့စဉ် သွားရောက်ဖူးမြော်နေကြတာပေါ့ သားရဲ့"

"မေမေပြောပြလို့ ဆရာတော်ရဲ့ သာသနာပြုလုပ်ငန်းတွေကို စုံစုံလင်လင် သိခွင့်ရလိုက်လို့ ဆရာတော်ရဲ့ လုပ်ရပ်ကို သာဓုအကြိမ်ကြိမ် ခေါ်ပါတယ်၊ မေမေ့ကိုလည်း ကျေးဇူးတင်ပါတယ် မေမေ၊ သာဓု...သာဓု...သာဓု"

သားဖြစ်သူ အပြောနှင့် လုပ်ရပ်ကြောင့် သားဖြစ်သူနှင့်အတူ သာဓုခေါ်မိရင်း ဆရာတော်၏ သာသနာပြုလုပ်ငန်းနှင့် သီလသမာဓိပညာအား အကြိမ်ကြိမ် ရှိခိုးဦးခိုက် ပူဇော်နေမိပါတော့သည်။

---

**မြတ်မြတ်မိုး**




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အစားအသောက် ပေါ်များကြွယ်ဝစေသည့် စာတော်ပွဲ

# ကျေးဇူးတော်နေ့

**ချစ်ဖွယ်(တောင်ငူ)**

ကျွန်တော်သည် ဘဝတွင် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် လှုပ်ရှားကျင်လည်ခဲ့ဖူးသည်ဖြစ်ရာ တစ်ခါသော် ဘဝအစိတ်အပိုင်းတစ်ခုတွင် ဘုန်းတော်ကြီးတစ်ပါး၏ ကပ္ပိယအဖြစ် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ရဖူးပေသည်။

တစ်ခုသော နံနက်စောစော အချိန် ကျွန်တော် ဆောင်းပါးတစ်ပုဒ်ကို အားကြိုးမာန်တက် ရေးသားနေစဉ် –

"ဟော့ . . . ဒကာချစ်ဖွယ်၊ လမ်းဟိုဘက်ခြမ်း အိမ်မြင့်မြင့်ကြီးက ဖွင့်နေတဲ့သီချင်းကို နားထောင်ကြည့်စမ်း။ ဘယ်လောက် ကျက်သရေရှိလိုက်သလဲ" ဟု မိန့်တော်မူပါသည်။ ထိုအခါမှ ကျွန်တော်လည်း ရေးလက်စကို ရပ်တန့်လျက် ပတ်ဝန်းကျင်ကို နားစွင့်မိပါတော့သည်။ ကျွန်တော့် အကြားအာရုံထဲသို့ ပီသ ကြည်မြလှသော အသံဖြင့် စီးမျောလာသည်မှာ မခြားမဟုတ်။ နိုင်ငံကျော် အဆိုတော်တစ်ဦး သီဆိုထားသည့် 'သမ္ဘုဒ္ဓေ' သီချင်းသံပင် ဖြစ်ပါတော့သည်။

"ဘယ့်နှယ် . . . ဒကာလေး



www.burmeseclassic.com

www.burmeseclassic.com

နံနက်စောစော အခုလို သီချင်းသံမျိုး ကြားလိုက်ရတော့ ရင်ထဲမှာ အတိုင်းထက်အလွန် စိတ်ချမ်းသာမှုတွေ ဖြစ်မသွားဘူးလား''

''မှန်ပါ့ အတော့်ကို ကြည်နူးစရာကောင်းလှပါတယ်ဘုရား။ တပည့်တော် အရင်တကည်းက သတိပြုမိပါတယ် ဘုရား။ အဲဒီအိမ်ကြီးက နံနက်စောစော ဖွင့်လေ့ရှိတဲ့ သီချင်းတွေဟာ 'သမ္ဗုဒ္ဓေ'လို၊ 'စိန္တာမဏိ'လို၊ 'အောင်ပါစေ'တို့လို အလွန်ကျက်သရေမင်္ဂလာရှိတဲ့ သီချင်းမျိုးတွေသာ ဖြစ်လေ့ရှိတယ်ဘုရား''

ကျွန်တော့် လျှောက်ထားချက်အဆုံးမှာ ဆရာတော်ကြီးက ယခုကဲ့သို့ အားပါးတရ ပြန်လည်မိန့်ကြားပါသည်။

''မင်္ဂလာယူတယ်ဆိုတာ အဲ့ဒါပဲ။ ဒကာချစ်ဖွယ်။ တချို့များ ဘယ်လောက်မသိသား ဆိုးရွားသလဲဆိုရင် မနက်စောစော မင်္ဂလာယူရမယ့်အချိန် ဘာဆိုနေမှန်း မသဲကွဲတဲ့ ဂိုဂိုဂွမ်ဂွမ် သီချင်းတွေဖွင့်လိုဖွင့်။ ဒကာလေး တစ်သက်လုံးမှတ်ထား။ နေ့တစ်နေ့ရဲ့အစ နံနက်ခင်းအချိန်ဟာ တစ်နေ့လုံးအတွက် အရေးကြီးဆုံးအချိန်ပဲ။ အဲဒီအချိန်လေးမှာ မင်္ဂလာယူတတ်ရင် တစ်နေ့လုံးအတွက် လုပ်သမျှကိုင်သမျှ အားလုံး အဆင်ပြေမှာပဲ။ ဝေးဝေးလံလံမကြည့်နဲ့။ အခု ဒီပတ်ဝန်းကျင်ကလေးမှာပဲကြည့်။ အဲဒီအိမ်မြင့်မြင့်ကြီးဟာ တခြားအိမ်တွေနဲ့ တူသလား။ စီးပွားရေးအကောင်းဆုံး တွေ့ရမြင်ရတာကိုက စိတ်ချမ်းသာစရာကောင်းနေတယ်။ ဟုတ်တယ် မဟုတ်လား''

''မှန်လှပါဘုရား''

''ဒကာချစ်ဖွယ် အားတဲ့တစ်ရက် အဲဒီအိမ်ကို ဘုန်းကြီးခေါ်သွားမယ်။ အိမ်ထဲရောက်သွားရင် ဒီထက်ပိုပြီး စိတ်ချမ်းသာစရာတွေ တွေ့ရမယ်။ အတုယူလိုက်နာစရာတွေလည်း တွေ့ရမယ်''

''မှန်လှပါဘုရား''

''တရားတော်နဲ့ ဆိုင်ချင်မှ ဆိုင်လိမ့်မယ်။ သို့သော်လည်း ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းအဏ် ခံရမယ်ဆိုတဲ့ တရားတော်က အထင်အရှားရှိပြီးသားပဲ။ ဒကာချစ်ဖွယ် ကြုံကြိုက်တုန်း အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်းဆိုတာတွေအကြောင်း ဘုန်းကြီး နည်းနည်းပြောပြမယ်။ သေသေချာချာမှတ်ထား ဒကာလေး''

''မှန်လှပါ မိန့်တော်မူပါ ဘုရား''

''တတိယမြန်မာနိုင်ငံကို ထူထောင်ခဲ့တဲ့ အလောင်းမင်းတရားကြီးရဲ့ ငယ်နာမည်က အောင်ဇေယျတဲ့။ အောင်ဇေယျ ရှင်ဘုရင်ဖြစ်ခါနီးမှာ အတိတ်တစ်ခု ပေါ်လာတယ်။ အဲဒီအတိတ်ကတော့ နမောတဿဆိုတဲ့ အစစကားလုံးတွေကို 'အောင်ဇေယျတု သဗ္ဗမင်္ဂလံ'ဆိုတဲ့ စကားလုံးတွေနဲ့ အစားထိုး ပြင်ဆင်လိုက်တာပါပဲ။ ဒါကြောင့် အောင်ဇေယျအမည်ရှိတဲ့ ပုဂ္ဂိုလ်၊ ရှင်ဘုရင်ဖြစ်မယ့် အတိတ်ဆိုပြီး ကောက်ယူကြတယ်။ တကယ်လည်း အောင်ဇေယျဟာ အလောင်းမင်းတရားကြီးအဖြစ် ရာဇဝင်မှာ ထင်ရှားခဲ့တယ်လေ''

''အဲဒီလိုပဲ ... အလောင်းမင်းတရားကြီး မွန်တို့ကို လုပ်ကြံစဉ်က ဖောင်တော်ရှေ့ ထန်းပင်လဲကျတာကို 'ထန်း'ဆိုတဲ့ စနေနံ၊ မွန်ကလည်း စနေနံ၊ ဒါကြောင့် စနေနံအလိုပြည့်မယ်လို့ နိမိတ်ကောက်ခဲ့တယ် ...။ တကယ်လည်း အောင်ခဲ့တာပါပဲ။ အဲဒီတော့ ဒကာချစ်ဖွယ်မှတ်ထားဖို့က အတိတ်၊ နိမိတ်၊ တဘောင်ဆိုတာတွေကို လျစ်လျူရှုမထားသင့်ဘူး။ ဘုန်းကြီးတို့ မြန်မာပြည်ကြီးက ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်းမှာ ပါတယ်။ ဇမ္ဗူဒိပ် နိမိတ်ထွန်းဆိုတဲ့ စကားကို ဒကာ ကြားဖူးမှာပါ။ ဒါ့ကြောင့် ... အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း၊ ဘဝေါတွေဟာ ဘုန်းကြီးတို့တိုင်းပြည်မှာ ပိုပြီး သက်ရောက်မှုရှိတယ် ဒကာချစ်ဖွယ်''

□□□

''နေ့အထွက်မှာ ရွှေခွက်နဲ့ ငွေအပြည့်ခပ်ပေးပါ''ဟူသော အဖြူရောင်စာလုံးဝိုင်းဝိုင်းကြီးတွေက အဝင်တံခါးမကြီး အပေါ်မှာလည်းကောင်း၊ ''အောင်ပါစေ သပြေနုခက်ဝေ ရွှေရေချမ်းလောင်းလို့ တောင်းဆုပြုဖြာဝေ'' ဟူသော မင်္ဂလာရှိလှသည့် တေးသံသည်လည်းကောင်း ကျွန်တော်တို့ကို ခံ့ညားစွာ ကြိုဆိုနေပါသည်။ နှုတ်ခမ်းမွေးစစဖြင့် အသက် ၅၀ ဝန်းကျင်ခန့် အသားအရေစိုစို၊ ဥပဓိရုပ်ကောင်းကောင်း ပုဂ္ဂိုလ်ကြီးက ဆရာတော်ကို ပျာပျာသလဲပင် နေရာထိုင်ခင်းပေးပါသည်။ ထိုပုဂ္ဂိုလ်ကြီးမှာ ဤနှစ်ထပ်အိမ်မြင့်ကြီး၏ အရှင်သခင် 'ဦးအောင်ချမ်းသာ'ဆိုသော ပုဂ္ဂိုလ်ကြီးပေတည်း။

''ကိစ္စအထွေအထူးတော့ မရှိ



www.burmeseclassic.com

www.burmeseclassic.com

ပါဘူး ဒကာကြီး အောင်ချမ်းသာ၊ ဟောဒီဘုန်းကြီးရဲ့ ကပ္ပိယက ဒကာကြီးနဲ့လည်း တွေ့ချင်တယ်ဆိုတာနဲ့ လာပို့တာပါ။ သူက စာတိုပေစလေးတွေလည်း ရေးပါတယ်"

"မှန်လှပါ ဘုရား"

ဘုန်းကြီးက မိတ်ဆက်ပေးသဖြင့် ကျွန်တော်က –

"ဦးရဲ့အိမ်ပေါ်ကို ရောက်တာနဲ့ တစ်ပြိုင်နက် ကျွန်တော် ထူးထူးခြားခြား ခံစားလိုက်ရတာက စိတ်ထဲမှာ အေးငြိမ်းချမ်းသွားတာပါပဲခင်ဗျား။ နောက်ပြီး နံရံပေါ် ချိတ်ဆွဲထားတဲ့ ရုပ်ပုံတွေ၊ စာ[illegible]န်းတွေ၊ အပြင်အဆင် အထားအသိုတွေကလည်း ကျွန်တော့်အတွက် အတော့်ကို စိတ်ဝင်စားစရာ ကောင်းလှပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း လောကီရေးရာ ဆောင်ရွက်မှုတွေကို စိတ်ဝင်တစား လေ့လာနေတဲ့သူတစ်ဦးပါ။ ဒါကြောင့် ဦးထံမှာ ချိတ်ထားတဲ့ ပျားစွဲသော မှတ်ဆိတ်တို့လို ဆိတ်ရေချိုး ဆေးရိုးမီးလှုံတို့လို စိုင်ကော်လို ချိုပေါ်ရောက်တို့လို ဓာတ်ပန်းချီလို့ခေါ်တဲ့ ရုပ်ပုံကားချပ်တွေ အကြောင်း ကျွန်တော်ကောင်းကောင်း လေ့လာဖူးပါတယ်။ ဒါပေမယ့် ဦးရဲ့ အခန်းမှာ နိုင်ငံခြားကလာတဲ့ သစ်သီးဝလံပိုစတာကြီးလို အစားအသောက်မျိုးစုံကို စားချင်စဖွယ် ပြင်ဆင်ထားတဲ့ ပိုစတာကြီးမျိုးတွေ အတော်များများ ချိပ်ဆွဲထားတာကိုလည်း တွေ့ရပါတယ်။ အဲဒီပိုစတာကြီးတွေက ဘယ်လိုကောင်းကျိုးပြုနိုင်တယ်ဆိုတာလေး တစ်ဆိတ်ကျေးဇူးပြုပြီး ရှင်းပြပေးပါလားခင်ဗျာ"

ရှည်လျားလှသော ကျွန်တော့် မေးခွန်းအဆုံးမှာ ဦးအောင်ချမ်းသာက ကျေကျေနပ်နပ် ပြုံးနေပါသည်။ ထိုသို့ နှစ်လိုဖွယ် ပြုံးလိုက်သည့်အခါ ပုဂ္ဂိုလ်ကြီး၏မျက်နှာသည် အထူးပင် ကျက်သရေရှိလှပါသည်။

"ကောင်းပါပြီ မောင်ရင်။ ဒါဆိုရင် ဦးနဲ့ ခဏလိုက်ခဲ့ပါ"

ပုဂ္ဂိုလ်ကြီးက အခန်းအချို့ကို ဖြတ်၍ အိမ်အတွင်း တစ်နေရာသို့ ခေါ်သွားပါသည်။ ကျွန်တော့်ကိုခေါ်သွားသောနေရာသည် ထမင်းစားခန်း ဖြစ်ကြောင်း၊ အခန်း၏ ပြင်ဆင်ထားသိုမှုများအရ သိရပါသည်။ ထမင်းစားစားပွဲနောက်ရှိ နံရံပေါ်မှ ပိုစတာကားချပ်ကြီးကိုကြည့်ရင်း ကျွန်တော် အံ့ဩမှင်တက်သွားပါသည်။ ပိုစတာတစ်ခုတည်းနှင့် နံရံတစ်ခုလုံး ပြည့်လုမခန်း ရှိပါသည်။ မျက်စိကို အေးမြစေလျက် စိမ်းစိမ်းစိုစိုနှင့် စားချင်စဖွယ်ရှိလှသော အသီးအနှံပေါင်းစုံသည် ထိုပိုစတာကားချပ်ကြီးထဲတွင် အပြည့်အစုံ ရှိနေသည်။ အဆိုပါ ပိုစတာကားချပ်မျိုးကို လမ်းဘေး ပိုစတာရောင်းသူများထံတွင်လည်း ကျွန်တော် မကြာမကြာ တွေ့ဖူးပါသည်။

"မယုံမရှိနဲ့ မောင်ရင်ရေ။ အဲဒီလို အသီးအနှံစားသောက်ဖွယ်ရာတွေပါတဲ့ ပိုစတာကို အခုလို ထမင်းစားခန်းမှာ ကပ်ထားတာဟာ အထိရောက်ဆုံးပဲဆိုတာ ဦးကတော့ ကိုယ်တွေ့ပဲလေ"

"ဘယ်လို ထိရောက်မှုမျိုးပါလဲ ခင်ဗျာ"

"တစ်နည်းအားဖြင့် ပြောရရင်တော့ ဒါဟာ ဓာတ်ပန်းချီတစ်မျိုးပဲပေါ့မောင်ရင်။ ထမင်းစားဖို့ ဟောဒီစားပွဲမှာ ထိုင်မိတဲ့အခါတိုင်း အမြဲလို စိတ်ချမ်းသာမှုတွေ ခံစားရစေတယ်။ အစားအသောက်နဲ့ ပတ်သက်လို့ ဘယ်တော့မှစိတ်မဆင်းရဲရဘူး။ အစားအသောက်ပေါ်များစေတဲ့ အတိတ်နိမိတ်ကိုဆောင်တယ်။ အစားကောင်း အသောက်ကောင်း စားရတယ်။ ထပ်ပြောရမယ်ဆိုရင် ဒါကို မယုံမရှိပါနဲ့ မောင်ရင်။ ဦးကိုကြည့်ပါ ဘဝတစ်လျှောက် လက်တွေ့ ခံစားရတာတွေကို ပြောပြနေတာပါ"

ထိုနေ့က မြန်မာမှု ရေးရာ အတိတ်၊ နိမိတ်များအကြောင်းနှင့် ပတ်သက်၍ ဦးအောင်ချမ်းသာနှင့် ကျွန်တော် အတော်ကြာကြာ ဆက်ပြောဖြစ်ကြပါသေးသည်။ ဦးအောင်ချမ်းသာထံမှ လောကီရေးရာကိစ္စများအတွက် အဖိုးထိုက်တန်လှသော ဆောင်ရွက်မှု အတော်များများကိုလည်း မှတ်သားခဲ့ရပါသည်။ ထိုအချက်များထဲမှ အပန်းကြီးလှသော ကိစ္စလည်းမဟုတ်ဘဲ တကယ်လည်း အကျိုးထူးပေးလှသော သစ်သီးဝလံ ပိုစတာပုံကြီး ထမင်းစားခန်းမှာ ကပ်ထားခြင်းကိုလည်း ကျွန်တော်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ဦးအောင်ချမ်းသာ ပြောကြားခဲ့သလိုပင် အစားအသောက်နှင့်ပတ်သက်၍ ကျွန်တော် ဘယ်တုန်းက စိတ်မဆင်းရဲခဲ့ရပါ။ သို့အတွက် ယုံကြည်သူများ ဆောင်ရွက်ကြည့်ကြပါဟူ၍သာ ဤဆောင်းပါးဖြင့် တိုက်တွန်းရေးသား လိုက်ရပါကြောင်း ...။

ချစ်ဖွယ်(တောင်ငူ)



www.burmeseclassic.com

www.burmeseclassic.com

# လာဘ်မတိတ်စေတဲ့ အဆောင်

## မင်းသိင်္ခ



တစ်နေ့သ၌ ကျွန်ုပ်ထံသို့ အယ်ဒီတာ မောင်မောင်မြင့်အေး ရောက်လာပြီးလျှင် ကျွန်ုပ်အား…

“ဆရာရေ…အခု တလော အိမ်မှာ လာဘ်တိတ်သလိုပဲ၊ ပိုက်ဆံ သိပ်မဝင်ဘူး ဆရာရေ့၊ လာဘ်ပွင့်တဲ့ နည်းလေးဘာလေး ပေးစမ်းပါဦး”

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က…

“ဒီလိုရှိတယ် မောင်မောင်မြင့်အေးရဲ့၊ လခစားသမားတွေကတော့ လာဘ်ပွင့်တယ်၊ လာဘ်တိတ်တယ် မရှိဘူး၊ မင်းတို့ ငါတို့လို လူတွေကတော့ လခစားသမားနဲ့ မတူဘူးကွ၊ တစ်လလုံးမှာ ဆက်တိုက်ရချင်လည်း ရနေတာ၊ တစ်ခါတလေ တစ်ရက်တည်းရပြီး နှစ်ဆယ့်ကိုးရက်လောက် မရတဲ့နေ့တွေလည်း ရှိတာပေါ့ကွာ၊ တစ်လမှာ ငွေဝင်တဲ့ရက်ကများပြီး မဝင်တဲ့ရက်ကနည်းရင် တို့အတွက် ဟန်တာပဲ၊ မဝင်တဲ့ရက်က များရင် အဲဒီလ အကြွေးတင်တော့တာပဲပေါ့၊ မဝင်တဲ့ ကွက်လပ်ရက်တွေအတွက် အကြွေးနဲ့ ဖြည့်ရတာကိုးကွ”

ဟု ပြောလိုက်ရာ မောင်မောင်မြင့်အေးက…

“အခု ဆရာပြောသလိုဖြစ်နေတာ၊ မဝင်တဲ့ရက်က များနေတာ၊ အဲဒါကြောင့် ဆရာ့ဆီလာပြီး နည်းလမ်းကောင်း ဘာလေး တောင်းရတာပေါ့”



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလေ၏။

"ဒါက ဒီလိုရှိတယ် မောင်မောင်မြင့်အေးရေ... သုံးတဲ့စွဲတဲ့နေရာမှာ သတိဝီရိယရှိဖို့ လိုတယ်ကွ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ မောင်မောင်မြင့်အေးက...

"ကျွန်တော်က အသုံးအစွဲ မကြမ်းပါဘူး ဆရာရယ်၊ ပြီးတော့ ချွေတာလည်း ချွေတာပါတယ်"

ဟု ပြန်၍ပြောလိုက်လေ၏။

"ငါပြောတဲ့ သတိဝီရိယဆိုတာ အဲဒါမျိုး မဟုတ်ဘူးကွ၊ ဥပမာ-မင်း အခုနေ ငွေတစ်ထောင် ရပြီဆိုပါစို့ကွာ၊ မင်း ဘာဝယ်မလဲ"

ဟု ကျွန်ုပ်က ပြန်၍မေးလိုက်ရာ...

"မင်းတို့ ငါတို့ ဗုဒ္ဓဘာသာတွေပဲ၊ တခြားဣဋ္ဌပစ္စည်း မရှာတတ်ရင် ဘုရားဆွမ်းတော်တင်ဖို့ပစ္စည်း၊ ဘုရားပန်း စတာတွေဟာ ဣဋ္ဌပစ္စည်းတွေပေါ့ကွာ၊ ငွေဝင်လာတာနဲ့ အဲဒါတွေ အရင်ဝယ်လိုက်ပေါ့ကွာ၊ အဲဒါတွေ ဝယ်ပြီးရင် ကျန်တဲ့အနိဋ္ဌ ပစ္စည်းတွေ ဝယ်ခွင့်ရှိသွားပြီ၊ ဝယ်ချင်ရာ ဝယ်ပေတော့"

"လိုအပ်ချက်တွေ ရှိတာပေါ့ ဆရာရဲ့၊ အဲဒါတွေ ဝယ်ရမှာပေါ့၊ ဥပမာ ဆရာရယ် အိမ်သာသုံးစက္ကူ ကုန်တော့မယ်၊ အဲဒီစက္ကူ သုံးလိပ်လောက် ဝယ်ရမယ်၊ မီးသွေးလည်း ကုန်နေပြီ၊ မီးသွေးလည်း ဝယ်ရမယ်"

ဟု မောင်မောင်မြင့်အေးက ပြန်၍ပြောလိုက်၏။

"ဒီလိုရှိတယ် မောင်မောင်မြင့်အေးရေ...အိမ်နဲ့ ရာနဲ့ နေတယ်ဆိုတော့ အိမ်အတွက် လိုအပ်တဲ့ပစ္စည်းတွေ ရှိတာပေါ့ကွာ၊ အဲဒီပစ္စည်းတွေကို ကောင်းသောပစ္စည်း၊ မကောင်းသောပစ္စည်း ဆိုသလို ခွဲရမယ်။ ဆန်းဇဗဒင် စကားနဲ့ ပြောရရင် ဣဋ္ဌပစ္စည်း၊ အနိဋ္ဌပစ္စည်းပေါ့ကွာ၊ နံတဲ့ပစ္စည်း၊ မည်းတဲ့ပစ္စည်း၊ မီးရှို့ပစ်ရတဲ့ပစ္စည်း၊ အိမ်သာ၊ ရေချိုးခန်း စတဲ့နေရာတွေမှာ သုံးတဲ့ပစ္စည်းကို အနိဋ္ဌပစ္စည်းလို့ခေါ်တယ်။ စောစောက မင်းပြောတဲ့ အိမ်သာသုံးစက္ကူတို့ မီးသွေးတို့ပေါ့ကွာ၊ ဒါတွေဟာ ဝယ်တော့ ဝယ်ရမယ်၊ အနိဋ္ဌပစ္စည်းလို့တော့ သိရမယ်၊ လာဘ်ဦးလာဘ်ဖျား ပိုက်ဆံကို အနိဋ္ဌပစ္စည်း မဝယ်ရဘူး။ ဥပမာကွာ ငါ စီးကရက် သိပ်ကြိုက်တယ်၊ စီးကရက်ဟာ မီးလောင် ကုန်ဆုံးသွားတဲ့ ပစ္စည်းဆိုတော့ အနိဋ္ဌပစ္စည်းပေါ့။ ငွေကြေး ဝင်လာတာနဲ့ စီးကရက်တော့ ဝယ်ချင်တာပေါ့ကွာ၊ ဒါပေမဲ့ အနိဋ္ဌပစ္စည်းဆိုတော့ မဝယ်ဘူးဟေ့၊ ကောင်းတဲ့ပစ္စည်း ဣဋ္ဌပစ္စည်း ဝယ်ပြီးမှ အနိဋ္ဌပစ္စည်းကို ဝယ်တယ်ကွာ။ အဲဒါလေးကို သတိမထားမိတာနဲ့ ငွေဝင်ပြီးရင် ဆက်တိုက် ဝင်ရမယ့်ငွေဟာ မဝင်ဘဲ ရပ်တန့်သွားတတ်တယ်၊ ငါ ပြောတာ မယုံရင် လုပ်ကြည့်ပါလား"

ဟု ကျွန်ုပ်က ရှင်းပြလိုက်၏။

"ဣဋ္ဌပစ္စည်းဆိုတာ ကျွန်တော် မခွဲတတ်ဘူး ဆရာရဲ့၊ အလွယ်ဆုံး ကျွန်တော့်ကို ပြောပြပါဦး ဆရာရဲ့"

ဟု မောင်မောင်မြင့်အေးက ပြောလေ၏။

"ရှည်ရှည်ဝေးဝေး ခွဲစရာမလိုပါဘူးကွာ၊ မင်းတို့ ငါတို့ ဗုဒ္ဓဘာသာတွေပဲ၊ တခြားဣဋ္ဌပစ္စည်း မရှာတတ်ရင် ဘုရားဆွမ်းတော်တင်ဖို့ပစ္စည်း၊ ဘုရားပန်း စတာတွေဟာ ဣဋ္ဌပစ္စည်းတွေပေါ့ကွာ၊ ငွေဝင်လာတာနဲ့ အဲဒါတွေ အရင် ဝယ်လိုက်ပေါ့ကွာ၊ အဲဒါတွေ ဝယ်ပြီးရင် ကျန်တဲ့အနိဋ္ဌ ပစ္စည်းတွေ ဝယ်ခွင့်ရှိသွားပြီ၊ ဝယ်ချင်ရာ ဝယ်ပေတော့"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် မောင်မောင်မြင့်အေးက...



www.burmeseclassic.com

www.burmeseclassic.com

"စိတ်ချ ဆရာ၊ အဲဒီအတိုင်းလုပ်မယ်၊ ပြီးတော့ လာဘ်ရွှင်တဲ့ အဆောင်လေးဘာလေးလည်း လုပ်ပေးပါဦး ဆရာရဲ့၊ အဆောင်ဆိုလို့ ပြောရဦးမယ် ဆရာရေ့၊ ဆရာက ကျွန်တော့်အတွက်ဆိုပြီး အဆောင်လုပ်ပေး၊ ကျွန်တော်က အိမ်မှာလုပ်ထား၊ ကျွန်တော့်အိမ် လာတဲ့သူက လိုက်ပြီး လုပ်ရော ဆရာရေ၊ အိမ်ကိုလာတာကလည်း လူပေါင်းစုံ ဆရာရေ၊ တချို့က ဗုဒ္ဓဘာသာဝင် မဟုတ်ဘူး၊ အဲဒီလူမျိုးတွေက လိုက်ပြီးလုပ်ချင်ပေမယ့် အခက်အခဲ ရှိနေပြန်ရော။ အဲဒါကြောင့် ကျွန်တော့်ကို လုပ်ပေးတဲ့ အဆောင်ဆိုရင် လူမျိုးမရွေး၊ ဘာသာမရွေး ဆောင်လို့ရမယ့် အဆောင်လုပ်ပေးပါ ဆရာရယ်၊ ဒါမှ သူတို့ လိုက်လုပ်ချင်လည်း လိုက်လုပ်လို့ရကာပေါ့"

ဟု ပြောလေ၏။

"ငါသုံးတဲ့ အဆောင်တစ်မျိုး ရှိတယ်ကွ၊ အရင်တုန်းက လက္ခဏာဆရာ ဇေဒင်ဆရာ လုပ်စားတုန်းက အဲဒီအဆောင်မျိုး လုပ်ပေးဖူးပါတယ်ကွာ၊ အဲဒါကတော့ HORN OF PLENTY ဟွန်းအော့ဖ်ပလန်းတီးလို့ ခေါ်တယ်။ ပေါကြွယ်ဝသော ဦးချိုလို့ အဓိပ္ပာယ်ရတာပေါ့။ ရှေးတုန်းက ဥရောပတိုက်မှာရှိတဲ့ မုဆိုးကြီးတွေဟာ သူတို့ရတဲ့ သားကောင်ရဲ့ ချိုကြီးတွေကို ပစ္စည်းထည့်တဲ့ ပုံးကြီးတွေ အဖြစ် အသုံးပြုလေ့ရှိတယ်။ အဲဒါတွေ ဥရောပတိုက်မှာ ရှိတဲ့ လောကီပညာဆရာတွေက အဲဒီချိုကြီးတွေထဲမှာ သီးနှံတွေ၊ ငွေတွေ ထည့်ပြီး အစီအရင်အဖြစ် လုပ်ကြတယ်။ အစီအရင်ဆိုတာလည်း အခြားဟာ မဟုတ်ပါဘူး။ လာဘ်ရွှင်တဲ့ အစီအရင်ပေါ့ကွာ။ အဲဒီအစီအရင်ဟာ ဘယ်လောက်စွမ်းသလဲဆိုရင် တကယ့်ဦးချိုနဲ့ တကယ့်ပစ္စည်းတွေ ထည့်ထားတာ မပြောပြလို့ အဲဒီပုံကို နံရံမှာ ချိတ်ဆွဲထားရင်တောင် လာဘ်ရွှင်တယ်ကွာ၊ ဥရောပတိုက်မှာ အဲဒီပုံတွေ တော်တော်များများ ချိတ်ထားလေ့ရှိတယ်၊ ဒီမှာလည်း အတော်များများ ငါသုံးဖူးပါတယ်ကွာ၊ ဇေဒင်လက္ခဏာဆရာ လုပ်တုန်းက အဲဒီပုံမျိုးတွေ ငါလုပ်ပေးဖူး ပေါင်းများပြီ၊ သုံးတဲ့လူတွေကလည်း အကျိုးရှိတယ်လို့ ပြောကြပါတယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ မောင်မောင်မြင့်အေးက...

"အဲဒီပေါကြွယ်ဝတဲ့ အဆောင်နဲ့ ပတ်သက်လို့ အထောက်အထားစာအုပ်ရော ရှိမလား ဆရာ"

ဟု မေးလိုက်လေ၏။

"ရှိပါတယ်ကွာ၊ တချို့အဘိဓာန်ကဆိုရင် အဲဒါကို CORNUCOPIA လို့ ပြတယ်ကွာ၊ အဓိပ္ပာယ်ကတော့ ဒါပါပဲကွာ၊ စောင်းဆိတ်ချိုထဲမှာ ဖွံ့ဖြိုးနေတဲ့ သီးနှံတွေ ထည့်ထားပုံကို ပြတာပါပဲ။ အနီးဆုံး အဘိဓာန်တစ်ခုကို ညွှန်းမယ်၊ ရီးဒါးဒိုင်ဂျက် စွယ်စုံအဘိဓာန် အတွဲ-၁၊ စာမျက်နှာ ၂၀၄ မှာ ပုံနဲ့တကွ ဖော်ပြထားတာကို မင်းတွေ့ရပါလိမ့်မယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ မောင်မောင်မြင့်အေးက...

"ကျွန်တော့်လည်း တစ်ပုံလောက် ဆွဲပေးစမ်းပါ"

ဟု ပြောလေ၏။

"ဒီလို အရမ်းဆွဲလို့တော့ မကောင်းဘူးကွ၊ ဂြိုဟ်သွားပြက္ခဒိန်မှာ မွန်းနဲ့ ဂျူပီတာ ပူးယှဉ်တဲ့နေ့မှာ ပန်းချီဆရာကို ဆွဲခိုင်းမယ်ကွာ၊ ပြီးတော့ မင်းတစ်ယောက်တည်း မသုံးနဲ့၊ ရောင်ပြန်မဂ္ဂဇင်းမှာ ဖော်ပြကွာ။ မင်းတို့ ငါတို့လို ဝင်ငွေ ပုံမှန်မရှိတဲ့ လူတွေအတွက် အားကိုးအားထား ဖြစ်ပါစေကွာ"

သဗ္ဗေသတ္တာ ကမ္မဿကာ
မင်းသိင်္ခ



www.burmeseclassic.com

www.burmeseclassic.com

# အောင်ဝိဇေယျမန္တနာဂါထာ

■ အောင်ကျည်ထွန်း

ဝါတံ ဝဿဠ ပါသာဏံ၊
အာဝုဓံ၊ ဝါဠျကံ တထာ။
ကုက္ကုဠံ ကလလဂါရံ၊
အန္ဓကာရဥ္စမေ နဝ။
သတ္တေမာရေန ဝိဿဋ္ဌေ၊
ဝိဇယန္တံဇိနံ နမေ။
အဟာမ္ဗိ တေနပုညေန၊
ဝိဇေယျံ သဗ္ဗမာယုဓေ။

ဝါတံ = လောကထွတ်ထား တို့တုရားလျှင် ငါးပါးမာရ်ချိုး ပလ္လင်ဖွေ့၌ စံနေခိုက်ခါ မာရ်နတ်လာလျက် စက္ကဝါတိုက်တောင်နှင့်ရိုက်၍ ပန်းပိုက်မြူစ သေးဖွဲ့နှန့်သို့ မှုန့်မှုန့်ညက်ကြေပျက်စေဟု စေတနာဆိုး ပြုဖန်ပျိုးသား မိုးရိပ်သိမ့်ဟည်းမြည်ကြီးသုံ့တင် သစ်ပင်ကျောက်တုံး အိမ်အလုံးကို မြေမှုန်းမြင်ပိုင်း ရှစ်ရပ်တိုင်းမှ အုံ့မှိုင်းလေဆိုး မုန်တိုင်းမျိုးကိုလည်းကောင်း။

ဝဿဠ = အဟုန်ဒီးဒီး စီးကျသွယ်သွယ် ရေပြင်ကျယ်၌ မိုဖွယ်ကင်းမည် သေစိမ့်ရည်၍ တမည့်ပြုစား ထန်းလုံးများနှင့် တောင်ဖျားမျှခေါင် အမြင့်ဆောင်သား ရှစ်တောင်ချိပြည့် မောက်လျှမ်းသည့် မိုးကြမ်းရေဆိုး လက်နက်မျိုးကိုလည်းကောင်း။

ပါသာဏံ = ကျောက်ဖြင့်ကြိတ်လျက် မှုန့်မှုန့်ညက်ချင် အိပ်စက်စေရန် တစ်မည်ဖန်၍ နဘံမိုးလုံး ထစ်ချုန်းမြည်ညံ တိုက်ခတ်သံနှင့် အလုံ့ဖြိုးဖြိုး ကျောက်ခဲ၊ ကျောက်တုံး မိုးကိုလည်းကောင်း။

အာဝုဓံ = အသွေးတခြား အသားတစ်ထွေ အရေတစ်မျိုး အရိုးတစ်ဂိုဏ်း တိုးခုတ်ပိုင်း၍ မဆိုင်းသေရန် ပြုစီမံသား အလုံ့ပြိုးပြက် မိုးလုံးလက်အောင် တစ်ဖက်အသွားနှစ်ဖက်သွားဟု လုံ့ဓားစသည့် အမည်မည်လျှင် စုံစီဖန်ပျိုး လက်နက်မျိုးကိုလည်းကောင်း။

ဝါဠျကံတထာ= ထွက်လေဝင်လေ နှစ်ထွေမရှိ သဲဖြင့်ပိ၍ မချိသေအောင် ပြုဆောင်ဖန်ပျိုး သဲထုမိုးကိုလည်းကောင်း။

ကုက္ကုဠံ = တစိမ့်စိမ့်မှ သေအောင်ဟူ၍ သူအကြံ ပျိုးပြားမှ မိုးကိုလည်းကောင်း။

ကလလံ = ကျိုက်ကျိုက်ပွက်ဆူ အပူအခိုး ရွှံ့ညွန်မိုးကိုလည်းကောင်း။

အင်္ဂါရံ = တစ်ခဲလာချင်း အပြင်းပူလောင် သေအောင်ဖန်ပျိုး မီးကျီးမိုးကိုလည်းကောင်း။

အန္ဓကာရံ = ကြည့်သော်မစွမ်း စမ်းသော်မထင် ကြောက်စိတ်ဝင်၍ အလျင်သေရန် သဏ္ဍာန်ပြုဆောင် အမိုက်မှောင်ကိုလည်းကောင်း။

ဣတိ = ဤသို့၊ မာရေန = ဝိဿဋ္ဌေ၊ မာရ်နတ်မိစ္ဆာ အယုတ်တမာလျှင် ကြိမ်းကာဆင့်ဆင့် ပစ်လွှင့်အပ်ကုန်သော၊ ဣမေနဝသတ္တေ = လေမိုးကျောက်သဲ၊ ညွန်မီးခဲနှင့် ပြာမွဲမိုက်မှောင် ပြောင်ပြောင်လက်နက် ရောင်ပြိုးပြက်ဟု ကိုးချက်ရန်စွယ် လက်နက်မျိုးအန္တရာယ်တို့ကို၊ ဝိဇယန္တံ = မိုလ်ပါအပေါင်း သောင်းကုဋေအား ဆောင်နိုင်ဖြားလည်း ရိုက်လား၊ ပုတ်လား အဘအပါးဝယ် ဆိုးရွားဟန်မှု သားငယ်တူသို့ သိတဂူနှန်း ကြည်နူလုံးဖြင့် ပြေလုံးငြိမ့်အောင် သက်သေဆောင်၍ အောင်တော်မူကြီး အောင်တော်မူထသော (ဝါ) အောင်တော်မူသောကြောင့်၊ ဇိနံ = ဇိနဟူသည် အမည်တံဆိပ် ဘွဲ့ပုံလိပ်ဖြင့် ခတ်နှိပ်ပေါ်ထင် အောင်ပွဲရှင် မြတ်စွာဘုရားကို၊ နမာနမာမိ = ကိုယ်နှုတ်နှလုံး သုံးပါးပျော့ပျောင်း မာန်ကိုလျှော့၍ ကန်တော့ရှိခိုးပါ၏ မြတ်စွာဘုရား။ အဟာမ္ဗိ = စာရေ

www.burmeseclassic.com

သမ္မုတ္တာန်ပြုလုပ်ဖန်သည့် ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်သည်လည်း။ တေနပုညေန= လက်နက်မျိုးကို ဖျက်ချိုးနှိမ်ခွး ဂုဏ်ကျေးဇူးဖြင့် ချီးကျူးဝန္ဒနာ စေတနာပဲထာမ မြတ်ပုညကြောင့်၊ သဗ္ဗမာယုဓေ= သေနတ်လေးမြား လှံဓားမီးပေါက် အမြောက်စိန်ပုံး ခြေမှုန်းခွင်းဖြတ် အကျဉ်းမှတ်သော် လွတ်အပ် မလွတ်အပ် နစ်ရပ်ကျုံးခြုံ၊ အလုံးစုံသော လက်နက်မျိုးတို့ကို၊ ဝိဓေယျံ = ယနေ့ကာစ နိဗ္ဗာန်ရသည့် ကာလတစ်ခွင် သံသရာပြင်ဝယ် မမြင်ရမကြားရ အဝေးကပင် အောင်ရနိုင်ရ အောင်နိုင်ရသည့် ကိုယ်ဖြစ်ပါလို၏ မြတ်စွာဘုရား။

အထက်ပါ ဘုရားရှိခိုးဂါထာသည် တောင်တွင်းဆရာတော် ခင်ကြီးဖျော်(ပျော်) စီရင်ရေးသားအပ်သော ဂါထာဖြစ်ပါသည်။ တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီးက ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင် ဒုတိယတွဲ၊ ဒေဝပုတ္တမာရ် (ဝသဝတ္တီမာရ်နတ်)ကို အောင်မြင်တော်မူခန်း၌ တောင်တွင်းဆရာတော် ခင်ကြီးဖျော် ရေးသားစီရင်ခဲ့သည့် လက်နက်ကိုးပါး အောင်ဘုရားရှိခိုးဂါထာကို သီးခြားထည့်သွင်း မှတ်တမ်းတင် ဖော်ပြပါသည်။ ထို့ပြင် သာသနာရေးဦးစီးဌာနမှ ထုတ်ဝေသော စာအုပ်များတွင် "လက်နက်ကိုးဖြာ အောင်ဂါထာ"၊ "လက်နက်ကိုးပါး အောင်ဘုရားရှိခိုးဂါထာ" စသည့် အမည်များ ဖြင့်ဖော်ပြထားသည်။ အခြားစာစောင်များ၊ ဘုရားရှိခိုးစာအုပ်များ၌လည်း ဖော်ပြထားကြပါသည်။ ဤဂါထာ၏ အမည်အပြည့်အစုံမှာ "ပဏ္ဏာနာခုသန်နှင့်တကွ မာရ်လက်နက်ကိုးဖြာ အောင်ဇေယျဝန္ဒနာဂါထာ"ဖြစ်ပါသည်။

ဤဂါထာတစ်ပုဒ်လုံး၏ ဖြစ်စဉ်အနက်၌ ဂေါတမမြတ်စွာဘုရားအလောင်းတော် ဗောဓိပင်ရင်း အရှေ့ဘက် ဒေပရာဇိတပလ္လင်၌ ထိုင်တော်မူပြီး "ဘုရားမဖြစ်သမျှ မထတော့"ဟု ဆုံးဖြတ်၍ ဗောဓိမဏ္ဍိုင်ကို ပိုင်ပိုင်ကြီးရရန် လက်တစ်ကမ်းအလိုတွင်ဖြစ်သည်။ ထိုစဉ်က မာရ်နတ်မင်း လာရောက်နှောင့်ယှက်၍ လေမိုး၊ ရေမိုး၊ ကျောက်ခဲမိုး၊ လက်နက်မိုး၊ မီးကျီမီးခဲမိုး၊ ပြာပူမိုး၊ သဲမိုး၊ ရွှံ့ညွန်မိုး၊ အမိုက်မှောင်မိုးတည်းဟူသော လက်နက်ကိုးမျိုးဖြင့် ဂေါတမမြတ်စွာဘုရားအလောင်းအား တိုက်ခိုက်သည်။ သို့သော် မာရ်နတ် မအောင်မြင် ပြိုကွဲပျက်စီးရပြီး ဇိနမာရ်အောင် ဂေါတမမြတ်စွာဘုရားသာလျှင် အောင်မြင်တော်မူပုံကို ဖော်ကျူးထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဤဂါထာ၏ထူးခြားချက်မှာ တောင်တွင်းဆရာတော် ခင်ကြီးဖျော်က "ယနေ့ကာစ နိဗ္ဗာန်ရသည့် ကာလတစ်ခွင် သံသရာပြင်ဝယ် မမြင်ရ၊ မကြားရ အဝေးကပင် အောင်ရနိုင်ရ၊ အောင်နိုင်ရပါလို၏ မြတ်စွာဘုရား"ဟူ၍ ဆုတောင်းထားသည်ကို တွေ့ရှိရပါသည်။ နိဗ္ဗာန်ကာလရသည့်တိုင်အောင် အပြီးအပိုင် အပြတ်ဆုတောင်းထားမှုသည် ထူးခြားလှပါသည်။ ဂေါတမမြတ်စွာဘုရားသည် အောင်ခြင်းရှစ်ပါးကိုလည်း အောင်တော်မူခဲ့ပါသည်။ ဤမာရ်နတ်ကို အောင်မြင်တော်မူခြင်းသည် ဗောဓိမဏ္ဍိုင်ကို မရခင် အချိန်ပိုင်း၌ မာရ်နတ်၏တိုက်ခိုက်မှုကို ခံရခြင်းဖြစ်ရကား အောင်ခြင်းရှစ်ပါးအနက် အကြီးမားဆုံး ပထမဆုံး အောင်ခြင်းတစ်ပါးဖြစ်ပါသည်။ ကျန်အောင်ခြင်းခုနစ်ပါးသည် မြတ်စွာဘုရားအဖြစ်သို့ရောက်ရှိပြီးမှ ရင်ဆိုင်ကြုံတွေ့ရသော အောင်ခြင်းများဖြစ်ပါသည်။

ကျွန်တော်သည် ဤအောင်ဇေယျဝန္ဒနာ ဘုရားရှိခိုးဂါထာကို နေ့စဉ်ရှိခိုးပူဇော်ခဲ့သည်မှာ ယနေ့ဆိုလျှင် နှစ်ပေါင်း ၃၈ နှစ်ခန့် ရှိပါပြီ။ ကျွန်တော်သည် ရန်ကုန်တက္ကသိုလ်မှ ကျောင်းပြီးသည့်အခါ စစ်မှုထမ်းဘဝ ရောက်ခဲ့ပါသည်။ ရေတန်းသို့မသွားမီ ခွင့်ရသဖြင့် ကျွန်တော့်ဇာတိမြို့သို့ ခေတ္တပြန်ပါသည်။ ကျွန်တော်၏မှဆိုးမမိခင်အား ကန်တော့ပါသည်။ ထို့ပြင် အစ်ကိုကြီးတော့ အဖအရာ ဆိုသည့်အတိုင်း ကျွန်တော်၏ အစ်ကိုအကြီးဆုံးဖြစ်သူ ဦးမောင်မောင်သန်း(ကွယ်လွန်)အားလည်း ကန်တော့ပါသည်။ ဦးမောင်မောင်သန်းက တောင်တွင်းဆရာတော်ခင်ကြီးဖျော် စီရင်ထားသော အောင်ဇေယျဝန္ဒနာ ဘုရားရှိခိုးဂါထာကို ကူးယူထားသော စာရွက်ကို ကျွန်တော့်အားပေးရင်း -

"စစ်မှုထမ်းဘဝဆိုတာ အသက်ကိုစွန့်ရတဲ့အလုပ်ပဲ။ တို့လိုအရပ်သားတွေနဲ့စာရင် အသက်အန္တရာယ်ဖြစ်ဖို့က ပိုများတယ်။ လူဆိုတာ "သေတစ်နေ့ မွေးတစ်နေ့"တဲ့။ ဒီတော့ ရတနာသုံးပါး၊ သရဏဂုံသုံးပါးကိုမြဲဖို့အရေးကြီးတယ်။ မင်းတို့က သေနတ်ကိုင်ပြီး တိုက်ကြရတယ်။ ချင့်ချိန်ပြီးတော့ သွားလာလှုပ်ရှားပေါ့။ ဉာဏ်နှင့်ယှဉ်ပြီး သတိအမြဲတမ်းထားပေါ့။ မင်းတို့က တရားသောစစ်ကို ဆင်နွှဲနေကြတာပါ။ ရှေ့တန်းက စစ်သားတွေမှာ စစ်မထွက်ခင် သရဏဂုံတည်ပြီးမှ ထွက်

www.burmeseclassic.com

လေ့ရှိကြတယ်။ အခု မင်းကိုပေးလိုက်တဲ့ တောင်တွင်းဆရာ ဘော် ခင်ကြီးမျော်ရဲ့ ဘုရားရှိခိုးဂါထာဟာ အင်မတန်မှ အစွမ်းထက်တယ်။ ငါလည်း ဒီဂါထာကို နေ့စဉ် ဘုရားရှိခိုးတိုင်း ရွတ်ဆိုပူဇော်တယ်။ မင်းလည်း အနည်းဆုံး တစ်နေ့ နှစ်ခေါက်လောက် ရွတ်ဆိုရှိခိုးပေါ့ကွာ"ဟူ၍ သေသေချာချာ မှာကြားပြောဆိုပါသည်။

ကျွန်တော်သည် ဤဂါထာကိုရ သည့်အချိန်မှစ၍ ယုံယုံကြည်ကြည်ဖြင့် နေ့စဉ်နံနက်တစ်ကြိမ်၊ ညအိပ်ရာဝင် တစ်ကြိမ် ရှိခိုးပူဇော်ခဲ့ပါသည်။ နောင်တွင် သွားရင်းလာရင်း လုပ်ရှားရင်း အချိန်ရလျှင်ရသလို ရွတ်ဆိုပူဇော်ခဲ့ပါသည်။ ပထမတွင် ပါဠိနှင့်အနက်ကို စာရွက်ကြည့်၍ ဆိုခဲ့ရာ နောင်တွင် ပါဠိရောအနက်ပါ အလွတ်ရလာပါတော့သည်။

## 'ပွဲတွေ့ ကိုယ်တွေ့ ဖြစ်စဉ်အကျဉ်းများ'

၁၉၆၈ ခုနှစ်က ဖြစ်သည်။ ကျွန်တော်သည် ကချင်ပြည်နယ် ဘြိုင်နယ်မြေဒေသတွင် ရှေ့တန်းစစ်ဆင်ရေးတာဝန် ကျပါသည်။ အခက်ခဲဆုံးဒေသဖြစ်ပါသည်။ ရာသီဥတုဆိုးရွားခြင်း၊ အစားအသောက်ရှားပါးခြင်း၊ တောတောင်ထူထပ်ခြင်း၊ လူသူမရှိ ရွာပျက်များသာတွေ့ရခြင်းတို့နှင့် ရင်ဆိုင်ရပါသည်။ ရင်ဆိုင်တိုက်ပွဲထက် တောင်ပေါ် လူသွားလမ်းတွင် မြေမြှုပ်မိုင်းများ ထောင်ထားခြင်းကို ကြုံတွေ့ရပါသည်။ တစ်နေ့မှောင်စပျိုးသောအချိန်တွင် စွန့်ဖောင်းဘွန်ခေါ် ရွာပျက်ကြီး၏အနီးတွင် ကျွန်တော်၏တပ်ခွဲ ညအိပ်စခန်းချပါသည်။ ည ၇ နာရီခန့်တွင် သေနတ်သံများ တစ်တောလုံးဟိန်းသွားပါသည်။ ပထမတွင် ရန်သူလာပစ်သည်ဟု ထင်မိပါသည်။ အမှန်စင်စစ်မှု ညစောင့်ကင်းသမားက အခင်းကြီးသွားပြီး ဖြန့်လာသူ တပ်သားမောင်ဝအား ချဉ်းကပ်လာသူ ရန်သူ အထင်နှင့် မှားယွင်းပစ်ခတ်ခြင်းဖြစ်သည်။ တပ်သားမောင်ဝမှာ ဒဏ်ရာပြင်းထန်ပါသည်။ တပ်သားမောင်ဝအား ရှေးဦးသူနာပြုနည်းဖြင့် ပြုစုထားပြီး နောက်တစ်နေ့နံနက်စောစောတွင် လူနာအား စစ်ကြောင်းဌာနချုပ်ရှိရာသို့ပို့ရန် စီစဉ်ပါသည်။

ထိုညက တစ်ညလုံး ကျွန်တော်သည် အောင်ဖေယျဝန္နာဂါထာကို တတ်နိုင်သလောက် အခေါက်ပေါင်းများစွာ အာရုံပြုခဲ့ပါသည်။ ယင်းလူနာကို သွားပို့စဉ် ရှေ့ပိုင်းတပ်စိတ်အနောက်တွင် ကျွန်တော်ကိုယ်တိုင်လိုက်ပါသည်။ ကျွန်တော့်ရှေ့တွင် ကယားတပ်သားလေး ဒေါရီ ရှိပါသည်။ ပိုင်းတပ်စိတ်၏ နောက်ဆုံးတပ်သားဖြစ်သည်။ လမ်းတွင် အောင်ဖေယျဝန္နာဂါထာကို ကျွန်တော်ရွတ်ဆိုလာပါသည်။ စစ်ကြောင်းဌာနချုပ်ရှိရာ အင်ရော်ကောင်းရွာအနီးသို့မရောက်ခင် ကိုက် ၅၀၀ အကွာခန့်တွင် "ဂျိုင်းခနဲ" မိုင်းတစ်လုံးထပ်ကွဲပါသည်။ ကျွန်တော့်ရှေ့က တပ်သားဒေါရီ အောက်တစ်ပိုင်းပြတ်၍ နေရာတွင်ပင် ကျဆုံးသွားရရှာပါသည်။ ကျွန်တော့်မှာလည်း မျက်နှာယမ်းဟပ်ခံလိုက်ရပါသည်။ ပိုင်းတပ်စိတ်တစ်စိတ်နီးပါး ဤမြေမြှုပ်မိုင်းကို လွတ်သွားပြီးမှ တပ်သားဒေါရီ ထိသွားသည်မှာ လွန်စွာအံ့ဩမိပါသည်။ စစ်ကြောင်းဌာနချုပ်သို့ တပ်သားဒေါရီအလောင်းကို သယ်လာခဲ့ပါသည်။ စစ်ကြောင်းဌာနချုပ်သို့ရောက်၍ မကြာခင်မှာပင် ညက ဒဏ်ရာပြင်းထန်စွာရခဲ့သော မောင်ဝသည်လည်း သေဆုံးသွားပါတော့သည်။ စင်စစ် ကျွန်တော်သည် ခြေပြတ်လက်ပြတ်အဖြစ်မှလည်းကောင်း၊ သို့မဟုတ် ကျဆုံးသွားခြင်းအဖြစ်မှလည်းကောင်း သီသီလေးလွတ်သွားခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ထိုအချိန်မှစ၍ ကျွန်တော်သည် အောင်ဖေယျဝန္နာဂါထာကို စစ်ချီတက်ရင်းဖြစ်စေ၊ နားနေခိုက်ဖြစ်စေ၊ အိပ်စက်ရသောအခါ၌ဖြစ်စေ တွင်တွင်ကြီး မမေ့မလျော့ ရွတ်ဆိုလျက်ရှိပါတော့သည်။

၁၉၇၁/၇၂ ခုနှစ်များက ဖြစ်သည်။ ရှမ်းပြည်နယ် အရှေ့မြောက်ဒေသတွင် ဗကပ(ဗမာပြည်ကွန်မြူနစ်ပါတီ)က စစ်ရေးလှုပ်ရှားမှုများနေသော အချိန်ဖြစ်သည်။ နာမည်ကျော် မုန်းစီးနားလယ် တိုက်ပွဲကြီးအပြီးတွင် ယင်းဒေသ၌ ကျွန်တော် ဆက်လက်ရှေ့တန်းတာဝန် ထမ်းဆောင်ရပါသည်။ တစ်နေ့တွင် နားလယ် ဈေးတောင်ဘက်၊ တောင်ပေါ် ကိုးကန့်ရွာငယ်လေးတစ်ရွာသို့ သွားရောက်၍ အခြားတပ်ရင်းမှ တပ်ခွဲတစ်ခွဲနှင့် နေရာလဲလှယ်ရပါသည်။ ထိုရွာလေး၏ တောင်ကုန်းစွယ်ပေါ်တွင် ၁၀ ပေ၊ ၁၅ ပေပတ်လည်ရှိ ကိုးကန့်လူနေတဲတစ်လုံးရှိပါသည်။ ထိုတဲလေးတွင် အိမ်ရှင်များ မရှိကြပါ။ ကျွန်တော်နှင့် တပ်ရုံးအဖွဲ့တို့ ခေတ္တညအိပ်တည်းခိုကြသည်။ ထိုညက လမိုက်ညဖြစ်သည်။ ထို့အပြင် မိုးလေး



www.burmeseclassic.com

www.burmeseclassic.com

တဖျောက်ဖျောက်ရှာနေသည်။ ကျွန်တော် အိပ်စက်အနားယူသောအခါ ကျွန်တော့်ဘေးတွင်ကပ်လျက် တပ်စုတပ်ကြပ်ကြီးဝင်းမြင့် အိပ်ပါသည်။ ကျွန်တော် အိပ်ရာမဝင်ခင် လှဲလျက် အောင်ဇေယျဝန္တနာဂါထာကို လက်အုပ်ချီ ရွတ်ဆိုအာရုံပြုပါသည်။ ည ၉ နာရီကျော်ခန့်တွင် "ဂျိန်း"ဟူသော အသံ ဟိန်းထွက်လာပါသည်။ ဗကပများက ကျွန်တော်အိပ်သည့်တဲသို့ ချောင်းမြောင်း၍ ၄က်ပျောဖူးလောင်ချာဖြင့် ကိုက် ၅၀ အကွာခန့်က လာရောက်ပစ်ခတ်ခြင်းဖြစ်သည်။ ကျွန်တော်သည် ရုတ်တရက် အော်၍ ထလိုက်သည်။ ကျွန်တော့်ဘေးတွင်အိပ်လျက်ရှိသော တပ်ကြပ်ကြီးဝင်းမြင့်က ရုတ်တရက်မထနိုင်ပါ။ သူ့လည်ပင်းတွင် လောင်ချာယမ်းစထိမှန်၍ သွေးများ ဖြာခနဲထွက်လာသည်။ ကျွန်တော်နှင့်အတူရဲတပ်သားမြင့်ဆွေတို့မှာ ဘာမျှမထိခိုက်ပါ။ ကျွန်တော်တို့တပ်စုရုံးအဖွဲ့ ကံကောင်းသည်မှာ ထိုကိုးကန့်တဲလေးသည် ဝါးပိုးဝါးဖြင့်ဆောက်ထား၍ သက်ငယ်ထူထူ မိုးထားခြင်းကြောင့် လောင်ချာထိပ်ဖူးကျည်ဆန်သည် ဝါးအပေါ်သားဖြင့်ပွတ်၍ တိမ်းချော်သွားခြင်းဖြစ်ပါသည်။

တဲအမိုးတစ်ခြမ်းပါ မီးလောင်သွားသည်။ တပ်ကြပ်ကြီးဝင်းမြင့်မှာ လည်ပင်းပေါက်သွားသော်လည်း ကံကောင်း၍ အသက်မသေပါ။ အောင်ဇေယျဝန္တနာဂါထာ၏ အစွမ်းကြောင့်ပင် ဆိုရမည်လားမသိပါ။

နောက်တစ်ကြိမ် ထပ်ဖြစ်ပါသည်။ ထိုနှစ် မုန်းစီးနားလယ်ခွင်၌ပင် ဖြစ်သည်။ မုန်းစီးနားလယ်တောင်ကုန်းအရှေ့ဘက်တွင် ပေ့ွပေါင်တောင်ကုန်းရှိသည်။ ပေ့ွပေါင်တောင်ကုန်းနှင့် နွားလည်ပို့တောင်ကုန်းအကြား တောင်ကုန်းမြင့်တစ်ခုတွင် ကျွန်တော်တို့အခြေစိုက်စခန်းအဖြစ် နေရာယူထားသည်။ တစ်နေ့ညနေပိုင်းတွင် ထိုနေရာမှ နောင်မွန်၊ ကချင်ရွာသို့ ကျွန်တော်ခေါင်းဆောင်၍ တပ်စိတ်နှစ်စိတ်ဖြင့် တိုက်ကင်းထွက်ရသည်။

ထိုနေ့က စိတ်တွေလေးနေ၍ ချီတက်ရင်း အောင်ဇေယျဝန္တနာဂါထာကို ရွတ်ဆိုလျက်နေပါသည်။ ကျွန်တော်သည် ရှေ့ပိုင့်တပ်စိတ်နောက်မှ ကပ်လျက်လိုက်ပါလာသည်။

ကျွန်တော်၏နောက်မှ ကပ်လျက်လိုက်ပါလာသူမှာ ဒုတိယတပ်စိတ်မှ တပ်စိတ်မှူးဖြစ်သူ ဒုတပ်ကြပ်တင်သန်း (အိုးစည်ဒိုးပတ်အကကောင်းသူ)ပါလာပါသည်။ ထိုရွာသို့ရောက်ခါနီး မကြာခင် "ဂျိန်း"ခနဲပေါက်ကွဲသံကြီး ထွက်လာသည်။ မီးခိုးလုံး၊ ဖုန်လုံးကြီးများ အမြင့် ၁၅ ပေခန့် တက်သွားသည်။ မြေမြှုပ်မိုင်းပေါက်ကွဲခြင်းဖြစ်သည်။ မီးခိုးမှိုင်းလုံးများကြား ဒုတိယတပ်ကြပ်တင်သန်း ညာခြေထောက်တစ်ဖက် ဒူးဆစ်မှပြတ်သွား၍ တအားအားဖြင့်အော်နေသည်။ ကျွန်တော်၏နောက်ကျောဘက် စစ်အင်္ကျီ၊ စစ်ဘောင်းဘီနှင့် စစ်ချပ်ဝတ်တန်ဆာတို့မှာလည်း မီးဟပ်၍ မည်းမှောင်သွားတော့သည်။ ကျွန်တော်၏ဦးထုပ်မှာလည်း အဝေးသို့လွင့်စဉ်သွားသည်။ ရှေ့ပိုင့်တပ်စိတ်တစ်စိတ်လုံး ဤမိုင်းကို မထိကြပါ။ ထို့အတူ ကျွန်တော်လည်း ဤမိုင်းမှလွတ်ခဲ့သည်။ မိုင်းထိခြင်းထိ ကျွန်တော်သာထိရမည်ဖြစ်သော်လည်း ဒုတပ်ကြပ်တင်သန်းကျမှ ပေါက်ကွဲထိမှန်ခဲ့ရသည်။ ထိုနေရာတွင်ပင် ဒုတပ်ကြပ်တင်သန်းသည် သွေးအထွက်လွန်၍ ကျဆုံးသွားရပါသည်။ ဤကား ထိုဒေသ၌ ဒုတိယအကြိမ်အသက်ဘေးမှ ကျွန်တော် သီသီလေးလွတ်မြောက်ခဲ့ရပြန်ပါသည်။

အထက်ပါဖော်ပြခဲ့သောဖြစ်ရပ် ဖြစ်စဉ်အကျဉ်းများအပြင် ၁၉၆၉ ခုနှစ်၊ ပဲခူးရိုးမစစ်ဆင်ရေးနှင့် ကရင်ပြည်နယ်စစ်ဆင်ရေး၊ ၁၉၇၃ ခုနှစ် ရှမ်းပြည်အရှေ့မြောက်ပိုင်းကွတ်ခိုင်ဒေသ စစ်ဆင်ရေးများတို့တွင် ကြုံတွေ့ခဲ့ရသောအန္တရာယ်များတွင်လည်း ဤအောင်ဇေယျဝန္တနာဂါထာကြောင့် လွတ်မြောက်ခဲ့ရမှုများကို စာရည်မည်ဖြစ်၍ ချန်လှပ်ခဲ့ရပါသည်။ အချုပ်အားဖြင့် တင်ပြလိုသည်မှာ ဤအောင်ဇေယျဝန္တနာဂါထာကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် လက်နက်အန္တရာယ်အမျိုးမျိုးမှ လွတ်မြောက်နိုင်ခြင်း၊ သတ္တန္တရကပ်ကို ကျော်လွှန်နိုင်ခြင်း၊ မည်သည့်လက်နက်ဘေးကြောင့်မျှအသက်မသေနိုင်ခြင်းတို့ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ထို့အပြင် ဤဂါထာကို ယုံကြည်အားကိုးစွာ အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ကြမည်ဆိုပါက အခြား စီးပွားရေးအခက်အခဲများ၊ လူမှုရေးအခက်အခဲများ၊ ကျန်းမာရေးအခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း ရဲဝံ့စွာရေးသားတင်ပြအပ်ပါသည်။

(သခ်ဓမ်လာဘ်၊ ပေဟိပေဟိ)

**အောင်ကျော်ထွား**



www.burmeseclassic.com

www.burmeseclassic.com

# ဘဝအမေမှာကို ဖြစ်စေတဲ့
# သရ အဆိုးတွေ

**ဒေါက်တာစောယုနွယ်** Ph.D(Tantra)(Kol-India)Astrologer

တစ်နေ့သဌ ကျွန်မရဲ့ သာယာရွှေပြည်ဟိန်း ဓာတ်ခ ်းလေးထဲကို ကျွန်မရဲ့ သားတပည့်လေးဖြစ်တဲ့ ဆရာလိုုင်ဘွားဦး (ကျိုက္ကဆံဘုရား) က ထမင်းချိုင့်လေး ဆွဲပြီး ကျွန်မဆီလာရောက်ပြီး ကန်တော့ပါတော့တယ်။

သူက အမေရေ အမေစားဖို့ ပဲကြီးလေးကို နှပ်ပြီး ယူလာတယ်။ ထုံးစံအတိုင်းပေါ့ အမေရယ် စားကောင်း အောင် ငရုတ်သီးထောင်းနဲ့ ပဲကုလားဟင်းကို အိမ်က အမျိုးသမီးက ချက်ပေးလိုက်တယ် အမေရယ်လို့ ပြုံးပြုံး ရွှင်ရွှင် ရယ်ရယ်မောမောလေးနဲ့ ပြောရှာတယ်။

"အေးပါ ဆရာလိုုင်ဘွားရယ် မင်းရော မင်း အမျိုး သမီး ရော ငါက ကျေးဇူးတင်ပါတယ်၊ တကယ်ပြောတာကွ မင်းတို့ဆီက ထမင်းချိုင့်လာတဲ့အခါ ငါတော်တော် စားကောင်းတာကွ ငါ တကယ်ပြောတာ မင်းအမျိုးသမီး လောက် ဟင်းချက်ကောင်းတာ ငါ ဒီတစ်သက်မှာ မတွေ့ သေးဘူး" လို့ ပြောလိုက်တဲ့အခါ ဆရာလိုုင်ဘွားဦး က ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး။

အမေကလည်း လုပ်ချလိုက်ပြန်ပြီ၊ အမေ ပြောနေ တာ ကျွန်တော်တို့ မကြာမကြာ ကြားဖူးနေတာပဲ အမေ ထမင်းချိုင့်သွားပို့တဲ့အခါ အဘဆရာကြီး ဒေါက်တာ မင်းသိန်းက . . .

ဟဲ့ စောယုနွယ်ရေ မင်းချက်လာတဲ့ ဝက်သား ဟင်းလေးက ကောင်းလိုက်တာ၊ ရဲယိုရွက်နှင့် ငါးခူကြော် ချက်ထားတဲ့ ငါးခူချက်ကလေးကလည်း ငါ စားလို့ ကောင်း တယ်ဟေ့၊ ငါ့တစ်သက်မှာ ဒီလောက် စားလို့ကောင်းတဲ့ ဝက်သားဟင်းမျိုး၊ ရဲယိုရွက်နှပ်မျိုး မစားဖူးဘူးလို့ မကြာ ခဏပြောပြီး အမေတို့ ချက်လာတာလေးကို ကျေနပ် အောင်၊ ပျော်သွားအောင် ပြောလေ့ရှိတယ်လို့ အမေပြော ဖူးနေတာ ကျွန်တော်တို့ ကြားနေကျပဲလို့ပြောပြီး ကျေနပ် တဲ့အပြုံးလေးနဲ့ရယ်ရယ်မောမော ပြောလိုက်ပါတော့တယ်။

ဆရာလိုုင်ဘွားလည်း ထုံးစံအတိုင်းကလေး နာမည် ပေးတွေ၊ တစ်နှစ်စာဟောစာတမ်းတွေရေး ပြီးတာနှင့် ကျွန်မရဲ့ သာယာရွှေပြည်ဟိန်း ဟောခန်းလေးထဲကို ခုံအဝိုင်းပုလေးချပြီး၊ သူ့ရဲ့သွားလေ ရာပါတဲ့ လွယ်အိတ်ထဲ ကနေပြီးတော့ မှတ်စုစာအုပ်လေးထုတ်ပြီး အမေရေ အမေ ဟိုတစ်နေ့က သင်တဲ့အထဲမှာ မြန်မာလူမျိုးတွေရဲ့ အမည်မှည့်ခေါ်တဲ့အထဲမှာ ဗျည်းနဲ့သရဆိုတာ နှစ်မျိုးရှိ တယ်ဆို။ ဗျည်းနဲ့ သရဆိုးတွေတွဲပြီး မှည့်ခေါ်တဲ့အခါ ဘာအကျိုးအပြစ်များ ဖြစ်သွားတတ်လည်းအမေလို့ ကျွန်မ ကို စမေးပါတော့တယ်။

အေး.ဟုတ်တယ်ကွ၊ ဗျည်းနဲ့သရ အကြောင် တွေနဲ့တွဲပြီး မှည့်ခေါ်တဲ့အမည်တွေဟာ ဘဝမှာ တိုးတ မှု တွေ၊ အောင်မြင်မှုတွေ၊ အထွတ်အထိပ် ရောက်မှု၊ ဂုဏ်နဲ့ ကြံ့တွေရတတ်တယ်။ အဲ့ဒီလိုပဲဟေ့၊ ဗျည်းနဲ့ ၊တွေ တွဲပြီးမှည့်မိတဲ့ အမည်တွေကတော့ ဘဝမှာ ဂုံ့တက်မှု တွေ၊ အောင်မြင်မှုတွေ၊ ဆုတ်ယုတ်သွားတက်တယ်၊ ဘဝမှာ ခြေက နလက်ပန်းကျပြီးမှ အသင့်အတင့်သာ ကံတရားရဲ့ ဒဏ်ကျိုးတရားလေးသာ ခံစားတတ်ရတယ်။ တချို့ကလည်း နာမည်အလှတွေ သိပ်ကြိုက်တယ်ကွာ။ တချို့ကလည်း ဘိုးအေနာမည်ပါချင်လို့ အဖွားနာမည် ပါချင်လို့ အဖေ နာမည်ပါချင်လို့ ပြောကြသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

တို့တွေလည်း ပညာရှင်တွေပဲကွာ၊ ကလေး တစ်ယောက် သူ့ဘဝတက်လမ်းမှာ အောင်မြင်မှုတွေရရှိအောင်၊ ပညာရေးတွေ တိုးတက်အောင်၊ မိဘနဲ့ ဆရာသမားတွေ နားလည်မှုဂုဏ်ယူဝင့်ကြွားမှုတွေဖြစ်အောင်၊ အကျိုးပေးတဲ့ အမည်နာမလေးတွေ ပေးချင်တာပေါ့။

ဒီလိုပဲ အောင်မြင်မှုနဲ့အတူ နာမည်လှလှလေး တွေ၊ ကဗျာဆန်တဲ့ ဥစ္စာလေးတွေ ပေးချင်တယ်၊ အဖိုးအဘွား၊ အဖေ၊ အမေ နာမည်ပါတာလေးတွေလည်း ပေးချင်တာပေါ့။ ကလေးမိဘတွေ" ပြောပါတော့ကွာ၊ တို့ရဲ့ အလုပ်ရှင်တွေ (ကာစတန်မာ) စိတ်ကြိုက်ပေးချင်တာပေါ့၊ ဒါပေမဲ့ လှိုင်ဘွားဦးရေ တို့တွေဟာ အညွန့်တလူလူနဲ့ တက်လာတဲ့ ကလေးငယ်လေးတွေကို ငယ်ငယ်ရွယ်ရွယ်နဲ့ အညွန့်ကျိုးသလိုဖြစ်သွားမယ့် နာမည်တွေ၊ ရန်များစေမယ့် နာမည်တွေ၊ အကျိုးမပေးတဲ့နာမည်တွေ၊ မပေးမိအောင်တို့ ဂရုစိုက်ရလိမ့်မယ်ဟေ့၊ ကလေးနဲ့မသင့်တော်တဲ့ နာမည်တွေဆိုရင် သူတို့စိတ်ကြိုက်ရွေးချယ်ပြီးမပေးနဲ့ကွာ။ တို့ ကလေးတွေအတွက် နောက်တက်လာမဲ့ အနာဂါတ်မျိုးဆက်သစ်တွေအတွက် ကံကောင်းမယ့် အောင်မြင်မှုကို ယူဆောင်လာမယ့်နာမည်လေးတွေပဲ ရွေးချယ်ပေးရအောင်။

အဲဒါနဲ့ပဲ ဆရာလှိုင်ဘွားဦးက အမေ ဟို တစ်နေ့က သင်တန်းမှာသင်တာ (ညှက်သိုက်ကိန်း)ဟာ နေ့သားကစ်ယောက်ကို အဆိုးဘက်ကို ပြောင်းလဲစေတယ်၊ အဲ့ဒီ (ညှက်သိုက်ကိန်း)ဆိုတာ မွေးနံရဲ့ လေးခုမြောက်အမည်စလုံးရယ်၊ ခြောက်ခု မြောက် အမည်စာလုံးရယ်၊ ရှေ့နဲ့နောက်ပိတ်တဲ့ နာမည်မျိုးကိုလည်း မခေါ်သင့်ဘူး။ အေးအဲဒါနဲ့ပဲ လှိုင်ဘွားရေ တို့ သရဆိုးကျိုးတွေ နာမည်တွေအကြောင်းမရောက်ဘဲ ဖြစ်နေအုံးမယ်၊ အဲ (ညှက် သိုက်ကိန်း)ကိုတော့ နောက်တစ်ပတ် မင်းလာတဲ့ နေ့လေးကျမှ ဆက်ပြောကြတာပေါ့။ သရအဆိုး ရှစ်ခု ရှိတယ်ကွ၊ အဲ့သရ၊ အဆိုးတွေက လုံးကြီးတင်ရယ်၊ လုံးကြီးတင်ဆံခတ်ရယ်၊ နောက်ပစ်ရယ်၊ ရေးချရယ်၊ သေးသေးတင်ရယ်၊ ငဆွဲရယ်၊ အောက်က မြင့်ရယ်၊ ဟက်ထိုးရယ်ဆိုပြီး ရှစ်ခုရှိတယ်။ အဲသရ၊ အဆိုးရှစ်ခုထဲက ကိုယ့်နာမည်မှာ တစ်ခုခုပါနေရင် စိတ် အနှောက်အယှက် ဖြစ်စရာတွေ၊ ရန်များတာတွေကြုံရတက်တယ်။ တို့လောကီမှာကွာ၊ အမည်တွေကြောင့် ဘဝမှာတိုးတက်သင့်သလောက် မတိုးတက်ဘူး၊ အောင်မြင်မှုရှိ သင့်သလောက်မရှိဘူးဆိုတဲ့ အယူအဆဟာ တို့ပညာရှင်တွေလောကမှာ အမေ တစ်ယောက်တည်းလက်ခံထားတာ မဟုတ်ဘူး၊ အများပညာရှင်တွေပါ လက်ခံထားတာ၊ မင်း အသိပဲမဟုတ်လားဟု ကျွန်မကပြောလိုက်တဲ့အခါမှာ • •ဆရာလှိုင်ဘွားက • • •

ဟုတ်တယ် အမေရေ၊ ကျွန်တော့် ဆီလာမေးတဲ့ ဗေဒင်ပရိသတ်မိတ်ဆွေတွေကို နာမည်ကြောင့် ဘ:ဘဖြစ်တက်တယ်၊ ညာဖြစ်တက်တယ်လို့ ကျွန်တော် ပြောနေတာ၊ သူတို့ကလည်း လက်ခံတယ် အမေရေ။

ဒါကြောင့်လည်း နာမည်ပြောင်းလို့ရတဲ့ အရွယ်မျိုးဆို ကျွန်တော် နာမည်ပြောင်းပေးဖို့ အကြံဉာဏ်ပေးပါတယ်။ ပြောင်းလို့မရတဲ့ အရွယ်တွေကျရင်တော့ သူ့မွေးနံရဲ့ အညွန့်စာလုံးတွေ ဘုရားမှာ လှူခိုင်းတာတို့၊ မိသားစု အတွင်းမှာ နာမည်ပြောင်းခေါ်ခိုင်းတာမျိုး၊ ဘုရားကို လှူဖွယ်တန်းဖွယ်တွေ လှူတဲ့အခါမှာ ကိုယ့်မူလနာမည်ရယ် ကျွန်တော်ပြောင်းလဲခေါ်ဖို့ အကြံဉာဏ်ပေးလိုက်တဲ့ နာမည်လေးတွေပါ ပူးတွဲ ကမ္ပည်းထိုးဖို့ ကျွန်တော် အကြံပေးလိုက်တယ်။ သိပ်ကောင်းတာပေါ့ ဆရာလှိုင်ဘွားရယ်၊ မင်းပေးတဲ့ အကြံဉာဏ်တွေဟာ သူတို့ဘဝအတွက် အထောက်အကူဖြစ်တယ်လို့ ကျွန်မကပြောလိုက်တဲ့အခါ ဆရာလှိုင်ဘွားကလည်း "သရ" အဆိုးရှစ်လုံးကိုတော့ သိရပါပြီ၊ အဆိုးအားတွေက ဘယ် "သရ" မဆို အတူတူကြီးပဲ ဆိုးတာလားလို့ ကျွန်မကို ထပ်မေးလိုက်ပါတယ်။

ဟ မတူဘူးကွ၊ လုံးကြီးတင် ဆိုတဲ့ "သရ"က သူတစ်ပါးက မိမိကို ဖိနှိပ်ခြင်းပြုတက်တယ်၊ ရောက်တဲ့ နေရာဌာနတွေမှာလည်း အထက်က ဖိနှိပ်ပြီး အောက်လူတွေက မထေမဲ့မြင်လုပ်ခြင်းဆိုတဲ့ အပြုအမူတွေ ခံစားရတက်တယ်၊ ထိပ်ဆုံး ရောက်ဖို့ခဲယဉ်းသလို အမြင့်မှာလည်း ကြာကြာ မခံစားရတတ်ဘူးကွ။

**လုံးကြီးတင်ဆံခတ်** ဆိုတာကတော့ ကိုယ့်ဘဝ ကိုယ်ရပ်တည်နိုင်ဖို့ အလွန်ခက်ခဲတက်တယ်၊ ကိုယ်ပိုင်ရပိုင်ခွင့် အခွင့်အရေးနည်းပါးတက်တယ်။ သူတစ်ပါးကို အားသုံး



www.burmeseclassic.com

www.burmeseclassic.com

နေရတာက်တယ်။ သူတစ်ပါးက အထောက်အကူပြုမှ တိုးတက်တယ်။

**နောက်ပစ်** ဆိုတဲ့ "သရ" အဆိုးကတော့ အလွန်ဆိုးတဲ့ "သရ" အဆိုးဖြစ်တယ်၊ တိုးတက်ပြီး ထင် ဆုံးရောက်နိုင်အောင် အလွန်ကြိုးစားမယ်၊ ထိပ်ကို ရောက်တဲ့နေရာမှာလဲတည်မြဲအောင် ထိန်းသိမ်းထားဖို့ကြိုးစားရတာက်တယ်၊ တစ်ချက်လေး အမှားကြုံလိုက်တာနဲ့ ဘဝမှာပေးဆပ်လိုက်ရတာတွေ၊ ဆုံးရှုံးလိုက်ရတာတွေ အများကြီးဖြစ်သွားတာက်တယ်၊ ဘယ်လိုမှ ပြန်တက်ဖို့ လမ်းစခဲရင်းသွားတာက်တယ် ဆိုပါတော့ကွာ နလန်မထူနိုင်တော့ဘူးကွာ။

**ရေးချာ** ဆိုတဲ့ "သရ" ကတော့ တို့ပညာသည် တွေ ဝရှုံကိုက်ရမဲ့ "သရ" လေးပဲကွ, **ရေးချာ** ဆိုမှတော့ အောက်ကို ဆွဲချခံရတဲ့ နိမိတ်လေးပေါ့ကွာ၊ လက်ရှိရောက်နေတဲ့နေရာ ဘဝအဆင့်အတန်း ပိုင်ဆိုင်မှုအားလုံးမှာ အဖျက်ကြုံရတာက်တယ်၊ ထိပ်တန်းရောက်ပြီးမှ အနှောင့်အယှက်တွေ အတိုက်အခံတွေ ကြုံရလို့ အောက်ကိုပြန်ဆင်း သွားရတဲ့ "သရ" အဆိုးလေးပဲ၊ မင်းတို့ ငယ်ငယ်တုန်းက မြွေကစားတဲ့ ကစားနည်းပေါ့ကွာ၊ လှေခါးလေးနဲ့ထောင်ပြီးတက်သွားတယ်၊ အမြင့်ဆုံးရောက်ပြီးမှ မြွေနဲ့ တွေ့တိုက်တော့ အောက်ကို ပြန်ရောက်သွားတဲ့ပုံမျိုးလိုပဲကွ၊ ရိုးရိုးတန်းတန်း ဖြတ်ကျလာတာ မဟုတ်ဘူးကွ၊ ပြဿနာပေါင်းစုံ၊ အမှုပေါင်းစုံ၊ ပြဿနာ ဗလပွနဲ့ အောက်ဆုံးရောက်တဲ့ "သရ" ပဲဟေ့။ နောက် "သရ" အဆိုတစ်ခုကတော့• • •

**သေးသေးတင်** ဆိုတဲ့ စာလုံးက တို့တွေ စကားပြောရင်တော့ အနိုင်မခံ အရှုံးမပေးဘဲ သူများသေးသေးလာတင်တာ ကျွန်မတို့က လက်မခံဘူးဆိုတဲ့ ပြောပြောနေကျ သေးသေးတင်ပေ့ သေးသေးတင်လည်း ဆိုးတယ်ကွ၊ အောင်မြင်မှုရဖို့အတွက် ခဲယဉ်း တက်တယ် မဟုတ်မခံ စိတ်ရှိတက်တာကြောင့် သည်းညည်းခံမှု မရှိတက်တာကြောင့် ထိပ်ဆုံးရောက်ဖို့ ခဲယဉ်းတက်တယ်၊ လှေလှော်ရင်း တက်ကျိုးသလို ကြုံရတာက်တယ်၊ တော်ရုံသင့်ရုံ၊ တိုးတက်မှုနဲ့လည်း ကျေနပ်နစ်သိမ်ရတာက်တဲ့ အမည် နာမမျိုးပဲ။ နောက်တစ်ခုကတော့ **ဝဆွဲ** ပဲဟေ့။

ကိုယ့်ဘဝမှာ လုပ်သမျှ ဦးဆောင်သမျှ၊ ချော မွေ့ခြင်းတွေ၊ ပင်ပန်းခြင်းတွေနဲ့ ကြုံရတာက်တယ်၊ စိတ်ရှုပ်ရတာက်တယ်၊ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ပြီး ဘယ်အရာမှ ဘယ်အခါမှ လွယ်လွယ်ကူကူ မရ တက်ဘူးကွဲ၊ နောက် "သရ" ကတော့ပေ့။

**အောက်ကမြင့်** ပဲ။ အဲဒီ "သရ" လေးကတော့ပေ့ "သရ" ထဲမှာ အဆိုးဆုံးပဲ၊ အများရဲ့ စိတ်ပြုငြင်ချင်စရာများ အများရဲ့ စိတ်အနှောင့်အယှက်ပေးမှုတွေ၊ အများဆုံး ကြုံရတာက်တယ်၊ စိတ်ပင်ပန်း၊လူ ပင်ပန်းဖြစ်စေတဲ့ "သရ" အဆိုးလေးပေါ့၊ တိုးတက် မှုတွေ၊ ကံကောင်းမှုတွေကို ဘယ်လိုကြံစည်၊ ကြံစည် ပြုလုပ်ပြုလုပ်၊ တိုးတက်မှုတို့ ကြုံတွေ့မှုတွေကို မရရှိနိုင်ဘူး။ သူများအပေါ်ကိုယ်က အကောင်းဘယ်လောက် လုပ်ပေးလုပ်ပေး၊ အကောင်း မမြင်နိုင်ဘူး။ နောက်ဆုံး "သရ" အဆိုး ကတော့ပေ့• • •

**ဟတ်ထိုး** ဆိုတဲ့ "သရ" အဆိုးလေးပဲ။

အဲဒီ ဟတ်ထိုးလေးပါရင် အရက်တကွဲ အကျိုးနဲ့ ဖြစ်တက်တယ်။ ပြဿနာတစ်ခုမဟုတ် တစ်ခုဖြစ်တက်တယ်။ အထူးသဖြင့် မိန်းကလေးတွေမှာပါခဲ့ရင် အိမ်ထောင်ဆက်များတက်တယ်။ လုပ်ငန်းခွင် ပတ်ဝန်းကျင်မှာလည်း ကိုယ့်ကိုမကောင်းတာ ပြောတာတွေ ကြုံရတာက်တယ်ကွ။ အဲ့လို ကျွန်မက ပြောပြလိုက်တဲ့အခါမှာ ဆရာလိုင်ဘွားဦးက အမေရယ်၊ ကျွန်တော့်နာမည်မှာ လုံးကြီးတင်ကော ဟတ်ထိုးကောပါတော့၊ အဲဒီ "သရ" အဆိုးတွေ ပြေပျောက်အောင်ဘာလုပ်ရမလဲလို့ မေးလိုက်တဲ့အခါမှာ-

ဟ ဆရာလိုင်ဘွားဦး "သရ" အဆိုးတွေပါရင် ကောင်းအောင် လုပ်ကြမှာပေါ့ကွ၊ ပြုပြင်ပြောင်းလဲ နေထိုင်တာကို ယတြာလို့ အမေ ပြောခဲ့တယ်မှတ်လား၊ အဲ့လို ပြုပြင်ပြောင်းလဲနေထိုင်တာကိုတော့ နောက်တစ်ပါတ်ကျမှပဲ ပြောပြလိုက်မယ်လို့ ပြောတဲ့အခါမှာ ဆရာလိုင်ဘွားလည်း သူ့အတွက် ပညာရပ်တစ်ခုရသွားပြီဆိုတဲ့ ပီတိအပြုံးလေးပြုံးပြီး ကျွန်မကို ဦးခိုက်ကန်တော့လိုက်ပါတော့သတည်း။ ။

ချမ်းသာကိုယ်စိတ်မြပါစေ• • •

**ဆရာမဒေါက်တာစောယုနွယ်**
Ph.D(Tantra)(Kol-India)Astrologer



www.burmeseclassic.com

www.burmeseclassic.com



# ထိုင်းနိုင်ငံ နက္ခတ္တဆရာကြီး ခါသာချင်နာဘန်ချွန်

ရဲ့

# ၂၀၁၆ မျှောက်နှစ် ၁၂ လရာသီဖွားများအတွက်

## တစ်လချင်းစီအဟော

## မေလ

■ ဦးတိုး(တက္ကသိုလ)

(ဤအဟောများကို ထိုင်းနိုင်ငံမှ နက္ခတ္တဆရာကြီး ခါသာချင့်နာဘန်ချွန် ဟောပြောထားသည်ကို ဘာသာပြန်ဆို ထားခြင်းဖြစ်ပါသည်။ ၁၂ လရာသီဖွားများ၏ မွေးဖွားသည့် ကာလအပိုင်းအခြားသည် အနောက်တိုင်းနှင့် မတူပါ။ မွေးလ၊ မွေးရက်ကိုရှာ၍ အဟောများကို ကြည့်ရှုစေလိုပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

**မကာရ ရာသီဖွား (ဆိတ်ရုပ်) (Capricorn)**
**ဒီဇင်ဘာလ ၁၄ ရက်မှ ဇန်နဝါရီလ ၁၃ ရက်**

လုပ်ငန်းခွင်တွင် သင်မကျွမ်းကျင်သည့်အလုပ်ကို လုပ်နိုင်နေသဖြင့် ဖိအားပေးခြင်းခံနေရသလို သက်သောင့်သက်သာမရှိမှုများ ခံစားနေရပေမည်။ အလွယ်တကူ ကတိမပေးသင့်ပေ။ သို့တည်းမဟုတ်ပါက ဒုက္ခဆိုက်ရောက်သွားတတ်သည်။ ချစ်မေတ္တာရေးတွင် ပေါ်လွင်ထင်ရှားနေသူ၏ ဩဇာကို နာခံနေရလိမ့်မည်။

**ကုံရာသီဖွား (ရေထမ်းယောက်ျားရုပ်) (Aquarius)**
**ဇန်နဝါရီလ ၁၄ ရက်မှ ဖေဖော်ဝါရီလ ၁၃ ရက်**

အလုပ်အကိုင်သစ်တစ်ခု စတင်ပြုလုပ်ရန် ကောင်းသော လတစ်လ ဖြစ်သည်။ ငွေအမြောက်အမြား ကုန်နေရသော်လည်း သင့်တွင် အပိုဝင်ငွေ ရှိနေလိမ့်မည်။ တစ်ကိုယ်တည်းသမားများ ချစ်သူတစ်ဦးနှင့် တွေ့မည်။ အိမ်ထောင်ရှင်များအနေဖြင့် အမြတ်မ်း လက်တွဲထားကြရမည့် အချိန်ကောင်းဖြစ်သည်။

**မိန်ရာသီဖွား (ငါးနှစ်ကောင်ရုပ်) (Pisces)**
**ဖေဖော်ဝါရီလ ၁၄ ရက်မှ မတ်လ ၁၃ ရက်**

ယခုလတွင် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ရမည့်အလုပ် အများအပြားရှိနေမည်။ မေလလယ်လောက်တွင် အလုပ်အကိုင်သစ်တစ်ခု လုပ်ရန် ရှိလာလိမ့်မည်။ သင်၏ မဆုတ်မနစ်သော ဇွဲလုံ့လကြောင့် ငွေဝင်လာသည့်ပုံစံဖြင့် ကောင်းကျိုးရလဒ် ရရှိမည်။ တစ်ကိုယ်တည်းသမားများအနေဖြင့် ခရီးသွားရင်း စိတ်ဝင်စားဖွယ်ရာ တစ်စုံတစ်ဦးနှင့် ကြုံတွေ့ရပေလိမ့်မည်။

**မိဿရာသီဖွား (သိုးထီးရုပ်) (Aries)**
**မတ်လ ၁၄ ရက်မှ ဧပြီလ ၁၃ ရက်**

လုပ်ငန်းခွင်တွင် အများများလုပ်မိတတ်သည်။ သင်ကြိုးပမ်းအားထုတ်ပါက စိတ်အနှောင့်အယှက် တွေ့ရမည် မဟုတ်ပေ။ အလုပ်အကိုင်ရရှိရန်အတွက် စောင့်မျှော်နေကြသူများအနေဖြင့် သတင်းကောင်းကြားရမည်။ ချစ်မေတ္တာရေးဖြင့် ကြုံတွေ့ရသောအခါ ယခုလတွင် ဖြည်းဖြည်းချင်း စဉ်းစားလျှင် ပိုမိုကောင်းမွန်ပေမည်။

**ပြိဿရာသီဖွား (နွားလားဥသဘရုပ်) (Taurus)**
**ဧပြီလ ၁၄ ရက်မှ မေလ ၁၄ ရက်**

ရန်သူများနှင့် ယှဉ်ပြိုင်ဘက်များမှ သင့်အပေါ် ပစ်မှတ်ထားနေကြကတည်းက အလုပ်တွင် ချောမွေ့မည်မဟုတ်ကြောင်း မျှော်လင့်ထားပါ။ မိတ်ဆွေများနှင့် အသက်ကြီးသူများ၏ အထောက်အကူရရှိ၍ အခြေအနေ ပိုမိုကောင်းမွန်လာပါလိမ့်မည်။ အခြားသူများ၏ ပြဿနာများအတွက် ငွေအမြောက်အမြား သုံးစွဲပေးနေရမည်။ သင့်ချစ်သူနှင့် ထေ့ငေါ့စကားပြောခြင်းကို ရှောင်ပါ။ သို့တည်းမဟုတ်ပါက လမ်းခွဲရသည်နှင့် ကြုံတွေ့ရတတ်သည်။

**မေထုန်ရာသီဖွား (အမြွာရုပ်) (Gemini)**
**မေလ ၁၅ ရက်မှ ဇွန်လ ၁၅ ရက်**

အလုပ်ကို ကြိုးပမ်းလုပ်၍ စမ်းသပ်မှုကို ကျော်လွှားလိုက်ပါ။ သင်၏လုပ်ဖော်ကိုင်ဖက်များထံမှ အကူအညီအထောက်အပံ့ သင်ရရှိထားပြီးဖြစ်၍ သင်ဘာလုပ်နိုင်သည်ကို သင်၏ ယှဉ်ပြိုင်ဘက်များကို ပြသပေးနိုင်လိုက်ပါမည်။ ငွေရေးကြေးရေးအားဖြင့် မြဲမြံခိုင်ခံ့နေသည့်ကြားမှပင် ခရီးသွားရင်း အလွတ်သဘောသုံးစွဲနေရတတ်သည်။ တစ်ကိုယ်တည်းသမားများအနေဖြင့် တစ်ဦးဦးနှင့် မိတ်ဆက်ပေးရန် အသက်ကြီးသော အောင်သွယ်ပေးသူများ လိုအပ်ပါလိမ့်မည်။

**ကရကဋ်ရာသီဖွား (ပုစွန်လုံးရုပ်) (Cancer)**
**ဇွန်လ ၁၆ ရက်မှ ဇူလိုင်လ ၁၆ ရက်**

သင့်တွင် ကောင်းသောအရည်အချင်းများ ရှိနေ၍ အလုပ်ရှုပ်နေမည်ဖြစ်ပြီး အခြားသူများ၏ အလုပ်များကိုပါ လုပ်ကိုင်ပေးနေရသောကြောင့် ပင်ပန်းနေရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပါ။ နောက်ပြီး ရာထူးတိုးပေးသည်ကိုလည်း ခံစားလိုက်ပါ။ ကံကောင်းမှုများ သို့မဟုတ် ငွေအမြောက်အမြား ဝင်လာမစဲ တသဲသဲဖြစ်နေပါလိမ့်မည်။ အများသူငါမှ အချစ်ကိစ္စနှင့်ပတ်သက်၍ လာရောက်ရာကြကြမည်ဖြစ်သဖြင့် သင်ချစ်ရသူကို မေ့မပစ်လိုက်ပါနှင့်။

### သိဟ်ရာသီဖွား (ခြင်္သေ့ရုပ်) (Leo)
### ဩဂုတ်လ ၁၇ ရက်မှ စက်တင်ဘာလ ၁၅ ရက်

ယခုလလယ်လောက်မှ စတင်၍ သင့်ထက် အသက်ကြီးသူထံမှ အထောက်အကူကို ရယူသင့်သည်။ ငွေဝင်လာသကဲ့သို့ ငွေအများအပြားလည်း သုံးရတတ်သဖြင့် စုဆောင်းထားသင့်သည်။ သင်နှင့် ကွဲကွာနေသည့် ချစ်ရသူတစ်ဦးဖြင့် ပြန်ပေါင်းထုပ်ရပေလိမ့်မည်။ တစ်ကိုယ်တည်းသမားများ ခရီးသွားရင်း ချစ်သူတစ်ဦးကို တွေ့ဆုံရပေလိမ့်မည်။

### ကန်ရာသီဖွား (အပျိုစင်ရုပ်) (Virgo)
### စက်တင်ဘာလ ၁၆ ရက်မှ အောက်တိုဘာလ ၁၆ ရက်

အလုပ်လုပ်ရာတွင် တစ်စုံတစ်ရာ ပိုမိုကောင်းလာမည် မဟုတ်ပေ။ ခက်ခဲနေသည်ဟု ထင်မြင်ရသော်လည်း အသေးအဖွဲလောက်သာ ဖြစ်ပါလိမ့်မည်။ အချိန်ရှိတုန်း လုံ့လစိုက်ဟု ဆိုရိုးစကားရှိသကဲ့သို့ အခွင့်အရေးများ ပေါ်လာတုန်း အမိအရ ဖမ်းဆုပ်ထားလိုက်ပါ။ အိမ်ထောင်ရှင်များအနေဖြင့် မနာလိုဝန်တိုမှုကို လျှော့ချလိုက်ပါ။ အပျော်ခရီးထွက်၍ သင်တို့၏ ဆက်ဆံရေးကို ခိုင်မြဲအောင် လုပ်လိုက်ပါ။

### တူရာသီဖွား (ချိန်ခွင်ရုပ်) (Libra)
### အောက်တိုဘာလ ၁၇ ရက်မှ နိုဝင်ဘာလ ၁၅ ရက်

သင်၏ အထက်လူကြီးများမှ သင့်အား အထောက်အကူပေးမည်။ အခွင့်အရေးကောင်းဆိုသည်မှာ အလွယ်တကူ ရောက်မလာတတ်သဖြင့် ယခုအချိန်သည် အကောင်းဆုံးဖြစ်သဖြင့် ဘာအကူအညီပဲဖြစ်ဖြစ် သင်ဆန္ဒရှိသလို တောင်းခံလိုက်ပါ။ ရပါလိမ့်မည်။ တစ်ကိုယ်တည်းသမားများအား ပြုစုပေးမည့်သူ ပေါ်လာပါလိမ့်မည်။ ပင်လယ်ထဲ၌ ငါးများ တစ်ပုံတစ်ပင်ကြီး ရှိနေသည့်အားလျော်စွာ သင့်အတွက် အဆင်သင့်ဖြစ်နေပါလိမ့်မည်။

### ဗြိစ္ဆာရာသီဖွား (ကင်းမြီးကောက်ရုပ်) (Scorpio)
### နိုဝင်ဘာလ ၁၆ ရက်မှ ဒီဇင်ဘာလ ၁၄ ရက်

တစ်ချိန်တုန်းက သင်ကူညီလာခဲ့ဖူးသူက သင့်အား အတုံ့အလှည့်အနေဖြင့် ပြန်လှန်ကူညီပေးပါလိမ့်မည်။ သင်၏ အသိပညာဗဟုသုတနှင့် ဖွဲ့လုံ့လမှ ခရီးဝေးဝေးရောက်အောင် ပို့ဆောင်ပေးပါလိမ့်မည်။ သင်ဘာပဲလုပ်လုပ် သင်လုပ်သမျှ အမြတ်ချည်း ထွက်ပေါ်လာပါလိမ့်မည်။ မြားနတ်မောင်သည် သင့်အပေါ် ကြင်နာပါလိမ့်မည်။ ချစ်သူစုံတွဲ၊ လင်မယားများ သဲကြီးမဲကြီး ချစ်နေကြပါလိမ့်မည်။

### ဓနုရာသီဖွား (လေးစွဲယောက်ျားရုပ်) (Sagittarius)
### ဒီဇင်ဘာလ ၁၅ ရက်မှ ဇန်နဝါရီလ ၁၃ ရက်

သင့်တွင် တာဝန်ခံထားရမှုများ အလွန်များလွန်းနေသည်။ သင်ထွက်ပြေးချင်စိတ်ပေါက်နေသော်လည်း မဖြစ်နိုင်သည့် အခြေအနေသို့ ဆိုက်ရောက်နေမည်။ သင့်အနေဖြင့် ကိုယ့်ကိုယ်ကို အားကိုး၍ နေရပေမည်။ သင့်ကျန်းမာရေးအတွက် ငွေအကုန်အကျများမည်။ တစ်ကိုယ်တည်းသမားများ ချစ်ကျွမ်းဝင်ကြရမည်ဖြစ်သော်လည်း နောက်ထပ် လမ်းဆုံးသို့ ရောက်သွားပြီမှာ သင်မကြာမီ သိရှိလာပါလိမ့်မည်။

**ဦးတိုး(တက္ကသိုလ)**

***Reference:***

BKK Post, Life-Feature Khatha Chinnabanchorn ၏ Here's what awaits in 2016.



www.burmeseclassic.com


www.burmeseclassic.com

# ဒီလိုလက်မျိုး သင့်မှာရှိခဲ့လျှင်

ဒေါက်တာစောယုနွယ်
Ph.D(Tantra)(Kol-India)Astrologer

ယခင်လမှအဆက်

ကျွန်မ၏ ဗေဒင်သင်တန်းတွင် လက္ခဏာပညာရပ်ကို သင်ကြားပေးခဲ့ရာ အချိန်အနည်းငယ်အတွင်း သင်ကြားရသဖြင့် ပတ်ဝန်းကျင်တွင်ရှိနေသော လက္ခဏာများကို ကျယ်ပြန့်စွာ မသင်ပေးရသဖြင့် ကျွန်မ မှတ်သားထားသော လက္ခဏာများကို ရောင်ပြန်မဂ္ဂဇင်းမှ တစ်ဆင့် ဖော်ပြလိုက်ပါတယ်။




## အရှယ်လွန်အချစ်

ဦးခေါင်းလမ်းကြောင်းဟာ
လက်တစ်ဖက်မှ တစ်ဖက်ကို ဖြတ်နေပြီး နှလုံးလမ်းကြောင်းနဲ့
တွဲဖက်နေပါက • • •
ရတာမလို လိုတာမရ ဖြစ်နေမှာပါ။
လေးလေးနက်နက် စဉ်းစားနေတာနဲ့။
အရွယ်လွန် အချစ်ကို ရတတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com




## ချစ်တဲ့သူအလိုကျ

ဦးခေါင်းလမ်းကြောင်းက တနင်္ဂနွေကြိုဟ်ခုံကို ဆင်းသွားပြီး အောက်ခြေအရောက်မှာ အဖျားပိုင်းက အထက်ကို ပြန်ကော့တက်နေခဲ့ရင် သက်ဝေအလိုကျ ကိုယ်ရောစိတ်ပါ လိုရာသုံးပါလေဆိုသလို ချစ်သူအပေါ် အလိုလိုက်တတ်ပါတယ်။

ဒါပေမယ့် စိတ်လွယ်လွန်း၍ ဒုက္ခရောက်တတ်လို့ သတိထားစေချင်ပါတယ်။

## ယုံမှတ်လို့ ပုံအပ်တတ်သူ




မိမိလက်ဝါးတွင် ဦးခေါင်းလမ်းကြောင်း အဆုံးတွင် အခွသဏ္ဍာန်ဖြစ်နေပြီး တစ်ခုမှာ တနင်္လာဂြိုဟ်ခုံသို့ ဆင်းသွားမည်။ နောက်တစ်ခုမှာ ကော့တက်၍ နှလုံးလမ်းကြောင်းနှင့် သွားထိနေလျှင် • • •

အချစ်ရေးကို လွယ်လွယ်ဆုံးဖြတ်၊ ခုမြင် ခုကြိုက်၊ ခုလိုက် တတ်သည့်လက်။

ကိုယ့်ကိုယ်ကို အချစ်အတွက် သူရဲကောင်းလိုထင်နေမယ်။

အချစ်ကြောင့် အရှက်ကွဲတတ်တယ်။



## တယူသန်အချစ်

မိမိလက်ဝါးတွင် ဦးခေါင်းလမ်းကြောင်းသည် နှလုံးလမ်းကြောင်းမပါဘဲ လက်ဝါးပြင်အား တစ်ဖက်တစ်ချက်သို့ ဖြတ်သန်းသွားပါလျှင် (ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့ ပူးသွားသည်ကို ဆိုလိုသည်။)

အဲဒီလက်မျိုးဟာ တစ်ကိုယ်ကောင်း တစ်ယူသန် ဆန်တတ်တယ်၊ ခေါင်းမာတတ်တယ်။ အချစ်ရေးမှာ ဒါဆို မှ ဒါ။ ဒါပေမယ့်၊ ယောကျ်ားကို အနိုင်ယူတဲ့ မိန်းမနဲ့ မိန်းမကို ရိုက်ပုတ်တတ်တဲ့ သူတွေရဲ့လက်မှာ ဒါမျိုးပါတတ်တယ်။

ဆက်ပါဦးမည် • • •

ချမ်းသာကိုယ်စိတ်မြဲပါစေ • • •

ဒေါက်တာစောယုနွယ်
Ph.D(Tantra)(Kol-India)Astrologer



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်နက္ခတ္တဗေဒင်ပညာ

## ၂၀၁၆ ခုနှစ်၊ ဇွန်လ

## တရုတ်နှစ်မွေးသူများအတွက်

## ဆောင်ရန်ရှောင်ရန်နှင့်သတိပြုရန်အချက်များ

■ ကေတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| မျောက်နှစ်မွေးသူ | ၁၉၂၀ | ၁၉၃၂ | ၁၉၄၄ | ၁၉၅၆ | ၁၉၆၈ | ၁၉၈၀ | ၁၉၉၂ | ၂၀၀၄ |
| ကြက်နှစ်မွေးသူ | ၁၉၂၁ | ၁၉၃၃ | ၁၉၄၅ | ၁၉၅၇ | ၁၉၆၉ | ၁၉၈၁ | ၁၉၉၃ | ၂၀၀၅ |
| ခွေးနှစ်မွေးသူ | ၁၉၂၂ | ၁၉၃၄ | ၁၉၄၆ | ၁၉၅၈ | ၁၉၇၀ | ၁၉၈၂ | ၁၉၉၄ | ၂၀၀၆ |
| ဝက်နှစ်မွေးသူ | ၁၉၂၃ | ၁၉၃၅ | ၁၉၄၇ | ၁၉၅၉ | ၁၉၇၁ | ၁၉၈၃ | ၁၉၉၅ | ၂၀၀၇ |
| ကြွက်နှစ်မွေးသူ | ၁၉၂၄ | ၁၉၃၆ | ၁၉၄၈ | ၁၉၆၀ | ၁၉၇၂ | ၁၉၈၄ | ၁၉၉၆ | ၂၀၀၈ |
| နွားနှစ်မွေးသူ | ၁၉၂၅ | ၁၉၃၇ | ၁၉၄၉ | ၁၉၆၁ | ၁၉၇၃ | ၁၉၈၅ | ၁၉၉၇ | ၂၀၀၉ |
| ကျားနှစ်မွေးသူ | ၁၉၂၆ | ၁၉၃၈ | ၁၉၅၀ | ၁၉၆၂ | ၁၉၇၄ | ၁၉၈၆ | ၁၉၉၈ | ၂၀၁၀ |
| ယုန်နှစ်မွေးသူ | ၁၉၂၇ | ၁၉၃၉ | ၁၉၅၁ | ၁၉၆၃ | ၁၉၇၅ | ၁၉၈၇ | ၁၉၉၉ | ၂၀၁၁ |
| နဂါးနှစ်မွေးသူ | ၁၉၂၈ | ၁၉၄၀ | ၁၉၅၂ | ၁၉၆၄ | ၁၉၇၆ | ၁၉၈၈ | ၂၀၀၀ | ၂၀၁၂ |
| မြွေနှစ်မွေးသူ | ၁၉၂၉ | ၁၉၄၁ | ၁၉၅၃ | ၁၉၆၅ | ၁၉၇၇ | ၁၉၈၉ | ၂၀၀၁ | ၂၀၁၃ |
| မြင်းနှစ်မွေးသူ | ၁၉၃၀ | ၁၉၄၂ | ၁၉၅၄ | ၁၉၆၆ | ၁၉၇၈ | ၁၉၉၀ | ၂၀၀၂ | ၂၀၁၄ |
| ဆိတ်နှစ်မွေးသူ | ၁၉၃၁ | ၁၉၄၃ | ၁၉၅၅ | ၁၉၆၇ | ၁၉၇၉ | ၁၉၉၁ | ၂၀၀၃ | ၂၀၁၅ |



www.burmeseclassic.com

www.burmeseclassic.com

### နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆုတောင်းပွဲ၊ ရိုးရာကန်တော့ပွဲ လုပ်နိုင်ပါသည်။ ဇွန်လ ၁ ရက်နေ့တွင် လုပ်ပါ။ ကန်သင်းရိုး၊ တာရိုး၊ တာတမံ ပြုလုပ်နိုင်၏။ ဇွန်လ ၁၃ ရက်နေ့နှင့် ၂၅ ရက်နေ့တွင် လုပ်ကြရပါမည်။ စေ့စပ်နိုင်၏။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်ပါသည်။ ခရီးသွားနိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

ဇွန်လ ၁ ရက်နေ့တွင် ပြင်ဆင်ဆောက်လုပ်ခြင်း၊ မြေဆွခြင်း မပြုလုပ်ရပါ။ ရှောင်ကြဉ်ရပါမည်။ စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်ရန် မသင့်သေး။ ခရီးသွားနိုင်ပါသော်လည်း ရေကြောင်းခရီးကို အထူးရှောင်ကြဉ်ပါလေ။ အလုပ်နှင့် အိမ်ရာ မပြောင်းရွှေ့ကြရ။ အကျိုးထူးမည် မဟုတ်ပါ။

### မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆံသခြင်း၊ ခေါင်းလျှော်ခြင်း ပြုလုပ်နိုင်ပါသည်။ ဇွန်လ ၂ ရက်နေ့၊ ၁၄ ရက်နေ့နှင့် ၂၆ ရက်နေ့များတွင် စေ့စပ်ခြင်း၊ လက်ထပ်ခြင်း၊ အထည်ချုပ်လုပ်ငန်း တည်ထောင်ခြင်း ပြုလုပ်နိုင်၏။ မိတ်ဆုံနိုင်၏။ မိတ်ဆုံခြင်းဖြင့် အကျိုးထူးမည်။ ၂၆ ရက်နေ့တွင် အိမ်ရာပြောင်းရွှေ့နိုင်၏။ မွေးမြူရေးလုပ်ငန်းလုပ်လျှင် အကျိုးရှိမည်။



### ရှောင်ကြဉ်ရန်အချက်များ

ခရီးမထွက်နိုင်၊ အထူးသဖြင့် ရေကြောင်းခရီးကို ရှောင်ပါ။ အိမ်ပေါင်းမဖျက်သင့်သေး။ ဆင်ခြင်ပါ။ နိုက်တတ်၏။ စီးပွားရေးလုပ်ငန်းသစ်၊ ကုမ္ပဏီသစ် မထူထောင်သင့်။ လုပ်ငန်းမတိုးချဲ့ပါနှင့်ဦး။ အရှုံးပေါ်တတ်၏။ ဝင်ခြင်ပါလေ။ စေ့စပ်နိုင်ပါသော်ငြားလည်း လက်ထပ်ခြင်းကို ခဏခေတ္တ စောင့်ပါဦး။ မစောင့်ဆိုင်းနိုင်လျှင် အကျိုးယုတ်တတ်၏။

### မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆုတောင်းပွဲ၊ ရိုးရာကန်တော့ပွဲ၊ မိတ်ဆုံပွဲ၊ အလုပ်ရာထူးအသစ်လက်ခံပွဲ၊ အိမ်ရာပြောင်းရွှေ့ခြင်း ပြုလုပ်နိုင်ပါသည်။ ခရီးထွက်နိုင်၏။ စေ့စပ်ခြင်း၊ လက်ထပ်ခြင်း ပြုလုပ်နိုင်၏။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်ပါသည်။ ထို့ပြင် မွေးမြူရေးလုပ်ငန်းနှင့် အကျိုးပေးမည်။ လုပ်ပါ။ ဇွန်လ ၃ ရက်နေ့နှင့် ၁၅ ရက်နေ့သည် ရက်ကောင်းများ ဖြစ်နေပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

ဂိုဒေါင် မပြင်ကောင်း။ ခိုက်တတ်ပါသည်။ မြေကြီးမစိုက်ရ။ စိုက်ပျိုးရေးမလုပ်သင့်။ အရှုံးပေါ်ပေါက်ပါလိမ့်မည်။ သတိနှင့် ဆင်ခြင်ပါ။ အိမ်ပေါင်းမဖျက်သင့်သေး။ ခဏဆိုင်းပါဦးလေ။ လာဘ်တိတ်တတ်လေသည်။

### ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆုတောင်းပွဲ၊ ရိုးရာကန်တော့ပွဲ ပြုလုပ်နိုင်ပါသည်။ ဇွန်လ ၁၄ ရက်၊ ၁၆ ရက်နှင့် ၂၈ ရက်နေ့များတွင် ပြုလုပ်ပါ။ ရက်ကောင်းရက်မြတ် ဖြစ်၏။ စီးပွားရေးကိစ္စထက် ဘာသာရေးကိစ္စကို ပိုမိုလုပ်ကိုင်ဆောင်ရွက်ပါ။ မကြာမီ ကံကောင်းလာမည်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

### ရှောင်ကြဉ်ရန်အချက်များ

လုပ်ငန်းတိုးချဲ့လုပ်ကိုင်ခြင်းကို ခဏ ရပ်နားထားသင့်ပါသည်။ ခရီးထွက်ခြင်း မပြုရ။ လက်ထပ်ခြင်းရှောင်ပါ။ အိမ်ရာမပြောင်းရွှေ့ကောင်း။ လော့၊ သဘော် မစီးရ။ အရောင်းအဝယ်စာချုပ် မလုပ်ရ။ ဇွန်လ ၂၈ ရက်နေ့တွင် ဆံသခြင်း၊ ခေါင်းဆေးခြင်း၊ ခေါင်းလျှော်ခြင်းကို အထူးရှောင်ပါလေ။

### မျောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိမိ၏နေအိမ်ခြံဝင်း သန့်ရှင်းရေးလုပ်ပေးပါ။ ဆံသခြင်း၊ ခေါင်းလျှော်ခြင်း ပြုလုပ်နိုင်ပါသည်။ ခရီးထွက်နိုင်၏။ မိတ်ဆုံနိုင်၏။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ ဈေးဆိုင်သစ်တည်နိုင်၊ ဖွင့်နိုင်၏။ အိမ်၊ ဂိုဒေါင်၊ မီးဖိုဆောင် ပြုပြင်နိုင်၏။ ဇွန်လ ၁၇ ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့ဖြစ်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

စီးပွားရေးကိစ္စလျှော့လုပ်ပါ။ ဘာသာရေးကိစ္စ၊ ကုသိုလ်ကောင်းမှု၊ အလှူအတန်းများများလုပ်ပေးပါ။ မကြာမီ ကံထူးလာပါလိမ့်မည်။ ဆုတောင်းပွဲ မလုပ်သင့်။ ဓာတ်အပ်စိုက်မကုသင့်။ အသက်အန္တရာယ်များလှပါသည်။ အိမ်နီးချင်းနေရာ မချသင့်သေးပါ။ ခဏစောင့်ပါဦး။

### ကြက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆုတောင်းပွဲ၊ ရိုးရာကန်တော့ပွဲ၊ စေ့စပ်ခြင်း၊ လက်ထပ်ခြင်း၊ စီးပွားရေးလုပ်ငန်း တည်ထောင်ခြင်း၊ အိမ်ရာပြောင်းရွှေ့ခြင်း၊ ခရီးထွက်ခြင်း၊ ဆံသခြင်း၊ ခေါင်းလျှော်ခြင်း၊ ဈေးဆိုင်သစ်တည်ခြင်း၊ ဖွင့်ခြင်း၊ ကုန်သန်းရောင်းဝယ်ဖောက်ကားခြင်း ပြုလုပ်နိုင်ပါသည်။ ထို့ပြင် နေအိမ်၊ ဂိုဒေါင်နှင့် မီးဖိုဆောင် ပြင်ဆင်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

မိတ်ဆုံပွဲ မပြုလုပ်ရပါ။ တောအမဲ မလိုက်ရ။ သားကောင် မဖမ်းရ။ ငါးမဖမ်းရ။ ငါးအရောင်းအဝယ် မလုပ်ရ။ ငါးဒိုင်မလုပ်သင့်။ အရှုံးပေါ်တတ်၏။ စိုက်ပျိုးရေးမလုပ်သင့်။ အကျိုးနည်းမှု ကြုံမည်။

### ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

အထည်ချုပ်လုပ်ငန်းလုပ်ပါ။ အကျိုးပေးမည်။ သားကောင်ဖမ်းနိုင်၏။ တောအမဲ လိုက်နိုင်၏။ သားကောင်အရောင်းအဝယ်လုပ်လျှင် ကိုက်မည်။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ ဇွန်လ ၇ ရက်၊ ၁၉ ရက်နှင့် ၃၁ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

ခရီးဝေးမထွက်သင့်။ အိမ်ရာမ မပြောင်းရွှေ့ကောင်း။ အလုပ်သစ်မရှာဖွေသင့်သေး။ ခဏစောင့်ဆိုင်းပါဦး။ အကျိုးယုတ်တတ်ပါသည်။ သတိထားပါ။ ဆင်ခြင်ပါ။ ထို့ပြင် ဈေးဆိုင်သစ် မတည်ရ၊ မဖွင့်ရ။ အရှုံးပေါ်တတ်၏။

### ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

အိမ်ဟောင်း ဖျက်သင့်၏။ ဆံသခြင်း၊ ခေါင်းလျှော်ခြင်း ပြုနိုင်ပါသည်။ ဇွန်လ ၈ ရက်နှင့် ၂၀ ရက်နေ့တွင် လုပ်ပါ။ ကောင်း၏။ ထို့ပြင် ရိုးရာကန်တော့ပွဲ၊ ဆုတောင်းပွဲ ပြုလုပ်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

စီးပွားရေးလုပ်ငန်းသစ်၊ ကုမ္ပဏီအသစ် မထူထောင်သင့်သေး။ ခဏဆိုင်းပါဦးလေ။ ဈေးဆိုင်သစ်မတည်နိုင်၊ မဖွင့်နိုင်။ အရောင်းအဝယ်စာချုပ် မချုပ်ဆိုသင့်သေး။ လက်ထပ်ထိမ်းမြားခြင်း မပြုသင့်သေးပါ။ အိမ်ပြင်ဆင်ခြင်း၊ ဂိုဒေါင်နှင့် မီးဖိုဆောင် မပြုပြင်ရ။ နိုင်ငံခြားကုန်သွယ်မှု မပြုလုပ်သင့်။

### ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိတ်ဆုံခြင်းဖြင့် အကျိုးထူးမှုရှိမည်။ အထည်ချုပ်



www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်း လုပ်ပါ။ အကျိုးပေးပါလိမ့်မည်။ ဆုတောင်းပွဲ ဆံသခြင်း၊ ခေါင်းဆေးခြင်း၊ ခေါင်းလျှော်ခြင်း ပြုလုပ်နိုင်၏။ ဒွန်လ ၉ ရက်နှင့် ၂၁ ရက်နေ့မှာ ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

အခန်း၊ ခုတင် နေရာမချသင့်သေး။ ကူးသန်းရောင်းဝယ်ဖောက်ကားရန် မပြုလုပ်သင့်၊ အရှုံးပေါ်နိုင်သည်။ သတိနှင့် ဆင်ခြင်ပါ။ ဆေးကုသရန် သမားတော်မရှာသင့်သေး။ သားကောင် မဖမ်းကြရ။ တောအမဲ မလိုက်သင့်သေး။ မွေးမြူရေးလုပ်ငန်းနှင့် အကျိုးမပေးပါချေ။

## နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ခရီးထွက်နိုင်၏။ မိတ်ဆုံနိုင်၏။ အလုပ်၊ ရာထူး လက်ခံနိုင်၏။ စေ့စပ်နိုင်၏။ ရောင်းဝယ်နိုင်၏။ နိုင်ငံခြား ကုန်သွယ်မှုလုပ်လျှင် တိုးတက်မှုရှိမည်။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ပါ။ အကျိုးပေးမည်။

## ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်နိုင်ပါသော်ငြားလည်း ချက်ချင်း လက်မထပ်သင့်သေး။ အကျိုးယုတ်သည်။ မှားတတ်သည်။ သတိနှင့် ဆင်ခြင်ပါ။ ရေကြောင်းခရီး မသွားရ။ လှေ၊ သင်္ဘော မစီးရ။ အိမ်ရာနှင့်အလုပ် မပြောင်းရွှေ့ကြသင့်၊ အကျိုးမဲ့ ဖြစ်တတ်ပါသည်။ ငါးမဖမ်းကြရ။ အထူးသဖြင့် ခရီးဝေး၊ နိုင်ငံခြားခရီး မသွားကြရပါ။ ရှောင်ပါလေ။

## ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိတ်ဆုံနိုင်၏။ ခရီးထွက်နိုင်၏။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ အလုပ်၊ ရာထူးသစ် လက်ခံနိုင်၏။ အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်သည်။ ကူးသန်းရောင်းဝယ် ဖောက်ကားနိုင်သည်။ ပြည်ပကုန်သွယ်ရေးလုပ်လျှင် တိုးတက်မှုရှိမည်။ သားကောင်ဖမ်းနိုင်သည်။ တောအမဲလိုက်လျှင် သားကောင်ရရှိမည်။ သင်္ကန်းကောင်းနေမည်။ အထည်ချုပ်လုပ်ငန်း လုပ်လျှင် ကိုက်မည်။

## ရှောင်ကြဉ်ရန်အချက်များ

အိမ်ရာဟောင်း မဖျက်သင့်သေးပါ။ အိမ်ရာနှင့် အလုပ် မပြောင်းရွှေ့သင့်ပါ။ စီးပွားရေးလုပ်ငန်းသစ်၊ ကုမ္ပဏီအသစ်များ မတည်ထောင်သင့်သေး။ ခေတ္တခဏ စောင့်ဆိုင်းပါဦး။ မစောင့်နိုင်လျှင် အကျိုးယုတ်မှု ကြုံရပါလိမ့်မည်။ ဒွန်လ ၂၃ ရက်နေ့တွင် လက်ထပ်ခြင်း ရှောင်ပါစေ။

## ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ ခရီးထွက်နိုင်၏။ မိတ်ဆုံနိုင်၏။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ ကူးသန်းရောင်းဝယ်ဖောက်ကားခြင်း ကုန်သွယ်မှု ပြုလုပ်နိုင်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်လျှင် အကျိုးပေးမှု ရှိမည် ဖြစ်ပါသည်။ ဒွန်လ ၁၂ ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့ ဖြစ်ပါသည်။ ထို့ပြင် ရိုးရာကန်တော့ပွဲ၊ ဆုတောင်းပွဲ လုပ်နိုင်ပါသေးသည်။ သင်္ကန်းတစ်ခုခု တက်နိုင်ပါသည်။

## ရှောင်ကြဉ်ရန်အချက်များ

ရေတွင်း၊ ရေကန် တူးဖော်ခြင်း၊ ရေမြောင်းဖောက်ခြင်း မပြုကြရ။ ခိုက်တတ်ပါသည်။ သတိနှင့် ဆင်ခြင်ပါ။ ထို့ပြင် အရက်မချက်ရ၊ အရက်မရောင်းရ။ အကျိုးနည်းမည်။ သစ်ဖောင်မမျှောရ၊ သစ်မခုတ်ရ၊ ထင်းမခွေကြရ။ သစ်လုပ်ငန်း၊ အရောင်းအဝယ်ရှောင်ပါ။ အကျိုးယုတ်မှု ကြုံမည်။ အထူးသတိနှင့် ဆင်ခြင်ပါလေ။

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

*Ref;*

တရုတ်နက္ခတ္တဗေဒပညာ

၂၀၁၆ ခုနှစ်၊ **Hong Kong (China)**



www.burmeseclassic.com

www.burmeseclassic.com

# "ဝ" သုံးလုံး၏ လျှို့ဝှက်ချက်

■ ကုဏ္ဍာသယမဟိဒ္ဓိစေ ဗေဒသုတေသီဆရာမျိုး

ကျွန်ုပ်သည် နယုန်လပြည့်နေ့၌ အောင်ပန်းမြို့ ဝသုံးလုံးတောင်ပေါ်ရှိ ဘရသေ့ဦးနေထိုင်ရာထံသို့ ထပ်မံရောက်ရှိခဲ့လေ၏။

"လာဟေ့...လူလေး။ အတော်ပဲ။ လူလေး ဒီနေ့ရောက်လာတာဟာ လူလေးအတွက် မဟာအခွင့်ထူးကြီး ဖြုံတာပဲဟေ့"

"ဘာများပါလိမ့် အဘရယ်"

"ဒီလိုသားရဲ့။ အဘက နှစ်စဉ် နယုန်လပြည့်နေ့တိုင်းကို ဓမ္မဝိဇ္ဇာမိုရ်ပူဇော်ပွဲကျင်းပလေ့ရှိတယ်ကွဲ့။ အဲဒီလို ကျင်းပတဲ့နေရာမှာ ဘယ်တော့မှ ပရိသတ်ကို ဖိတ်ကြားလေ့မရှိဘူး။ စိတ်ဆက်-ပဋ္ဌာန်းဆက်ရှိတဲ့သူတွေပဲ အလိုလိုရောက်ရှိလာနိုင်ဖို့အတွက် အဘက အဓိဋ္ဌာန်ပြုထားသကွဲ့။ ဒီလို တစ်နှစ်တစ်ခါ ကြုံတောင့်ကြုံခဲ အခွင့်အရေးကြီးကို မမျှော်လင့်ဘဲ လူလေးရရှိသွားတာပေါ့ကွယ်။ ဒီတော့ ဝိဇ္ဇာအောင်မြေမှ အဓိဋ္ဌာန်ပြုပြီး လူလေးလိုရာဆုတောင်းသွားပေါ့ကွယ်။ ပြီးတော့ အရင်က လူလေးကို အဘအချိန်မတန်သေးလို့ ဒီဝိဇ္ဇာအောင်မြေကို မှတ်တမ်းတင်ခွင့်မပြုခဲ့တာကို ဒီနေ့ အချိန်အခါကျပြီဖြစ်လို့ လူလေးစိတ်ကြိုက် မှတ်တမ်းတင်ပူဇော်နိုင်ပါပြီကွယ်"

"ဟာ...ဝမ်းသာလိုက်တာ အဘရယ်"

ဤသို့ဖြင့် ကျွန်ုပ်သည် ဝသုံးလုံးတောင်တော်၏ လျှို့ဝှက်အောင်မြေတစ်ခုဖြစ်ပေထသော ဗုဒ္ဓဟူးထောင့်ရှိ အဘရသေ့၏ ကျောင်းသခ်မ်းအတွင်းမှ ဝိဇ္ဇာအောင်မြေအား ရောင်ပြန်စာဖတ်ပရိသတ်များ ဖူးမြော်ပူဇော်နိုင်ရန်အတွက် ရေးဖွဲ့တင်ပြပါသည်။ (ကျွန်ုပ်အောင်မြေ လေးခုနှင့် ဝသုံးလုံးတောင်သမိုင်းအား ဘုန်းရောင်ဂျာနယ်တွင် အောင်မြေပေါင်းမှ ဝသုံးလုံးဟူသော ခေါင်းပါးဖြင့် ရေးဖွဲ့တင်ပြပြီးဖြစ်ပါသည်။)



အဝင်ဝတွင် ပထမဦးဆုံး စတင်ဖူးမြော်ရသည်မှာ ဆီဆိုင်မြို့ ဝေနာရာမစာသင်တိုက် ကျေးဇူးတော်ရှင် လွှယ်တပီးဆရာတော်ဘုရား ဖြစ်တော်မူသော နိုင်ငံတော် ဩဝါဒ စရိယ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဝေန၏ ပုံတော်နှင့်အတူ ဆရာတော်ဘုရားကြီး အသုံးပြုတော်မူခဲ့သော ထူးခြားဆန်းကြယ် လက်ရာမြောက်လှသည့် ဂမ္ဘီရနဂါးပတ်တောင်ဝေးဝေး

www.burmeseclassic.com



ပင် ဖြစ်ပါလေ၏။ တစ်ဆက်တည်း ထပ်မံဖူးမြော်ရသည်မှာ ဓမ္မဝိဇ္ဇာမိုရ်၊ သူတော်စင်များ သီတင်းသုံးရာ ဂန္ဓမာဒန အဟာရတောင်တန်း ပုံစံတော်ဖြစ်ပါသည်။ တောင်ထိပ်တွင် ဘူမိဖသာ မုဒြာပာန် ကြည်ညိုဖွယ်ရာ ဗုဒ္ဓဆင်းတုကိုယ်စားတော် သီတင်းသုံးတော်မူပါသည်။ ထို့နောက် တောင်တန်းများပေါ်တွင် အဘဘိုးဘိုးအောင်၊ အဘဘိုးမင်းခေါင် ကိုယ်ပွားတော်များ သီတင်းသုံးတော်မူကြပါသည်။ အထက်နံရံတွင် ပုပ္ပားမှ အဘအောင်မင်းခေါင်ပုံတော်ကြီးနှင့်အတူ ကမ္ဘာ့သယာမဟိဒ္ဓိစေတီထီးတော်ကြီးမှ ထွက်ရပ်ပေါက် အဘဆရာတော်များ ပုပ္ပားတောင်ခြေတွင် အဘအောင်မင်းခေါင်၊ အဘဘိုးဘိုးအောင်တို့နှင့်တကွ ဝိဇ္ဇာမယညာဏ်တော်ကို ပွားများကျင့်ကြံ အားထုတ်ကြပုံတို့ကို ချိတ်ဆွဲအပူဇော်ခံထားပါသည်။ နောက်ထပ်တစ်ဖန် ထူးခြားသော ပုံတော်တစ်ခုမှာ ကျောက်ကိုးပွင့် အင်ကြင်းတောရရိပ်သာဟူ၍ စာတန်းရေးထိုးထားသော လောကသမုဒ္ဒရာရေပြင်ကျယ်တွင် ဂန္ဓမာဒနတောင်တန်းကို နောက်ခံထားလျက် သာသနာ့မဏ္ဍင်လှေတော်ပေါ်၌ သာသနာ့ရှေ့ဆောင်ဖြစ်တော်မူသော အဘဘိုးမင်းခေါင်က လှေဦးမှ လှော်ခတ်ကာ သာသနာ့အုတ်မြစ်အမာခံဖြစ်တော်မူသော အဘဘိုးဘိုးအောင်မှ လှေနောက်မှ ကဲ့ကိုင်လျက် အလယ်မှ သာသနာပြုပုဂ္ဂိုလ် စကြာမင်းကို မြေတောင်မြှောက်ခန်းအား ထူးခြားဆန်းကြယ်စွာ တွေ့မြင်ရပါလေ၏။

"ဓမ္မဆိုတဲ့ တရားကို သိသင့်သိထိုက်တာကိုသိပြီး အောင်သွားတဲ့





www.burmeseclassic.com



ပုဂ္ဂိုလ်ကို ဓမ္မဝိဇ္ဇာမိုရ်လို့ ခေါ်တယ် လူကလေး။ ဒီကနေ့ နယုန်လပြည့်နေ့မှာ ဓမ္မဝိဇ္ဇာရ်များရဲ့ ဝိဇ္ဇာဉာဏ်ကို ပူဇော်တဲ့ပွဲပဲ ဖြစ်တယ်။ ဝိဇ္ဇာဉာဏ်ဆိုတာက ပုဗ္ဗေနိဝါသဉာဏ်၊ အာသဝက္ခယဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်ဆိုတဲ့ အဲဒီဉာဏ်သုံးဝ ကို ပူဇော်တာပေါ့ကွယ်။ ဝိဇ္ဇာကို မယုံတဲ့သူတွေကို ယုံအောင်လို့ နယုန်လပြည့်နေ့မှာ လုပ်တာဖြစ်တယ်။ ဘယ်သူကိုမှ မဖိတ်ဘူး။ ဝိဇ္ဇာပဋ္ဌာန်းဆက်၊ ဘဝဆက်၊ သာသနာဆက် ရှိတဲ့သူတွေ အဘထံကို ရောက်လာကြတယ်။ လူလေးအပါအဝင်ပေါ့"

ဝိဇ္ဇာဓာတ်ခန်း၏ ခေါင်းရင်းလက်ဝဲဘက်တွင်ရှိသော မဟိဒ္ဓိပလ္လင်တော်ကို အောင်ပန်းမြို့ (၁)ရပ်ကွက်မှ ဦးစံလှိုင် + ဒေါ်မြတ်မြတ်ထွေး မိသားစုကောင်းမှုအဖြစ် လှူဒါန်းထားပြီးလျှင် မဟိဒ္ဓိပလ္လင်တော်ပေါ်တွင် ယက္ကန်းစင်တောင်ဆရာတော်နှင့် အဘရာကျော်ဆရာတော်တို့ သီတင်းသုံးတော်မူကြပါသည်။ လက်ယာဘက်တွင်ရှိသော သိဒ္ဓိပလ္လင်တော်ကို ဦးဝင်းဦး + ဒေါ်ခင်ဝင်း မိသားစုကောင်းမှုအဖြစ် လှူဒါန်းထားပြီးလျှင် သိဒ္ဓိပလ္လင်တော်ပေါ်တွင် ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်နှင့် သာသနာပြုရသေ့ကြီး ဦးခန္တီတို့ သီတင်းသုံးတော်မူကြပါသည်။

အထက်ပါ ထွက်ရပ်ပေါက်ဝိဇ္ဇာမိုရ် ငါးပါးတို့အား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်၊ ဖယောင်းတိုင်၊ ထီးဖြူ၊ တံခွန်၊ ကုက္ကား၊ သစ်သီး၊ ဆွမ်း၊ ယိုကိုးမျိုး၊ ငှက်ပျောပွဲ၊ ကန်တော့ပွဲ၊ ဝတ္ထုငွေ အစရှိသဖြင့် ဝေဝေဆာဆာလှူဒါန်းပူဇော်ထားပါလေ၏။

"မာလကာဆိုတာက မာမာချာချာ ဖြစ်ဖို့နဲ့ အောင်သပြေဆိုတာက ပြေပြေလည်လည်ဖြစ်ဖို့ဆိုတဲ့ ဓာတ်နိမိတ်တွေပါတယ် သားရဲ့"

ဝိဇ္ဇာမိုရ်များ၏ရှေ့တွင် ငွေပဒေသာပင် လှူဒါန်းထားပြီးလျှင် အထက်တွင် သာသနာ့အောင်လံအလယ်တွင် ဆရာကြီးမင်းသိခ်၏ အစီအမံတစ်ခုဖြစ်သော မဟာဘိသိက် ပျားစွဲသော မှတ်ဆိတ်ဓာတ်ပန်းချီကားတစ်စုံကို မှန်ပေါင်သွင်း၍ ချိတ်ဆွဲထားရှိပါသည်။ ဝိဇ္ဇာပလ္လင်စခန်းနှင့် ဂန္ဓမာဓနတောင်တန်းတို့၏အလယ်တွင် အထက်နံရံ၌ အဘဘိုးဘိုးအောင်၏ မဟာပဋ္ဌမံဓာတ်ပန်းချီကားနှင့် ထွက်ရပ်ပေါက်ဝိဇ္ဇာမိုရ်အပေါင်း၏ ပုံတော်ကားချပ်များကို ချိတ်ဆွဲပြီးလျှင် အောက်တွင် ဘုရသေ့ဦးခန္တီယ၏ ငယ်ဘဝသာသနာပြုစ ပုံတော်များ။ အောင်လံတံခွန်လွှင့်ထူထားချက်များကို တွေ့မြင်ရပြီးလျှင် ဆူးရုံဖူးပွင့်သော အောင်နှင်းဆီများကို ရွှေပန်းအိုးနှင့် ကပ်လှူထားပုံကို တွေ့မြင်ရပါသည်။

ကျွန်ုပ်သည် နယုန်လပြည့်နေ့ တစ်နေ့လုံး ဝသုံးလုံးတောင်ပေါ်တွင်တည်ရှိသော အောင်မြေ ငါးခုစလုံး၌ အဓိဋ္ဌာန်ဆောက်တည်နိုင်ခဲ့ပါသည်။ အဆွေတော် စာရှုသူများအနေနှင့်လည်း အစစအရာရာ အောင်မြင်မှုအပေါင်း၏ အထွတ်အထိပ်သို့ ရောက်ရှိလိုကြသည်ဆိုပါက ရှမ်းပြည်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်ခွဲ၊ အောင်ပန်းမြို့ ပြည်သာယာဈေး အထက်တွင်ရှိသော အောင်မြေပေါင်းရုံး ဝသုံးလုံးတောင်တော်မြတ်သို့ နယုန်လပြည့်နေ့အရောက် အဓိဋ္ဌာန်ဘုရားဖူးခရီး လာရောက်နိုင်ရန် ကြိုးစားကြပါဟု၍ အကျိုးမျှော်ကာ နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း…။

ဘုန်းသာယမဟိဒ္ဓိဓေ ဗေဒသုတေသိဆရာမျိုး

၀၉-၃၂၁၃၂၉၀၆


www.burmeseclassic.com

# ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်

## ၁၃၇၈ ခုနှစ်၊ ကဆုန်လ - နယုန်လ

## 2016 JUNE

| | | |
|---|---|---|
| ဗုဒ္ဓဟူး Wednesday | 1 ၁၁ | |
| ကြာသပတေး Thursday | 2 ၁၂ ရက်ရာဇာ | |
| သောကြာ Friday | 3 ၁၃ | |
| စနေ Saturday | 4 ၁၄ ရက်ရာဇာ | 18 ၁၃ ရက်ရာဇာ |
| တနင်္ဂနွေ Sunday | 5 ၁၅ ကဆုန်လကွယ် | 19 ၁၄ |
| တနင်္လာ Monday | 6 ၁ | 20 ၁၅ နယုန်လပြည့် |
| အင်္ဂါ Tuesday | 7 ၂ ရက်ရာဇာ | 21 ၁ ရက်ရာဇာ |
| ဗုဒ္ဓဟူး Wednesday | 8 ၃ | 22 ၂ အမြိတ္တာစုတ်ရက် |
| ကြာသပတေး Thursday | 9 ၄ ရက်ရာဇာ အမြိတ္တာစုတ်ရက် | 23 ၃ ရက်ရာဇာ |
| သောကြာ Friday | 10 ၅ | 24 ၄ |
| စနေ Saturday | 11 ၆ ရက်ရာဇာ မဟာရက်ကြမ်း | 25 ၅ အမြိတ္တာစုတ်ရက် |
| တနင်္ဂနွေ Sunday | 12 ၇ | 26 ၆ မဟာရက်ကြမ်း |
| တနင်္လာ Monday | 13 ၈ | 27 ၇ |
| အင်္ဂါ Tuesday | 14 ၉ | 28 ၈ ရက်ရာဇာ |
| ဗုဒ္ဓဟူး Wednesday | 15 ၁၀ | 29 ၉ |
| ကြာသပတေး Thursday | 16 ၁၁ ရက်ရာဇာ | 30 ၁၀ ရက်ရာဇာ |
| သောကြာ Friday | 17 ၁၂ | |



၁. ၆. ၂၀၁၆ ဓန်းပြောင်းရက်စွဲ ၁၅. ၆. ၂၀၁၆

### ၂၀၁၆ ခုနှစ်၊ ဇွန်လအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၅. ၆. ၂၀၁၆ ဗုဒ္ဓဟူးနေ့ နံနက် ဝ နာရီ ၅ မိနစ်တွင် မေထုန်ရာသီသို့ ပြောင်းသည်။

အင်္ဂါသည် - ၁၈. ၆. ၂၀၁၆ စနေနေ့ နံနက် ၆ နာရီ ၄၂ မိနစ်တွင် ဗြိစ္ဆာရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၈. ၆. ၂၀၁၆ ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ပြိဿရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၂၇. ၆. ၂၀၁၆ တနင်္လာနေ့ နံနက် ၈ နာရီ ၂၅ မိနစ်တွင် မေထုန်ရာသီသို့ ပြောင်းသည်။

သောကြာသည် - ၃. ၆. ၂၀၁၆ သောကြာနေ့ နံနက် ၆ နာရီ ၁၈ မိနစ်တွင် မေထုန်ရာသီသို့ ပြောင်းသည်။

### ၂၀၁၆ ခုနှစ်အတွက် မေသိဒ္ဓိနက္ခတ်နှင့် ဓန်းယှဉ်ချိန်

(၂၄. ၆. ၂၀၁၆)သောကြာနေ့ နံနက် ၁၀ နာရီ ၂၃ မိနစ် ၁ စက္ကန့်။

(၉. ၆. ၂၀၁၆)ရက်၊ (၂၂. ၆. ၂၀၁၆)နှင့် (၂၅. ၆. ၂၀၁၆)ရက်တို့သည် အမြိတ္တာစုတ်ကျ၍ အကောင်းဆုံးရက်များ ဖြစ်သည်။

### အမြိတ္တာစုတ်ရက်မှာ လုပ်ဆောင်စရာ

*တနင်္ဂနွေသားသမီးသည်* မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။

*တနင်္လာသားသမီးသည်* အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။

*အင်္ဂါသားသမီးသည်* အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။

*ဗုဒ္ဓဟူးသားသမီးသည်* အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။

*ကြာသပတေးသားသမီးသည်* အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။

*သောကြာသားသမီးသည်* အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။

*စနေသားသမီးသည်* တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# ဇွန်လဖွားအတွက် ကံဇာတာ

## ၂၀၁၆ ခုနှစ်၊ ဇွန်လအတွက်

■ ဆရာမိုးဟန်ကြွယ်

အလုပ်လုပ်ကိုင်ရာ လုပ်ငန်းခွင်မှ ရာထူး၊ ဂုဏ်ထူး၊ ဘွဲ့ထူးများ ရရှိတတ်သည်။ သက်ကြီးရွယ်အိုများ၊ မိဘဆရာသမားများကို ပြန်လည်ကျေးဇူးဆပ်ခွင့် ကြုံမည်။ ဘာသာရပ်အသီးသီးကို လေ့လာလိုက်စားရတတ်သည်။ အလှူဒါနများ ပြုဆောင်ရတတ်သည်။

ပညာရေးအထူးကောင်းမွန်နေပါမည်။ မော်တော်ယာဉ်တို့နှင့်ပတ်သက်၍ အကျိုးအမြတ်ရရှိနိုင်ပါသည်။ လောကီမင်္ဂလာကိစ္စရပ်များကို ဆောင်ရွက်ရတတ်သည်။ နိုင်ငံရပ်ခြားသို့ ပညာတော်သင်ခရီး သွားရောက်ရတတ်သည်။ ကျန်းမာရေးအထူးကောင်းမွန်နေပါမည်။ ရပ်ဝေးရပ်နီးမှ လက်ဆောင်ပစ္စည်းများ ရရှိတတ်သည်။

မိမိ၏လုပ်အားကြောင့် လုပ်ငန်းအဆင်ပြေနေတတ်ပါသည်။ အိမ်၊ မြေ၊ ယာများ ရရှိတတ်သည်။ မြို့သစ်ရွာသစ်များသို့ ပြောင်းရွှေ့ရကိန်းရှိသည်။ မျက်စိရောဂါဝေဒနာ ခံစားရတတ်သည်။ မိခင်၏ ကျန်းမာရေးကို ဂရုစိုက်ဖို့လိုမည်။ ဦးခင်သားချင်းတို့၏ ကူညီမှုဖြင့် စိတ်ချမ်းသာမှု ရရှိမည်။ အိမ်ထောင်ဖက်၏ အကူအညီပေးမှုကြောင့် စီးပွားရေးလုပ်ငန်းခွင်များ တိုးတက်ကောင်းမွန်နေလိမ့်မည်။ အိမ်ထောင်ရေးရှင်သန်းချမ်းမြေ့ပါလိမ့်မည်။ ပျိုရွယ်သူများ အချစ်ရေးကိစ္စများကို ဆောင်ရွက်ရတတ်သည်။ ဘာသာရေးလုပ်ငန်းများကို လုပ်ဆောင်ရတတ်သည်။ အောင်ဘာလေထီ ထိုးပေးပါ။ ထီဆုကြီးများ ပေါက်တတ်သည်။

စီးပွားရေးလုပ်ငန်းရှင်များအဖို့ စီးပွားရေးဆိုင်ရာလုပ်ငန်းများ အထူးတိုးတက်အောင်မြင်မည့်ကာလ ဖြစ်ပါသည်။ သားသမီးများအတွက် စိတ်ချမ်းသာရမည်။ ခရီးဝေးထွက်ရတတ်သည်။ ယာဉ်များ၊ ကားများ၊ လျှပ်စစ်ပစ္စည်းများ ဝင်လာတတ်သည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ ငွေများ ဝင်လာတတ်သည်။ ဝမ်းဗိုက်ပိုင်းဆိုင်ရာ လေထိုး၊ လေအောင့်၊ လေထ၊ လေနာရောဂါများ ခံစားရတတ်သည်။ လေပွစာများကို ရှောင်ကြဉ်ဖို့လိုမည်။ ငွေကုန်ကြေးကျလည်းများတတ်ပါသည်။ နိုင်ငံရပ်ခြားသို့ သွားရောက်ခွင့်ကြုံမည်။ အခြေချခြင်းလည်း ဖြစ်တတ်သည်။ ပျိုရွယ်သူများအဖို့ အချစ်ရေး၌ အနှောင့်အယှက်အနည်းငယ်နှင့် ရင်ဆိုင်ကြုံတွေ့ရတတ်သည်။ လုပ်ငန်းခွင်၌ အထက်လူကြီး၏ မျက်နှာသာပေးမှုကို ခံရတတ်သည်။

အောင်ဘာလေထီထိုးမည်ဆိုပါက ဇွန်လ ၅ ရက်၊ ၁၀ ရက်၊ ၁၈ ရက်၊ ၁၉ ရက်၊ ၂၉ ရက်၊ ၃၀ ရက်များတွင် ထိုးပေးပါ။ အပင်များစိုက်လိုပါက အိမ်၏အရှေ့ဘက်တွင် သဖန်းပင်၊ အရှေ့တောင်တွင် သရဖီပင်၊ တောင်အရပ်တွင် သရက်ပင်၊ အနောက်တောင်တွင် အုန်းပင်၊ အနောက်အရပ်တွင် ရှားပင်၊ အနောက်မြောက်အရပ်တွင် ဆီးပင်၊ မြောက်အရပ်တွင် ဆတ်သွား၊ အရှေ့မြောက်တွင် ဥသျှစ်ပင်တို့ကို စိုက်ပျိုးပေးပါက အနှောင့်အယှက်အဖျက်ပယောဂများ ကင်းဝေးပါလိမ့်မည်။

နေအိမ်ဆောက်လုပ်မည်ဆိုပါက အင်္ဂါနေ့၊ ကြာ ပတေးနေ့တို့ကို ရွေးချယ်ဆောက်လုပ်သင့်သည်။ စ ကျိ သွင်းမည်ဆိုလျှင် တနင်္ဂနွေနေ့၊ အင်္ဂါနေ့၊ ဗုဒ္ဓဟူးနေ့၊ သော ကြာ နေ့များကို ရွေးချယ်၍ စပါးကျီသွင်းပါ။ အစစအရာရာ အဆင်ပြေချောမွေ့ပါလိမ့်မည်။

*ယတြာ လုပ်လိုပါက မိမိ၏မွေးနေ့၌ ငါးသက်စေ့လွှတ်ပေးလိုက်ပါ။*

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင် အောင်မြင်စေရန်

## ၂၀၁၆ ခုနှစ်၊ ဖွန်လအတွက်

■ မဟိဒ္ဓိကျော်ခေါင်

**တနင်္ဂနွေသားသမီးများအဖို့**

ဖွန်လ (၁)၊ (၂)၊ (၄)၊ (၈)၊ (၁၂)၊ (၁၈)၊ (၁၉)၊ (၂၅) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**တနင်္လာသားသမီးများအဖို့**

ဖွန်လ (၁)၊ (၂)၊ (၃)၊ (၁၀)၊ (၁၄)၊ (၁၇)၊ (၁၈)၊ (၂၁)၊ (၂၄)၊ (၂၅)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**အင်္ဂါသားသမီးများအဖို့**

ဖွန်လ (၁)၊ (၂)၊ (၆)၊ (၉)၊ (၇၀)၊ (၁၄)၊ (၁၆)၊ (၁၉)၊ (၂၀)၊ (၂၄)၊ (၂၇)၊ (၂၉)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ဗုဒ္ဓဟူးသားသမီးများအဖို့**

ဖွန်လ (၄)၊ (၅)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၅)၊ (၁၈)၊ (၂၂)၊ (၂၃)၊ (၂၉)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ကြာသပတေးသားသမီးများအဖို့**

ဖွန်လ (၄)၊ (၈)၊ (၁၄)၊ (၁၅)၊ (၁၈)၊ (၂၁)၊ (၂၅)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**သောကြာသားသမီးများအဖို့**

ဖွန်လ (၃)၊ (၅)၊ (၆)၊ (၁၀)၊ (၁၂)၊ (၁၄)၊ (၁၇)၊ (၂၀)၊ (၂၁)၊ (၂၄)၊ (၂၇) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**စနေသားသမီးများအဖို့**

ဖွန်လ (၂)၊ (၄)၊ (၅)၊ (၆)၊ (၉)၊ (၁၁)၊ (၁၂)၊ (၁၉)၊ (၂၀)၊ (၂၃)၊ (၂၆)၊ (၂၇)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ရာဟုသားသမီးများအဖို့**

ဖွန်လ (၁)၊ (၅)၊ (၉)၊ (၁၄)၊ (၁၉)၊ (၂၃)၊ (၂၉)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

■ မဟိဒ္ဓိကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# သည်ဇွန်လမှာ ဆောင်ရွက်ပါ

## ၂၀၁၆ ခုနှစ်၊ ဇွန်လအတွက်

နေမျိုးထွဋ်ခေါင်

၁။ ဇွန်လ (၅)၊ (၁၀)၊ (၁၅)၊ (၂၀)၊ (၂၅)၊ (၃၀) စသောရက်များသည် "နန္ဒာတိထိ"တွင် ကျရောက်၏။ ထိုရက်များ၌ ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ်များ ဆောက်လုပ်ခြင်း၊ တံတားများခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ မြေတူးဆွခြင်း စသောအမှုတို့ကို ပြုလုပ်နိုင်ပါသည်။

၂။ ဇွန်လ (၁)၊ (၆)၊ (၁၁)၊ (၁၆)၊ (၂၁) စသောရက်များသည် "ဘဒြာတိထိ"တွင် ကျရောက်၏။ ထိုရက်များ၌ အမည်ပေးခြင်း၊ နားထွင်းခြင်း၊ ထိမ်းမြားမင်္ဂလာဆင်ယင်ကျင်းပခြင်းတို့ ပြုလုပ်နိုင်ပါသည်။

၃။ ဇွန်လ (၂)၊ (၇)၊ (၁၇)၊ (၂၂)၊ (၂၇) စသောရက်များသည် "ဇယာတိထိ"တွင် ကျရောက်၏။ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ အမှုကိစ္စစုံစမ်းထောက်လှမ်းခြင်းတို့ ပြုလုပ်နိုင်ပါသည်။

၄။ ဇွန်လ (၃)၊ (၈)၊ (၁၃)၊ (၁၈)၊ (၂၃)၊ (၂၈) စသောရက်များသည် "ရိတ္တာတိထိ"တွင် ကျရောက်၏။ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ ရေ့ကားထောင်ခြင်း စသောအမှုကိစ္စတို့ကို ကောင်းစွာ ဆောင်ရွက်နိုင်ပါသည်။

၅။ ဇွန်လ (၄)၊ (၉)၊ (၁၄)၊ (၁၉)၊ (၂၄)၊ (၂၉) စသောရက်များသည် "ပုဏ္ဏာတိထိ"တွင် ကျရောက်၏။ သို့ဖြစ်၍ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဋ္ဌင်းခံခြင်း စသော လောကီ၊ လောကုတ် မင်္ဂလာကိစ္စများကို ဆောင်ရွက်နိုင်ပါသည်။

၆။ ဇွန်လ (၉)၊ (၂၂)နှင့် (၂၅) စသောရက်များသည် "အမြိတ္တစုတ်"တွင် ကျရောက်၏။ ထိုရက်များ၌ အဘယ်မျှပင် မိမိအပေါ် မကောင်းကြံစေကာမူ ကိစ္စအဝဝကို အောင်မြင်ပြီးမြောက်စွာ ဆောင်ရွက်နိုင်ပါသည်။

၇။ ဇွန်လ (၂)၊ (၄)၊ (၇)၊ (၉)၊ (၁၁)၊ (၁၆)၊ (၁၈)၊ (၂၁)၊ (၂၃)၊ (၂၈)၊ (၃၀) စသောရက်များသည် "ရက်ရာဇာ"တွင် ကျရောက်၏။ ထိုရက်များ၌ လူမှုရေး၊ ဘာသာရေးကိစ္စများကို ဆောင်ရွက်ပါက ကိစ္စအလုံးစုံ ပြီးမြောက်နိုင်ပြီး နာမည်ဂုဏ်သတင်းလည်း ထင်ရှားကျော်စောတတ်ပါသည်။

ထို့ပြင်ဝါစ်ဝ ကောင်းသောကမ္ဘာ့မြေခံနှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကိတ် အစရှိသော တီထိမြေခံများတွင် အဆောက်အဦဆောက်လုပ်ခြင်း၊ မြေတူးဆွခြင်း လုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။

နေမျိုးထွဋ်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ

# တစ်လတာ

## ၂၀၁၆ ခုနှစ်၊ ဇွန်လအတွက်

■ တောကကိုရင်

> မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ မြေလွတ်မြေရိုင်းတွေလည်း ပေါများလှ၏။ လယ်ယာမြေတို့မှာလည်း ဩဇာမြေဆီကြွယ်ဝသဖြင့် စိုက်ပျိုးသမျှ သီးနှံတို့ ဖြစ်ထွန်းကြသည်မှာလည်း အငြင်းပွားစရာ မရှိပါချေ။ သို့ရာတွင် စိုက်ပျိုးရေးကိစ္စ၌ နည်းစနစ်မှန်ကန်ဖို့ လိုသလို၊ အခါကာလကောင်းကိုလည်း ရွေးချယ်တတ်ဖို့ လိုပေသည်။ သည့်အတွက် ကိုင်းသမား၊ ယာသမား၊ လယ်သမား၊ ဥယျာဉ်ခြံခြေစိုက်ပျိုးကြသူများအတွက် ရည်စူးကာ ဤကာလအခါသမယ၌ သတိပြုဖွယ် စိုက်ပျိုးရေးရာကိစ္စကို ဖော်ပြလိုက်ပါ၏။

၁။ ဇွန်လ (၂)၊ (၄)၊ (၇)၊ (၈)၊ (၁၀)၊ (၁၅)၊ (၁၆)၊ (၁၈)၊ (၂၃)၊ (၂၄)၊ (၂၆)၊ (၃၀) စသော ရက်များသည် အပွင့်၊ အသီးအနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ပျိုးခြင်းတို့အတွက် အကောင်း ဆုံးရက်များ ဖြစ်ကြပါသည်။

၂။ ဇွန်လ (၂)၊ (၄)၊ (၇)၊ (၈)၊ (၁၀)၊ (၁၅)၊ (၁၆)၊ (၁၈)၊ (၂၂)၊ (၂၃)၊ (၂၅)၊ (၂၈)၊ (၃၀) စသောရက်များသည် သီးနှံများမျိုးစေ့ကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ ဇွန်လ (၈)၊ (၁၂)၊ (၂၂)၊ (၂၇) စသောရက်များသည် ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များကို ခုတ်ထွင်ရှင်းလင်းရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ ဇွန်လ (၁)၊ (၄)၊ (၆)၊ (၉)၊ (၁၃)၊ (၁၇)၊ (၁၉)၊ (၂၁)၊ (၂၂)၊ (၂၉) စသောရက်များသည် ထွန်ယက်ခြင်း၊ စိုက်ပျိုး၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်၊ ချုံနွယ်တို့ကို မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥ၊ အမြစ်များ တူးရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

## ၂၀၁၆ ခုနှစ်၊ ဖွန်လအတွက်

**နွယ်သာကီအောင်**

နယုန်မိုးသေး မြက်သားမွေးကြလေပြီ။

နွေခါကာလသမယ ပူပြင်းခြောက်သွေ့သမျှသည် ယခုကျတော့လည်း မိုးအမွှမ်းမှုး၏ မြူးထူးဟစ်ကြွေးမှုကြောင့် ကမ္ဘာမြေပြင်တစ်ခုလုံး စိုပြည်အေးချမ်းသွားခဲ့လေပြီ။ ရေဝတ်သစ်ပင်တို့မှာလည်း မိုးရေချိုချိုတို့ကို သောက်သုံးရ၍ စိမ်းစိုလန်းဆန်းကာ မြရောင်တွေ လွှမ်းခြုံသွားခဲ့ပါချေပြီ။

ဤမျှ နှစ်သက်ချစ်မက်ဖွယ်ကာလ၌ မိမိတို့သည် လောကီရေးရာ ကြီးပွားတိုးတက်ကြောင်းအတွက် ကြံဆလုပ်ကိုင်လျက်ရှိကြသည်။ ထိုသို့ လုပ်ဆောင်ရာဝယ် ကံလည်းရှိရုံမက ဉာဏ်ကပါ ပေးကူလျှင် မကောင်းပါသလော။ သည့်အတွက် ဤသမယ၏ ကောင်းသောရက်များကို ရွေးချယ်လေသောအခါ . . .

---

**၁။ နေအိမ်တိုက်တာဝယ်ဖို့ရာ**

ဖွန်လ (၉)၊ (၁၀)၊ (၁၁)၊ (၁၈)၊ (၂၁)၊ (၂၈) စသောရက်များသည် နေအိမ်တိုက်တာဝယ်ယူဖို့ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၂။ ကား/ယာဉ်စုံစွာ ဝယ်ဖို့ရာ**

ဖွန်လ (၇)၊ (၈)၊ (၉)၊ (၁၆)၊ (၂၄)၊ (၂၅) စသောရက်များသည် ကားများ၊ ယာဉ်များ ဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၃။ ရွှေတွင်း/ကျောက်တွင်း တူးဖို့ရာ**

ဖွန်လ (၅)၊ (၉)၊ (၁၈)၊ (၂၄)၊ (၂၈)၊ (၂၉) စသောရက်များသည် ရွှေတွင်း၊ ကျောက်တွင်းများ တူးဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၄။ ယုဉ်ပြိုင်ကိစ္စ ဆောင်ရွက်ရာ**

ဖွန်လ (၂)၊ (၅)၊ (၈)၊ (၉)၊ (၁၆)၊ (၁၈)၊ (၂၂)၊ (၂၉)၊ (၃၀) စသောရက်များသည် ယှဉ်ပြိုင်ကိစ္စများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၅။ ကျောင်း/အိမ်ဂေဟာ ဆောက်ဖို့ရာ**

ဖွန်လ (၂)၊ (၅)၊ (၈)၊ (၉)၊ (၁၅)၊ (၁၆)၊ (၁၈)၊ (၂၁)၊ (၂၄)၊ (၂၅)၊ (၂၈)၊ (၂၉) စသောရက်များသည် ကျောင်းများ၊ အိမ်ဂေဟာများ ဆောက်လုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၆။ ပွဲလမ်းခံ၊ ရှင်ပြု၊ နားသမင်္ဂလာဆောင်ရွက်ရာ**

ဖွန်လ (၂)၊ (၄)၊ (၅)၊ (၁၀)၊ (၁၆)၊ (၂၁)၊ (၂၅)၊



www.burmeseclassic.com

www.burmeseclassic.com

(၂၈) စသောရက်များသည် ပဋ္ဌင်းခံခြင်း၊ ရှင်ပြုခြင်း၊ နားသခြင်းမင်္ဂလာ ဆောင်ရွက်ခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၇။ အိမ်ပြောင်းရွှေ့ရာ၊ အိမ်သစ်တက်ရာ

ဖွန်လ (၂)၊ (၅)၊ (၁၈)၊ (၂၃)၊ (၂၈)၊ (၂၉)၊ (၃၀) စသောရက်များသည် အိမ်ပြောင်းရွှေ့ခြင်း၊ အိမ်သစ်ဆောက်ခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၈။ အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ

ဖွန်လ (၇)၊ (၈)၊ (၁၀)၊ (၁၅)၊ (၁၆)၊ (၂၂)၊ (၂၃)၊ (၂၅)၊ (၃၀) စသောရက်များသည် အမည်ပေးခြင်း၊ ဆိုင်းဘုတ်တင်ခြင်းကိစ္စရပ်များအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၉။ လက်ထပ်မင်္ဂလာ ကျင်းပရာ

ဖွန်လ (၄)၊ (၅)၊ (၁၅)၊ (၁၆)၊ (၁၈)၊ (၂၁)၊ (၂၃)၊ (၂၈)၊ (၂၉) စသောရက်များသည် လက်ထပ်ထိမ်းမြားမင်္ဂလာ ကျင်းပခြင်းများအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၀။ ခရီးသွားလာ ကောင်းဖို့ရာ

ဖွန်လ (၄) (၈)၊ (၉)၊ (၁၀)၊ (၁၅)၊ (၁၆)၊ (၁၈)၊ (၂၃)၊ (၂၄)၊ (၂၆)၊ (၂၇)၊ (၃၀) စသောရက်များသည် ခရီးသွားလာဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၁။ လယ်ထွန်မင်္ဂလာပြုဖို့ရာ

ဖွန်လ (၂) (၄)၊ (၇)၊ (၈)၊ (၁၀)၊ (၁၅)၊ (၁၇)၊ (၁၈)၊ (၂၃)၊ (၂၄)၊ (၂၆)၊ (၂၇)၊ (၃၀) စသောရက်များသည် လယ်ထွန်မင်္ဂလာပြုလုပ်ဖို့ရာ အကောင်းဆုံးရက်များဖြစ်ကြပါသည်။

၁၂။ ရောင်းပန်းဝယ်ပန်း ပွင့်ဖို့ရာ

ဖွန်လ (၂) (၄)၊ (၇)၊ (၈)၊ (၁၀)၊ (၁၅)၊ (၁၆)၊ (၁၈)၊ (၂၂)၊ (၂၃)၊ (၂၅)၊ (၂၈)၊ (၃၀) စသောရက်များသည် အရောင်းအဝယ်ကိစ္စများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၃။ သီးနှံမျိုးစေ့ကြဲဖို့ရာ

ဖွန်လ (၂) (၄)၊ (၇)၊ (၈)၊ (၁၀)၊ (၁၅)၊ (၁၆)၊ (၁၈)၊ (၂၂)၊ (၂၃)၊ (၂၅)၊ (၂၈)၊ (၃၀) စသောရက်များသည် လယ်ယာ၊ တောင်ယာ၊ ဥယျာဉ်ခြံမြေများ၌ သီးနှံမျိုးစေ့များ ကြဲချစိုက်ပျိုးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၄။ ရေတွင်းရေကန် တူးဖို့ရာ

ဖွန်လ (၂) (၄)၊ (၅)၊ (၇)၊ (၈)၊ (၉)၊ (၁၀)၊ (၁၅)၊ (၁၆)၊ (၁၈)၊ (၂၁)၊ (၂၄)၊ (၂၅)၊ (၂၈)၊ (၂၉)၊ (၃၀) စသောရက်များသည် ရေတွင်းရေကန်များတူးဖော်ခြင်းကိစ္စအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၅။ ပညာကောင်းစွာ သင်ဖို့ရာ

ဖွန်လ (၄) (၅)၊ (၇)၊ (၈)၊ (၉)၊ (၁၅)၊ (၁၆)၊ (၂၄)၊ (၂၅) စသောရက်များသည် ပညာကောင်းစွာ သင်ကြားရန် အကောင်းဆုံးရက်များ ဖြစ်ကြသည်။

၁၆။ ရေသတ္တဝါဖမ်းဖို့ရာ

ဖွန်လ (၈)၊ (၉)၊ (၁၈)၊ (၂၄)၊ (၂၅)၊ (၂၈) စသောရက်များသည် ငါး၊ ပုစွန် အစရှိသော ရေသတ္တဝါများကို ဖမ်းဆီးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၇။ မင်္ဂလာအခါပေးဖို့ရာ

ဖွန်လ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၇)၊ (၈)၊ (၁၀)၊ (၁၂)၊ (၁၄)၊ (၁၆)၊ (၁၇)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၂)၊ (၂၄)၊ (၂၅)၊ (၂၇)၊ (၃၀) စသောရက်များသည် မင်္ဂလာအခါပေးရန် ကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

■ နွယ်သာကီအောင်



www.burmeseclassic.com

www.burmeseclassic.com

# နယုန်လပြည့် ထူးခြားနေ့

တက္ကသိုလ်သျှင်ဥက္ကာ(မဟာဝိဇ္ဇာကျမ်းပြု)

မြန်မာလရာသီ တစ်ဆယ့်နှစ်လရှိသည့်အနက် "နယုန်လပြည့်နေ့"သည် ဂေါတမမြတ်စွာဘုရားရှင်မှ ကပိလဝတ်ပြည်၊ မဟာဝုန်တောကြီးအတွင်း "မဟာသမယသုတ်တော်"ကို ဟောကြားတော်မူသည့်အတွက် ထူးခြားလှပါဘိတော့သည်။ နယုန်လပြည့်နေ့၌ နတ်ဗြဟ္မာများ စုဝေးမိကြသည်။ ထိုအချိန်ကို "မဟာသမယ"ဟု ခေါ်ဆိုကြ၏။ အဲဆိုပါ နတ်သဘင်အစည်းအဝေး၌ အမည်နာမအမျိုးမျိုးကို ထုတ်ဖော်မြွက်ကြား နှုတ်ခွန်းဆက်သောအားဖြင့် မိန့်ကြားသော စကားများကို မဟာသမယသုတ်တော်ဟု ခေါ်ဆိုသည်။

ဗုဒ္ဓဘာသာအပေါ် သက်ဝင်ယုံကြည်ကြကုန်သော ဝေနေယျများအဖို့ နယုန်လပြည့်နေ့သည် အထူးခြားကြီး ထူးခြားလျက်ရှိ၏။ အဲဆိုပါ ထူးခြားချက်များကို ဖွင့်ဆိုရလျှင်

(၁) ရေလုပွဲကြီးဆင်နွှဲသော ဓောင်သူလယ်သမားတို့ ငြင်းခုံရိုက်ခိုက်ရန်ဘေးမှ ကင်းဝေးခြင်း။

(၂) ကပိလဝတ်နှင့် ကောလိယ၊ နှစ်ပြည်ထောင် စစ်ခင်းတော့မည့် ဘေးအန္တရာယ်မှကင်းဝေးပြီး ငြိမ်းချမ်းရေးရသော နေ့ဖြစ်ခြင်း။

(၃) နတ်၊ ဗြဟ္မာ၊ အသူရာနှင့် ဂဠုန်၊ နဂါးများ။ ရဟန်းတော်များ လက်ထက်တွင် ဤတစ်ကြိမ်သာ စုရုံးမိသော နေ့ဖြစ်ခြင်း။

(၄) မင်းသားငါးရာ သာသနာ့ဘောင်သို့ ဝင်ရောက်သောနေ့ ဖြစ်ခြင်း။

(၅) ရဟန်းတော်ငါးရာလုံး ရဟန္တာချည်းဖြစ်သော နေ့ဖြစ်ခြင်း။

(၆) နိမိတ္တဘုရားရှင်က မေးတော်မူ၍ ပကာတိဘုရားရှင်က ဖြေဆိုတော်မူသည်ကို နာယူရသော နေ့ဖြစ်ခြင်း။

(၇) မဟာသမယကို အကြောင်းပြု၍ ဂဠုန်နှင့် နဂါးတို့ ခိုက်ရန်မဖက်ဘဲ မေတ္တာသက်ဝင်သောနေ့ ဖြစ်ခြင်း။

(၈) မဟာသမယဆိုင်ရာ သုတ္တန ခုနစ်မျိုးကို ဟောကြားသောနေ့ ဖြစ်ခြင်း။

(၉) ဘိက္ခုနီသာသနာ လမ်းစပေါ်သောနေ့ ဖြစ်ခြင်း

စသည့် ထူးခြားချက်များသည် နယုန်လပြည့်နေ့တွင် ကြုံကြိုက်ဖြစ်ပွားခဲ့လေသည်။ ဂေါတမဘုရားရှင်သည် သတ္တဝါများအပေါ် မဟာကရုဏာ ပွားများတော်မူလျက် ကဆုန်လပြည့်နေ့၌ ကပိလဝတ်နှင့် ကောလိယနှစ်ပြည်ထောင်ရှိ လယ်သမားတို့ ပဋိပက္ခဖြစ်ပွားတော့မည့်ဆဲဆဲတွင် ကြွရောက်လာကာ ငြိမ်းချမ်းရေးတရားတော်များကို ဟောကြားတော်မူခဲ့၏။ ထိုသို့ ဟောကြားရာ၌ သတ္တဝါများ၏ စိတ်ဓာတ်အရင်းခံ အမျိုးမျိုးအဖုံဖုံတို့အပေါ် အာရုံစွဲငြိ အသိတရားများ ရရှိစေရန်အတွက် -

(၁) ဝဂ်ဂံနှင့် ရက္ခစိုးနတ်တို့ ရန်ငြိုးဖွဲ့မှား၍ နှစ်ဦးစလုံး ပျက်စီးခဲ့ကြသော "ဖန္ဒနဇာတ်တော်"ကိုလည်းကောင်း။

(၂) မြေပြိုပါပြီဟု ထင်ကြေးဖြင့် ဟစ်အော်ထွက်ပြေးသော ယုန်တစ်ကောင်၏ စကားကို ယုံမှား၍ တိရစ္ဆာန်များ အပြေးမှားပြီး ဒုက္ခရောက်ခဲ့ကြသော "ဒုဒ္ဒုဘဇာတ်တော်"ကိုလည်းကောင်း။



www.burmeseclassic.com

www.burmeseclassic.com

(၃) အင်အားသေးငယ်သော ဘီလုံးငှက်မက အင်အားကြီးမားသော ဆင်ပြောင်ကြီးကို အနိုင်ယူဖူး၍ ရန်သူအပေါ် အထင်မသေးသင့်သည့် "လဋုကိကဇာတ်တော်" ကိုလည်းကောင်း။

(၄) ညီညွတ်စဉ်အခါက ရန်သူ၏လက်မှ လွတ်မြောက်သော်လည်း စိတ်ဝမ်းကွဲ၍ အချင်းချင်း မညီမညွတ် ဖြစ်လာသောအခါ ငုံးငှက်များ မုဆိုး၏ ပိုက်ကွန်၌ အမိခံရပုံနှင့် စပ်လျဉ်းသည့် "သမ္မောဒနဇာတ်တော်" ကိုလည်းကောင်း။

(၅) သက်မဲ့ဖြစ်သော သစ်ပင်များသည်ပင် တစ်စုတစ်ဝေးတည်း တည်နေသဖြင့် လေဘေးအန္တရာယ်မှ ကင်းဝေးခဲ့သည့် "ရက္ခဓမ္မဇာတ်တော်" ကိုလည်းကောင်း။

(၆) မိမိကိုယ်ကို ထိန်းသိမ်းဆုံးမရန် "အတ္တဒဏ္ဍသုတ်တော်" ကိုလည်းကောင်း။

အသီးသီး ဟောကြားတော်မူခဲ့ပါသည်။ သည့်အတွက် မေတ္တာဓာတ်များ ကိန်းအောင်းလာကြပြီး ဒေါသဇော ချုပ်ငြိမ်းကုန်ကြသည်။ လက်နက်များ ပယ်စွန့်ကြကုန်သည်။ နှစ်ပြည်ထောင်မှ စုစုပေါင်း မင်းသားငါးရာတို့ သာသနာ့ဘောင်သို့ ဝင်ကြကာ ရဟန်းပြုကြကုန်၏။ ထိုရဟန်းတော်များ သာသနာ့ဘောင်၌ ပျော်မွေ့ကြစေရန်အတွက် ဘုရားရှင်မှ ဟိမဝန္တာတောအတွင်းရှိ ကုဏာလရေအိုင်သို့ တန်ခိုးတော်ဖြင့် ခေါ်ဆောင်ပြီး ကုဏာလငှက်မင်းဇာတ်ကြောင်းကို ဟောကြားလေသောအခါဝယ် တရားတော်အဆုံး၌ ရဟန်းငါးရာလုံး သောတာပန်ဆိုက်ခဲ့ကြလေသည်။ ထို့နောက် ရဟန်းတော်တို့အား တန်ခိုးတော်ဖြင့်ပင် မဟာဝုန်တောကြီးအတွင်းသို့ ခေါ်ဆောင်ပြီး တရားအားထုတ်စေခဲ့ရာ ထိုရဟန်းတော် ငါးရာလုံး အရဟတ္တဖိုလ် ဆိုက်လျက် ရဟန္တာများ ဖြစ်တော်မူခဲ့ကြလေသည်။

ထိုရဟန္တာအပေါင်းသည် နယုန်လပြည့်နေ့ ညချမ်းအချိန်၌ ဘုရားရှင်အား ဖူးမြော်လျက် မိမိတို့ရရှိထားသော တရားတော်များကို လျှောက်ထားရန် စုရုံးရောက်ရှိလာကြသောအခါ နတ်ပြဟ္မာ၊ အသူရာနှင့် ဂဠုန်၊ နဂါးတို့လည်း မဟာဝုန်တောကြီးအတွင်းသို့ စုဝေးလိုက်ပါလာခဲ့ကြလေ၏။ ထိုအခါ ဘုရားရှင်မှ "မဟာသမယသုတ်တော်ကြီးကို" ဟောကြားပြီးနောက်. . .

(၁) ရာဂစရိုက် အားကြီးသူတို့အတွက် "သမ္မာပရိဗ္ဗာဇနီယသုတ်တော်" ကိုလည်းကောင်း။

(၂) ဒေါသစရိုက် အားကြီးသူတို့အတွက် "ကလဟဝိဝါဒ သုတ်တော်" ကိုလည်းကောင်း။

(၃) မောဟစရိုက် အားကြီးသူတို့အတွက် "မဟာဗျူဟသုတ်တော်" ကိုလည်းကောင်း။

(၄) ဝိတက်စရိုက် အားကြီးသူတို့အတွက် "စူဠဗျူဟသုတ်တော်" ကိုလည်းကောင်း။

(၅) သဒ္ဓါစရိုက် အားကြီးသူတို့အတွက် "တုဝဋကသုတ်တော်" ကိုလည်းကောင်း။

(၆) ပညာစရိုက် အားကြီးသူတို့အတွက် "ပုရာဘေဒသုတ်တော်" ကိုလည်းကောင်း။

ဟောကြားတော်မူခဲ့ရာ နတ်ပြဟ္မာပေါင်း ကုဋေတစ်သိန်းစီ ကျွတ်တန်းဝင်ကြကုန်၏။ သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်များအဖို့ နယုန်လပြည့်နေ့သည် အထွတ်အမြတ်ထားစရာ နေ့ထူးနေ့မြတ်ဖြစ်ပါကြောင်း။ အဆိုပါနေ့၌ မွန်မြတ်သဒ္ဓါယုံကြည်စွာဖြင့် ကုသိုလ်ဘာဝနာများ ပွားများအားထုတ်သင့်ပါကြောင်း နှိုးဆော်တိုက်တွန်းလိုက်ရပါတော့၏။

[illegible] သိုလ်သျှင်ဥက္ကာ (မဟာဝိဇ္ဇာကျမ်းပြု)

<u>ကျမ်းကိုး</u>

- ငါးရာ့ငါးဆယ်ဝတ္ထု။
- အခါတော်နေ့များ (မာဃဗိ-သာစည်)



www.burmeseclassic.com

www.burmeseclassic.com



# ဥဒိန်ကျော်ခေါင်နတ်

## နန်းကြော့သျှင်

တပေါ်ယမြန်မာနိုင်ငံကြီး ထူထောင်နိုင်ခဲ့သော အလောင်းမင်းတရားကြီးတွင် အိမ်ရှေ့မင်း(နောင်တော်ကြီး)၊ မြေဒူးမင်း(ဆင်ဖြူရှင်)၊ အမြင့်မင်း၊ ဗဒုံမင်း(ဘိုးတော်ဘုရား)၊ ပခန်းမင်း၊ ပင်းတလဲမင်းသားတော် ခြောက်ပါးရှိသည်။ ကုန်းဘောင်ဆက် နှစ်ဆက်မြောက် နောင်တော်ကြီး(စစ်ကိုင်းမင်း) ၁၁၂၃ ခုနှစ် လက်ထက်တွင် နတ်ဖြစ်သွားသည့်တိုင် နိုင်ငံတော်တာဝန်ကို ဆက်လက်တာဝန်ထမ်းဆောင်ခြင်း၊ နတ်ဘဝ၌ပင် ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ခြင်းခံရသော နတ်တစ်ပါးပေါ်ထွက်ခဲ့သည်။ ထိုနတ်ကား ဥဒိန်ကျော်ခေါင်နတ် ဖြစ်သည်။

ဇင်းမယ် ငါးဆယ့်ခုနစ်ခ ၊ကို သိမ်းရုံးရန် နောင်တော်ကြီးမင်း၏ ၁ပ်များ စစ်ချီတက်လာ ကြသည်။ မြင်းခုနစ်ရာ ငါးဆယ်၊ သူရဲ ခုနစ်ထောင့်ငါးရာကို တပ်ကြီးများဖွဲ့ ဘာယဂါမထိ၊ မင်းလှသီရိ၊ နေမျိုးလက်ဝဲကျော်ခေါင်တို့ ဦးဆောင်လာကြသည်။ အဆိုပါထပ်များ



www.burmeseclassic.com

www.burmeseclassic.com

ထဲတွင် ဘောတ်ချောင်းဗိုလ်သည် ဥဒိန်ကျော်ခေါင်ဘွဲ့ရ တပ်မှူးတစ်ဦးဖြစ်သည်။ မုတ္တမမြစ်အရှေ့ဘက် ကော့ဒွန်းအရပ်တွင် ဒလပန်းသည် အလုံးအရင်းနှင့် လမိုင်းဝန်အချုပ်ခန့်၍ ရေကြောင်း၊ ကြည်းကြောင်း ချီတက်ကြသည်။ ထိုသို့ချီတက်ရာလမ်းကြောင်းတွင် အရပ်အနေ မသင့်၍ တပ်ပျက်ကာ ဥဒိန်ကျော်ခေါင်ဘွဲ့ခံ ဘောတ်ချောင်းဗိုလ် ကွယ်လွန်ပြီး နတ်ဖြစ်သွားသည်။

နတ်ဖြစ်လျှင်ဖြစ်ချင်း ရွှေဘိုသို့ပြန်ရောက်လာသည်။ နန်းတော်တွင်းသို့ဝင်ပြီး နောင်တော်ကြီးမင်း စက်တော်ခေါ်နေသည်ကို ခြေတော်အား လှုပ်ပြီးနှိုးသည်။ မင်းကြီးနိုးလာသောအခါ မိမိသည် စစ်ချီရင်း သေဆုံးသွားပြီဖြစ်ကြောင်း၊ ယခု နတ်ဖြစ်နေကြောင်း၊ မင်းကြီးအုပ်ဝယ် အစောင့်အနေဖြင့် ဆက်လက်တာဝန်ထမ်းဆောင်ပါမည့်အကြောင်း လျှောက်တင်လေသည်။ မင်းကြီးကလည်း…

"ကောင်းပြီ ဥဒိန်ကျော်ခေါင်နတ်၊ နန်းတော်ရဲ့ လေသာဆောင်မှာ အစောင့်အနေဖြင့် တာဝန်ထမ်းရွက်စေ"

ဟု အမိန့်တော်ရှိလိုက်သည်။ တစ်ချိန်တွင် မုတ္တမမြို့တွင်ထားသော ကင်းတပ်ကို ယိုးဒယားမှ ကင်းဝန်၊ ကင်းပတ်တို့က လာရောက်ထိပါးနှောင့်ယှက်ကြောင်း ကြားသိလိုက်ရသည်။ မင်းကြီးလည်း မြင်းသည်ကျော်တို့အား တောင်ငူကြောင်းစေလွှတ်ပြီး အနေအထား အကြောင်းအရာဖြစ်ရပ်တို့ကို စုံစမ်းထောက်လှမ်းစေသည်။ အချိန်ကြာမြင့်သည်အထိ အထောက်အစေလွှတ်သော မြင်းသည်ကျော်တို့ ပြန်ရောက်မလာသဖြင့် စိုးရိမ်ပူပန်ကြောင့်ကြတော်မူသည်။ နန်းလေသာဆောင်မှ အဝေးသို့မျှော်ကြည့်နေသော မင်းကြီးသည် ဥဒိန်ကျော်ခေါင်နတ်ကို သတိအမှတ်ရလိုက်သည်။ ဥဒိန်ကျော်ခေါင်နတ်ကို စုံစမ်းရန် ထပ်မံစေလွှတ်လိုက်သည်။

ဥဒိန်ကျော်ခေါင်နတ်သည် ရွှေဘိုသို့ နေ့ချင်းပြန်ရောက်လာသည်။

"အရှင်မင်းကြီး မုတ္တမမြို့မှာ အကြောင်းခြင်းရာတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါ။ အရင်က အထောက်တော်စေလွှတ်လိုက်တဲ့ မြင်းသည်ကျော်တို့လည်း ရွှေဘိုကို ပြန်လာကြပါပြီ။ ကျွန်တော်မျိုး တွေ့ခဲ့ရတာကတော့ တောင်ငူမြို့ ခပေါင်းမြစ်ချောင်းထိပ် မန်ကျည်းပင်အောက်မှာ ထမင်းဟင်းများ ချက်ပြုတ်စားနေကြပါတယ်။ ကျွန်တော်မျိုးတို့ ရောက်နေတာသိရအောင် မန်ကျည်းပင်ကိုင်းကို ကိုင်းဆွဲလှုပ်ပြီး မန်ကျည်းကိုင်းတွေချိုးချ ခြောက်လှန့်ခဲ့ပါသေးတယ်။ မုတ္တမမြို့ဝန်ထံမှ ရန်သူအနှောင့်အယှက်မရှိ အေးချမ်းသာယာငြိမ်ဝပ်ပါကြောင်း တင်လျှောက်စာဟာ မြင်းသည်ကျော်တို့နဲ့အတူ ပါလာတာကို မြင်တွေ့ခဲ့ရပါတယ်"

မင်းကြီးလည်း ဥဒိန်ကျော်ခေါင်နတ် တင်ပြလျှောက်ထားသည်များကို သေချာစွာ မှတ်ထားလိုက်သည်။ မြင်းသည်ကျော်များ ပြန်ရောက်ကြသောအခါ ဥဒိန်ကျော်ခေါင်နတ်ပြောသည့်အတိုင်း မှန်ကန်နေသည်ကိုတွေ့ရသည်။ ဥဒိန်ကျော်ခေါင်နတ်ကလည်း အမှုတော်ကို ထမ်းဆောင်ရသဖြင့် ဘွဲ့အသနားတော်မြတ် ခံယူလိုကြောင်း လျှောက်ထားသည်။ မင်းကြီးက "ဇဝနယက္ခကျော်ခေါင်"ဟူသောဘွဲ့ကို ရွှေပြားတွင်ရေးသား၍ ကလပ်ပေါ်တွင်တင်ကာ ပေးသနားတော်မူသည်။ ကိုယ်ထင်ပြ၍ ဘွဲ့ကိုယူရမည်ဟု မိန့်တော်မူရာ…

"အရှင်မင်းကြီး ကျွန်တော်မျိုးမှာ အလွန်တရာ ရုပ်ဆင်းဆိုးဝါးတာကြောင့် ရုပ်ကိုမပြလိုပါ။ ဒါပေမယ့် မင်းကြီးနဲ့တကွ မှူးမတ်ဗိုလ်ပါများ ထင်ရှားသိသာအောင် ဘွဲ့တော်ကို ခံယူပါ့မယ်"

ထိုသို့ပြောဆိုပြီး မှူးမတ်တို့အလယ်တွင် ထိုဘွဲ့ပုံကို(ချည်ကြိုးဖြင့်)ဆွဲ ယူသွားသည်ကို မှူးမတ်များက တအံ့တဩ မြင်တွေ့လိုက်ကြရသည်။ အဆိုပါ မင်းကြီးချီးမြှင့်ပေးသနားသော "ဇဝနယက္ခကျော်ခေါင်" ဘွဲ့တံဆိပ်ရွှေပြားသည် ဥဒိန်ကျော်ခေါင်နတ်အဖြစ် မင်းကြီးမှ တာဝန်ချထားသော လေသာဆောင် ထုပ်လျှောက်ကြားတွင် တလှုလှု လွင့်လျက်ရှိနေပေတော့သည်။

နန်းကြော့သျှင်



www.burmeseclassic.com

www.burmeseclassic.com

# အရှင်ဒေဝိန္ဒာဘိဝံသနှင့် ဓမ္မစကူးလ်

တက္ကသိုလ်သခင်

စာရေးသူသည် ဂျာနယ်နှင့်သတင်းစာများတွင် ဓမ္မစကူးလ်များအကြောင်း ဖတ်ရသည်မှအစပြု၍ ယင်းဓမ္မစကူးလ် စိတ်ဝင်စားလာသည်။ အမန်မှာ ဓမ္မသင်တန်းကျောင်းကို ဓမ္မစကူးလ်ဟု ခေါ်ခြင်းဖြစ်ကြောင်း လေ့လာသိရှိခဲ့ရ၏။

ဤသည်နှင့် ဆက်စပ်၍ သိမ်ကြီးဈေး(စီ)ရုံ အဆောင် (၄)၊ ပထမထပ်တွင် ဖွင့်လှစ်ထားသော ဓမ္မရောင်ခြည်ဓမ္မဒါနဖောင်ဒေးရှင်းက ဓမ္မဒါနအဖြစ် ဖြန့်ဝေသော ယခင်ဓမ္မစကူးလ်နှင့် ယခု ဆန်းဒေးစကူးလ် လက်ကမ်းစာစောင်ကို ရရှိခဲ့ပါ၏။

ယင်းစာစောင်တွင် အရှင်ဒေဝိန္ဒာဘိဝံသ၏ ယခင်ဓမ္မစကူးလ်နှင့် ယခု ဆန်းဒေးစကူးလ်အကြောင်း ဆောင်းပါးတို ဖတ်ရှုလိုက်ရ၏။ ယင်းစာစောင်တွင် ဆရာတော် အရှင်ဒေဝိန္ဒာဘိဝံသ၏ သာသနာရေးဆိုင်ရာ အတွေ့အကြုံများကို ရေးသားထားရာ လွန်စွာ စိတ်ဝင်စားဖွယ်ကောင်းလှ၏။

သို့ဖြစ်၍ ရောင်ပြန်မဂ္ဂဇင်းဖတ်ရှုသူ စာဖတ်ပရိသတ်များလည်း ဗဟုသုတရရှိပြီး ကုသိုလ်ယူနိုင်ရန် တင်ပြရပါ၏။

ဆရာတော်က ငယ်စဉ်တဝ ဓမ္မစာပေ သင်ကြားခဲ့ရပုံ အတွေ့အကြုံများကို ဤသို့ ဖော်ပြထားသည်။

"မိမိတို့ ကျောင်းသားပေါက်စ အရွယ်က ညနေ ၇ နာရီ ဘုရားဝတ်တက်အပြီးမှာ ရွာဦးကျောင်းဘုန်းကြီးကို ဝတ်ပြုပေးရင်း ဘုန်းကြီးက စာတိုပေစများ၊ ကဗျာများကို နှုတ်တိုက်ချပေးသည်ကို မိမိတို့ကျောင်းသား ကိုရင်များက အလွတ်ထိုက်ဆိုခဲ့ရသည်။

တစ်ခါတစ်ရံ အဖွဲ့လိုက်၊ တစ်ခါတစ်ရံ တစ်ယောက်ချင်းဆိုရ၏။ ပြီးမှ ဘုန်းကြီးက ဆိုင်ရာဆိုင်ရာ အဓိပ္ပာယ်များကို ကလေးများသဘောပေါက်အောင် ရှေးဟောင်းနှောင်းဖြစ်များ၊ ငါးရာ့ငါးဆယ်လာ ဖြစ်တော်စဉ်များ၊ ရိုးရာပုံပြင်များကိုလည်း စိတ်ဝင်စားမှုရှိအောင် ပြောပြ၏။ အချိန်ကား တစ်နာရီကျော်ဝန်းကျင်ခန့် ကြာမြင့်လေသည်။

ဤသည်ကား တစ်ညတာ မဟုတ်၊ အလုပ်မရှိလျှင် ညစဉ်ညတိုင်းတည်း။ ထို့ကြောင့် ရွာဦးကျောင်းက ညဦးယံသည် မိမိတို့ကျောင်းသားကိုရင်လေးများအတွက် ယနေ့ခေတ်အနေနှင့် ပြောရလျှင် ဓမ္မစကူးလ် (Dhamma School) ဖြစ်ပေတော့သည်။

## စာသင်တိုက်ကြီးသို့ မယောင်မလည်

ဆရာတော်သည် ၁၀ နှစ်သား အရွယ်မှာ ရှင်သာမဏေဝတ်ပြီး ၁၃ နှစ်သားအရွယ်တွင် စာပေများသင်ကြားရန်အတွက် မုံရွာမြို့ ဇေတဝကစာသင်တိုက်ကြီးသို့ ပျော်ပျော်ပါးပါးသွားခဲ့လေသည်။

စာသင်တိုက်ကြီးသို့ ရောက်ပြီးသည့်နောက်တွင် သဒ္ဒါကြီးစာအုပ်၊ အဘိဓမ္မတ္ထသင်္ဂဟ စာအုပ်တို့ကို ကိုင်ဆောင်ပြီး အလွတ်ကျက်မှတ်ရလေသည်။ ထိုသို့ကျက်မှတ်ရင်း အဘိဓမ္မတ္ထ သင်္ဂဟစာအုပ်မျက်နှာဖုံးတွင် ရေးသားထားသည့် သီဟိုဠ်ကျွန်း အရှင်အနုရုဒ္ဓါ မထေရ်စီစဉ်ရေးသားအပ်သော အဘိ ဓမ္မတ္ထသင်္ဂဟဟူသော စာကို တွေ့မိသောအခါ မိမိတို့နယ်မြို့ရွာလေးမှ မုံရွာကိုသွားသည့် ကတ္တရာလမ်းကိုပင် အာရုံတိုက်၏ အကြီးဆုံးလမ်းမကြီးဟုထင်ခဲ့သော မိမိသည် သီဟိုဠ်ကျွန်းဆိုတာ ဘယ်မှာလဲ၊ တနင်္သာရီတိုင်းဒေသကြီးမှာလား၊ ရခိုင်ပြည်နယ်မှာလားဟု မယောင်မလည်နှင့် ဝိုးတဝါးတွေဝေစဉ်းစားခဲ့မိသည်။ ယင်းသို့စဉ်းစားမိရင်း စာသင်တိုက်မျိုးစုံသို့ သွားရောက်၍ ပရိယတ္တိစာပေများကို သင်ယူခဲ့သည်၊ ထို့နောက် သူ့အရွယ်နှင့်သူ သတ်မှတ်ထားသည့် စာမေးပွဲများကို ကြိုးစားပြီး ဝင်ရောက်ဖြေဆိုရင်း အသက် ၂၇ နှစ်သို့ ချဉ်းနင်းရောက်ရှိခဲ့လေသည်။ သာမဏေကျော် ဓမ္မစရိယသာကျသီဟဟူသော ဘွဲ့များကိုလည်း ရရှိခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဂန္ထဝင်စာပေ၊ ကမ္ဘာကျော်တက္ကသိုလ်၊ နိုင်ငံတကာ သမိုင်းဝင်ဖြစ်စဉ်များနှင့်အတူ B.A.M.A, Ph.D စသော ဘွဲ့ဒီဂရီများကို ခွဲခြမ်းစိတ်ဖြာသည့် အတွေးများသည် ရင်မှာ မသိမသာ နိုးအောင်းမိလေပြီ။ ထို့ကြောင့် အရှင်သုမနပါလ B.A(ကိုလံဘို)၊ အရှင်ရေဝတာမှ M.A(ကောလနီယ)၊ အရှင်ရာဟုလာနန္ဒ Ph.D(ဘုံဘေ)စသည့်အားဖြင့် ရေးသားထားသည်များကို တွေ့ရသောအခါ ယင်းနိုင်ငံတကာသုံး ဘွဲ့ဒီဂရီများကို လိုချင်သည့်စိတ်များ ဖြစ်မိလေသည်။

ယင်းဘွဲ့ဒီဂရီများကို လိုချင်သည့်အတွက် သီဟိုဠ်ကျွန်း (ခေါ်) သီရိလင်္ကာနိုင်ငံသို့ သွားရောက်၍ ပညာသင်ယူချင်သည့် ဆန္ဒများ ဖြစ်မိလေသည်။

ဘာသာရေးခေါင်းဆောင်များ ဖြစ်ကြသည့် မိမိတို့ ရဟန်းတော်များသည် ကျောင်းသခ်ိမ်းမှာပင် ကိန်းအောင်းမနေကြဘဲ အခြားသူတို့၏ လုပ်ကွက်ကိုလည်း ကျော်၍ကြည့်တတ်ဖို့ လိုပေသည်။ တစ်ကွက်နောက်ကျလျှင် မိစ္ဆာကျားတို့၏ ဝါးမြိုခြင်းကို ခံရမည်သာတည်း။ မိမိတို့အားလုံး လည်စင်းခံကြဖို့သာ ပြင်ကြတော့။ တို့ခြံစည်းရိုးကို လုံအောင်ကာဖို့ ကြိုးပမ်းကြပါစို့ဟု ဝံသာနုစိတ်ဓာတ် ပြင်းထန်လှသည့် ဆရာတော်တစ်ပါးက ပြောခဲ့ဖူးပါသည်။

ထိုအမြင်ကြောင့်ပင် မိမိသည် ကလေးသူငယ်များအတွက် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများကို မုံရွာ၊ ပခုက္ကူ စသည့်မြို့များ၌ ဖွင့်လှစ်ပို့ချခဲ့ပါ၏။ ကလေးတရားပွဲများကိုလည်း ဟောပြောပေးခဲ့၏။ ကချင်ပြည်နယ် နမ္မတီးမြို့သို့ သွားရောက်ပြီးကလေးများကို တရားဟောသည့်အခါ တရုတ်ကြီးတစ်ယောက်က "လူငယ်ကောင်းမှ လူကြီးကောင်းမှာ၊ လူကြီးကောင်းမှ တိုင်းပြည်ကောင်းမှာပေါ့။ ဒါကြောင့် ကလေးများကို တရားဟောသင့်တယ်ဘုရား"လို့ လျှောက်ထားပြီး ကလေးများအတွက် မုန့်ပဲသရေစာနှင့် ဘောလ်ပင်၊ ဗလာစာအုပ်များကို လှူဒါန်းခဲ့လေသည်။ ဤသည်ကား မိမိဦးစီးပြီး ဟောပြောပို့ချပေးခဲ့သည့် ရက်တို မွေစကူးလ်များပင်တည်း။ အမှန်တကယ်ကား ရေရှည်စီမံကိန်းရေးဆွဲပြီး မွေစကူးလ်များကို ရက်ရှည်ပို့ချသင့်ပေသည်။ တရားဟောသည့်အခါ၌လည်း လူမျိုးကိုချစ်သည့်စိတ်၊ ဘာသာကိုချစ်သည့်စိတ်များ ထားရှိကြဖို့ လိုအပ်ကြောင်းကိုလည်းကောင်း၊ အမျိုး ဘာသာ၊ သာသနာကို ထောက်ပံ့နိုင်ဖို့အတွက် စီးပွားရေးဖြစ်ထွန်းအောင်လုပ်ဖို့ လိုအပ်ကြောင်းကိုလည်းကောင်း လောကီကြီးပွားရေးတရားများကို ဦး စားပေးဟောခဲ့၏။ ယင်းသို့သော လုပ်ရပ်များကြောင့်ပင် ပတ်ဝန်းကျင်၏ အားပေးထောက်ခံမှုများကို ထိုက်သင့်သလောက် ရရှိခဲ့ပါသည်။

## သီရိလင်္ကာနိုင်ငံ၏ မြတ်ဗုဒ္ဓအပေါ် အလေးထားမှု

မိမိသည် အသက် ၃၅ နှစ်ကျော်သောအခါမှသာ အနှစ်နှစ်အလလက အိပ်မက်မက်ခဲ့သည့် သီဟိုဠ်ကျွန်းခေါ် သီရိလင်္ကာနိုင်ငံသို့ ဆိုက်ရောက်ခဲ့ပါတော့သည်။ သီရိလင်္ကာနိုင်ငံသားများ၏ မြတ်ဗုဒ္ဓအပေါ် တလေးတစား တန်ဖိုးထားသည့်စိတ်ကို အားရကျေနပ်မိပါသည်။

အစိုးရရုံးများ၌လည်း ရဟန်းတော်များကို အထူးဦးစားပေး၍ လုပ်ပေးခြင်း၊ တစ်ခါတစ်ရံ အစိုးရရုံးသို့ နေ့ဆွမ်းစားချိန်ရောက်သွားလျှင် ဆွမ်းတောင် ကပ်လှူလိုက်သေးပါသည်။ ဘတ်စ်ကားများ၌လည်း ရဟန်းသံဃာတော်များအတွက် အမြဲတမ်း နှစ်နေရာ စာပေးထားသည်ကို တွေ့မြင်ရ၏။ ဂိတ်စောင့်ရဲဘော်များသည် ဘုန်းကြီးရဟန်းများကိုတွေ့လျှင် ပရိတ်ချည်ကို တောင်းလေ့ရှိ၏။ ရဟန်းတော်များပါဝင်သော ကားများကို စစ်ဆေးမေးမြန်းခြင်းမလုပ်ဘဲ အလွယ်တကူပင် ခွင့်ပြု၏။ အစိုးရရုံးများကလည်း ဗုဒ္ဓဘာသာဝင်များကို ဦးစားပေးနေရာချ၏။ ဥပုသ်စောင့်ချင်သူများ ဥပုသ်စောင့်နိုင်ဖို့အတွက် လပြည့်နေ့တိုင်းကို အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်ထား၏။ ညနေခင်းဆိုလျှင် ဘုန်းကြီးကျောင်းများ၌ စေတီပင်ကို ပန်း၊ ဆီမီးတို့ဖြင့် ပူဇော်ကြ၏။

## ဆန်းဒေးစကူးလ် (Sunday School)

ဆန်းဒေးစကူးလ်ဟူသည်မှာ တနင်္ဂနွေနေ့တိုင်း ဗုဒ္ဓဝင်၊ ရာဇဝင်၊ ယဉ်ကျေးမှု စသည်များကို အထူးသင်ကြားပေးသော ကျောင်းဖြစ်ပေသည်။ ယင်းကျောင်းများသည် ပုဂ္ဂလိကပိုင် မဟုတ်ကြ။ နိုင်ငံတော်အစိုးရကိုယ်တိုင်က ပညာရေးစနစ်ကို သတ်မှတ်ပေးပြီး စည်းမျဉ်းဥပဒေနှင့်အညီ ဖွင့်လှစ်ထားသော ကျောင်းများဖြစ်သည်။ နေရာကား ဘုန်းကြီးကျောင်းများပင်တည်း။

"အရင်းစစ်လျှင် အမြစ်မြေက"ဆိုသကဲ့သို့ ယင်းသို့လျှင် နိုင်ငံတော် တစ်နိုင်ငံလုံးက မိမိတို့ဗုဒ္ဓဘာသာကို



www.burmeseclassic.com

www.burmeseclassic.com

အသက်တမျှ တန်ဖိုးထားခြင်းဖြစ်၏။ အကြောင်းမှာ သီရိလင်္ကာနိုင်ငံ အစိုးရ၏ ဆန်းဒေးစကူးလ်များကြောင့်ပင် ဖြစ်ပေသည်။

ယင်း ဆန်းဒေးစကူးလ်ကို ၁၈၈၁ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် အမေရိကန်နိုင်ငံသား ဟင်နရီအောလ်ကော့ (Henryolcott) (သာသနာ့အလံကို တီထွင်သူ)က ကိုယ့်အားကိုယ်ကိုးဖြင့် စတင်တည်ထောင်ခဲ့ပါသည်။

ဆန်းဒေးစကူးလ်ကို -

(၁) သူငယ်တန်း (Primary)

(၂) ၁ တန်းမှ ၁၀ တန်း (Grade I to Grade 10)

(၃) နောက်ဆုံးအဆင့် ၁၊ အဆင့် ၂ (Final 1,2) ဟု အတန်းပေါင်း ၁၃ တန်း ခွဲခြားပြီး သင်ကြားပေးသည်။

## ပြဋ္ဌာန်းစာပေများ

ပြဋ္ဌာန်းထားသည့် စာပေများမှာ ငါးရာ့ငါးဆယ်လာ ဇာတ်တော်များ။ ဓမ္မပဒကျမ်းလာ ဘုရားလက်ထက်က အဖြစ်အပျက်များကများများ။ ပါရမီ ၁၀ ပါးအကြောင်း။ ဒါနသီလစသော ပုညကြိယ ဝတ္ထု ၁၀ ပါးတိုင်းအဓိပ္ပာယ်၊ အဘိဓမ္မာသဘောအဓိပ္ပာယ်၊ သုတ္တန်ပါဠိက ပါဠိလာမှတ်သားဖွယ်တရားများ။ သီရိလင်္ကာ ဗုဒ္ဓဘာသာသမိုင်း။ ဗုဒ္ဓဘာသာနှင့်ပတ်သက်သည့် ရှေးဟောင်းယဉ်ကျေးမှုဗိသုကာအကြောင်း။ ရှေးဘုရင်တိုင်း အောင်ပွဲနှင့် စစ်သူကြီးများ၏ အစွမ်းသတ္တိစသည်တို့ကို ဖော်ပြထားသည့် ရာဇဝင်များ။ ထေရဝါဒဗုဒ္ဓဘာသာတို့၏ ကွဲပြားခြားနားပုံတို့ ဖြစ်ပါသည်။

## ကျောင်းတက်ပုံအစီအစဉ်

ကျောင်းသား၊ ကျောင်းသူများသည် တနင်္ဂနွေနေ့တွင် နံနက် ၇ နာရီ မှစ၍ ကျောင်းသို့လာကြ၏။ အထက်အောက်အဖြူရောင်ဝတ်စုံများကို ရိုးရာဓလေ့အတိုင်း ဝတ်ဆင်ကြရ၏။ နိုင်ငံတော်အစိုးရက Sunday School ဝတ်စုံအဖြစ် သီးသန့်သတ်မှတ်ပေးထား၏။ ယောကျ်ားလေးများအတွက်လည်က တုံးလက်ရှည် ရှပ်အင်္ကျီအဖြူနှင့် လုံချည်အဖြူဖြစ်ပြီး မိန်းကလေးများအတွက် ဆာရီဆိုသည့် ရိုးရာအဖြူဝတ်စုံ ဖြစ်ပါသည်။

## နိုင်မာသည့် အခြေခံအုတ်မြစ်

သီရိလင်္ကာနိုင်ငံရှိ ကလေးများသည် ဤကဲ့သို့ ဘုရားရှိခိုး၊ ဩဝါဒခံယူ ဗုဒ္ဓစာပေများကို သင်ကြားကြရသည်မှာ တစ်ပတ်မဟုတ်၊ တစ်နှစ်မဟုတ်၊ နှစ်ပေါင်း ၁၃ နှစ်။ ယင်းကဲ့သို့ နှစ်ပေါင်းများစွာ ဗုဒ္ဓတရားနှင့် ထိတွေ့နေကြရကာ ကလေးများ၏ ဘာသာကို ချစ်မြတ်နိုးသည့်စိတ်၊ လူမျိုးကိုချစ်သည့်စိတ်မှာ ဦးခေါင်းထဲတွင် သံမှိုနက်သကဲ့သို့ စွဲမြဲသွားပါတော့သည်။

နိုင်ငံတော်အစိုးရကလည်း ဗုဒ္ဓဘာသာဝင် ကျောင်းသားကျောင်းသူများကို ဆန်းဒေးစကူးလ်သို့ မဖြစ်မနေတက်ရောက်သင်ကြားကြရမည်ဟု စည်းမျဉ်းထုတ်ထားသည်။ နိုင်ငံအကြီးအကဲများကလည်း အားပေးကြ၏။

အစိုးရရုံးများ၊ ပုဂ္ဂလိက ကုမ္ပဏီများတွင် အလုပ်ဝင်ရောက် လုပ်ကိုင်ရန်လျှောက်ထားသည့်အခါ ယင်းဆန်းဒေးစကူးလ်မှ အောင်လက်မှတ်ကို ပြကြရသည်။ မပြနိုင်လျှင် အလုပ်ရဖို့ မလွယ်ကူပေ။

မြန်မာနိုင်ငံတွင်လည်း ယခုအချိန်မှစပြီး ဓမ္မသင်တန်းကျောင်း (သို့မဟုတ်) ဓမ္မစကူးလ်များကို မိမိတို့တတ်စွမ်းသမျှ ဖွင့်လှစ်တည်ထောင်သင့်လှပေသည်။

## ဗုဒ္ဓဝါဒီစွဲ၍တည်မည်

- အိုးမဖုတ်ခင်၊ အိုးလုပ်စဉ်ဝယ်
  အိုးတွင်ခတ်နှိပ်၊ မှတ်တံဆိပ်ကား
  မပြုတ်မစဲ၊ အိုးပင်ကွဲလည်း
  အမြဲတစေ၊ တည်ရှိနေသို့။
- ထွေထွေသွေးသား၊ ကလေးများ၌
  ဘုရားတံဆိပ်၊ ဘာသာစိတ်ကို
  ခတ်နှိပ်နိုင်မှ၊ သက်ဆုံးကျအောင်
  ဗုဒ္ဓဝါဒီ၊ စွဲ၍တည်မည့်
  ကိုယ်စီခတ်နှိပ်စေသတည်း။

(မဟာဂန္ဓာရုံဆရာတော်. အရှင်ဇနကာ ဘိဝံသ)

❀

တက္ကသိုလ်သခင်



www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်ရိုက်ယတြာရွှေပညာ (၄၁)

တွန်းပွင့်ထွန်း

"မောင်သန်းဇော် တစ်ပတ်လောက်ပျောက်နေတာ ဘာဖြစ်လို့လဲ"

"ပျောက်ဆို အစ်ကိုရာ၊ ခယ်မတစ်ယောက် မင်္ဂလာဆောင်ကိစ္စနဲ့ အိမ်က မိန်းမက ခရီးထွက်သွားတော့ ကျွန်တော်ပဲ အိမ်မှာကျန်တယ်လေ။ အိမ်ကိစ္စ၊ ကလေးတွေကိစ္စနဲ့ မအားဘူး။ အိမ်ကို ပစ်ထားပြီး ညဘက် အစ်ကို့ဆီကို လာလို့မဖြစ်ဘူး။ ဒီနေ့မှပဲ မိန်းမပြန်ရောက်လာလို့ အစ်ကို့ဆီလာနိုင်တာ"

"မောင်သန်းဇော်များ ခွေးနွေးရတာ စိတ်ပျက်ငြီးငွေ့ပြီး မလာတော့တာလားလို့"

"မဟုတ်ပါဘူး အစ်ကိုရာ။ ဘယ်တော့မှ စိတ်မပျက်ဘူး။ ငါမသွားတဲ့အတွက် အစ်ကိုများ ငါ့ကို စိတ်ပျက်နေပြီလားလို့တောင် တွေးနေသေးတယ်။ လူက မလာနိုင်ပေမယ့် အချိန်ကျရင် စိတ်က အစ်ကို့ဆီရောက်နေတာပါ။ မိန်းမ ရွာကပြန်လာတော့ ငါးခြောက်တွေပါလာတယ်။ အစ်ကို့အတွက် ငါးရောင်ခေါင်းအခြောက်တွေ ယူလာခဲ့တယ်။ ဒီနေ့လည်း စကားပြောရင်း ရေနွေးကြမ်းနဲ့မြည်းဖို့ ငနုပ်ခြောက်မီးဖုတ်ပြီး အမျှင်လေးတွေ ဖွဲ့ဖွဲ့ပြီး ဆီစိမ်လာခဲ့တယ်"

"အလကား ဒုက္ခရှာလို့ကွာ"

"နို့ပြီး အစ်ကိုက မစားဘူးလား"

"စားစရာက အိမ်ပေါ်ထိ ရောက်လာပြီးမှတော့ မစားဘဲ ဘယ်နေပါ့မလဲ"

သို့ဖြင့် မောင်သန်းဇော်ယူလာသော ငါးရောင်ခေါင်းကိုကား အိမ်ရှင်မက သိမ်းလိုက်၏။ ငါးနုပ်ခြောက်ဆီဆမ်းကိုလည်း ပန်းကန်တစ်ဝက်ဖြင့် ခွဲယူသွားလေ၏။ ခဏအကြာတွင် ငါးနုပ်ခြောက်ဖုတ်နှင့် ရေနွေးကြမ်းကို စားသောက်ရင်း စကားဝိုင်းကို စကြလေ၏။

"မနေ့တုန်းက ခွေးနွေးခဲ့တဲ့ နောက်ဆုံးအကြောင်းအရာက ဘာလဲ"

"ရန်အခါမှာ ဓာတ်ယတြာပြုမိရင် ဓာတ်ခိုက်တတ်တယ်ဆိုတဲ့ အကြောင်းပါ။ ရန်ဓာတ်အခါရဲ့ သဘောတရားကို အစ်ကိုမရှင်းပြရသေးဘူး။ ရန်ဓာတ်အခါဆိုတာ ဘယ်လိုအခါမျိုးဟာ ရန်ဓာတ်အခါပါလို့ သိမှလည်း ရန်ဓာတ်အခါ ရှောင်လို့ရမှာပေါ့"

"ဟုတ်ပါပြီ။ အဲဒါကိုပဲ ရှင်းပြမှာပါ။ မောင်သန်းဇော် အနေနဲ့ နေ့တစ်နေ့မှာ အခါရှစ်ပါး ပိုင်းခြားထားတာကို သိပါတယ်နော်"

"သိပါတယ် အစ်ကို"

"နေ့တွေရဲ့ အချင်းချင်း ရန်ဘက်လက်ာဖြစ်တဲ့ ဦးညို၊ ခေမာ၊ သုတ၊ ဝေရီ ရန်စီစီဆိုတဲ့ လက်ာကိုလည်း သိမှာပေါ့"

"သိပါတယ် အစ်ကို။ ဒါဆိုရင် ရန်ဘက်အခါဆိုတာ လက်ာအရ 'ဦး'ဆိုတဲ့ တနင်္ဂနွေနေ့မှာ 'ညို'ဆိုတဲ့ အင်္ဂါအခါဟာ ရန်ဓာတ်ပေါ်တဲ့အခါလို့ ယူဆရမလား"

"ဦးညို၊ ခေမာ၊ သုတ၊ ဝေရီ ဆိုတဲ့ ရန်ဓာတ်လက်ာအရ ဆိုရင် မောင်သန်းဇော်ပြောသလိုပဲ...

'ဦးညို'အရ 'ဦး'တနင်္ဂနွေနေ့မှာ 'ညို'အင်္ဂါအခါဟာ ရန်ဓာတ်ပေါ်တယ်။ ပြောင်းပြန်အားဖြင့် 'ညို'ဆိုတဲ့ အင်္ဂါနေ့မှာ 'ဦး'ဆိုတဲ့ တနင်္ဂနွေအခါဟာ ရန်ဓာတ်ပေါ်တဲ့အခါလို့ တွေးစရာရှိတယ်။

ထို့အတူပဲ...

'ခေမာ'အရ 'ခေ' တနလ်ာနေ့မှာ 'မာ'ဆိုတဲ့ ကြာသပတေးအခါဟာ ရန်ဓာတ်ပေါ်တယ်။ ပြောင်းပြန်အားဖြင့် 'မာ' ဆိုတဲ့ ကြာသပတေးနေ့မှာ 'ခေ'ဆိုတဲ့ တနလ်ာအခါဟာ ရန်ဓာတ်ပေါ်တဲ့အခါလို့ ဆိုစရာရှိတယ်၊ ဒါပေမယ့် အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com

ယူဆရင် တကဲ့တက်စင်အောင် မှားတယ်"

ဒါဆိုရင် ဦးညို၊ ခေမာ၊ သုတ၊ ဝေရီ ဆိုတဲ့ ရန်ဓာတ်အရ ရန်ဓာတ်အခါ ကောက်ယူပုံကတော့ -

(၁) 'ဦး'ဆိုတဲ့ တနင်္ဂနွေနေ့မှာ 'ညို'ဆိုတဲ့ အင်္ဂါနံဟာ အဓိပတိဖြစ်တဲ့ တိုင်ထိပ်ကို ရောက်ရှိနေတဲ့အခါကို ဆိုလိုတယ်။

(၂) ပြောင်းပြန်အားဖြင့် ပြောရမယ်ဆိုရင် 'ညို'ဆိုတဲ့ အင်္ဂါနေ့မှာ 'ဦး'ဆိုတဲ့ တနင်္ဂနွေနံဟာ အဓိပတိဖြစ်တဲ့ တိုင်ထိပ်ကို ရောက်ရှိနေတဲ့အခါကို ဆိုလိုတယ်"

"ရှင်းအောင် ပြောပြပါလား အစ်ကို"

တစ်ခါတစ်ခါမှာ ကိုယ်သိထားတာကို တစ်ဖက်လူ နားလည်အောင် ရှင်းပြရတာ အတော်ကိုခက်ခဲတယ်။ ဒါပေမယ့် အတတ်နိုင်ဆုံး နားလည်အောင် ရှင်းပြပေးပါ့မယ်။ ပထမဦးဆုံး မောင်သန်းဇော် နေ့ခုနစ်နေ့ရဲ့ မူလတိုင်တွေကို ကြို့တင်ပြီး စာရွက်မှာ ရေးချထားလိုက်ပါ။ ဒါမှ ရှင်းပြရ လွယ်ကူလိမ့်မယ်"

"ဟုတ်ကဲ့ အစ်ကို"

| | | | | | | | |
|---|---|---|---|---|---|---|---|
| (အင်္ဂပတိ) | | | | | | | |
| | ၅ | ၆ | ၀ | ၁ | ၂ | ၃ | ၄ |
| | ၂ | ၃ | ၄ | ၅ | ၆ | ၀ | ၁ |
| | ၆ | ၀ | ၁ | ၂ | ၃ | ၄ | ၅ |
| (မူလ) | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၀ |
| | ၄ | ၅ | ၆ | ၀ | ၁ | ၂ | ၃ |
| | ၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | ၃ | ၄ | ၅ | ၆ | ၀ | ၁ | ၂ |

"နေ့ခုနစ်နေ့ရဲ့ မူလတိုင်ကို ရေးချထားပြီးပါပြီ အစ်ကို"

"ဒါဆိုရင် တနင်္ဂနွေမူလတိုင်ရဲ့ တိုင်ထိပ်ဖြစ်တဲ့ အဓိပတိနေရာမှာ ဘာနံဂြိုဟ်တည်ရှိနေသလဲ"

"ကြာသပတေးနံဂြိုဟ်ပါ အစ်ကို"

"တိုင်ထိပ်မှာရှိတဲ့ ကြာသပတေးနံဟာ ဘယ်နံနဲ့ ရန်ဓာတ်ကျနေသလဲ"

" 'ခေမာ'ဆိုတဲ့ ရန်ဓာတ်အရ 'ခေ'ဆိုတဲ့ တနင်္လာနံနဲ့ ရန်ဓာတ်ကျပါတယ်"

"ကောင်းပြီ။ သေသေချာချာ နားထောင်နော်။

'ခေ'ဆိုတဲ့ တနင်္လာနေ့မှာ 'မာ'ဆိုတဲ ရန်ဓာတ် ကြာသပတေးနံဟာ အဓိပတိတိုင်ထိပ်ကို ရောက်နေတဲ့ တနင်္ဂနွေအခါဟာ ရန်ဓာတ်အခါလို့ မှတ်ရမယ်"

"ပိုပြီး ရှင်းအောင်ပြောပြပါလား အစ်ကို"

"ဒါဆိုရင် နံတိုင်မူလရဲ့ တိုင်ထိပ် အဓိပတိနံဂြိုဟ်တွေ တည်ရှိနေပုံကို အရင်တွဲပြီး မှတ်ထားလိုက်ရအောင်။ ဒါမှ ရှင်းပြရတာ သဘောပေါက်လွယ်လိမ့်မယ်"

"တနင်္ဂနွေအခါမှာ ကြာသပတေးတိုင်ထိပ်၊

တနင်္လာအခါမှာ သောကြာတိုင်ထိပ်၊

အင်္ဂါအခါမှာ စနေတိုင်ထိပ်၊

ဗုဒ္ဓဟူးအခါမှာ တနင်္ဂနွေတိုင်ထိပ်၊

ကြာသပတေးအခါမှာ တနင်္လာတိုင်ထိပ်၊

သောကြာအခါမှာ အင်္ဂါတိုင်ထိပ်၊

စနေအခါမှာ ဗုဒ္ဓဟူးတိုင်ထိပ်၊

ဒါကို အောက်ပါအတိုင်း အင်္ဂါနဲ့ တိုင်ထိပ်ရောက်နံဂြိုဟ်အဓိပတိကို အလွယ်တကူ အတိုကောက်မှတ်လိုက်ရအောင်။

အောင်မြင်၊ ခင်သောင်း။ ဆောင်းနွေ

ဝေဦး။ ဖူးငုံ၊ သုန်စု

နဝါ။ အခါနဲ့ အဓိပတိ၊ သိရှိစေရာ"

"အစ်ကိုပြောတာတွေကို မှတ်ထားပြီးပါပြီ"

"ဒါဆိုရင်...

တနင်္ဂနွေရဲ့ရန်သူက အင်္ဂါ 'ဦးညို'စကားအရ

အင်္ဂါတိုင်ထိပ်မရောက်တဲ့အခါက သောကြာအခါ။

ဒါကြောင့်မို့...

(၁) တနင်္ဂနွေနေ့မှာဆိုရင် အင်္ဂါအဓိပတိတိုင်ထိပ်မှာ ရှိတဲ့ သောကြာအခါဟာ ရန်ဓာတ်အခါပေါ့။

အချုပ်ပြောရရင်...

တနင်္ဂနွေနေ့မှာ သောကြာအခါဟာ ရန်ဓာတ်အခါမို့ ဓာတ်ခိုက်တတ်တယ်။ အဲဒီ သောကြာအခါမှာ ဓာတ်ရိုက်



www.burmeseclassic.com

www.burmeseclassic.com

ယတြာမလုပ်ရဘူး။ သဘောပေါက်ပါတယ်နော်"

"သဘောပေါက်ပါတယ် အစ်ကို"

"တစ်ခါထပ်ပြီး တနင်္ဂနွေနေ့မှာ ရန်စာတ်အခါဖြစ်တဲ့ သောကြာအခါဟာ ဘယ်အချိန်လဲဆိုတာ သိဖို့လိုသေးတယ်။ တနင်္ဂနွေနေ့ရဲ့ အခါရှစ်ပိုင်းကို အချိန်နဲ့တကွ ချကြည့်ရအောင်။ လင်္ကာအရ သူရဋ္ဌ၊ သောကြာ၊ ဗုဒ္ဓ၊ စန္ဒြာ၊ သောရီ၊ ဂုရု၊ ဘောမ၊ သူရဋ္ဌလို့ တနင်္ဂနွေနေ့မှာ အခါရှစ်ပိုင်းခွဲတယ်။ အခါ တစ်ပိုင်းကို တစ်နာရီခွဲခြားတယ်။ ဒီတော့ တနင်္ဂနွေနေ့မှာ -

နံနက် ၆း၀၀ နာရီမှ ၇း၃၀ နာရီထိ ပထမ သူရဋ္ဌ၊ တနင်္ဂနွေအခါ။

နံနက် ၇း၃၀ နာရီမှ ၉း၀၀ နာရီထိ ဒုတိယ သောကြာ၊ သောကြာအခါ။

နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီထိ တတိယ ဗုဒ္ဓ၊ ဗုဒ္ဓဟူးအခါ။

နံနက် ၁၀း၃၀ နာရီမှ ၁၂း၀၀ နာရီထိ စတုတ္ထ စန္ဒြာ၊ တနင်္လာအခါ။

မွန်းတည့် ၁၂း၀၀ နာရီမှ မွန်းလွဲ ၁း၃၀ နာရီထိ ပဉ္စမ သောရီ၊ စနေအခါ။

မွန်းလွဲ ၁း၃၀ နာရီမှ ၃း၀၀ နာရီထိ ဆဋ္ဌမ ဂုရု၊ ကြာသပတေးအခါ။

မွန်းလွဲ ၃း၀၀ နာရီမှ ၄း၃၀ နာရီထိ သတ္တမ ဘောမ၊ အင်္ဂါအခါ။

မွန်းလွဲ ၄း၃၀ နာရီမှ ၆း၀၀ နာရီထိ အဋ္ဌမ သူရဋ္ဌ၊ တနင်္ဂနွေအခါတွေ ဖြစ်တယ်။

(၂) ဒါကြောင့်မို့...

၁။ တနင်္ဂနွေနေ့မှာ ရန်စာတ်အခါဟာ သောကြာအခါ။

၂။ တနင်္ဂနွေနေ့မှာ သောကြာအခါဟာ ဒုတိယအခါ။

၃။ ဒုတိယအခါဟာ ၇း၃၀ နာရီကနေ ၉း၀၀ နာရီ အတွင်းဆိုတော့...

တနင်္ဂနွေနေ့မှာ အင်္ဂါအဓိပတိဖြစ်တဲ့ သောကြာအခါဟာ နံနက် ၇း၃၀ မှ ၉း၀၀ နာရီအတွင်း ဖြစ်တာမို့ အဲဒီအချိန်ဟာ ရန်စာတ်အခါဖြစ်တဲ့အတွက် စာတ်ရိုက်ယတြာပြုရင် စာတ်နိုက်တဲ့ ဆိုးကျိုးကို ရရှိစေတယ်။ တနင်္ဂနွေနေ့မှာ ရန်စာတ်အခါကောက်ယူပုံကို အကျယ်ချဲ့ဆွေးနွေးပြီးပြီမို့ ကျန်နေ့တွေမှာလည်း ရန်စာတ်အခါ၊ ရန်စာတ်အချိန်ကို ရှာဖွေလို့ ရပြီပေါ့"

"ဟုတ်ကဲ့၊ ရပါပြီအစ်ကို"

"ဒါက ရန်စာတ်အခါကို ရှာဖွေတတ်အောင် ပြောတာပါ။ နေ့ခုနစ်နေ့လုံးအတွက် ရှာဖွေပြီးသား ရန်စာတ်အခါနဲ့ အချိန်ကို မှတ်သားထားဖို့ ပြောဦးမယ်"

၁။ တနင်္ဂနွေနေ့မှာ ဒုတိယအခါ ၇း၃၀ နာရီမှ ၉း၀၀ နာရီထိ။

၂။ တနင်္လာနေ့မှာ ပဉ္စမအခါ ၁၂း၀၀ နာရီမှ မွန်းလွဲ ၁း၃၀ နာရီထိ။

၃။ အင်္ဂါနေ့မှာ စတုတ္ထအခါ နံနက် ၁၀း၃၀ နာရီမှ ၁၂း၀၀ နာရီထိ။

၄။ ဗုဒ္ဓဟူးနေ့မှာ တတိယအခါ နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီထိ။

၅။ ကြာသပတေးနေ့မှာ ပထမအခါ နံနက် ၆း၀၀ နာရီမှ ၇း၃၀ နာရီထိ။

၆။ သောကြာနေ့မှာ ဆဋ္ဌမအခါ မွန်းလွဲ ၁း၃၀ နာရီမှ ၃း၀၀ နာရီထိ။

၇။ စနေနေ့မှာ သတ္တမအခါ မွန်းလွဲ ၃း၀၀ နာရီမှ ၄း၃၀ နာရီထိ

မှာ ရန်စာတ်အခါတွေ ဖြစ်ကြတယ်။ ဒီနေ့ ဒီလောက်နဲ့ပဲ နားကြရအောင်"

•

ဘုန်းမြင့်ထွန်း

၀၉-၂၅၅၇၁၀၇၆၃



www.burmeseclassic.com

www.burmeseclassic.com

# အနိစ္စ ဒေသနာတော် (၂၃)

■ မဟာထွန်း

ကုန်ခဲ့သည့်လက ယောက်ျားလှူမိုက်ကြီးတို့ ကမ်းကုန်အောင်မိုက်ပြီး နောက်ဆုံးတွင် ဘုရားရှင်၏ တရားတော်များကို နာကြားမှတ်သားရ၍ တရားထူး ရရှိသွားကြသည့်အကြောင်း ... တင်ပြရင်း နောက်ဆုံးမှာသာ ဒသက ဆယ်ချက် စသော ... ပဿနာ အနိစ္စဒေသနာတော်ကို ထည့်သွင်းပေးခဲ့သည်။ တရား...ဘားကို ထည့်သွင်းခဲ့သည်။

ငါတို့၏ ဓမ္မယောဂီအပေါင်းတို့သည် အနိစ္စ စသော တရားစဉ်များကို အမြင်သန်နေကြပြီးဖြစ်၍ တရားသားကို သင့်ရုံမျှသာ ထည့်သွင်းပြီး တရားနှင့်နွယ်သော အကြောင်းအရာများကိုသာ အဓိကထားကာ တိုတိုကျဉ်းကျဉ်း ရေးသားခဲ့သည်။

တရားတော်၏ အပေါ်တွင် ငါတို့ ဓမ္မပရိသတ်များ၏ စိတ်အားထက်သန်လာကြစေရန်အတွက် ရည်ရွယ်ပြီး ထိုကဲ့သို့ ဓမ္မဝတ္ထုသွားများကို ထည့်သွင်းပေးခြင်းလည်း ဖြစ်သည်။ သို့မဟုတ်ပါက တချို့သော ဓမ္မပရိသတ်တို့သည် ငါတို့ တရားပင်ရနိုင်ပါ့မလားဟု သံသယဝင်နေတတ်သည်ကို ကြားဖူးသည်။

တချို့သော ဓမ္မယောဂီများမှာ ယခုအခါ သာသနာတော်ကြီးသည် ဆုတ်ယုတ်လာနေပြီ။ နှစ်ထောင့်ငါးရာကျော်လာနေပြီ။ ထို့ကြောင့် မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော တရားထူးမြတ်တို့ကို ရနိုင်ပါတော့မလားဟု မိမိတို့၏ ကံတရားအပေါ်တွင် မယုံမရဲဖြစ်ကာ လျှော့တွက်နေကြသည်ကိုလည်း ကြားဖူးသည်။

ထိုကဲ့သို့ သံသယကပ်ငြိလျက် ဝိနယကုက္ကုစ္စဖြစ်နေတတ်ကြသည်မှာ မိမိတို့၏ သဘောအလျောက် အပိုအလွန် သံသယဝင်နေကြခြင်းမျှသာ ဖြစ်သည်။ မည်သည့်ကျမ်းစာပေမှာမျှ သာသနာတော်ကြီး နှစ်ထောင့်ငါးရာ ... လွန်လာ၍ တရားထူးဓမ္မ မြတ်များကို မရနိုင်တော့ဘူးဟူ၍ ဆိုထားသည်ကို မတွေ့ဖူးပေ။

ဘုရားရှင်ကိုယ်တိုင်ပင် ပရိနိဗ္ဗာန်မစံဝင်မီလေးတွင် မဟာပရိနိဗ္ဗာနသုတ်တော်၌ သုဘဒ္ဒရဟန်းအား ဆုံးမဟောကြားတော်မူခဲ့သည်မှာ -

"ချစ်သား သုဘဒ္ဒ . . . ငါဘုရားသာသနာတော်၌ နည်းလမ်းမှန်ကန်စွာဖြင့် ဝိပဿနာတရားတော်မြတ်ကို ပြပေးသော ဆရာလည်းရှိမည်။ ထိုတရားတော်ကို နာယူ၊ မှတ်သား၊ လိုက်နာ၊ ကျင့်သုံး၊ ရှုမှတ်ပွားများသော ယောဂီပုဂ္ဂိုလ်လည်း ရှိမည်ဆိုလျှင် ငါဘုရား၏ သာသနာတော်၌ အရိယာသူတော်ကောင်းကြီးများ ဆိတ်သုဉ်းခြင်း မရှိပေ"ဟူ၍ ဟောကြားတော်မူခဲ့သည်။

ဤမဟာပရိနိဗ္ဗာနသုတ် တရားတော်ကို ထောက်ဆ၊ ကြည်ညိုသောအားဖြင့် မိမိတို့ဘာသာ ဆုံးဖြတ်ပြီး စွပ်စွဲ၍ မနေသင့်ပေ။ ဝိပဿနာတရားတော်မြတ်ကို နည်းလမ်းမှန်ကန်စွာဖြင့် နာယူမှတ်သား ရှုမှတ်ပွားများပါမူ အခါမရွေး တရားထူး ဓမ္မမြတ်တို့ကို ရနိုင်သည်ဟူ၍သာ ကြည်ညိုကြရပေမည်။

ထို့ကြောင့် ယခင်ကာလ မိုက်မဲသော (မမြတ်သော) ယောက်ျားကြီးများအကြောင်းကို ရေးသားတင်ပြခဲ့ပြီး ယခုလအတွက်လည်း မမြတ်သော အမျိုးသမီးအချို့တို့ နှံမှရာမှ အမြင့်အမြတ် အထွတ်အထိပ်ဖြစ်သော တရားထူး တရားမြတ်အဆင့်ဆင့် (မဂ်အဆင့်ဆင့်၊ ဖိုလ်အဆင့်ဆင့်) ရရှိသွားကြသည်ကို တင်ပြပေဦးမည်။

ဘာသာရေးလေ့လာကာ၌ သိရိမာအကြောင်းကို လှုတိုင်း



www.burmeseclassic.com

www.burmeseclassic.com

ပင် ကြားဖူး၊ သိဖူးကြပေလိမ့်မည်။ သီရိမာကို သိနိုင်ဖူး၊ ကြားနိုင်ဖူးသော အကြောင်းအရာ သုံးမျိုးခန့်အထိ ရှိနိုင်သည်။

သီရိမာသည် ပိဋကတ်တော်၌ အကျော်အမော်ဖြစ်သော ဆေးဆရာကြီး ဆရာဇီဝက၏ ညီမအရင်းဖြစ်သည်။

သီရိမာသည် ရာဇဂြိုဟ်ပြည်သူ၊ နိုင်ငံကျော် အလှမယ်ဖြစ်သည်။

သီရိမာသည် အကြီးစား ပြည့်ကြီးတန်ဆာမကြီးတစ်ယောက်၏ သမီးဖြစ်သည်။ သူ့အရွယ်ရောက်လာသောအခါ ဇရာပိုင်းကို ရောက်လာနေသော မိခင်ကြီး၏ နေရာကို ဝင်ယူရသည်။ ထို့ကြောင့် သူသည်လည်း အကြီးတန်း ပြည့်ကြီးတန်ဆာမ ဖြစ်လာခဲ့သည်။ ထို့နောက် ပြည့်ကြီးတန်ဆာအဖြစ်မှ သောတာပန်တိုင်အောင် အဆင့်မြင့်သော ဗုဒ္ဓ၏ သာဝိကာမတစ်ယောက် ဖြစ်သည်။ စသည်ဖြင့်...။

ထို့ကြောင့် သီရိမာ သောတာပန်မ ဖြစ်လာပုံအကျဉ်းကို တင်ပြပေတော့မည်။

မဥတ္တရာသည် ဗုဒ္ဓဘာသာဝင်ဖြစ်သော်လည်း မိစ္ဆာဒိဋ္ဌိဖြစ်သော လင်ယောက်ျား၏ တစ်ညတာမျှပင် ခွင့်ပြုချက်ကို မရသောကြောင့် ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်များအား ဆွမ်းဖြင့်လုပ်ကျွေးခွင့်၊ တရားထူးမွေများကို နာယူမှတ်သားခွင့် စသည်များကို မရရှိပေ။

လင်ဝတ္တရားကျေသော မိန်းမမြတ် ဖြစ်သောကြောင့် ငါ့မိ၏ဆန္ဒ ဆွမ်းလောင်းလှူလိုခြင်း၊ တရားဓမ္မ နာကြားပွားများလိုခြင်း ကိစ္စအတွက် လင်ယောက်ျားနှင့်လည်း ဆန္ဒချင်းကွဲပြားသော ပဋိပက္ခကို မဖြစ်လိုပေ။

ထို့ကြောင့် များစွာစိတ်မကောင်းဖြစ်၍ နေရလေရာ တစ်နေ့သောအခါတွင် တစ်စုံတစ်ခုကို အမှတ်ရ၍ ဆိုခဲ့သည့် အကြောင်းအရာ အခက်အခဲများကို ပြည့်ပြည့်စုံစုံရေးသားပြီး ဖခင်ဖြစ်သူ သူဌေးကြီးထံသို့ ပို့လိုက်လေသည်။

ထို့ကြောင့် ဖခင်ဖြစ်သူ သူဌေးကြီးမှာလည်း သမီး၏ အဖြစ်ကို သိလိုက်ရ၍ များစွာ စိတ်မကောင်းဖြစ်ကာ သမီး၏ စိတ်ဆန္ဒအလျောက် ဖြစ်နိုင်ဖွယ် အကြောင်းတစ်ခုကို စဉ်းစားမိပြီး ငွေတစ်သောင်းခွဲနှင့်အတူ စာတစ်စောင်ကိုလည်း ရေးပေးလိုက်သည်။

"သမီး...ဤကိစ္စသည်ကား များစွာသော အခက်အခဲဖြစ်နိုင်ဖွယ် မရှိပေ။ တစ်ည တစ်ထောင်ကျဖြင့် နိုင်ငံကျော်အလှမယ် ပြည့်ကြီးတန်ဆာမ သီရိမာကိုငှား၍ သင်၏ လင်ယောက်ျားအား ပေးထားလိုက်လျှင် သမီးသည် ပြုလိုသော ဒါန၊ သီလ၊ ဘာဝနာများကို ပြုလုပ်ခွင့်ရရှိပေလိမ့်မည်"

မဥတ္တရာသည်လည်း ဖခင်သူဌေးကြီး၏စာကို ဖတ်ရှုပြီးဆုံးလျှင် များစွာပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေသည်။ ချက်ချင်းဆိုသလိုပင် သီရိမာ၏ အထံသို့သွားပြီးလည်း စကားဆိုကြည့်လေသည်။ အဆင်ပြေလျှင် အိမ်သို့ သီရိမာကို မိစ္ဆာဒိဋ္ဌိလင်ယောက်ျားအား ပြသည်။

နဂိုကပင် ကာမရာဂအရာတွင် လွန်ကဲလျက်ရှိသော လင်ယောက်ျားသည်လည်း အလှမယ် သီရိမာကို မြင်လျှင် လွန်စွာပင် နှစ်သက်သဘောကျပြီး လက်ခံလေသည်။ ထို့ကြောင့် မဥတ္တရာသည် သီရိမာကို ငွေတစ်သောင်းခွဲပေးကာ လင်ယောက်ျားနှင့် ထားပေးလိုက်လေသည်။

ထိုနေ့သည်ကား သီတင်းကျွတ်ရန် ဆယ့်ငါးရက်မျှ အလိုတွင် ရှိနေသောကြောင့် တစ်ဆယ့်ငါးရက်တို့ပတ်လုံး ညီမများနှင့်(အိမ်ဖော်မများနှင့်) ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းဖြင့်လုပ်ကျွေးကြလေသည်။

တစ်နေ့သောအခါတွင် မိစ္ဆာဒိဋ္ဌိလင်ယောက်ျားနှင့် သီရိမာတို့သည် လေသာပြူတင်းသို့ ထွက်လာကြသည်။ ထိုအခါ မိစ္ဆာဒိဋ္ဌိနှင့် မဥတ္တရာတို့ အကြည့်ချင်းဆုံမိကြသည်။ မိစ္ဆာဒိဋ္ဌိက ပြုံးပြသလို မဥတ္တရာကလည်း ပြန်၍ပြုံးပြသည်။

မိစ္ဆာဒိဋ္ဌိ ပြုံးပြသည့်အဓိပ္ပာယ်မှာ -

"ဩော်...အရူးမ၊ အရူးမ။ ကိုယ့်လင်ကို တခြားမိန်းမတစ်ယောက်နှင့် အပ်ထားပြီး တစ်ကိုယ်လုံးတွင် ဆီးပြား၊ မီးသွေးများ ပေရေလျက် ချက်ပြုတ်ကြော်လှော်ကာ ရဟန်းဦးပြည်းတွေကို လုပ်ကျွေးနေသည်။ သင့်ထက်ရူးသည့်၊ မိုက်သည့် မိန်းမ ရှိပါဦးမည်လား"ဟူ၍ ဖြစ်သည်။

မဥတ္တရာက ပြုံးပြသည့် အဓိပ္ပာယ်မှာ -

"ဩော်...လူမိုက်၊ လူမိုက်။ ပြည့်တန်ဆာမတစ်ယောက်နှင့်သာ မိုက်တွင်းနက်နေသည်။ ကိုယ့်မိန်းမက ကိုယ့်ဥစ္စာရတနာများနှင့်ရင်းပြီး ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းဖြင့်လုပ်ကျွေးခြင်း၊ တရားဓမ္မ နာယူမှတ်သားခြင်း စသော သူတော်ကောင်းတို့၏ အမှုပြုနေသည်ကို တစ်ချက်မျှ လှည့်၍ပင်မကြည့်။ သင့်ထက်မိုက်သောသူ ရှိပါဦးမည်လား"ဟူ၍ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

စသည် စသည်ဖြင့် အထာကိုယ်စီ၊ အထင်အမြင် အမျိုးမျိုးဖြင့် ပြုံးပြနေကြသည်ကို သီရိမာ မြင်တွေ့သွားလေသည်။ ထိုအချိန်၌ သီရိမာသည် သူဌေးအိမ်တွင် ယစ်မူးနေချိန်ဖြစ်သောကြောင့် သူ့ကိုယ်သူ သူဌေးမယားအထင်ဖြင့် သွေးနားထင်ရောက်နေချိန်လည်း ဖြစ်သည်။

ထို့ကြောင့် သီရိမာသည် မဥတ္တရာကို တအောင့်တာမျှ စိုက်ကြည့်ကာ ငါ့လင်အား ပြုံး၍ကြည့်နေရကောင်းလားဟု ဒေါသအမျက် ခြောင်းခြောင်းထွက်ကာ တိုက်ပြာသာဒ်ပေါ်မှ ပြေးဆင်းလာလေသည်။ မဥတ္တရာကလည်း သီရိမာသည် သူ့အားတစ်စုံတစ်ရာလုပ်တော့မည်ဟု သိနေလေသည်။

ထို့ကြောင့် သီရိမာအား စိတ်တိုခြင်း၊ ဒေါသထွက်ခြင်း အလျှင်းမရှိဘဲ သူတော်ကောင်းမလေး ပီသစွာဖြင့် စိတ်ကို ကြည်လင်စွာထားကာ သီရိမာအား မေတ္တာပို့၍သာ နေလေသည်။

"ငါ ယခုကဲ့သို့ ကောင်းမှုများကို ပြုလုပ်ခွင့်ရနေသည်မှာ သီရိမာကြောင်၊ သီရိမာက ကူညီပေး၍ ငါ့နေရာကို သီရိမာက အစားဝင်ပေးနေ၍။ ထို့ကြောင့် သီရိမာသည် ငါ၏ မိတ်ဆွေကောင်း၊ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်၊ သီရိမာသည် ငါ၏ကျေးဇူးရှင်" စသည်ဖြင့်...။

မဥတ္တရာထင်ထားသည့်အတိုင်းလည်း မှန်ပေသည်။ သီရိမာသည် မီးဖိုဆောင်သို့ တန်းသွားပြီး ကျိုက်ကျိုက်ဆူနေသော ထောပတ်ဆီပူကို ယောက်ချိုငွန်းကြီးဖြင့် ခပ်ယူလာပြီး မဥတ္တရာ၏ ခေါင်းမှ လောင်း၍ချလေသည်။

သို့သော်လည်း မဥတ္တရာ၏ မေတ္တာအစွမ်းကြောင့် သီရိမာလောင်းချလိုက်သော ထောပတ်ဆီပူများသည် မဥတ္တရာ၏ ကိုယ်ပေါ်သို့ ကျရောက်သောအခါ ပူလောင်ခြင်း အနည်းငယ်မျှပင် မရှိဘဲ အေးမြသော မိုးပေါက်၊ ရေစင်ကဲ့သို့သာ ဖြစ်သွားရလေသည်။ ထို့ကြောင့် သီရိမာ မယုံနိုင်လောက်အောင် ဖြစ်သွားရသည်။

သို့သော်လည်း အသက်မရှိသော ထောပတ်ဆီပူကသာ မေတ္တာရှင်မလေး မဥတ္တရာ၏ ကျေးဇူးကိုသိသည်။ ရာဇန္ဒိုင်တွင် ညစ်နွမ်းလူးပေနေသည့် သီရိမာသည်ကား သိရှာပေ။ ထို့ကြောင့် နောက်တစ်ကြိမ် ထောပတ်ဆီပူများကို ခပ်ယူပြီး လောင်းချပြန်လေသည်။

ထိုကဲ့သို့ အကြိမ်ကြိမ်ရှိလာသောအခါ မဥတ္တရာ၏ ညီမ(အိမ်ကူမ)လေးများက သည်းမခံနိုင်တော့ဘဲ သီရိမာအား ဝိုင်းသတ်ကြလေသည်။ မဥတ္တရာက တားဖြစ်၍ပင်မရတော့ပေ။ ထို့ကြောင့် မတတ်သာသည့်အဆုံး မဥတ္တရာသည် သီရိမာကို အုံခဲ့ပြီး သတ်ပုတ်နေကြသည့် ညီမများအား ဆွဲဖယ်ကာ လဲကျနေသော သီရိမာကိုယ်ပေါ်က ကားရေးခွပြီး ဖိအုပ်ထားလိုက်လေသည်။ သို့မှသာ သီရိမာလည်း သက်သာခွင့်ရသွားသည်။

ထို့နောက် မဥတ္တရာသည် သီရိမာ၏ကိုယ်က ဒဏ်ရာများကို ဆေးလူးပြီး နှိပ်နယ်၍လည်း ပြုစုပေးလေသည်။ သို့မှ အကျွတ်ရရန် အကြောင်းဖန်လာသော သီရိမာလည်း သူ့အမှားကို ဆင်ခြင်မိပြီး မဥတ္တရာ၏ ကျေးဇူးကိုလည်း သိမြင်လာ၍ ချက်ချင်းပင် တောင်းပန်စကား ဆိုလေသည်။

"မမဥတ္တရာ...ညီမ မှားပြီ။ သူတော်ကောင်း မမဥတ္တရာကို ပြစ်မှားမိပြီ။ သည်အတွက် မမဥတ္တရာ သည်းခံပြီး ခွင့်လွှတ်ပေးပါ။ တောင်းပန်ပါသည်"

ဤတွင် သူတော်ကောင်း သောတာပန်မလေး ဖြစ်သော မဥတ္တရာသည် သူယုတ်မာဘဝတွင် နှံနစ်နေသည့် သီရိမာအား အကောင်းဘက်သို့ ဆွဲငင်ကာ ကယ်တင်၍ ရနိုင်မည့် အကြောင်းကို ကောင်းကောင်းကြီး သိလေသောကြောင့် ဤသို့ဆိုလေသည်။

"ညီမ တောင်းပန်လိုလျှင် မမကို မတောင်းပန်ပါနှင့်။ မမကို တောင်းပန်ရုံဖြင့်လည်း ခွင့်မလွှတ်နိုင်ပေဘူး။ ထို့ကြောင့် မမ၏ဖခင်ကိုသာ တောင်းပန်ပေးပါ။ သို့မှသာ ညီမ ကျူးလွန်သောအပြစ်များကို ကျေအေးပြီး ခွင့်လွှတ်နိုင်မည်" ဟု ဆိုလေရာ သီရိမာ -

"ကောင်းပါပြီ။ ဤသို့လျှင် မမ၏ ဖခင်ဖြစ်သော သူဌေးကြီး ဦးပုဏ္ဏကိုလည်း သွားရောက်ပြီး တောင်းပန်ပါမည်"

"မမ၏ ဖခင်ဟူသည်မှာ မြတ်စွာဘုရားရှင်ကိုသာ ရည်ညွှန်းပါသည်။ သူဌေးကြီးဦးပုဏ္ဏသည် ဤဘဝ၏ မွေးဖခင်၊ ကျွေးဖခင်မျှသာ ဖြစ်သည်။ မြတ်စွာဘုရားရှင်သည် ဘဝပေါင်းများစွာက သံသရာဖခင်ကြီး ဖြစ်ပေသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်ကို တောင်းပန်မှ ညီမ၏အပြစ်ကို ကျေအေးပေးပါမည်"

မဥတ္တရာ ကျေနပ်မည်၊ ခွင့်လွှတ်မည်ဆိုလျှင် မြတ်စွာ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်ကိုလည်း တောင်းပန်ပါမည်ဟု ဝန်ခံကတိပြုသည့်တိုင်အောင် သီရိမာက ဘုရားအမှူးရှိသော သံဃာတော်တို့၏ ဝေယျာဝစ္စများကို မပြုလုပ်တတ်၍ မဥတ္တရာကပင် ကူညီလုပ်ကိုင်ပေးရလေသည်။

ထို့ကြောင့် သီရိမာလည်း ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းကပ်ရင်း "ရန်ကိုရန်ချင်း မတုံ့ပြန်သင့်" စသော ဂါထာတော်ကို နာကြားရ၍ သောတာပတ္တိဖိုလ်၌ တည်လေသည်။

◆ ◆ ◆

အမ္ဗပါလီ။

အမ္ဗပါလီ၏ အကြောင်းကို သိသူနည်းသည်ဟု ထင်သည်။ အမ္ဗပါလီသည် လိစ္ဆဝီပြည်သူ၊ နိုင်ငံကျော်အလှမယ်။ အကြီးတန်း ပြည်ကြီးတန်ဆာမကြီး၏ သမီးတစ်ယောက်ဖြစ်သည်။ သူသည်လည်း အရွယ်ရောက်လာသောအခါ ဇရာပိုင်းကို ရောက်လာနေသော မိခင်ကြီး၏ နေရာကို တာဝန်ဝင်ယူရ၍ အကြီးစား ပြည်ကြီးတန်ဆာမတစ်ယောက် ဖြစ်လာခဲ့သည်။

အမ္ဗပါလီကို လူသိနည်းသော နောက်အကြောင်းတစ်ခုလည်း ရှိသေးသည်။ အမ္ဗပါလီသည် ပြည်ကြီးတန်ဆာမနေရာကို ဝင်မယူရမီ ရာဇဂြိုဟ်ပြည်သား မင်းသား ဗိမ္ဗိသာရမင်းသားနှင့် တိတ်တိတ်ပုန်း ညားခဲ့ဖူးသည်။

ထိုအချိန်က ရာဇဂြိုဟ်နှင့် လိစ္ဆဝီပြည်တို့ မတည့်ကြပေ။ လိစ္ဆဝီတို့မှာ ထိုအချိန်ကပင် ပါလီမန်စနစ်ဖြင့် အုပ်ချုပ်ကြ၍ လူညီသည်။ ထက်မြက်သည်။ စစ်ရေးစစ်ရာတွင်လည်း ကျွမ်းကျင်ကြသည်။

ရာဇဂြိုဟ်သည်ကား လိစ္ဆဝီတို့နှင့် ယှဉ်နိုင်သော အနေအထား မရှိပေ။ ထို့ကြောင့် ဗိမ္ဗိသာရမှာ အမ္ဗပါလီနှင့် တွေ့ဆုံရန်အတွက် လိုဏ်ဖောက်ပြီးသာ သွားခဲ့ရသည်။ ထို့ကြောင့် သူတို့၏ အချစ်ရေးသည် ဖြောင့်ဖြူးခြင်းကင်းလျက် အတားအဆီး၊ အခက်အခဲ မြောက်မြားစွာတို့ ရှိနေကြသည်။

အမ္ဗပါလီမှာ အရွယ်ရောက်လျှင် မိခင်ကြီး၏ ပြည်ကြီးတန်ဆာအလုပ်ကို တာဝန်ယူရမည်ဖြစ်သလို ဗိမ္ဗိသာရမှာလည်း အရွယ်ရောက်လျှင် ဘုရင်တာဝန်ကို ယူရမည်။ နှစ်ပြည်ထောင်ကလည်း မတည့်ကြပေ။

သည်အထဲ တိတ်တိတ်ပုန်း ချိန်းတွေ့ကြရင်းက ဝိမလကောဏ္ဍည အမည်ရှိသော သားလေးတစ်ယောက် မွေးဖွားလာပြန်သည်။ သို့သော်လည်း မဖြစ်နိုင်သည့် နှစ်ဖက်သောအကြောင်းအရာများ ရှိနေကြ၍ မတတ်သာသည့်အဆုံး တစ်ဦးနှင့်တစ်ဦး လမ်းခွဲကာ ဗိမ္ဗိသာရက ဝေဒေဟီကို မိဖုရားမြှောက်ပြီး ရာဇဂြိုဟ်ဘုရင် ဖြစ်သွားရသလို အမ္ဗပါလီမှာလည်း သားကလေး ဝိမလကောဏ္ဍညကို အစ်ကိုတော် ရဟန်းတစ်ပါးအား ပေးအပ်လိုက်ကာ ပြည်ကြီးတန်ဆာမ ဖြစ်သွားရလေသည်။ အလွန်မှ ဝမ်းနည်းကြေကွဲဖွယ်ကောင်းသော ဇာတ်လမ်းကြီးဟု ဆိုနိုင်လေသည်။

အဇာတသတ်က ဖခင်ဗိမ္ဗိသာရ၏ ခြေဖဝါးကို ခွာခဲ့သော အကြောင်းကိုသာ ရေးသားကြ၊ ဇာတ်သဘင်များတွင် တင်ဆက်ကြသည်ကို တွေ့ဖူးသည်။ သည်အကြောင်းကို ဇာတ်သဘင် စသော အနုပညာလောကတွင် မတွေ့ဖူးပေ။

ဗိမ္ဗိသာရမင်းသားနှင့် အမ္ဗပါလီတို့ လမ်းခွဲကြရ၍ ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရသလို အမ္ဗပါလီမှာ ပြည်ကြီးတန်ဆာလောကထဲသို့ ဝင်ရတော့မည်ဖြစ်ပြီး သားကလေး ဝိမလကောဏ္ဍညနှင့် ခွဲခွာရသည့် အဖြစ်သည်လည်း တကယ့်ရင်နှင့်ဖွယ်ရာကြီး ဖြစ်ရပြန်သည်။

ဝိမလကောဏ္ဍညလေးမှာ ဖခင်ဖြစ်သူသည် ဘုရင်အဖြစ်နှင့် ထင်ရှားရှိပါလျက် အဖေဟူ၍ ခေါ်ခွင့်မရခဲ့ပေ။ ထို့နောက် နို့သောက်အရွယ်မှပင် မိခင်နှင့် ထပ်ခွဲရပြီး အသက်နှစ်ဆယ်ပြည့်ကျော်၍ ရဟန်းဖြစ်ပြီးမှ ပြန်လည်တွေ့ဆုံခွင့် ရကြသည်...စသည့် အဖြစ်များသည် စိတ်ကူးကောင်းသော စာရေးဆရာကြီးတို့၏ ဇာတ်လမ်းများထက်ပင် ဆန်းကြယ်၍နေပေသည်။ တကယ့်ဇာတ်လိုက် သုံးယောက်နှင့် သုံးပွင့်ဆိုင် ဇာတ်လမ်းကြီး ဖြစ်နေသည်။ အဇာတသတ်ကိုပါ ထည့်ပေါင်းလျှင် လေးပွင့်ဆိုင်ဇာတ်လမ်းကြီးပင် ဖြစ်လေသည်။

အမ္ဗပါလီမှာ ပြည်ကြီးတန်ဆာ ဘဝဖြင့် ကျင်လည်နေရာမှ နောင်နှစ်နှစ်ဆယ်ကျော် ကြာသောအခါ သားဖြစ်သူ ဝိမလကောဏ္ဍည ရဟန်းဘဝကိုရောက်၍ သားရဟန်းတော်၏ ဆွဲဆောင်ဟောပြောပေးမှုကြောင့် ဘာသာရေးဘက်ကို ရောက်လာကာ ပိဋကတ်တော်မှာ ထင်ရှားသော အမ္ဗပါလီ

www.burmeseclassic.com

ကျောင်းတိုက်ကြီးကို ဆောက်လှူလေရာ ဘုရားအမှူးရှိသော သံဃာတော်များ ဟောပြောဆုံးမခြင်းကြောင့် တရားထူးရကာ ဆဋ္ဌာဘိညာ ပဋိသမ္ဘိဒါပတ္တ မဂ်လေးပါးဖြင့် ရဟန္တာထေရီမကြီး ဖြစ်သွားခဲ့လေသည်။

တရားဟော အလွန်ကောင်းသော ထင်ရှားသည့် ရဟန္တာထေရီမကြီးဖြစ်၍ အနယ်နယ်အရပ်ရပ်ကို လှည့်လည်ကာ တရားဓမ္မဟောကြားပြသရင်းဖြင့် ရာဇဂြိုဟ်ကို ရောက်သွားလေသည်။ ထို့ကြောင့် ဗိမ္ဗိသာရမင်းကြီးသည်ပင် အမ္ဗပါလီ၏ တရားတော်ကို မုန်းလျှိုးကွယ်လျှိုး လာနာနေ၍ အဇာတသတ်၏တပ် ဝင်ဖမ်းခြင်းကို ခံရသည်ဟု လာသည်။

ဤလေးပွင့်ဆိုင် ဇာတ်လမ်းကြီး၌ တစ်ဦးစီ၊ တစ်ယောက်ချင်း၏ အကြောင်းအရာသည်ပင် ဇာတ်လမ်းကောင်းတစ်ပုဒ်စီချင်း ဖြစ်နေသည်ကို တွေ့နိုင်သည်။ ဤကဲ့သို့ ဆွဲဆောင်အားကောင်းသော ဇာတ်လမ်းမျိုး ရှားပေသည်။ မပြုအပြင် အဘယ်ဘဝသံသရာမှ ဝဋ်ကြွေးများသည် ဤသားအမိ သားအဖတို့အား ဝင်ရောက်ပြီး နှိပ်စက်သည်ဟု မသိနိုင်ပေ။

ထို့ကြောင့် သံသရာဝဋ်ကြွေးဟူသည်မှာ တွေးလေကြောက်မက်ဖွယ်ကောင်းလေ ဖြစ်သည်။ ၎င်းသားအမိ၊ သားအဖ လေးဦးတို့ကိုပင် ကြည့်ကြကုန်။ အဇာတသတ်ကို ပထား၍ ကျန်သော သုံးယောက်တို့သည် ဤဘဝ၌ မဂ်ရဖိုလ်ရ ပုဂ္ဂိုလ်ထူးကြီးများ ဖြစ်ကြသည်။ ဝဋ်ကြွေးဟူသည်မှာ မဂ်လောင်း၊ ဖိုလ်လောင်းများမှသည် ပစ္စိမ ဘဝိက ဖြစ်တော်မူကြသော ပုဂ္ဂိုလ်ထူးကြီးများကိုပင် သက်ညှာထောက်ထားခြင်း မရှိပေ။

ထို့ကြောင့် သံသရာကို အရှည်ဆန့်ကာ ဉာဏ်ဖြန့်၍သာ ကြည့်တတ်ပါမူ ငါလိုလူကား ဘာသားနှင့် ထုထားသောကြောင့် သံသရာ၏ ကိုက်စားခြင်းကို ခံနိုင်ဖွယ်ရှိအံ့နည်း။ သေမင်းတံခါးမခေါက်မီ ရသမျှအချိန်၌ သံသရာဇာတ်ဘဝပြတ်ကြောင်းကို ကောင်းကောင်းကြီး လုပ်သင့်နေပြီဟု အလိုလို ပြောပြန်နှိုးဆော်နေဟန်ကို ကြားသင့်ကြသည်။

မိမိကိုယ်ကို သနားသူတို့သည် လောင်စာအဖြစ်သို့ တရွေ့ရွေ့သွားနေသော ခြေလှမ်းများကို ရပ်တန့်သင့်သည်။ အနေအတက်၊ ဓားထက်ယက်ဖြင့် ကိလေသာရန်ကို ခုတ်ဖြတ်သင့်သည်။ မိမိတို့သည် မဂ်ဖိုလ်နှင့် ထိုက်တန်သော ပုဂ္ဂိုလ်များဖြစ်ကြသည်။ မဂ်တရားသည်လည်း မိမိတို့၏ လက်တစ်ကမ်းတွင် ရှိနေသည်ဟု နားသည်အပ်သည်။ မိမိတို့သည် မဂ်ဖိုလ်နှင့် တန်မတန် ဥပမာအမျိုးမျိုးဖြင့်လည်း စံထိုး၍ ပြခဲ့ပြီ။

ကုန်ခဲ့သည့်လက အကျော်အမော် လူဆိုးကြီးအဖြစ်မှ တရားတော်ကို နာကြားမှတ်သား၍ တရားထူးရသွားကြသော ယောက်ျား ထေရအရိယာ သူတော်ကောင်းကြီးများ၏ အကြောင်းကို တင်ပြခဲ့ရာ၌ ထိုထိုယောက်ျားလူဆိုးကြီးများ၏ သူခိုး၊ မုဒိမ်းများထက် အဆပေါင်းများစွာ သာလွန်သော လူသတ၊ လူဆိုးကြီးများ ဖြစ်ကြသည်။

ယခုလတွင်လည်း သာမန်မိန်းမများအောက် နိမ့်ကျသော အကျော်အမော် ပြည့်တန်ဆာမများအဖြစ်မှ အဆင့်မြင့်သော မဂ်တရား၊ ဖိုလ်တရားများကို ရသွားကြသည့် အဆင့်မြင့် အရိယာသူတော်ကောင်းမကြီးများ ဖြစ်သွားကြသည့်အကြောင်းကို ဇာတ်တော်နှင့်တကွ အကျဉ်းမျှ အကြောင်းအရာများကို တင်ပြလိုက်သည်။

ထို့ကြောင့် မိမိတို့ဘာသာ တရားမရနိုင်ဟု စွပ်စွဲနေကြသော ယောဂီပုဂ္ဂိုလ်များသည်လည်း သံသယလင်းကာ စိတ်ထဲတွင် ရှင်းသွားကြလိမ့်မည်ဟု ထင်သည်။ သံ ... သည် တရားဓမ္မရရှိရေးတွင် များစွာ အနှောင့်အယှက်ပေးတတ်သည်။

ကုက္ကုစ္စဟု ခေါ်သည်။ ကုက္ကုစ္စသည် ဝိစိကိစ္ဆာနှင့် ယှဉ်တွဲသော သဘောရှိသည်။ ဝိစိကိစ္ဆာသည် သက္ကာယဒိဋ္ဌိနှင့် ယှဉ်သည်။ သက္ကာယ ဟူသည်မှာ ကပ်ငြိခြင်းသဘောရှိသည်။ ဒိဋ္ဌိကို မှားသောအယူဟု အနက်ဆိုသည်။ ထိုနှစ်မျိုးကိုပေါင်းလိုက်လျှင် သံသယဖြင့် များယွင်းစွာ ကပ်ငြိနေသော အယူဆိုးဟု ဆိုရပေမည်။

ထို့ကြောင့် သောတာပန်ဖြစ်လျှင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကွာရှင်းသည်။ သောတာပန်မဖြစ်မချင်း ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့သည် ပုဂ္ဂိုလ်သတ္တဝါတို့အပေါ်တွင် များယွင်းစွာ ကပ်ငြိလျက်မင်ကိုအရအောင် စိုးမိုးထားသည်။

ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကွာ၍ သောတာပန်ဖြစ်လျှင် မိစ္ဆာဒိဋ္ဌိဘဝမှ ကျွတ်၍ သမ္မာဒိဋ္ဌိအဖြစ်ကို ရောက်သည်။ ဉာဏ်စဉ်အားဖြင့် သမ္မာဒိဋ္ဌိဉာဏ်၊ ပရမတ်ဉာဏ်၊ ယထာဘူတဉာဏ်၊ ကမ္မဝိတရဉာဏ် စသည်ဖြင့် ကောက်ယူ၍ ရနိုင်

www.burmeseclassic.com

သည်။ ဗုဒ္ဓဘာသာလောကတွင် အဦးအစ ပထမရအပ်သော လောကုတ္တရာ ရလဒ်ကြီးလည်း ဖြစ်လေသည်။

ယခု ငါတို့ ယောဂီပုဂ္ဂိုလ်များသည်လည်း ဆိုခဲ့သော ဓာတ်တော်များကို နားလည်ပြီး လက်ခံလာနိုင်လျှင် မိမိတို့ ကိုယ်ကို မဂ်ရနိုင်သော ပုဂ္ဂိုလ်များဖြစ်ကြောင်းကို အလိုလို သိရှိလက်ခံပြီးပင် ဖြစ်သွားပေလိမ့်မည်။ ဤသည်မှာ ဘာသာ ရေးလောက၌ ကြီးမားသော တွန်းအားတစ်ရပ်ပင် ဖြစ်ပေ သည်။

သဲသသယဆိုသည် ဆိုခဲ့သည့်အတိုင်း အလွန်ကြောက် ဖွယ်ကောင်းသည်။ သံသရာကို မျက်စိလည်စေသော တရား ဆိုးကြီးလည်းဖြစ်သည်။ ယခုကဲ့သို့ မဂ်ဖိုလ်ကို ရနိုင်သော ဗုဒ္ဓခေတ် အချိန်အခါကောင်းကြီးတွင် ဉာဏ်မျက်စိလည်နေ သော ပုဂ္ဂိုလ်လောက်ဆိုးသော နစ်နာခြင်းသည်လည်း ရှိဖိမ့် မည်ပင် မဟုတ်ပေ။

မိမိကိုယ်ကို မဂ်ရနိုင်သော ပုဂ္ဂိုလ်ဟု ပြတ်ပြတ်သား သား ယုံကြည်သွားသော ပုဂ္ဂိုလ်ကိုလည်း တိဟိတ်ဟူ၍ပင် ဆိုနိုင်လေသည်။ တိဟိတ်ကို ထက်မြက်သော ပုဂ္ဂိုလ်ဟု ဆိုရသည်။ ထို့နောက် ဤဘဝ၌ မဂ်ကိုရနိုင်သော ပုဂ္ဂိုလ်ဟု လည်း အတိအလင်း လာရှိသည်။

ဝိပဿနာတရားတော်ကို ကြိုးစားပြီး နာကြားပွား များပါလျက် မဂ်ကို ယခုဘဝ၌ မရနိုင်လျှင်လည်း လာမည့် ဘဝတွင် လွယ်လင့်တကူပင် မဂ်ကို ရနိုင်ကြပေလိမ့်မည်။ တရားတော်၏ လမ်းစဉ်၌ အချိုးအနှီးတည်းဟူသော အရာ သည် မရှိကောင်းပေ။

လောကီတည်းဟူသော ခေတ်ပညာသည် မေ့ကောင်း ပျောက်ကောင်းသည်။ လောကုတ္တရာတည်းဟူသော ဝိပဿ နာ စသည့် မဂ်ပညာ၊ ဖိုလ်ပညာသည် မေ့ပျောက်သည်ဟူ၍ မရှိပေ။ တစ်ဘဝပြီးတစ်ဘဝ တိုးတက်လျက်မှ မဂ်အဆင့် ဆင့် ဖိုလ်အဆင့်ဆင့်ကို ရရှိပြီး သန္တိသုခ နိဗ္ဗာန အငြိမ်း ဓာတ်ကြီးသို့သာ ဆိုက်ရောက်စံဝင်လေ့ရှိလေသည်။

ထို့ကြောင့် လောကုတ္တရာဖြစ်သော ဝိပဿနာပညာ၊ မဂ်ပညာ၊ ဖိုလ်ပညာသည် အားအကောင်းဆုံး၊ တည်လျက် အစွဲဆုံးသာ ဖြစ်သည်။ လက်ရှိဘဝ၌ အောက်ထစ်ဆုံးအား ဖြင့် ဝိပဿနာ ပညာကိုမျှသော်လည်း ရရှိပိုင်ဆိုင်ထားကြ ရန် ကြိုးစားကြရမည်။

ဤမျှရှင်းပြလျှင် လုံလောက်လိမ့်မည်ဖြစ်၍ ရှုမှတ် ပွားများနေကျဖြစ်သော အနိစ္စဝိပဿနာ၏ အသက ဆယ်ချက် ကို ဆက်ကြဦးစို့။

ကုန်ခဲ့သည့်လက အသက်ခြောက်ဆယ်အဘိုးအိုနှင့် အသက်ခုနစ်ဆယ်အဘိုးအိုတို့အကြောင်းကို အာရုံပြုကြည့် လိုက်ပါ။ ထို့နောက်အသက် ခုနစ်ဆယ်မှသည် အသက်ရှစ် ဆယ် အဘိုးအိုဘက်သို့ စိတ်ကိုညွှတ်၍ အာရုံပြုပါ။ အသက် ရှစ်ဆယ်အဘိုးအိုသည် အသက်ခုနစ်ဆယ်အဘိုးအိုထက် များစွာ အိုရင့်နေပေလိမ့်မည်။

ဤသည်မှာ ဇရာအနိစ္စတို့၏ သဘောတရားအတိုင်း သာ ဖြစ်သည်။ ဇရာကိုက်စားလျက်ရှိသော ခန္ဓာကိုယ်များမှာ မဖြစ်မပျက်ဘဲ တစ်စက္ကန့်မျှ ရပ်နား၍ မနေပေ။ ရုပ်နှ နာမ်နှ ခန္ဓာနတို့သည် တစ်စက္ကန့်အတွင်းမှာပင် အကြိမ်ရေပေါင်း ကုဋေတစ်သိန်းကျော် ချုပ်ပျက်နေသည်ကို ဝိထိကဏ္ဍာတွင် ပြခဲ့ပြီ။

တစ်စက္ကန့်အတွင်းမှာပင် အကြိမ်ပေါင်း ကုဋေတစ် သိန်းကျော် ဖြစ်ပျက်နေသောကြောင့် အသက်ဆယ်နှစ်တိုင် အောင် ကွာခြားနေသော အဘိုးအိုနှစ်ယောက်တို့သည် အဘယ်မှာလျှင် အရွယ်တူဖြစ်နိုင်ချေမည်နည်း။ ဤသည်ပင် လျှင် ခန္ဓာကိုယ်တို့၏ အနိစ္စသဘော မဟုတ်ပေလော။

တစ်စက္ကန့်မှ တစ်မိနစ်၊ ထိုမှ ဆယ်မိနစ်၊ ထိုမှ တစ်နာရီ၊ တစ်နာရီမှ တစ်ရက်၊ တစ်ရက်မှ တစ်လ၊ တစ်လ မှ တစ်နှစ်၊ တစ်နှစ်မှ ဆယ်နှစ်တိုင်အောင်၊ ထို့နောက် ဘဝ အစမှ လက်ရှိအရွယ်ကို ရောက်သည်အထိဟု အစုစုပြု၍ ရှုမှတ်လိုက်လျှင် ခန္ဓာငါးပါးဟူသည်မှာ တကယ့် အနိစ္စကြီး ပါလားဟု ပြတ်ပြတ်ကြီး ပေါ်လာပေလိမ့်မည်။

ဤစာကို သတိသွင်းပြီး ဉာဏ်ယှဉ်ကာ ဖတ်ကြည့် ရုံမျှဖြင့်ပင် တရားရှုမှတ်တတ်သွားလိမ့်မည်ဟု ယုံကြည် သည်။ သဘောမပေါက်၊ မရှုမှတ်တတ်လျှင်လည်း မဂ္ဂဇင်း တိုက်မှတစ်ဆင့် ဤစာရေးသူအား ဆက်သွယ်ပြီး မေးမြန်း လျှောက်ထားနိုင်ကြောင်းကို ဖုန်းနံပါတ်ပေး၍ရှိပေသည်။

ဤလအတွက် ဤမျှဖြင့် တော်ကြဦးစို့။

မဟာထွန်း



www.burmeseclassic.com

www.burmeseclassic.com

## ပြည်တွင်းပြည်ပ
# ဝိညာဉ်လောကယုံကြည်ချက်များ

■ လှတိုး(စိတ်ပညာ)

### ထူးဆန်းသော ကိုယ်ပွားကိုယ်ခွဲဝိညာဉ်များ

စိတ်ဝိညာဉ် သုတေသနလုပ်ငန်းများမပေါ်မီ ရှေးပဝေသဏီကပင် လူတို့၏ မျက်မြင်ကြုံတွေ့ချက်များအရ အချို့သောပုဂ္ဂိုလ်များသည် တစ်ချိန်တည်းတွင် နှစ်ကိုယ်ခွဲ၍ နေရာဌာနနှစ်ခု၌ ရှိနေတတ်ကြသည်ဆို၏။ ရှေးဟောင်း စာပေကျမ်းဂန်များက ထိုပုဂ္ဂိုလ်များကို ဈာန်တန်ခိုးအဘိညာဉ်ရသော သူတော်သူမြတ်များဟု ဖော်ပြကြ၏။

### သူ့ ခက်ဘ်စင်များ

တစ်ခါက ရန်ကုန်မြို့ရှိ နာမည်ကျော်ထင်ရှားသော ဆရာတော်ဘုရားကြီးတစ်ပါးသည် ရွှေတိဂုံကုန်းတော်ပေါ်၌ တရားဟောတော်မူနေစဉ် မြို့ထဲ အခြားတစ်နေရာ၌ ထိုဆရာတော်ကြီးကို တပည့်ဒါယကာများက ဖူးတွေ့ခဲ့ကြရသည်ဆို၏။ စဝိန်နိုင်ငံ စတုတ္တဖိလစ်ဘုရင်လက်ထက်က သီလရှင်ဆော်မာရီယာသည် သူ၏ကျောင်းတိုက်မှ တစ်ဖဝါးမျှမခွာဘဲ တောင်အမေရိကတိုက် တောထဲ၌ တိုင်းရင်းသားများအား တရားဟောပြခဲ့၏။ ထိုတိုင်းရင်းသားများက ဥရောပတိုက်သား တစ်ဦးတစ်ယောက်မျှ မပေါက်ရောက်သေးသော သူတို့အရပ်ဒေသသို့ ရောက်လာသော မျက်နှာဖြူသီလရှင်မ၏ ရုပ်ပုံသဏ္ဌာန်ကို ပြောပြကြရာ ဆော်မာရီယာပုံဖြစ်နေကြောင်း တွေ့ရှိရလေသည်။

### အံ့ဖွယ်ဘုန်းတော်ကြီး

နာမည်ကျော် ခရစ်ယာန်ဘာသာ သာသနာပြုဘုန်းတော်ကြီး စိန့်ဖရန့်စစ်ဇေးဗီးယားသည် ဂျပန်ပြည်နှင့်တရုတ်ပြည်အကြား သင်္ဘောနှင့် ခရီးသွားလာနေစဉ် သင်္ဘောပေါ်မှ လူ ၁၅ ယောက်သည် ကိစ္စတစ်ခုအတွက် လှေတစ်စီးကို ပင်လယ်ထဲချပြီး လှော်ခတ်သွားကြ၏။ ထိုခဏ၌ လေမုန်တိုင်းကျလာသော ကြောင့် သင်္ဘောပေါ်၌ ကျန်ရစ်သူတို့က ထိုသူများအတွက် စိုးရိမ်မကင်းဖြစ်ကြသည်။ သို့သော် ဘုန်းတော်ကြီးက အားပေးနှစ်သိမ့်၍ သုံးရက်အတွင်း ထိုသူများ ပြန်လာလိမ့်မည်ဟု ပြောသည်။ ပြောသည့်အတိုင်း ထိုသူများ ပြန်ရောက်လာကြသည်။ သူတို့က ပင်လယ်ထဲတွင် လှေဖြင့်သွားနေစဉ် ဘုန်းတော်ကြီးဖရန့်စစ်မှာ သူတို့နှင့်အတူ လှေထဲ၌ အမြဲရှိနေပါသည်ဟု ဆိုလေသည်။

### ကိုယ်ခွဲနိုင်ခြင်း

ယနေ့ခေတ် စိတ်ဝိညာဉ်သုတေသီတို့က နှစ်ကိုယ်ခွဲနိုင်ခြင်းသည် သူတော်မြတ်များသာ တန်ခိုးအဘိညာဉ်ဖြင့် ပြုလုပ်နိုင်သော အမှုမဟုတ်ကြောင်း သာမန်လူများတွင်လည်း တွေ့နိုင်ကြောင်း သာဓကများဖြင့် တင်ပြခဲ့ကြသည်။

### စာရေးဆရာ၏ ကိုယ်တွေ့

ဝတ္ထုရေးဆရာ သီယိုဒိုးဒရိုက်ဆာသည် ကိုယ်ပွားခန္ဓာ (Astral Projection)နှင့်ပတ်သက်၍ ကိုယ်တွေ့ အတွေ့အကြုံရှိခဲ့သူဖြစ်သည်။

တစ်ညနေတွင် ဒရိုက်ဆာသည် စာရေးဆရာကြီး ပွါန်ကူးပါးနှင့် စိတ်တန်ခိုးပညာအကြောင်းဆွေးနွေးနေစဉ် ဝိညာဉ်



www.burmeseclassic.com

www.burmeseclassic.com

နှင့်ကိုယ်ပွားခန္ဓာများအကြောင်း ရောက်သွားသည်။ ဒရီဆာ နေအိမ်ညှိခန်းတွင် ဆွေးနွေးနေကြခြင်းဖြစ်၍ ဂျွန်ကူးပါးက မပြန်မီ "ခင်ဗျား သာမန်လွန်အဖြစ်အပျက် (Super nature) ကို မယုံဘူးဆိုရင် ကနေ့ညနေကို ဟောဒီအခန်းထဲမှာ ကျုပ်အတူးအဆန်းတစ်ခုပြမယ်။ စောင့်ကြည့်နေ"ဟု ဒရီဆာအား ပြောခဲ့သည်။

ထိုစဉ်က ဒရီဆာမှာ စိတ်တန်ခိုး၊ သာမန်လွန်ဆိုသည်များကို ယုံကြည်သူမဟုတ်သဖြင့် "ကျွန်တော့်ကို တစ္ဆေခြောက်တာပြမလို့လား"ဟု ဂျွန်ကူးပါးအား ခနဲ့ပိုက်သည်။

"ဟဲ . . .ဟဲ . . .တစ္ဆေတော့မဟုတ်ဘူးပေါ့။ ကိုယ်ပွားခန္ဓာဆိုတာ ခင်ဗျားက မယုံတော့ ကျွန်ုပ်ကိုယ်တိုင် ဒီအခန်းကို ကနေ့ညနေလာပြမယ်။ ကိုယ်တိုင်ဆိုသော်လည်း ကိုယ်ပွားခန္ဓာပေါ့။ ရုပ်ရှင်တွေထဲက နှစ်ကိုယ်ခွဲလိုပေါ့။ စောင့်ကြည့်နေပါ"

ဂျွန်ကူးပါး ထွက်ခွာသွားပြီးနောက် သူပြောခဲ့သည်များကို ဒရီဆာမေ့သွားခဲ့ချေပြီ။ သူဖတ်လက်စ စာအုပ်ကို ညှိခန်း(ကူပါးနှင့် ညနေက စကားပြောခဲ့သည့်အခန်း)တွင်ပင် ဆက်လက်ဖတ်နေခဲ့၏။

ညနေ မှောင်စပျိုးလာချိန်အထိ ဒရီဆာသည် စာအုပ်တွင် စိတ်ဝင်စားလျက်ရှိသည်။ လောကကြီးတစ်ခုလုံးကို မေ့နေပြီး စာကိုသာ သဲသဲမဲမဲ စိုက်၍ ဖတ်နေသည်။

သို့သော် သူ လောကကြီးကို မေ့နေ၍မရပါ။ သူ့အခန်းထဲ တစ်စုံတစ်ယောက် ဝင်လာသည်ကို ဒရီဆာသိလိုက်ရ၏။ အခန်းထောင့်တစ်နေရာတွင် ဂျွန်ကူးပါးရပ်ပြီး သူ့ကိုစိုက်ကြည့်နေကြောင်း၊ သူ့တစ်ကိုယ်လုံးကို အလင်းရောင်တစ်မျိုး ဝန်းရံလျက်ရှိကြောင်း ခံစားသိရှိလိုက်ရသည်။ ဒရီဆာမျက်လုံး ပွတ်ကြည့်၏။ ကူးပါးအစစ်၊ အိပ်မက်မက်နေခြင်းမဟုတ်တဲ့ တကယ့်ကူးပါးကို မြင်နေရခြင်းဖြစ်၏။

ဒရီဆာသည် စကားပြောရန် မေ့နေပြီး သူ့ဘာမှမပြောလိုက်ရခင် ဂျွန်ကူးပါးရုပ်ပုံလွှာမှာ အခန်းထောင့်မှ တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။

နောက်ပိုင်းတွင် ဒရီဆာက ဂျွန်ကူးပါးအား ကိုယ်ပွားခန္ဓာ မည်သို့စေလွှတ်သည်၊ မည်သို့လုပ်ဆောင်သည်ကို အကြိမ်ကြိမ်မေးသော်လည်း ကူးပါးက ပြောမပြခဲ့ပါ။ သို့သော် ထိုနေ့ညက မိမိမြင်ခဲ့ရသည်မှာတော့ ကူးပါး၏ ကိုယ်ပွားခန္ဓာပင်ဖြစ်ကြောင်း ဒရီဆာက သူ့မိတ်ဆွေများအား ပြောပြလေ့ရှိပါသည်။

## အံ့ဖွယ်အမတ်မင်း

၁၉၀၈ ခုနှစ်က ဗြိတိသျှပါလီမန် အမတ်တစ်ဦးဖြစ်သော ဆာကန်းရစ်သည် ပါလီမန်အစည်းအဝေး၌ အဆိုတစ်ခုကို ထောက်ခံရန် စိတ်ဆန္ဒပြင်းပြ နေစဉ် ရုတ်တရက် ဖျားနာ၍ အစည်းအဝေးသို့ မတက်ရောက်နိုင်တော့ချေ။ သို့ရာတွင် ပါလီမန်တွင် ထိုအဆိုကို ဆွေးနွေးနေစဉ်က ဆာကန်းရစ်မှာ သူ့ ခါတိုင်းထိုင်နေကြခုံ၌ ထိုင်နေသည်ကို အမတ်သုံးဦးက အသေအချာမြင်လိုက်ကြရသည်ဟူ၏။

## သင်္ဘောပေါ်ရောက် ဇနီးသည်

ရပ်ဝေးမှ အမေရိကန်နိုင်ငံသို့ သင်္ဘောဖြင့်ပြန်လာသော လူတစ်ယောက်သည် လမ်းခရီး၌ တစ်ညတွင် အိပ်ပျော်နေစဉ် မိမိဇနီးသည်ကို အိပ်မက်မြင်မက်၏။ အိပ်မက်ထဲတွင် ဇနီးသည်သည် သူ၏သင်္ဘောအိပ်ခန်းထဲသို့ ဝင်လာ၍ သူ့ကိုနမ်းသွားသည်။ သူအိပ်ရာမှနိုးသောအခါ တစ်ဖက်ရှိ အပေါ်အိပ်စဉ်မှ ခရီးသွားဖော်က မိန်းမတစ်ယောက်ဝင်လာပြီး သူ့အားနမ်းသွားသည်ကို မိမိမြင်လိုက်ကြောင်း ပြောပြလေသည်။

အမေရိကန်နိုင်ငံရှိ မိမိနေအိမ်သို့ ပြန်ရောက်သောအခါ သူ့ဇနီးသည်က ကိုယ်ခွဲဖြင့် မိုင်တစ်ထောင်ကျော်ဝေးသော ပင်လယ်ထဲရှိ မိမိစီးလာသော သင်္ဘောပေါ်သို့ ရောက်ရှိခဲ့ပုံကိုပြောပြ၏။ တစ်ဖက်အိပ်စင်မှ လူတစ်ယောက်က သူ့မကို စိုက်ကြည့်နေသဖြင့် ပထမတွင် အခန်းထဲဝင်ဖို့ တွန့်ဆုတ်နေကြောင်း နောက်မှ အရဲစွန့်၍ဝင်ပြီး မိမိကိုနမ်းကြောင်း ပြောပြ၏။ သင်္ဘောပုံသဏ္ဌာန်ကိုလည်း ပြောပြရာ အသေးစိတ်အားလုံး မှန်ကန်နေသည်ကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

### မိဖုရားကိုယ်ရောင်ပြ

ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂန်မြို့တော်ရှိ စိတ်ဝိညာဉ် စမ်းသပ်ခန်းတစ်ခုတွင် မကြာခင်က ကားမှောက်၍ သေဆုံးခဲ့သူ ဘယ်လဂျီယံဘုရင် လီယိုမိုး၏မိဖုရား အက်စတြစ် (Astrid) ရောက်ရှိလာပြီး ကိုယ်ရောင်ပြခဲ့သည်ကို ကင်မရာ သုံးလုံးဖြင့် တစ်ပြိုင်တည်း အမိအရ ဖမ်းရိုက်နိုင်ခဲ့လေသည်။ ထိုအံ့ဖွယ် ဝိညာဉ်ပေါ်လာသော မိဖုရားအက်စတြစ်၏ပုံကို အကြီးချဲ့လိုက်ရာ ဘယ်လဂျီယံတံဆိပ်ခေါင်းပေါ်မှ ဘုရင်မ အက်ဂတြစ်၏ မှုလပုံအတိုင်း ပေါ်လွင်ခဲ့လေသည်။

### မိမိကိုယ်ခွဲ ပြန်မြင်သူများ

မိမိကိုယ်ခွဲကို မိမိပြန်မြင်ရသည်ဆိုသော ပုဂ္ဂိုလ်များ လည်းရှိပါသည်။ နာမည်ကျော် ဂျာမန်ပညာရှင်ကြီးဂိုထေ (Gothe)သည်လည်း တစ်ခါတွင် မြင်းစီးသွားစဉ် မိမိကိုယ်ကို ရှေ့တူရူ၌ မိမိ တစ်ခါမျှမဝတ်ဘူးသော , အဝတ်အစားဖြင့် မြင်းစီးလာသည်ကို မြင်ရသည်ဆို၏။ ပြင်သစ်စာရေးဆရာ မော်ပါဆွန်း (Mawpassant)သည်လည်း တစ်ခါက မိမိအိမ် သို့ပြန်လာ၍ တံခါးဖွင့်လိုက်သောအခါ မိမိကိုယ်ကို ပက် လက်ကုလားထိုင်၌ ထိုင်နေသည်ကို တွေ့မြင်ရသည်ဆို၏။

### လေယာဉ်တင် စစ်သင်္ဘောကြီးပေါ်မှ ဝိညာဉ်

လူသည် အသက်နှင့်ခန္ဓာကိုယ် ကင်းပြတ်သေဆုံးပြီး နောက် ဝိညာဉ်သည် သူအသက်ရှင်စဉ်က စွဲလမ်းတွယ် တာရာနေရာများ၌ ကျက်စားနေလေ့ရှိ တတ်သည်ဆိုသော အယူအဆကို ထောက်ခံသော အဖြစ်အပျက်တစ်ရပ် အမေ ရိကန်ရေတပ်မှ လေယာဉ်တင် သင်္ဘောကြီး "ယူအက်စ်၊ အက်စ်၊ ဖော်ရက်စတောလ်"ပေါ်တွင် ပေါ်ပေါက်ခဲ့၏။

၁၉၆၇ ခုနှစ်က အရှည် ၁၀၃၉ ပေရှိသော လေ ယာဉ်တင်သင်္ဘောကြီး "ဖော်ရက်စတောလ်"ကုန်းပတ်ပေါ် တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ သင်္ဘောအမှုထမ်း ၁၃၇ ယောက် သေဆုံးခဲ့ရသည်။ မကြာခင်တွင်ပင် အဆိုပါ လေယာဉ်တင် သင်္ဘောပေါ်တွင် တိုက်လေယာဉ်တစ်စီး ပျက်ကျပြီး လေ သူရဲတစ်ဦး အသက်ဆုံးရှုံးသွားသည်။ သူ၏အလောင်းကို စတိုခန်းတစ်ခန်းတွင် ထည့်သွင်းထားခဲ့သည်။

ထိုအဖြစ်အပျက်များ ပေါ်ပေါက်ခဲ့ပြီးနောက် သင်္ဘော အမှုထမ်းများအကြားတွင် ထူးခြားသောအတွေ့အကြုံများ ရှိလာသည်။

သင်္ဘောကြီး၏ အောက်ဆုံးထပ်ရှိ ရက္ခာသိုလှောင် သော စတိုခန်းများမှာ သံမဏိဖြင့်ပြုလုပ်ထားကာ ...လို အလျောက်ဖွင့်နိုင်၊ ပိတ်နိုင်ခြင်းမရှိဘဲ နေ့စဉ် ဝင်ထွက်နေ သူများက အားစိုက်၍ ဖွင့်ရ၊ ပိတ်ရ၏။ ထိုစတိုခန်းတံခါးများ သည် တစ်ခါတစ်ရံ သူ့ဘာသာသူ ပွင့်သွားခြင်း၊ တစ်ခါ တစ်ရံ အနီးအနားတွင် မည်သူမျှမရှိဘဲ ပွင့်နေသောတံခါး ကြီး ပိတ်သွားခြင်းများကို သတိပြုမိကြသည်။

တစ်ခါတွင်မူ သင်္ဘောပေါ်မှ တယ်လီဖုန်းမြည်သံ ကြား၍ အမှုထမ်းတစ်ဦးက ကောက်ယူနားထောင်လိုက်၏။ သို့သော် ထိုတယ်လီဖုန်းကြိုးမှာ ကာလကြာမြင့်စွာက ဖြတ် တောက်ထားသော ဖုန်းဖြစ်နေပြီး အဘယ်ကြောင့် လိုင်းဝင် လာသည်ကို အံ့သြသွားကြသည်။

သင်္ဘောစဖိုမှူးကြီး တစ်ဦးကမူ တစ်ခါတစ်ရံ သူ့ အနား၌ တစ်ဦးတစ်ယောက်မျှမရှိပါဘဲ လည်ကုပ်ပေါ်တွင် ကြက်သီးမွေးညင်းများ ထလာသလိုခံစားရလေ့ရှိကြောင်း။ တစ်နေ့တွင် သူသည် စတုတ္ထအထပ်၌ တာဝန်ထမ်းဆောင် နေစဉ် စကြံလမ်းဘက်ဆီမှ စစ်ယူနီဖောင်းဝတ်ထားသော သဏ္ဍာန်ရိပ်တစ်ခု လမ်းလျှောက်လာသည်ကို မြင်လိုက်ရ ကြောင်း။ ထိုပုံသဏ္ဍာန်မှာ လူပုံစံဖြစ်သော်လည်း မီးအငွေ့ ရောင်တစ်ခုကဲ့သို့ ထွင်းဖောက်တွေ့မြင်နိုင်နေပြီး ထိုသဏ္ဍာန် သည် ရိက္ခာသိုလှောင်သော စတိုခန်း၏ ပိတ်ထားသော တံခါး မှ ဖြတ်သန်းပျောက်ကွယ်သွားကြောင်း ထိုစတိုခန်းထဲမှ ပြန်ထွက်လာပြီး စောင့်ကြည့်သော်လည်း မထွက်လာသဖြင့် ၎င်းမှ စတိုခန်းတံခါးကိုဖွင့်ပြီး အတွင်းသို့ ဝင်ကြည့်လိုက် ရာ အခန်းထဲတွင် မည်သူ့ကိုမျှမတွေ့ရကြောင်း၊ တံခါးပေါက် တစ်ခုတည်းသာရှိသော ထိုစတိုခန်းအတွင်းမှ အဆိုပါလူ့ သဏ္ဍာန် ဝင်ရောက်ပျောက်ကွယ်သွားပုံကို အံ့သြမိကြောင်း ရှင်းလင်းပြပါသည်။

www.burmeseclassic.com

အင်ဂျင်နီယာတစ်ယောက်မှာ အအေးခန်းသံလှေခါး အတိုင်း တက်သွားစဉ် သူ့ခြေထောက်ကို နောက်မှတစ်ယောက်ယောက်က လှမ်းဆွဲခြင်းကိုခံလိုက်ရသည်။ နောက်သို့ လှည့်ကြည့်သောအခါ၌လည်း မည်သူ့မျှမတွေ့ရပေ။ သင်္ဘောကုန်းပတ်ပေါ်၌ သံချောင်းကြီးကို တစ်စုံတစ်ယောက်က ဆွဲမပြီး လွှတ်ချလိုက်သံများလည်း ကြားကြရသည်။ သင်္ဘောမီးလုံးများ အလိုလိုပွင့်ခြင်း၊ ပိတ်ခြင်း၊ ကြိုးဖြုတ်ထားသော တယ်လီဖုန်းမှ အသံမြည်ခြင်း စသည့်ထူးခြားမှုများကိုလည်း တွေ့ကြရသည်။

တစ်ကြိမ်တွင် ပြင်ပမှ အသံမဝင်နိုင်အောင် အလုံပိတ်ထားသောအခန်းထဲ၌ အမှုထမ်းများအား "ကောင်းသော နံနက်ခင်းပါ ရဲဘော်တို့"ဟု နှုတ်ဆက်သည့်အသံ ထွက်ပေါ်လာသည်။

စမ်ယူနီဖောင်းဝတ် "ဝိညာဉ်"ရှင်မှာ လေယာဉ်တင်သင်္ဘောကြီးပေါ်၌ တစ်ခါက အမှုထမ်းခဲ့သော အရာရှိတစ်ဦးဖြစ်လိမ့်မည်ဟု သင်္ဘောအမှုထမ်းများအားလုံးက ယူဆနေကြသည်။

## အုံ့မှိုင်းဓာတ်ပုံရှင်

၁၈၉၁ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်၊ စနေနေ့၌ အင်္ဂလန်ပြည် နယူးကာဆယ်မြို့နေ 'ဂျိန်းအက်စ်သွန်မဆင်' သည် ဓာတ်ပုံဆိုင်တစ်ခုသို့သွား၍ မှိုအပ်ထားသော ဓာတ်ပုံများအကြောင်း စုံစမ်းမေးမြန်း၏။ ဆိုင်ရှင်က ဓာတ်ပုံများ ကူးမပြီးသေးကြောင်းပြောရာ သွန်မဆင်သည် အလွန်စိတ်ပျက်ဟန်ဖြင့် သူမှာ အချိန်အနည်းငယ်သာရှိတော့ကြောင်း၊ ဓာတ်ပုံများယူရန် နောက်ထပ်လာနိုင်မည်မဟုတ်ကြောင်း ပြောဆိုပြီး ဆိုင်ထဲမှ ထွက်သွား၏။

သို့ရာတွင် ထိုစနေနေ့နံနက်တွင် သွန်မဆင်မှာ မိမိအိပ်ရာထဲ၌ အသည်းအသန် မကျန်းမမာဖြစ်နေ၍ သူနာပြုဆရာမတစ်ဦးက အနီးစောင့်ကြပ်ကြည့်ရှုနေရသည်။ သူသည် ဓာတ်ပုံများအကြောင်း ကယောင်ကတမ်း တတွတ်တွတ်ပြောခဲ့သည်ဆို၏။ ထိုစဉ် ဓာတ်ပုံဆိုင်သို့ သူ၏ကိုယ်ပွား ရောက်ရှိသွားခဲ့ခြင်းဖြစ်ပြီး နောက်နာရီအနည်းငယ်အကြာတွင် သွန်မဆင်သည် အိမ်၌ကွယ် လွန်သွားရှာသည်။

## အုံ့မှိုင်းဓာတ်ပုံ

၁၈၆၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ကျင်းပသည့် ဗြိတိသျှကို လံဘီယာပါလီမန် အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်နယ်အမတ်များကို ဓာတ်ပုံရိုက်ယူရာ ဓာတ်ပုံရိုက်စဉ်က မပါဝင်သော အမတ်တစ်ဦး၏ မျက်နှာပုံသည် ဓာတ်ပုံပေါ်တွင် ထူးဆန်းစွာပါလာခဲ့လေသည်။

အမှန်စင်စစ် ထိုသူမှ အစည်းအဝေးကျင်းပနေချိန်၌ မိမိ၏နေအိမ်တွင် အသည်းအသန်ဖျားနာနေပြီး လွှတ်တော်အစည်းအဝေးသို့ လုံးဝမတက်ရောက်နိုင်သော အမတ် ချားလ်(စ)ဗွတ် ဆိုသူဖြစ်သည်။ နေအိမ်၌ သူအသည်းအသန်ဖြစ်နေချိန် သူ၏ကိုယ်ပွား (ဝါ) ပုံရိပ်သည် အစည်းအဝေးသို့ရောက်နေသောကြောင့် ဓာတ်ပုံတွင် သူ၏ပုံရိပ် ပေါ်လာသည်ဟု ဆိုရပေမည်။

အဆိုပါဓာတ်ပုံမူရင်းကို ကိုလံဘီယာမြို့တော် ဗစ်တိုရီးယားပါလီမန် အဆောက်အအုံ၌ ယခုတိုင် ချိတ်ဆွဲထားရှိလေသည်။

လှတိုး(စိတ်ပညာ)

ကိုးကား

၁။ (National Enquirer 7-2-89)

၂။ သောင်းထိုက်၏ "စိတ်တန်ခိုးနှင့် ဖြစ်ရပ်ဆန်းများ" ၁၉၀၃ ခုနှစ်၊ ဩဂုတ်လထုတ် ဉာဏ်ထင်း မွေ့တာပဒေသာမှ။

၃။ This is Suirtualism by Maurice Barbanell

www.burmeseclassic.com

www.burmeseclassic.com

# သူတော်စင်ဝိဇ္ဇာဓိုရ်ဆရာကြီးတို့၏ ကျင့်စဉ်နှင့် ဖြစ်ရပ်ဆန်းများ

■ ဝိဇ္ဇာဓရဆရာအောင်

## ရွှေဖျိုင်းနားဆရာကော်ကြီး၏ ထူးဆန်းအံ့ဖွယ်ရာများ

ကျွန်ုပ်သည် ခရီးသွားခြင်းကို အထူးနှစ်သက်ပါသည်။ ခရီးသွားတိုင်း ရောက်ရှိရာ နေရာဒေသရှိ တန်ခိုးကြီးဘုရားများအပြင် နာမည်ကျော် ဆရာတော်ကြီးများထံသို့လည်း ဝင်ရောက်ဖူးမြော်ပါသည်။

မန္တလေးမြို့ကိုသွားသော ခရီးဆိုလျှင် မဟာမြတ်မုနိဘုရားကြီးအား ရွှေသင်္ကန်းကို ကိုယ်တိုင်ကိုယ်ကျ ကပ်လှူပါတယ်။ ဒီ့အပြင် ရေတော်ဆရာတော်ကြီးဆီကို ဝင်ပြီးဖူးမြော်ခြင်း၊ အင်းဝရှိ သတ္တုမပြောက် ကျော်အောင်စံထားဆရာတော်ထံကိုလည်း ဝင်ရောက်ဖူးမြော်ပါတယ်။

ထိုခရီးကို ကျွန်ုပ်ရဲ့ ပါရမီဖြည့်ဘက် ဇနီးသည်လည်း လိုက်ခဲ့ပါတယ်။ ဒီတစ်ခေါက် ဘုရားဖူးကအပြန် ပြည်မြို့ရွှေဆံတော်ဘုရားအပြင် ဆယ်ထပ်ကြီးဘုရားကို ဝင်၍ဖူးပါတယ်။ ဒါပေမယ့် ဆရာတော်ဦးပဉ္စသကို မဖူးခဲ့ရပါ။

အံ့ဩဖွယ်ရာတစ်ခုကို မြင်တွေ့ရပါတယ်။ အဲဒါက ဆယ်ထပ်ကြီးဘုရားတန်ဆောင်းမှ နဂါးအမြီးပိုင်းက အစပြုထားလျက် နဂါးကိုယ်ထည်အထိ နဂါးပါးပျဉ်းပြုလုပ်ရန် အစိတ်အပိုင်းရှိနေချိန် မိုးတွင်းကြီး လေကြီးကျလျက် မိုးကြိုးထိုးလိုက်ချိန်းပစ်လွှတ်ရာတွင် နဂါးရဲ့ကိုယ်ပိုင်းကို ထိမှန်ရာ နဂါးကိုယ်ထည်တစ်ခုလုံး ပျက်စီးသွားတော့သည်။ (ဘုရားဖူးရင်းကြားရသောသတင်း) ဤစီမံကိန်းပျက်သွားသော်လည်း ဦးဝိဇ္ဇာဗလဟူသော ဂုဏ်သတင်းက အလွန်ကျော်ကြားခဲ့မြဲပါသည်။

ကျွန်ုပ်သည် ဆရာတော်ကြီးကို ရန်ကုန်မြို့ ပုဇွန်တောင်တွင် လွန်ခဲ့သော နှစ်ပေါင်း လေးဝယ်လောက်က တစ်ကြိမ် ဖူးမြင်ခဲ့ရပါတယ်။ ထိုအချိန်က ဆရာတော်ကြီးရဲ့ အသက်မှာ ၇၀ ကျော်ခန့်ရှိမည်ဟု ခန့်မှန်းရပါတယ်။ ဒီနောက်ပိုင်း ဆရာတော်ကြီးဂုဏ်သတင်းကို အမြဲမပြတ် ကြားနေရပါတယ်။ ဒါကြောင့် ဦးဝိဇ္ဇာဗလ ရွှေဖျိုင်းနားဆရာတော် ကမ္ဘာ့ရွှေရင်အေးဆရာတော်ဘုရားကြီးရဲ့အကြောင်းကို ရေးချင်သဖြင့် တစ်နေ့မှာ လာဘ်မိုးရွာ ဦးသန့်ကို အကူအညီတောင်းမိပါတယ်။ ဦးသန့်က တစ်နေ့မှာ ၁·၈·၂၀၀၈ နေ့ထုတ် ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိနှင့် ကျင့်စဉ်ပုတီးစိပ်၊ အစွမ်းထက် ဂါထာတော်များရဲ့အကြောင်း စာအုပ်ထူကြီးကို ပေးပါသည်။

တစ်ချိန်တည်းမှာပင် ဆရာကျော်ဇောဟိန်းသည်လည်း ကျွန်ုပ်ရှိရာ ဘုန်းရောင်ဂျာနယ်တိုက်ကို ရောက်လာပါတယ်။ကျွန်ုပ်တို့နှစ်ယောက် ၅၂ လမ်းထိပ်ရှိ လမ်းဘေးလက်ဖက်ရည်ဆိုင်ကို သွားကြပြီး လက်ဖက်ရည်သောက်ရင်း ကျွန်ုပ်က ဆရာကျော်ဇောဟိန်းကို အကူအညီတစ်ခုတောင်းပါတယ်။ အဲဒီအကြောင်းက ရွှေဖျိုင်းနားဆရာတော်ကြီးအကြောင်းကို သိလိုကြောင်း ပြောရာ ဆရာကျော်ဇောဟိန်းကလည်း ရပါတယ်ဆိုပြီး ထိုနေ့မှာပဲ သူရေးထားတဲ့ ရွှေဖျိုင်းနားဆရာတော်ကြီးအကြောင်း စာမူမိတ္တူကို ကျွန်ုပ်ထံကို ယူလာပါတယ်။

ဒါ့ကြောင့်ပဲ ကျွန်ုပ်ရေးနေကျ အံ့ဩဖွယ်ရာ ဝိဇ္ဇာကြီးများအကြောင်းကို ဆက်လက်ရေးဖြစ်ပါတော့တယ်။

ဦးဝိဇ္ဇာဗလ ငယ်စဉ်ကဖြစ်စဉ်···

ပျော်ဘွယ်မြို့ရဲ့ မြောက်မျက်နှာ ရှစ်မိုင်ခန့်အကွာ ယခုကားလမ်းမကြီးရဲ့အနီး (ဆွားတောင်ရွာ)မှ ဦးကြက်တောင် +



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်မလေးတို့မှ ၁၂၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့် ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့နံနက် ၁၃ နာရီ ၄၅ မိနစ်မှာ မွေးဖွားတယ်လို့ ဆိုပါတယ်။ ငယ်မည် မောင်ပေါက်ကျော်ဟု အမည်ပေးခဲ့သည်။ သူ့ရဲ့ ထူးခြားဖြစ်စဉ်မှာ -

ငယ်ငယ်ရွယ်ရွယ် ခုနစ်နှစ်သားအရွယ် သူ့ကို ပထမံ ဘိုးဘိုးအောင်နဲ့ ဝိဇ္ဇာမိုရ်များက ပညာသင်ပေးခဲ့တယ်လို့ဆို တယ်။ နွားကျောင်းနေစဉ် ရေငတ်တဲ့အခါမှာ ကျောက်သင် ပုန်းပေါ်မှာ "အင်း"ကိုရေးပြီး လျှာနဲ့လျက်တဲ့အခါ ရေငတ်ပြေ တယ်လို့ ဆိုပါတယ်။ နွားတွေကို ဘယ်မှ မသွားရ၊ မလာရ ဆိုလျှင် နွားတွေကလည်း အမိန့်အတိုင်း နားထောင်ကြပါ တယ်။

ဦးဝိဇ္ဇာဗလ ဆရာတော်လောင်းလျာဟာ ကလေးဘဝ ကပဲ ဝိဇ္ဇာပညာရပ်ဖြစ်တဲ့ အင်းပညာ မန္တန်ပညာများကို ဝိဇ္ဇာမိုရ်ကြီးများက သင်ကြားပေးခဲ့တယ်လို့ အဆိုရှိပါတယ်။ ၁၂၈၃ ခုနှစ်၊ နတ်တော်လပြည့်နေ့မှာ ရှင်လာဘဟူသော ဘွဲ့တော်ဖြင့် သာမဏေဖြစ်ခဲ့ပါတယ်။ တစ်နှစ်မျှကြာတဲ့အခါ မှာ ဆွမ်းလုံးဝမစားတော့ဘဲ သစ်သီးဆွမ်း၊ သစ်ရွက်ဆွမ်း။ ပဲပြုတ်ဆွမ်းတို့ကိုသာ ဘုဉ်းပေးခဲ့တယ်လို့ ဆိုပါတယ်။

ကိုရင်လာဘဟာ ထူးခြားသော ဝိဇ္ဇာဆရာများရဲ့ ညွှန်ကြားချက်အရ တနင်္ဂနွေနေ့တွင် တနင်္ဂနွေအပင်အောက် မှနေပြီး တနင်္ဂနွေနံအသီး၊ အပွင့်၊ အရွက်များ ဘုဉ်းပေးခြင်း၊ တနင်္လာနေ့တွင် တနင်္လာအပင်အောက်မှနေပြီး တနင်္လာနံ အသီး၊ အပွင့်၊ အရွက်များ ဘုဉ်းပေးခြင်း စသည်ဖြင့် ခုနစ် ရက်တာ ကျင့်သည့်အပြင် အရဟံဂုဏ်တော်နှင့် သရဏ ဂုဏ်တော်သုံးဆယ်ကို နည်းအမျိုးမျိုးဖြင့် နှလုံးသွင်းခြင်း၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း စသည်ဖြင့် လောကီပညာရပ်များကို အားထုတ်ပါတယ်။

ကိုရင်လေးသည် သံပရာရွက်၊ ရောက်ရွက်၊ ရွက်လှ စသော အရွက်မျိုးစုံ၊ သစ်သီးမျိုးစုံတို့ကိုလည်း ဘုဉ်းပေး တတ်သည်။ ဒေါနပန်းကို သုံးခက်မျှ ဘုဉ်းပေးရလျှင် တစ်နေ့ အတွက် ဆွမ်းကိစ္စပြီးသည်ဆိုသည်။

ကိုရင်ကလေးသည် နောက်ဆုံးအဓိဋ္ဌာန်ဖြစ်သည့် စနေနံ ထိန်ပင်ကြီးရဲ့အပေါ်ကို တက်လိုတဲ့ဆန္ဒ ရှိသဖြင့် တက်ခဲ့ရာ ထိုထိန်ပင်ကြီး၏ ခွကြားတွင် ပူပူနွေးနွေး သလေး ဆွမ်းကို သန့်ရှင်းတဲ့ ပန်းကန်နှင့် ထည့်ထားသည်ကိုတွေ့ရာ အဓိဋ္ဌာန်အောင်မြင်သောကြောင့် နတ်များက ဆက်ကပ်ကြ သည်ဟု ယုံကြည်ကာ အားရဝမ်းသာ ဘုဉ်းပေးခဲ့သည်။ ထို သလေးဆွမ်းကို ဘုဉ်းပေးပြီးနောက် ဆွမ်းမစားတော့ဘဲ တော တောင်များ၌သာ နေလိုစိတ်များ ဖြစ်ပေါ်ခဲ့သည်။ ထိုအချိန်မှ စပြီး ကျော်ကြားခဲ့တော့၏။

တစ်နေ့မှာ ကိုရင်လာဘသည် ဆားတောင်ရွာ အရှေ့ ကျောင်းမှ လုံးဝပျောက်ကွယ်သွားတော့သည်။ ထိုအချိန် မြို့ရွာ အသီးသီးကိုလှည့်လည်ကာ ပရိယတ္တိ၊ ပဋိပတ္တိပညာ၊ သမထနှင့် လောကီပညာများကို ဆရာပေါင်းများစွာတို့ထံမှ သင်ယူခဲ့သည်။

ကိုရင်ဘဝမှ ရဟန်းဘဝကို တက်လှမ်းခဲ့လေသည်။ ထိုအချိန်၌လည်း ဦးခန္ဓဇောတိမဏိရတနာဝိပဿနာသာရ "ဝယပမ"စာမေမ့ာ်စဉ် ဂိုဏ်းတော်ကြီးရဲ့ သိဒ္ဓိရှင်ဖြစ်သော ဦးခန္ ဇောတိမှ ဆေးလုံး ၄၉ လုံး ချီးမြှင့်ခဲ့ပါတယ်။

တစ်နေ့သောအခါ ရဟန်းတော်အရှင်လာဘသည် သပိတ်ကိုလွယ်ပြီး ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီးကို ကြွ ခဲ့ပါတယ်။ ၎င်းနောက် စေတီတော်ကြီးကို လက်ျာရစ်သုံး ကြိမ် လှည့်လည်ပူဇော်ပြီး တနင်္ဂနွေထောင့်ရှိ "တဝဂ္ဂ"ဘုရားမှာ ခေတ္တ သီတင်းသုံးပါတယ်။ အဲဒီနေ့ကစပြီး သတ္တသတ္တာဟကျင့်စဉ် ဖြင့် ၄၉ ရက် အဓိဋ္ဌာန်ဝင်တော်မူပါတယ်။ ထိုနေရာမှလွဲပြီး မည်သည့်နေရာကိုမှ မသွား၊ ဆွမ်းလည်းမစား၊ ကုဋီလည်း မတက်၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ စင်္ကြံလျှောက်ခြင်း စတဲ့ အရိယာ ပုဒ်သုံးပါးနဲ့ သီတင်းသုံးနေတော်မူပါတယ်။

အရှင်လာဘဟာ အဓိဋ္ဌာန်အောင်မြင်တော်မူတဲ့ နေ့မှာ ဗုဒ္ဓကိုကြည်ညိုလွန်းတာနဲ့ မိမိကိုယ်ကို မီးရှို့ပူဇော်မယ် လို့ အကြံအစည်ရှိခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျေးဇူးရှင် "ဝယပမ" စာမေမ့ာ်စဉ်ဂိုဏ်းတော်ကြီးရဲ့ သိဒ္ဓိရှင်ဆရာတော်ကြီး ဖြစ်သော ဦးခန္ဓဇောတိက ရောက်လာပြီး တားမြစ်တာကြောင့် မပြုလုပ်ခဲ့ပါ။

အာဟာရသိဒ္ဓိရှင်ဟု နာမည်ကျော်ကြားသော အရှင် လာဘမှာ အမျိုးမျိုးသော ကျင့်စဉ်များကို အောင်မြင်ခဲ့သဖြင့် ၁၃၀၄ ခုနှစ်တွင် ဆံရှည်ဆရာတော် ဦးကောဏ္ဍည၊ ယက္ခန်း စင်တောင်ဆရာတော် ဦးဩဘာသ၊ ဆရာတော် ဦးခန္ဓဇောတိ နှင့် ပထမံဘိုးဘိုးအောင်တို့က အရှင်လာဘ သီတင်းသုံးသည့် ကျောင်းသို့ ကြွရောက်လာပြီး ဦးလာဘ ဟူသော ဘွဲ့အမည်မှ ဦးဝိဇ္ဇာဗလဟူသော ဘွဲ့အမည်ကို ပြောင်းပေးခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးသည် ၁၂၇၉ မှ ၁၂၉၉ ခုနှစ်အထိ သီလရှင်ဆရာမကြီး ဒေါ်နန္ဒီရဲ့ ပင့်လျှောက်သဖြင့် ရန်ကုန် တောင်တောရတွင် သီတင်းသုံး၍ တရားဘာဝနာများ ကျင့်ကြံအားထုတ်ခဲ့ပါတယ်။ ၁၂၉၉ ခုနှစ်မှာ သီလရှင်ဆရာမကြီး ကွယ်လွန်သွားသဖြင့် ပြည်မြို့တစ်ဖက်ကမ်းရှိ တန့်ကြည်တောင်အနီး ဝိဇ္ဇာတောင်သို့ ပြောင်းရွှေ့သီတင်းသုံးနေခဲ့ပါသည်။

သက္ကရာဇ် ၁၃၀၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၇ ရက်၊ စနေနေ့၊ နေ့လယ် ၁၂ နာရီခန့်တွင် ကျီ(ချေ)ငယ်တစ်ကောင်ကို ခွေးနီတစ်ကောင်နှင့် ခွေးနက်တစ်ကောင်တို့မှ ဟဲသဲမဲမဲ လိုက်နေသည့်အတွက် ကျီငယ်လေးမှာ အသက်ဘေးအတွက် ထွက်ပြေးနေရပါတယ်။ တောင်ကုန်းတစ်ခုနားသို့ ရောက်သောအခါ ရပ်တန့်ပြီးသည့်နောက်သို့ ပြန်လှည့်ကြည့်လိုက်ပြီး ဟောက်လိုက်သောအခါ ခွေးနှစ်ကောင်မှာ နောက်သို့ ဆုတ်ပြေးပါတော့တယ်။

ဤအခြင်းအရာကို မြင်တွေ့သော ရှင်လာဘသည် ထိုတောင်ကုန်းကို အောင်မြေသတ်မှတ်ပြီး ကျောင်းဆောက်ခဲ့ပါသည်။ ထိုကျောင်းကို မာန်အောင်တောရကျောင်းဟု ဆိုင်းဘုတ်ရေးပြီး တင်ခဲ့ပါတယ်။ ၁၃၀၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ တနင်္ဂနွေနေ့မှာပဲ နံနက် ၈ နာရီလောက်တွင် အဝတ်ဖြူဝတ်ထားသော ဘိုးဘိုးတစ်ဦးရောက်လာပြီး မာန်အောင်ကျောင်းရှေ့တွင် ရတနာဆိုသည့် စာလုံးကိုဖြည့်ပြီး ရေးခဲ့ပါတယ်။

သက္ကရာဇ် ၁၃၄၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့ ၆ နာရီ ၄၅ မိနစ်တွင် ဆရာသခင်ကျေးဇူးရှင်များက မြန်မာနိုင်ငံသာမက ကမ္ဘာ့နောင်ရေးအတွက် အတိတ်နိမိတ်ယူပြီး "ကမ္ဘာ့ရွှေရင်အေး" ဆိုသည့် ဘွဲ့ကို ချီးမြှင့်ပေးပြန်ပါတယ်။

ဆရာတော်ကြီးဟာ သတ္တဝါတွေအပေါ်မှာ ကြင်နာသနားမေတ္တာပွားနေတတ်၍ ဆရာတော်ကြီးရဲ့ မေတ္တာအတိုင်းအတာသည် နှိုင်းဆ၍ မရနိုင်ပါ။ ထို့ကြောင့် ၁၃၄၄ ခုနှစ်၊ သက်တော် ၇၅ နှစ် စိန်ရတုအလှူပွဲကြီးကို ကျင်းပ နေချိန် ဧည့်သည်များက သာဓုမောဒနာခေါ်လိုက်သည့်အချိန်မှာ စာကလေးတစ်ကောင်သည် ဆရာတော်ရဲ့ လက်ျာခုံပေါ်မှာ တည်ငြိမ်စွာ လာရောက်နားနေပါတယ်။

သက္ကရာဇ် ၁၃၅၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်၊ နံနက် ၆ နာရီ ၄၅ မိနစ်အချိန်မှာ ဆရာတော်ကြီး သီတင်းသုံးရာ ကျောင်းနားရှိ မန်ကျည်းပင်ပေါ်မှာ ရွှေရောင်လည်ရစ်ကလေးများပါသော ဗျိုင်းကလေးများ စတင်ရောက်ရှိလာပါတယ်။ ရှေးဦးစွာ နှစ်ကောင်ရောက်လာပြီးနောက် ၁၂ ကောင် ရောက်လာပြန်ပါတယ်။ ၎င်းနောက် အသိုက်များ ပြုလုပ်ကြပါတယ်။ ထို့နောက် တစ်ဖန် ဗျိုင်းများ အုပ်လိုက်ရောက်လာပြီး ရေတွက်၍ပင် မရနိုင်လောက်အောင် များပြားလာပါတယ်။

ဆရာတော်ကြီးက ပြတင်းပေါက်မှကြည့်နေရာ စိတ်ထဲမှ ကိုင်ကြည့်ချင်လိုက်တာဆိုသည့် စိတ်ဆန္ဒများ ဖြစ်ပေါ်နေပါတယ်။ နောက်တစ်နေ့ နံနက် ၆ နာရီကျော်ကျော်လောက်မှာ ပြတင်းပေါက်ကို ဖွင့်လိုက်သည်နှင့် မြန်းဆို ဗျိုင်းကလေးတစ်ကောင်ဟာ ဆရာတော်ကြီးရဲ့ ပခုံးပေါ်ကို လာနားပါတော့သည်။

ရတနာမာန်အောင် ကမ္မဋ္ဌာန်းတိုက်အနီးရှိ မန်ကျည်းပင်သည် ရွှေဗျိုင်းကလေးများ လာရောက်ခိုနားရာဖြစ်သဖြင့် ရွှေဗျိုင်းကလေးရဲ့ အရောင်ကြောင့် မန်ကျည်းပင်လ... ရွှေရောင်သန်းနေပါသည်။

ဒါကြောင့် လောကီ၊ လောကုတ္တရာ အလီလီစုံလင် ဝိဇ္ဇာပညာရှင်ဖြစ်တော်မူသော ပြည်မြို့ ရတနာမာန်အောင်တောရ ကမ္မဋ္ဌာနာစရိယ သာသနာပြု ဓမ္မကထိက ဖြစ်တော်မူသော အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့ တံဆိပ်တော်ရ ဆရာတော်ကြီးကား ရတနာမာန်အောင် တောရ ကမ္ဘာ့ရွှေရင်အေးဆရာတော်ကြီး ရွှေဗျိုင်းနားဆရာတော် ဦးဝိဇ္ဇာဗလ စသည့် ဘွဲ့တော်များဖြင့် လူ့လောကတွင်သာမကဘဲ ဝိဇ္ဇာတို့အလယ်မှာလည်း အရေးပေးချီးမြှောက်ခြင်း ခံခဲ့ရပါကြောင်း ဖော်ပြရေးသားလိုက်ရပါတယ်။

## ဝိဇ္ဇာဓရဆရာအောင်

**မှီငြမ်း**

မှတ်မှတ်ရရ မင်းသိင်္ခ(ကလောင်စုံ) လာဘ်မိုးဇွေ စာပေ၊ ဦးသန့်၊ စာရေးဆရာကျော်ဇောဟိန်းရေး ဦးဝိဇ္ဇာဗလ ၏ ထူးခြားဂုဏ်အင် အာဟာရသိဒ္ဓိရှင်။

www.burmeseclassic.com

# ဓနုတို့ပွဲ တို့ဆင်နွှဲ

ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)

စာရေးသူသည် အစ်မ၊ မနွယ်(ကလော) (ဓနုတိုင်းရင်းသားမိသားစုအသင်း၊ ရန်ကုန်၊ အလုပ်အမှုဆောင်)၏ ဖိတ်ကြားချက်အရ ဓနုတို့ပျော်ရာ ဓနုတိုင်းရင်းသားအသင်းသို့ ၁၂၊ ၂၊ ၂၀၁၆ ခု (ပြည်ထောင်စု)နေ့က ရောက်ရှိခဲ့ပါသည်။

ဓမ္မာရုံအသင်း၏ တည်နေရာသည် ရွှေတိဂုံဘုရား ကြေးသွန်းဘုရားရှေ့တွင် တည်ရှိပါသည်။ ဓမ္မာရုံသို့ ရောက်ရောက်ချင်း ဓနုတိုင်းရင်းသားမောင်မယ်ကလေးများက ရိုးရာအကများဖြင့် လှိုက်လှိုက်လှဲလှဲ ဆီးကြိုကြသည်ကို တွေ့ရပါသဖြင့် ကြည်နူးခြင်းဖြစ်မိပါသည်။ အစ်မ မနွယ်(ကလော)နှင့်အတူ ဓမ္မာရုံပေါ်သို့ ရောက်သောအခါ ဖိနပ်များအပ်ပြီး ဓနုတိုင်းရင်းသားတို့၏ ဓနုမဂ္ဂဇင်း၊ လုံချည်၊ အင်္ကျီ၊ ရှမ်းဘောင်းဘီ အစရှိသည်တို့ ရောင်းချသောနေရာ၌ ဓနုမဂ္ဂဇင်း တစ်အုပ် ဝယ်ယူခဲ့ပါသည်။

မဂ္ဂဇင်းဝယ်ပြီးသော် အစ်မ မနွယ်(ကလော)က အနားလာပြီး "ညီမ ဓနုအသင်းဝင်ပါလား"ဟု ပြောလိုက်သဖြင့် စာရေးသူမှ -

"အသင်းဝင်လို့ ရလို့လား။ ရရင်ဝင်မှာပေါ့ အစ်မရယ်" ဟု ဆိုကာ ဓနုအသင်းဝင်အဖြစ် ဝင်ကြေး ၁၀၀၀/- လစဉ်ကြေး ၁၂၀၀/- ပေးပြီး လိုအပ်သည်များကို ပုံစံတွင်ဖြည့်စွက်၍ အသင်းသားတစ်ဦးအဖြစ် ခံယူခဲ့ပါသည်။ ဓမ္မာရုံရှိ အသင်းဝင်များနှင့် စာရေးသူတို့ အနေမစိမ်းကြပါ။ အဘယ်ကြောင့်ဆိုသော် မြန်မာစာပေ ဖြန့်ဖြူး...အသင်းကိုလည်း ၎င်းဓမ္မာရုံ၌ ဖွင့်လှစ်ထားပါသဖြင့် ဆရာကံညွန့်လှိုင်၊ ဆရာမ မနွယ်(ကလော)၊ ဆရာမညွန့်ညွန့်၊ ဆရာမ ချိုမြနွယ်တည်းဟူသော ဓနုတိုင်းရင်းသားများနှင့် ချစ်ခင်ရင်းနှီးပြီးသား ဖြစ်ပါ၍ ဓနုအသင်းအား လွယ်လွယ်ကူကူ ဝင်လိုက်ခြင်းဖြစ်ပါသည်။

အပေါ်ထပ်သို့ ရောက်သောအခါ ရိုးရာဓလေ့အစားအစာများဖြစ်သော တို့ဖူးကြော်၊ ဘူးသီးကြော်၊ ဂျုံးမြစ်၊ မြင်းခွာရွက်၊ မျှစ်တို့ ရောစပ်ထားသော အကြော်၊ ကောက်ညှင်းပေါင်း။ ထန်းလျက်နှင့် ကောက်ညှင်းကြော်တို့အား မွှေးပျံ့လှသော အခါးရည်(ရေနွေးကြမ်း)တို့ဖြင့် ညှိခံကျွေးမွေးသော စားသောက်ဖွယ်များအားဖြင့် မြိန်ရှက်စွာစားသောက်ပြီး မှတ်တမ်းဓာတ်ပုံများ ရိုက်ပြီးနောက် ၁၂၀၀ နာရီတွင် ပြန်ခဲ့ပါသည်။ ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသော ပွဲလေးတစ်ပွဲအဖြစ် ရင်တွင်းကိန်းအောင်းမိခဲ့ပါသည်။

အိမ်ရောက်ပြီး နောက်တစ်နေ့တွင် ဓနုတိုင်းရင်းသား မဂ္ဂဇင်းလေးအား ဖတ်ရှုကြည့်ရာတွင် လွန်စွာပင်တန်ဖိုးရှိလှသော စာအုပ်လေးတစ်အုပ်ဖြစ်ကြောင်း သိရှိရပါသည်။ အုံ့အုံ့မှိုင်းမှိုင်း တောင်များဝိုင်းရံထားပြီး အေးချမ်းလှသော တောင်ပေါ်ဒေသရှိ ဓနု၊ ရှမ်း၊ ပလောင်တို့နေထိုင်ကြရာ တိုင်းရင်းသားတို့၏ ဓလေ့ထုံးစံ၊ စားသောက်နေထိုင်ကြပုံ၊ စီးပွားရေးလုပ်ဆောင်မှုများ၊ စေတီပုထိုး၊ လိုဏ်ဂူ အစရှိသည့် သာသနာ့အဆောက်အအုံများ၊ သမိုင်းကြောင်းများကိုလည်း ဖတ်ရှုခဲ့ရပါသည်။

ရှမ်းပြည်တောင်ပိုင်းရှိ တောင်ကြီး၊ ကလော၊ အောင်ပန်း၊ အင်းလေးဒေသတို့သည် ပင်းတယလိုဏ်ဂူ၊ ကုံလုံဆရာတော်၊ ထန့်ဆန်းလိုဏ်ဂူ၊ မြင်းမထိလိုဏ်ဂူတော်၊ တောင်ကြီးတောင်ပေါ်ဘုရားများ အစရှိသည်တို့ကို မြန်မာလူမျိုးများသာမက နိုင်ငံခြားသားများပါ လေ့လာရေးခရီးစဉ်တစ်ခုအဖြစ် သတ်မှတ်ကာလ ရောက်ကြသဖြင့် နိုင်ငံခြားဝင်ငွေကိုလည်း တစ်ဖက်တစ်လမ်းမှ ရှာပေးသော တောင်ပေါ်ဒေသတစ်ခုအဖြစ် ဂုဏ်ယူဖွယ်ကောင်းလှပါသည်။

၎င်းမဂ္ဂဇင်းစာအုပ်လေး၌ ဓနုတိုင်းရင်းသားတို့၏



www.burmeseclassic.com

www.burmeseclassic.com

ရှိုးရာစကားပုံတို့သည် မြန်မာလူမျိုးတို့၏ ဓလေ့ထုံးစံများနှင့် ခင်ဆင်ဆင်တူညီပြီး မှတ်သားဖွယ်ကောင်းလှပါသောကြောင့် ထံညွှန့်လှိုင်(တောင်ကြီး)၏ ဓနုတိုင်းရင်းသားရိုးရာ စကားပုံများအား ဖော်ပြလိုက်ပါသည်။

**ကျီးနားသီချင်းညည်း**

ကျီးကန်းသည် တိရစ္ဆာန်ဖြစ်သဖြင့် အော်လျှင် "အ အ အာ အား"ဟူ၍ အော်တတ်ပါသည်။ ကျီးကန်းအနီးအပါးတွင် အလွန်သာယာပျော်ရွှင်ဖွယ်ကောင်းသော သီချင်းဆိုခြင်း၊ ညည်းညူခြင်းများ ပြုလုပ်သော်လည်း "အ. အ အာ အား"ဟုသာ အော်နေမည် ဖြစ်ပါသည်။

ထို့အတူ အသိပညာချို့တဲ့သူများသည် အသိပညာ၊ အတတ်ပညာများ မည်မျှပင် သင်ပေးသော်လည်း တန်ဖိုးထားရမှန်း၊ အလေးထားရမှန်း မသိကြပေ။ တန်ဖိုးရှိသော စကားများကို မည်မျှပင်ပြောဆိုစေကာမူ ပေါ့ပေါ့ထန်ထန်နှင့် သေိဂါ(င်)။ မသိဘာသာ လျစ်လျူရှုကာ ပြောစကားမှာ အချည်းနှီးဖြစ်သွားတတ်ပါသည်။ "ကျွဲပါးစောင်းတီး"စကားပုံနှင့် တူလှပါသည်။

မြေပြန့်ဒေသတွင်
ငရုတ်သီးဟုခေါ်သော အသီးကို
ရှမ်းပြည်နယ်တွင် ထိုအသီးကို
စားလျှင် စပ်သဖြင့် စပ်သီးဟု
အရသာကိုမှတည်ပြီး ခေါ်ကြပါသည်။
၎င်းစပ်သီးထဲမှ
ပိုးလောက်ကောင်များသည်
တစ်ခါတစ်ရံ ရှိနေတတ်ပါသည်။

**ဂျုံးမြစ်လိုမကွာ ကြက်သွန်မြှာလို စည်းရုံး**

ရှမ်းပြည်ဒေသများတွင် ပေါက်ရောက်သော ကျုံးမြစ် (ဂျုံးမြစ်)၏ အမြစ်များသည် ပင်စည်အခေါင်းမှနေ၍ အမြစ်များအကြား မလပ်ထွက်ရှိနေခြင်းမရှိဘဲ တစ်ပင်ချင်းစီကဲ့သို့ ထွက်နေပါသည်။ အလွယ်တကူပင် ခွဲဖြုတ်၍ရပါသည်။

ကြက်သွန်ဖြူအမြှာကမူ အတော်အတန်ခွဲခွာ၍ မရပါ။ ထို့ကြောင့် စည်းရုံးအင်အားကောင်းနေလျှင် အန္တရာယ်ကာကွယ်နိုင်ပြီး ဂျုံးမြစ်ကဲ့သို့ တစ်ပင်ချင်း ဖွာထွက်ခြင်းသည် မိသားစုစည်းလုံးမှုမရှိသံလို တစ်ယောက်ယောက်က အမြစ်သေးတစ်ချောင်းချင်း ဆွဲထုတ်ပါက တဖြည်းဖြည်းဖြုတ်နိုင်သကဲ့သို့ မိသားစု၊ မိတ်ဆွေအပေါင်းအသင်း၊ အိမ်နီးနားချင်းများ မကွဲမကွာ စည်းလုံးစွာနေထိုင်ကြရန် စကားပုံက ပြဆိုထားခြင်းဖြစ်ပါသည်။

**စပ်သီးတဲပိုးလောက် စပ်မှာမကြောက်**

မြေပြန့်ဒေသတွင် ငရုတ်သီးဟုခေါ်သော အသီးကို ရှမ်းပြည်နယ်တွင် ထိုအသီးကို စားလျှင် စပ်သဖြင့် စပ်သီးဟု အရသာကိုမှတည်ပြီး ခေါ်ကြပါသည်။ ၎င်းစပ်သီးထဲမှ ပိုးလောက်ကောင်များသည် တစ်ခါတစ်ရံ ရှိနေတတ်ပါသည်။ မည်မျှပင် စပ်နေစေကာမူ ထိုစပ်သီးတွင်ရှိနေသော ပိုးလောက်သည် စပ်သီးကိုပင် စားသောက်နေထိုင်လျက် ရှိပါသည်။

ထို့အတူပင် လူလိမ္မာ၊ လူမိုက်ဝံ့သည်လည်း မိမိပတ်ဝန်းကျင်၏ ဓလေ့စရိုက်များဖြင့် နေထိုင်သွားကြပါသည်။ "လူမိုက်သား ရမ်းကား၊ လူလိမ္မာသား ယဉ်ကျေး။ တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး" စသည့်စကားပုံများနှင့် ဆင်တူသော စကားပုံဖြစ်ပါသည်။

**စောစောသွား နောက်ကျပြန်**

လုပ်စရာရှိသော ကိစ္စများကို အချိန်မီပြီးစီးအောင် စောစောကြိုတင်လုပ်သင့်ကြောင်း၊ အချိန်ရသေးသည့် အလျောက် ရနိုင်သလောက် လုပ်ကိုင်သင့်ကြောင်း၊ ထိုသို့


www.burmeseclassic.com

www.burmeseclassic.com

**လိမ္မာရေးခြားရှိစေရန် မိဘများက ရိုက်နှက်ဆုံးမတတ်ကြပေသည်။ ထိုသို့ဆုံးမသည်မှာ ဘဝတစ်သက်လုံး ကောင်းမွန်စေရန် ဆုံးမခြင်းဖြစ်ပါသည်။ "အိုးကောင်းရန် နာနာရိုက်မှ အိုးကောင်းရ" သော စကားပုံနှင့် တူပါသည်။**

ခေတင်ရှက်ပါက လုပ်ငန်းများ စော၍ပြီးစီးစေခြင်းဖြင့် ရရှိလာမည့် ရလဒ်များသည် အောင်မြင်နိုင်ကြောင်း၊ မပျင်းမရိဘဲ လုံ့လဝီရိယဖြင့် ကြိုးစားအားထုတ်သင့်ကြောင်း လမ်းညွှန်ပေးသည့် စကားပုံဖြစ်ပြီး မြန်မာတို့၏ "ချိန်ခါရှိခိုက် လုံ့လစိုက်" စကားပုံနှင့် ဆင်တူပင်ဖြစ်ပါသည်။

### မိုးရွာမှ ဆန်ပလာ

ဆန်ပလာ(ဆန်ပြာ)သောအလုပ်သည် မိုးမရွာခင် လုပ်ရသည့် အလုပ်တစ်ခုဖြစ်ပါသည်။ သိလည်းသိထားသင့်ပေသည်။ အချိန်ကာလ မိုးရွာသည့်အခါမှ ဆန်ပြာနေမည်ဆိုလျှင် ပစ္စည်းလည်းရှုံး၊ လုပ်အားလည်း အလဟဿ အချည်းနှီးဖြစ်သည့် စကားပုံတစ်ခုဖြစ်ပြီး "မိုးလွန်မှ ထွန်ချ" ဆိုသော မြန်မာ့စကားပုံနှင့် ဆင်တူယိုးမှား ဖြစ်ပါသည်။

### စည်းဝါးစမှာ ထုံးက သမီးသားစမှ ဆုံးမ

ဂီတအနုပညာနှင့် ပတ်သက်၍ တီးမှုတ်ကြမည်ဆိုလျှင် ဂီတ၏ စည်းမျဉ်းစည်းကမ်း၊ နရီပါဒ စသည်များကို သတ်မှတ်ထားရှိပါသည်။ ထိုဓလေ့ထုံးစံများကို သင်ယူခါစမှပင် သိရှိစေရန် အရေးကြီးကြောင်း ပြဆိုခြင်းဖြစ်ပါသည်။ ထို့အတူ သားသမီးများကိုလည်း ငယ်စဉ်အခါမှစ၍ လိမ္မာစေလိုသော စေတနာဖြင့် ဆုံးမသင့်ပါသည်။ ငယ်စဉ်က ဆုံးမခဲ့ပါက လိမ္မာယဉ်ကျေးသော သားသမီးကောင်းများ ဖြစ်ပေမည်။ ငယ်စဉ်က ဆုံးမခဲ့ပါက ကြီးလာသောအခါမှ ဆုံးမပါက ဆုံးမရခက်ခဲပြီး စိတ်ဆင်းရဲပါလိမ့်မည်။ နီးစဖြာသကဲ့သို့ သားသမီးများအား ဆုံးမသင့်ကြောင်း ဖော်ပြပါစကားပုံပင် ဖြစ်ပါသည်။

### ပဲပုပ်ကောင်းစားချင် ညက်ညက်ထောင်း၊ ပြားပြားဖိ

ရှမ်းပြည်တွင်ထွက်ရှိသော ပဲပုပ်များမှာ စား၍အလွန်ကောင်းပါသည်။ စား၍ကောင်းစေရန်လည်း ပြုပြင်တတ်ကြပါသည်။ ပဲကို အပုပ်ခံ၍ အမျှင်များပေါ်နေသော ပဲပုပ်ကို ညက်နေအောင်ထောင်းရပါသည်။ ထောင်းပြီးပဲပုပ်များကို အနေတော်လုံးပြီး ပဲပုပ်ပြားရှက်တစ်ရှက်ကို အောက်မှာခင်း၍ လုံးထားသော ပဲပုပ်ကိုတင်၊ အရွက်ကို ထပ်မံအုပ်၍ အပေါ်မှ ပြားနေအောင် ဖိပေးပြီး အခြောက်လှန်းရပါသည်။ ထောင်းရာတွင် အစေ့လည်း မညက်၊ ပြားစေရန်လည်း မဖိပါက ကိုင်တွယ်ရာတွင် ကျိုးကြေနိုင်ပါ၍ အချပ်ကောင်းမရနိုင်ပါ။

ထို့အတူ လိမ္မာရေးခြားရှိစေရန် မိဘများက ရိုက်နှက်ဆုံးမတတ်ကြပေသည်။ ထိုသို့ ဆုံးမသည်မှာ ဘဝတစ်သက်လုံး ကောင်းမွန်စေရန် ဆုံးမခြင်းဖြစ်ပါသည်။ "အိုးကောင်းရန် နာနာရိုက်မှ အိုးကောင်းရ" သော စကားပုံနှင့် တူပါသည်။

တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် မိမိတို့နေထိုင်ရာ ဒေသအလိုက် စကားအသုံးအနှုန်း၊ အခေါ်အဝေါ်များ ပြောင်းလဲသော်လည်း ဓလေ့ထုံးစံယဉ်ကျေးမှုတို့၏ အဓိပ္ပာယ် ဖော်ကျူးမှုများသည် အတူတူပင်ဖြစ်နေခြင်းမှာ သွေးက ပြောသော စကားများပင် မဟုတ်ပါလော။

ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ် နှင့် ထူးဆန်းအံ့ဩဖွယ်ရာ ဝိဇ္ဇာကြီးများ

မဟာပထမံဆရာကြီးဦးအောင်သူ

## ကျားတက်ဆရာတော်

လွန်ခဲ့ လပြီးသော နှစ်ပေါင်းများစွာက ဟံသာဝတီ (ခေါ်) ပဲခူး၌ အုပ်စိုးသော ဘုရင်ကြီးဟစ်ပါးမှာ သားတော်နှစ်ပါး ရှိခဲ့လေသည်။ ညီငယ်မှာ သမလဖြစ်၍ အစ်ကိုဖြစ်သူမှာ ဝိမလဖြစ်သည်။ တစ်နေ့သောအခါ သမလ၊ ဝိမလ ညီနောင်နှစ်ပါးသည် တောလည်ထွက်ကြရာ ရွာတစ်ရွာကို ရောက်ခဲ့ကြလေသည်။

ထိုရွာ၌လည်း အလွန်ချောမောလှပသော မိန်းမပျိုလေးတစ်ဦးကို တွေ့ကြ၏။ ညီဖြစ်သူ သမလသည် ထိုမိန်းမပျိုလေးကို မြင်မြင်ချင်း ချစ်ခင်မြတ်နိုးသောကြောင့် ဖခင်ဖြစ်သူနှင့် မိခင်ဖြစ်သူတို့ကို ၎င်းနှင့် လက်ထပ်ပေးရန် ပြောဆိုသောအခါ ထိုမိဘနှစ်ပါးတို့သည်လည်း မင်းညီမင်းသားများဖြစ်၍ကာတစ်ကြောင်း၊ မင်းတို့၏ အာဏာကို စိုးရိမ်ကြောက်ရွံ့ကြသဖြင့် သမီးဖြစ်သူကို မင်းသားနှစ်ပါးထံ အပ်နှံပြီး ထည့်ပေးလိုက်ကြသည်။

အလွန်ချောမောလှပသော မိန်းမပျိုလေးသည် ရွှေဖရုံမယ်ဟု အမည်တွင်ခဲ့လေသည်။ ရွှေဖရုံမယ်ဟု ခေါ်တွင်ရခြင်းမှာလည်း အဆိုပါရွာတွင် တောင်ယာလုပ်ကိုင်ကြသော ဇနီးမောင်နှံတို့သည် တစ်နေ့သောအခါ ယာခင်းထဲမှ အလွန်ထွားကျိုင်းကြီးမားလှသော ရွှေဖရုံသီးတစ်လုံးကို ရရှိပြီး မိမိတို့အိမ်၌ ထားခဲ့လေသည်။

တစ်နေ့သောအခါ ယာလုပ်သူဇနီးမောင်နှံတို့သည် ထမင်းစားချိန်တွင် မိမိတို့အိမ်ကို ပြန်ခဲ့ကြသည်။ အိမ်ပေါ်သို့ရောက်သည်နှင့် ထမင်းဟင်းများ ပူပူနွေးနွေး အငွေ့တထောင်းထောင်း ထနေသည်ကို အံ့ဩစွာ တွေ့ရ၏။ ဇနီးမောင်နှံတို့သည်လည်း အတွေးကိုယ်စီနှင့်ပင် ထမင်းနှင့် ဟင်းလျာတို့ကို စားကြလေသည်။

ဤသို့နှင့်ပင် ယာရှင်မောင်နှံ သည် နေ့တိုင်းစားနေကျအချိန်နှင့် စောပြီး အိမ်ဆီ ပြန်ခဲ့ကြလေသည်။

ထိုစဉ် မိန်းမပျိုလေးတစ်ဦးသည် မီးဖိုချောင်ထဲတွင် ထမင်းဟင်းများကို ချက်ပြုတ်နေသည်ကို အံ့ဩစွာ တွေ့ကြရ၏။ ထို့ကြောင့် အိမ်ပေါ်ကို အသာလေးတက်၍အသွား မိန်းမပျိုလေးမြင်သွားရာ ကမန်းကတန်း ထပြေးပြီး ရွှေဖရုံသီးထဲ ဝင်မည်အပြု "အို··သမီးလေးရယ်၊ ဘယ်မှမသွားပါနဲ့။ အဖေတို့၊ အမေတို့နဲ့ပဲ နေပါကွယ်။ အဖေတို့၊ အမေတို့မှာလည်း သားသမီးမရှိတာကြောင့် သမီးအဖြစ်နဲ့ မွေးစားပါ့မယ်" ဟု ယာရှင်ဇနီးမောင်နှံတို့ရဲ့ သနား စဖွယ် ပြောဆိုမှုကြောင့် မိန်းမပျိုလေး လည်း ထိုနေ့မှစပြီး ယာရှင်ဇနီးမောင်နှံတို့နှင့်အတူ နေထိုင်လျက် ထိုသမီးပျိုလေးသည် ရွှေဖရုံသီးမှ သန္ဓေတည်မွေးဖွားသောကြောင့် ရွှေဖရုံမယ်ဟု မှည့်ခေါ်ခြင်း ဖြစ်ပါသည်။

ရွှေဖရုံမယ်သည်လည်း သမလနှင့် ချစ်ခင်စွာ ပေါင်းသင်းနေထိုင်စဉ် အစ်ကိုဖြစ်သူ ဝိမလသည် သူတို့ရဲ့ ခြင်းကို မနာလိုဖြစ်ပြီး ရွှေဖရုံမယ ကို သိမ်းပိုက်ရန် အကြံအစည်ဖြစ်ပေါ် ၍ ညီဖြစ်သူ သမလကို သတ်ဖြတ် လေသည်။

ထြော်···ဘဝတွေ ပြောင်းခဲ့လေပြီ။ လူဖြစ်ရန် ခက်ခဲလှသော်လည်း ဤဂေါတမဘုရားရှင်၏ သာသနာတော်တွင် သာသနာပြုရန် သမလ



www.burmeseclassic.com

www.burmeseclassic.com

မည်သော မင်းသားလေးသည် လူ့ဘဝကို ရှေးရှေးသောကောင်းမှုကြောင့်သော်လည်းကောင်း မသိနိုင်ပါ။ မကြာမီသောအချိန်၌ ရဟန်းတစ်ပါးအဖြစ်နှင့် အထက်အညာဒေသတွင် ရဟန်းပုဂ္ဂိုလ်တစ်ပါးအဖြစ် ပေါ်ထွန်းခဲ့၏။

ထိုရဟန်းသည်ကား ယခုအချိန်တွင် ကျားထက်ဆရာတော်ရယ်လို့ ထင်ပေါ်ခဲ့ပြန်ပါသည်။ အကျင့်သီလစရဏကို တစိုက်မတ်မတ် ကျင့်ဆောင်ပြီး သပိတ်တစ်လုံး၊ သင်္ကန်းတစ်စုံနှင့် သွားလာလှုပ်ရှားရင်း တစ်နေ့သောအခါ ရန်ကုန်-ပဲခူးသွား မီးရထားလမ်းမှ ပဲခူးမရောက်ခင် ကျောက်တန်းဆိုသောရွာမှ သုံးမိုင်ခန့်ဝေးသော ကျားတက်ရွာကို ရောက်ခဲ့လေသည်။

ကျားတက်ဆရာတော်ဟူ၍ ထင်ပေါ်ခဲ့သည်မှာ ထိုဆရာတော်သည် ထိုရွာနှင့်ဝေးကွာလှသော အရပ်၌ အလွန်အင်္ဂါပ်အာဝါသကောင်းသော သစ်ပင်ကြီးတစ်ပင်၏ ခြေရင်း၌ပင် သီတင်းသုံးနေထိုင်လျက် သမထ၊ ဝိပဿနာဘာဝနာမေတ္တာကမ္မဋ္ဌာန်းကို စဉ်ဆက်မပြတ် အားထုတ်၍နေသည်။ ဆွမ်းခံချိန်တွင် ရွာဦးနားတစ်ဝိုက်တွင် ဆွမ်းခံလျက် မိမိ၏ သပိတ်တွင်းမှာပင် ဆွမ်းများထည့်၍ ဘုဉ်းပေးလေ့ရှိသည်။

တစ်နေ့သောအခါ ဆရာတော်သီတင်းသုံးသည့် သစ်ပင်ကြီးနှင့် မနီးမဝေးတွင် ခံတက်ပင်ကြီးတစ်ပင်ရှိသည်။ တစ်နေ့သော ညအခါတွင် ကျားတစ်ကောင်သည် ခံတက်ပင်ပေါ်၌ တက်၍ နေထိုင်ပြီး ဆရာတော်ကို ရန်

**ရွာသူရွာသားများ လှူဒါန်းထားသော မြေများတွင် ရွှေဖရုံမယ်ကို အဓိကထားပြီး ဖရုံသီးကြီးပေါ်တွင် စေတီတည်ထားသည်ဟု သိရသည်။**

ပြုရန် ချောင်းမြောင်းနေဟန်ရှိသည်။ သို့သော် ဆရာတော်၏ မေတ္တာတန်ခိုးကြောင့် ရန်မမူသည့်အပြင် ဆရာတော်ကို အမြဲစောင့်ရှောက်လျက် ရှိနေဟန်ဖြစ်သည်။

ရွာသူ၊ ရွာသားတွေလည်း ထိုအခြင်းအရာကို သိကြ၏။ ဆရာတော်သီတင်းသုံးရန် ကျောင်းလေးတစ်ကျောင်းဆောက်လုပ်ပြီး ကိုးကွယ်ကြလေသည်။ ကာလအတန်ကြာသောအခါ ရွာသူရွာသားများက ဆရာတော်ကို ကျားတက်ဆရာတော်ရယ်လို့ ခေါ်ဝေါ်ခဲ့ကြလေသည်။

ကျားတက်ဆရာတော်၏ သွင်ပြင်လက္ခဏာသည်ကား အသားဖြူဖြူ၊ အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါး၊ သပိတ်ကို အမြဲလွယ်လျက် သွားလေရာရာမှာ ဆွမ်းစားပါက သပိတ်ထဲတွင်သာ ဆွမ်းများထည့်၍ ဘုဉ်းပေးလေ့ရှိသည်။ ဆွမ်းတကာများပင့်ဖိတ်၍ ဆွမ်းကပ်ရာ၌လည်း သပိတ်၌ပင် ဆွမ်းများထည့်၍ ဘုဉ်းပေးလေ့ရှိသည်။

ကျွန်ုပ်သည် ကျားတက်ဆရာတော်နှင့် နှစ်ခါသုံးခါ ဆုံခဲ့ဖူးပါသည်။ ကျားတက်ဆရာတော်သည် အဝါတ်ဘဝကို သမထအာရုံဖြင့် တွေ့မြင်ရလို့လားမသိ။ ယခုအခါ ကျားတက်ရွာတွင် ရွာသူရွာသားများ လှူဒါန်းထားသော မြေများတွင် ရွှေဖရုံမယ်ကိုအဓိကထားပြီး ဖရုံသီးကြီးပေါ်တွင် စေတီတည်ထားသည်ဟု သိရသည်။ ထိုနေရာ၌လည်း အခြားသော စေတီပုထိုးများ၊ သာသနာ့အဆောက်အအုံ များစွာ ရှိနေပါပြီ။

ကျားတက်ဆရာတော်၏ သီလအားကြောင့် ဆရာတော်ကို ကိုးကွယ်ကြသူများသည် အလွန်ထူးခြားပြီး အောင်မြင်ကြပါသည်။

ကျားတက်ဆရာတော်အကြောင်းကို ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်စိုးရဲ့ ပြောပြချက်ကို အခြေခံပြီး ရေးသားခြင်းဖြစ်ပါသည်။

ကျားတက်ဆရာတော်ရဲ့ ထူးဆန်းအံ့ဖွယ်ရာများစွာ ရှိသော်လည်း ဤမျှလောက်နှင့်ပင် ဝိဇ္ဇာစာရင်းဝင် ကျားတက်အရှင်သူမြတ်အကြောင်း ရေးချိန်၌ ဆရာတော်သည် ပျံလွန်သွားခဲ့လေပြီတကား။

မဟာပထမံဆရာကြီး ဦးဒေဝင်သူ

www.burmeseclassic.com


www.burmeseclassic.com

# မေ့လျော့နေသော သမိုင်းတာမျက်နှာများ

◆ လှမိုး(ပညာရေး) ◆

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့သည်မှာ နှစ်ပေါင်း ခုနှစ်ဆယ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်ရကား ဒုတိယကမ္ဘာစစ်ကြီး အခါ်ဝက်ကို ခါးစည်း၍ခံခဲ့ကြရသော မဟာအင်အားကြီးနိုင်ငံ များသည် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသည့် အနှစ်ခုနှစ်ဆယ် မြောက် အခမ်းအနားကြီးများကို တခမ်းတနားကျင်းပခဲ့ပြီး ဖြစ်ကြပါသည်။ ထိုအခမ်းအနားများသို့ ကမ္ဘာ့နိုင်ငံအသီးသီး မှ ခေါင်းဆောင်များတက်ရောက်ခဲ့ကြသည့် အကြောင်းနှင့် ထိုအခမ်းအနားကြီးအကြောင်းကို သတင်းစာများ၊ ဂျာနယ များ၊ သတင်းမဂ္ဂဇင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြ ကြပါသည်။ စစ်သမိုင်းသုတေသီများကလည်း ထိုအထိမ် အမှတ်ပွဲအကြောင်း သတင်းဆောင်းပါးများ ရေးသားဖော်( ခဲ့ကြပါသည်။ ရုပ်သံလွှင့် အစီအစဉ်များကလည်း ထုတ်လွှ ပြီးဖြစ်၏။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ကျွန်တော်တို့မြန်မ





www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံအပါအဝင် စစ်ဆင်ခံခဲ့ရသော နိုင်ငံများ၏ တိုက်ပွဲစဉ်များနှင့် ပတ်သက်သော မှတ်တမ်းမှတ်ရာများကို ထိုတိုက်ပွဲများကို တာဝန်ယူခဲ့ကြသော စစ်ပြိုင်နိုင်ငံများမှ စစ်သေနာပတိများ၊ ဗိုလ်ချုပ်ကြီးများ၊ ဒုတိယကမ္ဘာစစ်ကြီးကို ခေါင်းဆောင်ပါဝင်ခဲ့ကြသော နိုင်ငံရေးခေါင်းဆောင်များ၊ စစ်သတင်းထောက်များ၊ ဒုတိယကမ္ဘာစစ်ကြီးအား စောင့်ကြည့်လေ့လာခဲ့ကြသော စစ်သမိုင်းသုတေသီများ၊ အညတရရဲဘော်အများသည် လက်ဆစ်ချိုး၍ ရေတွက်မရအောင် များပြားသောစာအုပ်များ ရေးသားထုတ်ဝေပြီး၊ ထုတ်ဝေဆဲဖြစ်ပါသည်။

ထိုစာအုပ်အချို့အား စာရေးဆရာကြီးအများအပြားက မြန်မာဘာသာ ပြန်ဆိုထုတ်ဝေခဲ့ပြီးဖြစ်ရာ ကျွန်တော် တို့မြန်မာစာဖတ်ပရိသတ်အဖို့ ဖတ်ရှုပြီးဖြစ်မည်ဟု ယူဆ ပါသည်။ နှစ်ပေါင်း ခုနစ်ဆယ်ဆိုသည်မှာ လူတစ်ယောက် အဖို့ အလွန်ကြာမြင့်သော နှစ်များဟု ယူဆရသော်လည်း ကမ္ဘာ့သမိုင်းအဖို့ ကြာမြင့်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

သမိုင်းမှတ်တမ်းများအရ နာဇီဂျာမန်တို့က ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့ပြီဟု စတင်ကြေညာသောရက်မှာ ၁၉၃၉ ခု၊ စက်တင်ဘာလ ၁ ရက်နေ့ ဖြစ်ပါသည်။ ဗြိတိသျှနှင့် မဟာမိတ်တို့ကမူ ၁၉၃၉ ခု၊ စက်တင်ဘာလ ၃ ရက် နံနက် ၁၁ နာရီကြာမှ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွား ခဲ့လေပြီဟု ထုတ်ပြန်ကြေငြာခဲ့၏။ ဤတွင် အင်္ဂလန်နိုင်ငံ သည် စစ်အစိုးရဖွဲ့၍ ဒုတိယကမ္ဘာစစ်ကြီးကို ရင်ဆိုင်ရန် ပြင်ဆင်လာခဲ့ရ၏။ အင်္ဂလန်နိုင်ငံ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ပါဝင်လာသည်နှင့် ဒိုမီနီယံ နိုင်ငံများဖြစ်သော ကနေဒါ၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် တောင်အာဖရိကတို့သည်လည်း ဒုတိယကမ္ဘာစစ်ကြီးအတွင်း ပါဝင်လာခဲ့ရတော့သည်။


ထို့အတူ ဗြိတိသျှတို့၏ နေမဝင်အင်ပါယာကြီးထဲမှ ကိုလိုနီနိုင်ငံများဖြစ်သော နိုင်ငံများ အစောင့်အရှောက်ခံများသည်လည်း အင်္ဂလန်နိုင်ငံနှင့်အတူ နာဇီဂျာမန်နှင့် မဟာမိတ်တို့အား စစ်ကြေငြာပြီး အစတွင် အမေရိကန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ပါဝင်ခြင်းမရှိဘဲ ကြားနေ တစ်ကိုယ်တော်ဝါဒကို ကျင့်သုံးခဲ့သည်။ သို့သော် နောက်ကွယ်မှ ဗြိတိသျှတို့အား စစ်ရေးအကူအညီများပေးခဲ့၏။

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဂျပန်နိုင်ငံက အမေရိကန်ပြည်ထောင်စု၏ ရေတပ်စခန်းတစ်ခုဖြစ်သော ပုလဲဆိပ်ကမ်းအား စစ်ကြေငြာခြင်းမရှိဘဲ အလစ်ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းကြောင့် အမေရိကန်ပြည်ထောင်စု သည် ဒုတိယကမ္ဘာစစ်အတွင်း ပါဝင်လာခဲ့ရပြီး ဒုတိယကမ္ဘာစစ်ကြီးသည် အရှေ့တောင်အာရှသို့ ကူးစက်လာခဲ့ရတော့သည်။ စစ်ကြီးဖြစ်ပြီး သုံးနှစ်အတွင်း၊ သို့မဟုတ် အရှေ့တောင်အာရှသို့ ဒုတိယကမ္ဘာစစ်မီးကြီး မကူးစက်လာမီ ဗြိတိသျှတို့မှာ ဥရောပတိုက်နှင့် အာဖရိကမြောက်ပိုင်း စစ်မျက်နှာများတွင်သာမက အတ္တလန္တိတ်သမုဒ္ဒရာနှင့် မြေထဲပင်လယ် ရေကြောင်းတိုက်ပွဲများတွင် အထိနာခဲ့သည်။ အရှေ့တောင်အာရှ သို့ ဒုတိယကမ္ဘာစစ်ကြီး ကူးစက်လာပြီး ရက်သတ္တပတ်အနည်းငယ်အတွင်း ဗြိတိသျှပိုင် ဟောင်ကောင်နှင့် အမေရိကန်ပြည်ထောင်စု သိမ်းပိုက်ထားသော ဖိလစ်ပိုင်နိုင်ငံတို့အား ကျူးကျော်တိုက်ခိုက်လာခဲ့သည်။ ယိုးဒယား(ထိုင်း)နိုင်ငံအတွင်း ရောက်ရှိနေသော ဂျပန်ဘုရင်တပ်များသည် မလေးကျွန်းစွယ်နှင့် မြန်မာနိုင်ငံ တနင်္သာရီတိုင်းအတွင်း ထိုးဖောက်ချီတက်လာခဲ့ကြသည်။

ဤတွင် စင်္ကာပူရေတပ်ကြီးအား အင်အားဖြည့်ရန် စေလွှတ်လိုက်သော ဗြိတိသျှဘုရင့်ရေတပ်မတော်မှ ဗြိတိသျှတို့အားထားရသော ဝေလမင်းသား၊ တိုက်သင်္ဘောကြီးနှင့် ရီးပါး(လ်စ်)တို့အား ဂျပန်ဘုရင်လေတပ်မတော်မှ တိုက်လေယာဉ်များက သင်္ဘောများပေါ်သို့ အသေခံစိုက်ဆင်း၍ ဗုံးကြဲတိုက်ခိုက်ခြင်းဖြင့် နစ်မြုပ်သွားခဲ့သည်တွင် ကမ္ဘာစစ်ရေးအကဲခတ်သူများက တအံ့တသြဖြစ်ခဲ့ရသည်။

ဗြိတိသျှ စစ်အာဏာပိုင်များသည် စင်္ကာပူခံတပ်ကြီးအား ရေကြောင်းဘက်မှသာ ဝင်ရောက်တိုက်ခိုက်ပေလိမ့်မည်ဟု မျှော်လင့်ထား၏။ ထို့အပြင် ဂျပန်တပ်များသည် လွယ်လွယ်ကူကူနှင့် ဗြိတိသျှတို့အား ဝင်ရောက်တိုက်ခိုက်ခြင်း ပြုလုပ်လိမ့်မည်မဟုတ်ဟူ၍လည်း မိမိတို့စစ်အင်အားကို အထင်ကြီးထား၏။ ဂျပန်ဝင်တိုက်ခိုက်သောအခါ မလေးကျွန်းခွယ်ကုန်းတွင်းပိုင်းမှ ရုတ်တရက်ဝင်ရောက်တိုက်ခိုက်သဖြင့် မည်သည့်အခါမှ ထိုးဖောက်တိုက်ခိုက်ခြင်းမပြုနိုင်ဟု သမိုင်းအဆက်ဆက် ကြွေးကြော်ထားသော စင်္ကာပူခံတပ်ကြီး

www.burmeseclassic.com




ဗြိတိသျှတပ်မတော်သား ၆၀၀၀၀ အခြားမဟာမိတ်တပ်သား ၄၀၀၀၀ တို့နှင့် စစ်လက်နက်ပစ္စည်းအမြောက်အမြား ရှုံးနိမ့်ထဲ လက်နက်ချခဲ့ကြရသည်။

ယိုးဒယား(ထိုင်း) နိုင်ငံအတွင်း လျှို့ဝှက်ရောက်ရှိနေသော ဂျပန်ဘုရင်တပ်မတော်မှ တပ်များနှင့် မြန်မာမျိုးချစ်တပ်မတော်သားများသည် မြန်မာနိုင်ငံတောင်ဘက်စွန်း ကော့သောင်းမှလည်းကောင်း၊ မြဝတီဘက်မှလည်းကောင်း အပြင်းအထန်ချီတက်လာခဲ့ရာ ဗြိတိသျှတပ်များနှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့ရတော့၏။

ထိုစဉ်က မြန်မာနိုင်ငံတွင်ရှိသော ဗြိတိသျှတပ်မကြီးအမှတ် ၁၇ အိန္ဒိယတပ်မတော်မှာ အင်အားတပ်မကြီးနှစ်တပ်စာမျှသာရှိသည်။ ခန့်မှန်းချေအားဖြင့် လူအင်အား ၅၀၀၀၀ ငါးသောင်းခန့်သာရှိသည်။ ထိုတပ်သားတို့၏ တိုက်ရည်ခိုက်ရည်မှာလည်း လက်ရှိအခြေအနေနှင့် မကိုက်ညီ တပ်သားအချို့မှာ အရေးပေါ်ခေါ်ယူထားရသော မြန်မာဒေသခံတိုင်းရင်းသားများနှင့် ဖြစ်သလိုစုဆောင်းထားရသော သူများသာဖြစ်ရကား တိုက်ပွဲအတွေ့အကြုံမရှိကြ၊ လေ့ကျင့်ချိန် လည်း အလွန်နည်း၏။

ထိုတပ်မတော်သားများ ကိုင်ဆောင်အသုံးပြုကြရသော စစ်လက်နက်များမှာလည်း ဟောင်းနွမ်းနေပြီး ခေတ်မမီတော့။ အမြောက်တပ်များမှ အချို့အမြောက်ကြီးများမှာ ၁၉၁၄-၁၉၁၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ပထမကမ္ဘာစစ်အတွင်း အသုံးပြုခဲ့သော အမြောက်ကြီးများဖြစ်၏။

မြန်မာနိုင်ငံဝေဟင်အား ကာကွယ်မည့် ဗြိတိသျှလေတပ်မတော်မှာလည်း အင်အားနည်းပါးခဲ့သည်သာမက ကျူးကျော်ဝင်ရောက်လာသည်။ ဂျပန်ဘုရင် လေတပ်မတော်အား ယှဉ်နိုင်အောင် အင်အားမရှိ။ ထို့အတူ မြန်မာ့ကမ်းလွန်ပင်လယ်ပြင်အား ကာကွယ်ရန် ဗြိတိသျှဘုရင် ရေတပ်မတော်မှ တိုက်သင်္ဘောများလည်းမရှိပေ။ သို့ဖြစ်၍ စစ်ရေးအမြင်ဖြင့် ကြည့်လျှင် မြန်မာနိုင်ငံ၏ ကာကွယ်ရေးမှာ အဖက်ဖက်မှ အားနည်းလျက်ရှိပေသည်။ ဂျပန်ဘုရင်တပ်မတော်သည် တရုတ်နိုင်ငံတွင် ကြေညာခြင်းမရှိဘဲ ဆင်နွှဲခဲ့သော ကျူးကျော်

www.burmeseclassic.com

စစ်များအရ အတွေ့အကြုံရှိခဲ့သည်။ ရေမြေတောတောင် အခြေအနေကိုလည်း နားလည်ထား၏။ ဂျပန်စစ်သားအများမှာ အဆင်းရဲ အငတ်အမွတ်ခံနိုင်သည်သာမက တောတွင်းတိုက်ပွဲများကို လက်တွေ့တိုက်ခိုက်ရသူများဖြစ်၏။

ထိုစဉ်က ဗြိတိသျှစစ်အာဏာပိုင်များကမူ မြန်မာနိုင်ငံနှင့် ထိတွေ့လျက်ရှိသော ယိုးဒယား(ထိုင်း) မြန်မာနိုင်ငံနယ်ခြားရှိ တောတောင်များအတွင်း ဂျပန်တို့ ရုတ်တရက်ကျူးကျော်ဝင်ရောက်လာနိုင်လိမ့်မည်မဟုတ်ဟု မှတ်ယူထား၏။ ဗြိတိသျှစစ်ဘက်အာဏာပိုင်တို့မှာ စနစ်တကျဖွဲ့စည်းထားသော ထောက်လှမ်းရေးအဖွဲ့မှာလည်း အားနည်းသဖြင့် ဂျပန်တပ်များ၏ ချီတက်လာမှုသတင်း အပြည့်အစုံမရကြ။

အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြထားသည့်အတိုင်း ဂျပန်ဘုရင်တပ်မတော်နှင့် မြန်မာမျိုးချစ် ဗမာ့လွတ်လပ်ရေးတပ်မတော်တို့သည် ယိုးဒယား(ထိုင်း)နှင့် မြန်မာနိုင်ငံအကြားမှ တစ်ရှိန်ထိုးဝင်လာသည်။ ဂျပန်တို့၏ စစ်ဆင်နည်းမှာ စစ်ဦးအား အရှိန်ပြင်းပြင်းနှင့် ဇွတ်အတင်း တွေ့မရှောင်ဝင်သောနည်းဖြစ်သည်။ ဤစစ်ဆင်နည်းကို ရုတ်တရက်နဖူးတွေ့ဒူးတွေ့ တွေ့ရသော ဗြိတိသျှအမှတ် ၁၇ အိန္ဒိယတပ်မတော်စစ်ကြောင်းများမှာ ဖရိုဖရဲဖြစ်သွားသည်။ မြန်မာနိုင်ငံ၏မြို့တော်ဖြစ်သော ရန်ကုန်အား ဂျပန်လေတပ်မတော်မှ ဗုံးကြဲတိုက်ခိုက်သဖြင့် ဗြိတိသျှတို့မှာ စစ်ရေးထက် စိတ်ဓာတ်ကျဆင်းမှုနှင့် ကြုံရတော့သည်။

ရန်ကုန်မြို့တော်တွင် နှစ်ပေါင်းများစွာ ကြောင့်ကြမဲ့ကင်းစွာ နေထိုင်ခဲ့ကြသော အိန္ဒိယတိုင်းရင်းသား အလုပ်သမားအားလုံးနီးပါးသည် အလျင်အမြန် ထိုးဖောက်ချီတက်လာသည်။ ဂျပန်ဘုရင်တပ်မတော်နှင့် မျိုးချစ် ဗမာ့လွတ်လပ်ရေးတပ်မတော်တို့ကြောင့် ရန်ကုန်မြို့မှ အိန္ဒိယသို့ ခြေလျင်ထွက်ပြေးတိမ်းရှောင်သွားကြသည်။ အစိုးရ အမှုထမ်းအရာထမ်းများလည်း ရန်ကုန်မြို့မှ ထွက်ပြေးတိမ်းရှောင်သွားကြသဖြင့် ရန်ကုန်မြို့တော်မှာ ပျားများစွန့်ပစ်သွားသော ပျားအုံသဖွယ် ဖြစ်ရတော့၏။

ဗြိတိသျှ အမှတ် ၁၇ အိန္ဒိယတပ်မတော်မှာ ဂျပန်ဘုရင်တပ်များအား အနိုင်ပြန်တိုက်ရန် တက်ရသမျှအချိန် ဆွဲ၍ အရနိုင်ဆုံးသော အဟန့်အတားဖြစ်စေရန်သာဖြစ်၏။ သို့မှသာ ဘင်္ဂလားပင်လယ်အော်ကို ဖြတ်လာမည့် စစ်အကူ တပ်များ ရန်ကုန်သို့ရောက်လာနိုင်မည်ဖြစ်သည်။ မော်လမြိုင် မှ ဆုတ်ခွာလာရသော ဗြိတိသျှ၊ အိန္ဒိယ အမှတ် ၁၇ တပ်မတော်မှာ စစ်တောင်းတံတားတိုက်ပွဲတွင် အထိနာခဲ့ရပြီး သွေးချောင်းစီးသော တိုက်ပွဲများတိုက်၍ ဆုတ်ခွာလာခဲ့ရကာ နောက်ထပ် စစ်ကူများရောက်လာသော ဂျပန်တပ်တို့အဖို့ ရန်ကုန်မြို့တော်အား သိမ်းပိုက်ရန် လမ်းဖွင့်သွားခဲ့ပြီဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်ဘက်မှ လာရောက်မည့် စစ်အကူတပ်များမှာလည်း ဘင်္ဂလားပင်လယ်အော်အတွင်း ဝင်ရောက်လာသော ဂျပန်ဘုရင် ရေတပ်မတော်ကြောင့် အဟန့်အတားဖြစ်သွားရ၏။

ယခု ရေးသားဖော်ပြမည့် သီဟိုဠ်ကျွန်း(သီရိလင်္ကာ) ရေကြောင်းတိုက်ပွဲမှာ လူသိနည်းလှသော ရေကြောင်းတိုက်ပွဲမှာ လူသိနည်းလှသော ရေကြောင်းတိုက်ပွဲဖြစ်သည်။ မြန်မာနိုင်ငံ တိုက်ပွဲစဉ်များအကြောင်း ရေးသားထုတ်ဝေပြီး စာအုပ်အများတွင် ဤရေကြောင်းတိုက်ပွဲအကြောင်း ရေးသားဖော်ပြခြင်းမပြုကြပေ။ မြန်မာနိုင်ငံအတွင်း ဖြစ်ပွားခဲ့သော စစ်စဉ်တိုက်ပွဲများအကြောင်းကိုသာ ဦးစားပေးဖော်ပြခဲ့ကြပါသည်။ သို့ဖြစ်၍ ဘင်္ဂလားပင်လယ်အော်နှင့် သီဟိုဠ်ကျွန်း သီရိလင်္ကာနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်တွင် ဗြိတိသျှတို့၏ ဘုရင့်ရေတပ်မတော်နှင့် ဂျပန်ဘုရင် ရေတပ်မတော်တို့၏ ပြင်းပြင်းထန်ထန်ဖြစ်ပွားခဲ့သော ထိတွေ့တိုက်ပွဲမှာ သမိုင်းတွင် မေ့လျော့နေသော ရေကြောင်းတိုက်ပွဲဟု ခေါ်ဆိုရမည်ကဲ့သို့ ဖြစ်နေလေသည်။

တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရပေတော့မည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း အမေရိကန်ပြည်ထောင်စု ပါဝင်လာခဲ့သော ပင်လယ်ဆိပ်ကမ်းအား တိုက်ခိုက်စဉ်က ပါဝင်ခဲ့ကြသော ဂျပန်ရေတပ်မတော် ဗိုလ်ချုပ်ကြီးနာဂူမိုနှင့် ပုလဲဆိပ်ကမ်းအား အလစ်ဗုံးကြဲတိုက်ခိုက်ခဲ့သော ဂျပန်ဘုရင် လေတပ်မတော်မှ လေကြောင်းဗိုလ် မစ်ဆူအိုဖူချီဒါ ပါဝင်ခဲ့ကြသည်။ ထိုစဉ်ကာလက ဂျပန်တို့အဖို့ ရန်ကုန်မြို့တော်အား သိမ်းပိုက်နိုင်ကြပြီဖြစ်သော်လည်း ဗိုလ်ချုပ်ကြီးစလင်း ခေါင်းဆောင်သော အမှတ် ၁၇ အိန္ဒိယတပ်မတော်သည် မြန်မာ



www.burmeseclassic.com

www.burmeseclassic.com

နိုင်၊ သယ်ပိုင်း ရေနံမြေကို ကာကွယ်ရန် ခုခံနေခဲ့သည်။

မြန်မာနိုင်ငံ စစ်ဆင်ရေးတွင် အရေးတကြီးအကူအညီပေးရန် တရုတ်ကွန်မင်တန်အစိုးရခေါင်းဆောင် ချန်ကေရှိတ်က ကမ်းလှမ်းလာခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် တရုတ်ပြည်အတွက် အမေရိကန်ပြည်ထောင်စုမှ ပေးပို့သော အကူအညီများမှာ တရုတ်ဗမာလမ်းမကြီး ပိတ်လိုက်ရသဖြင့် ရရှိနိုင်ခြင်းမရှိတော့။ မြန်မာနိုင်ငံ ကာကွယ်ရေးမှာ တရုတ်တို့အတွက် အထူးအရေးကြီးပေသည်။ သို့ဖြစ်၍ စစ်ရေးအတွေ့အကြုံရှိ၍ လေ့ကျင့်ပြီး တရုတ်တပ်ရင်းအချို့ကို မြန်မာနိုင်ငံသို့ ကာကွယ်ရန် စေလွှတ်ခဲ့သည်။ ထိုတပ်ရင်းများအား အမေရိကန်ပြည်ထောင်စု တပ်မတော်ဗိုလ်ချုပ်ကြီး စတီဝဲ(လ်)က ဦးဆောင်ကာ တောင်ငူမြို့မှ ကျားကုတ်ကျားခဲ ခုခံကာကွယ်ခဲ့သည်။

ဤတွင် ဂျပန်တို့အဖို့ မြန်မာနိုင်ငံယိုးစစ်အတွက် စစ်ရေးအကူအညီများကို ရေကြောင်းမှ ပေးပို့ရမည်ဖြစ်၏။ မြန်မာ့ကမ်းလွန်ပင်လယ်ပြင်နှင့် ဘင်္ဂလားအော်အား ဂျပန် ဘုရင့်ရေတပ်မတော်မှ စိုးမိုးထားနိုင်ရေးမှာ အထူးလိုအပ် လာသည်။ မြန်မာနိုင်ငံမှ ခွာစစ်ပြုလာသော ဗြိတိသျှနှင့် မဟာမိတ်များအား ဗြိတိသျှတို့က ရေကြောင်းမှ အကူအညီ များပေးပို့ခြင်းမပြုနိုင်ရန် ပိတ်ဆို့ထားရေးမှာ အရေးကြီးသည်။

ဗြိတိသျှတို့သည် စင်္ကာပူခံတပ်ကြီးကို လက်လွှတ်ခဲ့ရပြီးသည်နောက် အိန္ဒိယအား ကာကွယ်ရန် အထူးလိုအပ်လာသည်။ ဝင်ရိုးတန်း မဟာမိတ်များဖြစ်ကြသော နာဇီဂျာမဏီနှင့် အီတလီတို့သည် အလယ်အရှေ့ အာရှနိုင်ငံများမှ ထိုးစစ်ဆင်လာခဲ့ပြီး အိန္ဒိယနိုင်ငံ ဒေလီမြို့တော်တွင် မြန်မာနိုင်ငံဘက်မှ ထိုးစစ်ဆင်လာမည့် ဝင်ရိုးတန်း မဟာမိတ်အဖွဲ့ဝင်ဂျပန်ဘုရင်တပ်များနှင့် ဆုံကြမည်ဟု ကြွေးကြော်ထား၏။ သို့ဖြစ်၍ အိန္ဒိယသမုဒ္ဒယာနှင့် ဘင်္ဂလားပင်လယ်အော်အား စိုးမိုးထားနိုင်ရေးအတွက် ဗြိတိသျှဘုရင် ရေတပ်မတော်သည် အစဉ်အလာကြီးမားခဲ့သော သီဟိုဠ်ကျွန်းရှိ ရေတပ်စခန်း ကြီးကို အတတ်နိုင်ဆုံး အင်အားတို့ဖြစ်လာ၏။

ထိုစဉ်က ဗြိတိသျှတို့သည် ဘုရင့်ရေတပ်မတော် အရှေ့ပိုင်းရေတပ် [Easter Fleet] ကို သီဟိုဠ်ကျွန်းတွင် ပြန်လည်တည်ထောင်ခဲ့ပြီး ခေတ်မီတိုက်သင်္ဘောကြီးများ၊ ဖျက်သင်္ဘောများ၊ ကရူဇာသင်္ဘောများဖြင့် အားဖြည့်ထားခဲ့သည်သာမက သီဟိုဠ်ကျွန်းကိုလည်း မြို့အနီးတွင် လေယာဉ်စခန်းကြီးတစ်ခုအား ပြုပြင်၍ ခေတ်မီ စပစ်ဖိုင်ရာတိုက်လေယာဉ်များ၊ ဟာရီကိန်း ဗုံးကြဲလေယာဉ်များ အင်အားဖြည့်တင်းထားပြီး လေကြောင်းရန် ကာကွယ်ရေးအတွက်လည်း စနစ်တကျ ပြင်ဆင်ထားသည်။ အတိတ်သမိုင်းကြောင်းများအရ သီဟိုဠ်(သီရိလင်္ကာကျွန်း)သည် အိန္ဒိယသမုဒ္ဒရာအတွင်း အထူးအရေးကြီးသော ရေကြောင်းခံတပ်အဖြစ် တည်ရှိခဲ့ပါသည်။ ပြင်သစ်စစ်ကေရာဇ် နပိုလီယန်နှင့် ဗြိတိသျှတို့ဖြစ်ပွားခဲ့သော စစ်ကြီးအတွင်းကပင် ဗြိတိသျှဘုရင် ရေတပ်မတော်သည် ပြင်သစ်ရေတပ်မတော် အိန္ဒိယသမုဒ္ဒရာ အတွင်း ဝင်ရောက်လာမည်ကို စိုးရိမ်သဖြင့် သီဟိုဠ်ကျွန်းတွင် ရေတပ်စခန်းထားခဲ့သည်ဟု ဆိုသည်။

စပိန်နှင့် ပေါ်တူဂီ နယ်သစ်ရှာ စွန့်စားသွားလာသူများခေတ်ကမူ နယ်သစ်ရှာ စွန့်စားသွားလာသူများနှင့် ကုန်သည်များသည် အာဖရိကတိုက် "Good Hope" အငူကို ဖြတ်ကျော်၍ အရှေ့အိန္ဒိယကျွန်းစုသို့ သွားရောက်ကြသည့်အခါ သီဟိုဠ်ကျွန်းသည် နိုင်ငံတကာ ရွက်သင်္ဘောအများ၏ ရိက္ခာပစ္စည်းနှင့် ရေသန့်ဖြည့်တင်းရာ စခန်းဖြစ်ခဲ့သည်။ ထိုကျွန်းအား ပေါ်တူဂီနယ်သစ်ရှာသူများက သိမ်းယူထားခဲ့ပြီး ကိုလံဘိုမြို့နေရာတွင် အခြေစိုက်ခဲ့သည်။ နောင်အခါ ထိုစခန်းအား ပေါ်တူဂီလူမျိုး နယ်သစ်ရှာစွန့်စားသွားလာသူ မဟာခရီးသည်ကြီး ခရစ်စတိုဖာကိုလံဗတ်(စ်)အား ဂုဏ်ပြုသည့်အနေဖြင့် ကိုလံဘိုမြို့တော်အမည်ဖြင့် ကင်ပွန်းတပ်ခဲ့သည်။ ပေါ်တူဂီတို့လက်မှ ထိုကျွန်းအား ဗြိတိသျှတို့က သိမ်းယူခဲ့ပြီး ခရစ်နှစ် ၁၈၈၅ ခုနှစ်တွင် ကိုလံဘိုမြို့အနီးတွင် ဆိပ်ကမ်းတည်ဆောက်ခဲ့၏။ ထိုဆိပ်ကမ်းသည် အိန္ဒိယနိုင်ငံအား ကာကွယ်ရန်၊ ဘုရင့်ရေတပ်မတော် စခန်းချရန် ဆိပ်ကမ်းဖြစ်လာသည်။ နောင်အခါ စင်္ကာပူရေကြောင်း ခံတပ်ကြီးတည် ဆောက်ပြီးသည်နှင့် ဗြိတိသျှဘုရင် အရှေ့တိုင်းရေတပ်မတော်အား သီဟိုဠ်ကျွန်းမှ စင်္ကာပူသို့ ရွှေ့ပြောင်းခဲ့ရ၏။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း စင်္ကာပူနိုင်ငံအား ဂျပန်



www.burmeseclassic.com

www.burmeseclassic.com

တို့သိမ်းပိုက်ခဲ့သည်နှင့် ဗြိတိသျှစစ်အာဏာပိုင်များသည် သီဟိုဠ်ကျွန်းတွင် အရှေ့တိုင်း ဘုရင့်ရေတပ်မတော်ဌာနချုပ် ထားရှိခဲ့သည်။

ဗြိတိသျှတို့သည် ကိုလံဘိုမြို့ဆိပ်ကမ်းတွင် အတ္တလန္တိတ် သမုဒ္ဒရာနှင့် မြေထဲပင်လယ်တို့တွင် ဖြစ်ပွားခဲ့သော ရေကြောင်းတိုက်ပွဲများ၊ စကော်ဘမှ မလေးရှားကမ်းလွန်တွင် ဂျပန်ဘုရင် ရေတပ်မတော်နှင့် ထိတွေ့တိုက်ပွဲများတွင် အတော်အသင့်ပျက်စီးခဲ့သော တိုက်သင်္ဘောများ၊ ဖျက်သင်္ဘောများအား ပြင်ဆင်လွှန်းတင်ခြင်းများကို ပြုလုပ်နိုင်ရန် သင်္ဘောကျင်းအသစ်များကို တည်ဆောက်ထားခဲ့သည်။

ဗြိတိသျှဘုရင် ရေတပ်မတော်မှ လေယာဉ်တင် သင်္ဘောကြီးများနှင့် တိုက်သင်္ဘောကြီးများ၊ ဖျက်သင်္ဘောကြီးများ၊ ကရုဇာသင်္ဘောများသည် ၂၄ နာရီအသင့်ရှိနေကြသည်။ ကိုလံဘိုမြို့တော်အနီးရှိ လေယာဉ်ကွင်းများတွင်လည်း ဗြိတိသျှဘုရင် လေတပ်မတော်မှ လေယာဉ်များသည်လည်း အသင့်အနေအထားရှိနေကြသည်။ ဗြိတိသျှတို့အဖို့ ကမ္ဘာ့သမိုင်းတွင် အရှက်ရစေခဲ့သော တိုက်ပွဲဟု ကင်ပွန်းတပ်ခံရသော အမေရိကန်ပြည်ထောင်စု ပုလဲဆိပ်ကမ်းတိုက်ပွဲကဲ့သို့သော အလစ်ဝင်ရောက်တိုက်ခိုက်သည့် တိုက်ပွဲမျိုး ဖြစ်ပွားခြင်းမရှိအောင် အသင့်စောင့်အနေအထား ရှိနေစေခြင်းဖြစ်သည်။

မှန်ပါသည်။ ဂျပန်တို့ ပုလဲဆိပ်ကမ်းအား အလစ်ဝင်ရောက် ဗုံးကြဲတိုက်ခဲ့စဉ်က အမေရိကန်ပြည်ထောင်စု ပစိဖိတ်ရေတပ်မတော်မှ ရေငုပ်သင်္ဘောသုံးစင်း၊ အမေရိကန် ရေတပ်မတော်မှ အာဏာရသော ခေတ်မီတိုက်သင်္ဘောကြီး တစ်စင်း နစ်မြုပ်ရပြီး အခြားဖျက်သင်္ဘောအများမှာလည်း မီးလောင်ပျက်ဆီး၍ တိုက်လေယာဉ် ၄၁ စင်း၊ စစ်သည်တော် အမြောက်အများ ကျဆုံး၍ စစ်အသုံးအဆောင်ပစ္စည်းများ သိုလှောင်ထားသော လောင်စာဆီအမြောက်အများ ဆုံးရှုံးရသဖြင့် အမေရိကန် ပစိဖိတ်ရေတပ်မတော်အဖို့ အထိနာခဲ့သည်။

၁၉၄၂ ခု ဧပြီလ ၄ ရက် ညနေ ၄ နာရီလောက်မှ ကနေဒါနိုင်ငံသားတစ်ဦး ခေါင်းဆောင်သော ကင်းထောက်လေယာဉ်တစ်စင်းသည် သီဟိုဠ်ကျွန်းမှ မိုင် ၃၆၀ ကွာ အရှေ့ဘက်ရေပြင်တွင် ဂျပန်ဘုရင် ရေတပ်မတော်မှ လေယာဉ်တင်သင်္ဘောကြီးများ အပါအဝင် တိုက်သင်္ဘောအုပ်စုများကို တွေ့ရသည်ဟူသော သတင်းပေးပို့နိုင်သဖြင့် ကိုလံဘိုဆိပ်ကမ်းမှ ဗြိတိသျှဘုရင်လေတပ်နှင့် ရေတပ်မတော်တို့သည် အသင့်အနေအထားဖြင့် ဆင်ထားနိုင်ခဲ့ကြသည်။

ဧပြီလ ၅ ရက် လင်းအရုဏ်တက်ချိန်တွင်မှ ပုလဲဆိပ်ကမ်းကို ဦးဆောင်တိုက်ခဲ့သော ဂျပန်ဘုရင် လေတပ်မတော်မှ ကွန်မင်ဒါ၊ မစ်ဆူအို၊ ဖူချီဒါခေါင်းဆောင်သော တိုက်လေယာဉ်၊ ဗုံးကြဲလေယာဉ် ၁၂၄ စင်းသည် ဧပြီလ ၅ ရက် နံနက် ကိုလံဘိုမြို့တော် ဝေဟင်သို့ ရောက်လာသည်။ တိုက်တိုက်ဆိုင်ဆိုင် ထိုနေ့သည် တနင်္ဂနွေနေ့ဖြစ်၏။ (ပုလဲဆိပ်ကမ်း တိုက်ခဲ့စဉ်ကလည်း တနင်္ဂနွေနေ့ဖြစ်သည်။) ကိုလံဘိုမြို့တော်အနီးရှိ ရတ်မာလာနာ လေယာဉ်ကွင်းမှ ဗြိတိသျှဘုရင် လေတပ်မတော်မှ ခေတ်မီတိုက်လေယာဉ်များက တက်ရောက်တိုက်ခိုက်ခဲ့ကြသည်။

ကိုလံဘိုဆိပ်ကမ်းတွင် ရပ်နားထားသော ဖျက်သင်္ဘော တီနာဒိုနှင့် ကရုဇာသင်္ဘော ဟက်တာတို့မှာမူ ပျက်ဆီးနစ်မြုပ်သွားခဲ့၏။ ဤတိုက်ပွဲဖြစ်ပွားနေချိန် ဩစတြေးလျ ရေတပ်မတော်မှ လေယာဉ်တင်သင်္ဘောများ၊ တိုက်သင်္ဘောများနှင့် ဗြိတိသျှဘုရင် ရေတပ်မတော်မှ တိုက်သင်္ဘောများ၊ လေယာဉ်တင်သင်္ဘောများမှာ ကိုလံဘိုမှ မိုင် ၆၀ အကွာ ရေပြင်တွင် ရောက်နေကြသည်။ ထိုရေကြောင်းတိုက်ပွဲတွင် ဗြိတိသျှဘုရင် ရေတပ်မတော်မှ တိုက်သင်္ဘောအချို့ ထိခိုက်ပျက်ဆီးခြင်း ခံခဲ့ရသည်။

သို့သော် တစ်ဖက်နှင့်တစ်ဖက် အနိုင်မယူနိုင်ခဲ့ကြ။ ဂျပန်ဘုရင် လေတပ်မတော်မှ လေယာဉ်အများ ဆုံးရှုံးခဲ့ရသည်။ ဂျပန်ဘုရင် ရေတပ်မတော်သည် ဧပြီလ ၁၁ ရက်နေ့တွင်မှ ဘင်္ဂလားပင်လယ်အော်မှလှည့်၍ မာလက်ကာရေလက်ကြားသို့ ထွက်ခွာလာခဲ့သည်။

လှမိုး(ပညာရေး)

ကျမ်းကိုး

(၁) **Burma 1942**



www.burmeseclassic.com

www.burmeseclassic.com

# တာကျိုးနီးယားမှတာ(၄)

မောင်ကောင်းမြင့်

ဟန်ဒန်
၂၆-မေ၊ ၂၀၁၅

မိတ်ဆွေများနှင့် ချစ်ခင်သူများသို့ . . .

သည်စာကိုမရေးမီ မြန်မာနိုင်ငံက သတင်းများကို ဖတ်တဲ့အခါ ငြိမ်းချမ်းရေးဆွေးနွေးပွဲ သတင်းတွေနဲ့အတူ တိုက်ပွဲသတင်းတွေ၊ တင်းမာနေတဲ့ သတင်းတွေကို ဖတ်ရတော့ "ပြည်တွင်းစစ်ကြီးအကြောင်း" တွေးမိတယ်။ သည်လိုတွေးနေစဉ်မှာပဲ ယနေ့ယူလာတဲ့ သတင်းစာများ ၂၆.၅.၂၀၁၅ ရက်မှာ အမေရိကန်ပြည်ထောင်စုက Memorial Day ဆိုတဲ့ (လွမ်းဆွတ်သတိရအောက်မေ့သောနေ့) အကြောင်း သတင်းတွေ၊ ဓာတ်ပုံတွေကို ဖတ်ရ၊ တွေ့ရတယ်။ သည်သတင်းကို အပြည့်အစုံဖတ်ရတယ်။

"မြေဖို . . . သူတို့များ တိုင်းပြည်အတွက် အသက်စွန့်လှူတ်သွားတဲ့သူတွေ (စစ်သည်တော်တွေ)ကို တစ်နိုင်ငံလုံး ရုံးပိတ်ရက်သတ်မှတ်ပြီး ဂုဏ်ပြုကြတာပါလား။ စစ်သားဆိုတာ နိုင်ငံအတွက် အသက်စွန့်ခဲ့ရင် ပြည်သူကလည်း မမေ့နိုင်ပါလား။ မိမိတို့နိုင်ငံသားချင်း တိုက်ခဲ့ရတဲ့ အမေရိကန်ပြည်တွင်းစစ်ကြီးမှာ ကျဆုံးခဲ့တဲ့ နှစ်ဖက်သောတပ်တွေ၊ ယူနီယံတပ်တွေရော၊ ခွဲထွက်ကွန်ဖက်ဒရေးရှင်း ပြည်နယ်များမှ တပ်တွေအားလုံး ကျဆုံးခဲ့သမျှ (ပြည်ထောင်စုသားအားလုံးပဲ ဆိုပါစို့) စစ်သားတွေ၊ အမေရိကန်ပါဝင်ခဲ့သော ပြည်ပစစ်ပွဲတွေ (ပထမနှင့် ဒုတိယကမ္ဘာစစ်ကြီးတို့အပြင် အခြားပြင်ပစစ်အားလုံး၌) ကျဆုံးခဲ့သမျှတို့ကို အလေးပြုအောက်မေ့တသ သတိရစွာနဲ့ ဂုဏ်ပြုကြတာပါလား"လို့ အမှတ်ထင်ထင် ဖြစ်မိပါတယ်။

သူတို့ရဲ့ စစ်သည်တော်(စစ်သား)နဲ့ ပြည်သူဟာ မိသားစုဖြစ်သလို နိုင်ငံသားတွေဖြစ်တာကြောင်က ချစ်ခင်ထယ်၊ သတိရတယ်၊ ဂုဏ်ပြုတယ် (လွမ်းသူပန်းခွေတွေကို မိသားစုတွေဟာ တစ်ဦးချင်းစီရဲ့ ကမ္ဗည်းတိုင်ကလေးတွေမှာ ချထားကြတယ်။ အမေရိကန်အလံလေးတွေ ထောင်ထားပေးကြတယ်)ဆိုတာကို တွေ့ရတော့ မြန်မာနိုင်ငံမှာလည်း ကျဆုံးသမျှသော စစ်သားဟာ ပြည်သူတို့အမြဲ အမှတ်တရဖြစ်ရင် ကောင်းမှာပဲလို့ ထင်မိတယ်။ တွေးမိတယ်။

Meorial Day အကြောင်းဖတ်ရတာ သည်လိုပါ။ သည်နေ့ကို ပထမဦးဆုံး စတင်ကျင်းပစကာလ ၁၈၆၈ မှာ Decoration Day (ဂုဏ်ထူးဆောင်နေ့)လို့ ခေါ်ခဲ့တယ်။ အမေရိကန်ပြည်တွင်းစစ်ကြီးဟာ ၁၈၆၁ ခုနှစ်မှ ၁၈၆၅ ခုနှစ်အထိ ဖြစ်ခဲ့တာကြောင့် လူပေါင်းခြောက်သိန်းကျော် သေဆုံးခဲ့ရပြီး တိုင်းပြည်ကြီးလည်း စစ်ဒဏ်ကို အကြီးအကျယ်ခံခဲ့ရတယ်။

သမ္မတကြီးလင်ကွန်း ကျွန်းသစ္စာကျိန်ဆိုပြီးနောက် မကြာမီ ၁၈၆၁ ခုနှစ်၊ ဇန်နဝါရီလမှာပဲ တောင်ပိုင်းက တောင်ကာရိုလိုင်းနားကစပြီး ပြည်နယ်ခုနှစ်ပြည်နယ်ဟာ ပြည်ထောင်စုကြီးက ခွဲထွက်ခဲ့တယ်။ တောင်ပိုင်းပြည်နယ်တွေဟာ ငွေဝယ်ကျွန် လူမည်းတွေကို သူတို့ရဲ့ ဝါခင်းနဲ့ လုပ်ငန်းတွေမှာ နိုင့်ထက်စီးနင်းစေခိုင်းခဲ့တာကို သမ္မတကြီး လင်ကွန်းက ပိတ်ပင်ခဲ့တာကြောင့်ဆိုတာ သမိုင်းဖတ်မှု ၂ တိုင်း သတိရနေမှာပါပဲ။ 12 Years in.Slave ရုပ် ကို သတိရတယ်။

သည်နောက်တော့ ပြည်ထောင်စုယူနီယံ တွေနဲ့ ခွဲထွက်ကွန်ဖယ်ဒရိတ်တောင်ပိုင်းတပ်တွေဟာ ပြည်တွင်းစစ်ကြီးမှာ အကြီးအကျယ် တိုက်ခိုက်ကြတယ်။ သည်တုန်းက ပြည်နယ် ၃၄ ပြည်မှာ ယူနီယံတပ်နဲ့ ခွဲထွက်တပ်တွေ ရှိခဲ့ကြပုံကို မြေပုံမှာ တွေ့နိုင်တယ်။

ပြည်တွင်းစစ်ကြီးဟာ အမေရိကန်ပြည်ထောင်စု တည်ထောင်ခဲ့တဲ့ ၁၇၇၆ ခုနှစ်မှစပြီး ၁၆ ဆက်မြောက်



www.burmeseclassic.com

www.burmeseclassic.com

သမ္မတကြီးလင်ကွန်းအထိ) နှစ် ၈၀ ကျော်အတွင်း စစ်ပွဲများကြုံခဲ့ဖူးပေမယ့် သည်ပြည်တွင်းစစ်ကြီးဟာ အကြီးမားဆုံးနဲ့ နှစ်အကြာရှည်ဆုံးပါပဲ။ နှစ်ဖက်သော အမေရိကန်ပြည်ထောင်စုသားတွေဟာ သေလိုက်ကြတာ အတုံးအရုံးပါပဲ။ ပျက်စီးလိုက်တာ မီးလောင်ပြင်တွေချည်းပါပဲ။ ပြည်တွင်းစစ်သမိုင်းပြတိုက်မှာ ဓာတ်ပုံတွေ၊ ပန်းချီကားတွေ၊ မှတ်တမ်းတွေကို နောင်ကြဉ်ဖွယ်ပြသထားတယ်။ အဲဒီမှတ်တမ်းတွေထဲက ပန်းချီကားတစ်ချပ်ရဲ့ ပုံဟာ ပြည်တွင်းစစ်ဒဏ်ခံနေရတဲ့ မိသားစုတွေရဲ့ ပုံရိပ်ကို အထူးထင်ရှားစေတယ်။

သို့သော်လည်း ပြည်တွင်းစစ်ကြီးပြီးသွားတော့ ရလိုက်တဲ့ အမြတ်က လူတွေဟာ ပြန်လည်ထူထောင်ရေးကို အားသွန်လိုက်ကြတာရယ်၊ စည်းလုံးလာကြတာရယ်ဟာ အမြတ်ပဲ။ ကျွန်တွေ လွတ်လပ်လာပေမယ့် ကျွန်တို့ကို လွတ်လပ်စေသူ သမ္မတကြီး လင်ကွန်းကတော့ ၁၅-၄-၁၈၆၅ စစ်ပွဲပြီးစမှာပဲ လုပ်ကြံခံခဲ့ရတယ်။

အားလုံးသော စစ်သည်အပေါင်းကို ဂုဏ်ပြုခဲ့တဲ့ (အောက်မေ့သတိရသောနေ့)ဟာ ပြည်ထောင်စုနဲ့ ခွဲထွက်ခဲ့ဖူးတဲ့ ပြည်နယ်တွေ သီးခြားပြုလုပ်ခဲ့ပေမယ့် ၁၉၇၁ ခုနှစ်ကစ၍ (မေလ၏ နောက်ဆုံးပတ် တနင်္လာနေ့ကို သတ်မှတ်ပြီး) ပြည်ထောင်စုကြီးတစ်ဝန်းလုံး ရုံးပိတ်ရက်သတ်မှတ်ကျင်းပခဲ့သူတော့ မြောက်ပိုင်းပြည်ထောင်စု စစ်ပြန်ကြီးများအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ကြီး John A. Logan လို့ မှတ်တမ်းမှာ တွေ့ရတယ်။)

အမေရိကန်ပြည်ထောင်စုက ကိုလိုနီဘဝကတည်းက အင်္ဂလိပ်၊ ပြင်သစ်တို့နဲ့ စစ်ပွဲတွေ တိုက်ခိုက်လာရင်း လွတ်လပ်လာခဲ့ရတယ်။ နောက်ပြည်တွင်းစစ်ကြီး ဖြစ်ခဲ့ရတယ်။ အင်အားကြီးမားလာပြီးတဲ့နောက် ပထမကမ္ဘာစစ်ကြီးနဲ့ ဒုတိယကမ္ဘာစစ်ကြီးထဲမှာ ပါဝင်လာခဲ့ရတယ်။ သည်စစ်တွေဟာ ပြည်ထောင်စုကြီးအတွက် အပျက်အစီးတွေ ရှိခဲ့ရသလို စစ်ပွဲတွေကရလာတဲ့ စစ်အတွေ့အကြုံ၊ စစ်လက်နက်ပစ္စည်းထုတ်လုပ်မှု၊ တိုင်းပြည်အင်အားရှိမှုဟူသော အသိများဟာလည်း တန်ဖိုးကြီးမားစွာ ရင်းပြီးရလာတဲ့ အမြတ်တွေပါပဲ။ သို့သော်လည်း ကိုရီးယားပြည်တွင်း၌ ပါဝင်ပတ်သက်ခဲ့ရမှုနဲ့ ဗီယက်နမ်စစ်ပွဲတွေ၌ ဝင်ရောက်တိုက်ခိုက်မှုတွေမှာ အမေရိကန်အတွက် ကိုရီးယားနဲ့ ဗီယက်နမ်တွေများစွာကို ခေါ်ယူထောက်ပံ့ခဲ့ရတယ်။ အခု ဗီယက်နမ်နဲ့ ကိုရီးယားတို့ဟာ ပြည်နယ်တွေမှာ ရပ်ကွက်တွေအဖြစ်ပင် ရှိနေတယ်။ အလားတူ အရှေ့အလယ်ပိုင်းနဲ့ အာဖဂန်၊ အီရတ်၊ အီဂျစ် စသည်တို့၌ စစ်စရိတ်နဲ့ အထောက်အပံ့ပေးနေရမှုတွေဟာလည်း နိုင်ငံ့စီးပွားရေးကို ထောင်းနေတာပါပဲ။ စစ်ပွဲတွေကြောင့် အမေရိကန်ဟာ အမြတ်နဲ့အရှုံး ရင်ဆိုင်နေရတာပါပဲ။ အင်အားကြီးမားမှုဟာ သည်ဒဏ်တွေကြောင့် ပြည်တွင်းမှာ ပြောဆိုခံနေရတယ်။ ပြည်သူတွေက ယခုအခါ ၁၉၇၀ ပြည့်နှစ်လောက်က အမေရိကန်မဟုတ်ဘူးဆိုတာ ဝေဖန်နေကြတယ်။ ပြည်သူတွေဟာ ကုန်ဈေးနှုန်းဒဏ်ကိုခံနေရတာ လက်တွေ့ပါပဲ။

Memorial Day ကို အကြောင်းပြုလို့ အမေရိကန်ပြည်ထောင်စုရဲ့ သမိုင်းကို ဖတ်ကြည့်မိတာပါ။ သည်လိုဖတ်ကြည့်ရင် ကာတွန်းတစ်ခုကို တွေ့ရတယ်။ စစ်သားတွေ ဂုဏ်ပြုခံရတဲ့ဖြစ်စဉ်တွေကို မိမိရဲ့ နေ့စဉ်မျက်မှောက်ဘဝမှာ မြင်နေရတဲ့ ကလေးငယ်နှစ်ယောက်ရဲ့ အမြင်ကတော့ တစ်မျိုးတစ်ဖုံ ထူးခြားပါတယ်။ ကျဆုံးသွားတဲ့ ဦးလေး၊ ဖခင်သူ စစ်သားတစ်ယောက်ကို အုတ်ဂူကမ္ပည်းတိုင်ရှေ့မှာ သွားရောက်အလေးပြုနေတဲ့ ယောကျာ်းကလေးက သူ့သူငယ်ချင်း မိန်းကလေးကို "ငါတော့ ကြီးလာရင် ဦးလေးဒေဗစ်လို စစ်သားကြီးပဲလုပ်မှာ" ဟူသော စကားပင်ဖြစ်သည်။

မေ ၂၅ ရက် အမှတ်တရနေ့၌ အချို့အိမ်တွေရဲ့ အိမ်ရှေ့မှာ (ဝင်းခြံထဲမှာ ကမ္ပည်းတိုင်ကလေးလုပ်ထားပြီး) ပန်းပွင့်ကလေးတွေနဲ့ အလံလေးတွေ စိုက်ထားတာ တွေ့ရပါတယ်။

မြို့တော်ဝါရှင်တန်ဒီစီနဲ့ ပိုတိုမက်မြစ်တစ်စင်းသာခြားပြီး ဗာဂျီးနီးယားပြည်နယ် အာလင်တန်စီးတီး (Arlington City) မှာရှိတဲ့ အာလင်တန်အမျိုးသားသင်္ချိုင်းမြေမှာ ကျင်းပတဲ့ အခမ်းအနားက ထိုနေ့က သွားဖို့ နောက်ကျသွားတဲ့အတွက် နေ့တစ်နေ့မှာတော့ သွားရောက်ကြည့်ရှုလေ့လာဦးမယ်လို့ စိတ်ကူးလိုက်တယ်။ ဗာဂျီးနီးယားပြည်နယ်အစပ်နဲ့ ဝါရှင်တန်ဒီစီရဲ့ တစ်ဖက်တစ်ချက်မှာ ရှိတာမို့ မြို့ထဲထွက်မှပဲ ဝင်ဖြစ်အောင် ဝင်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

မောင်ကျေးမြင့်



www.burmeseclassic.com

www.burmeseclassic.com

# တောင်စောင်းရိပ်မှောင် ယောဂီချောင်ဝယ် (၁၁)

■ မြစ်ဝယ်



## ခြောက်လပြည့်ခဲ့ပေပြီ

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ ဘွဲ့မည်ရသော ကျေးဇူးတော်ရှင် ကျိုက်ထီးဆောင်း ဆရာတော်ဘုရားကြီး ပျံလွန်တော်မူခဲ့သည်မှာ ယခုပြာသိုလ ဆန်း ၉ ရက်ဆိုလျှင် ခြောက်လပြည့်ခဲ့ပေပြီ။ တပေါင်းလထဲတွင် ယာယီစံကျောင်းတော်မှနေ ထာဝရစံကျောင်းတော်ကြီးဆီသို့ ပြောင်းရွှေ့စံတော်မူမည်ဖြစ်ပါသည်။ တပေါင်းလပြည့်ကျော် ၃ ရက်။ ၂၅·၃·၁၆ နေ့ဟု သတ်မှတ်ထားပါသည်။

ရုပ်ကလာပ်တော်ကို မီးမရှို့ရ၊ ရေမမျှော်ရ၊ မြေမမြှုပ်ရဟု မိန့်မှာတော်မူခဲ့ပါသဖြင့် ပကတိအတိုင်းပင် ထားရှိခဲ့ပါသည်။

## ထူးခြားမှုများ

ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို မည်သည့် ဆေးဝါးအကူအညီမှ ယူမထားပါ။ သို့သော်လည်း ရုပ်ကလာပ်တော်မှ ဆံပင်၊ မုတ်ဆိတ်၊ လက်သည်းနှင့် ခြေသည်းများ ရှည်ထွက်လာခဲ့ပါသည်။ ခန္ဓာကိုယ် ခြေလက်များကလည်း ပျော့ပျောင်းနေဆဲပင်။ ပျံလွန်တော်မူပြီးမှ နေပြည်တော်၊ ဘန်ကောက်မှ မြဘုရား၊ ဇင်းကျိုက်၊ ပေါင်၊ ကတွန်၊ ဝင်းက စသဖြင့် ဆွမ်းခံကြွခဲ့ခြင်းများကြောင့် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို လာရောက်ဖူးမြော်ကြသူ ဧည့်ပရိသတ်များမှာ နေ့ရောညပါ စည်ကားလျက်ရှိပါသည်။

## ဒါနခန်းဖွင့်

နေ့ဘက် ရောက်လာဖူးမြော်ကြသည့် ပရိသတ်များစွာတို့ကို စတုဒိသာထမင်းရုံကြီးတွင် သက်သတ်လွတ်ထမင်းဟင်းများနှင့် အချိုပွဲမျိုးစုံတို့ကိုလည်းကောင်း၊ ညဘက်မှာပါ ရောက်လာကြသည့် ဧည့်သည်တို့ကိုလည်း အကြော်ပူပူ ရေနွေးကြမ်း၊ လက်ဖက်ရည်၊ ကော်ဖီ၊ သံပရာရည်၊ ရှောက်သီးသုပ်၊ လက်ဖက်သုပ်၊ ခေါက်ဆွဲသုပ် စသဖြင့် အလှူရှင်များ၏ ဒါနခန်းဖွင့်မှုတို့ကလည်း အားပါးတရ ဖြစ်ပါသည်။

## ထာဝရစံကျောင်းတော်သို့

ဆရာတော်ဘုရားကြီး ပျံလွန်တော်မူခဲ့သည့် ဝါဆိုလမှစ၍ ကိုးလပြည့်မြောက်သော တပေါင်းလတွင် ယာယီမှ ထာဝရစံကျောင်းဆောင်သို့ ရုပ်ကလာပ်တော်ကို ပင့်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းရွှေ့မည် ဖြစ်ပါသည်။

ကောလာဟာလမျိုးစုံတို့ကြောင့် ရုပ်ကလာပ်တော်ကိုလည်း နေ့ရောညပါ သံဃာတော်များနှင့် ရပ်မိရပ်ဖတို့က စောင့်ရှောက်နေခဲ့ကြပါသည်။

## ကမ္ဘည်းကျောက်စာ

အဘယ်ကြောင့် ရုပ်ကလာပ်တော်ကို နေ့ရောညပါ လူမပြတ်စေဘဲ စောင့်ရှောက်နေရပါသနည်းဆိုသော် သာမည ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကဲ့သို့ ပျောက်ဆုံးသွားမည်ကို စိုးရိမ်ရသောကြောင့် ဖြစ်ပါ၏။

ကောလာဟာလတွေကလည်း မျိုးကိုစုံအောင် ကြားနေခဲ့ရပါသည်။ အဘယ့်ကြောင့် ကောလာဟာလတွေ များပြားစွာ ထွက်ပေါ်နေရပါသနည်းဟု စေ့ငုလိုက်သောအခါမှာ အဖြေက ရှိသွားပါ၏။ ဆရာတော်ဘုရားကြီး၏ ပါရမီအကျင့်စခန်းများအဆင့်ဆင့်တို့ကို သိနေကြ၍ ဖြစ်ပါသည်။

အဘယ့်ကြောင့် သိနေကြသနည်းဟု ဆိုရပါလျှင် ကျင့်ကြံအောင်မြင်ခဲ့သည့် ပါရမီစခန်းအဆင့်ဆင့်တို့ကို ကျိုက်ထီးဆောင်းအောင်ကုန်းမြေတွင် ကမ္ဘည်းကျောက်စာ ရေးထိုးစိုက်ထူထားပါသောကြောင့် ဖြစ်ပါ၏။

အဘိုးဆရာတော်ဘုရားကြီး၏ ပါရမီစခန်းကျင့်ကြံနည်းအဆင့်ဆင့်တို့ကို ဖော်ပြပေးလိုက်ပါသည်။

## ပထမအဆင့်

ပထမအဆင့်အနေအားဖြင့် ရာဇစခန်း၊ မင်းဆရာစခန်း၊ လူသူတော်စခန်းများ ဖြစ်ကြပါသည်။ ၁၃၂၅ ခုနှစ် (၁၉၆၃) နယုန်လပြည့်ကျော်မှ စတင်၍ ၁၃၂၇ ခုနှစ် (၁၉၆၅) ခုနှစ်အထိ ပထမသုံးနှစ်အတွင်း ရန်ကုန်မြို့ ရွှေတိဂုံဆံတော်ရှင်၊ နောင်တော်ကြီးဘုရား၊ ရှင်မထီးဘုရားနှင့် ကျိုက္ကစံ ဆံတော်ရှင်ဘုရားတို့တွင် လူဝတ်ကြောင်ဘဝဖြင့် အဓိဋ္ဌာန်ဝင်၍ နေစက်၊ လစက်၊ နဝင်းစက် စသည့် မနောမယပညာရပ်များကို စတင်၍ လေ့လာဆည်းပူးခဲ့ပါသည်။

## ဒုတိယအဆင့်

၁၃၂၈ ခုနှစ် (၁၉၆၆) ခုနှစ်မှ ၁၃၃၀ ပြည့်နှစ် (၁၉၆၈) ခုနှစ်အထိ ဝတ်ဖြူစင်ကြယ်ဖြင့် သုံးနှစ်တိတိ မြန်မာပြည်အရပ်ရပ်ရှိ အကျင့်စခန်းများတွင် အတွင်းဝင့်စမ၊ ထွက်စမ၊ ကိုးနဝင်းစမတို့ကို ဆောင်သော ဆံရှည်ဘဝဖြင့် ကျင့်ကြံအားထုတ်ခဲ့ပါသည်။ ဥမ္မင်္ဂက အရှုးစခန်းလည်း ဝင်ခဲ့ရပါသေး၏။

## တတိယအဆင့်

၁၃၃၁-၁၃၃၃(၁၉၆၉-၁၉၇၁) ခုနှစ်အတွင်း ထိန်းစမ၊ သိမ်းစမ၊ မဟိဒ္ဓိစမပိုင်းဆိုင်ရာ ရှာန်နဝင်းများကို တပသအကျင့်ရသေ့ဝတ်ဖြင့် လေ့လာလိုက်စားခဲ့ပါသည်။

အထွက်စခန်းအထိ ကိုးနှစ်တိုင်တိုင် အဆင့်ဆင့်သော ဝိဇ္ဇာပညာရပ်များကို လေ့လာလိုက်စားခဲ့ရာ ရေပေးလျှင် ဆေးဖြစ်သည်အထိ သိဒ္ဓိ၊ ဣဒ္ဓိ၊ မဟိဒ္ဓိဆိုင်ရာ စွမ်းရည်သတ္တိထူးများ ရရှိခဲ့ပေသည်။

ဆရာတော်ဘုရားကြီးသည် လောကီဆိုင်ရာ ဂန္ဓာရီပညာရပ်များကို လေ့လာဆည်းပူးခဲ့သော်လည်း ၁၃၃၃ ခုနှစ်တွင် လက်ျာမဟာဂန္ဓာရီအကျင့်စခန်းသို့ ကူးပြောင်းသွားခဲ့ပါသည်။ ဇာတိရွာဖြစ်သော ဇုတ်သုတ်ရွာရှိ ကျိုက်ထီးဆောင်းဆံတော်ရှင်ဘုရားကြီးသို့ ရသေ့ကြီး နာဂဝိဇ္ဇာဘိုးသစ္စာဟူသော ဘွဲ့မည်ဖြင့် ပြန်လည်ရောက်ရှိ၍ သာသနာပြုခဲ့ပါ၏။

## စတုတ္ထအဆင့်

ကောဇာသက္ကရာဇ် ၁၂၉၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁ ရက်၊ ကြာသပတေးနေ့ (၁၉-၄-၁၉၂၈)ခုနှစ်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့သည့် ဆရာတော်လောင်းလျာသည် သာသနာနှစ် ၂၅၁၅ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၃၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက် (၁၃-၄-၁၉၇၂)၊ ကြာသပတေးနေ့ နံနက် ၇း၄၅ နာရီတွင် ဇုတ်သုတ်ကျေးရွာ၊ နောင်တော်ကြီး ဆရာတော် ဦးဣန္ဒာသဘကို ဥပဇ္ဈာယ်ပြု၍ အဘဦးစံဖေနှင့် အမိဒေါ်စောရှင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ကျိုက်ထီး



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းဆံတော်ရှင်ဘုရားကြီးကျောင်းတိုက်၏ စဏ္ဍာသိမ်တော်ကြီးနှင့် မြင့်မြတ်သော ဥပသမ္ပဒကံဆောင် ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါတော့သည်။

## ပဋ္ဌမအဆင့်

ပဋ္ဌမအဆင့်သည် ဒီပစခန်း-ဒီပံအလင်းတည်းဟူသော ဗုဒ္ဓသာသနာတော်မြတ်ကြီးကို သာသနာငါးထောင် တည်စေရန် ဆောင်ရွက်တော်မူသော အဆင့်မြင့် ကုသိုလ်တော်ကြီး ဖြစ်ပါသည်။

ယခုအခါတွင် မြန်မာနိုင်ငံမှာပါမကဘဲ နိုင်ငံရပ်ခြားများအထိပါ ကျော်ကြားထွန်းလင်းနေခဲ့ပါသော သုဝဏ္ဏဘူမိဆံတော်ရှင်သာသနာတော်မြတ်ကြီးကို တစ်ကျော့ပြန်ဖွင့်ဖော်ခဲ့သည့် ပုဂ္ဂိုလ်ထူးကြီးဖြစ်ပါသည်။ အမျိုးမျိုးသော အတိုက်အခိုက်များထဲတွင် အသက်ကိုရင်း၍ ကြိုးပမ်းပြုလုပ်တော်မူခဲ့ရပါသည်။ မေတ္တာစိတ်ဓာတ်ခံနှင့် သက်သတ်လွတ်စားသုံးစေခြင်းကြောင့် ပဲကို ဝက်နှင့်တိုက်မည်ဟူသည့် ကြွေးကြော်သံများဖြင့် နှောင့်ယှက်မှုမျိုးစုံတို့ကိုလည်း ဖြေရှင်းတော်မူခဲ့ရပါသည်။

နှစ်ပေါင်းလေးဆယ့်ငါးနှစ်ကျော် သာသနာ့ခရီးအတွင်း "သာသနာဝင်၊ မဟာဝင်၊ ကေသဝင်၊ ဓာတုဝင်၊ ထေရဝင်၊ ဂန္ထဝင်၊ အနာဂတံဝင်၊ ရာဇဝင်၊ ဗျာဒိတ်ဝင်တည်းဟူသော နဝင်းဂုဏ်ကိုးပါးနှင့် ပြည့်စုံတော်မူသော ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီတော်မြတ်ကြီးကို ထီးမဏ္ဍိုင်ခရိုင်ပြု၍ မြတ်စွာဘုရားရှင်၏ ဆံတော်အစစ်များနှင့် တည်ထားကိုးကွယ်ခဲ့ကြပါသော ဆကေသမဟာဓာတုဝင်၊ မဟာထေရဝင်၊ မဟာဂန္ထဝင်၊ မဟာရာဇဝင် အစရှိသော ရှေးဟောင်းသမိုင်းဝင်စေတီတော်များနှင့် သာသနာပြုစခန်းခွဲပေါင်း ၆၇ ဌာနအား ဦးဆောင်ဦးရွက် လမ်းညွှန်မှုပြုနေပါသော သုဝဏ္ဏဘူမိသာသနာပိုင် ပဓာန နာယက ဥသျှောင်ဆရာတော်အရှင်သူမြတ် ဖြစ်ပါသည်။

ဆရာတော်ကြီးသည် အတိတ်ဘဝကုသိုလ်ကံအဆောက်အအုံ ကြီးကျယ်ကြံ့ခိုင်မြင့်မြတ်သည့်အလျောက် ဤမဟာဂန္ထာရီ ကျင့်စဉ်စခန်း အရိယာဝိဇ္ဇာလမ်းကြီးကို ပြီးမြောက်အောင်မြင်ခဲ့သည့် ပါရမီဓာတ်ခံ ရင့်သန်ကြီးမားသော ဘုန်းသမ္ဘာရှင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တစ်ပါးပင် ဖြစ်ပါတော့သည်။

ဤသို့ ကြုံခဲ၊ ဆုံဖို့ရန် ခက်ခဲလှသည့် ၂၅၀၀ ကျော် ဤမှာတစ်ဖက်တစ်ကြော့ပြန် သာသနာတော်ကြီးအပေါ် မကြားမသိ မရှိမဖြစ်ရလေအောင် သာသနာ ၅၀၀၀ အရှည်တည်တံ့စေရန် ရည်မျှော်ဆောင်၍ တပည့်ဒါယကာ၊ ဒါယိကာမ ဝေနေယျာအပေါင်း များစွာတို့အား သာသနာတော်ကြီးနှင့် ထိတွေ့ကြုံဆုံ ခိုလှုံနိုင်ရန်အတွက် သစ္စာတရား၊ မေတ္တာတရားတို့ကို အခြေခံကာ စေတနာ၊ သဒ္ဓါ၊ ဝီရိယဓာတ်တို့ ထက်သန်စွာဖြင့် ငါးသုံးလီအကျင့်စခန်းကို အခြေပြုပြီး ထေရဝါဒဗုဒ္ဓသာသနာပြုလုပ်ငန်းကြီးများကို နိုင်ငံရပ်ခြားများအထိ ကြွရောက်၍ မတွန့်မဆုတ် ကြိုးစားအားထုတ်နေသည့် အားထုတ်ခဲ့သည့် ဆရာတော်မြတ်ကြီးတစ်ပါးဖြစ်ပါတော့သည်။

ဤကမ္ပည်းကျောက်စာမော်ကွန်းကို ရေးသားပူဇော်လှူဒါန်းခဲ့သူမှာ မြန်နှ်းကေသွယ် (ခ) စိုးမိုးနိုင် (တ[illegible] ျပ် ရှေ့နေ) ဖြစ်ပါ၏။

## မသိလျှင် တွေးဆဦး

ဤဆောင်းပါးကို ဖတ်ရှုပြီးပါက ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်မြတ်ကို နေ့ရောညပါ မပြတ်မလပ် အဘယ့်ကြောင့် စောင့်ရှောက်နေရပါကြောင်းကို တွေးဆမိကြပါလိမ့်မည်ဟု ယုံကြည်ပါကြောင်း တင်ပြလိုက်ရပါသည်။

ဗုဒ္ဓမြတ်စွာ
သာသနာ
ရောင်ဝါနေလ
လင်းပါစေ
ထွန်းပါစေ
တည်တံ့ပါစေ…။

မြစံပယ်
၀၉-၂၅၀၆၇၉၂၀၅



www.burmeseclassic.com

www.burmeseclassic.com

# ဘီလူး၊ ရက္ခိုသ်၊ ကုမ္ဘဏ်

**နတ်ထီးလှိုင်**

ဘီလူးတို့သည် လူယောင်ဖန်ဆင်း၍ နေသော်လည်း လူစင်စစ်နှင့် မတူပါ။ ထူးခြားသော အရာတို့မှာ (၁) မျက်စိနီခြင်း၊ (၂) မျက်စိမမှိတ်ခြင်း။ (၃) အရိပ်မထွက်ခြင်း။ (၄) မကြောက်ရွံ့ခြင်းဟူ၍ဖြစ်သည်။ (၅) မသနားခြင်း ပေါင်းလျှင် ငါးမျိုးဖြစ်မည်။ ထိုထူးခြားချက်တို့မှ တစ်ခုခုနှင့်ကိုက်ညီလျှင် လူစစ်မဟုတ်။ လူယောင်ဖန်ဆင်းနေသော ဘီလူးဖြစ်ကြောင်း သိနိုင်ပါ၏။

ပါဠိလို ယက္ခ၊ ရက္ခသ၊ ကုမ္ဘဏ္ဍ၊ ဒေဝ၊ ဒါနဝ၊ ပေတ၊ ပိသာစ၊ အမနု သ္သဟူ၍ အမျိုးမျိုး ခေါ်ဝေါ်သုံးစွဲလေ့ရှိကြပါသည်။ မြန်မာလို ဘီလူး၊ ရက္ခိုက်၊ ကုမ္ဘဏ်၊ နတ်၊ ဖုတ်၊ မြေဖုတ်၊ ဒါနော၊ ပြိတ္တာ၊ တစ္ဆေ ဥပါဟူ၍ အမည်အမျိုးမျိုးခေါ်ကြပါ၏။

ဘီရုမှ ဘီလူးဖြစ်လာ၏။ ဘီရု၌ ရုကို ဉ်ပြောင်းလဲ၍ ရုဌ် ရ ကို လ၊ ဉကို ဦးပြောင်းလဲ၍ ဝစ္စနစ်လုံးထည့်ကာ ဘီလူးဖြစ်လာ၏ဟု ပေါ်ရှာထကထောင့် ကာတွင် ဆိုထား၏။ (ဘိ+ရ+ဥ)= (ဉ် + လ + ဦ) = ဘီလူးဟု ပြသည်။

ကုန်းဘီလူးနှင့် ရေဘီလူးဟု နှစ်မျိုးရှိပါသည်။ တစ်နည်း (၁) နတ်ပြည်၌ဖြစ်သော ဘီလူးများ။ (၂) လူ့ပြည်၌ဖြစ်သော ဘီလူများဟူ၍လည်း ခွဲနိုင်သေး၏။

ဝိရူဠက နတ်မင်းကြီးနှင့်တကွ အခြွေအရံ အလုပ်အကျွေးဖြစ်သော ကုမ္ဘဏ်ဘီလူး။ ကုဝေရနတ်မင်းကြီးနှင့်တကွ အခြွေအရံ အလုပ်အကျွေးဖြစ်သော ကုန္တသောမစသော ဘီလူးစစ်သူကြီးများ၊ တလောလာ၊ တဋ္ဋလာ စသော ဘီလူးအစောင့်အရှောက်များနှင့် သာမန်ဘီလူးများမှာ နတ်ပြည်ဖြစ်ဘီလူး များဖြစ်ကြ၏။ ၎င်းတို့အားလုံးမှာ စတုမဟာရာဇ်နတ်များ ဖြစ်ကြသည်။

## လူသိများသောဘီလူးများ

မြတ်စွာဘုရား လက်ထက်တော်အခါက မဇ္ဈိမဒေသ အာဠဝီပြည်အနီး တောအုပ်ကြီးအတွင်း အာဠာဝကဘီလူးသည် ကြီးကျယ်ခမ်းနားသော ဗိမာန်၌ မောင်းမမိသံခြွေရံများနှင့် အတူနေ၏။ ဗိမာန်ကြီးအနီး ညောင်ပင်အောက်သို့ ဝင်လာသော သတ္တဝါများကို အပိုင်စားရ၏။ တစ်နေ့တွင် မြတ်ဗုဒ္ဓကြွလာပြီး တရားဟောရာ သောတာပန်အရိယာ ဖြစ်သွားပါသည်။

သုစိလောမဘီလူးနှင့် ခရလောမ ဘီလူးတို့သည်



www.burmeseclassic.com

www.burmeseclassic.com

မဟာဗောဓိပင်အနီး ဂယာရွာကြီး၏ တံခါးတံမြက်ချေးစွန့်ရာ အနား ယ်နေကြ၏။ တစ်နေ့သောအခါ မြတ်စွာဘုရား ကြွလာတော်မူပြီး တရားဟောရာ သောတာပန်အရိယာများ ဖြစ်သွားကြ၍ ဘုမ္မစိုးနတ်စည်းစိမ်များကို ခံစားလျက်ရှိကြပါသည်။

သာတာဂိရိတောင်နေ ဘီလူးစစ်သူကြီးနှင့် ဟေမဝတတောင်နေ နတ်ဘီလူးစစ်သူကြီးနှစ်ဦးတို့လည်း တစ်ထောင်သောနတ်ဘီလူးများ ခြံရံလျက် မိဂဒါဝုန်တော မြတ်ဗုဒ္ဓထံ သွားရောက် တရားနာကြပြီး သောတာပန်အရိယာ ဖြစ်သွားကြပါ၏။

ငါးရာ့ငါးဆယ် နိပါတ်တော် အပဏ္ဏကဇာတ်တွင် ရေမရှိသော ကန္တာရခရီး၌ နေကြသော ဘီလူးတို့သည် ခရီးသည်တို့ကို လှည့်ပတ်ကာ သတ်ဖြတ်စားသောက်တတ်ကြ၏။

မဟာသီဝဇာတ်တွင် သုသာန်၌ လူသေကောင်လုနေကြသော ဘီလူးနှစ် ဦးကို မဟာသီလဝမင်းကြီးက ခွဲဝေပေးရသည်။ ပဉ္စာဝုဓဇာတ်တွင် တောလယ်ကောင် ကပ်စေးနဲဘီလူးသည် တောတွင်းဝင်လာသူမှန်သမျှ ဖမ်း၍စားသည်။

လောကပာဇာတ်တွင် သီဟိုဠ်ကျွန်း သိရီသဝတ္ထုမြို့နေ ဘီလူးတို့သည် ကျွန်းပေါ်တက်လာသူ ဟူသမျှ ဖမ်းဆီးစားသောက်ကြောင်းလာ၏။

တေလပတ္တဇာတ်တွင် ဗာရာဏသီပြည်နှင့် တက္ကသိုလ်ပြည်ကြားတော အုပ်ကြီးအတွင်းနေ ဘီလူးတို့သည် တောအုပ်ကြီးသို့ဝင်လာသူများကို ဖမ်း၍ စားကြသည်။

ဘဂ္ဂဝဇာတ်တွင် ဗာရာဏသီမြို့ တော်တံခါးမြင်ဘက်ရှိ ဇရပ်၌နေသော ဘီလူးသည် ဇရပ်တွင်းသို့ဝင်လာသူတို့ အနက် ချေသတ်(ချောင်းဆိုးနှာချေ) သောအခါ အသက်ရှည်စေသော်ဆိုသူ နှင့် တစ်ဖန်တုံ့ပြန်ကာ အသက်ရှည် စေသော်ဆိုသူတို့မှတစ်ပါး အခြားသူများ ကို စားစေဟု အပိုင်စားရ၏။ ထိုဇရပ် တွင်းဝင်လာသူများကို စိစစ်၍စား၏။

ဂုမ္ဘိယဇာတ်တွင် ဂုမ္ဘိယဘီလူး သည် ဗာရာဏသီပြည် တောအုပ်တစ် ခုဝယ် လမ်းခရီး၌ အဆိပ်ထည့်ထားသော မုန့်လိုင်တို့ကို ကုသိုလ်ပြုဟန်ထားပြီး စားမိ၍ သေသူများကို စားရသည်။

သုတနုဇာတ်တွင် ဗာရာဏသီပြည် တစ်ခုသော ညောင်ပင်နေ မဃဒေဝဘီလူးသည် ညောင်ပင်အောက်သို့ဝင်သောသူတို့ကို စားခွင့်ရသည်။

ကာကဝလိယသူဌေးဝတ္ထုတွင် ရာဇဂြိုဟ်မြို့တံခါးထိန်းပင်နစ်ပင်၌နေသော ဒီဃတာလဘီလူးသည် နေဝင်သည်မှ အရုဏ်တက်သည်အထိ မြို့တံခါးမှဝင်လာသူ၊ ထွက်သွားသူတို့ကို စားစေဟု ဘုရင်မင်းမြတ်ထံမှ အပိုင်စားရ၏။ မြို့တံခါးမှ ဝင်ထွက်သူတို့ကို ညအခါ စားသည်။

ခုဒ္ဒကပါဌ်အဋ္ဌကထာ ရတနသုတ်အဖွင့် ဝေသာလီဝတ္ထုတွင် (၁) အစာငတ်မွတ်ခြင်းဘေး (၂) ဘီလူးဘေး၊ (၃) အနာရောဂါဘေးတို့ ကျရောက်၍ လူတို့သေကြသောအခါ မြတ်ဗုဒ္ဓကို သွားပင့်ဖိတ်ကြ၏။ ရဟန္တာငါးရာနှင့် မြတ်ဗုဒ္ဓကြွလာတော်မူပြီး ရတနသုတ်ပရိတ်တော်ကို ဟောရာ ဘေးကြီးသုံးပါး အေးငြိမ်း၍ ချမ်းသာရကြောင်း ပါရှိ၏။

နဠကပါနဇာတ်တွင် ဟိမဝန္တာတောအတွင်း ရေအိုင်တစ်ခုနေ ရက္ခိုသ်ဘီလူးသည် ရေအိုင်အတွင်းသို့ဆင်းလာသူတို့ကို ဖမ်းဆီးစားပစ်သည်။

ဒေဝဓမ္မဇာတ်တွင် ဟိမဝန္တာတောအတွင်း ရေအိုင်တစ်ခုနေ ရက္ခိုသ်ဘီလူးသည် ရေအိုင်အတွင်းသို့ ဆင်းသက်သူတို့တွင် ဒေဝဓမ္မတရားနှစ်ပါးကို မသိသူတို့ကို စားစေဟု နတ်မင်းကြီးတို့ထံမှ အပိုင်စားရ၏။ ရေကန်တွင်းဆင်းလာသူတို့ကို မေးမြန်းစိစစ်ပြီး စားပစ်သည်။

အယကူဋဇာတ်တွင် ဗာရာဏသီမင်းကြီးသည် သတ္တဝါတို့အသက်ကို မသတ်ရဟု စည်လည်ကြေငြာထားသဖြင့် ဘီလူးတို့ အသေးအသားမရ၍ အမျက်ထွက်ကာ ကမ္ဘဏ၊ ရက္ခိုသ် ဘီလူးတစ်ဦးကို စေလွှတ်ရာ ထိုဘီလူးက သံတူကြီးကိုင်လျက် ညဉ့်အခါ မင်းကြီး၏ ကျက်သရေခန်းကိုဝင်ပြီး သတ်မည်ပြု၏။ သိကြားမင်းလာ၍ စောင့်ရှောက်သောကြောင့် မသတ်ဝံ့ဘဲ ပြေးရှုသည်။

သမုဂ္ဂဇာတ်တွင် ဗာရာဏသီပြည် တောအုပ်တစ်ခုနေ ရက္ခိုသ်ဘီလူးသည် တောအုပ်အတွင်းသို့ ရောက်လာသူတို့ကို ဖမ်း၍စားသည်။

သမ္ဗုလဇာတ်တွင် ဒါနဝရက္ခိုသ်ဘီလူးသည် နှနာသည် သောတ္ထိသေန မင်းသား၏ မိဖုရားသမ္ဗုလကို သစ်သီးရှာဖွေခိုက် ဖမ်း၍စားမည်ပြုသည်။ သိကြားမင်းလာ၍ ဒဏ်



www.burmeseclassic.com

www.burmeseclassic.com

ခတ်သဖြင့် မစားပဲ့ဘဲ ပြေးရသည်။

ပဓာကုသလမာအာဝတာတ်တွင် တောင်ခြေရင်းရှိ လိုဏ်ဂူတစ်ခု၌နေသော အသေမှုခီဘီလူးမသည် တောအုပ်အတွင်းသို့လာသူတို့ကို ဖမ်း၍စားတတ်သည်။ တစ်နေ့တွင် ပုဏ္ဏားလုလင်တစ်ယောက်ကို ဖမ်းမိပြီး မစားဘဲ ခင်ပွန်းလင်ပြုထားရင်း ပဓာကုသလကို မွေးဖွားၕ်။ လူနှင့်ဘီလူးမစပ်သော လူစပ်ဘီလူးဖြစ်ပါသည်။

မဟာဝင်ဝတ္ထုတွင် သီဟိုဠ်ကျွန်း၌ ရှေးဦးနန်းတက်သော ဝိဇယမင်းကြီးသည် ကုဝဏ္ဏမည်သော ဘီလူးမကို မိဖုရားမြှောက်ကြောင်း။ ဇိဝဟတ္ထသားနှင့် ဒီပေဋ္ဌာသမီးတို့ မွေးဖွားကြောင်း ဆိုထား၏။

မဟာရာဇဝင်ကြီး ပထမတွဲတွင် ကုဏ္ဍိုတောင်ပဗ္ဗာသား သူကြွယ်တစ်ဦး၏ ကျွန်မသည် ယာစောင့်နေရာအနီးရှိ သစ်ပင်ကြီးနေ ဘုမ္မိုးနတ်ဘီလူးနှင့် သံဝါသပြုသဖြင့် သားတစ်ဦးမွေးဖွားခဲ့သည်။ နောင်အခါ ပုဂံမင်း ၁၅ ဆက်အနက် ၂၆ ဆက်မြောက် မြင်းကျွေးမင်းဖြစ်လာသည်။

နော်ရထာမင်းစောလက်ထက် ပန်းတော်ဆက် ဗျတ္တ (ကုလားသူရဲ)သည် ပုပ္ပားအရပ်မှ ဘီလူးမနှင့် အိမ်တောင်ကျပြီး ရွှေဖျဉ်ကြီး-ငယ် သားနှစ်ဦး မွေးဖွားသည်။

ဇယဒိသဇာတ်တွင် ခုနှသနေ ရန်သူဘီလူးမတစ်ယောက်သည် ပဥ္စာလမင်းကြီး၏ မိဖုရားမှမွေးဖွားသော ပထမသားနှင့် ဒုတိယသားတို့ကိုစားပြီး တတိယသားကို မစားဘဲ သားအမှတ် မွေးစားထား၏။ ထိုမင်းသားသည် ဘီလူးမထံတွင် ကြီးပြင်းရကား မိမိကိုယ်ကို ဘီလူးစစ်စစ်ထင်မှတ်ပြီး လူတို့ကိုဖမ်း၍ စားလျက်နေခဲ့သည်။ နောင်တွင် လူဘီလူးသာဖြစ်ကြောင်း သိတော့၏။

မဟာသုတသောမဇာတ်တွင် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် လူသားကိုစား၍ နှစ်သက်လွန်းသောကြောင့် တိုင်းပြည်မှ နှင်ထုတ်ခံရသည်။ တောထဲတွင် လူဖမ်းစားသော လူသားစား ပေါရိသာဒဟု ခေါ်ကြသည်။ လူဘီလူးမင်းကြီးကို မဟာသုတသောမမင်းက တရားဟောနိုင်၍ လူသားစားခြင်းကို စွန့်လွှတ်ခဲ့၏။

အယောဃရဇာတ်တွင် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ မိဖုရားမွေးသော သားနှစ်ပါးကို ရန်သူဘီလူးမက အတင်းလုယူစားပစ်သည်။ တတိယသား ကိုယ်ဝန်တည်သော် သံအိမ်ကြီးဆောက်၍ ဖွားမြင်စေသည်။ ထိုသံအိမ်ကြီးအတွင်း၌ပင် သားတော်ကို ကြီးပြင်းစေပါ၏။

ဓမ္မပဒအဋ္ဌကထာ ကာဠီယက္ခိနီ ဘီလူးမဝတ္ထုတွင်လည်း သာဝတ္ထိပြည် မိန်းမတစ်ဦးမှ ပထမနှင့် ဒုတိယသားကို ရန်သူဘီလူးမ အတင်းလုယူစားပစ်သည်။ တတိယသားကို ခွေမျိုးအိမ်၌ မွေးဖွားပြီးပြန်လာစဉ် ဘီလူးမလိုက်၍ မြတ်ဗုဒ္ဓ ကျောင်းတော်ပေါ် တက်ပြေးရ၏။ မြတ်ဗုဒ္ဓ၏ တရားနာရပြီး ကာဠီ ယက္ခိနီဘီလူးမသည် သောတာပန်အရိယာဖြစ်သွားသည်။

ပါရာဇိကဏ်အဋ္ဌကထာ ဗာဟိရ နိဒါန်းတွင် သုဝဏ္ဏဘူမိသထုံပြည် နန်းတော်တွင်းသို့ သားဖွားတိုင်း ဘီလူးမလာ စားတတ်၏။ သောဏထေရ်နှင့် ဥတ္တရထေရ်တို့ ရောက်လာပြီး ထိုရက္ခိုသ် ဘီလူးတို့ထက် နှစ်ဆကြီးသောကိုယ်ကို ဖန်ဆင်းပြီး မောင်းထုတ်ခဲ့ကြ၏။ ဗြဟ္မဇာလသုတ် ဟောပြော၍ လူတို့ အကျွတ်တရားရကြသည်။

မဟာရာဇဝင်တော်ကြီးတွင် ပုဂံပြည် အနော်ရထာမင်းကို နတ်ဘီလူး(လိန်ပင်စောင့်)က ကွဲယောင်ဆောင် ခတ်၍ နတ်ရွာစံကြောင်းဆို၏။

သုပ္ပဗုဒ္ဓ ကုဋ္ဌိဝတ္ထုတွင် သုပ္ပဗုဒ္ဓသူနာကို သောတာပန်ဖြစ်စေပြီးမှ ရန်သူဘီလူးမက နွားမယောင်ဆောင်ဝှေ၍ အနိစ္စရောက်ရသည်။ ၎င်းဘီလူးမကပင် နွားမယောင်ဆောင်ပြီး ဝှေသေသောကြောင့် ပဏ္ဍသာတိအမျိုးသား ဗာဟိ ယဒါရု စီရိယ၊ တမ္ဗဒါဌိကနိုးခံ့သူသတ်သမားတို့လည်း အနိစ္စရောက်ကြရပါသေးသည်။ ၎င်းဘီလူးမကို နွားဘီလူးမဟု ဆိုလိုက်၏။

ဇာတကသုဒ္ဓေကြီး ဝတ္ထုတွင် တံတိုင်းခုနှစ်ထပ်၏ လေးမျက်နှာတံခါးများတွင် နတ်ဘီလူးများစွာ ခေါင်းဆောင်နှင့် အခြံအရံ တောင်နှင့်ချီ၍ စောင့်ရှောက်ကြ၏။

သိပ္ပံခေတ်တွင် ဘီလူးများကို ဒဏ္ဍာရီပုံပြင်အဖြစ် ယူဆကြ၏။ သို့သော် သိပ္ပံပညာဖြင့် ရှင်းလင်းပြ၍ မရနိုင်သေးသော ဇာတ်လမ်းသာဓကများစွာ ရှိနေပါကြောင်း။

နတ်ထီးလှိုင်



www.burmeseclassic.com

www.burmeseclassic.com

# ပင်လယ်ပြင် တစ္ဆေ


ခြန်းမောင်မောင်

ပင်လယ်ပြင်တွင် သွားလာနေသော သင်္ဘောများမှ သင်္ဘောသားများသည် ပင်လယ်ပြင်တွင် သွားလာနေစဉ် အန္တရာယ်ကြောင့်ဖြစ်စေ၊ ရောဂါတစ်ခုကြောင့်ဖြစ်စေ သေဆုံးခဲ့ပါက သေဆုံးသူ သင်္ဘောသား၏ရုပ်အလောင်းကို သေချာစွာ စဉ့်နှောင်လျက် အလေးထည့်ပြီး ရေအောက်သို့ချ၍ သင်္ဂြိုဟ်ပေး ခဲ့ရလေသည်။ ထိုကဲ့သို့ ကောင်းစွာ သင်္ဂြိုဟ်ခံရသဖြင့် ဒ. ယုသီမှုများရှိခဲ့သည်။ ထို့ကြောင့် ပင်လယ်ပြင်တွင်လည်း တစ္ဆေခြောက်လှန့်သည်ဆိုသော အယူအဆများရှိခဲ့သည်။

ဒဏ္ဍာရီပုံပြင်တစ်ခုတွင် ရေနစ်၍ သေဆုံးခဲ့ကြသော သင်္ဘောသားများ၏ ဝိညာဉ်များသည် ဆင်ရော်ငှက်များအဖြစ်သို့ ပြောင်းလဲသွားသည်ဟုဆိုသည်။ ထို့ကြောင့် မည်သည့် သင်္ဘောကမျှ ဆင်ရော်ငှက်ကို ပစ်သတ်ခြင်းမပြု[illegible] ဆို လေသည်။

၁၇၄၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လေဒီလူဗီဘွန်ဟု အမည်ပေးထားသည့် သင်္ဘောတစ်စင်းသည် လန်ဒန်မြို့မှ ကုန်ပစ္စည်းများတင်ဆောင်လျက် သိမ်းမြစ်ကိုစုန်၍ ပေါ်ဘူဂီသို့ ထွက်ခွာသွားခဲ့သည်။

သင်္ဘောပေါ်မှ သင်္ဘောသားတစ်ယောက် စိတ်ဖောက်ပြန်သွားပြီး တက်မကိုင်နေသော သင်္ဘောသားကို သတ်ပစ်လိုက်ကာ သူကိုယ်တိုင် တက်မကိုင် မောင်းနှင်လေသည်။ ထိုစိတ်ဖောက်ပြန်သော သင်္ဘောသားသည် သင်္ဘောကို ဒိုဗာရေလက်ကြားအရောက် သောင်ပေါ်သို့ မောင်းတင်လိုက်ရာ သင်္ဘော သဲ[illegible] သောင်တွင် တင်နေခဲ့သည်။



(၁) ထိုမှ နှစ်ပေါင်း ၅၀ ကြာချိန်တွင် လူဗီဘွန် သင်္ဘောတစ္ဆေသည် သောင်ပေါ်တင်လျက် ကျိုးနေသည်ကို တွေ့ရသည်ဆို၏။ ထိုသင်္ဘောတစ္ဆေ[illegible]၂ နှစ် ၅၀ ပြည့်တိုင်း ပြန်ပေါ်လာသည်[illegible]ကို မြင်ရသည်ဟု ဆိုလေသည်။

(၂) ၁၈ ရာစုတွင် သ[illegible]ဘောမာလိန်မှူးသည် ကျွန်တင်သင်္ဘောကို မောင်းနှင်လာစဉ် သင်္ဘောသားတစ်ယောက်ကို သတ်လိုက်ပြီး ၎င်းအလောင်းကို ချက်ပြုတ်၍ ကျွန်များကို ကျွေးခဲ့



www.burmeseclassic.com

www.burmeseclassic.com

သည်ဆိုၾ၏။ များမကြာမီ ဂုင်းသင်္ဘောသားသည် တစ္ဆေ အဖြစ်နှင့် သင်္ဘောသို့ပြန်လာကာ မာလိန်မှူးကို ခြောက် လေသည်။ မာလိန်မှူးသည် အလွန်ကြောက်လန့်သွားပြီး သင်္ဘောပေါ်မှ ရေထဲသို့ခုန်ချ၍ သေဆုံးသွားခဲ့သည်ဟု ဆိုလေသည်။





တွေ့ရပြီး ဂုင်းသင်္ဘောသားသည် သဲသောင်ပေါ်တွင် လှည့် လည်သွားလာနေသော သင်္ဘောသားနှင့် အလွန်ဆင်တူ သည်ဟု ဆိုလေသည်။

(၃) ၁၉၅၉ ခုနှစ်တွင် ဗြိတိသျှ ရေတပ်မတော်မှ စစ်သင်္ဘောနှစ်စင်းသည် ဒေဗွန်ကမ်းခြေတွင် အတိဒုက္ခ ရောက်နေ ကမ်းတက်ရေယာဉ်ကို ကယ်ဆယ်ရန် ထွက်သွား ခဲ့ကြသည်။ စစ်သင်္ဘောများသည် ကမ်းတက်ရေယာဉ်အနီးသို့ ချဉ်းကပ်ရောက်ရှိလာသောအချိန်တွင် စစ်ပွဲအတွင်း လွတ် လပ်သော ပြင်သစ်ရေတပ်မတော်အလံ လွှင့်ထူထားသည်ကို တွေ့ရပြီး မကြာခင်ပျောက်ကွယ်သွားခဲ့သည်ဟု ဆိုလေသည်။


(၄) လူသူကင်းမဲ့နေသော စကော့တလန် ကမ်းရိုး တန်းမြောက်ပိုင်း ထောင့်တစ်နေရာ အရပ်ရှည်သည့် သင်္ဘော သားတစ္ဆေ ခြောက်လှန့်နေခဲ့သည်ဟုဆို၏။ တစ္ဆေသည် ကမ်းခြေတစ်လျှောက် လှည့်လည်သွားလာနေခဲ့သော်လည်း သဲသောင်ပြင်ပေါ်တွင် ခြေရာမထင်ကျန်ရစ်ခဲ့ဟု ဆိုသည်။ နှစ်ပေါင်းအတော်ကြာသည့်အချိန်တွင် သင်္ဘောပျက်ထဲမှ အရပ်ရှည်သော သင်္ဘောသားတစ်ယောက် သေနေသည်ကို



စန်းဓမောင်မောင်

(Haunted Houses, Ghosts and Spectres by Lynn Myring ကို ပြန်ဆိုသည်။)

www.burmeseclassic.com



မြွေနိုင်နည်းကျင့်စဉ်

# မေတ္တာဝင်

ဟိန်းထက်ရျာန်

ကိုအောင်မိုး နေထိုင်သော ဧရာဝတီတိုင်းသည် အောက်မြန်မာနိုင်ငံတွင် မြွေဆိုးအပေါ်များဆုံး နေရာတစ်ခုဟုဆိုလျှင် မှားမည်မဟုတ်။ ချောင်းထဲတွင် လှေလှော်ရင်း ကမ်းနားရှိ လမုပင်ကြီးနှင့် အကိုင်းအခက်များပေါ်တွင် မြွေများတွေ့ရသလို၊ မျောလာသော ဗေဒါများ နိုက်များတွင်လည်း မြွေဆိုးများ ခိုအောင်းပါလာတတ်သည်။ အိမ်သာထဲတွင် ခွေနေသော မြွေပွေးများလည်း ရှိတတ်သဖြင့် အမြဲသတိထား၍ နေကြရသည်။ ကိုအောင်မိုး၏ဖခင်မှာ ငါးရှာရင်း မြွေဆိတ်၍ ကွယ်လွန်ခဲ့သလို၊ မိခင်မှာလည်း ကိုအောင်မိုး ၁၀ နှစ်သားအရွယ်မှာပင် ထင်းပုံထဲမှ မြွေပွေးကိုက်၍ အသက်ဆုံးရှုံးခဲ့ရသည်။ ထို့ကြောင့်လည်း ကိုအောင်မိုး၏ ငယ်စဉ်ဘဝတွင် အဒေါ်ဖြစ်သူနှင့် နေထိုင်ခြင်း၊ ဘုန်းတော်ကြီးကျောင်းသားအဖြစ် နေထိုင်ခြင်းဖြင့်သာ အချိန်ကုန်ခဲ့ရသည်။ အတန်းပညာကိုလည်း လုံးဝသင်ယူနိုင်ခြင်း မရှိခဲ့ပေ။ ထို့ကြောင့်လည်း မိမိ၏ဘဝကို ဖျက်ဆီးခဲ့သော မြွေသတ္တဝါများကို အလွန်မုန်းတီးခဲ့သည်။ မြွေတွေ့လျှင် အသေရိုက်သတ်သည်။ ရွာမှတစ်ယောက်ယောက် မြွေကိုက်ခံရသည်ဆိုလျှင် ကိုက်သောမြွေကို တွေ့အောင်ရှာ၍သတ်သည်။ လူကိုကိုက်ပြီးသော မြွေမှာ အားအင်ချည့်နဲ့ပြီး နေရာဝေးဝေး မသွားနိုင်သဖြင့် ကိုအောင်မိုးလက်ချက်ဖြင့် အသက်ထွက်ကြရသည်။

ကိုအောင်မိုး၏ ဘဝတစ်ဆစ်ချိုးပြောင်းလဲတော့မည့် အချိန်သို့ ရောက်ရှိ၍လာလေပြီ။ အရွယ်ရောက်လာသဖြင့် လယ်ပိုင်ရှင် ဦးဘထံတွင် သူရင်းငှားဝင်လုပ်သည်။ အလုပ်ကြိုးစားသော ကိုအောင်မိုးကို လယ်ပိုင်ရှင်ကလည်း သဘောကျခဲ့သည်။ လယ်ပိုင်ရှင်၏ သမီးထွေး မနှင်းပွင့်ကသည်း အချိန်ကြာလာသော် အိုးချင်းထား အိုးချင်းထိဆိုသည့်စကားအတိုင်း သံယောဇဉ်ငြိတွယ်၍ ချစ်သူများဖြစ်ခဲ့ရလေပြီ။ လယ်



www.burmeseclassic.com

www.burmeseclassic.com

ပိုင်ရှင်ကြီး ဦးဘကလည်း အလုပ်ကြိုးစားသူ မောင်အောင်မိုးမှာ အားကိုးရသူတစ်ဦးဖြစ်သဖြင့် သမီးဖြစ်သူနှင့် လက်ထပ်ပေးမည်ဟုပင် တစ်ဆင့်စကားပြောကြားသည်ကို ကြားခဲ့ရသည်။

တစ်နေ့ ကိုအောင်မိုးရှိရာ လယ်တောသို့ ထမင်းပို့လာသော မနှင်းပွင့် တစ်ယောက် ပိုးထိခဲ့လေပြီ။ ကိုအောင်မိုးရှိရာ နေရာနှင့် လယ်တစ်ကွက်ကျော်လောက်ရှိ လယ်ကန်သင်းရိုး ရေကတွတ်ပေါက်တွင် ခြေထောက်ကို ရေဆေးခဲ့သည်။ ထိုကတွတ်ပေါက်တွင် ငါးရှာနေသော မြွေဟောက်ကခြေထောက်ကို ကိုက်လိုက်၍ ကိုအောင်မိုး အမည်ကို အော်ခေါ်ပြီး လဲကျသွားသည်။ ထိုအဖြစ်ကို အစအဆုံး မြင်လိုက်ရသော ကိုအောင်မိုးတစ်ယောက် မြွေကိုပင်ရှာ၍ မသတ်နိုင်။ သတိမေ့နေသော မနှင်းပွင့်ကိုထမ်းပြီး ရွာကို အမြန်ပြန်ပြေးခဲ့သည်။ ကိုက်သည့်မြွေက မြွေဟောက်၊ အကိုက်ခံရသည့်နေရာက ခြေမခွကြား။ ထိုနေရာတွင် အကိုက်ခံရပါက ဆေးကု၍မရနိုင်တော့ဟု ဆိုကြသူများ၏အသံကိုလည်း ကြားနေရသည်။ ယခုမှ ဘဝသစ်ကိုထူထောင်မည့် မောင်အောင်မိုး၏ စိတ်ကူးအိပ်မက်များ ပျောက်ရတော့မည်။ ဘဝပျက်ရပေတော့မည်။ အသည်းနှလုံးထဲမှ ချစ်ရပါသော ချစ်သူ မနှင်းပွင့်ကို ခွဲခွာရပေတော့မည်။

ရွာထဲက ဆရာဆိုသူများကလည်း တစ်ယောက်ပြီး တစ်ယောက် ရေမန်းတိုက်လိုက်၊ ခြေမန်းကွင်းစွပ်လိုက်၊ သစ်ရွက်၊ သစ်ခက်များနှင့် ရိုက်ချလိုက်၊ ဟိုဆေးရွက်၊ ဒီဆေးရွက်ကြိတ်တိုက်လိုက်၊ အံ့လိုက်နှင့် လူနာကား နှာခေါင်းဖြင့်မှင် အသက်မရှူနိုင်တော့။ ပါးစပ်ဟာစေ့ဟာစေ့ဖြင့် အာရုံကြောများ ထိခိုက်၍နေပြီဖြစ်သည်။ အချိန်ကား ကြာ၍လာပြီ။ မြွေကိုက်ခံရသူ မနှင်းပွင့်မှာ နောက်ဆုံးထွက်သက်အတွက် အကြောများ ဆတ်ခနဲ ဆတ်ခနဲ ဆောင့်၍ ရုန်းကန်နေသည်။ ရွာထဲက ဆရာဆိုသူများကလည်း လက်မြှောက်ကုန်ကြသည်။ အချို့ဆရာများကား ပြန်၍ပင်သွားကြလေပြီ။

ထိုအချိန်တွင် ကိုအောင်မိုးခေါင်းထဲတွင် အတွေးတစ်ခု ဝင်လာသည်။ မနေ့ကသူ ရွာဦးကျောင်းသို့သွားစဉ် ကျောင်းတွင် ဧည့်သည်တစ်ယောက် ရောက်ရှိနေသည်ကို တွေ့၍ ရေနွေးအိုး၊ လက်ဖက်ပွဲများကိုပင် သူချပေးခဲ့ရသေးသည်။ ထိုဧည့်သည်မှာ ဆေးဆရာတစ်ယောက်ဟု ဆရာတော်က ပြောခဲ့သည်။ မြွေဆရာဖြစ်လျှင် ကောင်းပေမည်။ ထို့ကြောင့် ရွာဦးကျောင်းသို့ အပြေးအလွှားသွားခဲ့သည်။ ဆရာဆိုသူကို တွေ့၍ အကျိုးအကြောင်း ပြောပြကာ အမြန်ပင့်၍လာခဲ့သည်။ ဆရာဖြစ်သူကလည်း ဟိတ်ဟန်မရှိ၊ အလျင်စလိုပင် လိုက်ပါလာခဲ့သည်။ လူနာ၏ဘေးတွင် ဝိုင်းအုံနေကြသော ဆွေမျိုးသားချင်းများ၊ ရွာသားများအား -

"အားလုံး ခဏလေး ဖယ်ပေးကြပါခင်ဗျာ။ ကျွန်တော် ဆရာပင့်လာလို့ပါ"

ဟု ပြောကြားဖယ်ရှားစေပြီး ဧည့်သည်ဆရာကို လူနာနှင့်တွေ့ပေးလိုက်သည်။ သူက ထိုကဲ့သို့ ပြောလိုက်သောအခါ ခေါင်းရင်းမှာထိုင်ပြီး လူနာအသက်ထွက်မည့်အချိန်ကို ကွမ်းဝါးရင်း စောင့်နေကြသည့် သက်ကြီးဆေးဆရာကြီးနှစ်ဦးက ဧည့်သည်ဆရာကို မျက်စောင်းခဲ၍ ကြည့်လိုက်ပြီး -

"မင်းက ဆရာလား။ ငါတို့တောင် မတတ်နိုင်လို့ လက်လျှော့ထားရတာ။ မြွေဆိပ်က တစ်ကိုယ်လုံး ပြန့်နေပြီ။ အသက်ထွက်ဖို့ပဲ ကျန်တော့တယ်။ ဘယ်လိုမှ ကုလို့မရတော့ဘူး"

ဟု ဆိုသလို အခြားဆရာတစ်ဦးကလည်း -

"မင်းတို့ ဒီအချိန်မှာ နောက်ဆုံးလုပ်ပေးရမှာက လူနာ နောက်ဆုံး လားရာဂတိကောင်းဖို့ ကြေးစည်ရိုက်သံပေး ဘုရားဂုဏ်တော်တွေရွတ်ဖတ်၊ ဒါပဲလုပ်ပေးရမှာ။ မင်းလုပ်မှ အသက်မြန်မြန်ထွက်သွားဦးမယ်"

ဟူ၍ပင် ပြောဆိုလိုက်သေးသည်။

ဧည့်သည်ဆရာသည် လူနာလက်ကို ကိုင်ကြည့်၍ သွေးတိုးစမ်းလိုက်သည်။ ထို့နောက် မည်သူ၏ ပြောဆိုမှုကိုမျှ မတုံ့ပြန်ဘဲ ဘုရားကျောင်းဆောင်ရှေ့တွင်ထိုင်ကာဘုရားရှိခိုးသည်။ အတန်ကြာအောင် နှုတ်မှလည်း တတွတ်တွတ်ရွတ်ဆိုနေသည်။ ထို့နောက် လူနာရှိရာသို့ ပြန်လာပြီး လူနာ၏နဖူးပေါ်သို့ ယာလက်ကိုတင်ကာ ရွတ်ဆိုနေသည်။ အားလုံးသော ပရိသတ်များမှာ ဧည့်သည်ဆရာ၏ လှုပ်ရှားမှုများကိုသာ အာရုံစိုက်နေကြသည်။ တိတ်တိတ်ဆိတ်ဆိတ်၊ ငြိမ်ငြိမ်သက်သက်၊ ရွာခံဆရာကြီးနှစ်ဦးမှာမူ အထင်သေးသော မျက်လုံးများဖြင့် ကြည့်နေသည်။

www.burmeseclassic.com

ညွှန့်သည်ဆရာ၏ ယာဘက်လက်ဖဝါးသည် လူနာ၏နဖူးပေါ်မှနေ၍ မျက်နှာတစ်ပြင်လုံးကို သပ်ချလိုက်သောအခါ သတိမေ့နေသော လူနာထံမှ -

"အင်း . . . ဟင်း . . . အင်း" ဟု ညည်းညူသော အသံထွက်လာသည်။ ထို့နောက် ဆရာသည် မြွေကိုက်ခံရသော ဘယ်ခြေထောက်၏ ဒူးနေရာမှ ခြေဖျားအထိ လက်ဖြင့်သပ်ချလိုက်ပြန်သည်။ လူနာမှာ အနည်းငယ်တွန့်သွားသည်ကို တွေ့ရသည်။ မြွေကိုက်သော ဒဏ်ရာမှ သွေးများထွက်ကျလာသည်။ ထွက်လာသော သွေးများက မည်းနက်နေသည်။ ညွှန့်သည်ဆရာက နောက်တစ်ကြိမ်ထပ်၍ လက်ဖြင့်သပ်ချလိုက်ပြန်သည်။ အမည်းရောင်ရှိသော သွေးများ အညိုရောင်အဖြစ် ကျလာသည်။ တတိယအကြိမ် ထိုကဲ့သို့ ပြုလုပ်လိုက်သောအခါ ကျလာသော သွေးများမှာ အနီရဲရဲ အရောင်များ ဖြစ်နေသည်ကို အားလုံးပင် တအံ့တဩတွေ့လိုက်ရလေသည်။ လူနာလည်း လူးလွန့်အသံထွက်ပြုလာသည်။ ရွာခံ ဆေးဆရာကြီးနှစ်ဦးကား တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ကာ အချက်ပြ၍ အိမ်ပေါ်မှ မယောင်မလည် ဆင်းသွားကြလေပြီ။ ဖခင်ဖြစ်သူ ဦးဘကလည်း-

"ငါ့ . . . သ . . . မီး . . . မ . . မသေတော့ဘူးကွ။ သမီး . . . သမီး မနှင်းပွင့် သတိရလာပြီလား သမီးလေး"

"အင်း . . . အင်း . . . သ . . . တိရပြီ"

"ဝမ်းသာလိုက်တာ ဆရာရယ်၊ ကျွန်တော့် သမီးကလေး အသက်ကို ကယ်ခဲ့တဲ့ ဆရာ့ကို ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် မသိတော့ဘူး။ ကျေးဇူးတင်လိုက်တာ ဆရာရယ်"

ဟု ဝမ်းသာအားရ ပြောဆိုနေသည်။

ထိုအချိန်တွင် ကိုအောင်မိုးထက်ပို၍ ပျော်မည့်သူ၊ ဝမ်းသာမည့်သူကတော့ ကမ္ဘာလောကကြီးမှာ ရှိနိုင်မည်မဟုတ်။ တစ်ရက်နှစ်ရက်ခန့် ကြာသောအခါ မနှင်းပွင့်မှာ လူကောင်းပကတိ ပြန်၍ဖြစ်သွားခဲ့လေပြီ။

ရွာဦးကျောင်းတွင် တည်းခိုနေသော ညွှန့်သည် ဆေးဆရာထံသို့ ကိုအောင်မိုးရောက်ရှိလာခဲ့သည်။ ဆရာအား အကြိမ်ကြိမ် ဦးချကန်တော့ပြီး-

"ဆရာ . . . ကျွန်တော့် မိဘနှစ်ဦးစလုံးလည်း ပိုးထိလို့သေဆုံးခဲ့ရပါတယ်။ အခုလည်း ကျွန်တော့်ချစ်သူ ပိုးထိခံရတာ ဆရာကယ်လို့သာ အသက်ရှင်ခဲ့ရပါတယ်။ ကျွန်တော်လည်း ဆရာ့လိုပဲ ပိုးထိ(မြွေကိုက်)ခံရတဲ့သူတွေကို အသက်ကယ်ချင်ပါတယ်။ ကျွန်တော့်ကို ပညာပေးလို့ရရင် ပေးပါဆရာ။ ကျွန်တော် သတ္တဝါတွေကို ကယ်ချင်ပါတယ်"

ဟု တောင်းပန်ပြောဆို၍ ပညာတောင်းခဲ့သည်။ ထိုအခါ ဆရာတော်ဘုရားမှလည်း ညွှန့်သည်ဆေးဆရာအား -

"မောင်အောင်မိုးဟာ လူတော်၊ လူကောင်း တစ်ယောက်ပါ။ ဘယ်သူ့ကိုမဆို ကူညီချင်တဲ့စိတ်ရှိတယ်။ ဆရာ့ပညာကို သူသာရခဲ့ရင် ဘုန်းကြီးတို့တောသူ၊ တောင်သားတွေအတွက် မြွေဆိုးအန္တရာယ်က ကင်းဝေးနိုင်ကြပြီပေါ့"

ဟု၍ ဆရာတော်ကလည်း မိန့်ဆိုခဲ့ပြန်သည်။

ထို့ကြောင့် ညွှန့်သည်ဆရာက မောင်အောင်မိုးအား ပညာသင်ကြားပေးရန် သဘောတူပြီး -

"ပညာသင် လေ့ကျင့်အားထုတ်နေတဲ့အချိန် နောင်အခါမှာလည်း အမြဲတစေ မြွေတွေကို မသတ်ရဘူး။ မြွေသားလည်း မစားရဘူး။ မြွေသားစားတဲ့လူတွေ၊ မြွေသတ်တဲ့လူတွေကိုလည်း အားမပေးရဘူး။ မြွေနာမည်ပါတဲ့ ပဲလင်းမြွေသီးကိုတောင် မစားရဘူး။ တချို့က ပဲလင်းမြွေသီးကို မုံလုံသီးလို့ခေါ်ပြီး စားကြတာ ရှိသေးတယ်။ မစားတာ အကောင်းဆုံးပဲ။ မြွေသားကိုသာ မကဘူး။ ငါးရှဉ့်တို့၊ ငါးမြွေထိုးတို့ကိုလည်း မစားရဘူး။ မြွေတွေကို နှိပ်စက်တာ၊ ကာယကံ၊ ဝစီကံ၊ မနောကံ ပြစ်မှားတာတွေကို ရှောင်ကြဉ်ရမယ်။ ငါးပါးသီလိုလည်း လုံခြုံအောင် စောင့်ထိန်းရမယ်။ အဲဒီ စည်းကမ်းချက်တွေကို မောင်ရင် စောင့်ထိန်းလိုက်နာနိုင်ပါ့မလား"

"ကျွန်တော် စောင့်ထိန်းလိုက်နာပါ့မယ်"

"အေး . . . ဆရာ့ပညာက မြွေဆိပ်ကုတဲ့နေရာမှာ ဆေးဝါးမတိုက်၊ ဆေးမပေါက်၊ ဆေးမထိုး။ ထုံးမန်းတို့၊ ရေမန်းတို့လည်း တိုက်စရာမလိုဘူး။ လက်နဲ့သပ်ချလိုက်ရုံနဲ့ မြွေဆိပ်ပြေစေတယ်။ လိုအပ်လို့ရှိရင် ကိုက်လိုက်တဲ့ မြွေကို ပြန်ခေါ်ပြီး သူ့အဆိပ်ကို ပြန်စုပ်ယူနိုင်းနိုင်တယ်"

ဟု ရှင်းပြပြောဆိုပြီး ရေနွေးတစ်



www.burmeseclassic.com

www.burmeseclassic.com

ပန်းကန်ကို ငုံ့၍သောက်နေပြီး တပည့်ဖြစ်မည့်သူကို အကဲခတ်နေသည်။

ထို့နောက် ဆက်၍ -

"မြွေနိုင်သူဖြစ်လာအောင် လေ့ကျင့်ဖို့က လဆန်း ၁ ရက်နေ့မှာ စနေနေ့ကျတဲ့လမှာ ကျင့်ရတယ်။ ၁ ရက်နေ့(စနေနေ့)ကနေပြီး တစ်လလုံး (ရက်ပေါင်းသုံးဆယ်) လုံးဝမပျက်အောင် လေ့ကျင့်ရမယ်။ နံနက်၊ နေ့လယ်၊ ည အချိန်သတ်မှတ်ပြီး ဘုရားရှိခိုး၊ ငါးပါးသီလခံယူပြီး မေတ္တာသုတ်ကို လေးလေးစားစား ရွတ်ဆိုပွားများရမယ်။ ပြီးတော့မှ ခန္ဓသုတ်ကို အထူးအာရုံပြု စိတ်ဝင်စားပြီး ရွတ်ဆိုရမယ်။ အစာစားတိုင်း။ ရေသောက်တိုင်း ခန္ဓသုတ်ကို နှလုံးသွင်းရွတ်ဆိုပြီးမှစား။ တခြားအချိန်တွေမှာလည်း တတ်နိုင်သမျှ ခန္ဓသုတ်ကို နှလုံးသွင်းထားရမယ်။ တစ်နေ့ပျက်လို့ မရဘူး။ ပျက်သွားရင် နောက်တစ်ကြိမ် အစကပြန်ပြီး လေ့ကျင့်ရမယ်"

"လေ့ကျင့်တာ အောင်၊ မအောင်ကို ဘယ်လိုသိနိုင်မလဲ ဆရာ"

"လက်တွေ့ စမ်းကြည့်နိုင်တာပေါ့။ မြွေကိုတွေ့ရင် မိမိသွားလိုရာသွားအောင် အမိန့်ပေးလိုက်၊ သူက မိမိခိုင်းတဲ့အတိုင်း လိုက်နာရင် လေ့ကျင့်မှု အောင်မြင်တယ်။ မလုပ်ရင် မအောင်ဘူးပေါ့။ မအောင်မြင်ဘူးဆိုရင် ကိုယ့်ကိုမှာ ဘာချွတ်ယွင်းချက်ရှိလဲ ပြန်စစ်ကြည့်။ ကိုယ်ကျင့်သီလ လုံခြုံရဲ့လား။ မြွေတွေအပေါ် စစ်မှန်သော မေတ္တာထားရန် ပျက်ကွက်ခဲ့သလား။ ပြန်ဆန်းစစ်ပြီး ချွတ်ယွင်းချက်ကို ပြင်ဆင်၊ အစကပြန်ပြီး လေ့ကျင့်ပေါ့။ ဒီနည်းက ဘယ်သူမဆို လေ့ကျင့်လို့ရပါတယ်။ လေ့ကျင့်မှု အောင်မြင်ပြီးလို့ရှိရင် မြွေကိုက်ခံရတဲ့သူ မြွေကိုက်ခံရတဲ့သူ၊ မြွေဆိပ်တက်နေတဲ့သူတွေကို ဆေးဝါးမပါ၊ မမန်းမမှုတ်ဘဲ လက်နဲ့သပ်ချပြီး ကုသပေးနိုင်တယ်။ မြွေတွေအပေါ်မှာ မေတ္တာစိတ်ထားပြီး သီလလုံခြုံနေမယ်ဆိုရင် မြွေနဲ့ပတ်သက်ပြီး ဘာအန္တရာယ်မှ မရှိနိုင်တော့ဘူး။ အစွယ်မချိုး၊ အဆိပ်မနုတ်ဘဲ မြွေအလမ္ပာယ်တောင် ပြနိုင်ပြီ။ မြွေအလမ္ပာယ်ပြမယ်ဆိုရင်တော့ မြွေကိုဖမ်းတဲ့အခါမှာ ဘယ်နှနှစ်ပြသမယ်ဆိုတာ အတိအကျ ကတိပြုထားရတယ်။ ကတိပြုထားတာထက် တစ်နေ့တစ်ရက်၊ တစ်နာရီတောင် ပိုလို့မရဘူး။ အသက်အန္တရာယ် ဖြစ်နိုင်တယ်"

ဟု ရှင်းပြပြောဆိုခဲ့လေသည်။

ကိုအောင်မိုးမှာ ထိုကျင့်စဉ်အတိုင်း ကျင့်ခဲ့သည်။ ပထမအကြိမ် မအောင်မြင်ပါ။ ထိုအခါ ဆရာဖြစ်သူက -

"လေ့ကျင့်အားထုတ်နေတဲ့ တစ်လအတောအတွင်းမှာ မြွေတစ်ကောင်ကောင်ကို မြင်တွေ့ခဲ့ရင်လည်း မအောင်မြင်နိုင်ဘူး။ ယုတ်စွအဆုံး အိမ်မက်ထဲမှာ မြွေနဲ့ပတ်သက်ပြီး မြင်မက်တာနဲ့တောင် လေ့ကျင့်မှု ပျက်နိုင်တယ်"

ဟု ပြောဆိုခဲ့သည်။

နောက်ပိုင်းတွင် လေ့ကျင့်မှုအောင်မြင်သဖြင့် "မြွေဆရာကြီး ဦးအောင်မိုး" အမည်ဖြင့် ရောဝတီတိုင်းအတွင်း ထင်ရှားလာလေတော့သည်။

ဟိန်းထက်ချွန်


## ပဋ္ဌာန်းရွှေကျမ်းရတနာဒီပံ
## ရွှေအလင်းတိုင်

ပဋ္ဌာန်းဆက် အားကောင်း၍ လူ့ဘုံလောကတွင် ကျင်လည်နေထိုင်လျက်ရှိကြသော ပါရမီရှင်များအတွက် အားထားစရာ ပဋ္ဌာန်းရွှေကျမ်း ရတနာဒီပံ ရွှေအလင်းတိုင် ပေါ်ထွက်လာပါပြီ။

ဤသို့ ပေါ်ထွက်ရအောင်လည်း ပဋ္ဌာန်းရွှေကျမ်းကျင့်စဉ်ကို အဓိဋ္ဌာန်တင် သမထစွမ်းအင်ဖြင့် စီမံ၍ထားသဖြင့် ပါရမီရှင်များ လိုအပ်သော ကိစ္စအဝဝကို ဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။

အထူးသဖြင့် လျှို့ဝှက်စီမံထားသော ဂမ္ဘီရပစ္စည်းတစ်မျိုးနှင့် တွဲဖက်၍ စီမံထားပါသည်။ အသေးစိတ်သိလိုသူများ လူကိုယ်တိုင်ကြွရောက်၍ မှာယူနိုင်ပါသည်။

—— ဆက်သွယ်ရန် ——

ရောင်ပြန်မဂ္ဂဇင်းတိုက်

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း- ၀၉-၂၅၁၀၂၂၃၃၁




www.burmeseclassic.com

www.burmeseclassic.com

# ပထမံဆရာဦးမောင်ကြီး နှင့် တပည့်မိုက်

လှစံ(ပညာရေး)

ဝိဇ္ဇာဆရာကြီးများတို့သည် များသောအားဖြင့် မိမိတို့၏ ဝိဇ္ဇာခရီးလမ်းအတွက် အထောက်အကူရရှိနိုင်အောင် သင့်တော်သူများကို တပည့်အဖြစ် မွေး၍ သွန်သင်ဆုံးမပြီး ပညာပေးခြင်း၊ အစွမ်းသတ္တိများပေးခြင်းတို့ကို ပြုလုပ်တတ်ကြသည်။ အချို့သောတပည့်များသည် ဆရာဖြစ်သူကို ခရီးလမ်းပါရမီဖြည့်ပြီး ပညာသင်ယူကာ ဆရာတစ်ဆူဖြစ်သွားကြသည်။ အချို့သောတပည့်များမှာ ဆရာ့ကျေးဇူးကိုမသိ ဆရာကိုပြန်၍ဒုက္ခပေးတတ်သလို အချို့တို့မှာ စည်းဖောက်၍ ဒုက္ခရောက်ကြသည်များလည်း ရှိခဲ့လေသည်။

ရန်ကုန်မြို့ လမ်းမတော်ရပ်ကွက်တွင် ပန်းတိမ်ဆရာ ဦးမောင်ကြီးဆိုလျှင် မသိသူမရှိ။ အလွန်ထင်ရှား လူသိများသူတစ်ဦး ဖြစ်ပေသည်။ ဦးမောင်ကြီးသည် ပန်းထိမ်လုပ်ငန်းလုပ်ကိုင်လျက်ရှိသော်လည်း အဂ္ဂိရတ်ပညာဘက်၌လည်း အလွန်ဝါသနာထုံသူဖြစ်သည်။ [illegible]ဂိုရှိုတိုင်း ခေးအန်းမှ ထုတ်ယူ[illegible]သော ပြဒါးကိုခဲစေ၍ ရထားသော ပြဒါးလုံးကို လုပ်ထုံးလုပ်နည်းကျကျ အတိုင်း ဖိုဝင်စားလျက်ရှိလေသည်။ သို့သော် သူ့အနေနှင့် လုပ်ထုံးလုပ်နည်းကျနသည်ထင်သော်လည်း လိုအပ်ချက်ရှိနေသောကြောင့် ဓာတ်လုံးကား တန်ခိုးမပြဘဲ ရှိနေသည်။ ထို့ကြောင့် မိမိတတ်သမျှ မှတ်သမျှပညာဖြင့် ဆိုင်ရာအထက်ဆရာကြီးများအား ကူညီစောင့်ရှောက်ပေးပါရန် ပွဲများပေးပြီး အဓိဋ္ဌာန်ဥပုသ်များဆောက်တည်နေခဲ့သည်မှာ ကိုးပတ် (၆၃ ရက်)မျှပင် ပြည့်ခဲ့ပြီဖြစ်လေသည်။

တစ်ခုသောညချမ်းတွင် ပန်းထိမ်ဆရာကြီး ဦးမောင်ကြီးအိပ်ပျော်နေစဉ် ဝတ်ဖြူစင်ကြယ် ဝတ်ဆင်ထားသော ဝိဇ္ဇာအသွင်ရှိသည့် သူတော်စင်ကြီးတစ်ဦးသည် အိပ်မက်ထဲသို့ရောက်လာပြီး

"ဟဲ့...မောင်ကြီး ဓာတ်ပထမံဆိုတာမျိုးဟာ တရားပဓာမံနဲ့တွဲပြီး အလုပ်လုပ်ပါမှ သိဒ္ဓိပြီးနိုင်တယ်ကွဲ့။ ကိုယ်ကျင့်တရားမရှိဘဲနဲ့ ဘယ်အလုပ်မှ လုပ်လို့မရဘူး။ အခု မင်းလုပ်နေတဲ့ ဓာတ်ပထမံ ထွက်ရပ်ပေါက်မျိုးဆိုတာကလည်း သမထ၊ ဝိပဿနာအလုပ်မရှိဘဲနဲ့ ထွက်ရပ်မပေါက်နိုင်ဘူး။ သရဏဂုဏ်မြဲပြီး သီလသမာဓိအားနဲ့ ထူထောင်ယူရမယ်။ အဲဒါကြောင့် သမာဓိ ဝိပဿနာဖြစ်တဲ့ တရားပထမံကို အတိအကျညွှန်ပြနိုင်တဲ့ ဆရာသမားကောင်းကိုရှာပြီး တရားအားထုတ်ဦးကွယ့်။ အဲသလို ဆရာကောင်းနဲ့တွေ့ပြီး နည်းမှန်လမ်းမှန် တရားအားထုတ်ပြီးပြီဆိုရင်တော့ မင်းလိုချင်တဲ့ ပေါက်ပါလိမ့်မယ်"

ဟု အမိန့်ရှိပြီး ထိုသူတော်စင် ဝိဇ္ဇာကြီးမှာ ကွယ်ပျောက်သွားခဲ့သည်။ ဦးမောင်ကြီးမှာလည်း အိပ်ရာမှနိုးသည်နှင့်တစ်ပြိုင်နက် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ဓာတ်ပထမံပေါက်မြောက်ရေးအတွက် ဆရာအရှာထွက်ရန် အမြန်ဆုံး စီစဉ်လေတော့သည်။

ပန်းထိမ်ဆရာ ဦးမောင်ကြီးသည် ရွှေကြက်ရက်ဘုရား ဈေးတော်ရင်း စံရွှေဆိပ်ကမ်းတွင် ကြီးမားလှသော လွယ်အိတ်ကြီးတစ်လုံးကိုလွယ်ကာ ကမ်းဟိုဖက်မှလာမည့် ကူးတို့လှေကို စောင့်မျှော်နေသည်။ တစ်ဖက်ကမ်းရှိ မင်းဝံတောင်တန်းကြီး၏ အလှအပကို ရှုမျှော်ခံစားရင်း အတွေးနယ်ချဲ့နေသော ဦးမောင်ကြီးသည် မိမိအနီးသို့ရောက်မှ လျှောက်လာသော ရသေ့ကြီးတစ်ပါးကို ပင် သတိမမူမိခဲ့။ ရသေ့ကြီးသည်လည်း သူ့ကိုတစ်ချက်မျှ စောင်းငဲ့ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com

မြစ်ကမ်းများသို့ အရောက်ဆင်းသွားခဲ့သည်။ ဦးရသေ့ ကမ်းနားသို့ရောက်သည်နှင့် တစ်ပြိုင်နက် ရှေ့ကြက်ရက်ကုန်းတစ်ဖက်မှ ကွေ့၍ထွက်လာသော ကူးတို့လှေတစ်စီးသည် ဦးရသေ့ရှေ့သို့ ရောက်လာလေတော့သည်။ ထိုအခါ ဦးမောင်ကြီးသည် ကမ်းနားသို့ အပြေးအလွှားဆင်းသွားကာ ရသေ့ကြီးအား -

"တပည့်တော်လည်း စစ်ကိုင်းဘက်ကိုလိုက်ပါရစေဘုရား"ဟု တောင်းပန်ပြောကြားလိုက်သည်တွင် ရသေ့ကြီးသည် သူ့အားတစ်ချက်မျှ စောင်းငဲ့ကြည့်လိုက်ပြီး "အေး···လိုက်ခဲ့" ဟု ပြောဆိုလိုက်သည်။ ဦးမောင်ကြီး သည် ရသေ့ကြီးနှင့်အတူ ကူးတို့လှေစီး၍ လိုက်သွားရာ ထူးဆန်းစွာ ဓလှသည် အထူးလျင်မြန်ပေါ့ပါး၍ ရေပေါ်တွင် တရိပ်ရိပ်ပြေးနေသဖြင့် ရသေ့ကြီးကို မော်၍ကြည့်မိပြီး စိတ်ထဲမှလည်း "ဤရသေ့ ကြီးကား သာမန်ပုဂ္ဂိုလ်မဖြစ်နိုင်။ သိဒ္ဓိပေါက်ပုဂ္ဂိုလ်ကြီး ဖြစ်လိမ့်မည်ဟု ယူဆပြီး ကြည်ညိုလေးစားမှုပြုခဲ့သည်။ ဤသို့ဖြင့် စစ်ကိုင်းတစ်ဖက်ကမ်းသို့ ရောက်ရှိခဲ့ကြလေသည်။

တစ်ဖက်ကမ်းသို့ ရောက်ခဲ့သော်လည်း တရားပြပေးမည့် အရှာဖွေထွက်လာသော ဦးမောင်ကြီးသည် တည်းခိုစရာနှင့် အသိမိတ်ဆွေမရှိ။ ဘယ်ဆီသို့ သွားရမည်ကိုလည်းမသိ။ ထို့ကြောင့် ရသေ့ကြီးအား နောက်မှအမီလိုက်၍ -

"အရှင်ရသေ့ကြီး ရသေ့ကြီးနေထိုင်သောနေရာတွင် တပည့်တော်အား တစ်ညဉ့်မျှ အိပ်ခွင့်ပြုပါဘုရား"လျှောက်ထားရာ ရသေ့ကြီးက ဦးမောင်ကြီးအား စိုက်ကြည့်နေလိုက်ပြီး အတန်ကြာမှ -

"အေး··လိုက်ခဲ့"ဟူ၍ပင် ခပ်တိုတို အမိန့်ရှိခဲ့ပြန်သည်။ မင်းဝံတောင်တန်း ဥမင်ခြောက်ဆယ် မြောက်ဘက်ရှိ လှိုဏ်မြောင်ကြီးအတွင်း၌ ဖောက်လုပ်ထားသော မြေဂူကြီးတစ်ခုထဲတွင် ရသေ့ကြီးက ဦးမောင်ကြီးအား နေစရာပေးခဲ့သည်။ စကားအထူးမပြောဘဲ ရသေ့ကြီးမှာ ဂူကြီး၏အတွင်းပိုင်းသို့ ဝင်ရောက်သွားခဲ့သည်။ ဦးမောင်ကြီးကလည်း ဆန်းကြယ်လှသောဂူကြီးနှင့် ရသေ့ထူးကြီးကို အကဲခတ်၍ တွေးချင်ရာတွေး။ ထင်ချင်ရာထင်ရင်း မေးခနဲ အိပ်ပျော်သွားခဲ့ရာ အိပ်မက်ထဲတွင် တစ်ခါက တွေ့ကြုံခဲ့ဖူးသော ဝတ်ဖြူစင်ကြယ်ဝတ် သူတော်စင်ကြီးရောက်ရှိလာပြီး -

"ဟဲ့···မောင်ကြီး။ ဆရာအထူးရှာဖို့ စိတ်ကူးမနေနဲ့တော့။ အခုတွေ့နေတဲ့ပုဂ္ဂိုလ်ဟာ မင်းရဲ့ဆရာဖြစ်မယ့်သူပဲ" ဟု ပြောဆိုပြီး ပျောက်ကွယ်သွားခဲ့ပြန်လေသည်။

ဦးမောင်ကြီးသည်လည်း အိပ်ရာမှနိုးသောအခါ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်၍ ဦးရသေ့ကြီးကိုပင် "ငါ့ကို တရားပြနိုင်မယ့် ဆရာပဲ"ဟု တစ်ထစ်ချဆုံးဖြတ်၍ တပည့်ခံယူလိုစိတ်များ ပြင်းပြခဲ့လေသည်။ အရုဏ်ကျင်း၍ အလင်းသို့ရောက်သောအခါ ဦးရသေ့သည် ဦးမောင်ကြီးအားခေါ်၍ -

"ဟဲ့···ဒကာကြီး။ အသင့်ကို တစ်ညအိပ်ရန်သာ ငါခွင့်ပြုခဲ့သည်။ ယခု သင်သွားလိုရာသို့ သွားပေတော့"ဟု အမိန့်ရှိလိုက်လေသည်။

ဦးမောင်ကြီးသည် ရသေ့ကြီးအား ဝတ်ပြုလျက်

"မှန်လှပါဘုရား။ တပည့်တော်သည် ဤမင်းဝံတောင်တန်းကြီးတွင် တရားအားထုတ်လို၍ တရားပြပေးမည့် ဆရာ လာရှာခြင်းဖြစ်ပါသည်။ ယခုအခါ အရှင်ရသေ့ကြီးကိုပင် ဆရာဟူ၍ သက်ဝင်ယုံကြည်မိပါသည်။ တပည့်တော်အား ဤနေ့ ဤအချိန်မှစ၍ တပည့်တစ်ယောက်ဟု အသိအမှတ်ပြုကာ တရားပေးသနားတော်မူပါဘုရား" ဟု လျှောက်ထားလိုက်လေသည်။

ဦးရသေ့လည်း အတန်ငယ်မျှစဉ်းစားပြီးနောက် ဦးမောင်ကြီးအား ခြေဆုံးခေါင်းဆုံး စေ့စေ့စပ်စပ် ကြည့်ရှုပြီး အတန်ကြာမှ -

"အေး··ကောင်းပြီ"ဟု အမိန့်ရှိလေတော့သည်။

ထို့နောက် နေ့စဉ်နေ့တိုင်း တရားပထမံ ပေါက်မြောက်ရေးအတွက် သမထနှင့် ဝိပဿနာတွဲလျက် တရားပေးလေသည်။ ဦးမောင်ကြီးကလည်း တပည့်တစ်ယောက်ပြုရမည်ဖြစ်သော ဝတ်တို့ကို မချို့ယွင်းစေဘဲ တရားကို သဲသဲမဲမဲ အားထုတ်သမှုပြုလေတော့သည်။ ဦးမောင်ကြီးသည် ဆရာဦးရသေ့ပေးသောတရားကို မရွှံ့မပင်ပဒါထား၍ ကြိုးစားလေရာ တစ်နှစ်ခန့်မျှနှင့်ပင် တရား သိဒ္ဓိပေါက်မြောက်ခဲ့လေတော့သည်။ ထိုတရားသိဒ္ဓိအဟုန်ကြောင့်ပင်လျှင် ဓာတ်သိဒ္ဓိဘက်၌လည်း အမြင်တို့ကိုရလျက် ကိစ္စပြီးသလောက် ပြီး သွားခဲ့လေသည်။ ထိုအခါ ဆရာ

www.burmeseclassic.com

ကြီးကလည်း -

"ကဲ…ငါတပည့် တော်လောက်ပြီ။ ပြန်ပေတော့။ အောက်မြို့အောက်ရွာရောက်ရင် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးတွေ တည်ထားခဲ့တဲ့ စေတီတော်တွေဟာ ပင်လယ်ကမ်းစပ် မြို့ရွာတွေမှာရှိတယ်။ တချို့ဆို ပျက်စီးနေပြီ။ အဲဒီဘုရားစေတီတွေကို မင်းက ပြန်ပြီးပြုပြင်ပေးရမယ်၊ ထီးတော်တင်ပေးရမယ်။ သာသနာပြုလုပ်ငန်းတွေလုပ်ပြီးရင် မင်းလည်း ထွက်ရပ်ပေါက်ပါလိမ့်မယ်ကွယ်"ဟု အမိန့်ရှိလိုက်လေသည်။

ဦးမော ကြီးသည် ရန်ကုန်မြို့ကို အခြေချမိသည်နှင့် တစ်မြို့နက် ရန်ကုန်တစ်ဖက်ကမ်းရှိ သန်လျင်မြို့သို့ သွားရန် ကူးတို့သင်္ဘောကို စောင့်မျှော်နေစဉ် အဝတ်အစားခပ်စုတ်စုတ် ဝတ်ဆင်ထားသူ လူငယ်တစ်ယောက်ကို တွေ့သောကြောင့် ထိုလူငယ်အား -

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"ကျွန်တော့်နာမည် မောင်ချို့လို့ ခေါ်ပါတယ်"

"မောင်ချို ငါ ဘုရားစေတီပြုရန် သွားရမယ်။ မင်း ငါနဲ့လိုက်ခဲ့မလား။ မင်းကိုလည်း ချမ်းသာအောင် မပေးမယ်"ဟု ပြောသဖြင့် အလုပ်မရှိ၍ အလုပ်ရှာနေသော မောင်ချိုသည် ရေငတ်တုန်းရေ တွင်းထဲကျသည့်ပမာဖြစ်၍ အားရဝမ်းသာ ပြီး အတူလိုက်ပါမည်ဟု ပြောဆိုလိုက်လေသည်။ ပထမဆရာ ဦးမောင်ကြီးကား သူ၏ အမည်နာမကို မပြောဆိုခြင်းမပြုဘဲ မောင်ချိုအား သန်လျင်ဘက်ကမ်းသို့ ခေါ်ဆောင်သွားပြီး သန်လျင်မှတစ်ဖန် "ဗိုလ်ချုပ်"ဟု ခေါ်ဆိုသောရွာသို့ ရောက်ရှိသွားကြလေသည်။ မောင်ချိုသည် သန်လျင်နှင့် ဗိုလ်ချုပ်ရွာသို့သွားသော လမ်းခရီးကိုသာ မှတ်မိသည်။ ဗိုလ်ချုပ်ရွာမှတစ်ဖန် ပင်လယ်ကမ်းခြေသို့ ခြေလျင်သွားရသော ခရီး လမ်းကိုကား မမှတ်မိတော့ချေ။ ဤသို့ဖြင့် အချိန်အတော်ကြာအောင် နာရီပေါင်းများစွာ လမ်းလျှောက်ခဲ့ကြပြီးနောက် ပင်လယ်ကမ်းစပ်အနီးတွင် ယိုယွင်းပျက်စီးနေသော စေတီတော်တစ်ဆူရှိရာသို့ ရောက်ရှိခဲ့ကြသည်။ ထိုအခါ ပထမဆရာဦးမောင်ကြီးမှ "ငါ့တပည့် ရောက်ပြီကွယ့်။ ဒါ တို့ပြင်ဆင်ရမယ့် စေတီတော်ပဲ"ဟု ဆိုလိုက်လေသည်။

မောင်ချိုသည် ဦးမောင်ကြီးအား အဝတ်နှင့် အနေအထိုင်ကိုကြည့်ပြီး လူသူတော်ကြီးပုံရှိသော အသိအမှတ်ပြုပြီး "ဆရာကြီး"ဟု ခေါ်လေ့ရှိသည်။ ထိုဆရာကြီးသည် ထမင်းစားခြင်း၊ ရေချိုးခြင်း၊ အဝတ်အစားလဲလှယ်ခြင်းတို့ကို တစ်ခါမျှ မတွေ့မမြင်။ သူ့အားလည်း ငှက်ပျောသီးတစ်လုံးမျှသာ ကျွေးထားခဲ့။ ထိုငှက်ပျောသီးတစ်လုံးကို စားပြီးနောက် သူသည် အလွန်ဝေးလံလှသော ခရီးကို မမောမပန်းဘဲ ခြေလျင်လျှောက်၍ လာနိုင်ခဲ့သည်။ ထိုငှက်ပျောသီးကိုစားပြီးသည့်နောက် ထမင်းစားလိုစိတ် တစ်ကြိမ်တစ်ခါမှ မဖြစ်မိခဲ့။ သုံးလတိုင်တိုင်ကြာအောင်ပင် ထိုပင်လယ်ကမ်းစပ်ရှိဘုရားကို ပြုပြင်နေခဲ့ရသည်။

ဘုရားပြင်ရာတွင်လည်း အလွန်ထူးဆန်းသော အဖြစ်အပျက်များကို နေ့စဉ် တွေ့မြင်နေရသည်။ ထူးဆန်းပုံမှာ နံနက်မိုးလင်းသည်နှင့် လှေကြီးတစ်စီးဖြင့် ပန်းရန်သမားများသည် ဘိလပ်မြေ အုတ်၊ သဲ၊ ကျောက်များကို တစ်ပါတည်းယူဆောင်၍ ရောက်ရှိလာကြသည်။ ဆရာကြီးက မောင်ချိုအား ထိုအလုပ်သမားများကို ကြည့်ရှုနိုင်းစေရန် တာဝန်ပေးထားသဖြင့် ကြည့်ရှုနိုင်းစေရသည်။ ညနေစောင်း၍ အလုပ်သိမ်းသောအခါတွင် "ဒီကနေ့ အလုပ်သမားခ ဘယ်လောက်ကျသလဲ။ ပစ္စည်းဖိုး ဘယ်လောက်ကျသလဲ"ဟု မောင်ချိုက မေးပြီး ကျသင့်သော အဖိုးလက်ခကို ဆရာကြီးအား ပြန်လည်ပြောပြရသည်။ ဆရာကြီးကလည်း ကျသင့်သော အဖိုးလက်ခကို မည်သည့်နေရာမှရသည်ဟု မသိရသော ငွေစက္ကူအသစ်စက်စက်များဖြင့် နေ့စဉ်ရှင်းပေးလေသည်။ နေ့စဉ်နေ့တိုင်း ထိုအတိုင်း ဆောင်ရွက်ခဲ့ရာ သုံးလမျှကြာသောအခါ ဘုရားပြင်ဆင်မှု လုပ်ငန်းမှာ ပြီးစီးသွားခဲ့လေသည်။ မောင်ချို၏စိတ်ထဲတွင် သူ မနေ့တစ်နေ့ကမှ ဤဘုရားကို စ၍ပြုပြင်သည်။ အပြီးမြန်လှသည်ဟု မှတ်ထင်နေလေသည်။

"ဟဲ့…မောင်ချို ဒီကနေ့ ဘုရားကို အနေကဇာတင်မယ်ကွယ့်။ ကြားလား အမှိုက်သရိုက်တွေ သစ်ဝါးတွေ အားလုံးရှင်းထား"

ဟု ဆရာကြီးကပြောသဖြင့် ... စောစီးစီးကပင် အမှိုက်သရိုက်များ ... လင်းခဲ့ရာ နေရောင်ခြည်ပွင့်လာ ... သော အခါ ပြီးစီးနေပြီဖြစ်သည်။ ယနေ့ ဘုရား အနေကဇာတင်မည်ဟု ပြောသော်လည်း သံဃာတော်များ ပင့်ဖိတ်ထားသည်လည်းမရှိ၊ မိမိကိုလည်း မပင့်နိုင်။ ပန်းရန်အလုပ်သမားများကိုလည်း ပင့်နိုင်းထားသည်ကို မတွေ့ရ။ မည်ကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com

ဘုရားအနေကဇာတင်မည့်နည်းဟု စိတ်ကူးတွေးတောရင်း ဆရာကြီးထံ သွားမေးကြည့်ဦးမည်ဟု ဘုရားရင်ပြင်ပေါ်မှ ဆင်းလာရာ ဆရာကြီးသည် ထွက်ပြူစဖြစ်သော နေမင်းကြီးဘက်သို့ မျက်နှာမူလျက် မတ်တတ်ရပ်ပြီး လက်နှစ်ဖက်ကိုယှက်၍ နဖူးပေါ်တင်ထားရင်း နှုတ်မှ တတွတ်တွတ်ပြောဆိုနေသည်ကို တွေ့ရသည်။ အသံမှာ ညင်ညင်သာသာနှင့် အလွန်တိုးလှသောကြောင့် ဆရာကြီး ဘာပြောနေသည် သူမသိ။ သူကိုယ်တိုင်လည်း အရှေ့ဘက် မိုးကောင်းကင်ဆီသို့ မျှော်ကြည့်ကာ မတ်တတ်ရပ်နေမိလေသည်။

မကြာမီပင် အရှေ့ဘက်မိုးကောင်းကင်ထက်မှ ကောင်းကင်ခရီးအတိုင်း မြန်းကြွလာသော ရသေ့လေးရာကျော်ကို မြင်လိုက်ရသည်။ ထိုရသေ့များတို့ကို ရှေ့ဆုံးမှ ဆရာရသေ့ကြီးတစ်ဦးက ဦးဆောင်လာပြီး နောက်မှ တစ်ပါးပြီး တစ်ပါး အစဉ်လိုက် မြေပေါ်သို့ သက်ဆင်းလာကြသည်။ ဆရာကြီးသည်လည်း ရှေ့ဆုံးမှ ဆရာရသေ့ကြီးအား ခရီး ဦးကြိုပြု၏။ နှုတ်ဆက်စကားပြောကြားပြီး ရသေ့တို့အား ခရီးဦးကြိုပြုလျက်ရှိသည့် မောင်ချို့သည်လည်း သူ၏ဆရာကြီးဘေးတွင် ကပ်၍ရပ်ပြီး ရသေ့တို့အား အရိုအသေပြုလျက် ရှိလေသည်။ ရသေ့ ၄၀၀ ကျော်တို့သည် စေတီတော်မြတ်အား လက်ျာရစ်သုံးပတ် လှည့်လည်ပူဇော်ပြီးလျှင် အနေကဇာတင်ပေးကြပြီး လာစဉ်ကကဲ့သို့ပင် ကောင်းကင်ခရီးဖြင့် ပြန်လည်ကြွသွားကြလေသည်။

မယုံကြည်နိုင်လောက်အောင် ထူးဆန်းမှုများ မျက်မြင်ကြုံတွေ့နေသဖြင့် ငေးမောကြည့်နေမိသော မောင်ချို့အား ဆရာကြီးက -

"ကဲ…မောင်ချို့ ဆရာ့ကိစ္စတော့ ပြီးပြီ။ တပည့်အတွက်ပဲ လုပ်ပေးဖို့လိုတော့တယ်"ဟု အမိန့်ရှိပြီး "စ-မ" အက္ခရာ အင်းသွားအစီအရင်ကို သင်ကြားပေးပြီး အဟိန်းမန္တာန်ကိုလည်း နှုတ်တိုက်ရအောင် သင်ပေးလိုက်သည်။ နောက်တစ်နေ့တွင် ရှားမီးသွေးကို ရအောင်ရှာစေပြီး မီးအဖိုနိုင်းသဖြင့် မောင်ချို့သည် ရှားမီးသွေး မီးဖို၍နေသည်။ ဆရာကြီးသည် အိုးခြမ်းကွဲတစ်ခုကိုယူ၍ သူ၏ခါး၌ အသင့်ပါလာသော ကြုတ်ထဲမှ ပြဒါးရည်အနည်းငယ်ကို ထည့်၍ မီးဖိုပေါ်သို့ တင်ထားလိုက်သည်။ ထို့နောက် ဆရာကြီးသည် လက်ညှိုးနှင့်မွှေပြီး ပြန်ချလိုက်ရာ ပြဒါးအားလုံးတို့သည် ဖောက်စာလုံးလုံး၍ ရသော ရွှံ့ကဲ့သို့ ဖြစ်သွားသည်။ ဆရာကြီးသည် လက်ဝါးထဲသို့ထည့်၍လုံးပြီး မောင်ချို့အား -

"မောင်ချို့ မင်း ဘာနေသားလဲ" ဟု မေးလိုက်သည်။

"ကျွန်တော် အင်္ဂါသားပါ ဆရာကြီး"ဟု ဖြေလိုက်သဖြင့် စေတီတော်၏ အင်္ဂါထောင့်တွင် ထိုဓာတ်လုံးကို သိဒ္ဓိတင်ပြီး -

"ရော့…မောင်ချို့ ဒီဓာတ်လုံးနဲ့ ဆေးကုစားပေတော့။ စမအင်းကိုလည်း ဥာဏ်ရှိသလို အသုံးပြု ကြားလား"ဟု ပြောပြီး -

"ကျွန်ုပ်၏တပည့် အင်္ဂါသား မောင်ချို့သည် နေ့အခါ နေနတ်သား၊ ညအခါ လနတ်သားကဲ့သို့ ထင်ရှားသောတန်ခိုးရှင် ဖြစ်ပါစေသတည်း"ဟု အမိန့်ပြန်ဆိုလိုက်လေသည်။ ထို့နောက် မောင်ချို့အား ဦးခေါင်းကိုပုတ်၍ -

"ငါ့တပည့် မင်း ၁။ အသက် ၄၀ မပြည့်မချင်း မိန်းမ မယူလေနှင့်။

၂။ ပစ္စည်းမရလေနှင့်။ ငါမှာခဲ့တဲ့ အမိန့်အတိုင်း လိုက်နာလျှင် ငါနှင့်ပြန်တွေ့ရမည်။ မင်း ဒီလမ်းကပြန်ပေတော့" ဟု၍ အပြန်လမ်းကို ညွှန်ပြပြော ဆိုပြီး ဆရာကြီး ပျောက်ကွယ်သွားလေတော့သည်။

မောင်ချို့လည်း ဘုရားကိုဝတ်ပြု၍ ဆရာကြီးညွှန်ပြသည့်လမ်းအတိုင်း လာခဲ့ရာ တစ်ခဏချင်းပင် ဗိုလ်ချုပ်ရွာသို့ ပြန်လည်ရောက်ရှိလေသည်။ ရွာထဲသို့ ဝင်မိလျှင် သခွတ်ပင်အောက်တွင် ခေတ္တနားနေမိသည်။ ထိုအခါ ရွာ ထဲမှ ထွက်လာသော လူတစ်ယောက်သည်လည်း သခွတ်ပင်အောက်သို့ လာရောက်နားနေသဖြင့် စကားလက်ဆုံကျရာမှ သူသည် ဆေးဆရာတစ်ဦးဖြစ်ကြောင်း ပြောကြားလိုက်သည်။ ထိုအခါ ရွာသားက မည်သည့်အစာကိုမျှမစား။ ရေပင်မသောက်နိုင်လောက်အောင် ရောဂါဖြစ်နေသော သေအံ့နီးနီးဖြစ်နေသော သူနှင့် ဆွေမျိုးနီးစပ်တော်သူ သူကြီးသမီး၏ ရောဂါဝေဒနာကို ကုသပေးရန် တောင်းပန်ပြောဆိုလေတော့သည်။ နောက်ဆုံးတွင် သူကြီးကိုယ်တိုင်ရောက်လာပြီး ဆရာမောင်ချို့ကို ပင့်လေသောကြောင့် သူကြီးအိမ်သို့ ရောက်ရှိခဲ့သည်။ လူမမာကို စစ်ဆေးကြည့်ရှုရာ လူမမာမှာ သွားများစေ့၍ အသက်ပင် ငွေ့ငွေ့မျှသာ ကျန်သည်ကို တွေ့ရသည်။

ဆရာမောင်ချို့သည် သူ၏ဆရာ



www.burmeseclassic.com

www.burmeseclassic.com

ကြီးကို အားကိုးသူဖြစ်သည့်အတိုင်း ဆရာကြီးပေးလိုက်သော သိဒ္ဓိတန်ခိုးကြောင့် ကောင်ပျောက်မည်ဟု ယုံကြည်သည့်အတိုင်း ကွမ်းရွက်ကိုတောင်း၍ စမအင်းကို ချလိုက်သည်။ ထိုကွမ်းရွက်ကို ရေနွေးအိုးထဲသို့ထည့်၍ ပြုတ်စေသည့်အခါ မှုလအစိမ်းရောင်အဖြစ်မှ လုံးဝ ညှိုးနွမ်းမသွားဘဲ အစိမ်းရောင်သာဖြစ်နေသည်ကို အားလုံးတွေ့လိုက်ရသဖြင့် ဆရာမောင်ချို၏ ပညာစွမ်းကို အထင်ကြီးမိကြသည်။ ထို့နောက် ထိုကွမ်းရွက်ပြုတ်ရေတွင် ဆရာကြီးပေးထားသော ဓာတ်လုံးကိုစိမ်၍ လူနာဖြစ်သူ၏ ပါးစပ်အတွင်းသို့ ရေစက်ချပေးလိုက်သည်။ လူမမာသည် ပြန်၍ အသက်ဝင်လာသည့်ပမာ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ ရေတိုက်၍ရလာသည်။ နာရီအနည်းငယ်အကြာတွင် ပါးစပ်မှ အသံသဲ့သဲ့ဖြင့် အစာစားချင်ကြောင်းပြော၍ ကြက်စွပ်ပြုတ်ရည် အနည်းငယ်သာ တိုက်ပေးစေသည်။ နောက်သုံးရက်မျှအကြာတွင် လူမမာသည် သိသိသာသာ သက်သာလာသည်ကို တွေ့ရတော့သည်။ သူကြီးနှင့် လူကြီးကတော်တို့သည် ဆရာမောင်ချိုအား ကျေးဇူးတင်လှသဖြင့် ဝတ်စုံတစ်စုံနှင့် ငွေသား ၇၀၀ ကျပ်တို့ကို ဆန်တော့ကြလေသည်။

ဤသို့ဖြင့် ဆရာချို ဆရာချိုဟူ၍ နာမည်ကြီးလာရာ ဆရာချိုသည် ငွေအလေးစုမိလာသဖြင့် အိန္ဒိယနိုင်ငံ ချီးအေသို့ လှည့်လည်ဘုရားဖူးခြင်း ပြီး မြန်မာပြည်အရပ်ရပ်သို့လှည့်၍ ဆေးကုသပေးလေတော့သည်။ မကွေး မြို့ရောက်သောအခါတွင်လည်း မည်သည့် ဆေးဆရာမျှ ကုသ၍မရသော နာတာရှည်ရောဂါသည်များ၊ ပုလိပ်ရောဂါသည်များကို ပျောက်ကင်းအောင် ကုသနိုင်ခဲ့သဖြင့် နာမည်သတင်းကြီးခဲ့သည်။ သတင်းကြီးသလောက် ဝင်ငွေလည်းပြောင့်ခဲ့လေသည်။

နာမည်ကြီး ဝင်ငွေများသော ဆေးဆရာ မောင်ချိုအား အမျိုးသမီးများ ဝိုင်း၍နေလေပြီ။ အသက် ၄၀ ပြည့်ရန် နှစ်နှစ်ခန့်လိုနေသေးသော မောင်ချိုအား အပျိုရော၊ အအိုရော ဝိုင်းဝိုင်းလည်နေခဲ့လေပြီ။ အချို့သော အပေါင်းအသင်း မိတ်ဆွေများကလည်း "ဆရာ့မှာ ပစ္စည်းအား၊ ငွေအား၊ ပညာအားတွေ ပြည့်စုံနေမှတော့ ပြုစုပေးမယ့်သူတော့ ရှိရမှာပေါ့" ဟူ၍ မြှောက်ပေးကြသည်။ ပစ္စည်းဥစ္စာ ရွှေငွေရတနာတို့သည် မာန်မာနကို တက်ကြွစေသည် သာမက မိဘ၊ ဆရာသမားတို့ကိုပင် အာခံ၍ ကာပြန်တတ်သည်။ မောင်ချို၏ဆရာကြီးက ပစ္စည်းမရလေနှင့် အမိန့်ရှိထားသော်လည်း မနာခံဘဲ စုဆောင်းခဲ့သဖြင့် ငွေ လေးငါးသောင်းလောက်ပင် ရှိနေပြီ။ အသက် ၄၀ မပြည့်မီ မိန်းမ မယူပါနဲ့ဟူသော စကားကိုလည်း တော်လှန်၍ မုဆိုးမတစ်ယောက်နှင့် လက်ထပ်ယူလိုက်လေသည်။ ထိုမိန်းမကလည်း အသုံးအဖြုန်းကြီးသည်နှင့် ရှာသလောက်ငွေများမလောက်၍ ဆေးဖိုးများ မတရားတောင်း၍ အသပြာ ဆရာချိုဟူ၍ပင် နာမည်ထွက်ခဲ့ရလေပြီ။

ကတိသစ္စာ တည်သောအခါ နွယ်မြက်သစ်ပင်များ ဆေးဖက်ဝင်ခဲ့သော်လည်း ကတိသစ္စာ ပျက်ခဲ့သော သူအတွက် မိမိ၏ အတတ်ပညာများပင် အစွမ်းမရှိ ပျောက်ကွယ်တတ်ကြလေသည်။ ဆရာကြီးပေးထားသော ဓာတ်လုံးသည် မူလက ဝင်းဝင်းပြောင်ပြောင်ရှိနေရာမှ ယခုအခါ အရောင်မှိန်ခဲ့လေပြီ။ မူလက ညအခါတွင် စာအုပ်ပေါ်တင်၍ စာကြည့်နိုင်အောင် အလင်းရောင်ပေးခဲ့သော ဓာတ်လုံးသည် ယခု လုံးဝ အရောင်မထွက်တော့။ ရွှေနားတောင်းရောင်ကြောင့်ပါးပြောင် ဆိုသကဲ့သို့ ဓာတ်လုံးကြောင့် ဆေးစွမ်းထက်ခဲ့သော ဆရာချိုမှာ ကတိသစ္စာပျက်ပြွင်းမှုကြောင့် ဆေးစွမ်းမထက်နိုင်တော့ပေ။ ဓာတ်လုံးက မစွမ်းတော့သဖြင့် စမအင်းဖြင့် ကုပါသော်လည်း ချောင်းဆိုးရောဂါကိုပင် ပျောက်အောင် မကုနိုင်တော့ပေ။

ရှာထားသမျှပစ္စည်းများ ကုန်သောအခါ ငွေမက်သောမိန်းမသည် ငွေမရှာနိုင်သော ဆရာချိုကို ပစ်၍ထားခဲ့သည်။ ဆရာချိုသည် ထိုအရပ်မှထွက်ခွာ၍ အခြားအရပ်တစ်ခုတွင် ဆင်းရဲချို့တဲ့စွာနေထိုင်ပြီး သူ၏ဘဝကို အဆုံးသတ်ခဲ့ရလေသည်။ ဆရာချိုသည် ဆရာကောင်းနှင့် တွေ့ခဲ့ရသော်လည်း တပည့်မိုက်တစ်ဦးဖြစ်၍ ကတိသစ္စာ ဖောက်ဖျက်မိသဖြင့် သူ၏ဘဝ ဒုက္ခရောက်ခဲ့ရသည်ကို မှတ်တမ်းတစ်ခုအဖြစ် ရေးသားတင်ပြလိုက်ရပေသည်။

လှစံ(ပညာရေး)

မှီငြမ်း။

ပထမံတရားမဂ္ဂဇင်း။

သာသနာပြုဦးလှရှိန်။



www.burmeseclassic.com

www.burmeseclassic.com

# မဟာဂီတ ကျိုက်လတ်ဦးပြုံးချို၏

# တေးဘုမ္မာနှင့် မိတ်ဆွေစစ် မိတ်ဆွေကောင်း

မိုးမြင့်လွင်

မဟာဂီတကျမ်းပြု ဂီတစာဆိုဆရာကြီး ကျိုက်လတ်ဦးပြုံးချိုရေးစပ်သည့် တေးဘုမ္မာသီချင်းခံ့ကြီးနှင့် ပတ်သက်၍ ရေးပြချင်သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ ဘာကြောင့် နှစ်ပေါင်းများစွာ မရေးဖြစ်တာလည်းဟု ဆိုပါလျှင် သီချင်းထဲမှာပါသည့်အတိုင်းပင် ဝန်ခံဖြေပါ့မယ်။

ဆရာကြီး ဦးပြုံးချိုဆိုထားသည်မှာ (ကိုယ့်ကိုယ် သနားပါ များသဏ္ဍါဝါ)၂ လောဘ၊ ဒေါသ၊ မောဟလောင်မီး ကိလေသာ တဟုန်းဟုန်းတောက်လို့သာ တဖြုန်းဖြုန်းမောက်မို့စွာဟု ဆိုသည့်အတိုင်းပင် ကျွန်တော်သည် ပုထုဇဉ်လူသားတစ်ယောက်ဖြစ်လေသည်မို့ တရားသိသော်လည်း ခန္ဓာမှာ တရားမရှာမိလေတော့ ကိုယ့်ကိုယ်ငှလည်း သနားစရာဟု မထင်ခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

တစ်ဖန် သီချင်း၏နိဒါန်းမှာ ဆိုထားသည်မှာ -

*"တေးဘုမ္မာ အနိစ္စာ ဒုက္ခာ အနတ္တာ တရားမရလို့ များလှသံသရာ ကာမောဃော ဘဝေါဃာ ဒိဋ္ဌောဃာ အဝိဇ္ဇောဃာ စိတ်မောဟာမကင်းတာ အရင်းခံသူတဏှာ ဒိဋ္ဌိဉာဏ်ဝင်စား ထင်မှားမြင်ဖြားကြတာ လှုပ် နတ်ပဲ မှတ်စွဲလို့သာ မှားချက်အလွန်နှာ"*

အလွန်မှန်ပါသည်။ ဆရာကြီး၏ တေးဘုမ္မာသီချင်းကို ပါ့စဉ်ကတည်းက အာရုံစိုက်နားထောင်ခဲ့ရပါသည်။ သီချင်းတစ်ပုဒ်ချင်း၏ အဓိပ္ပာယ်သည် ဝိပဿနာကို မြင်အောင်ပြနေသည်ကိုလည်း သဘောပေါက်ပါသည်။

သို့သော် သခ်ါရသဘောကို မမြင်မိသလို ဆင်းရဲကိုလည်းမမြင်၊ မမြဲခြင်းကိုလည်း မြဲသည်ဟုထင်မှတ်။ အရာ ရာ ငါလုပ်တာ ငါ့သဘောပဲရယ်လို့ ထင်မှတ်ကာ တရား ခဲ့တာလည်း အမှန်ပင်ဖြစ်သည်။ တကယ်တော့ ဒီလိုအ များ အမှတ်များ တရားမရခြင်း၏အရင်းခံသည် တစ်နှ ဆိုရသော် တရားခံသည် အရင်းခံသူ တဏှာဆိုသည့်အတို တဏှာပင်ဖြစ်ပါတော့သည်။

သို့ကြောင့်လည်း ဘုရားရှင်သည် သဗ္ဗညုတရွှေဉာ တော်ရပြီးသည်နှင့် တစ်ပြိုင်နက် အနေကဇာတိသံသာ အစရှိသောဂါထာဖြင့် -

ဟယ်···တဏှာယောက်ျား ပဲကွပ်သမား တရာ ကိုငါတွေ့ပြီ။ အခု ငါ နှင့်လက်ကငါလွတ်ပြီ ကျွတ်ပြီ ဉဒါန်းကျူးရင့်တော်မူပါသည်။ သို့ဖြစ်ပါ၍ ကျွန်တော် အားလုံး အများကို အမှန်ထင်နေသမျှတော့ အပါယ်ငရဲ ဖြစ်မည့် အကြောင်းကိုလည်း ဆရာကြီးမှ ဤသို့ ဆိုထ ပါသည်။

*"ငါ့သား ငါ့မယား လင်သားဥစ္စာ ငါ့ကိုယ်ငါဟာ အ မကွာ သက္ကာယကြောင့် မာနတွေထောင်ကြတာ ဝိပ နာဝင်စား ထင်ရှားမြင်ဖြားကြပါ ဘာမျှရှာမရ အသာရက စွာ ဖြစ်ရင်း တည်ရင်း ပျက်ရင်းချုပ်ကာ ရုပ္ပတိသ ဖောက်ပြန်မဆိတ်ပါ အနိစ္စလက္ခဏာ ရုပ်တရား နာမ်တ နှစ်ဖြာ ဒိုးနှသေမည့် အတည်မကျပါ သခ်ါရဟာ ဘင်က မကြာ ငါးဖြာဂတိမှာ လေးဘုံအပါယ်ငရဲစာ ×××"*

ထိုသီချင်းပိုဒ်ကို သေချာစွာဖတ် ကြည့်ဆိုကြည့်လို သောအခါ ကျွန်တော် ဆရာကြီးအား ကြည်ညိုမဆုံးသ အုပ်ချီကန်တော့မိပါသည်။ ဆရာကြီးဦးပြုံးချိုသည် တစ်ထို



www.burmeseclassic.com

www.burmeseclassic.com

ည်းနှင့် တရားမြင်အောင်ပြနိုင်သည့် ကမ္မဋ္ဌာန်းစရိယ ရှုကြီးတစ်ပါးလို တောဘုမ္မာသီချင်းတစ်ပုဒ်ဖြင့် မိမိတို့ အဟုတ်ထင်နေကြသည့် အပုပ်မစင်ခန္ဓာရုပ်ကြီးကို မြင်အောင်ပြသွားပါသည်။

ဤနေရာ၌ ကျွန်တော့်စာ၏ နိဒါန်းတွင် ပြောခဲ့ပါသည်။ တောဘုမ္မာကို ရေးချင်တာ ကြာခဲ့ပါပြီ။ သို့သော် ဘာကြောင့်မရေးဖြစ်သည်မှာလည်း လိုရင်းကိုဆိုရလျှင် အရင်းခံအကြောင်းပင် ဖြစ်သည်။

တစ်ဖန် ကျွန်တော်သည် ပရိယတ်သမားတစ်ယောက် ဖြစ်သည်။ စာတွေရှိသော်လည်း ငါတွေ၊ ခန္ဓာတွေဆိုသည်တား မိမိကိုယ်တိုင် ဝိပဿနာတရားကို အားထုတ်မှသာလျှင် ခန္ဓာမှာ တရားတွေ့နိုင်မည်ဖြစ်လေသည်။ ဝိပဿနာတရားအားထုတ်ဖို့ဆိုသည်မှာလည်း တရားရိပ်သာတွင် တရားအားထုတ်မှသာ ကိုယ်တွေ့ဉာဏ်စဉ်ကို သိမြင်နိုင်မည်ဖြစ်ပါသည်။

မှန်ရာကို ရိုးသားစွာ ဝန်ခံရပါလျှင် ကျွန်တော့်ဘဝ တစ်တမ်းတစ်လျှောက်တွင် ဘယ်ရိပ်သာမှာမှ တရားအား ထုတ်ဖူးခြင်း မရှိခဲ့ပါ။ ရိပ်သာဝင်၍ တရားအားထုတ်ဖို့လည်း စိတ်ကူးတစ်ခါဖူးမှ မရှိခဲ့သည်မှာ အမှန်ဖြစ်သည်။ ပွင့်ပွင့် လင်းလင်းဆိုရလျှင် အညောင်းထိုင်ရမှာကို အကြောက်ဆုံး ဖြစ်သည်။

သို့ပေမယ့် ဒီနှစ် ၂၀၁၅ ခုနှစ်ထဲမှာတော့ ကျွန်တော် တရားရိပ်သာ တစ်ခုသို့ ဝင်ဖြစ်ခဲ့သည်။ ၁၅ ရက်ကြာ တရား အားထုတ်ဖြစ်ခဲ့သည်။ ထိုသို့အားထုတ်ခဲ့သဖြင့် မဟာဂီတစာ ၏ ဆရာကြီး ကျိုက်လတ်ဦးပြုံးချို၏ တောဘုမ္မာသီချင်းခံ့ကို အတွေ့နှင့် လက်တွေ့ ပေါင်းစပ်ကာ ရေးနိုင်ခဲ့ခြင်းဖြစ်သည်။

ဤနေရာမှာလည်း ကျွန်တော် အားထုတ် တရားရိပ် သာဝင်ဖြစ်အောင်၊ ဝင်နိုင်အောင် လမ်းညွှန်လမ်းပြပေးသူ မှာ ဓမ္မမိတ်ဆွေ အမျိုးသမီးတစ်ဦးဖြစ်ပါသည်။ သူမ၏ လမ်း ပြသည့်အတွက်ကြောင့် ယခုလို တရားအားထုတ်ရသည့် အတွက် ကျေးဇူးတင်၍မဆုံးပါ။ သို့ဖြစ်၍လည်း အစမှအဆုံး ထိ တစ်ဆယ့်ငါးရက်ပြည့်သည်အထိ ဝိပဿနာတရားများ နှင့်တကွ ဓမ္မမိတ်ဆွေ၏ ဓမ္မလမ်းပြ ကျေးဇူးမြတ်ကို ပေးဆပ် ခဲ့ပါသည်။

အလျဉ်းသင့်၍ပြောရလျှင် အစပထမ ရိပ်သာဝင်စ တစ်ရက်၊ နှစ်ရက်လောက်တွင် ရိပ်သာဝင်ရန် လမ်းညွှန် သော ထိုဓမ္မမိတ်ဆွေ အမျိုးသမီးကို စိတ်တော်တော်ဆိုးမိ သည်မှာ အမှန်ဖြစ်သည်။ တစ်ခါထိုင်လျှင် တစ်နာရီ မလှုပ် မယှက် တစ်နေ့ကိုးကြိမ်ထိုင်ရသည်။ ခန္ဓာကိုယ်ထဲရှိသမျှ အကြောတွေ၊ အခြင်တွေ ပြတ်ကုန်ပြီလားထင်ရသည်။ တစ် ကိုယ်လုံး ဟိုကနာ၊ ဒီကကိုက်၊ တရားသာထိုင်နေရသည် စိတ်ထဲက တောက်တခေါက်ခေါက်နှင့်ပင်။ ငါ့ကို ဒီလောက်ပင် ပန်းတဲ့ရိပ်သာ ပို့ရကောင်းလားဟု တွေးတွေးပြီး စိတ်ကတိုနေ မိတော့သည်။

သို့သော် နှစ်ရက်လွန်မြောက် သုံးရက်ရောက်လာ သောအခါ ဝင်လေ၊ ထွက်လေ ရှုမှတ်ရင်း ဝေဒနာများသက် သာလာပြီး တရားရှုမှတ်ရသည်မှာ ကောင်းလာတော့သည်။ ထိုအခါမှ ဓမ္မမိတ်ဆွေအမျိုးသမီးအား ကျေးဇူးတင်မဆုံးနိုင် တော့ပေ။ စောစောက မနှောက်ဖြင့် ပြစ်မှားမိသည်များကို လည်း စိတ်ထဲမှလည်းကောင်း၊ ဝစီကံဖြင့်လည်းကောင်း တောင်းပန်ရတော့သည်။ မှတ်မှတ်ရရ ၂၀၁၅၊ ဇူလိုင်လ ၁ ရက်မှသည် ၁၅ ရက်နေ့ထိ အောင်မြင်စွာ တရားအားထုတ် နိုင်ခဲ့သည်။

သို့ကြောင့်လည်း ဆရာကြီးမှ –

"နှစ် လ နေ့ရက် နာရီတွေဟာ အချိန်အလကား မလွန်စေရာ ကာမဂုဏ် ရှုမ်းကိုဆိုကို ဖျက်ချိုးနိုင်မှသာ ဖြစ်ရာ အစ သံသရာ ပညာပါရမီ ကြီးရင့်အောင်ဖို့ပါ"

မှန်ပါသည်။ ကျွန်တော်တို့တစ်တွေ လေးသစ္စာ မမြင် ကန်းခဲ့တာမို့ ပင်ပန်းစွာ ဘဝကို ဖြတ်သန်းခဲ့ရပါပြီ။ ပစ္စည်း ဥစ္စာဓနတွေ ဘယ်လောက်ပင်ချမ်းသာပါစေ ခန္ဓာတွင် ဉာဏ် မမြင်သမျှတော့ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံမှာ သံသရာလည် ပြီး ဒီခန္ဓာပြန်ရ သံသရာလည်ပြီး နေကြရဦးမည်ဖြစ်ပါသည်။ ဒါကိုပင် တောဘုမ္မာဘုံသုံးပါးဟု ဆိုခြင်းဖြစ်ပါသည်။

သို့ဖြစ်၍ ကျွန်တော်သည် တရားအားထုတ်ရင်း ကိုယ့် ကိုယ်ကို ပြန်မေးမိသည်။

ကဲ… မင်းဘဝမှာ မိတ်ဆွေစစ် မိတ်ဆွေမှန်လည်း တွေ့ရပြီ။ ထိုမိတ်ဆွေ၏ လမ်းပြပေးလို့ တရားလမ်းစရှာတွေ့ ခဲ့ပြီ။ ဤဘဒ္ဒကမ္ဘာတွင် လေးဆူဘုရားပွင့်ခဲ့လေပြီ။ ဤသို့ ဘုရားရှင်လေးဆူပွင့်ခဲ့တာ မှန်သော်လည်း ကျွတ်ခွင့်မပါခဲ့၍



www.burmeseclassic.com

www.burmeseclassic.com

ဒီသံသရာမှာ ဒီခန္ဓာနှင့် သံသရာလည်ရပြန်လေပြီ။ စဉ်းစားလေ၊ အပွင့်ရယ်ငံ့ တစ်ငုံတော့ကျန်ပါသေး ဆိုထားသည်မဟုတ်ပါလား။ အရိမေတ္တေယျဘုရားရှင်ပွင့်ဖို့ ကျန်သေးသည်။

ယနေ့လည်း ဘုရားသာသနာ တည်နေဆဲဖြစ်သည်။ ကြိုးစားလျှင် လွတ်မြောက်နိုင်သေးသည်။ မင်းကြိုးစားမှာလား၊ ဆက်မိုက်မှာလား။ လူဆိုသည်က ခက်သည်။ ပါယသို့ရမတိမနော ဆိုသည့်အတိုင်း မကောင်းမှု၌သာ စိတ်ကမွေ့လျော်တတ်ကြသည်။ ဒီတော့ မင်းရှေ့ကိုတိုးလို့ မိုက်ဦးမည်ဆိုလျှင် -

*"အကုသိုလ်ဒုစရိုက်တွေဟာ ပြုလွယ်ဖြစ်လွယ် စိတ်အားထက်သန်စွာ နတ်ရွာနိဗ္ဗာန် လမ်းကိုလှမ်းဖို့ အမှုဟာ ထဲစိတ်မပါ နေရာပဟာင်းကို လွန်အောက်မေ့တာ လေးဘုံပါယ်ရွာ လေးဘုံပါယ်ရွာထဲမှာ နေမြဲသာ များသည်သတ္တဝါ"*

တန်ဖိုးကြီးလှပါသည်။ ကျွန်တော်တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်မို့ ဤသို့သော ဓမ္မတေးများထဲမှ တရားရလည်းတွေ့နိုင်သလို ကိုယ့်ကိုယ်ကိုလည်း အမှားပြင် အမှန်ကိုမြင်အောင် ရှုနိုင်ပါသည်။ တကယ်လည်း ကျွန်တော်အပါအဝင် ပုထုဇဉ်ဟူသမျှ အများစုသည် ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာအမှန် နိဗ္ဗာန်နန်းကိုလှမ်းဖို့ ကြိုးစားအားထုတ်ကြရာမှာ စိတ်ထဲမပါကြသည်မှာလည်း အမှန်ပင်ဖြစ်သည်။ သည်တော့ တစ်နေ့ထွက်၊ တစ်နေ့ဝင်၊ တစ်မိုးချုပ်၊ လောဘ၊ ဒေါသ၊ မာန၊ အတ္တတွေနှင့် နေရာဟောင်းကိုပဲ ပြန်သွားနေကြသည်ကို သတိပြုကြဖို့ လိုပါသည်။ နေရာဟောင်းဆိုသည်ကား အပါယ်လေးဘုံကို ဆိုခြင်းဖြစ်သည်။ တွေးကြည့်လျှင် ဤခရီးနီးပါလျက် ဝေးနေရခြင်းသည် ကောင်းမှုနှင့်မွေ့လျော်ဖို့မှာ စိတ်ထဲမပါ၍ဖြစ်သည်။

သို့ပါသောကြောင့် ကျွန်တော်တို့သည် သံသရာကရွတ်ခွေမှ လွတ်မြောက်ဖို့အတွက် ပတ်ဝန်းကျင်ကောင်း မိတ်ဆွေကောင်းလိုပါသည်။ မိမိကိုယ်တိုင်ကလည်း ကိုယ့်ကိုယ်ကို ပြုပြင်ဖို့လိုပါသည်။

မိတ်ဆွေကောင်းဆိုသည်ကား စောစောက ပြောခဲ့သလိုပင် ဓမ္မ(တရား)ဖြင့် လမ်းပြပေးသော မိတ်ဆွေစစ်မိတ်ဆွေမှန်ဖြစ်ရပါမည်။ ထိုတရားဖြင့် ကျေးဇူးပြုသော မိတ်ဆွေသည် ခင်ပွန်းကြီးဆယ်ပါးတွင် ပါဝင်သည်မို့ စိတ်ဖြင့်ပင် မပြစ်မှားအပ်သော ပုဂ္ဂိုလ်ဆယ်ပါးတွင် တစ်ပါးပါဝင်ပါသည်။

ပတ်ဝန်းကျင်ကောင်းဆိုသည်မှာ မိမိနှင့်ပေါင်းသင်းသော အပေါင်းအသင်းများသည် အမှားကိုထောက်ပြ ကောင်းရာကို လမ်းပြပေးနိုင်သည့် ပတ်ဝန်းကျင် ဖြစ်ရပါသည်။ ကျွန်တော်၏ပတ်ဝန်းကျင်တွင် မိတ်ဆွေပေါင်းစုံ ရှိသည်မှန်သော်လည်း ဘယ်သူသည် လောကီမိတ်ဆွေ၊ ဘယ်သူသည် လောကုတ္တရာမိတ်ဆွေဆိုတာ ခွဲခြားသိဖို့ လိုပါသည်။

ကျွန်တော် နှစ်ရှည်ကြာ အကြိမ်ကြိမ်ရေးသားရန်ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့သည့် ဆရာကြီးကျိုက်လတ်ဦးပြုံးချို၏ ဤမဟာဂီတသီချင်း တေဘုမ္မာကို ရေးဖြစ်ရခြင်းသည် ဓမ္မနှင့်လမ်းပြသော မိတ်ဆွေကောင်းကြောင့်သာ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တေဘုမ္မာသည် သီချင်းဟုဆိုသော်လည်း ကျွန်တော့်အတွက်တော့ တန်ဖိုးမဖြတ်နိုင်သည့် ဓမ္မရတနာထုပ်သာဖြစ်ပါသည်။ သံသရာထွက်ရပ်လမ်းကို ညွှန်ပြသော ဓမ္မတေးဖြစ်သလို ဝိပဿနာတရားအားထုတ်ပါရန် တိုက်တွန်းလမ်းညွှန်ပေးပါသော ဓမ္မမိတ်ဆွေ အမျိုးသမီးမှာလည်း ထမ်းစစ်လမ်းမှန်ကိုပြပေးသည့် မိတ်ဆွေစစ်ဖြစ်ပါသည်။

အမှန်တကယ်တော့ ကျွန်တော်တို့ ပုထုဇဉ်မှန်သမျှသည် မီးသံ့ည် ပူမှန်းသိသော်လည်း ပူမှန်းသိလျက်နှင့်ပင် အပူတောကို ငွတ်တိုးနေကြသည့် ပိုးဖလံများပင်ဖြစ်ကြသည်။ ဒါကြောင့်လည်း ခန္ဓာကိုယ်ကြီးသည် တစ်နေ့အိုရမည်၊ နာရမည်သိသော်လည်း အပုပ်ကောင်ကိုပင် ဟုတ်သယောင်ထင်ကြပြီး ခင်တွယ်နေကြခြင်းသာ ဖြစ်ပါသည်။

သည်တော့ ဆရာကြီး ကျိုက်လတ်ဦးပြုံးချိုမှ -

*"မက်ဖိုလ်ရအောင်ရှာ ဒီဋ္ဌိနဲ့ ဝိစိကိစ္ဆာ သမုစ္ဆေဒပဟာန်ကောနပယ်၍ခွာ အထက်တန်းတက်လှမ်းမကြာ ရုပ်နာမ်ခန္ဓာ နှစ်ဝလုံးဟာ အစထုံးကာ ဘဝဆုံးအမတာ အဲသို့မှသာ ဆောတကာ ရန်တကာကင်းဝေးမှာ အရဟတ္တဖိုလ်ပညာကိုသာ အနုသယကိလေ ထိခြွေပယ်ဖို့ရာ ဝါယမှန် စိတ်သန်ဘာဝ ဝိပဿနာဉာဏ် ရင့်သန်စေဖို့ရာ"*

www.burmeseclassic.com

ဟူ၍ သံသရာဝဋ်ဆင်းရဲဘေးအပေါင်းမှ လွတ်မြောက်ခြင်း အကြောင်း ဤတေဘုမ္မာသီချင်းခံ့ကို ရေးသားခဲ့ခြင်းဖြစ်ပါသည်။

သို့ပါသောကြောင့် ကျွန်တော်တို့သည် စာအုပ်စာပေ ချစ်မိတ်ဆွေဟုဆို သည့်အတိုင်း စာပေပဲဖြစ်ဖြစ်၊ သီချင်းပဲ ဖြစ်ဖြစ် လူပဲဖြစ်ဖြစ် မိမိဘဝကိုလမ်းပြပေးသော မိတ်ဆွေကောင်း လိုအပ်ပါကြောင်းနှင့် ဝိဇ္ဇာအလင်းရ၍ တရားမြင်ဆိုက်ရနိုင်ကြစေရန် များသတ္တဝါတို့အား တရားပြထားသည့် ဆရာကြီး၏ တေဘုမ္မာကိုလည်း အစအဆုံး တင်ပြအပ်ပါသည်။

## မဟာဂီတစာဆိုရှင် ကျိုက်လတ်ဦးပြုံးချို၏ တေဘုမ္မာ

တေဘုမ္မာ အနိစ္စာ ဒုက္ခာ အနတ္တာတရားမရလို့ များသံသရာ ဒိဋ္ဌိဉာဏ်ဝင်စား ထင်ရှားမြင်ဖြားကြတာ လူပါ ထိပဲ မှတ်စွဲလို့သာ မှားချက်အလွန်နှာ xxx ငါ့သား ငါ့မယား ပိုင်သားဥစ္စာ ငါကိုယ်ငါဟာ အစဉ်မကွာ သက္ကာယကြောင့် နေ၍ သေတွေထောင်ကြတာ xxx ဝိပဿနာဝင်စား ထင်ရှားမြင်ဖြားကြပါ ဘာမှုရှာမရ အသာရကမှန်စွာ အနတ္တခန္ဓာ ဖြစ်ရင်း တည်ရင်း ပျက်ရင်းချုပ်ကာ ရုပ္ပတိသညာ ဖောက်ပြန်ပေါ်တတ်ပါ အနိစ္စာလက္ခဏာ ရုပ်တရား နာမ်တရား နှစ်ဖြာမျှသောမည် အတည်မချေပါ xxx သခါရဟာ ဘင်ကာလ ဖြစ်ပျက်ပြာထိမှာ လေးဘုံအပါယ်ငရဲစာ xxx

အဝိဇ္ဇာအကြောင်းကြောင့် သင်္ခါရဝိညာဏ်နာမ်တရား ရုပ်တရားနှစ်ဖြာ xxx ခြောက်ခုအာရုံ ကာမဂုဏ်ဆန္ဒ ပဋိစ္စ သမုပ္ပါဒ် ရုပ်ပြန်အတွင်းပတ်လည် xxx

လင်္ကာထားရေးဖြင့် ရှုကြပါ တေဘုမ္မာ။

ရေမြေလေမီး ဓာတ်ကြီးအစုပါ လွန်တစ်ရာမမြတ်သော အတ္တဘောခန္ဓာ xxx မုန်းဖွယ်မလွတ်ပါ သုံးဆယ့်နှစ်ကောဋ္ဌာ မိုက်မဲအဝိဇ္ဇာ စိတ်တဏှာအနိဋ္ဌာ ကုဋ္ဌာရုံထင်မိမှာ ဘဝအလုပ်ကောင်းဟာ xxx ဟုတ်ယောင်သာ ရုပ်ဆောင်စွာ ဖုံးအုပ်ထားကာ သူလှည့်စား တရားမကွာ မှားရှာများသတ္တဝါ။

ဘဝအနေဟာ ဖြစ်ပျက်သံသရာ မီးဆယ့်တစ်ငြိမ်းရာ ချုပ်ရာ xxx နိဗ္ဗာန်ရောက်နိုင်ရာ မဂ်ဖိုလ်ကြီးစားရအောင် ရှာ xxx ဒိဋ္ဌိဝိစိကိစ္ဆာ သမုစ္ဆေပဟာန် ကေနပယ်၍ခွာ တကယ်တမ်း တက်လှမ်းမကြာ ရုပ်နာမ်ခန္ဓာနှစ်ဝလုံးဟာ အစတုံးကာ ဘဝဆုံးအမတာ အဲသို့မှသာ ဘေးတကာ ရန်တကာ ကင်းဝေးမှာ xxx အရဟတ္တဖိုလ်ပညာဆိုတာ အနုသယကိလေ ထိခြေပယ်ဖို့ရာအမှန် ဝါယမန် စိတ်သန် သီမာဓိ ဝိပဿနာနောက် ရင့်သန်စေဖို့ရာ xxx

ငါးဆူရှင် ပါရမီတော်ရင့်သည် ပွင့်တော်မူရာ ဘဒ္ဒကပ္ပာ xxx ဗုဒ္ဓုပ္ပါဒ်ကြီးမိခင့်လောင်း ကျွတ်ခွင့်မပါ လွဲလျှင်မှန်စွာ ရှည်လျားသုညကမ္ဘာတွေမှာ မွေးသွေးခွာ အပါယေမှာ ပျော်ဖို့ တရားမသိလို့ အမြဲမိစ္ဆာ အများအတိအလွဲစိတ်ႈက ငရဲတိရစ္ဆာ xxx တကယ်ပဲဆိတ်ခွာ အသည်းထိတ်စွာ စည်ပင်ကြတော့မှာ။

(မကောင်းမှု ဒုစရိုက်တွေဟာ နည်းအောင်ကျင့်ပါ)၊

နှစ်လနေ့ရက် နာရီတွေဟာ အချိန်အလကားမကုန်စေရာ ကာမဂုဏ်ရမ္မက်ဆိုး ဖျက်ချိုးနိုင်မှသာ ဖြစ်ရာဘဝ သံသရာ ပညာပါရမီကြီးရင့် အောင်ဖို့ပါ xxx

ကိုယ့်ကိုသာသနားပါ များသတ္တဝါ ကိုယ့်ကိုသာ သနားကြပါ များသတ္တဝါ xxx လောဘဒေါသ မောဟလောင်မီး ကိလေသာ တဟုန်းဟုန်းတောက်လို့သာ တဖြုန်းဖြုန်းမောက်မို့စွာ အကုသိုလ်စရိုက်ဆိုးတွေဟာ ပြုလွယ်ဖြစ်လွယ် xxx စိတ်အားထက်သန်စွာ နတ်ရွာနိဗ္ဗာန်လမ်းသို့အမှုဟာ ထဲစိတ်မပါ နေရာပေါင်းကို လွန်အောက်မေ့တာ xxx လေးငါးပါယ်ရွာ လေးဘုံပါယ်ရွာထဲမှာ နေမြဲသာ များသည်သတ္တဝါ

တေဘုမ္မာဖြင့် ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ကြပါစေ . . .

မေတ္တာဖြင့်

**မိုးမြင့်လွင်**



www.burmeseclassic.com

www.burmeseclassic.com



# သူတော်ကောင်းတစ်ယောက်ဖြစ်ဖို့ရာ ဘာများလိုအပ်နေပါသလဲ

မင်းဖေမြင့်(မုဒုံ)

### ၁။ သဒ္ဓါတရားရှိဖို့ လိုပါတယ်

သဒ္ဓါဟာ ယုံကြည်မှုကို ဆိုပါတယ်။ လောကီရေးရာ အရဆိုရင် ယုံကြည်မှုဟာ အလွန်ပင် အရေးကြီးပြီး အဓိက လည်းကျပါတယ်။ လူ့လောကတွင် စီးပွားရေးလုပ်ကိုင်ကြရာ၌ ပထမဦးဆုံး လိုအပ်ချက်ကတော့ ငွေအရင်းအနှီးပဲ ဖြစ်ပါတယ်။ ငွေအရင်းအနှီးရရှိဖို့ရန်အတွက် ငွေအရင်းအနှီး ထုတ်ပေးသူ၊ မတည်ပေးသူနှင့် ငွေအရင်းအနှီးရရန် တောင်းခံသူနှစ်ဦးတို့မှာ တစ်ဦးပေါ်တစ်ဦး ယုံကြည်စိတ်ချရမှုရှိ လိုပါတယ်။ ယုံကြည်စိတ်ချရမှုမရှိက ငွေအရင်းအနှီးကို ထု ပေးမှာမဟုတ်ကြောင်း သတိပြုစေလိုပါတယ်။

ဒုတိယအချက် အနေနဲ့ကတော့ ထိုငွေအရင်း တွေကို ရရှိပြီးတဲ့နောက်ပိုင်းမှာ မည်သည့်လုပ်ငန်းကို လု မယ်ဆိုတာကို စဉ်းစားရပါတော့မယ်။ လုပ်ငန်းလုပ်ကိုင်ရာ လုပ်ငန်းခွင်တွင် အခဝင်ပြေမှုရှိစေဖို့ ကိုယ့်အတူတကွ လု

www.burmeseclassic.com

www.burmeseclassic.com

ကိုင်သွားရမည့်သူများနဲ့ အဆက်အသွယ်ပြုလုပ်ရမည့်သူများ တို့အကြား လုပ်ငန်းအဆင်ပြေချောမွေ့စေရေးအတွက် အထူး လိုအပ်လှပါတယ်။ လုပ်ငန်းလုပ်ကိုင်ရာတွင်လည်း တစ်ဦး အပေါ်တစ်ဦး ယုံကြည်စိတ်ချရမှုနဲ့ အားကိုးရမှုဆိုတဲ့ သဒ္ဓါ တရား အပြည့်အဝရှိဖို့ရန် အထူးအရေးကြီးလာပြန်ပါတယ်။ ဒါမှသာ လုပ်ငန်းတိုးတက်ကြီးပွားလာနိုင်မှာ ဖြစ်ပါတယ်။ တစ်ဦးအပေါ်တစ်ဦး မတရားသောနည်းလမ်းများဖြင့်သာ ပြု လုပ်နေကြရင်တော့ ယုံကြည်အားကိုးစိတ်ချရမှု ကင်းမဲ့ လာကာ ကြီးပွားတိုးတက်လာနိုင်မှာ မဟုတ်ကြောင်း သတိပြု သွား…ပါမယ်။

ဒုတိယအချက် အနေနဲ့ကတော့ ရရှိလာတဲ့ စီးပွား ချမ်းသာမှု…ဲ မည်သို့မည်ပုံ အသုံးချ အသုံးပြုခံစား စံစား သွားရမည်ကိုလ…ဲ့ သတိပြုမိဖို့ လိုပေသေးသည်။ အသုံးပြု မှု ခံစားမှု တည့်မတ်မှန်ကန်ခြင်း မရှိပါကလည်း အလဟဿ ဖြစ်သွားနိုင်ပါတယ်။ အကျိုးဖြစ်ထွန်းလာခြင်းမရှိဘဲ အပြစ်သာ ဖြစ်သွားနိုင်ပါတယ်။ သဒ္ဓါစိတ် ယုံကြည်မှုစိတ်ဖြင့် ကောင်း မှုကုသိုလ်တွေကို ပြုလုပ်သွားပါက ယခုဘဝတွင်သာမက နောင်သံသရာဘဝများမှာပါ ကောင်းကျိုးချမ်းသာကို ရရှိလာစေ နိုင်ပါတယ်။ လူတို့ရဲ့ဂုဏ်သိက္ခာ အကြည်အညိုလည်း ဖြစ် စေပါတယ်။

စတုတ္ထအချက် အနေအားဖြင့် လူ့လောကတွင် ကတိ သစ္စာဟာ အလွန်ပင်အရေးကြီးလှပါပေတယ်။ ကတိသစ္စာ မရှိပါက အယုံအကြည်လည်း မရှိလာနိုင်ပေ။ အယုံအကြည် မရှိသဖြင့်လည်း ကြီးပွားတိုးတက်လာနိုင်ခြင်း မရှိပေ။

လောကုတ္တရာရေးရာအရ ဆိုပါရင်လည်း သဒ္ဓါတရား ဆိုတဲ့ ယုံကြည်မှုရှိပါက နေ့စဉ်နဲ့အမျှ ဆွမ်းလောင်းပေးလှူ နေခြင်းဟာ ပေးလှူသူတို့လည်း သဒ္ဓါတရားနဲ့ အလှူခံသူ တို့လည်းတို့ရဲ့ သဒ္ဓါတရားများအရ နေ့စဉ်ပေးလှူနေခြင်းဟာ ကောင်းမှုကုသိုလ် အလှူဒါနပင်ဖြစ်တယ်။ မည်သည့် ကောင်းမှု ကုသိုလ်မျိုးကိုမဆို ပြုလုပ်နေတိုင်းဟာ လော ကုတ္တရာအတွက် နောင်သံသရာရဲ့ အရင်းအနှီး အထောက် အပံ့ပင်ဖြစ်ပါတယ်။ ယုံကြည်ချက်သဒ္ဓါတရား အပြည့်အဝ နဲ့ ပြုလုပ်သမျှသော ကောင်းမှုကုသိုလ်များအဖို့ နောင်သံ သရာ၌ ပြည့်ဝသောအကျိုးကို ခံစား စံစားသွားရမှာဖြစ်ပါ တယ်။ ယုံကြည်ချက်အပြည့်အဝမရှိဘဲ အမြင်ကောင်းသက် သက်ဖြင့် ဂုဏ်ပကာသနအနေနဲ့ ပေးလှူလိုက်ခြင်းဟာ အကျိုးဖြစ်ထွန်းမှုမရှိဘဲ အကျိုးမဲ့ရာ ရောက်စေပါတယ်။ ထို့ အတွက် ပေးလှူခြင်းဒါနပြုလုပ်ရာ၌ ရိုရိုသေသေနဲ့ သဒ္ဓါတရား အပြည့်အဝရှိဖို့ လိုအပ်ပါတယ်။

ဘုရားကို ဆည်းကပ်ကိုးကွယ်ခြင်း၊ ဘုရားတော်ကို ကြည်ညို…လေးစားခြင်း၊ သံဃာတော် အရှင်သူမြတ်တို့ကို ရိုသေကြည်ညိုခြင်းပြုလုပ်မှုမှာ ဗုဒ္ဓဘာသာဝင်ပ…ဦး…နေ ဖြင့် ပြုလုပ်သွားရမှာဖြစ်ပါတယ်။ အထက်ပါ ရတနာသုံးပါး တို့ကို ဆည်းကပ်ကိုးကွယ် ပူဇော်ကြည်ညိုသွားနိုင်ခြင်းဟာ သဒ္ဓါတရား အပြည့်အဝရှိနေသူဟု ဆိုနိုင်ပါပေတယ်။ သဒ္ဓါ တရားပြည့်ဝမှသာလျှင် ဘုရားရဲ့သာသနာတော်တွင် တရားဓမ္မ များကို ကြည်ညိုလေးစားလာပြီး မဟုတ်မမှန်တဲ့ အလုပ် အကိုင်အပြုအမူ၊ အပြောအဆိုတွေကို ပြုလုပ်ကြတော့မှာ မဟုတ်ပေ။ ထိုသို့ ကိုယ်ရဲ့ ပြုလုပ်မှု၊ နှုတ်ရဲ့ပြောဆိုမှု၊ စိတ်ရဲ့ ကြံစည်မှုတွေကို မပြုလုပ်လာကြတော့ဘဲ နောင်တမလွန် ဘဝတို့၌လည်းကောင်း ရာသုဂတိသို့ရောက်သွားနိုင်တဲ့ အလားအလာရှိခြင်းကြောင့် သဒ္ဓါတရားရှိသူဟာ သူတော် ကောင်းတစ်ယောက်ရယ်လို့ သတ်မှတ်ရပါတော့တယ်။

## ၂။ တဏှာကင်းစင်နေဖို့ လိုပါတယ်

တဏှာကင်းတဲ့ပုဂ္ဂိုလ်ဟာ ငြိမ်းအေးတယ်လို့ မြတ်စွာ ဘုရားက ဟောကြားထားတော်မူခဲ့ပါတယ်။ တဏှာကင်းစင်ဖို့ ဒီဘဝမှာ တရားတွေကို ကျင့်ကြံအားထုတ်ကာ ဒီဘဝမှာ အကျိုးဖြစ်ထွန်းနိုင်ပြီး ချမ်းသာမှုကို ရရှိလာနိုင်ပါတယ်။ ‌ေ ‌င တမလွန်ဘဝတောင်မှ မကူးတဲ့အကြောင်း မြတ်စွာဘု… က ညွှန်ကြားပြသထားတော်မူခဲ့ပါတယ်။

တဏှာဆိုတာက တပ်မက်ခြင်း၊ စွဲလမ်းခြ… လိုချင် ဆန္ဒတောင့်တမှုရှိခြင်းကို ဆိုပါတယ်။ တဏှာကြောင့် စိတ် ဆင်းရဲဒုက္ခရောက် …နကြရခြင်း၊ ပူလောင်နေကြရခြင်းဖြစ်တယ်။

တဏှာနဲ့ပတ်သက်လို့ တင်ပြရမယ်ဆိုရင် ဂေါတမ မြတ်စွာဘုရား လက်ထက်တော်အခါက ပုဏ္ဏားကြီးတစ် ယောက်ဟာ လယ်လုပ်သူဖြစ်တဲ့အတွက် လယ်မထွန်ခင်မှာ

www.burmeseclassic.com

www.burmeseclassic.com

လယ်မြေအတွင်းက အမှိုက်တွေ၊ ပေါင်းမြက်တွေကို ရှင်းလင်းပြီးနေစဉ်မှာ မြတ်စွာဘုရားက ကြွလာပြီးတော့ ပုဏ္ဏားကြီးအား ဘာတွေလုပ်နေသလဲလို့ မေးပါတယ်။ သူက လယ်ထွန်ဖို့ လယ်မြေကို ရှင်းနေပါတယ်လို့ လျှောက်ထားပါတယ်။ မြတ်စွာဘုရားက ဘာမျှမိန့်ကြားခြင်းမရှိဘဲ ရှေ့ညို့သာ ဆက်လက်ပြီး ကြွသွားတော်မူခဲ့ပါတယ်။

တစ်ဖန် စပါးကြဲပက်ပြီးနောက် စပါးပင်တွေ ပေါက်လာကာ တဖြည်းဖြည်းနဲ့ စပါးနှံတွေ ရင့်မှည့်လာတဲ့အခါမှာ စပါးတွေကို ရိတ်သိမ်းလာရပါတော့တယ်။ စပါးမရိတ်သိမ်းခင်ညတွင် အခါမဲ့မိုးရွာသွန်းလိုက်တဲ့အတွက် စပါးပင်တွေ ရေနစ်မြုပ်ပြီးတော့ ပျက်စီးခြင်းအဖြစ်သို့ ရောက်ရှိသွားရပါတယ်။ ပုဏ္ဏားကြီးက စပါးရိတ်သိမ်းဖို့အတွက် လယ်ကွင်းသို့ရောက်ရော ပျက်စီးနေတဲ့ စပါးတွေကို တွေ့မြင်လိုက်တာနဲ့ စိတ်ဆင်းရဲခြင်းဖြစ်သွားပြီး အကြီးအကျယ် ပူပန်သောကဖြစ်သွားရပါတယ်။

ပုဏ္ဏားကြီးက နေအိမ်သို့ ချက်ချင်းပြန်ပြီး ထမင်းမစားနိုင်ဖြစ်ကာ အိမ်အခန်းတံခါးကိုပိတ်ပြီးတော့ ငိုကြွေးကာနေပါတော့တယ်။ အဲဒီအချိန်မှာ မြတ်စွာဘုရားက ပုဏ္ဏားကြီးဆီကြွသွားပြီး ပုဏ္ဏားကြီးအား အခန်းထဲမှ အခေါ်ခိုင်းလိုက်တယ်။ ပြီးနောက် မြတ်စွာဘုရားက ဖြစ်ပျက်မှုကို မေးရာတွင် ဖြစ်ပျက်ကုန်စင်ကို ပုဏ္ဏားကြီးက ပြောပြလျှောက်ထားပါတယ်။ မြတ်စွာဘုရားက အသင်ပုဏ္ဏားကြီး ယခုအသင် ဆင်းရဲခြင်းဖြစ်နေခြင်းဒုက္ခ၊ ပူပန်သောကတွေ ဖြစ်နေရခြင်းဟာ တဏှာကြောင့်ဖြစ်ပါတယ်။ အသင့်ရဲ့စပါးတွေကို ရောင်းချခြင်းဖြင့် ရရှိလာတဲ့ ရွှေ၊ ငွေ၊ ရတနာတွေအပေါ်မှာ စွဲလမ်းတပ်မက်မှု ဘဏှာကြောင့် ယခုလို ဆင်းရဲဒုက္ခဖြစ်နေရခြင်း ပူပန်သောကဖြစ်နေရခြင်းဖြစ်ကြောင်း မြတ်စွာဘုရားက ပုဏ္ဏားကြီးအား မိန့်ကြားတော်မူခဲ့ပါတယ်။

အဲဒီတဏှာတွေ ကင်းစင်အောင် အကျင့်သုံးမျိုးကို ပြုကျင့်ပါလော့ဟု မြတ်စွာဘုရားက မိန့်ကြားသွားပါတယ်။ အဲဒါတွေကတော့ သီလအကျင့်၊ သမာဓိအကျင့်၊ ပညာအကျင့်တွေပဲ ဖြစ်တယ်။ တဏှာကင်းစင်ပြီဆိုရင် ကျန်ရှိတဲ့ ဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆရိယစတဲ့ ကိလေသာတွေအားလုံး ကင်းပြီးသားဖြစ်တယ်။ ဒါကြောင့် တဏှာကင်းစင်ရင် ကိလေသာအားလုံး ကင်းပြီးသားဖြစ်တယ်။ ဒါကြောင့် တဏှာကင်းစင်ဖို့ ကောင်းမြတ်တဲ့အကျင့်များကို ကျင့်ကြံပါမှ သူတော်ကောင်းတစ်ယောက် ဖြစ်လာနိုင်ပါတယ်။

## ၃။ သတိနဲ့ဝီရိယ ကြိုးစားအားထုတ်မှုရှိနေဖို့ လိုပါတယ်

လူဆိုတာ မျှော်လင့်တောင့်တမှုနဲ့ ဘဝကို ရပ်တည်နေကြရတာပါ။ အဲဒီမျှော်လင့်တောင့်တမှုက မဖြစ်လာဘူးဆိုရင် စိတ်ရဲ့ဆင်းရဲခြင်းအဖြစ်သို့ ရောက်ရှိလာရပါတယ်။ ဖြစ်ချင်ရာဖြစ်စေတော့ မျှော်မှန်းချက်ကြီးကိုတော့ မထားတာကောင်းပါတယ်။ သို့သော် ဘဝမှာ စားဝတ်နေရေးအဘွက် အဆင်ပြေစေဖို့ ရုန်းကန်လှုပ်ရှားသွားလာနေရလို့ သတိနဲ့ဝီရိယဆိုတဲ့ အားထုတ်မှုတွေ အမြဲထားရှိသွားရမှာ ဖြစ်တယ်။ ဒါမှလည်း ကိုယ်ရဲ့ကိုယ်ကို ဖြည့်ဆည်းပေးလာစေနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်တတ်တဲ့သူဟာ သူတော်ကောင်းပီသသူတစ်ယောက်ရယ်လို့ ဆိုရမှာဖြစ်ပါတယ်။

တရားအားထုတ်တဲ့ နေရာမှာလည်း ရှေ့ကို ငါဘာများ ဖြစ်လာလေမလဲဆိုတာ မတွေးတောသင့်ပါ။ သတိတရားနဲ့ အားထုတ်မှုမရှိဘဲ တရားမတက်လာနိုင်ပါဘူး။ ဘယ်တော့မှ တရားရဲ့ ငြိမ်းအေးမှုကိုလည်း ခံစားရမှာမဟုတ်ဘူး။ ဒါကြောင့် သူတော်ကောင်းတစ်ယောက်ဟာ ထားသင့်တဲ့ သတိနဲ့ ဝီရိယရှိရပါ့မယ်။

## ၄။ အကြားအမြင် ဗဟုသုတကြွယ်ဝနေစေဖို့ လိုပါတယ်

လူ့လောကကြီးမှာ လူဖြစ်လာရင် ပညာလည်းတတ်ရမယ်၊ တတ်လာတဲ့ ပညာတွေအပေါ်မှာ စာတွေ့၊ လက်တွေ့ အသုံးချမှုပြုလုပ်မှသာ ကျွမ်းကျွမ်းကျင်ကျင် ဖြစ်မြောက်လာပြီး အတွေ့အကြုံတွေလည်း များစွာရရှိလာမှသာ လုပ်ငန်းအတွေ့အကြုံ၊ ဗဟုသုတကြွယ်ဝရရှိလာနိုင်ပါတယ်။

ကျွန်ုပ်တို့ဟာ မိမိရဲ့လုပ်ငန်းခွင်အတွင်းမှာသာ ဗဟုသုတဖြစ်နေစေဖို့ မဟုတ်ဘဲ ပြင်ပအကြားအမြင် ဗဟုသုတတွေကိုလည်း လေ့လာဆည်းပူး သိရှိထားရမှာဖြစ်ပါတယ်။ ဒါတွေဖြစ်ဖို့ရာမှာ စာပေလောကနယ်ပယ်တွင် စာပေတွေကိုလေ့လာ၊ ဖတ်ရှုနေဖို့ လိုအပ်ပါတယ်။ သို့မဟုတ်ပါက



www.burmeseclassic.com

www.burmeseclassic.com

လူရာဝင်မဆံ့ဘဲ ဖြစ်နေပေဦးမယ်။ သူတစ်ပါးက ဘာကိုပဲ ပြောဆိုဆွေးနွေးနေစေကာမူ ကိုယ်က မသိရှိခဲ့ဖြစ်နေပြီး သူကြားလူကြားထဲမှာ ဘာကိုမျှ ပါဝင်ဆွေးနွေးနိုင်ခြင်းမရှိက လူဖြစ်ရကျိုးမနပ်ဘဲ လူညံ့လူအ ဖြစ်ချေမည် သို့အတွက် လူဖြစ်လာရင် ထိုက်တန်တဲ့ "သုတ" ဟုခိုအပ်သော အကြား အမြင်ဗဟုသုတတွေကိုတော့ ကြွယ်ဝနေဖို့ လိုအပ်ပါတယ်။ သို့မှသာ လူတော်လူကောင်းစာရင်းတွင် စာရင်းဝင်အဖြစ်ဖြင့် သွတ်သွင်းသတ်မှတ်ခံရမှာ ဖြစ်ပါတယ်။

**စိတ်ထားတည်ငြိမ်မှုရှိပြီး တရားအသိအမှတ်ပြုနေဖို့ လိုပါတယ်**

စိတ်ကို အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ထားတတ်ရမယ်။ စိုးရိမ်စိတ်၊ ပူပန်သောကစိတ် ရှိနေမယ်ဆိုရင် စိတ်အေးချမ်းမှုကို မရရှိနိုင်ပါ။ အဲဒီလို စိတ်အေးချမ်းသာခြင်း မရှိက အရာရာမှာ ပူလောင်သောစိတ်ကို ဖြစ်စေတတ်သော သူမှာ သူတော်ကောင်းတစ်ယောက်ဖြစ်ဖို့ရာ အဆင့်သို့ မရောက်ရှိသွားတာ ဖြစ်တဲ့အတွက် ရောက်ရှိသွားဖို့ ဝိပဿနာ တရားကို အားသွန်ခွန်စိုက် ကြိုးစားပွားများအားထုတ်သွားပါမှ အသိပညာဖြစ်တဲ့ ရုပ်တရား၊ နာမ်တရားတွေကို သိလာခြင်း ဖြင့် ပညာရှိသူတော်ကောင်းတစ်ယောက် ဖြစ်လာစေပါတယ်။

**၆။ ရှက်မုန်းတရားနဲ့ အကြောက်တရားရှိဖို့ လိုပါတယ်**

**(က) ဒေါသတရားကို ချုပ်တည်းနိုင်ဖို့**

ဒေါသဟာ လူတွေရဲ့စိတ်ဓာတ်ကို ပျက်စီးစေတတ်ပါ တယ်။ စိတ်သဘောထားက ဘယ်လောက်ပင် ကောင်းနေစေကာမူ ဒေါသဖြစ်လာရင် စိတ်နှုန်းညံ့သိမ်မွေ့ ဖြစ်နေတဲ့သူက စိတ်တွေကြမ်းတမ်းလာတတ်ပါတယ်။ ဒေါသကြောင့် အပြောအဆို မှားယွင်းလာတတ်ပြီး ပေါင်းသင်းဆက်ဆံမှုလည်း ပျက်ပြွတ်လာကာ အကျိုးစီးပွားတွေလည်း ဆုတ်ယုတ်လာတတ်ပါတယ်။ သေလွန်ပြီးသွားသော အခါမှာလည်း အပါယ်လေးဘုံသို့ လားရောက်ရတတ်တယ်။ ဒေါသဖြစ်တဲ့သူဟာ ရုပ်ဆိုးသွားတယ်။ စိတ်ပင်ပန်းဖြစ်လာရပြီး စိတ်ဆင်းရဲခြင်းလည်း ဖြစ်လာရတယ်။ ကိုယ်အမှုအရာ နှုတ်အနှု အရာတွေမှာလည်း ဆော်ရာကို ဖြစ်လာစေတတ်ပါတယ်။

ဒေါသဆိုတာ ဘယ်တော့မှ ကောင်းကျိုးချမ်းသာကို ပေးလာတာမရှိဘဲ ဆိုးကျိုးကိုသာ ပေးတတ်ပါတယ်။ ဒေါသရဲ့ အပြစ်ကို ဆင်ခြင်ပြီးတော့ သတိပဋ္ဌာန်နည်းနဲ့ ရှုမှတ်ကာ ဒေါသကို ချုပ်တည်း ပယ်သတ်သွားရမှာ ဖြစ်ပါတယ်။ ဒေါသ ကင်းငြိမ်းသွားတဲ့သူဟာ သူတော်ကောင်းတစ်ယောက် ဖြစ်တယ်လို့ သတ်မှတ်ရပါတယ်။

**(ခ) မရှိတာကို အရှိလုပ်ပြီး မပြုလုပ်ဖို့**

ကြွားဝါတတ်သောသူဟာ စိတ်ရဲ့ ငြိမ်းအေးမှုကို မရရှိနိုင်ပါ။ အလှူတစ်ခုပြုလုပ်တဲ့နေရာမှာ ကြွားတတ်သူများဟာ အဝတ်ပစ္စည်းရတနာတို့ဖြင့် တန်ဆာဆင်မြန်းလာလေ့ ရှိတတ်ကြပါတယ်။ ယင်းအဝတ်ပစ္စည်းများက ပျောက်သွားမှာ စိုးပြီး စိတ်ပူနေရတာ ဖြစ်ပါတယ်။ အဝတ်ပစ္စည်းနဲ့ ကြွားရတာက အရသာမရှိဘူး။ စိတ်ပူလောင်နေရပါတယ်။ ကြွားဝါ တယ်ဆိုတာက ကိုယ့်ရဲ့ ရှိရင်းစွဲ မူလထက် ကိုယ့်ပစ္စည်းဥစ္စာ၊ ကိုယ့်ရာထူးဂုဏ်တွေကို ပိုမိုပြီး သူတစ်ပါးအား ပိုပြောဆိုခြင်း ဖြစ်ပြီး အဲဒီကနေ နောက်တစ်နေ့ကျရင် လိမ်ညာပြောဆို ထားမှုအပေါ်တွင် ပေါ်သွားမှာ စိုးရိမ်နေရတာက တစ်ကြောင်း၊ မတော်သူများကတစ်ဆင့် ချေးငှားရန်အတွက် အကူအညီ တောင်းခံလာနိုင်ခြင်းက တစ်ကြောင်းကြောင့် ပိုမိုစိုးရိမ်နေရခြင်း၊ ပူပန်နေရခြင်းအဖြစ်သို့ စိတ်ထဲ၌ အမြဲတမ်း ကိန်းအောင်းနေခြင်းဖြင့် စိတ်မအေးရပါ။ ဒါကြောင့် မရှိတာကို အရှိလုပ်နေခြင်းဟာ ရှက်မုန်းစရာ၊ ကြောက်လန့်စရာကောင်းတဲ့အတွက် လူရဲ့ဂုဏ်သိက္ခာလည်းကျဆင်းစေသဖြင့် သူတော်ကောင်းတစ်ယောက်အဖြစ်ဖြင့် သတ်မှတ်ဖို့မသင့်တော်ပါ။

**(ဂ) စကားအပြောအဆို ဆင်ခြင်မှုရှိဖို့**

လူဆိုတာ မွေးလာကတည်းက အပြစ်လုံးဝ ကင်းစင်လာတဲ့သူဆိုတာ မည်သူမှ မရှိပါဘူး။ အပြစ်အနည်းနဲ့အများ ဆိုသလို ရှိလာကြတာချည်းသာ ဖြစ်တယ်။ စကားပြောဆိုရာမှာ ပြောသင့်၊ မပြောသင့်ကို စကားမပြောဆိုခင်ကပင် ဉာဏ်နဲ့ အရင်ဆုံး ဆင်ခြင်သုံးသပ်ပြီးမှ ပြောဆိုရမယ်။ အချိန်အခါ နေရာကိုလည်း ကြည့်ပြီး ပြောဆိုရမှာဖြစ်တယ်။ မပြောသင့်ဘဲ ပြောဆိုမိရင် မုန်းစရာ၊ ကြောက်လန့်စရာ ဖြစ်လာနိုင်



www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။ စိတ်လည်း ပျက်တတ်ပါတယ်။ အရေးကြီးတာက တော့ နေရာတကာမှာ နှုတ်စောင့်စည်းဖို့ လိုအပ်ပါတယ်။ အဆင်အခြင်မဲ့ ပြောဆိုလိုက်တဲ့စကားကြောင့် နောက်ကွယ်မှာ စိတ်ဆင်းရဲစရာ ပြဿနာတွေ ရှုပ်ထွေးပေါ်ပေါက်လာတတ်ပါတယ်။ ပြောချင်ရာပြော စိတ်ထိန်းချုပ်မှု မရှိဘူးဆိုရင် ကိုယ့်မှာ ဂုဏ်သိက္ခာကျဆင်းထိလိုက်လာစရာအကြောင်း ရှိစေပါတယ်။ မည်သူကမှ ကိုယ့်ကို ဂရုမစိုက်၊ မလေးစားကြတော့ဘဲ ဖြစ်လာတတ်ပါတယ်။ နှုတ်ကိုစောင့်ထိန်းတဲ့သူဟာ နေရာတကာတွင် စကားပြောဆိုရာမှာ ဆင်ခြင်တတ်သူ ဖြစ်ပါတယ်။ ဒီလိုလူမျိုးဟာ သူတော်ကောင်းတရားနဲ့ ပြည့်ဝသူသာဖြစ်ပါတယ်။ စကားပြောဆိုရာမှာ အကျိုးရှိတဲ့ စကားများကိုသာ ပြောဆိုရမယ်လို့ မြတ်စွာဘုရားသခင်က ဆိုဆုံးမထားပါတယ်။

## (ဃ) ကိုယ်၊ နှုတ်၊ စိတ် ကြမ်းတမ်းမှုမရှိဖို့

ကိုယ်၊ နှုတ်၊ စိတ် ကြမ်းတမ်းမှုမရှိခြင်း။ ကိုယ်၊ နှုတ်၊ စိတ် နူးညံ့သိမ်မွေ့ခြင်းရှိသောသူဟာ သူတော်ကောင်းတစ်ယောက်အဖြစ် သတ်မှတ်ရမှာဖြစ်ပါတယ်။ လူဟာ စိတ်ရင်းမည်မျှပင် ကောင်းနေစေကာမူ၊ သူများကို ဘယ်လောက်ပဲ ကူညီထားပါစေ ကိုယ်နှုတ်စိတ် ကြမ်းတမ်းဖြစ်နေမယ်ဆိုရင် ကိုယ်နဲ့ဆက်ဆံလာတဲ့သူမှန်သမျှဟာ စိတ်ချမ်းသာမှုကို ဖြစ်ပေါ်စေနိုင်မှာ မဟုတ်ဘူး။ စိတ်ကို သိမ်မွေ့စေတဲ့ တရားတွေထဲမှာ သတိပဋ္ဌာန်တရားဟာ အစွမ်းအထက်မြက်ဆုံး၊ အကောင်းဆုံးဖြစ်ပါတယ်။ သတိပဋ္ဌာန်ပွားများတဲ့သူရဲ့စိတ်မှာ ကိလေသာ အကြမ်းအတမ်းတွေက ကင်းရှင်းနေတဲ့အတွက် စိတ်က သိမ်မွေ့နေပါတယ်။ ပြောသင့်၊ မပြောသင့်တဲ့ စကားတွေ၊ လုပ်သင့်မလုပ်သင့်တဲ့ အလုပ်တွေကို အမှတ်သတိနဲ့ လုပ်လာတတ်ပါတယ်။ ဒါကြောင့် ကိုယ်၊ နှုတ်၊ စိတ် ကြမ်းတမ်းမှုမရှိသူတွေ ကိုယ်၊ နှုတ်၊ စိတ် နူးညံ့သိမ်မွေ့သူတွေဟာ သူတော်ကောင်းတစ်ယောက်ရယ်လို့ သတ်မှတ်ရမှာဖြစ်ပါတယ်။

## ၇။ အတ္တနဲ့ပရ မျှတစွာရှိနေဖို့

“အတ္တ”ဆိုတာက တစ်ဦးတစ်ယောက်ရဲ့ အကျိုးစီးပွားကို လိုလားခြင်းဖြစ်တယ်။ “ပရ”ဆိုတာက အများရဲ့အကျိုး လိုလားပါတယ်။ အတ္တရဲ့သဘောဟာ မနာလိုဝန်တိုခြင်းရှိတဲ့သူဖြစ်ပါတယ်။ အရာရာမှာ ကိုယ့်ထက်သာတာကို မလိုလားဘူး။ ကိုယ့်မှာရှိတာမျိုး သူများမှာ မရှိစေချင်ဘူး။ ကိုယ်ရထားတဲ့ အခွင့်အရေးမျိုး သူများရရှိသွားမှာစိုးတယ်။ ကိုယ်နဲ့ ချစ်ခင်ရင်းနှီးတဲ့သူများနဲ့ ရင်းနှီးသိကျွမ်းသွားမှာစိုးလို့တောင် မလိုလားဘူး။ ဒီလိုဝန်တိုတဲ့သူဟာ သူတော်ကောင်းတရားနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်မဟုတ်ပါဘူး။

“ပရ”ဆိုတဲ့ သဘောဟာ အများအကျိုးအတွက်သာ ကူညီမှုဖြစ်စေလိုတဲ့ ဆန္ဒသဘောသဘာဝရှိပါတယ်။ ကိုယ့်ရဲ့အကျိုးဖြစ်နေသကဲ့သို့ သူများတွေမှာလည်း တန်းတူအခွင့်အရေးမျိုး ရရှိစေချင်ပါတယ်။ ဒီလိုစိတ်ထားရှိတဲ့လူဟာ သူတော်ကောင်းတစ်ယောက်ဖြစ်တယ်လို့ သတ်မှတ်၍ရပါတယ်။

## ၈။ ကိုယ်ကျင့်တရားကောင်းမွန်ဖို့

လူ့လောကမှာ ကိုယ်ကျင့်တရားကောင်းမွန်ဖို့ လိုအပ်ပါတယ်။ ကိုယ်ကျင့်တရား မကောင်းတဲ့သူဟာသူများ ရွံကြောက်ကြတယ်။ မုန်းကြတယ်။ ပညာရှိသူတွေက မပေါင်းဖက်ကြဘူး။ အဖက်မလုပ်ကြဘူး။ သီလဆိုတာ ကိုယ်၊ နှုတ်၊ စိတ်တွေကို စောင့်ထိန်းတာပါ။ မကောင်းတာတွေကိုပြောပြီး မကောင်းတဲ့ဟာတွေကို လုပ်နေတဲ့သူရဲ့စိတ်ဟာ ဘယ်တော့မှ အေးချမ်းမှုကို မရရှိစေနိုင်ပါ။ သူ့ရဲ့ဘဝက အမြဲတမ်းလိုလို ပူလောင်နေရပါတယ်။

ဒါကြောင့် ကိုယ်ကျင့်တရားဆိုတဲ့ သီလဟာ အမြဲတမ်း စိတ်ကိုဖြူစင်သန့်ရှင်းစင်ကြယ်နေတဲ့သူ၊ ပုဂ္ဂိုလ်တွေမှာ ကိန်းအောင်းနေတတ်ပါတယ်။ ဒီလိုပုဂ္ဂိုလ်မျိုးတွေဟာ တရားနဲ့ပြည့်ဝနေတဲ့ ပုဂ္ဂိုလ်တွေဖြစ်လို့ သူတော်ကောင်းပုဂ္ဂိုလ်ရယ်လို့ သတ်မှတ်ရပါကြောင်း တင်ပြလိုက်ရပါတယ်။


**မင်းဇေမြင့်(မုန်)**

ကျမ်းကိုး ။ ။ လောကနီတိကျမ်း



www.burmeseclassic.com

www.burmeseclassic.com



# အဃပုတော်မင်္ဂလာ နှင့် ကြက်နိမိတ်

ဂမ္ဘီရဆရာပွင့်

ငယ်စဉ်အခါက ကျွန်ုပ်သည် အသက် ၈၀ ခန့်ရှိပြီဖြစ်သော လောပညာရှင် အဘိုးအိုတစ်ဦးနှင့် ဆုံဆည်းခဲ့ဖူး၏။ အသက်ကြီးပြီဖြစ်သော်လည်း ကျန်းမာသန်စွမ်း၍ ဖျတ်ဖျတ်လတ်လတ်ရှိလေရကား ထိုအဘိုးအိုသည် ၎င်းနေထိုင်သော မနေဖြူတစ်ဖက်ကမ်းရှိ ရွာကလေးမှ သောက်တူ လှေကလေးတစ်စင်းဖြင့် ရေမြစ်ရေပြင်ကိုဖြတ်ကာ မနေဖြူရှိဈေးသို့ ဈေးလာဝယ်လေ့ရှိ၏။ ဝယ်ယူသောပစ္စည်းများကား ပရခေါ်းပစ္စည်းများသာ အများဆုံးဖြစ်တတ်လေသည်။

ထိုအဘိုးအို၏ အမည်ကား "နိမိတ်ဖတ်ဆရာထွန်း" ဖြစ်လေ၏။ ၎င်းနှင့် ပက်ပင်းဆုံတွေ့ကြသူတိုင်းသည် ၎င်းအား ရိုရိုသေသေပင် ဂါရဝထားကာ ယို့ယို့ကျိုးကျိုး ဆက်ဆံကြလေသည်။ နိမိတ်ဖတ်ဆရာထွန်းသည် မနေဖြူရောက်လျှင် မင်းပိုင်းရပ်ရှိ ရေနံချေးဝလျက်ရှိသော ကျွန်ုပ်တို့၏ နှစ်ထပ်အိမ်ကြီးသို့ဝင်ကာ ကွမ်းစားဆေးသောက် ပြုလေ့ရှိလေသည်။ ကျွန်ုပ်၏ မိဘများ ဘိုးဘွားများမှာ နိမိတ်ဖတ်ဆရာထွန်း ရောက်လာလျှင် ဝမ်းသာအယ်လဲဖြစ်ကြ၏။ ပျူပျူငှာငှာရှိကြ၏။ ပျာပျာသလဲပင် အိမ်ဦးခန်း၌ သင်းဖြူ



www.burmeseclassic.com

www.burmeseclassic.com

ချောကိုခင်းလျက် နေရာပေး၏။ စားကောင်းသောက်ဖွယ်ရာတို့နှင့် ညှော်ခံ၏။ အသားအရေက ခပ်ညိုညို၊ အရပ်က ထောင်ထောင်မောင်းမောင်း။ ပြီးတော့ ချောချင်ထုံးနဲ့၊ ဥပဓိရုပ်က တည်ကြည်နိုင်ခဲ့သည်မို့-ကျွန်ုပ်လည်း ကလေးသူငယ်အရွယ်ဖြစ်လင့်ကစား နိမိတ်ဖတ်ဆရာထွန်းအား လေးစားခန့်ညားစိတ် ဖြစ်ပေါ်ခဲ့တော့၏။ လူကြီးသူမများနှင့် စကားလက်ဆုံကျပြီဆိုလျှင် နိမိတ်ဖတ်ဆရာထွန်း ပြောဆိုသော စကားများမှာ လေးနက်လှ၏။ ဗဟုသုတဖြစ်ဖွယ်များ ပါဝင်၏။ စိတ်ဝင်စားစရာကောင်းလှတော့၏။

တစ်နေ့ အဆိုပါစကားဝိုင်း၌ ကျွန်ုပ်ရှိနေစဉ် နိမိတ်ဖတ်ဆရာထွန်းသည် နှစ်လိုဖွယ်ရာအပြုံးကို ဆောင်လျက် ကျွန်ုပ်၏ညာလက်ဝါးပြင်ကို ဆွဲယူကာ လက္ခဏာအရေးအကြောင်းများကို ဖတ်ရှုလေတော့သည်။

"အံမယ်း‥ငါ့မြေးက ဘယ်ဆိုးလို့လဲ။ တစ်နေ့ကျရင် လောကီပညာရပ်တွေ၊ ဂမ္ဘီရဝိဇ္ဇာရေပညာရပ်တွေမှာ ထူးထူးချွန်ချွန်ဖြစ်မယ့်ပုဂ္ဂိုလ်ပဲ။ ကောင်းသကွယ်။ အဘိုးထွန်းလည်း ခန္ဓာမစဲခင်အထိ ငါ့မြေးနဲ့တွေ့တိုင်း သိသင့်သိထိုက် တတ်သင့်တတ်ထိုက်တဲ့ ပညာတွေကို အမွေပေးခဲ့မယ်။ ဘယ့်နှယ် အဘိုးထွန်းပေးမယ့်ပညာတွေကို ယူမှာလား ငါ့မြေး"

"ယူမှာပေါ့ အဘရယ်"

"ဟားဟားဟား‥‥ကောင်းသကွယ့်"

ထိုသို့ဆိုသည့်အခိုက် ကြွက်သားအုပ်မတစ်အုပ်သည် ခြံထဲသို့ ပြေးဝင်လာလေသည်။ ထိုမြင်ကွင်းကို တွေ့မြင်ရသည့်အခိုက် နိမိတ်ဖတ်ဆရာထွန်းမှ ကျွန်ုပ်၏ ဖခင်ဖြစ်သူအား -

"မောင်ဘရင်ရေ‥‥မကြာခင်ကာလအတွင်း မင်းတို့မိသားစုတော့ ပစ္စည်းဥစ္စာရတနာတွေ အစုလိုက်အပြုံလိုက် ဝင်တော့မကွယ့်"

ဟု ဆိုလေသည်။ (ဆိုသည့်အတိုင်းပင် မကြာခင်ကာလ၌ နိမိတ်ဖတ်ဆရာထွန်း ဟောခဲ့သည့်အတိုင်း မှန်ကန်ပါချေ၏။)

"အဲ့ဒါ ကြွက်နိမိတ်ကောက်တာခေါ်သကွယ့်"

"အဲဒီပညာကို သင်ပေးပါလား အဘိုး"

"အေး‥သင်ပေးရတာပေါ့ကွယ်။ ကိုင်း‥‥သေသေချာချာ မှတ်ထားပေတော့ ငါ့မြေး။ လမ်းခရီးမှာ သွားနေတုန်း ကြွက်တွန်သံကိုကြားရရင် လိုရာကိစ္စတွေ ပြီးမြောက်အောင်မြင်မယ့် နိမိတ်ကွယ့်။ ကိုယ့်ရဲ့ရှေ့မှာရှိတဲ့ ကြွက်ငယ်ကလေးကို ကြွက်ကြီးက လိုက်ဆိတ်နေတာကိုမြင်ရရင် အထက်လူကြီးရဲ့ ငြိုငြင်မှုကို ခံရမယ့်နိမိတ်ပဲ။ ကိုယ့်ရှေ့က ကြွက်ဖြတ်ပြေးခဲ့ရင် မိန်းမ (ဒါမှမဟုတ်) ချစ်သူနဲ့ ခွဲခွာရတတ်ပါသတဲ့။ အဲ‥‥စောစောက အဘိုးပြောခဲ့သလိုပေါ့။ ကြွက်သားအုပ်မ ပြေးလာတာမြင်ရရင် ပစ္စည်းဥစ္စာရတနာတွေ အစုလိုက်အပြုံလိုက်ရတော့မယ့် နိမိတ်ပဲပေါ့။

ကိုယ့်ရဲ့ အနောက်ဘက်ကနေ ကြွက်တွန်တဲ့အသံကို ကြားရရင် ရည်မှန်းချက်တွေ ဆုံးရှုံးတတ်တယ်ကွယ့်။ အဲ‥‥ကိုယ့်ရှေ့မှာ ကြွက်ဖနစ်ကောင်သဲကြီးမဲကြီး ခွပ်နေကြတာကို မြင်ရရင်ဖြင့် ရန်ဖြစ်တော့မယ်၊ အမှုနိုင်မယ်ဆိုတဲ့ နိမိတ်ပေါ့။ သေနေတဲ့ကြွက်မှာ လောက်တွေတဖွားဖွား တက်နေတာမြင်ရရင် သွားရင်းလာရင်းက ရွှေငွေတွေ ကောက်ရတတ်ပါတယ်။ ကြွက်မနှစ်ကောင် ခွပ်နေတာကို မြင်ရရင်ဖြင့် မျှော်လင့်မထားဘဲနဲ့ သူတစ်ပါးက ရန်ပြုလာခြင်းကို ခံရတတ်တယ် ငါ့မြေး"

"ဟုတ်ကဲ့ အဘိုး"

ထိုနေ့က နိမိတ်ဖတ်ဆရာထွန်း သင်ကြားသွားခဲ့သည့် ကြွက်နိမိတ်ကောက်ပညာသည် ကျွန်ုပ်အတွက် ယခုထိတိုင် လက်တွေ့အသုံးဝင်လျက် ရှိပါသည်။ နိမိတ်ကောက်ပညာရပ်သည် သိမ်မွေ့နူးညံ့လှပါသည်။ အယူတော် မင်္ဂလာနှင့်လည်း ဆက်စပ်နေပါသည်။ ကျွန်ုပ်တို့သည် အရာရာကို အမှုမဲ့ အမှတ်မဲ့မနေဘဲ နိမိတ်ကပြလာသော အဆိုးအကောင်း၊ အကျိုးအကြောင်းတို့ကို သတိပြုကာ ကျရောက်မည့် ဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ခြင်းဖြင့် ကောင်းကျိုးအတွေ့တွေ့တို့ ပြည့်ဝကာ ကိုယ်စိတ်နှစ်ဖြာ လန်းရွှင်ချမ်းသာလိမ့်မည်ဖြစ်ကြောင်း အတွေ့အကြုံနှင့်ယှဉ်လျက် တင်ပြလိုက်ရပါတော့၏။

ဂမ္ဘီရ ဆရာပွင့်



www.burmeseclassic.com

www.burmeseclassic.com



# ပြစ်မှားသည့်ဒဏ် ဘယ်သူ့ထံ

ဒေါက်တာအောင်အောင်မင်း

(၁)

ပုထုဇဉ်လူသားတွေမှာ အတ္တတွေ လောဘ၊ ဒေါသနဲ့ ...ဆိုတဲ့ ကိလေသာတရားတွေ ဖုံးလွှမ်းနေတော့ အမှား ...ကို ထပ်တလဲလဲ ကျူးလွန်တတ်ကြပါတယ်။ သူတစ်ပါး ... ပြစ်မှားကျူးလွန်တာဟာ အဆိုးဆုံးအမှားပါပဲ။ ဘုရား ... မိဘ၊ ဆရာ၊ အရိယာ သူတော်ကောင်းနဲ့ ကျေးဇူးရှင် ... ခင်ပွန်းကြီးဆယ်ပါးကို ပြစ်မှားမိခဲ့ရင် မကောင်းတဲ့ ...တွေဟာ ပြုသူထံ ပြန်လာတတ်ပါတယ်။ ကျေးဇူးရှင် ...များပြီး ကျေးဇူးကန်းတာဟာ မကောင်းတဲ့ အကုသိုလ် အလုပ်ပါပဲ။ ဒီလို ပြစ်မှားကျူးလွန်စော်ကားမိရင် ဒဏ်အမျိုး မျိုးသင့်တတ်ပါတယ်။

ဒီတော့ လေးစားထိုက်တဲ့ ရတနာ၊ သံဃာ၊ မိဘ၊ ဆရာနဲ့ ကျေးဇူးရှင်များကို ကိုယ်၊ နှုတ်၊ စိတ်နဲ့ ပြစ်မှားမိခဲ့ရင် မိမိရဲ့အပြစ်ကို ဝန်ချတောင်းပန်ပြီး အမှားကို ဝန်ခံနိုင်ရမယ်။ ဒီလိုဝန်ချ တောင်းပန်ရင် အမှားကျူးလွန်သူရဲ့စိတ်ထဲမှာ ရှင်း သွားပြီး နောက်ထပ် အကုသိုလ်မဖြစ်တော့ဘူး။ ကျွန်တော် တို့အားလုံး နေ့စဉ် ဘုရားရှိခိုးကြတဲ့အခါမှာ ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူ သော ကံသုံးပါးတွင် တစ်ပါးပါးဖြင့် ပြစ်

www.burmeseclassic.com

များကျူးလွန်မိသည်ရှိသော် ထိုအပြစ်တို့မှ ပျောက်ပါစေမြင်း အကျိုးဟုဆိုပြီး တောင်းပန်ဝန်ချ ကန်တော့ကြတာ မဟုတ်ပါလား။

(၂)

ကျွန်တော်တို့ လူအချင်းချင်း နေစဉ် ပြောဆိုဆက်ဆံကြတဲ့အခါမှာ ကိုယ်၊ နှုတ်၊ စိတ်တွေ စောင့်စည်းနိုင်ဖို့ အရေးကြီးပါတယ်။ သို့ပေမယ့် လူတွေရဲ့ အတ္တနဲ့ ကိလေသာတရားတွေကြောင့် မစောင့်စည်းနိုင်လို့ အမှားနဲ့မကင်းကြတာပါ။ သူတစ်ပါးအပေါ်မှာ အကြောင်းကြောင်းကြောင့် ပြစ်မှားစော်ကားမိရင် ဒဏ်ဆယ်ပါး သက်ရောက်နိုင်ပုံကို အပါဒါန်အဋ္ဌကထာနဲ့ ဓမ္မပဒအဋ္ဌကထာတို့မှာ ဗုဒ္ဓဘုရားရှင်က ဟောကြားတော်မူခဲ့ပါတယ်။ ဒဏ်ဆိုတာဟာ ပြစ်မှားမိသူ တုံ့ပြန်ပြီး ခံရတဲ့ အပြစ်မျိုးပါ။ အဲဒီဒဏ်ဆယ်ပါးက -

၁။ ဒုက္ခဆင်းရဲဖြစ်စေတဲ့ ရောဂါဝေဒနာဆိုးတွေ ခန္ဓာကိုယ်မှာ ဖြစ်ပေါ်စွဲကပ်ပြီး ဘဝတစ်ခုလုံး ဆုံးရှုံးရခြင်း။

၂။ ခန္ဓာကိုယ်မှာ လက်ခြေစတဲ့ ကိုယ်အင်္ဂါ အစိတ်အပိုင်းများ ပျက်စီးဆုံးရှုံးရခြင်း။

၃။ ဆေးကုလို့မရနိုင်တဲ့ ရောဂါဝေဒနာဆိုးကြီးများ စွဲကပ်ပြီး သေကျေပျက်စီးရခြင်း။

၄။ စိတ်ဂယောင်ချောက်ချား ဖြစ်ပြီး ရူးသွပ်တဲ့အထိ စိတ်ဖောက်ပြန်မှုတွေဖြစ်ခြင်း။

၅။ မင်း၊ အစိုးရတို့က ရာထူးချခြင်း၊ ပိုင်ဆိုင်မှုပစ္စည်းများကိုသိမ်းခြင်း၊ ထောင်သွင်းအကျဉ်းချခြင်း စတဲ့ မင်းပြစ်မင်းဒဏ်များသင့်ခြင်း။

၆။ ကိုယ်က ဘာမှမလုပ်ဘဲနှင့် အရှက်တကွဲ အကျိုးနည်းအောင် စွပ်စွဲခံရခြင်း၊ မှားယွင်းပြီး အပြစ်ပေးခံရတတ်ခြင်း။

၇။ မိမိအားကိုးရတဲ့ ဆွေမျိုးသားချင်းတွေ အကြောင်းအမျိုးမျိုးနဲ့ ဆုံးရှုံးပျက်စီးပြီး အထီးကျန်ဘဝမျိုး ရောက်ရခြင်း။

၈။ ပစ္စည်းဥစ္စာ၊ အခြေအရံတွေ ရန်သူမျိုးငါးပါးကြောင့် ပျက်စီးဆုံးရှုံးခြင်း။

၉။ မိမိ နေအိမ်၊ တိုက်တာများ ဘယ်လို အကြောင်းကြောင့်မှန်း မသိရဘဲ မီးလောင်ခံရခြင်း(လောင်မီးကျခြင်းမျိုး)

၁၀။ လက်ရှိဘဝ အဆုံးသတ်သွားခဲ့ရင် အပါယ်လေး သို့ ကျရောက်ခြင်း။

သူတစ်ပါးကို ပြစ်မှားကျူးလွန်မိတဲ့ အကြောင်းတရားကြောင့် ရလာတဲ့ ဒဏ်ဆယ်ပါးကို တွေးကြည့်ရင် အလွန် ကြောက်မက်ဖွယ်ကောင်းသလို သံဝေဂယူဖို့လည်း ကောင်း ပါတယ်။

(၃)

လောကမှာ လူလူချင်းကို မဆိုထားနဲ့။ ကိုယ့်ကို ကျေးဇူးပြုဖူးတဲ့ တိရစ္ဆာန်အပေါ် ပြစ်မှားကျူးလွန်မိရင် အဲဒီ အကုသိုလ်ဒဏ်ဆိုးတွေဟာ ပြုသူထံ ပြန်လာတတ်ပါတယ်။ ပြစ်မှားမိတဲ့ အကုသိုလ်ကြောင့် ဒဏ်ခံရပုံနဲ့ပတ်သက်လို့ ဘုရားရှင်ဟောကြားတော်မူခဲ့တဲ့ မဟာကပိဇာတ်ကို သက်သေ ပြချင်ပါတယ်။

ဘုရား၊ ရဟန္တာ၊ ပုဂ္ဂိုလ်သူမြတ်တွေလည်း
ပြစ်မှားခဲ့တဲ့ဝဋ်ကြွေးက
မလွတ်နိုင်ကြပါဘူး။ မြတ်စွာဘုရားရဲ့
လက်ဝဲရံ အဂ္ဂသာဝက
အရှင်မဟာမောဂ္ဂလာန်
ရဟန္တာမထေရ်မြတ်ကြီးသော်မှ
နောက်ဆုံးဘဝ ပရိနိဗ္ဗာန်စံခါနီးမှာ
အတိတ်ဘဝက ပြစ်မှားမိခဲ့တဲ့
အကြွေးကို ပြန်ဆပ်ခဲ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတုန်းက လူတစ်ယောက်ဟာ နွားပျောက်ရှာရင်း တောနက်ထဲမှာ မျက်စိလည်လမ်းပျောက်ပြီး တစ်ပတ်ချာချာလည်ကြာသွားတယ်။ ချောက်ကမ်းပါးအနီးမှာ ပေါက်နေတဲ့ တည်ပင်ကြီးတစ်ပင်ကို တွေ့တယ်။ ဒီလူက ဆာလေ ဝင်နေတော့ တည်ပင်ပေါ်တက်ပြီး တည်သီးတွေခူးစားတယ်။ တည်သီးခူးရင်း ကိုင်းဖျားနင်းမိပြီး လူရောအကိုင်းပါကျိုးကာ ချောက်ကမ်းပါးအောက်ကို ပြုတ်ကျသွားတယ်။ အဲဒီချောက်ကမ်းပါးထဲမှာ အားပြတ်ပြီးလဲနေတာ ဆယ်ရက်ခန့်ကြာသွားပြန်တယ်။ ဒီလူလဲနေတာကို မျောက်ကြီးတစ်ကောင်က တွေ့တော့ သနားပြီး ကယ်တင်ပေးဖို့ နည်းလမ်းရှာပါတယ်။ လူကိုယ်လောက် အလေးချိန်ရှိတဲ့ ကျောက်တုံးကိုထမ်းပြီး ချောက်ကမ်းပါးပေါ် ခုန်ကြည့်တယ်။ သေချာတော့မှ မျောက်ကြီးက လူကို သူ့ကျောပေါ်ထမ်းပြီး အားကုန်သုံးခုန်လိုက်တာ ချောက်ကမ်းပါးပေါ် ရောက်သွားတယ်။ ဇာတ်လမ်းက ဒီမှာတင် မပြီးသေးပါဘူး။

မျောက်ကြီးက "အသင်လူသား ငါမောပန်းလို့ အနားယူအိပ်နေတုန်း အန္တရာယ်ရှိလာရင် သတိပေးပါ"လို့ပြောပြီး အိပ်ပါတယ်။ လူက သူ့ရဲ့ကျေးဇူးရှင် မျောက်ကြီးအပေါ် မကောင်းတဲ့ လောဘစိတ်တွေ ဝင်လာတယ်။

ဒီလူစဉ်းစားတာက "ဒီမျောက်ကြီးကိုသတ်ပြီး အသားတွေယူသွားရင် ငါ့မိန်းမနဲ့ကလေးတွေ တဝစားရမှာပဲ"လို့ တွေးရင်း အိပ်ပျော်နေတဲ့မျောက်ကြီးရဲ့ခေါင်းကို ကျောက်တုံးနဲ့ ထုသတ်ပါတယ်။ မျောက်ကြီးလန့်နိုးပြီး သစ်ပင်ပေါ် တက်ပြေးတယ်။ ခေါင်းမှာလည်း သွေးတစက်စက်နဲ့ပေါ့။ မျောက်ကြီးဟာ "ငါကယ်ခဲ့တဲ့လူက ငါ့ကိုပြန်ပြီး ဒုက္ခပေးတာကိုး"လို့ စိတ်မကောင်းဖြစ်ပြီး မျက်ရည်ကျရှာတယ်။ သို့သော်ကောင်းမျောက်ကြီးက သစ်ပင်တွေပေါ်ခုန်တက်ပြီး ဒီလူကို လမ်းမှန်ရောက်တဲ့အထိ ပြပေးရှာပါတယ်။ စိတ်ချရပြီဆိုတာနဲ့ မျောက်ကြီးက တောထဲပြန်ဝင်သွားပါတယ်။ ဇာတ်လမ်းက ဒီမှာတင်မဆုံး သေးပါဘူး။

ကျေးဇူးရှင်မျောက်ကြီးကို ပြစ်မှားမိတဲ့လူဟာ ကြည်လင်နေတဲ့ချောင်းတစ်ခုတွေ့တော့ ရေဆင်းချိုးပါတယ်။ ရေထဲမှာ ရုတ်တရက် ပူလောင်လာပြီး သွေးပြည်တွေနဲ့ ပြည့်လာတယ်။ ဒီလူ့ရဲ့ခန္ဓာကိုယ်မှာ ပူလောင်ယားယံပြီး အနာပြည်ဖုကြီးတွေ ပေါ်လာခဲ့တယ်။ နောက်ဆုံးတော့ ရုပ်အဆင်းပျက်ယွင်းကာ လူလုံးမလှ ဖြစ်သွားခဲ့ရတယ်။ ဒါကြောင့် ကိုယ့်ကိုကူညီတဲ့သူဟာ တိရစ္ဆာန်ပင်ဖြစ်ပါစေ ကျေးဇူးရှင်အပေါ် ပြစ်မှားမိလို့ သူပြုတဲ့အပြစ်ဒဏ် လက်ငင်းတုံ့ပြန်ခံစားရတာ သံဝေဂယူသင့်ပါတယ်။

(၄)

ဘုရား၊ ရဟန္တာ၊ ပုဂ္ဂိုလ်သူမြတ်တွေလည်း ပြစ်မှားခဲ့တဲ့ဝဋ်ကြွေးက မလွတ်နိုင်ကြပါဘူး။ မြတ်စွာဘုရားရဲ့ လက်ဝဲရံ အဂ္ဂသာဝက အရှင်မဟာမောဂ္ဂလာန် ရဟန္တာမထေရ်မြတ်ကြီးသော်မှ နောက်ဆုံးဘဝ ပရိနိဗ္ဗာန်စံခါနီးမှာ အတိတ်ဘဝက ပြစ်မှားမိခဲ့တဲ့ အကြွေးကို ပြန်ဆပ်ခဲ့ရပါတယ်။ ခိုးသားငါးရာရဲ့ ရိုက်နှက်နှိပ်စက်သတ်ဖြတ်မှုကို ခံခဲ့ရတယ်။ အရှင်မြတ်ဟာ အတိတ်ဘဝတစ်ခုမှာ မယားရဲ့စကားကို ယုံမှားပြီး ကျေးဇူးရှင်မိဘနှစ်ပါးကို တောထဲခေါ်ကာ ဓားပြယောင်ဆောင်ပြီး ရိုက်နှက်သတ်ဖြတ်ခဲ့ပါတယ်။ အဲဒီ ပြစ်မှားစော်ကားမိတဲ့ ဝဋ်ကြွေးကြောင့် ဘဝပေါင်းများစွာ ရိုက်နှက်သတ်ဖြတ်ခံရတဲ့အပြင် အဝီစိငရဲကိုလည်း ကျခဲ့ရပါတယ်။

ကျွန်တော်တို့ရဲ့ ဘဝသံသရာခရီးမှာ သူတစ်ပါးအပေါ် ပြစ်မှားချင်တဲ့စိတ်တွေ မိမိသန္တာန်မှာ မပေါ်ပေါက်စေဖို့ ကြိုးစားကြရပါမယ်။ မိမိရဲ့စိတ်ကို သတိသမ္ပဇဉ်တရားနဲ့ ဆင်ခြင်နိုင်ဖို့လိုပါတယ်။ မိမိရဲ့စိတ်ဟာ အမှန်တကယ် ဖြူစင်ဖြောင့်မတ်ရဲ့လား။ ကျေးဇူးကန်းတဲ့စိတ်တွေ၊ ပြစ်မှားချင်တဲ့စိတ်တွေ ဘယ်နကြိမ်ဖြစ်ဖူးသလဲ ကိုယ့်ရဲ့စိတ်ထဲမှာ သတိထားဉာဏ်နဲ့ ဆင်ခြင်သံဝေဂယူ သင့်ပါတယ်။ မွန်မြတ်တဲ့ စိတ်စေတနာကောင်းတွေ၊ ကိုယ်ချင်းစာစိတ်တွေ မွေးမြူခြင်းဖြင့် သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းအောင် အားထုတ်နိုင်ကြပါစေ။

**ဒေါက်တာအောင်အောင်မင်း**



www.burmeseclassic.com

www.burmeseclassic.com



# ဤလူ့ဘဝ

ချောယဉ်သာမြင့်(BA.BEd)

ကျွန်ုပ်တို့သည် ဤစကြဝဠာ ဤကမ္ဘာမြေအတွင်း လူသားဘဝနှင့် ပဋိသန္ဓေယူကြစဉ် အခိုက်တွင် လူသားတို့၏အသက်ရှင်မှုအလျှင်၏ အတိတ်မှ စုဆောင်းလာခဲ့သော လက်ကျန်ကုသိုလ်အင်အားက လူသားကိုယ်ခန္ဓာနှင့် နေနိုင်လောက်အောင်ရှိသဖြင့် လူသားအဖြစ် မွေးဖွားလာခြင်းဖြစ်လေသည်။

လူ့ဘုံလူ့ဘဝကို ဘာကြောင့်ရသလဲ။

ပုညာဘိသင်္ခါရ တရားများပြုခဲ့ခြင်းကြောင့်ပါပဲဟု ဖြေဆိုရပါမည်။ ဤလူ့ဘဝ မည်သို့စခဲ့သည်ကို လေ့လာကြည့်လျှင် ပုညာဘိသင်္ခါရ ပစ္စယာဝိညာဏံ အကြောင်းကြောင့် လူ့ဘုံလူသားဘဝ အကျိုးကို ရရှိစေခဲ့ပြီးပြီ။ ဤသို့ လူ့ဘဝ အကျိုးတရားကိုရရှိခဲ့သော လူသားဖြစ်စဉ် လူပဋိသန္ဓေ ဝိညာဏ်သည် ဤသို့စခဲ့သည်ဟု မြတ်စွာဘုရားရှင် ဟော တော်မူလေသည်။

ပဌမံ ကလလံ ဟောတိ၊ ကလလာဟောတိ အဗ္ဗုဒ်
အဗ္ဗုဒါ ဇာ ယတေပေသိ ပေသိ နိဗ္ဗတ္တ တေ ဃနော
ဃနာ ပဉ သာခါ ဇာယန္တိ ကေသာ လောမာ နခါပိ

ရှေးဦးစွာသော ပဋိသန္ဓေဝိညာဏ်ဖြင့် ရှေးဦးစွာသော သတ္တ ၁ဟာပတ်လုံး ကလလရေကြည်ဖြစ်၏။ ကလလရေ ကြည်မှ ခုနစ်ရက်လွန်သဖြင့် အဗ္ဗုဒ်-သားဆေးရည်အဆ ရှိသော အမြှုပ်သည်ဖြစ်၏။ အမြှုပ်မှ ခုနစ်ရက်လွန်သဖြင့် ပေသိ-ကြံစွာသော သလွဲနှင့်တူသော သားတစ်သည်

www.burmeseclassic.com

ဖြစ်၏။ သားတစ်မှ ခုနစ်ရက်လွန်သဖြင့် ဃနော–ကြက်ဥ သဏ္ဌာန်ရှိသော အသားခဲသည် ဖြစ်၏။

ဃနာအသားခဲမှ ခုနစ်ရက် လွန်သဖြင့် ပဉ္စသာခါ လက်နှစ်ချောင်း ခြေနှစ်ချောင်း၊ ဦးခေါင်းအကျိုးငှာ ငါးခွာသော အိုင်းအဖုတို့သည် ဖြစ်၏။ ဆံ၊ အမွေး၊ လက်သည်း၊ ခြေသည်းတို့သည် ဖြစ်၏။ ဤသို့ဖြင့် ကောင်းမှုအမျိုးမျိုးတို့အား လျော်စွာ လူ့ဘုံ လူ့ဘဝ လူသားအဖြစ်ကို ခံကြလေသည်။ လူ့ပဋိသန္ဓေတည်ခဲ့လေပြီ။

## "ပဋိသန္ဓေဓာတ်ဖြစ်စဉ်"

တေဇောနိဿယ ကလလာ သိယာ။

တေဇောဓာတ်ကိုမှီ၍ ကလလရေကြည်သည်ဖြစ်၏ဟု၍ ဘုရားရှင်ဟောတော်မူသည်တွင် ကမ္မာတည်စ သဓောက၊ သတ္တဝါအစ တေဇောကဆိုသည့်အတိုင်း သူတို့၏ ပဋိသန္ဓေနေစ ကလလ၌

– အဝိနိ ဗ္ဘောဂရုပ် ၈ + ဇီဝိတ + ကာယပသာဒ ဟူသော ကာယဒသက ကလာပ်တစ်စည်း။

– အဝိနိဗ္ဘောဂရုပ် ၈ + ဇီဝိတ + ဘာဝရုပ် ဟူသော ဘာဝဒသက ကလာပ်တစ်စည်း။

– အဝိနိဗ္ဘောဂရုပ် ၈ + ဇီဝိတ + ဟဒယဝတ္ထု ဟူသော ဝတ္ထုဒသက ကလာပ်တစ်စည်း။ ကလာပ်သုံးစည်း ရုပ်ပေါင်းသုံးဆယ်ဟုဆိုအပ်သော ကလလရည်ကြည်သည် အစဦးစွာ တေဇောဓာတ်ကို အမှီပြုအကြောင်းပြု၍ ခုနစ်ရက်ဆောင်လျက် တည်နေသည်။ ထို့ကြောင့် ပဋိသန္ဓေ ကလလအခါတွင် တေဇောဓာတ်အားကြီး၏။

တေဇောကိုမှီ၍ ကလလ ဖြစ်သကဲ့သို့ ကလလကိုမှီ၍ ဖြစ်သော တေဇောဓာတ်သည် "တေဇောစဥ္စာ ကာရကာ" ပူခြင်းကိုပြုတတ်၏" တေဇောစ "ဂုမိကာရကာ" "ဇိဏ္ဏာရကာ"တစ်စတစ်စ ကြီးထွားရင့်သန်ခြင်းကို ပြုတတ်၏။ ဆိုသည့်အတိုင်း ခုနစ်ရက်သက်ကာလပတ်လုံး ဆက်ရှိသော ကာလပတ်လုံး ပူခြင်း၊ ကြီးထွားရင့်သန်ခြင်းကိုပြု၏။

တေဇောဓာတ်ဆောင်သော ခုနစ်ရက်လွန်လျှင် တေဇောဓာတ်မဆောင်နိုင် တဖြည်းဖြည်း၊ အားနည်းညံ့သက်လာ၍ ဝါယောဓာတ် အားကြီးလွန်ကဲလာပြီး ဝါယောဓာတ် ခုနစ်ရက်ဆောင်ပြန်၍ အဗ္ဗုဒအမြှုပ်အဖြစ် အမြှုပ်ဝေလာ၏။ ထို့နောက် အမြှုပ်ဝါယောဓာတ်အားကြီး၍ တေဇော ဓာတ်မဆောင်နိုင်တော့သဖြင့် "ဝါယောစသုခကာရကာ" ဆိုသည့်အတိုင်း ချမ်းသာခြင်း၊ ချမ်းအေးခြင်းပြု၏။

သို့ရာတွင် တေဇောဓာတ် အပူသည် အတဏ်မရပ်သေးသောကြောင့် အမြှုပ်တအားကြီးစဉ် ဝါယောသည် အမြှုပ်ကျစဉ် ဝါယောထက်ပို၍ ပူနွေး၏။

သို့ဖြစ်သောကြောင့် ပဋိသန္ဓေ ပဝတ္တိကာလ နှစ်ပါးလုံး၌ ဝါယောအားကြီးက ချမ်းအေးခြင်း၊ အပူပျက်ခြင်းဟူသော သီတတေဇောသဘော သက်ရောက်လေသည်။

"သို့ကြောင်း မီးဓာတ်ပျက်သော် ဝါယောမည်မှတ် အားကြီးလတ်၏"ဟု နရသုခိကျမ်းစာ ကျိုးကြောင်းဆက် ဓာတ်ကျမ်းစာတို့မှ ဆိုလေသည်။

ထိုဝါယောဓာတ် ဆောင်သော ခုနစ်ရက်လွန်လျှင် ဝါယောဓာတ်မဆောင်နိုင် အားနည်းညံ့သက်ပြန်သဖြင့် အာပေါဓာတ်အားကြီးလွန်ကဲလာကာ အာပေါဓာတ် ခုနစ်ရက်ဆောင်ပြန်ချိန်တွင် သွေးသည် သွေးခဲဖြစ်လာ၏။

သွေးရည်သွေးခဲသည် အာပေါဓာတ်အားကြီး ဝါယောဓာတ်ညံ့သောအခါမှ ဖြစ်၍ တွန်းကန်လှုပ်ရှားမှု အားနည်းခဲ့ရကား "အာပေါစဋ္ဌိရ ကာရကာ"တည့်ရာတန့်ရာ ပြုတတ်သဖြင့် သွေးရည်သည် သွေးချဲ သွေးခဲထက် လှုပ်ရှားမှု အားရှိသေး၏။ ထို့ကြောင့် ဝါယောဓာတ်၏အမိကား တေဇောဓာတ်တည်း။ ဝါယောဓာတ်၏ သမီးကား အာပေါဓာတ်တည်း။

ထိုမှတစ်ပါး မူလ ကလလ တေဇောသည် ပထမ ကလလခုနစ်ရက်ကပင် တရွေ့ရွေ့အားနည်းခဲ့၏။ တတိယ အာပေါခုနစ်ရက်တွင် အား အနည်းဆုံးဖြစ်၏။ သို့သော် သုံးဆင့် မြောက်တွင် တေဇော၏အပူကို ရွှေ့သို့သက်လက် အားမနည်းစိမ့်သောငှာ "အာပေါစဋ္ဌိရကာရကာ" ဆိုသည့်အတိုင်း အာပေါဓာတ်က ပထမထောက်တည်ရာကို ပြုထားလိုက်၏။ ဒုတိယ ပထဝီဓာတ်သို့ ရောက်သောအခါ "ပထဝီဓာတု ပတိဋ္ဌာနရသာ"ဆိုသည့်အတိုင်း ပထဝီဓာတ်က ထိုတေဇောဓာတ် ပို့မှီထောက်တည်ရာကို ပြုလိုက်ပြန်



www.burmeseclassic.com

www.burmeseclassic.com

၏။ တတိယအာကာသသို့ ရောက်သောအခါ "အာကာသာ သုဒ္ဓိကာရကာ"ဆိုသည့်အတိုင်း ရုပ်ကလာပ်အပေါင်းကို သန့်ရှင်းစင်ကြယ်စေခြင်းဖြင့် တေဇောဓာတ်ကို ညီညွတ်မျှတစွာ အပူပေးစေပြီးလျှင် သုဒ္ဓကာယဖြစ်စေ လေတော့သည်။

ဤသို့ဖြင့် မည်သည့်ဓာတ်တစ်ပါးပါးမဆို အားနည်းလျှင်လည်း သုံးဆင့်။ ဖြောင့်မတ်လျှင်လည်း သုံးဆင့်။ လွန်ပြန်လျှင်လည်း သုံးဆင့်အထိသာ ခတ်ကြောင်း သိမှတ်ရသည်။

"ဝေတိဏဳယေဝ သန္တတိယော ဃဋ္ဋော တုံသက္ကောတိ နတတောပရံ"

ဤသို့ သုံးပါးမျှသာလျှင် ဖြစ်ကုန်သော ရုပ်စဉ်တို့ကို ခတ်စေခြင်းငှာ တတ်ကောင်း၏။ ထိုသုံးဆင့် ခတ်သည်ထက် အလွန်မစွမ်းနိုင်ချေ။

"တထာပထဝီ နိဿယ ဃီရေဝသိယာ"

ထို့အတူ ပထဝီဓာတ်ကို အမှီပြု၍ သွေးခဲသားတစ်သည် ဖြစ်၏။

ထိုအာပေါဆောင်သော ခုနစ်ရက်မှလွန်လျှင် အာပေါဓာတ်မဆောင်နိုင် အားနည်းသည်၊ ညံ့သည်ဖြစ်၍ ပထဝီဓာတ်အားကြီးသဖြင့် လွန်သဖြင့် ထိုပထဝီဓာတ် ခုနစ်ရက်ပင်ဆောင်ပြန်၍ ဃနတစ်ခဲနက်သော သားတစ်ဖြစ်လာ၏။

ဃနဟူသော သားတစ်သည် အာပေါဓာတ်ညံ့၊ ပထဝီဓာတ် လွန်လေသောအခါမှဖြစ်၍ "ပထဝီ ဗလဝကာရကာ"ဆိုသည့်အတိုင်း ဘုတ်သုံးပါးတို့၏ ခွန်အားကို ပြုတတ်၏။ ပထဝီဓာတ်အားကြီးက ပျော့ပျောင်းယိုစီးမှု ကင်းမဲ့၍ တောင့်တင်း ခိုင်မာသော ခွန်အားကို ပဋိသန္ဓေပဝတ္တိကာလနှစ်ပါးလုံးတွင် ပြုတတ်၏။ ထမင်းစသော ကဗဠီကာရာဟာရသည် ပထဝီဓာတ်အရင်း မူလဖြစ်၏။ ထိုပထဝီဓာတ်အရင်းဖြစ်သော ကဗဠီကာရာဟာရကို မရက အားသည် မဖြစ်နိုင်။ ပထဝီဓာတ်သည် ခွန်အားကို ပြုတတ်၏။

ဤတွင် အာပေါဓာတ်ညံ့လျှင် ပထဝီဓာတ်အားကြီးသည်။ လွန်သည်ဖြစ်ကြောင်း မှတ်သားရ၏။

"ဩမတ္တံ ပန အာပေါ အဓိမတ္တ ပထဝီ ဂတိတံ ဓာတံ" ပထဝီဓာတ်မဆောင်နိုင် အားနည်းခြင်းသည် အာပေါဓာတ်အားကြီးနေသေးကြောင်း ထင်ရှားသည်။

တေ အာကာသာ ပဉ္စသာခါ ဇာယရေ။

ထို အာကာသဓာတ်သည် ပဉ္စသာခါ ခက်မငါးဖြာတို့ကို ဖြစ်စေ၏။

ထိုပထဝီဓာတ်ဆောင်သော ခုနစ်ရက်မှလွန်လျှင် ပထဝီဓာတ်မဆောင်နိုင် အားနည်းသည် ညံ့သည်ဖြစ်၍ အာကာသဓာတ် အားကြီးသဖြင့် လွန်သဖြင့် အာကာသဓာတ်သည် ခုနစ်ရက်ပင်ဆောင်ပြန်၍ ပဉ္စသာခါ ခြေနှစ်ချောင်း၊ လက်နှစ်ချောင်း၊ ဦးခေါင်း ခက်မငါးဖြာ ဖြစ်၍ လာသည်။

ပဉ္စသာခါဟူသော ခက်မငါးဖြာသည် ပထဝီဓာတ်ညံ့၍ အာကာသ ဓာတ်အားကြီးသောအခါမှ ဖြစ်၍ အာကာသဓာတ်သည် ခက်မငါးဖြာစသော ရုပ်တို့ကို အကြောင်းပြုတတ် သည်နှင့်အညီ "အာကာသာလဟု ကာရကာ" "အာကာသာသုဒ္ဓိကာရ ကာ"ပဋိသန္ဓေ ပဝတ္တိ ကာလနှစ်ပါးလုံးတို့၌ ကိုယ်၏ပေါ့ပါးလျင်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်းကို ပြုတတ်၏။

ထို့ကြောင့် ပထဝီညံ့လျှင် အာကာသလွန်၍ အာကာသ ညံ့နေသေးခြင်းသည် ပထဝီဓာတ်လွန်နေသေးကြောင်း မှတ်သားရ၏။ ဤသို့နှင့် "ဒသမာသာ ဇနမန္တိ"ဆယ်လ မြောက်သည်ရှိသော် ဘွားမြောက်လေသည်။

ဤသို့ ပဋိသန္ဓေဖြစ်စဉ်ကို ချုပ်၍ပြရသော် ပထဝီဓာတ်သည် တည်ရာကိစ္စကို ပြု၍ တေဇောဓာတ်သည် မပုပ်မဆွေးရအောင်၊ ရင့်မာအောင်၊ အာပေါဓာတ်သည် စေ့စပ်အောင်၊ ဝါယောဓာတ်သည် လှုပ်ရှားအောင် အာကာသဓာတ်သည် စင်ကြယ်သန့်ရှင်းအောင် ပစ္စည်းပြု၍ ဆယ်လမြောက်လျှင် ဓာတ်သက်ပြုရသောအခါ လူ ဖွားမြင်လေ၏။

ဖွားမြင်သည်မှစ၍ မသေသမျှကာလပတ်လုံး ထို ဓာတ်လေးပါးတို့နှင့်တကွ မချွတ်မယွင်း မကင်းမကွာ လ လျောင်း၊ ထိုင်၊ ရပ်၊ သွားဟု ဆိုအပ်သော ဣရိယာပုထ် လေးပါးတို့သည် ဖြစ်ကြလေသည်။

ဤပဋိသန္ဓေဓာတ် ဖြစ်စဉ်မှ မှတ်သားရသည်မှာ



www.burmeseclassic.com

www.burmeseclassic.com

၁။ တေဇောသည့်လျှင် ဝါယောဓာတ်လွန်သည်။
၂။ ပထဝီသည့်လျှင် အာပေါဓာတ်လွန်သည်။
၃။ အာကာသဓာတ်သည့်လျှင် ပထဝီဓာတ်လွန်သည်။
၄။ ဝါယောဓာတ်၏ အမိသည် တေဇော၊ ဝါယော ဓာတ်၏ သချိုင်းကား အာပေါ။
၅။ ဇဝံ တီဏိယေဝ သန္တတိယော ဃဋ္ဋောတုံ သက္ကောတိ နတဟောပရံ။

(သုံးပါးမျှသာလျှင် ဖြစ်ကုန်သော ရုပ်စဉ်တို့ကို ခတ်စေခြင်းငှာ တတ်ကောင်း၏။ သုံးဆင့်ခတ်သည်ထက်လွန်၍ မစွမ်းနိုင်)ဟူ၍ မှတ်ယူရပေမည်။

၆။ ပဋိသန္ဓေအခါ ပဋိသန္ဓေအခါမှ နောက်ပထမဘဝင်မှစ၍ အမိဝမ်းတွင်း၌ တည်နေသမျှ ကာလသည် "ပဝတ္တိအခါ"မည်၏။

ဤသို့ လူသားဘဝ ပဋိသန္ဓေဓာတ်ဖြစ်စဉ်၌ မဟာဘုတ်ဓာတ်ကြီး လေးပါးနှင့် လူ့ပဋိသန္ဓေဝိညာဏ်တို့ဖြင့် တည်ဆောက်ခဲ့သောလူသည် ရုပ်နာမ်နှစ်ပါးဖြစ်၏။ "မဟာဘုတ်ဓာတ်ကြီးလေးပါးသည် အံ့ဖွယ်အထူးကိုပြတတ်၏။ မဟုတ်မမှန်သောသဘောကို ပြတတ်၏။ မျက်လှည့်သည်နှင့်တူ၏။ ဘီလူးမနှင့်တူ၏။ ဥပါဒါန်ရုပ်တို့၏ ဖြစ်ရာဖြစ်၏။ အကြီးအကျယ် ဖောက်ပြန်တတ်၏"ဟူသော ဂုဏ်အထူးရှိလေသည်။ သို့ကြောင့် လူဘဝ လူသားဟူ၍ ဖြစ်လာသည်မှာ ဆန်းကြယ်လှပေသည်။ ဤသို့သော လူသားဘဝကို ရစဉ်ရခိုက် ရုပ်ဓာတ်တို့နှင့် မိတ်မဖွဲ့တော့သော ခန္ဓာဓာတ်သိမ်းငြိမ်းရာ သန္တိတနိဗ္ဗာန်ကို တက်လှမ်းနိုင်အောင် ကြိုးစားရပေမည်။

ဤသို့ မဟာဘုတ်ဓာတ်ကြီးလေးပါးနှင့် ဆောက်တည်လာသော လူ့ခန္ဓာသည် ရုပ်တရားဖြစ်ပေါ်လာကတည်းက ရောဂါရလာ၏။ မွေးလာကတည်းက အနာရောဂါမကင်း။ အနာရောဂါနှင့် ကင်းကွာသူမရှိ။ အနာရောဂါရလျှင် ဆေးဝါးမှီဝဲကုသကြရ၏။ ထိုဆေးဝါးသည်လည်း မဟာဘုတ်ဓာတ်ကြီးလေးပါးဖြင့် ဖွဲ့စည်းထားသော ရုပ်ဓာတ်များပင်ဖြစ်လေသည်။ အနန္တစကြဝဠာနှင့် အနန္တသတ္တဝါတို့သည် အံ့ဖွယ်အထူး မဟာဘုတ် ဓာတ်ကြီးလေးပါးလျှင် အရင်းခံလေသည်။ တေဇော၊ ဝါယော၊ အာပေါ၊ ပထဝီ သဘောလေးဝ တစ်ခုစီခွဲထား၍မရ။ ပမာဏလည်း ညွှန်ပြစရာမရှိသော ဓာတ်ကြီးလေးပါးစု ပေါင်းစုစီး၏ အဆုံးအပိုင်းခြားပြသော လက္ခဏာကို အာကာသဓာတ်ဟု ဆိုသည်။

ထို့ကြောင့် ဓာတ်ကြီးလေး ပါးဆိုလျှင် ငါးပါးကိုဆိုပြီးဖြစ်လေသည်။ အဇ္ဈတ္တ(အတွင်း)၊ ဗဟိဒ္ဓ(အပြင်) အခြေခံမှာ ဓာတ်လေးပါးစီချည်း အတူတူသာဖြစ်သည်။ သို့သော် တစ်ခုကိုတစ်ခု နှိုင်းယှဉ်၍ တစ်ခုသည် ဩဠာရိက = အကြမ်းသဘော၊ တစ်ခုသည် သုခုမ = အနုသဘော၊ နူးညံ့သဘော ခွဲ၍ဆိုရလေသည်။

သို့ဖြစ်၍ ဗုဒ္ဓနည်းကျ ဩဠာရိကသုခုမ ဓာတ်ကျမ်းပြု ဆရာကြီး ဦးအောင်ဒင်က သက်ရှိသက်မဲ့နှစ်ဖွဲ့ လောကတည်ဆောက်မှုအစ အခြေခံဓာတ်လေးဝကို ဤသို့ဖွဲ့ဆို ဖွင့်ပြခဲ့၏။

"သဗ္ဗေသတ္တာ၊ သတ္တဝါ သည်၊ စာအာဟာရ ဋ္ဌိတိက"ဟု ဗုဒ္ဓစကားမိန့်ခဲ့ထား၍၊ အများသတ္တဝါ၊ သဝိညာကြောင့် အဇ္ဈတ္တဓာတ်၊ သက်ရှိ မှတ်လော့၊ ကောင်းမြတ်ရသော၊ စာအဟာကား၊ ဝိညာကင်းပ၊ ဗဟိဒ္ဓတည်၊ [illegible] စေလို သက်မဲ့ဆို၏၊ ထိုနှစ်လောက၊ သဘာဝကား၊ ဖြစ်ကြတိုက်ခံ၊ တွေ့ထိမှန်ခဲ့၊ တိုက်ခံတွေ့ကြ၊ ထိသမျှကို၊ ဖဿဆိုလော့၊ ထိုဖဿ၏၊ ပဝတ္တိကို၊ မြင်သိလွယ်ပေ၊ ရှိနိုင်လေသို့၊ သန္ဓေကာလလလ၊ ထိုခဏ၌၊ ဖဿဖြစ်တွေ၊ ကာယေဘာဝ မြင်ကုန်ကြလော့၊ ကာယဆိုက၊ အဇ္ဈတ္တတည့် ဘာဝဗဟိဒ္ဓ၊ ကျမ်းဂန်ညီတိခဲ့၊ ကိလိဌ်မထွေ၊ နားမဝေးနှင့်၊ ဆိုရေးနှစ်ဝ၊ "ဒသက"ချည်း၊ ကလာပ်စည်းလည်း၊ ဖြစ်နည်းမူလ၊ စတုက္ကဟု၊ ဓာတ်မလေးတန်၊ အရင်းခံ၍၊ ထွေဟန်အခြား၊ မထင်ရှားဘူး၊ ခြားသည်ကိုသာ ပြညွှန်းပါသော်၊ ဩဠာတစ်ခု၊ သုခုတစ်သွယ်၊ ဆိုနိုင်ဖွယ်မှ၊ အက်ယ်ဘယ်သို့၊ ခြားနိုင်မြို့အံ့။

ဤသို့တို့ပြ၊ ရင်းမူလ၏၊ စအခြေခံ၊ ကွဲအောင်ကြသော်၊ ရောဂါကပ်ရောက်၊ သေမျှလောက်လည်း၊ လွတ်မြောက်အလွယ်၊ ချမ်းသာတွယ်လိမ့်၊ လူနယ်လောက၊ သဘာဝ၌၊ ရှိကြမွေတာ၊ ကြည်ညိုရာမြတ်၊ ချစ်ရာတတ်လိမ့်၊ စွဲမှတ်မနော၊ ပုဂ္ဂိုလ်နှောသည့်၊ သဘောရှောင်ခွာ၊ ကျင့်ကုန်ပါ၍၊ ရှိးရာမှုလိုက်၊ အမှန်ကြိုက် အံ့၊ စိတ်၌



www.burmeseclassic.com

www.burmeseclassic.com

ဆုံးဖြတ်၊ တည့်မတ်မတ်ဖြင့်၊ တတ်စေသိစေ၊ ကြံရှာဖွေလော့၊ စိတ်နေကြီးမား၊ တန်ခိုးထွားအောင်၊ တို့များဆိုညွှန်း၊ တိုက်တိုက်တွန်း၏၊ ရပ်ခန်းနိဗ္ဗူ အကျိုးသော်ဟူ၍ ဖွင့်ဆိုပြခဲ့ပြီး ဤပုံစံကို ချပြခဲ့လေသည်။

### "သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ"

သတ္တဝါ × အစာအာဟာရ

ဝိညာဏ်ရှိလောက × ဝိညာဏ်မဲ့လောက

အဇ္ဈတ္တဓာတ် × ဗဟိဒ္ဓဓာတ်

### ပဝတ္တိကာလ

ဇိဝှာဝတ္ထုရ × ရသာရုံ

ဃယံဝတ္ထု × ဖောဋ္ဌဗ္ဗာရုံ

ကာယဝတ္ထု |× ဖောဋ္ဌဗ္ဗာရုံ

ဒသကကလာပ် × အဋ္ဌကကလာပ်

အခြေခံဓာတ်ဓလေးဝ × အခြေခံဓာတ်လေးဝ

### ပဋိသန္ဓေကာလ

ကာယဒသကကလာပ် × ဘာဝဒသကကလာပ်

အခြေခံဓာတ်လေးဝ × အခြေခံဓာတ်လေးဝ

(ဤ × လက္ခဏာမှာ အတွင်းနှင့်အပ အတိုက်အခံဆက်ဆံကြသည်ဟု ဆိုလိုသည်။)

ပဝတ္တိတွင် ကာယ၏အာရုံ ဖောဋ္ဌဗ္ဗဖြစ်သကဲ့သို့ ပဋိသန္ဓေကာလတွင် ကာယ၏အာရုံ ဘာဝဖြစ်သည်ဟု သိမှတ်ရပါမည်။

ဆရာကြီး ဦးအောင်ဒင်က သက်ရှိလူသားလောက တည်ဆောက်မှုအစ သဘာဝကို ဤသို့ပြခဲ့သည်။

ပဋိသန္ဓေအစ ကလလရေ ကြည်အခိုက်၌ စက္ခုသောတ စသည့် ကလာပ်အကြည်တို့ မရှိသေးပါ။ ကာယဘာဝဝတ္ထု ကလာပ်ပေါင်း သုံးခုသာ တည်ရှိသေးသည်။ ကာယသည် အဇ္ဈတ္တဘာဝနှင့် ဝတ္ထုသည် ဗဟိဒ္ဓိဖြစ်သည်။ ကျောက်၊ သံဘီ၊ မီးစာဝါသော မီးခြစ်နှင့် ပမာတူသည်ဟု ပုံပြထား၏။

ကျောက်သည်ကာယ–အဇ္ဈတ္တ။ သံဘီးသည် ဘာ[...] ဗဟိဒ္ဓ၊ မီးစာသည် ဝတ္ထုဗဟိဒ္ဓ ဖြစ်လေသည်။ ပမာဆိုသော်[...]

(၁) ကျောက်နှင့်သံဘီးထိခတ်မှု ပဌမ။

(၂) ပွင့်လာသော မီးပွင့်တွင် မီးဓာတ်နှင့် ကျော[...] မှုန့် အချင်းချင်းထိခိုက်မှု ဒုတိယ။

(၃) ထိုထိခတ်မှုဖြင့် အသစ်ဖြစ်ပွင့်သော သိမ်မွေ့[...] သည့် မီးပွင့်ငယ်နှင့် မီးစာထိခတ်မှု တတိယ[...]

ဤသုံးဆင့်တွင် မီးတောက်ထသကဲ့သို့ ...

(၁) ကာယနှင့် ဘာဝ ထိခတ်မှု

(၂) ပွင့်ထွက်လာသော ကာယဝိညာဏ်[...] မ်နာယတနနှင့် ၎င်း၏ သမ္ပယုတ္တဓမ္မ (ဖသ[...] မှကြွင်းသည့် ဝေဒနာစသော စေတသိ[...] ခြောက်ခုဟု ဆိုအပ်သည့်) ဓမ္မာယတနတို့[...] ခတ်မှု။

(၃) အသစ်ပွင့်ထွက်လာသည့် မနောဝိညာဏ်နှ[...] ဝတ္ထုကလာပ်ထိခတ်မှု ဤသုံးဆင့်တွင် ဝတ္ထု[...] ကလာပ်၏ ပုံကြီးချဲ့ကောင်းသော သတ္တိဖြ[...] လူသနစ် လူ့အဖြစ်ကို စီရင် ဖန်တီးစပြုလေ[...] သည်။

သို့ဖြင့် အသစ်ဖြစ်သော ကာယအကြည်နှင့်တ[...] ဇိဝှာဃာနသောတ၊ စက္ခုအကြည်တို့ကို အဆင့်ဆင့် ထို[...] တက်ဆောက်ခဲ့လေသည်။ စက္ခုသစ်ရသော် ရူပကို အစ[...] အာဟာရအဖြစ် မှီဝဲကြမြဲဖြစ်သည်။ ဤသို့ သူ့အကြည်နှ[...] သူ့အာဟာရ မှီဝဲကြကာ အဟောင်းပစ် အသစ်လဲလှယ်[...] အမြဲတမ်း ဖြစ်ပျက်ကာနေသော သူ့ဇာတိနယ်ကား ခဏ[...] မျှ ငြိမ်းဖွယ်မရှိ။ ဤသို့မငြိမ်းစေသော အကြောင်းကာ[...] ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော ရုပ်ဖြစ်ကြောင်းတရား[...] လေးပါးကြောင့်ပင် ဖြစ်လေသည်။

---

**ချောယဉ်သာမြင့်(BA.BEd)**

---

**09-42106289[...]**

ကျမ်းကိုး။ ။ ကျိုးကြောင်းဆက်ဓာတ်ကျမ်း။



www.burmeseclassic.com

www.burmeseclassic.com

# ကန့်ကွက်ခြားနား ကျြဿယ်ပါးကို

အဂ္ဂမျိုး

ကျွန်ုပ်သည် စာဖတ်ဝါသနာအရ အမျိုးစုံကို ဖတ်ရှုလေ့လာ မှတ်သား ထားရှိသူဖြစ်သည်။ ထို့ပြင် ဗေဒင် နက္ခတ္တာအပါအဝင် လောကီပညာရပ် တို့ကိုလည်း စိတ်ဝင်စားလေ၏။ တတ် နိုင်သမျှ လေ့လာခဲ့၏။ စွမ်းနိုင်သမျှ မှတ် သားခဲ့၏။ ထိုပညာရပ်တို့ဖြင့် လိုအပ် သူတို့ တောင်းခံလာသော အကူအညီ တို့ ကိုယ်တတ်စွမ်းသမျှ အသိပညာ၊ အတတ်ပညာတို့ဖြင့် ကူစားပေးခဲ့ရ လေ၏။ ယတြာကို ညွှန်ပြခဲ့ရလေ၏။ ဆောင်ကို တွက်ချက်ညွှန်ပြခဲ့ရလေ ၏။ ဆင်းရဲ၍ မတတ်နိုင်သူအချို့တို့အား ကျွန်ုပ်အိတ်ထဲမှ စိုက်ထုတ်အကူအညီ ပေးရသည်များလည်း ရှိခဲ့ဖူးလေ၏။ ထို့ ကြောင့် ကျွန်ုပ်နေထိုင်ရာ အရပ်ဒေသ တွင်နာမည်ကောင်း၊ ရပ်ကျော်နယ်ကျော် နာမည်ကောင်း စေတနာရှင်ဆရာတစ် ယောက် ကျွန်ုပ်၏ သတင်းစကားတို့ နှံ့ပျံ့ ကျော်ရှိခဲ့ပေသည်။ ထိုသို့ထိုနယ် ကောင်းသတင်းစကားများအရ စေတနာ ထားခြင်း ကိုယ်ပန်းစိတ်ပန်း ကူညီခဲ့ရ သည်များ များစွာရှိခဲ့ဖူးလေပြီ။ ဟော ပြောသမျှနီးပါး မှန်ကန်ကာ ဆောင်ရွက် ပေးသမျှနီးပါးလည်း အောင်မြင်ခဲ့သည် က များလှသည်ကား။

ဤသို့ဆိုသော် ကျွန်ုပ်ကိုယ်ကျွန်ုပ် ကိုယ်ရည်သွေးစကားဆိုသည်ဟု မမှတ် ယူကြစေလိုပေ။ ခါတော်မီ တတ်ယောင် ကန်း လောကီဆရာအချို့တို့ အကျင့်စ ရိုက်နှင့်မတူ ထူးခြားသည်တို့ကို သိစေ လိုရင်းသာဖြစ်ပါသည်။ သစ္စာစကား လည်းဖြစ်ပါသည်။ တချို့လူပုဂ္ဂိုလ်အချို့ ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလို အပ်ချက်တို့ အဆင်ပြေချောမွေ့မှု ကင်း မဲ့ကြသည်နှင့် ဗေဒင်ဆရာ၊ ဓာတ်ဆရာ၊ နတ်ဆရာ စသည်တို့ထံမှောက်ရောက် ကာ ကယ်တင်ရှင်တစ်ဦးသဖွယ် အား ကိုးကြီးစွာ ဝပ်တွားခယကြလေ၏။ ဆရာမောင်၊ ဘိုးတော်၊ မယ်တော် ယောင်တို့နှင့် ဆုံရသူတို့အတွက် များစွာ စိတ်မကောင်းစရာ ကြုံကြရသည်။ ထို ပုဂ္ဂိုလ်တို့၏ လေကြောင်းတွင် ရေ ကြောင်းသဖွယ် စီးမျောလိုက်ပါခဲ့ကြရ လေ၏။ စိတ်ထားမမှန်သော ပုဂ္ဂိုလ် အတုအယောင်အချို့ကို ယုံမှားမိခဲ့ရာမှ သံပေါ်ရေသွန်ဖြစ်ရပ်မျိုး ကြုံခဲ့ရသူများ လည်း မျက်မြင်နားကြား မနည်းလှပြီ။ ဗေဒင်ပညာအပါအဝင် လောကီပညာ ရှင်အားလုံးကိုဆိုသည်မဟုတ်ပါ။ ကျွန်ုပ် အရည်အချင်းမဲ့ကင်း သီလလည်းမရှိ သော အချို့ကိုသာ ဆိုခြင်းဖြစ်ပါသည်။ ကျွန်ုပ်သည်လည်း ဝါသနာအရ လေ့ လာလိုက်စားခဲ့ကာ စေတနာမေတ္တာ ထား ကူညီခြင်းသာဖြစ်ပေသည်။ ဗေဒင် လက္ခဏာ ဟောပြောခန်းဟူ၍ ဆိုင်း ဘုတ်ကိုပင် မတင်ထားခဲ့ပေ။ သို့သော် လည်း လူသတင်းအား လူချင်းဆောင်ခဲ့ လေပြီ။ ဗေဒင်တွက်ကာ မိတ်ဟောင်း မိတ်သစ်တို့ဖြင့် ကျွန်ုပ်၏ဟောခန်းတွင် ဝင်လာမစဲ တသဲသဲ ရှိချေသည်။

အချို့အချို့သော လူပုဂ္ဂိုလ်တို့ များစွာသနားဖွယ်ဖြစ်၏။ ဘယ်နေရာ ဘယ်အရပ်မှာ ဘယ်လိုပုဂ္ဂိုလ်ထူး ပေါ် သည်ဆိုလျှင် အမှားအမှန် ဝေဖန်ပိုင် ခြားနိုင်ခြင်းမရှိဘဲ ထိုပုဂ္ဂိုလ်ထံ ပြေးကြ လေတော့၏။ အများယောင်၍ ယောင် ကြခြင်းသာဖြစ်လေ၏။ ထို့ကြောင့် ကျွန်ုပ်နှင့် ရင်းနှီးခင်မင်သူတို့အား သတိ ပေးစကား ပြောကြားထားခဲ့ဖူးလေပြီ။

"ခင်ဗျားတို့ရဲ့ အခက်အခဲအကျပ် အတည်းကိစ္စများ အဆင်ပြေချော



www.burmeseclassic.com

www.burmeseclassic.com

စေဖို့ အားကိုးအားထားရာတာကိုတော့ ဘာမှမပြောလိုပါဘူး။ ပုဂ္ဂိုလ်ထူးပြောသံကြားလေတိုင်း မျက်စိစုံမှိတ် မယုံသင့်ဘူး။ ဒီလူကပြောရင် ဟုတ်နိုးနိုး၊ ဟိုလူ ကပြောရင်လည်း မှန်လိမ့်နိုးနိုး ဟိုပြေး ဒီလွှား ပင်ပန်းလိုက်ကြတာဗျာ။ ကိုယ့် ရဲ့အားနည်းချက်ကို အညာကိုင်ပြီး ပေဘာက်စား၊ မြှောက်စား၊ ခြောက်စား ဆရာတုများနဲ့တွေ့ပြီး ကျောချမှ မားပြမှန်း သိကြရတာ။ လူလိမ်လူကောက်မှန်းလည်းသိရော ကိုယ့်ရှိရှိသမျှလည်း ကုန်ရလေရော။ ခင်ဗျားတို့ ကောင်းကျိုးကိုလိုလားတဲ့ မိတ်ဆွေကောင်းတစ်ယောက်အနေနဲ့ သတိပေးစကားတော့ ပြောချင်တယ်။ ပုဂ္ဂိုလ်ကလေးမျိုးလေးစားရှိတယ်။ ပုဂ္ဂိုလ်ရဲ့ အဆင်းသဏ္ဍာန် ပုံပန်းလောက်ကိုသာ ကြည့်ပြီး အထင်တကြီး ကြည်ညိုတတ်တဲ့လူစား၊ တခြားလူတွေကာတို့ရဲ့ ချီးကျူးစကားသံကိုသာကြားပြီး ပြောသံကြားရုံမျှနဲ့ ကြည်ညိုတတ်တဲ့လူစား။ စားသောက်နေထိုင်မှုမှာ ခေါင်းပါးစွာ ကျင့်ကြံအားထုတ်သူရယ်လို့ အထင်အမြင်ကြီးစိတ်နဲ့ ကြည်ညိုတတ်တဲ့လူစား၊ နောက်လူစားတစ်မျိုးကတော့ ပုဂ္ဂိုလ်ရဲ့ သီလ၊ သမာဓိ၊ ပညာကို ယုံကြည်လို့ ကြည်ညိုတဲ့လူစားရယ်လို့ လေးမျိုးရှိတယ်ဗျာ။ အဲသံကို ပမာဏပြုပြီး ကြည်ညိုသူတွေက ဆန္ဒရာဂ အလိုကို လိုက်ရတဲ့အတွက် သူ့ရဲ့ အဇ္ဈတ္တသန္တာန်မှာ ဖြစ်နေတဲ့ဂုဏ်နဲ့ မဟိဒ္ဓိမှာဖြစ်နေတဲ့ အကျင့်စရိုက်ကို မသိနိုင်ပေဘူး။ သူများတွေရဲ့ ချီးကျူးဂုဏ်ပြုတဲ့စကားတွေမှာ မျောပါနေတတ်တယ်။ ဒါကြောင့် ခင်ဗျားတို့ ကြည်ညိုအားထားတဲ့ အကြည်ညိုပုဂ္ဂိုလ်ရဲ့ ရုပ်ဆင်းသဏ္ဍာန်ကိုမြင်ရရုံ၊ သူတစ်ပါးရဲ့ ချီးကျူးသံကြားရရုံမျှနှင့် ယုံကြည်သက်ဝင်မိတာမျိုးတော့ မဖြစ်စေချင်ပါဘူး။ သူ့ရဲ့အတွင်းသဘောကို လေ့လာပြီးမှသာ အားကိုးယုံကြည်သင့်တယ်"လို့ ပြောပြခဲ့ရတယ်။ ဒါပေမယ့် လူတချို့ကျပြန်တော့လည်း ခွေးမြီးကောက်ကို ကျည်တောက်စွပ်သလိုပဲ။ ထူးပြီး မဆင်ခြင်ကြပါဘူး။ ကျုပ်ဆီမှာ ဗေဒင်လက္ခဏာ မိတ်ဟောင်းမိတ်သစ်တွေနဲ့ စည်ကားနေတာလည်း ကျုပ်ရဲ့ စိတ်စေတနာမှန်နဲ့ ပို့လွှတ်ထားတဲ့ မေတ္တာတွေကြောင့်အပြင် အောင်ဓာတ်ရရှိစေတဲ့ နဝင်းဓာတ်တိုင် အစီအရင်ကလည်း ပါသေးသကိုးဗျာ။ စိတ်ဝင်စားလို့ရှိရင် လုပ်ကြည့်ပါလား။ အကျိုးမယုတ်ပါဘူး။

ဒီလိုလုပ်ဗျာ။ ဖန်ပုလင်းတစ်လုံးထဲကို ပွင့်နေတဲ့ နှင်းဆီပန်းတစ်ပွင့်ထည့်ရမယ်။ ပန်းက အနီရောင်တော့ ဖြစ်ရမယ်။ နောက် အုန်းညွှန့်တစ်ညွှန့်ထည့်ပြီးရင် ခြင်္သေ့ပုံပါတဲ့ တစ်ဆယ်ကျပ်တန် ငွေစက္ကူတစ်ရွက်ထည့်။ အားလုံးစုံညီထည့်ပြီးတာနဲ့ ပုလင်းရဲ့အဝကို ကြက်သွန်နီဥတစ်လုံးနဲ့ ပိတ်ထားရမယ်။ ဘုရားကျောင်းရဲ့ အလယ်နေရာတည့်တည့်မှာ တင်ထားကပ်လှူရမယ်။ တစ်ခုသော တနင်္ဂနွေနေ့ရဲ့ နေထွက်စအချိန်မှာ ဆောင်ရွက်ရမယ်ဗျာ။ ထူးတာမထူးတာကတော့ ခင်ဗျားတို့ရဲ့ယုံကြည်မှုနဲ့ ဆောင်ရွက်တဲ့အပေါ်မှာပဲ တည်

တယ်။ ကျုပ်လေ့လာမှတ်သား ကို

တွေ့ကိုယ်ကြုံမို့ စေတနာနဲ့ ဖော်

လိုက်တာပါ။ နောက်တစ်ခု စကားထ

ဆောင်ပါးချင်တာကတော့ စိန္တကျော်

ဦးဩရဲ့ ဩဝါဒထူး ပျို့ကဗျာလေးပဲ

ပါတယ်။ ဗေဒင်ဆရာတွေလည်း

သင့်သိထိုက်လို့ မျှဝေပေးလိုက်ပါတယ်

ဒါကတော့ "ဆယ်ပါးရယ်ဘွယ်၊ မှ

ကြောင်းသွယ်ပိမ့်၊ ဉာဏ်ကျယ်ပါလျက်

ပွဲလယ်ချက်ဝယ်၊ နှုတ်ထွက်ယွင်း

ဖွင့်ဆိုမှားအံ့၊ ခစားသူမှာ၊ သူ့လိုရာ

လိုက်နာရလျက်၊ မာနတက်အံ့၊ လ

ဏာမဲ့၊ ချို့တဲ့ဥစ္စာ၊ ဆင်းရဲစွာလျ

ကာမဂုဏ်မှု၊ လုံ့လပြုအံ့၊ ငြိမ်းချမ်း

ယာ၊ နေရပါလျက်၊ သူ့မှာမှီနေ၊ ခ

လေအံ့၊ သားရေလျော့ပါ၊ အိုလည်

လည်း၊ တရားမင်္ဂဖိုလ်၊ မမိုနိုအံ့၊ ရ

ပယ်လှစ်၊ ပြည့်ရှင်ဖြစ်လျက်၊ မှုည

နွမ်း၊ မှူးမတ်သွမ်းနှင့်၊ ချစ်ကျွမ်းဝင်

ရေးတိုင်ပင်အံ့၊ သန့်စင်နွယ်ဓာတ်၊

ဂုဏ်မြတ်လျက်၊ အတတ်မသင်၊

ဝင်မကျွမ်း၊ လော်လီဆွမ်းအံ့၊ မနွမ်း

အင်၊ ယောက်ျားစင်လျက်၊ ချစ်ခင်စို

မယားနိုင်အံ့၊ သုံးဆိုင်ဗေဒင်၊ ကုန်

မြောက်မြား၊ ထုံးနွယ်တွားသည့်၊ ပု

ဖြစ်လျက်၊ အကျင့်ပျက်အံ့၊ ကန့်ကွ

ခြားနား၊ ဤဆယ်ပါးကို အံ့မှားလူတွ

ရယ်ဘွယ်ထင်သည်၊ သည့်ပြင်ရယ်

ရမည်ဝေး . . . "။

www.burmeseclassic.com

# ကောင်းကျိုးပေးချင့် ရွှေအမိတ္တာန်

ဂမ္ဘီရဆရာလှမျိုး(B.Sc)

တစ်နေ့တွင် ကျွန်ုပ်သည် ပုဇွန်တောင်၊ ရေကျော်ဘက်ရှိ ရွှေဘုန်းပွင့်ဘုရားသို့ သွားရောက်ခဲ့ပါသည်။ ရွှေဘုန်းပွင့်စေတီသည် ရန်ကုန်မြို့ရှိ ထင်ရှားသော ဘုရားစေတီများတွင် တစ်ဆူပါဝင်ပါသည်။ နေ့စဉ် နေ့ညမပြတ် ဘုရားဖူးသူများ၊ ပုတီးစိပ်သူများ၊ အမိတ္တာန်ဝင်သူများနှင့် စည်ကားလျက်ရှိပါသည်။

ရွှေဘုန်းပွင့် စေတီဝင်းအတွင်းတွင် ဘုန်းကြီးကျောင်းများလည်း တွေ့ရသည်။ ရှေးယခင်ကတည်းကရှိခဲ့သော ကျောင်းများဖြစ်ပုံရသည်။ ယနေ့ခေတ်တွင် ဘုရားစေတီဝင်းအတွင်း၌ ဘုန်းကြီးကျောင်းများ၊ မတွေ့ရတော့ပေ။ ကျောင်းတန်ဘုရားဆိုသည်မှာ ဒွန်တွဲလျက် တည်ရှိတတ်ပါသည်။

ကျွန်ုပ်လည်း ဘုရားအနီး တန်ဆောင်းတစ်ခုတွင်ထိုင်ပြီး ဘုရားရှိခိုးလိုက်သည်။ ထို့နောက် လွယ်အိတ်ထဲတွင်ပါလာသော ပုတီးနှင့် အရေအတွက်မှတ်သောစက်ကိုထုတ်လိုက်သည်။ နေ့စဉ် အမိတ္တာန်မပျက်စိပ်ရသော သုဂတောပုဒ်တော်ကို ပုတီးစိပ်သည်။ ပုတီး ၁၀ ပတ်စိပ်ပြီးသောအခါ မေတ္တာပို့ခြင်းအလုပ်ကို လုပ်သည်။

ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ်လှည့်၍ ပူဇော်သည်။ ဘုရားဝင်းမှာ ကျဉ်းသော်လည်း အတော်စုံနတ်စုံရှိသည်။ ဝိဇ္ဇာဓာတ်နန်း၊ ရှင်သီဝလိ၊ ရှင်ဥပဂုတ္တရဟန္တာ၊ ရွှေဘုန်းပွင့်ဘိုးဘိုးကြီး၊ ဆုတောင်းပြည့်ဘုရားတန်ဆောင်း၊ ဗိမာန်၊ ရုံခန်း၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများ၊ ဖြတ်ရှစ်ခွင်ရုပ်ပွားတော် စသည်တို့ကို သူနေရာနှင့်သူ နေသားတကျ ပြုလုပ်ထားပါသည်။ ဘုရားရှိခိုးပူဇော်ပြီးသောအခါ ဘုရားအနီးရှိ ဗေဒင်ဟောခန်းတစ်ခန်းသို့ ဝင်ရောက်နှုတ်ဆက်လိုက်သည်။ ရွှေဘုန်းပွင့်စေတီအနီးတွင် ဗေဒင်ဟောခန်းများ တန်းစီနေသည်။ လက္ခဏာပညာ၊ နက္ခတ်ပညာ၊ နဝင်းပညာ၊ အကြားအမြင်ဆန်းကျမ်း စသည်ဖြင့် နည်းအမျိုးမျိုး ဟောနေသော ဆရာ/ဆရာမ များရှိသည်။ ကျွန်ုပ်လည်း ခင်မင်ရင်းနှီးသော ဆရာအောင်ထံ ခေတ္တဝင်လည်လိုက်သည်။ ဆရာအောင်မှ "ဆရာမျိုး…မရောက်တာကြာပြီနော်။ အလုပ်အကိုင်တွေ အဆင်ပြေလား"ဟု စတင်နှုတ်ဆက်သည်။ ကျွန်ုပ်လည်း "ပြေပါတယ်ဆရာ"ဟု ပြန်ပြောကာ နှုတ်ဆက်လိုက်သည်။ ၎င်းမှ လက်ဖက်ရည်သောက်မလားဟု မေးသည်။ မသောက်တော့ပါဘူးဟု ပြောသောအခါ ရေနွေးထည့်ပေးသည်။ ကျွန်ုပ်လည်း ရေနွေးတစ်ခွက်သောက်ပြီး ဆရာအောင်နှင့် ဂမ္ဘီရအကြောင်း၊ ဘာသာရေးအကြောင်း ဟိုရောက်ဒီရောက် ပြောဆိုကြသည်။ ထိုသို့ပြောဆိုရင်း အမိတ္တာန်အကြောင်း ရောက်သွားသည်။

"ဆရာမျိုးထုတ်ထားတဲ့ ရွှေတိဂုံအမိတ္တာန်စာအုပ်က တော်တော်စုံတာပဲ"ဟု ပြောသည်။ ကျွန်ုပ်မှလည်း လမိုင်းအတွင်းမှာ အုပ် ၁၀၀၀ ကုန်သွားလို့ နောက် ဒုတိယအကြိမ် အုပ် ၁၀၀၀ ထပ်ရိုက်ရတာလေဟု ကြော်ငြာသလို၊ ကြွားသလိုလိုပြောလိုက်သည်။ ဗေဒင်ဆရာ ၁၀ ယောက်မှာ ကိုးယောက်မှာ ကြွားငါပြောဆိုတတ်သည်။ တစ်နေ့ ၅၀၀၀ ကျပ်လောက်ရလည်း ဒီနေ့စင် ငွေ ၅၀၀၀၀ ကျပ်ရတယ် ၊ ဆယ်ဆလောက် ပိုပြောတတ်သည်။ မဇ္ဈိမစာပေမှ ထုတ်ဝေသော ရွှေတိဂုံအမိတ္တာန်နှင့် ဓာတ်ကြီးလေးပါးစာအုပ်မှာ နှစ်ကြိမ်ထပ်ရိုက်ထုတ်ဝေရပါသည်။

ဆရာအောင်မှ "အမိတ္တာန်ဆိုင်ရာ သတိရတာ ပေးလိုက်ဦးမယ်"ဟုဆိုကာ သူ့ဓါတ်စာအုပ်စင်မှ စာရွက်တစ်ရွက် ရှာပေးပါသည်။

"ရွှေ"အမိတ္တာန်ပါ။ ကိုယ်တိုင်လည်း ကျင့်လို့ရတယ်။ ဆောင်းပါးရေးလို့လည်းရတယ်ဟု ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်လည်း ကျေးဇူးတင်ကြောင်းပြောဆိုပြီး ပြန်လာပါသည်။ အိမ်ရောက်မှ သေချာဖတ်ကြည့်သည်။ စိတ်ဝင်စား၍ အိမ်ဘုရားရှေ့မှာပင် အဓိဋ္ဌာန်ဝင်လိုက်သည်။ ကောင်းကျိုးသုခ ချက်ချင်းရသည်။ ဆရာအောင်မှ "အကျိုးထူးတယ်ဗျာ။ ကျွန်တော်ကတော့ ရွှေဘုန်းပွင့်မှာပဲ အဓိဋ္ဌာန်ဝင်တယ်"ဟု ပြောဆိုပါသည်။

## ရွှေအဓိဋ္ဌာန်

(၁) ဘုရားပင့် - ဘဝသုံးပါးတွင် ဘုရားစင်စစ်ကေန်ဖြစ်တော်မူသော ဂေါတမမြတ်စွာဘုရားသည် ဘုရားတပည့်တော်၏ အိမ်ဂေဟာ ဂန္ဓကုဋိဘုရားဆောင်အတွင်း၌ အမြဲမပြတ် သီတင်းသုံးစံနေတော်မူပါဘုရား။ ပါဠိ (အင်္ဂီရသဿဥဏ္ဏာယ၊ ဒါဌာပဟိ သေတရံသိယော ဝဇီရဝ ဝိရောစန္တိ ဝိနေ မေ ဌာတု သီသကေ)ဟု ဆို၍လည်းရသည်။ ဘုရားစေတီတွင် အဓိဋ္ဌာန်ဝင်ပါက ပါဠိဘုရားပင့် ရွတ်ဆိုပါ။ ဘုရားတပည့်တော်၏ ဦးခေါင်းထက်၌ ရပ်တန့်တည်နေတော်မူပါ။ ကြွရောက်သီတင်းသုံးပါဟု အနက်ရသည်။

(၂) ဘုရားကန်တော့ (ဩကာသ)ဖြင့် ကန်တော့ပါ။

(၃) ငါးပါးသီလ ခံယူပါ။ (တိသရဏေနသဟ ပဉ္စသီလံသမာဓိယာမိ) သုံးခေါက်ရွတ်ဆိုပါ။

(၄) ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ကို ရည်မှန်း၍ အောက်ပါဂါထာကို ရွတ်ဖတ်ပူဇော်ပါ။

ဝိနော သမ္ဗွံ ပဇာနာတိ၊ ဥေယျမဓ္ဓံ ယထာတထံ။
သဗ္ဗညုတ ဉာဏဝန္တံ တာဟံ ဝန္ဒေ အနုတ္တရံ။

ယောဝိနော-ယုဉ်လာပြိုင်တု သူ့ထက်သာလွန်၊ တံခွန်လွှင့်တင်၊ အကြင်ဘုရားမြတ် အောင်ဘုရင်သည်၊ သမ္ဗွံဥေယျမဓ္ဓံ-သိဖွယ်သိစရာ အပြားပြားအဖုံဖုံ ဥေယျစံတရားအလုံးစုံကို၊ ယထာတထံ-အမှားမရှိ တိကျကေန် အမှန်တိုင်းသာ၊ ပဇာနာတိ-ဘယ်နတ်ဘယ်သူ့ ဘယ်ဘယ်သူမျှ မတူနိုင်ရာ မနိုင်းသာသည့် ပါရမီရှိချေ၊ သိတော်မူပါပေ၏။ သဗ္ဗညုတဉာဏဝန္တံ သဗ္ဗညုတာ-သူငါမဆက်ဆံ၊ ဉာဏ်တော်မြတ်ရှိတော်မူသော၊ အနုတ္တရံ-ရှင့်ထက်သာသူ နတ်လူပြဟ္မာ ကမ္ဘာအနန္တ ရှာမရ၍ တစ်လောကလုံး အမြတ်တန်း ဖြစ်တော်မူသော၊ တံဝိနံ-အောင်ပွဲအတန်တန် ဘိသက်ခံလျက် အောင်တံလွှင့်ထူ ထိုအောင်တော်မူ မြတ်စွာဘုရားကို၊ အဟံ-အဆင့်ဉာဏ်များ လွန်နည်းပါး၍ ဘုရားမြတ်ဉာဏ်ထူးကဲဟန်ကို ဖန်ဖန်ကြည့်မျှော် တပည့်တော်သည်၊ ဝန္ဒေ ဝန္ဒာမိ-သဗ္ဗညုတဉာဏ်မဟာကို ဖန်ခါခါမှ အာရုံယူလျက် ပူဇော်မြတ်နိုး ဦးညွတ်လျှိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။

(၅) ဣတိပိသော ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဓမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါတိ ဟူသော ဘုရားဂုဏ်တော်ကို ကိုးခေါက် ပူဇော်ပါ။

(၆) အောက်ပါဂါထာဖြင့် ဘုရားရှင်အား ရည်မှန်း၍ ကိုးခေါက် ရွတ်ဖတ်ပူဇော်ပါ။

စက္ကာရော ပထမဉ္စာယံ၊ စက္ကာရော သိန္ဓိဌာပနံ။
စက္ကာရော သုခကာရေတိ၊ စက္ကာရော နိဗ္ဗာန ပစ္စယော။

(၇) အောက်ပါဂါထာတော်ကို ကိုးခေါက် ရွတ်ဖတ်ပူဇော်ပါ။

တဟိံ တဟိံ ပါရမီ သဉ္စယံ စယံ၊
ဂတံ ဂတံ သမ္ဘိသုခပ္ပဒံ ပဒံ၊
နရာ နရာနံ သုခ သမ္ဘဝံ ဘဝံ၊
နမာ နမာနံ တိနပုဂ်ဝံ ဂဝံ။

(၈) ပြောင်းနမောဗုဒ္ဓါယ၊ သဗ္ဗ သိဒ္ဓိအရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရောပုရိသဓမ္မသာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါတိ၊ သဗ္ဗေပြဟ္မာ သဗ္ဗေဒေဝီဒေဝါ သဗ္ဗေ ဝိဇ္ဇာစရာ သဗ္ဗေသတ္တာ သုခိတာ ဟောန္တု ဒုက္ခမုစ္စန္တု။

(၉) မ-မေတ္တာစ -

မဟာရာဇာ သဗ္ဗသိန္နေဟာစ
ပူဇိတံ သဗ္ဗဂုဏ ဖောဓိယာနံ
အတိမေတ္တံ အတိလာဘံ အတိ ပိယံ
ဒသသ ဒိသံ အာဂစ္ဆန္တု။

(၁၀) အ-မေတ္တာစ -

မဟာရာဇာ သဗ္ဗေသိန္နေဟာစ



www.burmeseclassic.com

www.burmeseclassic.com

ပုဗ္ဗိတံ သဗ္ဗဂုဏာ ပေတဓိယာနံ
အတိမေတ္တံ အတိလာဘံ အတိ ဝိယံ
ဓသာ ဒီသံ အာဂစ္ဆန္တု။

(၁၁) ဥ-မေတ္တာစ-
မဟာရာဇာ သဗ္ဗေသိန္နေဟာစ
ပုဗ္ဗိတံ သဗ္ဗဂုဏာ ပေတဓိယာနံ
အတိမေတ္တံ အတိလာဘံ အတိ ဝိယံ
ဓသာ ဒီသံ အာဂစ္ဆန္တု။

(၁၂) မေတ္တာသုတ် ရွတ်ဖတ်ပူဇော်၍ မေတ္တာပို့ပါ။ သို့မဟုတ် အောက်ပါ မြန်မာပြန်မေတ္တာပို့သရန်ကို ရွတ်ဖတ်ပူဇော်ပါ။

- လုံးစုံများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
- ကြောက်တတ် မကြောက်တတ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
- မြင်အပ် မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
- ဘဝဇာတ်ဆုံး မဆုံးများစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေးကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
- ရှည်တိုအလတ် သုံးရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
- ကြီးငယ်အလတ် သုံးရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေးကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
- ဆူကြုံအလတ် သုံးရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေးကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
- လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
- အထင်သေးခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။
ဥပဒ်ရန်ဘေးကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
- ဆင်းရဲလိုခြင်းအချင်းချင်း ကင်းရှင်းကြပါစေ။
ဥပဒ်ရန်ဘေးကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

(၁၃) အမျှဝေပါ။

မှတ်ချက် ။ ။ အဓိဋ္ဌာန်ယူမည့်ရက်ကို မိမိတတ်နိုင်သရွေ့ ၉-၁၈-၂၇-၃၆-၄၅-၅၄-၆၃-၇၂-၈၁-၉၀-၁၀၀ ရက် ဟု ယူပါ။

မြတ်စွာဘုရားထံ ဘယ်ညာ ဆီမီးနှစ်တိုင် ပူဇော်ပါ။ အမွှေးတိုင် လုံးဝမပူဇော်ရပါ။

ပုတီးစိပ် အဓိဋ္ဌာန်ပွားများလိုသူများအတွက် "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" အထက်ပါ ဂါထာတော်ကို စနေနေ့မှစ၍ ဗုဒ္ဓဟူးနေ့အထိ တစ်နေ့လျှင် ငါးပတ်စီနှင့် ကြာသပတေး၊ သောကြာနေ့များတွင် တစ်ပတ်စီစိပ်ပါ။

ရွှေပါသော ဘုရားစေတီ (ရွှေတိဂုံ၊ ရွှေဘုန်းပွင့်၊ ရွှေမုဋ္ဌော)ဘုရားမှာလည်း အဓိဋ္ဌာန်ဝင်နိုင်ပါသည်။ ဤရွှေအဓိဋ္ဌာန်ကို ကြည်သာအေးမြကျောင်းတိုက်၊ ကြည်သာအေးမြဆရာတော်၊ ခေတ္တရာမြို့သစ်၊ ပြည်မြို့မှ ချီးမြှင့်ပေးထားခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဤအဓိဋ္ဌာန်ကို အနည်းဆုံး ကိုးရက် စတင်ဆောင်ရွက်ကြည့်ပါ။ လိုရာဆန္ဒပြည့်ဝမည်။ ၁၈၊ ၂၇ ရက်ဝင်ပြီး အကြွေးငွေတွေပြန်ရသည်။ ငွေအစုလိုက်ဝင်သည်။ ယိုးဒယားထီ၊ မြန်မာထီ၊ စင်ကာပူထီတွေ ပေါက်ကြသည်။ ရာထူးပစ္စည်းဝင်မည်။ လာဘ်ရှင်လာဘ်ဝင်စေသော အဓိဋ္ဌာန်ဖြစ်သည်။ လက်တွေ့ဆောင်ရွက်ကြည့်ကြပါဟု တိုက်တွန်းအပ်ပါသည်။

*ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ . . .*

ဝဏ္ဏိရဆရာလှမျိုး(B.Sc)



www.burmeseclassic.com

www.burmeseclassic.com

# ကွမ်ရင်မယ်တော်ဘုရားရှိခိုး

■ မောင်ပုတ်စည်

မိတ်ဆွေ အထက်တန်းကျောင်း အုပ်ဆရာမကြီးတစ်ဦးက စကားစပ်မိရင်းပြောတယ်။ ကျွန်မ ကွမ်ရင်မယ်တော်ကြီးကို ပန်းတွေ၊ ဆီမီးတွေလှူပြီး ဆုတောင်းတာ တော်တော်လေးထူးခြားပြီး သိသိသာသာ ဆုတောင်းပြည့်တယ်။ ဖြစ်နိုင်တာမျိုးပေါ့နော်။ မဖြစ်နိုင်တာကို လောဘနဲ့တောင်းတဲ့ ဆုတောင်းမျိုးတော့လည်း မဟုတ်ဘူးပေါ့တဲ့။

" ဒါပေမယ့်ရှင် စနစ်တကျ ဘယ်လိုဝတ္ထုပစ္စည်းမျိုးတွေကို လှူရမယ်၊ ရှိခိုးဝတ်ပြုတဲ့အခါ ဘယ်လိုဆိုပြီး ရှိခိုးရမယ်ဆိုတာမသိလို့ ရိုးရိုးပဲ အမေကွမ်ရင်မယ်တော်ကြီးကို လှူဒါန်းပူဇော်ပါတယ်။ ဘယ်ကိစ္စ အောင်မြင်ပါစေပေါ့။ ဒါကြောင့် ဆရာသိရင် ပြောပြစမ်းပါဆိုပြီး ပြောလာတယ်။

ဟုတ်ပါတယ်။ ကွမ်ရင်မယ်တော်ဆိုတာ တရုတ်လူမျိုးအများစုအတွက် အမြတ်ထားကိုးကွယ်တဲ့ ဆုတောင်းပြည့်မယ်တော်ဘုရားဆိုပါတယ်။ ဒါပေမယ့် တရုတ်လူမျိုးများသာမက မြန်မာဗုဒ္ဓဘာသာ ဗမာလူမျိုးများလည်း အလားတူ ကိုးကွယ်ကြပါတယ်။

ဒါကြောင့် ဆရာမကြီးမေးတာကို ဆုတောင်းပူဇော်လှူဒါန်းတာသာမက သမိုင်းဖြစ်စဉ် အကျဉ်းချုပ်ကိုပါ လေ့လာသိရှိသမျှ အောက်ပါအတိုင်းပြောပြပေးလိုက်ပါတယ်။

တကယ်တော့ ကွမ်ရင်မယ်တော်ဟာ သာမန် ကျေးလက်တောသူလေးတစ်ဦးသာ ဖြစ်ပါတယ်။ တရုတ် ၂ လပိုင်း အင်္ဂလိပ်(March)လမှာ တရုတ်ပြည် တောကျေးလက်ရွာတစ်ရွာတွင် မွေးဖွားသန္ဓေစင်ခဲ့တယ်။ တရုတ် ၉ လပိုင်း။ (အင်္ဂလိပ် October)လမှာ တောထွက်ခဲ့တယ်။

ဘာသာ သာသနာရေးဘက်မှာ အထူးထုံမွှေးပျော်မွေ့လှလွန်းတဲ့အတွက်ကြောင့် ဗုဒ္ဓမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ကျင့်စဉ်အတိုင်း ကျင့်ကြံပွားများ အားထုတ်ခဲ့ရာ တရုတ် ၆ လပိုင်း (အင်္ဂလိပ် July)လမှာ တရားရရှိခဲ့တယ်။

တရားသဖြင့် ကောင်းမွန်မှန်ကန်တဲ့ဆုများ တောင်းတဲ့အခါ ဆုတောင်းပြည့်လွန်းတဲ့အတွက် "ဆုတောင်းပြည့် ကွမ်ရင်မယ်တော်ဘုရား" လို့တောင် ယုံကြည်ကိုးကွယ်ကြပါတယ်။ ကွမ်ရင်ဆို တဲ့ အဓိပ္ပာယ်ကိုက ကမ္ဘာလောကကြီးကို ကရုဏာတော်ဖြင့် အမြဲစောင့်ရှောက်ကြည့်ရှုနေတဲ့ မဟာကရုဏာအရှင်လို့ အဓိပ္ပာယ်ရပါတယ်။

ပန်းအိုးနှစ်အိုးထားပါ။ ဖယောင်းတိုင် အနီရောင်နှစ်တိုင်ပူဇော်ပါ။ (အပြာရောင် လုံးဝမထွန်း၊ မပူဇော်ရ)။ သစ်သီးသုံးမျိုးဖြစ်စေ၊ ငါးမျိုးဖြစ်စေ ကပ်လှူပါ။ ကြွေပန်းကန်၊ သံပန်းကန်မှာသာထည့်ပါ။ (မာလကာသီး လုံးဝမပူဇော်ရ။) မုန့်များကပ်လှူလိုပါက အလားတူ ကပ်လှူနိုင်ပါတယ်။ (သက်သတ်လွတ်မုန့်များသာ ဖြစ်ရပါမယ်။) သောက်တော်ရေချမ်း သုံးခွက်ဖြစ်စေ၊ ငါးခွက်ဖြစ်စေ လှူပါ။ အမွှေးတိုင်သုံးတိုင်ကို မီးထွန်းညှိ၊ လက်နှစ်ဖက်ယှက်ကိုင်၊ ရိုသေလေးစားစွာ ဒူးထောက်ပူဇော်ပြီး မိမိလိုရာဆုကို ယုံယုံကြည်ကြည်ဆုတောင်းရမယ်။ နှုတ်က ဆိုရမှာကတော့ "နာမော ကွမ်စီရင်ပူဆ သုံးခေါက်၊ နမောကွမ်စီရင် ပူဆသုံးခေါက်၊ န-မော-ကွမ်-စီ-ရင်-ပူ-ဆ တစ်ခေါက် အားလုံး ခုနစ်ခေါက် ဆိုရပါမယ်။ နောက်ပိတ်ဆုံးတစ်ခေါက်ကျတော့ တစ်လုံးချင်းခွဲပြီးဆိုပါ။ အဲဒါ မယ်တော်ဘုရားရှိခိုးပါ။ တရားသဖြင့်ဖြစ်တဲ့ မှန်ကန်တဲ့ဆုတောင်းများသာ ဖြစ်ရမယ်။ ဒါကို အထူးသတိပြုပါ။ မတော်မတရား မမှန်ကန်တဲ့ တစ်ယောက်တစ်ယောက် အပြိုးအမျက်နဲ့ အောက်လမ်းဆန်ဆန် အတိုက်အခိုက် ဆုတောင်းမျိုးတောင်းခဲ့ရင်တော့ ဆုတောင်းမပြည့်တဲ့အပြင် ကိုယ့်စေတနာ ကိုယ့်အကျိုးပေးပြီး ခံစားရတတ်ပါတယ်။

ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပွင့်ဘုရားမှာ ယခင်နိုင်ငံတော်သမ္မတကြီး ဦးစန်းယုနဲ့ဇနီး လှူဒါန်းထားတဲ့ ကွမ်ရင်မယ်တော်ကြီးရုပ်တုကို ဖူးတွေ့လှူဒါန်းပြီး ဆုတောင်းနိုင်ပါတယ်။

တာမွေရွှေခုံတိုင်ရပ်၊ ငါးထပ်ကြီးဘုရားရှေ့ မျက်နှာချင်းဆိုင်နား၊ ခြောက်ထပ်ကြီးဘုရားနံဘေး၊ ရေဆန်သစ်တောကြီးဘုရားတွေရှိတဲ့ ဖောင်တော်ဦးဘုရားဝင်းထဲမှာလည်း ကွမ်ရင်မယ်တော်ရဲ့ရုပ်တု(Life Sige) လူအရွယ်နီးနီး ရုပ်တုတစ်ဆူရှိတယ်။ အင်မတန် စိတ်ချမ်းမြေ့စရာ ဖူးတွေ့နိုင်ပါတယ်။ ဝတ်ပြုဆုတောင်းနိုင်ပါတယ်။

ကမာရွတ် သံလမ်းဘက်မှာလည်း မယ်တော်ကွမ်ရင်ရဲ့ ကျောင်းတော်တစ်ခုလည်း တွေ့မိပါတယ်။ တခြားနေရာ အနှံ့ အပြားမှာလည်း ရှိကြမှာပါ။ အဲဒီထဲကမှ တချို့ကတော့ ပုဇွန်တောင်၊ ရွှေဘုန်းပွင့်ဘုရားက ယခင်နိုင်ငံတော်သမ္မတကြီး ဦးစန်းယုနဲ့ဇနီးလှူထားတဲ့ ကွမ်ရင်မယ်တော်မှာဆုတောင်းရတာကို ပိုနှစ်သက်ကြတယ်။ ဘာကြောင့်လဲဆိုတော့ ရုပ်တုက သမ္မတကိုယ်တိုင်လှူဒါန်းထားတဲ့ရုပ်တု။ ရွှေဘုန်းပွင့်ဆိုတော့ အပွင့်ဓာတ်ကောင်းတယ်။ အစစအရာရာ ပွင့်ဖြိုးတယ်ဆိုတဲ့သဘောနဲ့ လှူဒါန်းဆုတောင်းကြတာ အများဆုံးတွေ့ရပါတယ်။

မိမိတို့နှစ်သက်သလို လှူဒါန်းပူဇော်ပြီး ဆုတောင်းနိုင်ကြပါစေကုန်သတည်း။

မောင်ပုတ်စည်



www.burmeseclassic.com

www.burmeseclassic.com

# အဲ့ဖွယ်ထူးဆန်း ဂမ္ဘီရမှတ်တမ်းများ

မျိုးသန်းထွန်းကို(ရေစကြို)

စာရေးသူအနေဖြင့် စာဖတ်သက်တမ်းတစ်လျှောက်၊ မှတ်တမ်းဘဝတစ်လျှောက်တွင် နေရာဒေသမျိုးစုံ၊ လူမျိုးစုံ၊ ဘာသာစုံတို့ဖြင့် တွေ့ခဲ့ရပါ၏။ ထိုသူတို့ထံမှ ဂမ္ဘီရအတွေ့အကြုံများကို စာဖတ်ပရိသတ်ကြီးထံ ထုတ်နုတ်ဖော်ပြအပ်ပါသည်။

ထူးခြားတဲ့တွေ့ရှိချက်တစ်ခုကတော့ အသက်ရှည်ရေး၊ အနာမဲ့ရေး နည်းလမ်းကောင်းလေးတစ်ခုလည်း ရေးသားတင်ပြလိုပါ၏။ ကျွန်တော့်အဖေ၏အစ်ကို ဗသက (၂၁)ကျောင်းဆင်း ဗိုလ်မှူးကျော်ရင်၏ အတွေ့အကြုံနှင့် ယှဉ်တွဲဖော်ပြပါဦးမည်။ ဤဦးကြီးမှာ ၁၀ တန်းအောင်တော့ ခဲတော်ဖြူတွေတော်လှန်ရန် တပ်သားအဆင့်ဖြင့် တပ်ထဲဝင်ရောက်ခဲ့၏။ တပ်သားဘဝမှ ယခုအဆင့်ထိ လစဉ်အမြဲဖြစ်သူကို လစာငွေမှ အချို့ကို*ကန်တော့၏။ ယခုအချိန်ထိ မိဘကို အလုပ်ကျွေးပြုစုရသော ကောင်းမှုကုသိုလ်ကံကြောင့် စီးပွားရေးတိုးတက်ခြင်း၊ အသက်*၈၀ ကျော်သည်အထိ ကျန်းမာရေးကောင်းမွန်ခြင်း၊ အသက်ရှည်ခြင်း အကျိုးကျေးဇူးများကို ရရှိလျက်ရှိ၏။ ကူညီမစ ညှာသူ ပေါ်များခြင်း၊ ငွေကြေးဥစ္စာပေါ်များခြင်း၊ စိတ်ချမ်းသာကိုယ်ကျန်းမာ၍ ဘဝမှာ ပျော်ရွှင်စွာဖြင့် ဖြတ်သန်းလျက်ရှိပါ၏။ ကျွန်တော်လည်း ၂၀၀၈ ခုနှစ်တွင် တပ်မတော်မှ ဗိုလ်မှူးအဆင့်ဖြင့် အငြိမ်းစားယူခဲ့ရာ ပင်စင်လစာငွေ ၁၁၇၀၀၀ ကျပ် ရရှိပါ၏။ အဆိုပါပင်စင်ငွေအားလုံးကို အသက် ၇၅ နှစ်ရှိ ကျွန်တော်၏မိဘနှစ်ပါးကို မိဘများ၏တစ်သက် လှူဒါန်းထားပါ၏။ မိဘများမှာလည်း ကျန်းမာပျော်ရွှင်ပြီး၊ ကျွန်တော်လည်း အနန္တရာယ်ကင်းရှင်းပြီး စီးပွားလာဘ်လာဘများ တိုးတက်လျက်ရှိပါ၏။ စာဖတ်ပရိသတ်များလည်း ကိုယ်နိုင်သလောက် မိဘများကို ကျွေးမွေးပြုစုပါ။ လက်တွေ့အကျိုးထူးပါလိမ့်မည်။

နောက် ကျန်းမာရေးကောင်းမွန်စေမည့် ကုသိုလ်တစ်ရပ်ကတော့ နေအိမ်ရှိဘုရားကို ဆေးဝါးများလှူပါ။ သံဃာတော်များတို ဆေးဝါးလှူပါ။ ကျန်းမာသုခဖြင့် ပြည့်စုံပါလိမ့်မည်။ သာသနာသက္ကရာဇ် ၂၅၀၀ ကျော်သော သိကြားသာသနာဟာ ဆုတ်ကပ်ဖြစ်ပါ၏။ ကောင်းတာလုပ်ရင် ကောင်းတာ ချက်ချင်းအကျိုးပေးတတ်၏။ မကောင်းတာလုပ်ရင် မကောင်းမှုက ချက်ချင်းကျရောက် ၏။ ဘယ်သူ တရားပျက်ပျက် ကိုယ်မပျက်ဖို့ အရေးကြီးပါ၏။ ယခုအချိန်ဟာ သဘာဝဘေးဒဏ်များနှင့် ကပ်ကြီးသုံးပါး ဒဏ်တို့က နေရာအချို့၌ ကျရောက်နေပါ၏။ အဆိုပါ ဘေးဒဏ်များမှ ကင်းလွတ်အောင် ကုသိုလ်တစ်ခုတော့ အမြဲရှိနေရန် လိုအပ်ပါ၏။

အနည်းငယ် နေ့စဉ် နေအိမ်ဘုရားတွင် ဆွမ်း၊ရေ ချမ်း၊ပန်း ကပ်လှူခြင်း၊ တရားထိုင်၊ ပုတီးစိပ်ခြင်း၊ သံဃာတော်များကို ဆွမ်းလောင်းလှူခြင်း၊ မိဘနှစ်ပါးကို လုပ်ကျွေးပြုစုခြင်း၊ ဘာသာရေး သာသနာရေးအတွက် တတ်နိုင်သလောက် အလှူအတန်းများ ပြုလုပ်ခြင်း၊ အရာရာကို ကိုယ်ချင်းစာတရားထားပြီး လွှတ်လပ်ခြင်း၊ ညီမျှခြင်း၊ မျှတခြင်းဟု ခေါ်ဆိုအပ်သော လောကပါလတရား ခုနစ် ပါးနဲ့အညီ ကျင့်ကြံနေထိုင်ခြင်း၊ သတိလက်မလွှတ်ဘဲ တရားမှတ်နေထိုင်ခြင်းတို့ဖြင့် သက်တမ်းတိုတောင်းလှသော လူ့လောကကြီးအား ကောင်းမွန်စွာ ဖြတ်သန်းသွားသင့်ပါသည်။

သိသူဖော်စား မသိသူကျော်သွားသည့် ခေတ်ကြီးတွင်



www.burmeseclassic.com

www.burmeseclassic.com

တခေါ်များလည်း လေ့လာလိုက်စားပြီး တပေမှုရသောအသိ၊ သတိတရားများဖြင့် ကျင့်ကြံနေထိုင်သွားသင့်ပါသည်။ အမှားနှင့်အမှန် အဖြူနဲ့အမည်းကို သဲကွဲစွာသိမြင်စေပါသည်။ သိပြီဆိုလျှင် လက်တွေ့လုပ်ဆောင်ဖို့ လိုပါသည်။ လူတို့သည် သက်ရှည်ကျန်းမာလိုကြ၏။ ဒီအတိုင်း ထိုင်နေလို့ကတော့ ဘာမှဖြစ်မလာနိုင်ဘူး။ နည်းလမ်းသိရမည်။ လိုက်နာကျင့်ကြံရသည့် စုဆောင်းခဲ့သည့် ဂမ္ဘီရမှတ်စုလေးများကို ဗဟုသုတဖော်ပြလိုက်ရပါသည်။

## ရှေးခေတ်သူတို့ မိုးအမှတ်

(၁) ရှားပင်ကို သင်္ကြန်ကျသည့်နေ့ ဓားဖြင့်တစ်ထစ်စီ ထစ်ထားပါ။ ပထမမှတ်သည့်အရာ အရည်ထွက်၊ အစေးများလျှင် မိုးကောင်းမည်။ အစေ့နည်းလျှင် မိုးဦးနည်းမည်။ အရည်မရှိလျှင် မိုးဦးမကောင်းဟူ၍ သုံးထစ်ကိုကြည့်၍ မိုးဦး၊ မိုးလယ်၊ မိုးနှောင်းဟု မှတ်ကြသည်။ ဒုတိယထစ်သည် မိုးလယ်၊ တတိယထစ်သည် မိုးနှောင်းဖြစ်သည်။

(၂) သင်္ကြန်ကျမည့်နေ့ အိမ်ကြက်တွန်လျှင် မိုးဦးကောင်းမည်။ တောကြက်တွန်လျှင် မိုးလယ်၊ မိုးနှောင်းကောင်းမည်။ အိမ်ကြက်၊ တောကြက် အညီပြိုင်၍တွန်လျှင် မိုးလယ်ကောင်းမည်။

(၃) မိုးဦးလ သင်္ကြန်တက်ပြီးသည့်နောက် ရွာသည့်မိုးရေကို လျှာနှင့်တို့ကြည့်ပါက စပ်၊ ခါးလျှင် ပိုးမွှားကျ၍ ပျက်မည်။ ချိုလျှင် အသီးအနှံ ဖွံ့ဖြိုးမည်။

(၄) ပေါက်သီးစေ့အနက် လက်ရင်းစေ့မာရင့်အောင်လျှင် မိုးဦးကောင်းမည်။ မအောင်လျှင် မိုးဦးညံ့မည်။ ၎င်းနည်းအတိုင်း အစေ့သုံးစေ့ကို ကြည့်၍ မှတ်ယူရမည်။

(၅) ဘီလားကောင် သစ်ပင်ထက်မှာ ဥဥပါက ယင်းနေရာသို့တိုင် ရေရောက်မည်။ မြင့်လျှင်ကောင်းမည်။ နိမ့်လျှင် မိုးနည်းမည်။

(၆) ပုစွန်တွင်း ကုန်းမြင့်တွင်ပြုလ...လျှင် ရေကြီးမည်၊ နိမ့်လျှင် ရေနည်းမည်။

(၇) ကျီးသိုက်မြင့်လျှင် လေနည်းသည်၊ နိမ့်လျှင် လေထန်မည်။

(၈) ဗိုလုံးငှက် ကျင်းမှာဥလျှင် မိုးကောင်းမည်။ ကုန်းမှာဥလျှင် မိုးမကောင်း။ ၎င်းအသိုက် မျက်နှာပြုသည့်အရပ်မိုးမလာ။ မပြုသည့်အရပ်မှ လာမည်။

(၉) ပုစွန်တွင်းဝ ကျင်းသို့ပြုလျှင် လေထန်[...] တွင်းဝ တောင်အရပ်သို့ပြုလျှင် မိုးကောင်းမည်။ မုံရွေး[...] စုဟုဆိုအပ်သော မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီး[...] မှတ်စုဖြစ်သည်။

## မိုးရွာမည့်နိမိတ်

(၁) ဆားအပေါင်းတို့ အရည်ဖြစ်ခြင်း၊ နေရောင်[...] ခြင်း၊ ပိုး၊ ပုရွက်တို့ အိုးအတွင်းသို့ဝင်ခြင်း၊ ကြည်လင်သော[...] ကောင်းကင်တွင် နေသည့် ထွန်းလင်းလျက်ရှိရာမှ တိမ်[...] ၍သွားခြင်း၊ ညိုသောအဆင်းရှိ၊ ဖြူသောအဆင်းရှိ အ[...] အပိုင်းကြီး လေးငါးခုတို့ဖြင့် နေအိမ်,လအိမ်ဖွဲ့ခြင်း၊ တိမ်[...] တိမ်မည်းတို့ဖြင့် ဥပစာဝန်းကျင်၌ "လေဟောဟော" [...] သောအသံဖြင့် ငါးကြိမ်မိုးခြိမ်းခြင်း၊ ငှက်အပေါင်းတို့သည်[...] ရွှံ့နွံရေတို့၌ ရေချိုးခြင်း၊ ပုရွက်ဆိတ်အပေါင်း သစ်[...] ထက်၌ အုံကြီးစွာဖွဲ့ခြင်း၊ တက်ခြင်း၊ ပျားအုံတို့သည် ထုံ[...] သို့ ဖြူခြင်း၊ အေးသောလေတိုက်ခြင်း။

(၂) မိုးကာလ၌ နေထွက်သောအခါ ပြင်းထန်သော[...] အသံမြည်ခြင်း၊ လွန်စွာပူခြင်း၊ တောင်အပေါင်း မင်အရော[...] ကဲ့သို့ မည်းနက်ခြင်း၊ တောင်ဂူ၊ လိုဏ်တို့မှ ချေးယိုခြင်း[...] ကြက်မျက်လုံးအရောင်ကဲ့သို့ အရစ်အရေးတင်စွာ လအိမ်[...] ဖွဲ့ခြင်း၊ တစ်စုံတစ်ရာသောအကြောင်းမရှိဘဲ ကြက်၊ ပုရွက်[...] ဆိတ်တို့ ပြောင်းရွှေ့ခြင်း၊ မြွေတို့ သစ်ပင်ထက်ကို တက်[...] ခြင်း၊ နွားအပေါင်းခုန်လွှားမြူးထူးခြင်း လက္ခဏာပြလျှင်[...] မိုးရွာတော့အံ့။

(၃) ပဒုမ္မာကြာတို့သည် လျင်မြန်စွာပွင့်ခြင်း၊ ည[...] အခါ မိုးခြိမ်းသံပြင်းထန်ခြင်း၊ ရေ၌ နီသောအဆင်း[...] လာခြင်း၊ လျှပ်စီးများပြက်ခြင်း၊ သက်တံ့များဖြစ်ပေါ်ခြင်း[...] အရှေ့အရပ်မှ အေးသောလေပွေထခြင်း၊ နွယ်ပင်တို့[...] အညွန့်သည် အထက်သို့မော့လျက် တည်ခြင်း။ ဤ[...] လက္ခဏာသည် လျင်မြန်စွာမိုးရွာအံ့။

(၄) အလွန်မည်းနက်သော တိမ်တို့သည် နေကို[...] လွှမ်း၊ တိမ်ပုပ်အလယ်ကွက်၌ မည်းနက်လျက် ရေပေါ[...] များယိုခြင်း၊ တိမ်သည်ကျောက်ကဲ့သို့ အဆင်းရှိခြင်း[...] တိမ်သည် အရှေ့အရပ်မှ အနောက်အရပ်သို့ ဝေးနှင့်အ[...]



www.burmeseclassic.com

www.burmeseclassic.com

ထားခြင်း ဤလက္ခဏာသည် မိုးသည်းထန်စွာရွာအံ့။

(၅) အထက်ကောင်းကင်၌ တစ်တီတူးကဲ့သို့ အရောင်အဆင်းဖြင့် မှိုင်းအုံ့အုံ့ရှိခြင်း၊ ငှက်အပေါင်းတို့ ဝမ်းမြောက်သဖြင့် မြည်တွန်ခြင်း၊ နေထွက်နေဝင်ချိန် မြူးထူးခြင်း၊ နေထွက်နေဝင်ချိန် နေ၏အရောင်တို့ပြင်းထန်ခြင်း (လျှပ်မြက်စွာ မိုးရွာတတ်)။

(၆) ပုတ်သင်ညိုတို့သည် သစ်ပင်ခေါင်ဖျားသို့ တက်ခြင်း၊ နွားတို့သည် စားကျက်သို့သွားချိန်၌ ခြံမှမထွက်လိုခြင်း၊ ဖားတို့သည် အကြိမ်များစွာ အော်မြည်ခြင်း၊ ငါးတို့သည် ကုန်းမြင့်ရာသို့တက်လာခြင်း၊ ကြောင်တို့သည် လက်သည်းဖြင့် ပြင်းထန်စွာကုတ်ခြစ်ခြင်း၊ ကလေးသူငယ်များသည် လမ်းများ၌ တတားခင်း၍ ကစားခြင်း၊ ကြေးနှင့်သံတို့၏ အနံ့သည် ဆိုးရွားစိမ်းရွှေစော်နံခြင်းဖြစ်လျှင် မကြာမီမိုးရွာအံ့။

(၇) ပုရွက်ဆိတ်တို့သည် မိမိတို့ တွင်းထဲ၌ လှောင်ထားသော ဆန်ကျိုး၊ ဆန်ညာဟူသမျှကို တွင်းအပြင်ဘက်သို့ ထုတ်ပစ်၍ပုံထားမှု မိုးလည်းကောင်းအံ့။ စပါးဆန်ရေပေါများအံ့။

(၈) အနောက်တောင်အရပ်မှ လေတိုက်ခတ်သော်လည်းကောင်း၊ မိုးတိမ်တို့သည်လည်း ကျီး၏ဝမ်းဗိုက်အရောင်အဆင်းကဲ့သို့ ရှိသမျှကာလ ပတ်လုံးသော်လည်းကောင်း မိုးမရွာသေးဟုမှတ်ပါ။

(၉) ကျီးငှက်တို့သည် သစ်ပင်မြင့်၌ အသိုက်ပြုလုပ်မှု မိုးကောင်းအံ့။ နိမ့်ရာ၌လုပ်သော် လေထန်အံ့။

(၁၀) ငှက်တို့သည် ရေကမ်းစပ်နားရှိ သစ်ပင်နိမ့်ရာအရပ်၌ အသိုက်ပြုလုပ်လျှင်လည်းကောင်း၊ ပုရွက်စွတို့သည် မြင့်နိမ့်ရာကမ်း၌ တွင်းဖောက်ကုန်မှု မိုးခေါင်အံ့။

(၁၁) မိုးဦးကာလ၌ အနောက်တောင်ထောင့်အရပ်မှ ၁၊ ၂၊ ၃၊ ၄ ခုပေါက်လျှင်မူ အနောက်မြောက်ထောင့်မှ ၁၊ ၂၊ ၃ ခုပေါက်လျှင်မူ မိုးကောင်းအံ့။ (အရှေ့အရပ်မှ ပေါက်သည်ကို "သက်တံ့"၊ အနောက်အရပ်၌ ပေါက်သည်ကို "စို့"ဟုမှတ်၏။

"၃၃ လုံးသော ဗျည်းအက္ခရာတို့၏ဆိုင်ရာ"

သိဒ္ဓိတို့ကို မှတ်သားယူသည့်အတိုင်း အောက်တွင်ဖော်ပြပေးလိုက်ပါသည်။

"က" ပထဝီမြေတတ်နှင့်တူပြီး ကုဒ္ဒိပါဒ်နှင့် ပြည့်စုံ၏။

"ခ" ခုနစ်ရက်သားသမီးတို့ ချစ်ခင်လေးမြတ်၏။

"ဂ" သိကြားမင်းကဲ့သို့သော နတ်ကောင်းနတ်မြတ်ကို တွေ့ရ၏။

"ဃ" မိုးကြိုးလောင်မီးကွင်းစေ၏။

"င" တိရစ္ဆာန်တို့ကို စိတ်နှင့်ဝေါက်ပြီး ဘေးမြစ်နိုင်ခြင်း။

"စ" စစ်သည်ဗိုလ်ပါများ လာစေလိုလျှင် လာစေနိုင်၏။

"ဆ" အစွမ်းရှိသော သတ္တဝါအပေါင်းတို့အား နိုင်စေ၏။

"ဇ" သစ်၊ ဆင်၊ ကျားတို့ကို နိုင်စေ၏။

"ဈ"နတ်မိစ္ဆာအပေါင်းတို့ကို နိုင်စေ၏။

"ည" နဂါး၊ ဂဠုန်တို့ကို နိုင်စေ၏။

"ဋ" ဖုတ်၊ ပြိတ္တာအပေါင်းတို့ကို နိုင်စေ၏။

"ဌ" ဒီးလောင်စေနိုင်၏။

"တ" မိမိမျိုး သူများအပေါ်တွင် လွှမ်းမိုးစေနိုင်၏။

"ထ" ရန်သူအပေါင်းကို နိုင်စေ၏။

"ဒ" အမျိုးမျိုးသော လက်နက်တို့ကို နိုင်စေ၏။

"ဓ" လေးနက်၊ မီးပေါက်အမြောက်၊ စိန်ပြောင်းတို့ကို နိုင်စေ၏။

"န" မီးဘောက်မီးလျှံအမျိုးမျိုး နိုင်စေ၏။ မိုးကြိုးလောင်မီးကျစေ၏။

"ပ"ဥဒက သိဒ္ဓိပြီး၍ ရေ၌ သောင်ထွန်းစေနိုင်သည်။

"ဖ" ကာယသိဒ္ဓိ ပထဝီသိဒ္ဓိ ပြီးမြောက်စေနိုင်၏။

"ဗ" လျင်မြန်သော ဉာဏ်ရှိရ၏။ ပေါ့ပါးလျင်မြန်စေနိုင်၏။

"ဘ" ရေဘေးမိုးတက်စေနိုင်သည်။ ရေထဲ၌ မီးလောင်စေနိုင်သည်။

"မ" မြို့နှင့်မြေကို အစိုးရ၏။

"ယ" အရာရာသော အမှုအ မျိုးမျိုးကို ပြီးစေနိုင်၏။ ရေထွက်စေနိုင်သည်။

"ရ" မိုးကြိုးသည်းထန်စွာ ရွာသွန်းစေနိုင်၏။

"လ" ဆေးဝါးစသည်တို့၏ အာနိသင်ကို ပျက်ပြယ်စေနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com

"ဝ" စိတ်နှလုံးကို ကြည်ရွှင်စေနိုင်၏။
"သ" လေကိုနိုင်ခြင်း၊ လေမှန်တိုင်းကျစေနိုင်၏။
"ဟ" ဓာတ်လေးပါး ငြိမ်းစေနိုင်၏။
"ဠ" ဆေးဝါးစသည်တို့၏ အချုပ်အခြာဖြစ်၏။
"အ" အခြံအရံနှင့် ပြည့်စုံ၏။ ရုပ်ကို ပြောင်းလဲစေနိုင်၏။

## ဗျည်း ၃၃ လုံး ဘုရားရှိခိုး

ဘုန်းတော်အနန္တ စံမရသည့် အနန္တစကြဝဠာ အောက်ရှာထပ်ရည် ခြောက်ရည်တစ်သွယ် နှံ့ဆယ်ပြဟ္မာ သတ္တဝါလူအများ ဖူးမြော်အပူဇော်ခံထိုက်ပေသော သုံးလောကဦးနိမ် မာရဖိန်ထွတ်ထား မြတ်ဘုရားကို "အက္ခရာ မေကာဠဗုဒ္ဓရူပ"ဟု ကျမ်းဂန်ပါရှိသည်နှင့်အညီ "က"ဟူ သည်ကား ကိလေသာမှန်သမျှကို အောင်မြင်တော်မူသော မြတ်စွာဘုရား"ဟု အစချီ၍ ...

## လက်ခုပ်တီးတာ မြန်မာ့နည်းပါ

သမ္ဗုဒ္ဓေယမင်္ဂလာဂါထာ(ခေါ်) ဒီဝါတပတိဂါထာကို နေ့ထွက်ရာအရပ်ဘက် မျက်နှာမူ၍ ခုနစ်ခေါက်ရွတ်ဆိုပြီးလျှင် လက်ခုပ်ခုနစ်ချက်တီး၍ "နေအထွက်မှာ ရွှေခွက်နဲ့ ငွေအပြည့် ခပ်ပေးပါ"ဟူသော စာသားကိုလည်း ခုနစ်ခေါက် ရွတ်ဆိုပါ။ ယခင့်ယခင်က ပင်ပန်းစွာ ရှန်းကန်နေရာမှ သိသိသာသာ အဆင်ပြေချောမောလာမည်။ ရာထူးတိုးခြင်း၊ အထက်လူကြီးများ၏ မျက်နှာသာပေးခြင်း၊ ငွေလာဘ် ရွှင်ပေါ်ခြင်း စသည့်အကျိုးထူးများ ရရှိမည်။

## သမ္ဗုဒ္ဓေယမင်္ဂလာဂါထာတော်(ဝါ) ဒီဝါတပတိဂါထာတော်

ဒီဝါတပတိ အာဒိစ္စော၊
ရတ္တိမှာ ဘာတိစန္ဒိမာ၊
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီတပတိ ဗြာဟ္မဏော၊
အထ သဗ္ဗမဟောရတ္တိံ၊
ဗုဒ္ဓေါ တပတိတေဇသာ၊
တာဒိသံ တေဇ သမ္ဗုဒ္ဓံ၊
ဗုဒ္ဓံဝန္ဒာမိ သာဒရံ၊
ဇေတေန သစ္စဝဇ္ဇေန၊ သောတ္ထိမေ ဟောတုသဗ္ဗဒါ။

## လက်ခုပ်တီးတာ မြန်မာ့နည်းပါ (ဒုတိယနည်း)

မနက် အရုဏ်တက်ပြီဆိုတာနဲ့ ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာသုံးပါးကို အာရုံပြုပြီးတာနဲ့

ဘဂဝါ ဂုဏစန္ဒော သီဗ္ဗီယော
ဂုဏ္ဏိတံ မဟာလာဘံ
ဒေတုမေ ဇယမင်္ဂလံ

နေမင်းကြီးကို မျက်နှာမူ၍ သက်စေ့ရွတ်ပါ။ သက်စေ့ မရွတ်နိုင်လျှင် ဂြိုဟ်သက်အလိုက်ရွတ်ပါ။ ပြီးလျှင် လာဘ်လာဘများဝင်အောင် စိတ်ထဲရှိသလောက် လက်ခုပ်တီးပါ။

## နေ့၊ ည စီးပွားတက်မြန်နည်း

(၁) ခြံပတ်လည်တွင် ညစဉ်အမွှေးတိုင်ထွန်း၍ ထိုအရပ်တွင် နေထိုင်သည့် ပုဂ္ဂိုလ်များကို အမျှဝေပါ။

(၂) အိမ်တွင်းဖခင်ကို မနက်ချင်းသုပ်၊ ညချင်းသုပ် ဆက်ကပ်ပါ။ အကြော်အလှော်များဖြင့် သေချာစွာသုပ်ပါ။ မနက်ညတိုင်း အုန်းတော်ကို ငွေစက္ကူဖြင့် ယပ်ခတ်ပေးပါ။

(၃) လင်ပန်းထဲတွင်ဖလုံထား၍ ဖလုံထဲတွင် ကျောက်စရစ်ခဲများ ထည့်ထားပါ။ ကျောက်စရစ်ခဲပေါ်တွင် ချင်းတက်များတင်ပါ။ ဖလုံအလယ်တွင် အဝကျယ်ပုလင်းကြီးထား၍ ပုလင်းထဲတွင် သစ္စာပန်း ၉ ခိုင် ထိုးပါ။ လင်ပန်းထဲ၌ လက်ဖက်ကိုးပုံထည့်ပါ။ ပြင်ဆင်ထားသောခုံကို ရှင်သီဝလိပုံတော်ရှေ့တွင်ထား၍ ဘုရားရှိခိုးပြီးတိုင်း ရှင်သီဝလိဂါထာရွတ်ပါ။ ဘုရားကိုလည်း မုန့်လုံးရေပေါ် ကပ်လှူပါ။ ကိုးရက်မြောက်သောနေ့တွင် ပန်းများစွန့်ပြီး ချင်းတက်များကို ဝေငှစားသောက်ပါ။

(၄) ရန်ကုန်တိုင်းအတွင်း ဖြစ်ပါက သန့်လျင်ဘိုးဘိုး၊ ဗိုလ်တထောင် ဘုရားမှ မော်ဘီဘိုးဘိုးကြီး၊ ဆူးလေဘိုးဘိုးကြီး၊ ရွှေတိဂုံဘိုးဘိုးကြီးတို့အား ရည်စူး၍ လက်ဖက်ငါးပုံ ဆက်ကပ်လှူဒါန်းပါ။ လက်ဖက်အစုံသုပ်ဖြစ်၏။ ကွမ်းယာငါးယာ(ရိုးရိုးစားဆေး)၊ ဖယောင်းတိုင်ငါးတိုင် လှူဒါန်းပါ။

(၅) ရွှေတိဂုံဘုရားစေတီပုံနှင့် ကျိုက်ထီးရိုးဘုရားစေတီပုံတို့ကို အိမ်၏ဘုရားကျောင်းဆောင်တွင် ထား၍



www.burmeseclassic.com

www.burmeseclassic.com

ကိုးကွယ်၍ ပန်း၊ ရေချမ်း၊ ဆီမီးကပ် လှူပါ။

(၆) ကျိုက်ထီးရိုးဘုရားရှိခိုး

(က) ထူးခြားအံ့ဖွယ် စံပယ်တော်မူသော ထင်ရှား ကျော်ဟိုး၊ ကြီးမြတ်တန်ခိုးနှင့် တေဇာလျှံဖြိုး ကျိုက်ထီးရိုး ဆံတော်ရှင် စေတီတော်မြတ်ပုထိုးအား ဝပ်တွားရှိ ချိုး ရှိခိုး ပါ၏ဘုရား။

(ခ) ဗုဒ္ဓကိုယ်စား အရှင်ဘုရားအား ကိုယ်စားယုံ ကြည်ဖူးမြော်မည်ဟု မျက်မှောက်ပြု၍ ယနေ့ယခုပင် လျှောက်လျှင်မဆိုင်း ညွတ်ကိုင်းဦးချ ကန်တော့ပါ၏အရှင် ဘုရား။

(ဂ) တပည့်တော်၊ တပည့်တော်မတို့ လူငယ်ဘာဝ သေိနား သည်ကြ၍ မိုက်မှားပြုမိပါခြား အပြစ်များအား ခွင့်လွှတ်ပေးပါရန် ခွင့်လွှတ်တောင်းပန် ရှိကျိုးရှိခိုးပါ၏ ဘုရား။

(ဃ) အရှင်ဘုရားရှေ့မှောက် ရောက်ရှိနေခိုက် မမိုက် များ နှလုံးသားဖြူစင် စိတ်ကောင်းဝင်ရန် ဝေဖန်ထိန်းချုပ် စိတ်ရိုင်းများကို အုပ်သွားလျက် ကောင်းမှုကုသိုလ်များ ပြု သွားပါမည်ဘုရား။ ဤသို့ ရှိခိုးပူဇော် ကုသိုလ်ကောင်းမှု ပြုလုပ်ရခြင်းကြောင့် ဘေးရန်ဆင်းရဲကင်းပြီး ကျန်းမာချမ်း သာပြီးလျှင် ကောင်းကျိုးလိုအင်ဆန္ဒနှင့် ပြည့်စုံရပါစေ ဘုရား။

(၇) အောက်ပါ ကိုယ်စောင့်နတ် ၁၂ ပါးကို မေတ္တာ ပို့ပါ။

(က) သတ္တပါလ–နဖူးစာရေးနတ်၊
(ခ) ဝါမသူရ–စည်းစိမ်ဥစ္စာ စောင့်နတ်၊
(ဂ) ဓလသညာ–အလှူစောင့်နတ်၊
(ဃ) ဃရပါလ–အိမ်စောင့်နတ်၊
(င) စန္ဒီ–ကျက်သရေစောင့်နတ်၊
(စ) ကလျာဏီ–အသက်စောင့်နတ်၊
(ဆ) လက္ခမီဒေဝီ–ဥစ္စာပေးနတ်၊
(ဇ) သူရဿတီ–ပညာပေးနတ်၊
(ည) ဂတပါလ–သွားလေရာရာ စောင့်သောနတ်၊
(ဋ) နရိဒေဝီ–အိပ်ဖန်စောင့်နတ်၊
(ဌ) မဟာပိန္ဓဲ–အခါခပ်သိမ်း စောင့်သောနတ်၊

(မေတ္တာပို့နည်းအကျယ် ဦးမောင်မောင်မြင့်အေး၏ မေ့ ရှိရသော မိန်းမများစာအုပ်တွင် ဖတ်ပါ) မိမိအလိုရှိသော ကိစ္စတစ်ခု(ဝါ) နှစ်ခုကို အဓိဋ္ဌာန်ပြု၍ စွဲစွဲမြဲမြဲလုပ်ပါ။ ဥပမာ အိမ်၊ ကားအမြန်ဝင်ရန်။

## အဓိဋ္ဌာန်ဝင်လျှင် မှန်ငါးမှန်ဖြစ်ရန် လိုအပ်

၁။ အချိန်မှန်ရမည်။
၂။ နေရာမှန်ရမည်။
၃။ ပုတီးစိပ်(ဝါ) ဂါထာရွတ်ရာတွင် အကြိမ်မှန် ရမည်။
၄။ ရွတ်ဆိုသောဂါထာ မှန်ရမည်။
၅။ ဆုတောင်းမှန်ရမည်။

## မိဘကျေးဇူးဖြင့် အောင်မြင်စေသောနည်း

ဘုရားကျောင်းဆောင် ရှေ့ကို သွားပါ။ မွေးသည့်မိခင်ကို မြင်အောင် တွေးပြီး အမေ့ဂုဏ်ကျေးဇူးကို သား/ သမီး ရှိသေစွာ ဦးချကန်တော့ပါ တယ်။ အမေ အမေ့မေတ္တာကြောင့် လုပ်သမျှ (ကျန်တာတော့ ကိုယ့်စိတ် ကူးရှိတာ ဆုတောင်းပါ) အောင်မြင်ပါ စေလို့ သုံးခါဆိုပြီး အမေ့ကိုရည်မှန်း ပြီး ငါးကြိမ်ရှိခိုးပါ။

## အောင်ခြင်းရှစ်ပါးဂါထာ

ဖယောင်းတိုင် အဖြူပေါ်တွင် အောက်ပါအတိုင်း အောင်ခြင်းရှစ်ပါးဂါထာကို အညီအမျှ အစအဆုံးညီအောင် ရေးပါ။

မာရံ့ယက္ခံ ဂဇံ စောရံ
စိဉ္စမာနန္ဒ သစ္စကံ
နာဂံ ဗကံ ဇိနိ ဇိနော
ဟောတုမေ ဇေယျ မင်္ဂလံ။

ဆီမီးပူဇော်လျှင် ညအခါမှသာ ပူဇော်သင့်ပါသ ၍။

## နေ့စဉ်တစ်ခု ကောင်းမှုပြုပါ

မနက် ၅ နာ ရီထိုးပြီ ဘုရားကိုဆွမ်း၊ ရေချမ်းကပ်ရဦး မှာပါလားလို့ စိ တ်ထဲမှာ ခဏဖြစ်မိရင် နင်မကောင်းတဲ့ ဘုံဘဝက လွှတ်မြောက်တာပါ။

ကောင်းတဲ့စိတ်၊ ကြည်လင်နေတဲ့စိတ်ကလေးကြောင့်



www.burmeseclassic.com

www.burmeseclassic.com

မကောင်းတဲ့ ဘိုဗိမာန်ကနေပြီးတော့ ကောင်းတဲ့ဘိုဗိမာန်လေးကို ဖျတ်ခနဲ ပြန်ကူးသွားလိမ့်မယ်။

## ဘုရားပင့်

**မဟာကာရုဏိကောနာထော ဗုဒ္ဓေါမေဓာတု သီသကေ။**

မဟာကာရုဏိကော်–လူနတ်ပြဟ္မာ သတ္တဝါများတို့အား၊ သား–ရာဟုလာကဲ့ပမာသို့ လွန်စွာကြီးမားသနားခြင်း ဂရုဏာလည်း ရှိတော်မူပေထသော။

နာထော–လူ၊ နတ်၊ ပြဟ္မာ၊ သတ္တဝါများတို့၏ ကိုးကွယ်ရာအစစ် ဖြစ်တော်မူထသော။

ဗုဒ္ဓေါ– ဒုက္ခ၊ သမုဒယ၊ နိရောဓနှင့် မဂ္ဂတဖြာ လေးသစ္စာကို ဆရာ မကူ– သယမ္ဘူဉာဏ်မြတ်ဖြင့် ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်။

မေ–ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းစီးဖြန်းရမည် စိတ်၌ရည်၍ ကြံစည်အားထုတ် ရုပ်နာမ်အစုမျှဖြစ်သော ဘုရားတပည့်တော်၏။

သီသကေ–ကိုဒြပ်တွင် အမြတ်တင်သည့်၊ ဥတ္တမင်္ဂ ဦးသီသပေါ်၌၊ ဌာတု–ဤသတ္တဝါ ဆင်းရဲစွာကို ငါကယ်ချွတ်မည် စိတ်၌တည်၍ တည်နေရပ်တန့်တော်မူပါ နေတန္နန်းကဲ့သို့ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။

## ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု

ဗုဒ္ဓသာသနံ= သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာ ဘုရား၏ အဆုံးအမဖြစ်တော်မူပေထသော၊ ပရိယတ္တိ သာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟု ဆိုအပ်သော သဒ္ဓမ္မသုံးဖြာ၊ သာသနာသုံးရပ် အကျင့်မြတ်သည်။

စိရံ= အနှစ်ငါးထောင်မက ကြာအောင် အခေါင်အမြင့် ရှည်ကြာတင့်၍ ကမ္ဘာနှင့် သတ္တဝါ နှစ်ဖြာမခွဲ ဒွန်တွဲ၍နေ သမ္ဘုကာလပတ်လုံး။

တိဋ္ဌတု= မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ခိုင်ခိုင်မြဲမြဲ အမြစ်စွဲ၍ အမြဲတည်ပါစေသတည်း၊

တိဋ္ဌတု= ဟောသူ၊ ပြောသူတွေကလည်း တည်ည်၊ နာခံသူတွေကလည်း တသဲသဲ၊ ကျင့်ကြံအားထုတ်သူတွေ မစဲတဲ့ အစဉ်အမြဲ တည်တံ့ပါစေသတည်း။

## ပလွေ၊ ယပ်တောင်ဆောင် သေတောင်မဆင်ရဲ အောင်မြင်ခြင်းကို ဆောင်ရအောင်

ပထမ မိမိနေအိမ်ရဲ့အနေအထားကို ပြန်စစ်ဆေးကြည့်ပါ။ အိမ်ရှေ့ပေါက်နဲ့ အိမ်နောက်ပေါက် တစ်တန်းတည်းဖြစ်နေသလား။ တစ်တန်းတည်းဖြစ်နေ၊ ရှိနေလျှင် မကောင်းပါ။ အိမ်ရှေ့က ဝင်သမျှငွေအား အိမ်နောက်သည့်အပေါက်က ပြန်ထွက်တတ်ပါတယ်။ မထွက်အောင် ပလွေနှစ်ချောင်းကို အိမ်နောက်ဖေးအတွင်း၌ ချိတ်ဆွဲထားတဲ့နည်း ဖြစ်ပါတယ်။

## စီးပွားကောင်းအောင် ဆောင်ရအောင်

ပလွေနှစ်ချောင်းကိုသာ ချိတ်ထားလိုက်ပါ။ မည်သည့်လူဆိုး/သူခိုးမှ ဝင်ရောက်လာခြင်းမရှိတော့ပါ။ မိမိစီးပွားရေးကောင်းမွန်ရန်အတွက်ကတော့ မိမိငွေထည့်သော အပေါ်တွင် ပလွေနှစ်ချောင်းကို ပြင်ဆင်ချိတ်ဆွဲထားပါ။

ပလွေကို နေရောင်အောက် ၉ နာရီထားပြီး၊ ညဘက် လရောင်အောက် ၉ နာရီထားပြီးမှ အသုံးပြုမယ်ဆိုရင် အဲဒီ ပလွေဟာ ပိုပြီးအစွမ်းထက်ပါတယ်။ အဲဒီနေ့တတ်၊ လတတ်ပေးထားတဲ့ ပလွေကို အိပ်ခန်းထဲမှာ ချိတ်ဆွဲထားရင် ချစ်မေတ္တာ တိုးပွားစေပါတယ်။

## အိမ်ဘုရားမှာ ဆန်၊ ဆီ၊ ဆေး၊ ဆား လှူရအောင်

(၁) အနန္တောအနန္တငါးပါးကို ဦးစွာရှိခိုးကန်တော့ပါ။

(၂) လင်ပန်း (၄+၅) တစ်ချပ်ရယ်၊ ပုလင်း (၅+၄) ပိုင်းလေးသုံးခု ရှာရမယ်။ အဲဒီပုလင်းတွေထဲမှာ ဆန်တစ်ပုံရယ်၊ ဆီတစ်ပုံးရယ်၊ ဆားတစ်ထုပ်ရယ် ထည့်ရမယ်။

(၃) အဂ်ါနံ့ဂါထာ–ဘုရားကို ဆန်၊ ဆီ၊ ဆား၊ ဆေး လှူတယ်ဆိုတဲ့ တကယ့်ရည်ရွယ်ချက်ဟာ မြတ်စွာဘုရားထံမှာ ဆွမ်းအတွက် အချိန်မရွေး အခက်မကြုံရအောင်ပါ။

စာဖတ်ပရိသတ်အပေါင်း လိုရာဆန္ဒ ပြည့်ဝပါစေသော်...။

**မျိုးသန်းထွန်းကို(ရွှေစကြို)**



www.burmeseclassic.com

www.burmeseclassic.com

# အသရေမချို့သည့် ပြေမြို့ (ပြည်မြို့)

ပါမောက္ခမင်းစာတု

အသရေမချို့သည့် ပြေမြို့သည် သီရိခေတ္တရာနိုင်ငံတော်၏ မြို့တော်ဟောင်း ဖြစ်ခဲ့ပြီး လွန်ခဲ့သည့် နှစ်ပေါင်း ၃၅၀၀ ခန့် တစ်နည်းအား ဖြင့် BC ၁၅၀၀ ခန့်ကပင် တည်ရှိခဲ့ပါသည်။ ထိုကာလသည် ပထမ တကောင်းခေတ်နှင့် ခေတ်ပြိုင်လည်း ဖြစ်ပါသည်။ တကောင်းခေတ်မှာ အထက်မြန်မာနိုင်ငံအား လွှမ်းမိုးသကဲ့သို့ ပထမ သီရိခေတ္တရာခေတ်မှာ အောက်မြန်မာနိုင်ငံတစ်ဝန်း လွှမ်းမိုးခဲ့ပါသည်။

## ပထမ သီရိခေတ္တရာ

ပထမ သီရိခေတ္တရာနိုင်ငံတော် တည်ထောင်ခဲ့သူများမှာ သာကီဝင်များ နေထိုင်ခဲ့ရာ မဇ္ဈိမဒေသရှိ ရှရီခေတ္တရာဒေသမှ မင်းသားနှစ်ပါးဖြစ်ကြသော စန္ဒြဝါရ်မန်မင်းသားနှင့် ဟာရိဝိကြမမင်းသားတို့ ဖြစ်ကြပါသည်။ ၎င်းတို့သည် ခမည်းတော် မင်းကြီး၏ တိုက်တွန်းမှုကြောင့် နယ်မြေသစ် ရှာဖွေရန် မြန်မာနိုင်ငံအတွင်းသို့ နောက်လိုက်နောက်ပါများနှင့် ရောက်ရှိခဲ့ပြီး မှော်ဇာအရပ်ရှိပြူများနှင့်ပေါင်းကာ ပထမသီရိခေတ္တရာ နိုင်ငံတော်တည်ထောင်ပြီး မြို့တော်ကို ပြေမြို့ (သို့မဟုတ်) အသရေမချို့သည့် ပြေမြို့ဟု သမုတ်ခဲ့ကြပါသည်။

သီရိခေတ္တရာ၏ အဓိပ္ပာယ်မှာ ကျက်သရေရှိဒေသ၊ တရားမျှတ မှုလွှမ်းမိုးသော ခေတ်ကာလဟု ဆိုလိုရင်းဖြစ်ပြီး သာကီဝင်တို့သုံးသော ပါဠိစကားဖြစ်ပါသည်။ ပြေမြို့ဟူသည် ပြေပြေလည်လည် ညီနွှီးဆောင်ရွက်ရာ ဒေသဖြစ်သည်ကို ဆိုလိုပြီး အသရေမချို့ရသည့် အကြောင်းမှာ စန္ဒြဝါရမင်းသားနှင့် ဟာရိဝိကြမင်းသားတို့မှာ စစ်ရှုံး၍ မဇ္ဈိမဒေသမှ ရွှေ့ပြောင်းသူများမဟုတ်ကြောင်း ဖခမည်းတော်၏ တိုက်တွန်းမှုကြောင့် မြို့သစ်၊ တိုင်းပြည်သစ်လာရောက်တည်ထောင် သူများဖြစ်ကြောင်း ညွှန်းဆိုထားခြင်း ဖြစ်သည်။ ယခုအခါ သီရိခေတ္တရာကို သရေခေတ္တရာဟု ရေးသားကြပြီး ပြေမြို့ကို ပြည်မြို့ဟု ရေးသားသုံးစွဲလျက်ရှိပါ၏။

## ပြူ၊ ပြူး၊ ပြော၊ သာကီဝင်ဗမာ

ခရစ် ၉၈၂ ခုနှစ်တွင် ရေးသားခဲ့သည့် အာဖဂန်နစ္စတန် ပထဝီကျမ်းတွင် **ရှေးခေတ်ပြူတို့၏ ဒေသသည် တရုတ်ယူနန်နယ်စပ်မှ အိန္ဒိယအရှေ့ပိုင်း ကောသလတိုင်း၊ အင်္ဂတိုင်းအထိ ကျယ်ပြန့်ကြောင်း** ဖော်ပြထားရာ မဇ္ဈိမဒေသရှိ သာကီဝင်တို့ကိုလည်း ပြူလူမျိုးများအဖြစ် သတ်မှတ်ခေါ်ဝေါ် သုံးစွဲခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ပထမ သရေခေတ္တရာတည်ထောင်ခဲ့ကြသူ ဖယစန္ဒြဝါရ်မာန်မင်းသား၊ ဟာရိဝိကြမမင်းသားနှစ်ပါးနှင့် နောက်လိုက်ဗိုလ်ပါများကို သာကီဝင်များဟူ၍လည်းကောင်း၊ ပြူလူမျိုးများဟူ၍လည်းကောင်း သတ်မှတ်နိုင်ကြပါလိမ့်မည်။

စာရေးဆရာ တစ်ဦး၏ ပြူမြို့ပြ ယဉ်ကျေးမှုသမိုင်း စာအုပ် စာမျက်နှာ ၁၂၀/၁၂၁ တွင် "ဟူအင်ဆင် အတ္ထုပ္ပတ္တိတွင်လည်း မြန်မာနိုင်ငံကို ထိုစဉ်အခါက ပြူနိုင်ငံဟုပင် ခေါ်၏။ ပြူနိုင်ငံမပေါ်မီ အိန္ဒိယတိုင်းသားများက မြန်မာနိုင်ငံကို ဗြဟ္မာဒေသ(Brahmadesh)ဟု ရေးခေဝ



www.burmeseclassic.com

www.burmeseclassic.com

သာဏီကစ၍ ခေါ်ကြောင်း ယုတ္တိသာဓကများကိုလည်း ပြပါခဲ့သည်။ ရှေးဟောင်း သုတေသန ပညာအရ သရေခေတ္တရာတွင်နေသော ပြူလူမျိုးတို့သည် ဗြဟ္မာဟိန္ဒူဘုရားကို ကိုးကွယ်ကြသဖြင့် သရေခေတ္တရာပြည်နှင့် တိုင်းနိုင်ငံရှိ လူများကို ဗြဟ္မာခေါ်၍ နိုင်ငံကို ဗြဟ္မာဒေသဟု ခေါ်ကြောင်း အိန္ဒိယသမိုင်းများတွင် ဖော်ပြသည်။ နှောင်းအိန္ဒိယပညာရှင်များကလည်း ဤနိုင်ငံကို ဗြဟ္မာဒေသ ခေါ်ဆိုရေးသားပြီးလျှင် လူမျိုးကို ဗရမာ (Brama) ဟု ခေါ်နေကြပါသည်ဟု ဖော်ပြထားပါသည်။ ဤသို့ဆိုပါလျှင် သာကီဝင်လူမျိုး၊ ပြူလူမျိုး၊ ဗမာလူမျိုးဟူသည် လူမျိုးတစ်မျိုးတည်းကိုသာ ဆိုလိုကြောင်း ထင်ရှားပါသည်။ ထို့ကြောင့် ပထမ သရေခေတ္တရာနိုင်ငံတော်ကို တည်ထောင်ခဲ့ကြသည့် ဖယစန္ဒြဝါရ်မန်မင်းသား ဟရိဝိကြမမင်းသားနှင့် နောက်ပါ မိုလ်ခြေအပေါင်းကို သာကီဝင်လူမျိုးများဟူ၍လည်းကောင်း၊ ပျူလူမျိုးများဟူ၍လည်းကောင်း ခေါ်ဆိုနိုင်သည်သာမက ဗမာလူမျိုးများဟုလည်း ခေါ်ဆိုလျှင် မမှားနိုင်ပါ။

မဇ္ဈိမဒေသမှ သာကီဝင်လူမျိုးများ မရောက်လာမီ မော်ဇာအရပ် တွင်ရှိနှင့်နေသော ဒေသခံများမှာ ပြူးလူမျိုးများ ဖြစ်ကြပါသည်။ ပြည်မြို့ကို ပရုမ်း(Prome)ဟု ရှေးအခါက အင်္ဂလိပ်လို ခေါ်ဝေါ်ခဲ့ခြင်းမှာ ပြူးလူမျိုးများ၏ ဒေသကို ဖော်ညွှန်းထားခြင်း ဖြစ်ပါ၏။

ရှေးပဝေသဏီကာလက ဟံလင်းဒေသတွင် ပြူမင်းထီးနှင့် ညီတော်ပြူးမင်းသားတို့ နန်းစံခဲ့ကြပါသည်။ ပြူမင်းထီးအား သစ္စာခံသူများကို ပြူလူမျိုးဟုလည်းကောင်း၊ ညီတော် ပြူးမင်းသားအား သစ္စာခံသူများကို ပြူးလူမျိုးဟုလည်းကောင်း ခေါ်ဆိုကြပြီး ပြူမင်းထီးအားလည်းကောင်း၊ ပြူးမင်းသားအားလည်းကောင်း သစ္စာမခံသူများကို ပြော့လူမျိုးဟု ခေါ်ဆိုခဲ့ကြပါသည်။

## ပြူနှင့် ပျူ

ဤနေရာတွင် အလျဉ်းသင့်၍ တပ်ပြလိုသည့် အချက်တစ်ချက် ရှိနေပါ၏။ ၎င်းအချက်မှာ စာရေးသူအနေဖြင့် ပြူဟူသော စာအရေးအသားကို ရရစ်ကို အသုံးပြုပြီး ယပင်းကို အသုံးမပြုခြင်း ဖြစ်ပါသည်။ အဘယ်ကြောင့်နည်းဟူသော် ပြူမင်းထီးကို သစ္စာခံသူများအား ပြူလူမျိုးများဟု ခေါ်ဆိုသောကြောင့် ဖြစ်ပါ၏။ ပြူမင်းထီးအမည် ဖြစ်ပေါ်လာပုံကို ရှင်းပြလိုပါသည်။ ၎င်းမင်းသည် နန်းတော်ရှိ ပင်မပြတင်းပေါက်ကို ဖွင့်လှစ်လိုက်ပါက ရွှေမိုးငွေမိုး ရွာသည်။ တိုင်းသူပြည်သားများ ကြွယ်ဝချမ်းသာသည်တု ဆိုရိုးစကားရှိရာ အဆိုပါ ပြတင်းပေါက်ကိုမှီ၍ ၎င်းအဆောင်ဘွဲ့တော်အား ပြူမင်းထီးဟု ခေါ်ဆိုခြင်း ဖြစ်ပါ၏။ ပြတင်းပေါက်ကို ရရစ်နှင့် ရေးခြင်းဖြစ်သောကြောင့် ပြူမင်းထီးကို သစ္စာခံသူများအား ပြူလူမျိုးများဟု ခေါ်ရာတွင် ရရစ်အရေးအသားဖြင့် ရေးသားရခြင်းသာ ဖြစ်ပါသည်။

ပြူမင်းထီးက ညီတော်ပြူး မင်းသားအား အမျက်တော်ရှ၍ ကွပ်မျက်သောကြောင့် ပြူးမင်းသားအား သစ္စာခံသူ ပြူးလူမျိုးများက တောင်ဘက်အရပ်သို့ ဧရာဝတီမြစ်အတိုင်း စုန်ဆင်းခဲ့ပြီး မော်ဇာအရပ်တွင် စခန်းချ နေထိုင်ခဲ့ကြပါသည်။ နယ်ပယ်သစ်ရှာဖွေရန် ရောက်ရှိလာသော မဇ္ဈိမတိုင်းသား စန္ဒြဝါရ်မန်မင်းသား၊ ဟရိဝိကြမမင်းသားနှင့် နောက်ပါဗိုလ်ခြေများနှင့် ပြူးလူမျိုးများ ပူးပေါင်းသွားပြီး ပထမသီရိခေတ္တရာတိုင်းနိုင်ငံကို ထူထောင်လိုက်ကြခြင်း ဖြစ်ပါ၏။ မြို့တော်ကို မော်ဇာတစ်ဝိုက်တွင် တည်ထောင်ပြီး အမည်အားဖြင့် ပြေမြို့ (သို့မဟုတ်) အသရေမချို့သည့် ပြေမြို့ ဖြစ်ပါသည်။ ထိုကာလမှာ ပထမတ ကောင်းခေတ် တည်ထောင်သော BC ၁၅၂၃ ခုနှစ်ဝန်းကျင်တွင် ဖြစ်ပါ၏။

## ပြူးနှင့်ရှမ်း

ပြူးလူမျိုးများ ဟံလင်းဒေသ တောင်ဘက်သို့ ဧရာဝတီမြစ်အတိုင်း စုန်ဆင်းပြီး မော်ဇာအရပ်တွင် စုရုံးချိန်တွင် ပြော့လူမျိုးများက ဟံလင်းမြောက်ဘက်သို့ ဧရာဝတီမြစ်အတိုင်း ဆန်တက်သွားကြပြီး ဗန်းမော်၊ ကသာ၊ မိုးကောင်း၊ မိုးညှင်းဒေသများသို့ ပျံ့နှံ့ရောက်ရှိ သွားခဲ့ကြပါသည်။ ၎င်းပြော့လူမျိုးများသည် BC ၆၂၃ ခုနှစ် ပထမတကောင်းပျက်သောအခါ နောက်ဆုံးမင်းဆက်ဖြစ်သော ဘိန္နကရာဇာမင်းကြီးအား သစ္စာခံယူသူ တကောင်းပြူများ (သို့မဟုတ်) တကောင်းသာကီဝင်များနှင့် ပူးပေါင်းပြီး ဘိန္



www.burmeseclassic.com

www.burmeseclassic.com

ရှမင်းများအဖြစ် ပြောင်းလဲခေါ်ဝေါ်ကြပါသည်။ အဓိပ္ပာယ်မှာ ဘိန္ဒုက သစ္စာခံ သျှမ်းသျှမ်းတောက်လူမျိုး ဖြစ်ပါသည်။ ဟံလင်းခေတ် ယဉ်ကျေးမှုနှင့် ပထမတကောင်းခေတ် ယဉ်ကျေးမှုများကို အဆိုပါ ဘိန္ဒုကရှမ်းများထံတွင် ယနေ့တိုင် တွေ့ရှိနိုင်ပါသေး၏။

## ပြေပြေလည်လည်

ပထမ သီရိခေတ္တရာနိုင်ငံတော်အား တည်ထောင်ခဲ့သူ ဓန္ဒြဝါရီမန်မင်းသားနှင့် ဟရိဝိကြမမင်းသားတို့၏ အမည်များကို ကိုလိုနီခေတ် ကျောက်စာဝန် မစ္စတာဒုရိုင်ဖယ်တွေ့ရှိသော မှော်ဇာဗောဗောကြီး တောင်ဘက်၊ ကန်ဝက်ခင်းကုန်း(ဖိုးဂေါင် ကန်ကုန်း)မှ ရသေ့ကြီးတစ်ပါး၏ ရုပ်တုတော် ပလ္လင်လေးမျက်နှာတွင် သက္ကတပြူအက္ခရာ ရောနှောရေးထိုးထားသည့် ရှစ်ဂါထာဖွဲ့ စာကြောင်းများတွင် တွေ့ရသည်။ ၎င်းကို အက္ခရာပညာရှင် မစ္စတာဒီရှစ်က ဘာသာပြန်ရာတွင် ၎င်းရုပ်တုတော်ကို ဇယစန္ဒြဝါရီမန်မင်းက ထုလုပ်ကြောင်း၊ တစ်နေ့တည်းမှာ မြို့တော်နှစ်မြို့ကို တည်ထောင်ခဲ့ကြောင်း၊ ညီငယ် ဟရိဝိကြမမင်းသားက မြို့နှစ်မြို့မှာ တစ်မြို့ရဲ့ အရှင်သခင်ဖြစ်ကြောင်း၊ ဒါနပြုရာမှာ တည်းပါဝင်ကြောင်း ဆရာရသေ့ကြီး၏ ကျေးဇူးကြောင့် ညီတော်နောင်တော် နှစ်ဦးလုံး ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့ကြောင်း၊ နောက်နောင် ငယ်သားတွေက ညီညွတ်ကြမည်ဖြစ်ကြောင်း၊ ကမ္ဘာကုန်ဆုံးသည့်တိုင် နှစ်ပြည်ထောင်သူ ချစ်ကြည်ပြီး ညီတော်ရဲ့ သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့် ထွန်းကားရန် ဆုတောင်းကြောင်း ဖော်ပြထားသည်ဟု ဆိုပါ၏။

ဇယစန္ဒြဝါရီမန် မင်းသားနှင့် ဟရိဝိကြမမင်းသား ညီနောင်နှစ်ပါးမှာ ရသေ့ကြီး ဂူဟာဒီပ၏ အဆုံးအမဖြင့် နှစ်မြို့ တစ်ပြိုင်နက်တည်ပြီး ညီညီညွတ်ညွတ် ပြေပြေလည်လည် ညှိနှိုင်းတိုင်ပင် နန်းစံခဲ့ကြသည်မှာ အတုယူလောက်ဖွယ် အမှန်ဖြစ်ပြီး သီရိခေတ္တရာ တိုင်းနိုင်ငံတော် ပြည်မြို့မှာ ယခုအခါ ပြည်မြို့အဖြစ် ထည်ဝါစွာ တည်လျက် ရှိပါသည်။

## ဒုတိယသီရိခေတ္တရာ

ပထမ သီရိခေတ္တရာတွင် မင်းဆက်ချစ်ဆက်မျှသာ အုပ်စိုးခဲ့ပါသည်။ မင်းဆက် အဘယ်ကြောင့် ပြတ်သွားသည်ကို မသိရသေးပါ။ ဖြစ်နိုင်သည်ထဲမှာ မင်းလောင်းများ အနေဖြင့် ထီးနန်းငြီးငွေ့ကြပြီး ရသေ့ဝတ် ထောထွက်ကုန်ကြ၍လည်း ဖြစ်ပါလိမ့်မည်။ အုပ်စိုးခဲ့သော မင်းရှစ်ပါး အမည်များကို ကျောက်စာများ၊ ပလ္လင်စာများ၊ အရိုးအိုးစာများအရ အထောက်အထားခိုင်မာစွာ တွေ့ရှိရပါ၏။ ယင်း အမည်များထဲတွင် မြန်မာရာဇဝင်လာ အမည်များ မပါဝင်ကြောင်း တွေ့ရပါသည်။ ထိုသို့ မတွေ့ရခြင်းမှာ မြန်မာရာဇဝင်လာ မင်းအမည်များမှာ BC ၄၈၄ ခုနှစ်မှ စတင်သော ဒုတိယ သီရိခေတ္တရာ (သို့မဟုတ်) သရေခေတ္တရာ နိုင်ငံတော်မှ မင်းဆက်အမည်များသာလျှင် ဖြစ်သောကြောင့်ပင်။ ထိုမင်းဆက်များတွင် BC ၄၈၄ ခုနှစ်တွင် မဟာသမ္ဘဝမင်း၊ BC ၄၇၈ ခုနှစ်တွင် စူဠသမ္ဘဝမင်း၊ BC ၄၄၃ ခုနှစ်တွင် ဒွတ္တပေါင်မင်းခေါ် ရာမရာဇာဒွတ္တပေါင်မင်း စသည်ဖြင့် AD ၈၃ ခုနှစ် သုပညာနာဂရ ... း အထိ မင်းဆက်ပေါင်း ၂၇ ဆက်အထိ ပါရှိပ...ည်။ ဒုတိယမြို့တော် ပြည်မြို့၏သက်တမ်းမှာ ၅၇၈ ခုနှစ် တည်တံ့ခဲ့ပြီး ဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပခဲ့သည်။

BC ၁၅၀၀ ခန့်မှ ပထမ သီရိခေတ္တရာနိုင်ငံတော်၏ မြို့တော် ပြေမြို့သက်တမ်းမှာ နှစ် ၁၀၀ ခန့်သာ ရှိမည်ဖြစ်ပြီး ဂေါတမဘုရား မပွင့်တော်မူသေး၍ ဖြပဗ္ဗာဟိန္ဒူဘုရား(သိဝနတ်)ကိုသာ ကိုးကွယ်ခဲ့ကြပါသည်။ သူတော်ကောင်း ရသေ့ကြီးများကိုလည်း ကိုးကွယ်ကြကြောင်း တွေ့ရှိရပါမည်။

ဒုတိယ သရေခေတ္တရာ နိုင်ငံတော်နှင့် မြို့တော် ပြည်မြို့သည် ခရစ် ၉၄ ခုနှစ်တွင် ပျက်စီးသွားခဲ့ပါသည်၊ ခရစ် ၂ ရာစုနှစ်တွင် သရေ ခေတ္တရာ မရှိတော့ပါ။ ယခုအခါ ခရစ် ၉ ရာစုနှစ်တွင်မှ သရေခေတ္တရာ ပျက်စီးကြောင်း ရေးသားပြောဆိုမှုများ တွေ့ရပါသည်။ မှန်ကန်မှုမရှိပါ။ အဘယ်ကြောင့် ထိုမျှလွဲမှားရသည်ကို အကြောင်းရှာကြည့်သောအခါ တရုတ်မှတ်တမ်းများကို အယူအဆမှားယွင်းစွာ ခေတ်သစ်ဘာသာပြန်ဆို ရေးသားမှုများကြောင့် ဖြစ်ရကြောင်း တွေ့ရှိရပါ၏။



www.burmeseclassic.com

www.burmeseclassic.com

## ကိုယ်တွေ့ကြုံရမှု

ဤနေရာတွင် စာရေးသူ ဝန်ခံစရာရှိပါသည်။ စာရေးသူ တရုတ်စာ မတတ်ပါ။ တရုတ်မှတ်တမ်း များကို လည်း မတွေ့ဘူးပါ။ မည်သည့်ကိုမျှ ထိခိုက်နစ်နာစေလို သော စေတနာမရှိပါ။ အမှန်တရား ရှာရှိအောင် သုတေသန သဘောဖြင့် တင်ပြခြင်းမျှသာဖြစ်၍ မလွှဲမရှောင်သာ အမည်နာမများပါလာက ခွင့်လွှတ်ကြစေလိုပါသည်။ စာရေးသူသည် ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် သရေခေတ္တရာ ရှေးဟောင်းပြုပြတိုက်ကို ရောက်ရှိခဲ့ပါသည်။ ပြတိုက် တာဝန်ရှိသူက ရှင်းပြချက်များတွင် သရေခေတ္တရာ ပျက်စီး သည့်ကာလမှာ AD ၈ ရာစုမှ ၉ ရာစုခန့် ဖြစ် သည်ဟု ရှင်းပြချက်ပါဝင်ခဲ့ပါ၏။ အဘယ်ကြောင့် ထိုသို့ ပြောနိုင်ပါသနည်းဟု မေးမြန်းကြည့်သောအခါ တရုတ်မှတ် တမ်းများအား ဆရာကြီးဦးရည်စိန်၏ ဘာသာပြန်ချက်များ ကို ကိုးကားခြင်းဖြစ်ပါကြောင်း AD ၈ ရာစုတွင် သရေ ခေတ္တရာ ပြူချစ်ကြည့်ရေးသံတမန်များနှင့် ယဉ်ကျေးမှုအဖွဲ့ တရုတ်ပြည်သို့ ရောက်ရှိခဲ့ကြောင်းကိုလည်း တွေ့ရပါသည် ဟု ဖြေကြားခဲ့သည်။ ထိုအကြောင်းကို ၁၂.၂.၂၀၁၃ နေ့ထုတ် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများတွင် "သိပ္ပံနည်းကျ သက်တမ်းဖော်ထုတ်ရေး လိုအပ်နေ" ခေါင်း စဉ်ဖြင့် စာရေးသူအား ဆောင်းပါးရေးသားပြီး သုတေသန ပြုသင့်ကြောင်း ရေးသားခဲ့ပါသည်။

## မှားယွင်းရေးသားမှုများ

စာရေးဆရာတစ်ဦး၏ ပြူမြို့ပြ ယဉ်ကျေးမှုသမိုင်း ၁အုပ် စာမျက်နှာ ၃၈၇ တွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်။ "သရေခေတ္တရာမှ တရုတ်မြို့တော်သို့ သွား ရောက်ခဲ့သော ပြူဂီတအနုပညာအကြောင်းကို တရုတ်မှတ် တမ်းများတွင် တွေ့ရှိရသည်။ သရေခေတ္တရာမြို့တော်မှ ပြူမင်းသား သုနန္ဒအမတ်ကြီး နာကျုကုဋ္ဌနှင့် မဟာသေနတို့ ဦးဆောင်၍ အဖွဲ့ဝင် ၃၅ ဦးပါ ပြူအနုပညာသံအဖွဲ့သည် တရုတ်နိုင်ငံသို့ ထွက်ခွာခဲ့ပါသည်။ ခရီးစဉ်မှာ သရေခေတ္တ ရာ မိုင်းမော(ထုမိန်)၊ သီပေါ၊ ဖမ်တိန်၊ ကျူကုတ်၊ ကျဲဖန်၊ ဆုန်လိန်၊ ပေါင်ရှန်၊ တာလီ၊ ချဲ(င်)တူ၊ ချန်အန်နေပြည် တော်တို့ ဖြစ်ပါသည်။ တရုတ်မှတ်တမ်းတွင် ပြူအ... အဖွဲ့သည် ခရစ်နှစ် ၈၀၂ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရ... ချန်အင်နေပြည်တော် ထန်မင်းဆက် ကေရာဇ်တဲ... နန်းတော်သို့ ရောက်ရှိခဲ့ပါသည်။ လမ်းခရီးတွင် စု... ၂၁၄ ရက်ခန့် ကြာမြင့်၍ သရေခေတ္တရာမှ ခရစ်နှစ် ... ခုနှစ် ဖွန်၊ ဖွလိုင်လခန့်က ထွက်ခွာလာမည်ဟု ခန့်မှ... ပါသည်"

အထက်ပါကဲ့သို့ သရေခေတ္တရာမှ ပြူဂီတ... ပညာအဖွဲ့သည် ခရစ် ၈ ရာစုတွင် တရုတ်ပြည်သို့ ... ရောက်ခဲ့ကြောင်း ဖော်ပြရုံမက သရေခေတ္တရာ ပျက်စီး... လည်း အထက်ပါစာအုပ် စာမျက်နှာ ၁၆၆/ ၁၆၇ ... အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်ကို တွေ့... ပါ၏။ "တရုတ် မန်ရှုကျမ်းအရ အရိုင်းသူပုန် (နန်းချေ... သည် ခရစ်နှစ် ၈၃၂ တွင် ပြူနိုင်ငံ (သရေခေတ္တရာ)... ဝင်ရောက်လုယက် ဖျက်ဆီး၏။ လူသုံးထောင်ကို ဖမ်း... ကျဲတုန်(ကူမင်း)တွင် အစေအပါးပြု၍ နေရာချထား...

ဤသို့ ဖော်ပြချက်များကို အခြေခံ၍ သရေခေတ္တ ရာပျက်စီးမှုကို AD ၈ ရာစု ၉ ရာစုနှစ်များအဖြစ် အ... အမာပြောဆိုရေးသား ယုံကြည်နေကြောင်း သိရှိနိုင်... မည်။ စာရေးသူအနေနှင့် ထိုသို့ အခိုင်အမာ ပြောဆို... သားယုံကြည်နေမှုကို လက်မခံနိုင်ပါ။ လက်ခံခဲ့ပါက ပြ... ပထမဆုံးရာဇဝင်ဖြစ်သော ရာဇဝင်ကျော်၊ ဇာတာတော်... ရာဇဝင်၊ ဦးကုလားမဟာရာဇဝင်ကြီး၊ မှန်နန်းရာဇဝင် ကြီးနှင့် တွင်းသင်းမြန်မာ ရာဇဝင်စသည်တို့ကို ပစ်ပယ်... လိမ့်မည်။ မပစ်နိုင်ပါ။ သုတေသန လုပ်ကြရပါလိမ့်မည်... အမှန်ကို ရှာဖွေတင်ပြရပါလိမ့်မည်။

## စာပေသုတေသန

စာရေးသူ ရှာဖွေလေ့လာကြည့်ရှုခဲ့သော (၁) ဗန်းမော်တင်အောင်၏ ကိုလိုနီခေတ် မြန်မာနိုင်ငံသ... (၂) မြန်မာ့စွယ်စုံကျမ်း အတွဲ(၇)နှင့်၊ (၃) အငြိမ်း... ကျောက်စာဝန် သီရိပျံချီဦးမြ၏ မြန်မာနိုင်ငံတော် ... ဟောင်းသုသေနဌာန ရှေးဟောင်းအုတ်ခွက်များ၊ ဆင်... တော်များ စာအုပ်တို့၏ ဖော်ပြချက်များအရ ဦးရည်စိ...

www.burmeseclassic.com

မှတ်တမ်းများ မူသစ်ဘာသာပြန်ဆိုချက်တွင် သင်းပြုများအစား သရေခေတ္တရာပြုများကို မှားယွင်းပြီး ယှဉ်ပြန်ဆိုထားကြောင်း တွေ့ရှိရပါသည်။ ထိုသို့ ဟံသင်းပြုနေရာတွင် သရေခေတ္တရာပြုဟု ပြန်ဆိုခြင်းကြောင့် မြန်မာ့ရာဇဝင် ကျမ်းအစောင်စောင် ပြောင်းထဲ ရောက်ရ ထိုလို ဖြစ်ရုံသာမက အသရေမဲ့ချိသည့် ပြည်မြို့မှာလည်း သောင်လည်လည်ဖြစ်ကုန်ကြရပါ၏။ ထိုသို့ မဖြစ်ရန်နှင့် မှန်တရားအတိုင်း ဖြစ်စေရန် အထောက်အထားနှင့် တွ တင်ပြသွားပါမည်။

## ဗန်းမော်တင်အောင်

စာရေးဆရာ ဗန်းမော်တင်အောင်၏ ကိုလိုနီခေတ် မြန်မာ့သမိုင်းစာအုပ်တွင် အောက်ပါအတိုင်း ရေးသားဖော်ပြထားပါသည်။ "ရှေးဟောင်း မြန်မာနိုင်ငံသမိုင်းနှင့် သက်ဆိုင်သော ပြုလူမျိုးများနှင့် ပြုပြည်နယ်များအကြောင်းကို ရေးသားဖော် ပြထားသော တရုတ်မှတ်တမ်းများကိုလည်း တွေ့ရှိထားရပေသည်။ ယင်းသို့ ပြုလူမျိုးများနှင့် ၎င်းတို့၏ နယ်များ၊ မြို့ပြများအကြောင်းကို ရေးသားဖော်ပြခြင်း ၌ ၇ ရာစုနှင့် ၉ ရာစုနှစ်များအကြားတွင် တရုတ်ကုန်း ယူနန်ဒေသတစ်ဝိုက်တွင် ရှမ်းလူမျိုးများ တစ်ခမ်း နား ထူထောင်ခြင်းပြုခဲ့ကြသော နန်ချိုနိုင်ငံနှင့် ဆက်စပ် ပြထားသည်ကို တွေ့ရှိရလေသည်။

"ယင်းမှတ်တမ်းအဆိုအရ နန်ချိုရှမ်းဘုရင်များ သည် အထက်မြန်မာနိုင်ငံတစ်လွှားရှိ ပြုလူမျိုးများနှင့် မြို့ပြ ပြည်နယ်များကိုပင် လွှမ်းမိုးကာ အိန္ဒိယကုန်းမြေ အာသံ ပြည်နယ်အထိ အုပ်ချုပ်ထားခဲ့ပုံရလေသည်"

"၈ရာစုလောက်တွင် မြန်မာနိုင်ငံ၌ ပြုလူမျိုးများ၏ ကျယ်ခမ်း နားလှပေသော မြို့ကြီးငါးမြို့နှင့် ပြည်နယ် ပေါင်း ၁၈ နယ်မျှရှိကြောင်း ပြုလူမျိုးများ၏ အကြီး အကဲနှင့် အရှင်သခင်များတွင် များပြားလှသော အခြွေအရံ နှင့် ကျေးကျွန်များလည်းရှိကြောင်း၊ သို့ရာတွင် ယင်း မျိုးများသည် နောင်ချိုရှမ်းဘုရင်များ ၏ လက်အောက်ခံ တစ်မျိုးမျှ သာဖြစ်ကြောင်း၊ တစ်ကြိမ်က တရုတ် ည် ဝီကင်းမြို့တော်ရှိ တရုတ်ဧကရာဇ်ဘုရင်မင်းမြတ် ထံသို့ အဖူးအမြော် လာရောက်ကြသော နန်ချိုသံ အဖွဲ့ဝင်များနှင့်အတူ ပြုမင်းသား၊ သို့မဟုတ် အကြီးအကဲတစ်ဦးနှင့် ကချေသည်အဖွဲ့တစ်ဖွဲ့လည်း ပါရှိ ကြောင်း စသည်ဖြင့် ဖော်ပြထားလေသည်"

"ယင်း တရုတ်မှတ်တမ်း၌ ပြုလူမျိုးများ၏ နိဂုံးချုပ်ကံကြမ္မာနှင့်ပတ်သက်၍ ရေးသားဖော်ပြထားပုံမှာ ကြေကွဲဖွယ်ရာ ကောင်းလှသည်။ ၉ ရာစုနှစ်လောက်တွင် နန်ချိုရှမ်းများက မြန်မာနိုင်ငံရှိ ပြုမြို့ပြများနှင့် ပြည်နယ်များကို တိုက်ခိုက်ဖျက်ဆီး၍ ပြုလူမျိုးအမြောက်အမြားကိုလည်း သုံ့ပန်း၊ သို့မဟုတ် ကျေးကျွန်များအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားသဖြင့် ပြုလူမျိုးများ၏ မြို့ပြပြည်နယ်များ ပျက်စီးသွားရသောကြောင့် ယင်းပြုလူမျိုးများ၏ သားမြေးအဆက်အနွယ်များအား ယူနန်ဖူးဒေသတစ်ဝိုက်တွင် ငါးသားပုဇွန်များကို လိုက်လံဖမ်းဆီးရှာဖွေစားသောက် နေထိုင်လျက်ရှိသည်ကို နောက်ဆုံးတွေ့ရှိရကြောင်း"

"အထက် မြန်မာနိုင်ငံတစ်လွှား၌ နေထိုင်လျက်ရှိကြသော ပြုလူမျိုးများနှင့် ၎င်းတို့၏ ပြည်နယ်များ သည် တရုတ်မှတ်တမ်းများအရ နန်ချိုရှမ်းများ လက်အောက်ခံများအဖြစ် သိရှိရသော်လည်း အောက်မြန်မာနိုင်ငံတစ်လွှားတွင် တည်ရှိကြသော ပြုလူမျိုးများ၏ မြို့ပြပြည်နယ်များအကြောင်းကိုကား ခိုင်ခိုင်ခံ့ခံ့ ဘာမျှမသိရှိကြသေးကြောင်း"

အထက်ပါကဲ့သို့ မူဟောင်း ဖော်ပြထားချက်များအရ တရုတ်မှတ်တမ်းများသည် အထက်မြန်မာနိုင်ငံရှိ ပြုများ(ဟံသင်းပြုများ)အကြောင်းသာ ရေးသားဖော်ပြခြင်းဖြစ်ပြီး အောက်မြန်မာနိုင်ငံရှိ ပြုများ(သရေခေတ္တရာပြုများ)နှင့် လုံးဝပတ်သက်ခြင်းမရှိပေ။ ၈ ရာစုနှစ်တွင် တရုတ်ပြည်သို့ ရောက်သွားသော ပြုကချေသည်အဖွဲ့သည် ဟံသင်းမှပြုများပင် ဖြစ်ကြပြီး ၉ ရာစုနှစ်လောက်တွင် ပျက်စီးသွားသော ပြုမြို့ပြများလည်း ဟံသင်းမြို့ပြများသာဖြစ် ကြောင်း သိသာလှပါ၏။

## မြန်မာ့စွယ်စုံကျမ်း

မြန်မာ့စွယ်စုံကျမ်း အတွဲ-၇ တွင် ရှေးခေတ်မြန်မာနိုင်ငံ၏ ကြီးကျယ်ထင်ရှားသော လူမျိုးများကဏ္ဍတွင် အောက်ပါဖော်ပြချက်များကို တွေ့ရှိနိုင်ပါသည်။ "၈ ရာစု



www.burmeseclassic.com

www.burmeseclassic.com

နှစ်အတွင်း နန်ချိုတရုတ်နှင့် တိဘက်သုံးပြည်ထောင်တို့သည် အချင်းချင်း တိုက်ခိုက်လျက်ရှိကြရာ ခရစ် ၇၅၅ ခုနှစ်မှစ၍ နန်ချိုသည် တိဗက်နှင့် မဟာမိတ်ပြု၍ တရုတ်ကိုတိုက်၏။ တိဗက်နှင့် လွယ်ကူစွာဆက်သွယ်နိုင်ရန် နန်ချိုပြူနိုင်ငံ၏ မြောက်ပိုင်းကိုဖြတ်၍ ခရီးလမ်းပြုခဲ့ရ၏။ ဤသို့ဖြင့် ပြူနိုင်ငံနှင့် နန်ချိုတို့ ဆက်သွယ်မိခဲ့ကြလေသည်။ ဆက်သွယ်မိသည်ဆိုရာ၌ ပြူတို့သည် အင်အားကြီးမားသော နန်ချိုတို့၏ လွှမ်းမိုးကြီးစိုးခြင်းကို ခံရခြင်းပင်ဖြစ်သည်''

''တိဗက်နှင့်နန်ချို ဆက်သွယ်ခြင်းအားဖြင့် မြန်မာနိုင်ငံ မြောက်ပိုင်းကိုဖြတ်၍ တရုတ်ပြည်နှင့် အိန္ဒိယပြည်ကို ခရီးလမ်းဆက်သွယ်မိခြင်းပင် ဖြစ်၍ ပြူတို့၏ သမိုင်းစဉ်ကို များစွာ ပြောင်းလဲစေခဲ့သည်''

''နန်ချိုတပ်တို့တွင် အတင်းသိမ်းထားသော ပြူစစ်သည်အများအပြား ပါဝင်ခဲ့သည်။ ခရစ် (၈၆၂- ၈၆၃) ခုနှစ်တွင် တရုတ်တို့ပိုင်သော ဟန္နိုင်မြို့ကို နန်ချိုရှမ်းတို့ သိမ်းယူစဉ်က ပြူစစ်သည် အများအပြား ပါဝင်ကြောင်း ထင်ရှားသော မှတ်တမ်းကို တွေ့ရလေသည်''

''ဤ ၈ ရာစုနှင့် ၉ ရာစုနှစ်များတွင် ပြူတို့၏ မြို့တော်မှာ အထက်မြန်မာနိုင်ငံသို့ ပြောင်းရွှေ့ပြီးဖြစ်သည်။ မြို့တော်နေရာကို အတိအကျ မသိရသေးသော်လည်း ရွှေဘိုခရိုင်အတွင်းလောက် ရှိတန်ရာ၏။ ထို့နောက်ပိုင်းခေတ်တွင် ပြူနိုင်ငံသည် နန်ချိုလက်အောက်ခံနိုင်ငံ ဖြစ်ခဲ့ပေသည်။ တရုတ်နှင့် နန်ချိုတို့၏ တိုက်ခိုက်မှုများကို ခရစ်နှစ် ၇၉၄ ခုနှစ်တွင် ခေတ္တရပ်စဲခဲ့ရာ မဟာမိတ်အဖြစ် တရုတ်နယ်စပ်ဘုရင်ခံ၏ ဖိတ်ခေါ်ချက်အရ ပြူဂီတပညာရှင်တို့သည် တရုတ်ပြည်၏ ထိုခေတ်နေပြည်တော် ချန်အန်မြို့သို့ ခရစ် ၈၀၀ ပြည့်နှစ်တွင် ရောက်ရှိခဲ့၏။

အထက်ပါ မြန်မာ့စွယ်စုံကျမ်း အတွဲ-၇ တွင် ဖော်ပြချက်အရ ပြူဂီတပညာရှင်တို့သည် တရုတ်နှင့် နန်ချိုရှမ်းတို့ ခေတ္တစစ်ပြေငြိမ်းစဉ်ကာလ ခရစ် ၈၀၀ ပြည့်နှစ်တွင် နန်ချိုတို့၏ လက်အောက်ခံအဖြစ် တရုတ်ပြည် ချန်အန်မြို့တော်သို့ ရောက်ရှိခြင်း ဖြစ်ပါသည်။ ရွှေဘိုခရိုင်အတွင်းမှ ပြူနိုင်ငံသားများဟု ဖော်ပြထားသဖြင့် ဟံလင်းပြူများသာ ဖြစ်ပါမည်။ သရေခေတ္တရာပြူများ မဟုတ်ကြောင်း သိသာလှပါသည်။ သရေခေတ္တရာသမိုင်းတွင်ထ[illegible] တရုတ်အကြောင်း တိဘက်အကြောင်း၊ နန်ချိုအကြော[illegible] ဟန္နိုင်အကြောင်း၊ စစ်ပွဲများအကြောင်း စိုးစဉ်းမျှ မပါ[illegible] ပထဝီအ နေအထားအရ သရေခေတ္တရာဒေသသည် [illegible] လမ်းကြောင်းနှင့် တခြားစီဖြစ်ရုံမက ခရစ် ၈၀၀ ပြည့်[illegible] မတိုင်မီ နှစ်ပေါင်း ၇၀၀ ခန့်ကပင် သရေခေတ္တရာ ပျ[illegible] ခဲ့ပြီး ဖြစ်ပါသည်။ ထိုအချိန်ကာလက ပုဂံပြည်မှာ မင်း[illegible] ၃၀ ကျော်မျှ နန်းစံခဲ့ပြီးဖြစ်ကာ အရှည်းကြီးများ ထ[illegible] ထွားနေချိန် ဖြစ်နေပါပြီ။ သရေခေတ္တရာဒေသသည် [illegible] လက်အောက်ခံဒေသ ဖြစ်နေပါပြီ။

စိတ်ဝင်စားစရာ ထပ်မံတွေ့ရှိရပါသေးသ[illegible] မြန်မာ့စွယ်စုံကျမ်း အတွဲ-၇ တွင် ဆက်လက်ဖော်ပြ[illegible] ရာ၌ ''ခရစ် (၈၀၁-၈၀၂) ခုနှစ်တွင် ပြူဘုရင်သည် န[illegible] တစ်ဆင့် တရုတ်ပြည်သို့ သံအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့[illegible] သည်။ သံအဖွဲ့ကို ပြူဘုရင်၏ညီတော်က ခေါင်းဆော[illegible] သည်။ ဂီတပညာသည်တို့လည်း ပါဝင်လေသည်''ဟု [illegible] ပါ၏။

မြန်မာ့စွယ်စုံကျမ်း အတွဲ-၇ တွင် ဖော်ပြချက်အ[illegible] ပြူဂီတပညာရှင်အဖွဲ့ တရုတ်ပြည်သွားရောက် ဖျော်ဖြ[illegible] မှာ တစ်ကြိမ်မဟုတ် နှစ်ကြိမ်ဖြစ်ကြောင်းကိုပါ သိရှိ[illegible] ပါသည်။ ပထမအကြိမ်မှာ ခရစ်နှစ် ၈၀၀ ပြည့်တွင် ရော[illegible] ရှိသွားပြီး ပြူသံတမန်အဖွဲ့ မပါဝင်ခဲ့ပါ။ နန်ချိုရှမ်းတ[illegible] သံတမန်များနှင့် လိုက်ပါသွားခဲ့ခြင်း ဖြစ်ပါ၏။ ဒုတိ[illegible] အကြိမ်မှာ ခရစ်နှစ် ၈၀၂ ခုတွင် ပြူဘုရင်၏ညီတေ[illegible] ခေါင်းဆောင်သော သံတမန်အဖွဲ့နှင့် သွားရောက်ခဲ့[illegible] ဖြစ်ကြောင်း သိရှိရပါသည်။ ပိုမိုတိကျပြည့်စုံသော ဖေ[illegible] ချက်ဖြစ်ပါ၏။

ရွှေဘိုနယ်အတွင်းရှိ ပြူမြို့တော် ပျက်စီးမှုနှင့် [illegible] သက်၍ မြန်မာ့စွယ်စုံကျမ်း အတွဲ(၇) စာမျက်နှာ ၉၄ [illegible] အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရသည်[illegible]

''ခရစ် ၈၃၂ ခုနှစ်တွင် နန်ချိုတို့သည် ရွှေဘို[illegible] အတွင်းရှိ ပြူမြို့တော်ကို တိုက်ခိုက်သိမ်းယူလုယက်[illegible] နောက် ၃၀၀၀ ကျော်သော ပြူသုံ့ပန်းတို့ကို ဖမ်းဆီး[illegible] ဆောင်သွားပြီးလျှင် ယခု ယူနန်ဖူးမြို့အရပ်၌ ထား[illegible] သည်။ ထို့နောက် ပြူနှင့်သက်ဆိုင်သော အချ[illegible]



www.burmeseclassic.com

www.burmeseclassic.com

တရုတ်မှတ်တမ်းတို့၌ မတွေ့ရတော့ပေ''

ဖော်ပြပါ ရွှေဘိုမြို့နယ်အတွင်းရှိ ပြုမြို့တော်ဆိုသည်မှာ ဟံလင်းကို ဆိုလိုရင်းဖြစ်ပါသည်။ ဟံလင်းသည် မန္တလေး၊ ရွှေဘိုကားလမ်း ပေါ်ရှိ ရွှေဘိုမြို့မှ တောင်ဘက် ၁၀ မိုင် ငါးဖာလုံ၊ ဝက်လက်မြို့မှ အရှေ့မြောက် ခြောက်မိုင်အကွာ ဝက်လက်မြို့နယ်အတွင်း၌ တည်ရှိပါသည်။ ဟံလင်း ပြုမြို့တော်တစ်ဝိုက်တွင် တစ်ဝက်တစ်ပျက်ကျောက်ဖြစ်နေသော လူ့အရိုးစုများကို တွေ့ရှိရသောကြောင့် လွန်ခဲ့သော နှစ် ၅၀၀၀ ကျော်ကပင် တည်ရှိသော ပြုမြို့တော်ကြီး ဖြစ်ပါသည်။ ဟံသာဝတီ၊ ဟံသာနဂရ၊ ဂါမဟတီ၊ ဟံလင်းမခေါက် စသည့်အ မည်များဖြင့် ထင်ရှားခဲ့ပြီး ‌နောက်ဆုံး ဟံလင်းဟု တွင်ခဲ့ခြင်းဖြစ်ပါ၏။

ခရစ် ၈၃၂ ခုနှစ်တွင် ယူနန်မှ နန်ချိုရှမ်းတို့ တိုက်ခိုက်သိမ်းယူ ဝ ယက်ဖျက်ဆီးပြီး သုံ့ပန်း ၃၀၀၀ ကျော် ဖမ်းဆီးယူဆောင်သွားသည်ဆိုသည့် ပြုမြို့တော်မှ ဟံလင်း ပြုမြို့ တော်သာပင် ဖြစ်ကြောင်း ထင်ရှားလှပါသည်။ ထို့ကြောင့် တရုတ်မှတ်တမ်းများကို မူသစ် မြန်မာပြန်သည့် ဆရာကြီးဦးရည်စိန်အား မှတ်တမ်းများကို ပြန်လည်ကြည့်ရှုပြီး အမှန်အတိုင်းဖြစ်အောင် တာဝန်ယူဖြေရှင်းပေးရန် မေတ္တာရပ်ခံပါသည်။ ပြုဆိုတိုင်း သရေခေတ္တရာပြုဟု ဘာသာမပြန်သင့်ပါ။ ရွှေဘိုနယ်အတွင်းမှာ သရေခေတ္တရာမရှိပါ။ မြန်မာ့သမိုင်းကို ရှုပ်ထွေးကုန်အောင် မပြုသင့်ပါ။

## သီရိပျံချီဦးမြ

အငြိမ်းစား ကျောက်စာဝန် သီရိပျံချီဦးမြ၏ မြန်မာနိုင်ငံတော် ရှေးဟောင်းသုတေသနဌာန ရှေးဟောင်း အုတ်ခွက်ရုပ်ပွားဆင်းတုတော်များ စာအုပ်တွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်။

''ခရစ်နှစ် ၈ ရာစုနှင့် ၉ ရာစုအတွင်းတွင် ယခု ယူနန်ရှိ နန်ချိုမင်းတို့၏ ဩဇာအာဏာသည် အထက်မြန်မာပြည်အထိ လွှမ်းမိုးလျက်ရှိသည်''

''ခရစ်နှစ် ၇၅၅ ခုနှစ်တွင် နန်ချိုဘုရင် ကိုလိုဖင်သည် တိဗက်များနှင့် ပူးပေါင်း၍ တရုတ်တို့ကို တိုက်ခိုက်ရာ နှစ်ကြိမ်တိုင် အောင်မြင်သည်''

''ကိုလိုဖင်၏ မြေးသည် တိဗက်နှင့် အဆက်ဖြတ်ပြီးလျှင် တရုတ်တို့နှင့်ပူးပေါင်းနေထိုင်သည်။ ခရစ် ၈၀၀ ပြည့်နှစ်တွင် တရုတ်ပြည်သို့ အကအခုန် အတီးအမှုတ်အဖွဲ့တို့ ဆက်သွင်းပြရာတွင် ပြုအဖွဲ့ ပါသွားသည်''

''ပြုအတီးအမှုတ် အကအခုန်ကို လိုလားဟန်တူသည်နှင့် ခရစ် ၈၀၂ ခုနှစ်တွင် ပြု ၃၅ ယောက်ပါသော အကအခုန် အတီးအမှုတ်အဖွဲ့ကို ပြုမင်းက နန်ချိုမှတစ်ဆင့် တရုတ်ပြည်သို့ သံကြီး၊ တမန်ကြီးနှင့် စေလွှတ်တော်မူသည်''

အထက်ပါ ဖော်ပြချက်အရ နန်ချိုမင်းတို့၏ ဩဇာသည် အထက်မြန်မာပြည်ရှိ ဟံလင်းဒေသကိုသာ လွှမ်းမိုးကြောင်း သိနိုင်ပါသည်။ ပြုအကအခုန် အတီးအမှုတ်အဖွဲ့ တရုတ်ပြည်သို့ နှစ်ကြိမ်သွားရောက်ကြောင်းနှင့် ဒုတိယအကြိမ်တွင်သာ သံကြီး၊ တမန်ကြီးနှင့် ပြုမင်းက စေလွှတ်ကြောင်း ပိုမိုထင်ရှားစေပါသည်။

အထက်မြန်မာပြည်ရှိ ပြုတို့၏ ကံကြမ္မာလည်း သီရိပျံချီ ဦးမြက အောက်ပါအတိုင်း ဖော်ပြထားပါသည်။

''ခရစ် ၈၃၂ ခုနှစ်တွင် နန်ချိုလူမျိုးတို့က ပြုတို့၏ မြို့တော်ကြီးကို ဝင်ရောက်တိုက်ခိုက် လုယက်ဖျက်ဆီးပြီး လူပေါင်း ၃၀၀၀ ခန့် ဖမ်းဆီးခေါ်ဆောင်သွားပြီး နန်ချိုမြို့တော်သစ် ယူနန်ဖူး၌ သုံ့ပန်းအဖြစ်နှင့် နေထိုင်ရသည်''

''ပြုလူမျိုးတို့၏ အကြွင်းအကျန်ဖြစ်သော သုံ့ပန်းတို့သည် ခရစ် ၈၆၃ ခုနှစ်၌ ယူနန်ဖူးတွင် နေထိုင်လျက်ပင် ရှိကြသေးသည်''

ဤသို့ မူဟောင်းဖော်ပြချက်အရ နန်ချိုလူမျိုးတို့ တိုက်ခိုက်ဖျက်ဆီးခဲ့သော ပြုမြို့တော်ကြီးမှာ အထက်မြန်မာပြည်မှ ပြုမြို့တော်ကြီးဖြစ်ပြီး ခရစ် ၈ ရာစု ရာစုနှစ်တွင် ပျက်စီးသွားခဲ့သော ပြုမြို့တော်ကြီးမှာ ‌ သရေမချို့သည့် ပြေမြို့မဟုတ်ကြောင်း ရှင်းလင်းစွာ ‌ ‌ ‌ ၌နိုင်ကြပါပြီ။

## နားမလည်နိုင်ပါ

စာပေ ‌သုတေသနအဖြစ် စာရေးသူတင်ပြခဲ့သော ဗန်းမော်တင်အောင်၏ စာအုပ်၊ မြန်မာ့စွယ်စုံကျမ်း နှင့် သီရိပျံချီဦးမြ၏ စာအုပ်များတွင် ပါရှိသည့် ပြုအကြောင်းအရာများသည် တရုတ်မှတ်တမ်းများမှပင် ရရှိထားသော



www.burmeseclassic.com

www.burmeseclassic.com

နိုင်မာတိကျသော မှုဟောင်းအကြောင်းအရာများ ဖြစ်ပါသည်။ ထိုမျှ တိကျခိုင်မာလှသော အချက်အလက်များကို လျစ်လျူရှု၍ ပြူဆိုလျှင် သရေခေတ္တရာမှ ဖြစ်ရမည်ဟူသော အယူအဆမျိုးဖြင့် မှုသစ် ဘာသာပြန်ထားဟန်ရှိသော တရုတ်မှတ်တမ်း မြန်မာပြန်ကို တရားသေလက်ခံကြသော ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိ ဝန်ထမ်းများအပေါ် စာရေးသူ နားမလည်နိုင်ပါ။ သံယောင်လိုက်၍ စာပေများ ရေးသားထုတ်ဝေနေသော သမိုင်းဆရာများကိုလည်း နားမလည်နိုင်ပါ။

အသရေမချို့သည့် ပြေမြို့မှ ယခုတွေ့နေရသော စေတီဘုရားပုထိုးများမှာ အံမှန်အားဖြင့် BC ၄ ရာစုမှ AD ၁ ရာစုအတွင်း တည်ထားကိုးကွယ်ခဲ့ကြခြင်းသာ ဖြစ်ပါသည်။ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက နားလည်မှုလွဲမှားပြီး AD ၃ ရာစု မှ AD ၄ ရာစု၊ AD ၇ ရာစု၊ AD ၈ ရာစုမှာ တည်ထားခဲ့လေဟန် ကျောက်စာတိုင်များ ထူလိုက်ကြခြင်းကို ပြန်လည်သုံးကြစေလိုပါသည်။ ၎င်းကျောက်စာတိုင်များသည် ပြေမြို့ကို အသရေချို့စေပါ၏။

ဥပမာအားဖြင့် ရန်ကုန်-ပြည်-မကွေး အဝေးပြေးလမ်းမကြီး အနီးမှာရှိသည့် ဘုရားကြီးစေတီများ၊ ဒွတ္တပေါင်မင်းကြီးခေါ် ရာမရာဇာဒွတ္တ ပေါင်မင်းကြီးက BC ၄ ရာစုနှစ်ကတည်းက တည်ထားခဲ့သော ဘုရားကြီးဖြစ်သော်လည်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ စိုက်ထူထားသော ကျောက်စာတွင် AD ၆/၇ ရာစု ဘုရားဖြစ်ဟန် ရေးသားထားသည်ကို တွေ့ရပါသည်။ အမှန်အတိုင်း BC ၄ ရာစုကတည်းက တည်ထားသော ဘုရားဟု ရေးသားလျှင်တွေ့ရှိသော ဥရောပ သားများနှင့် အမေရိကန်များ အတော်ပင် ဖြူသွားကြပါလိမ့်မည်။

အမေရိကန်နှင့် ဥရောပတိုက်သားများ BC ၄ ရာစုခေတ်တွင် ဘုရားကြီး၊ ဘောဘောကြီး၊ ဘုရားမာကဲ့သို့ ကြီးမားခိုင်ခံ့သော စေတီများ (အဆောက်အအုံကြီးများ)ကို တည်ဆောက်နိုင်ဖို့ဝေးစွ ယဉ်ကျေးမှုပင် မည်မည်ရရ မရှိကြသေးပေ။ ထို့ကြောင့် ၎င်းဘုရားကြီးများသည် နိုင်ငံတော်အား များစွာကျက်သရေရှိစေပါလိမ့်မည်။ အဆင့်မြင့်စေပါလိမ့်မည်။

အယူအဆ မှားယွင်းစွာ ဘာသာပြန်ထားသော တံတမ်းမှုသစ်ကို အခိုင်အမာအဖြစ်လက်ခံပြီး ၎င်းဆရာကြီးများကို AD ၆/၇ ရာစုနှစ်တွင် တည်ထားကိုးကွယ်သော ဘုရားကြီးများအဖြစ် ကမ္ဘာကိုပြသ အသိပေးနေပါက ဘုရားကြီးများကို တအံ့တသြဖြင့် ရှုမြင်သုံးသပ်ကြတော့မည် မဟုတ်ပေ။ ထိုအခါ အသရေမချို့သည့် ပြေမြို့မှာ ထိခိုက်ရပါ၏။ နိုင်ငံတော်မှ နစ်နာရပါ၏။

## သုနာပရန္တတိုင်းသားများကြောင့်ပါ

ခရစ်နှစ် ၁ ရာစုအကုန်တွင် ပျက်စီးသွားသော သရေခေတ္တရာပြည် မြို့မှာ တရုတ်များကြောင့်သည်းကောင်း၊ ယူနန်ရှမ်းများကြောင့်လည်းကောင်း ပျက်စီးရသည် မဟုတ်ပါ။ သရေခတ္တရာသမိုင်းတွင်လည်း ထိုသို့ ရေးသားဖော်ပြထားခြင်းမှုရှိပါ။ ပြည်တွင်းရေးမငြိမ်မသက်ဖြစ်ပြီး သုနာပရန္တတိုင်းမှ စကောတပ်သားများနှင့် ကျပင်းတပ်သားများကြောင့် ပျက်စီးသွားရခြင်းသာ ဖြစ်ပါ၏။ စကောမြို့နှင့် ကျပင်းမြို့တို့သည် ထိုစဉ်က စလင်းမြို့၊ စကုမြို့ အနီးဝန်းကျင်မှာပင် ရှိခဲ့ပြီး သရေခေတ္တရာ [illegible]သိမြို့ကဲ့သို့ ကြွယ်ဝချမ်းသာမှု မရှိကြပေ။ စကောနှင့် ကျပင်းမှ လူဆိုးလူမိုက်များ တပ်ဖွဲ့ပြီး သရေခေတ္တရာပြည်မြို့သို့ ရေဝတီမြစ်အားစုန်၍ သွားရောက်တိုက်ခိုက် လုယက်ဖျက်ဆီးမှုကြောင့် တဖြည်းဖြည်း သရေခေတ္တရာပြည်မြို့ ပျက်သုဉ်းသွားခဲ့ရပါသည်။ စကောမြို့နှင့် ကျပင်းမြို့တို့မှာ ယခုအခါ မြို့အဖြစ် ရပ်တည်လျက် မတွေ့ရတော့ပါ။ ရွာသိမ်ရွာငယ်များအဖြစ်သို့ ပြောင်းလဲသွားခဲ့ပြီလည်း ဖြစ်နိုင်သလို လုံးဝပျက်စီးပျောက်ကွယ်သွားကြပြီလည်း ဖြစ်နိုင်ပါ၏။

မည်သို့ပင်ဆိုစေ တရုတ်ကြောင့်လည်းကောင်း၊ နန်ချိုရှမ်းများ ကြောင့်လည်းကောင်း သရေခေတ္တရာ ပြည်မြို့ ပျက်စီးသွားရခြင်းမဟုတ်ပါ။ ပျက်စီးသွားသည့် ကာလမှာလည်း AD ၈ ရာစု ၉ ရာစု မဟုတ်ပါ။ AD ၁ ရာစုအကုန်တွင်သာ ဖြစ်ပါကြောင်း။

သမိုင်းမှန်ကို ရှင်သန်နိုင်ကြပါစေ ...

**ပါမောက္ခ မင်းဓာတု**

၀၉ ၇၂၀[illegible]၀၁၇



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# တေဘုမ္မာ ဝင့်နန်းလယ်မှာ ကျွတ်တမ်းကာယ် စာမလိပ်ချင်ဘု

## မောင်ဟိန်းကျော်

(ယခင်လမှအဆက်)

"ရေရှိတာပေါ့ ကပ္ပိယ ကြီးရဲ့ ရေမှ ကြည့်လို့စိမ်းလို့ ကန်ထဲမှာ ဗေဒါပင်လည်းမရှိ၊ ကြာပင်လည်းမရှိဘူး။ တစ်နှစ်လုံးလည်း 'ရေမခန်းဘူး၊ အဲဒါဘာဖြစ်လို့လဲ"

ဦးထွန်းကြိုင်၏စကားကြောင့် ကပ္ပိယကြီးမှာ ရယ်ချက်ပက်ကျိ ကလိကလိ ဖြစ်နေသည်။ သို့သော် ရယ်ချင်စိတ်ကို ထိန်းချုပ်ထားလိုက်၏။

"အဲဒီရေကန်မှာ သိုက်ရှိတယ် ဦးထွန်းကြိုင်ရဲ့ နဂါးသိုက်လို့ ကျုပ်တို့မိဘတွေက ပြောခဲ့တယ်ဗျ။ ကပ္ပိယကြီးက ဒါကိုမေးတာမဟုတ်လား"

"ဟုတ်တယ် ဦးစာင်မြ ညက ဦးတင်မြတို့ကြားရတဲ့ လှည်းသံ လူသံ နွားသံတွေက သိုက်ပြောင်းကြတာလေ"

"သိုက်ပြောင်းတာ အမှန်ဘဲလား ကပ္ပိယကြီးရယ်၊ သိုက်ပြောင်းတယ်ဆိုတာ ရှေးလူကြီးတွေပြောတာ ကြားဖူးပါတယ်၊ ခုတော့ ကိုယ်တိုင်ကြုံရတာပဲ၊ သိုက်ပြောင်းတာက တိုးတိုးတိတ်တိတ်လည်း မဟုတ်ဘူး။ တကတည်း ဆူညံနေတာပဲ၊ ရွာကလူတွေ မနိုးလို့ပေါ့၊ နိုးများသွားရင်း တစ်ရွာလုံး မီးအုပ်ထွန်းပြီး သွားကြည့်ကြမှာဗျ"

"မကြာပါဘူး ဦးထွန်းကြိုင်ရယ်၊ အခုတောင် ဦးထွန်းကြိုင်ရယ်၊ ဦးတင်မြရယ်ပဲ ကြားရတာယ် မဟုတ်လား။ တခြားလူတွေ မကြားနိုင်ဘူးလို့ ထင်ပါတယ်၊ အထူးသဖြင့် သိုက်ကို ခုကွဲပေးမည့်လူ၊ အန္တရာယ်ပြုမယ့်လူတွေဆို မကြားနိုင်ဘူး"

"အေးဗျာ ကျုပ်တို့သည်း ထင်တော့ထင်သားဗျ။ ခုတော့ ဧည့်ချာ



www.burmeseclassic.com

www.burmeseclassic.com

သွားတာပေါ့၊ ညတုန်းကသာ ခုလို သေသေချာချာသိရရင် သွားတောင်ကြည့်လိုက်ချင်သေးတယ်"

"မကြည့်တာကောင်းပါတယ် ဦးတင်မြရယ် အန္တရာယ်ရှိတယ်ဗျ"

"ဟုတ်လား ဘုရားသိုက်ဆိုရင် ခြောက်လှန့်လွှတ်ဦးမယ်၊ ခုသိုက်က နဂါးသိုက်ဆိုတော့ အသေလုပ်မှာဗျ။ ပြီးရင် သူတို့သိုက်မှာ သိုက်စောင့်ခိုင်းဦးမှာဗျ ဦးထွန်းကြိုင်ရဲ့ နဂါးမျက်စောင်း အကြောင်းသုံးပါးမရွေးဘူးတဲ့ဗျ"

ပြဲ့တွာက ကျွန်ုပ်အား အဓိပ္ပါယ်ပါသော အကြည့်ဖြင့် လှည့်ကြည့်သည်။

"အဲဒီသိုက်ကို သိုက်ဆရာတွေ လာတူးကြသေးတယ်ဗျ။ ထွက်ပြေးခဲ့ရတာချည်းပဲ။ ရူးတဲ့လူလည်း ရူးသွားတယ်၊ သူတို့ကိုတော့ ဘာလို့သေအောင်မသတ်တာလဲ ကပ္ပိယကြီး။ ဒီ သိုက်ဆရာတွေဟာ သေပြီး အဝိစိထိ ကျဖို့ကောင်းတာ"

"ဦးထွန်းကြိုင်ပြောသလိုပဲ လောဘရမ္မက်ကြီးပြီး သိုက်တူးတဲ့လူတွေဟာ တူးလို့ရတာ မရတာအသာထားဦး၊ စိတ်နဲ့ပြစ်မှားပြီး ကြံစည်ကတည်းက အဲဒီလူတွေဟာ အဝိစိရဲ့ အတိမ်အနက်ကို ခြေထောက်နဲ့စမ်းကြည့်နေတာပဲဗျ။ အဲဒီ အဝိစိကျခံရမယ့်လူကို အသေသတ်ရင် သတ်တဲ့လူမှာ အကုသိုလ် အဖတ်တင်တော့မှာပေါ့၊ နောက်ပြီး သူတို့ကိုရူးအောင်လုပ်လိုက်တော့ နောက်ဆရာ အသစ်ကို သဲလွန်စမပေးနိုင်တော့ဘူးပေါ့၊ လူတွေကျတော့ တစ်မျိုးပေါ့"

"ခုနက ကပ္ပိယကြီးပြောတော့ အသေလုပ်တယ်ဆို"

"ဦးတင်မြတို့လို စိတ်ရင်းကောင်းသူတွေလာရင်တော့ လမ်းလွှဲဖြစ်တာတို့ ကွယ်ဖျောက်ပစ်တာတို့ လုပ်မှာပါ၊ အန္တရာယ်ရှိတယ်ဆိုတာက သိုက်နန်းရှင်နဲ့ မတွေ့ဘဲ သိုက်စောင့်နဲ့ တိုးခဲ့ရင် အသေလုပ်မှာ အမှန်ပဲ၊ သူက သူနေရာမှာ အစားထိုးခဲ့ပြီး သူက တခြားကို ထွက်သွားခွင့်ရသွားလို့ပဲ"

"ဩော်...ဩော်...သိုက်စောင့်က နေရာလဲလိုက်တာပေါ့နော်"

"ဒါပေါ့ ဦးတင်မြရယ်"

"သူတို့ ဘယ်ကိုပြောင်းသွားလဲဆိုတာ သိုက်ဆရာတွေ မသိနိုင်ဘူးပေါ့"

"ဟုတ်တယ် ဦးထွန်းကြိုင်၊ သိုက်ပြောင်းတယ်ဆိုတာ တခြားလုံခြုံတဲ့နေရာတစ်ခုကို ပြောင်းတာရှိသလို သိုက်စာအရ ဒေးစွန်ပါတောင်ကို ပြောင်းရွှေ့တာလည်းရှိတော့ သိုက်တစ်ခု ဘယ်ကိုပြောင်းတယ်လို့ တိတိကျကျ မပြောနိုင်ဘူး"

"ဒေးစွန်ပါဆိုတာ ကြားတော့ကြားဖူးတယ်၊ ဒေးစွန်ပါတောင်ကို သိုက်ပြောင်းတယ်ဆိုတော့ သိုက်ဆရာတွေ မနှောင့်ယှက်နိုင်တဲ့နေရာ ဖြစ်လို့နေမှာပေါ့နော် ကပ္ပိယကြီး"

"သိုက်ဆိုတာ အမျိုးမျိုးရှိတယ် ဦးထွန်းကြိုင်၊ ခုန ပြောသလို ဘုရားသိုက်၊ နဂါးသိုက်အပြင် မိမိပိုင်ဥစ္စာပစ္စည်းကိုစွဲပြီး မကျွတ်မလွတ်ဘဲစောင့်တဲ့ဥစ္စာသိုက်တို့၊ သဘာဝရေမြေဖန်တီးမှုကြောင့် အဖိုးတန်ရတနာတွေ တစ်စုတဝေးတည်းဖြစ်နေတဲ့ ရတနာသိုက်၊ ရှေးဟောင်းမြို့တော် ထီးနန်းတွေပျက်ပြီး တောတွေ ချုံတွေ ဖုံးလွှမ်းနေတဲ့ ရှေးဟောင်းသိုက်၊ ဘုန်းတန်ခိုးကြီးတဲ့မင်းတွေ အာဏာစက်နဲ့ သစ္စာပြု အဓိဋ္ဌာန်ခဲ့တဲ့ ဘဏ္ဍာသိုက်၊ သီလသမာဓိ စရဏ အစွမ်းထက်တဲ့ သူတော်စင်တွေ သစ္စာပြုအဓိဋ္ဌာန်ခဲ့တဲ့ ဝိဇ္ဇာသိုက်၊ နောက်ပြီး ဘီလူးသိုက်၊ လူ့ဝံသိုက်၊ မိကျောင်းသိုက်၊ မြွေသိုက်ဆိုတာတွေလည်းရှိတယ်။ ဦးထွန်းကြိုင်တို့ ကြားဖူးလားမသိဘူး ဆင်သချိုင်းဆိုတာလေ"

"နားစွန်နားဖျားတော့ ကြားဖူးပါတယ်"

"အဲဒါလည်း အမှန်ကတော့ ဆင်သိုက်ခေါ်တဲ့ သိုက်တစ်ခုပဲ၊ သိုက်တွေထဲမှာ ဒေးစွန်ပါတောင်မှာ စုဝေးရမယ့် သိုက်တွေကတော့ ဘုရားသိုက်တွေပဲ၊ ဘုရားသိုက်ပေါင်း ကိုးရာ့ကိုးဆယ့်ကိုးသိုက် စုဝေးရမယ်လို့ သိုက်စာတစ်ခုမှာ ဆိုထားပါတယ်"

www.burmeseclassic.com

"ဘုရားသိုက်က ဒီလောက် ဆောင်ရှိပါ့မလား"

"ရှိတာပေါ့၊ ရှိလို့ သိုက်စာ ထွက်တာပေါ့ ဦးတွန်းကြိုင်ရယ်၊ ဖိုးဝန်း တောင်တို့၊ ရွှေနတ်တောင်တို့၊ စမ တောင်တို့၊ မန္တလေးတောင်၊ ရန်ကင်း တောင်၊ စစ်ကိုင်းတောင်တို့လို ခိုင်မာ တဲ့ အကာအကွယ်ရှိတဲ့ နေရာဒေသ က ဘုရားသိုက်တွေကတော့ မပြောင်း ရွှေ့ရဘူးပေါ့။ ဘုရားအို ကျောင်းပျက် တွေမှာ ဓာတ်တော် မွေတော်တွေနဲ့ တူ ရွှေငွေကျောက်သံပတ္တမြားတွေ ထားပြီး ပြန်လည်တည်ဆောက် လည်း အဲဒီ ဘုရားသိုက်တွေက ပြောင်းရွှေ့စရာ မလိုဘူး။ နှစ်ပေါင်းများ မြေပုံ၊ ချုံပုတ်၊ ဘုရားငုတ်တို တဲ့နေရာဒေသကို လူတွေ အိုးအိမ် ည်ဆောက် နေထိုင်လာမယ်ဆိုရင် နီးရာ ဘုရားသိုက်တွေ စုပြီးပေါင်း ရှိတယ်။ အဲဒီလိုစုနေတဲ့ ဘုရား တ်ကို ရန်ရှာမယ့်အန္တရာယ် ရှိလာ ပြီဆိုတဲ့အခါ ဒေးစွန်ပါကိုလာပြီး ရမယ်လို့ သိုက်စာမှာ ဆိုထား တယ်"

"ကပ္ပိယကြီးက တော်တော် များ သိတာကိုး"

"တင်မြကလည်း ဆရာတော် လေးအရင်းပဲဥစ္စာ"

"အဲဒီသိုက်နန်းတွေမှာ စောင့် ကြတို့ ဥစ္စာစောင့်လို့ လူတွေက ခေါ်ကြတယ်။ အမှန်တော့ မကျွတ်မ လွတ်နိုင်သေးတဲ့ ဝေမာနိကတစ်မျိုးပဲ၊ သူတို့ကတော့ ကောင်းတဲ့စိတ်အစွဲ ကြောင့် ဝေမာနိကဖြစ်ကြတာမို့ အချိန်းအစားပြေပြစ်လုပတဲ့ ကိုယ်ခန္ဓာမျိုးဖြစ်ကြတယ်။ လူတွေကြားမှာ ရောနှော သွားလာနိုင်တယ်။ နတ်မင်းကြီးရဲ့ အမိန့်နဲ့ဥစ္စာစောင့်တွေကို ဥပုသ်သီလ ဆောက်တည်ဖို့ ဟောပြောညွှန်ကြား တဲ့ သူတော်စင်တစ်ဦးရှိတယ်။ ဥစ္စာ စောင့်တွေဟာ အရိမေတ္တေယျမြတ်စွာ ဘုရား မနက်ဖြန်ပွင့်တော့မယ်အထင် နဲ့ မြတ်စွာဘုရားကို ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းဖို့ စောင့်နေကြ တာ၊ သူတော်စင်ဟောကြားတဲ့တရား ကို သိနားလည်သွားတဲ့ ဥစ္စာစောင့် တွေကျတော့ သူတို့ဥစ္စာရွှေငွေကို မမက်မောမတွယ်တာတော့ဘဲ ဟောဒီ စေတီတည်သလို ရဟန်းနဲ့ဖြစ်ဖြစ်၊ စူဠဂန္ဓာရီ ပုဂ္ဂိုလ်နဲ့ဖြစ်ဖြစ်၊ လူသူတော် ရသေ့သူတော်တို့နဲ့ဖြစ်ဖြစ် ဆက်သွယ် ပြီး နိဗ္ဗာန်နသဿ ပစ္စယော ဟောတု၊ အာသဝက္ခယ ဉာဏံ ပစ္စယော ဟောတုဆိုပြီး လှူဒါန်းလိုက်ကြတယ်"

"အဲဒီလိုလှူလိုက်တော့ အဲဒီ ဥစ္စာစောင့်တွေ ဘာဖြစ်သွားလဲ"

"သူ့ကုသိုလ်ကံ အကုသိုလ်ကံ အတိုင်း ဖြစ်တာပဲပေါ့"

"ရှင်းပြပါဦး ကပ္ပိယကြီးရဲ့"

"ဒီဘုရားဒကာ၊ ညီအစ်မနှစ် ယောက် ဆိုပါတော့၊ သူတို့ဟာ အကုသိုလ်အကျိုးပေး ရှိမယ်ဆိုရင် အပါယ်ငရဲ တိရစ္ဆာန်ဘဝ ရောက်မယ် လေ၊ အကုသိုလ်ကံကုန်ရင် ခုလို ခနိဗ္ဗာန်ရကြောင်း ရည်မှန်းလှူဒါန်းတဲ့ အတွက် လူ့ဘဝမှာဖြစ်ရပြီး နိဗ္ဗာန် ရောက်ကြောင်း တရားကျင့်ကြံအား ထုတ်တဲ့လူမျိုးဖြစ်မယ်၊ တရားရလွယ် ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်လိမ့် မယ်၊ ဒါ အကြမ်းနည်းနဲ့ ဥပမာ ပြော တာနော်"

"အင်း ကျုပ်သမက်ကလေး သက်ခိုင်လည်း ဒီသဘောတရားတွေ ကို နားလည်ရင် ကောင်းမှာပဲဗျာ"

"ဦးတင်မြလိုပဲ ဆရာတော် လည်း ပြောဖူးတယ်ဗျ။ ခုရက်ပိုင်းဆို အိပ်မက်ပေး ဆက်သွယ်ဖို့ ဒ‍ေ ၁ တောင်းသလား မသိဘူး။ ကျုပ် သတိ ထားကြည့်နေတာ"

"အိပ်မက်ဆိုတာ တောင်းလို့ရ သလားဗျ ကပ္ပိယကြီးရဲ့ ပြီးတော့ အိပ် မက်ပေးတယ်ဆိုတာလည်း ရှိသေး တယ်။ အိပ်မက်ကို ဘယ်လိုပေးသလဲ ဆိုတာ ကပ္ပိယကြီးသိရင် ပြောပြစမ်း ပါဗျာ"

ဦးတင်မြ၏ စကားကြောင့် ကျွန်ုပ်ရော ဖြိတ္တာပါ တစ်ဦးတစ် ယောက်က ကိုင်လှုပ်ခြင်းခံရသည့်ပမာ တွန့်ခနဲ ဖြစ်သွားမိသည်။ ဦးတင်မြ ကမူ အဖြေတစ်စုံတစ်ရာ ပြန်မပေးဘဲ ဇလုံထဲမှ လက်ကျန်ထမင်းကြမ်းခဲ



www.burmeseclassic.com

www.burmeseclassic.com

အား ပလုတ်ပလောင်းစားနေသည့် ကပ္ပိယကြီးကို ငေးကြည့်နေသော်လည်း ကျွန်ုပ်မှာ ကပ္ပိယကြီးကို အားမလိုအားမရ ဖြစ်နေမိသည်။

သိချင်သောဇောစိတ်ကြောင့် သူတို့သုံးဦးနှင့် ပိုနီးကပ်ရန် တိုးရွှေ့မည်ဟု ဟန်ပြင်လိုက်မိသေးသည်။ သို့သော် ဗြိတ္တာက အလျင်အမြန် သက်တားလိုက်သည်က တစ်ကြောင်း။ မလှမ်းမကမ်းမြေပြင်မှာ ခွေအိပ်နေသော ခွေးတစ်ကောင်က ခေါင်းထောင်ထပြီး ကျွန်ုပ်ကို စူးစူးရဲရဲ ကြည့်နေသည်ကို မြင်လိုက်မိသည်က တစ်ကြောင်းတို့ကြောင့် ကိုယ်ရှိန်သတ်ကာ ငြိမ်နေလိုက်ရသည်။

"အိပ်မက်အကြောင်း ပြောရရင် နည်းနည်း ရှည်မယ်ဗျ။ ကျုပ်ကလည်း ဆွမ်းခံထွက်ဖို့ သပိတ်တို့ ဆွမ်းခွက် ဆိုင်းထမ်းတို့ ပြင်ဆင်ပေးရဦးမယ်၊ ဆရာတော်နဲ့ ကျောင်းသားလေးတွေ ဆွမ်းခံထွက်သွားနေတုန်း ကျန်တဲ့ကလေးတွေနဲ့ သုံးရေသောက်ရေဖြည့်တာတို့၊ အကြမ်းအိုးတည်တာတို့ လုပ်စရာတွေက ရှိသေးတယ်"

"အဲဒါတွေသိပါတယ် ကပ္ပိယကြီးရယ်၊ ကျုပ်တို့နှစ်ယောက်စလုံး အိမ်ကိစ္စတွေ စီမံထားခဲ့ပါတယ်၊ ကျုပ်တို့ ကပ္ပိယကြီးအလုပ်တွေ ဝိုင်းကူလုပ်ပေးမယ်၊ ကပ္ပိယကြီးအနားရချိန်မှာ ပြောပါ၊ ခုနလို ဝါးကပ်စင်ပေါ်မှာ အစာကျွေးတာတို့၊ ဘိုးဘိုးအောင် ခွေးတွေအစာကျွေးတာတို့လည်း ပြောမယ်ဆို၊ ကျုပ်တို့ ဒီနေ့တော့ ကျောင်းမှာပဲ အာဂန္တုလုပ်တော့မယ်ဗျာ"

"ဟုတ်တယ် ကပ္ပိယကြီး တင်မြပြောသလို့ပဲ ကျုပ်လည်း နေကုန်မှအိမ်ပြန်မယ်ဗျာ"

"ကဲ...ကဲ ဒါဆိုလည်း အေးအေးမှပဲ ကျကျနနပြောမယ်ဗျ၊ ခုတော့ ဦးတင်မြမေးတာကို အတိုချုပ်မှတ်ထားပေါ့၊ အိပ်မက်ကို လိုချင်ရင် တောင်းလို့ရတယ်၊ မလိုချင်ရင် မရဘူး၊ တောင်းတဲ့လူရှိရင် အိပ်မက်ပေးတဲ့လူကပေးလို့ရတယ်၊ နတ်ဆီမှာတောင်းရင် နတ်ကအိပ်မက် ပေးလို့ရတယ်၊ မလိုချင်ဘဲ အတင်းပေးလို့တော့ မရဘူး။ ဒါကြောင့် ကျမ်းဂန်မှာရှိခဲ့တယ်၊ လွယ်လွယ်ဘာသာပြန်ရရင် ဓာတ်ချောက်ချားလို့ မက်တာ၊ စိတ်စွဲလမ်းလို့မက်တာ၊ ပုဗ္ဗနိမိတ်ကြောင့် မက်တာ၊ နတ်ပေးတဲ့အိပ်မက်ဆိုပြီး အိပ်မက်လေးမျိုးရှိတယ်ဗျ၊ နတ်ပေးတဲ့ အိမ်မက်ဆိုတာ နတ်ကောင်းပေးတာ၊ နတ်ဆိုးပေးတာ၊ ဝေမာနိကတို့က ပေးတာ၊ သီလသမာဓိရင့်သန်တဲ့ သူတော်စင်တို့က ပေးတာဆိုပြီး အမျိုးမျိုးရှိသေးတယ်၊ တကယ်လို့ မက်တဲ့ အိပ်မက် ကောင်းမှန်းဆိုးမှန်းမသိရင် အိပ်မက်ကို အတိတ်ကောင်း နိမိတ်ကောင်းစီရင်တဲ့ လောကီအစီအရင်တွေလည်း ရှိသေးတယ်"

"အဲ...အဲဒါတွေ ပြော
ကပ္ပိယကြီးရဲ့ကျုပ်တို့ကမမေးတာ

"ဒါကြောင့် ပြောတာ
ဦးထွန်းကြိုင် အေးအေးဆေး
ပြောရအောင်လို့"

"ဟုတ်တယ် ဖိုးထွန်းကြိုင်
ကျုပ်တို့ ကပ္ပိယကြီးအလုပ်ကို
ပြီးအောင် ဝိုင်းကူကြရအောင်၊
စားပြီးချိန်ကျမှပဲ ကပ္ပိယကြီး
သလို အေးအေးဆေးဆေး ပြော
တာပေါ့၊ ရာသီဥတုကလည်း
ကင်းပြီး နေသာမယ့်ပုံပဲဗျ"

"ကဲ...ဒါဆိုလည်း လုပ်
ကြစို့လား"

ဦးထွန်းကြိုင်နှင့် ဦးတင်မြ
ရေနွေးကရားတစ်ဘက်၊ ဇလုံ
ဘက် ဆွဲယူထွက်သွားသော ကပ္ပိ
ကြီးနောက်မှ အကြမ်းပန်းကန်များ
လျက် လိုက်ပါသွားကြလေတော့

✧ လေးတန့်ပါယ်ရှာ၊ အိမ်ပမာ
နေရာမလွဲ၊ တည်အမြဲဖြင့်

ကျွန်ုပ်နှင့် ဗြိတ္တာတို့မှာ ပါ
နားရောက်ခါနီးမှ စားစရာလွတ်
သည်သို့ ခိုးလို့ခုလု ဆန့်တင်
ဖြစ်သွားကြသည်။

"ကဲ တခွေ့ကောင် လာ
ကြမလဲ၊ အစာလည်း မစားရသေး
ဗိုက်ထဲကလား ပါးစပ်ကလား မသိ
ဆာလာပြီကွ"



www.burmeseclassic.com

www.burmeseclassic.com

ပြိတ္တာပြောမှ သတိထားမိ
...ကြသည်။ ကျွန်ုပ်တို့သည် ဆာလာ
...မှ အစာရှာဖွေစား၏။ စားပြီးလျှင်
...ခြင်း မဖြစ်ပေါ်တော့ပေ။ သို့သော်
...ကဆာသည်။ ဘယ်လိုဝလင်
...သည်တို့ကိုမူ မသိခဲ့ကြပေ။
... အမှတ်မထင်ပြောသည့်စကား
...ကြောင့် ဆာလောင်ခြင်းသည် ပါးစပ်
...သလား။ ဝမ်းဗိုက်ကလားဟူ၍ သတိ
...မိလာသည်။ ကျွန်ုပ်တို့၏ ဝမ်းဗိုက်
...မှာ ယခင်ကလိုမဟုတ်တော့ဘဲ
...ပြိတ္တာဝါတို့၏ ဝမ်းဗိုက်ပုံသဏ္ဌာန်နှင့်
...ဆင်ဆင် တူလာပြီဖြစ်သည်ကို
...ည်း တွေ့မြင်ရပေသည်။

ကျွန်ုပ်နှင့် ပြိတ္တာတို့သည်
...င်သို့ အတူတကွ ထွက်လာခဲ့ကြ
...ည်။ ပါးစပ်ပေါ်ရှိ အစားအစာများမှာ
...ငှက်တို့ စားသောက်ထားသော
...ကြောင့် ဖွာဆန်ကြနေသည်။ ရေခွက်
...ခွက်လည်း တုံးတုံးလဲနေပြီမို့
...ရှိမနေတော့မေ ကျွန်ုပ်တို့သည်
...ကြနေသော စားစရာများကို စုပုံ
...လိုက်ကြသည်။

ထို့နောက် ဘုရားဝတ်ပြုကြ
...ည်။

မကြာခင်မှာပင် နေပူရှိန်ကျ
...ကြောင့် ကျောင်းဝင်းထဲမှ နားနေကျ
...ပင်သို့ သွားရောက်နားနေ
...ကြသည်။ သရက်ကိုင်းတစ်ကိုင်း
...တွင် ခဏထိုင်ပြီး သရက်ပင်စည်ကိုကျောမှီလျက် အိပ်မက်အကြောင်းများကို အပြေရှာကြည့်နေပါသည်။

ဆရာတော်ကို ကျွန်ုပ်က အိပ်မက်ပေးသည်ဟု ပြောသည်။

ကျွန်ုပ်မည်သို့မည်ပုံ အိပ်မက်ပေးသနည်း။ ကျွန်ုပ်မသိပေ။

ကျွန်ုပ်သည် ဆရာတော်ထံမှ အကူအညီရလိမ့်နိုးဖြင့် အားကိုးရာရှာသည့်အခါ အာရုံတစ်ခုပေါ်မည်။ ထိုအာရုံသည် ဆရာတော်ထံသို့ ရောက်သွားခြင်းဖြစ်သည်။ ဤသို့ဖြင့် ဆရာတော်နှင့် ကျွန်ုပ် အာရုံချင်းထိတွေ့ပြီး ဆရာတော် အိပ်မက်မြင်မက်ခြင်း ဖြစ်လေမည်လားဟု ဆက်စပ်ကြည့်နေမိသည်။

ကျွန်ုပ်သည် သရက်ပင်ကို ကျောမှီလျက် မျက်လုံးမှိတ်ထားလိုက်သည်။

"ဆွမ်းတော်ဖျို့"

• ရွာစွန်ရှိ ဦးထွန်းကြိုင်အိမ်နားအရောက်၌ ဟစ်အော်လိုက်သောအသံကို ကြားမိသည်။ ဆရာတော်က ခြံဝတွင် ဆွမ်းရပ်သည်။ ဆိုင်းထမ်းထမ်းထားသော ကျောင်းသားနှစ်ယောက် ဆွမ်းတော်ဖျို့ဟု ဟစ်ပြီး လက်တစ်ဘက်မှ ကြေးစည်ကို မြှောက်ပြီး တစ်ဘက်မှ သစ်သားဘုနှင့် ရိုက်ခတ်လိုက်သည်။ ကြေးစည် ချာချာလည်သွားသည်။ ကြီးတင်က တဘက်တစ်ထည် ပခုံးပေါ်တင်လျက် ဆွမ်းထွက်လောင်းသည်။ မြေကြီးပေါ်၌ ကြုံ့ကြုံ့ထိုင်လျက် ဆရာတော်ကို ရှိခိုးဦးချသည်။

ရုပ်ပုံများကို မှိတ်ထားသော မျက်စိထဲတွင် အစဉ်အတိုင်း မြင်တွေ့နေရသည်။ မျက်စိများ ဖွင့်ကြည့်လိုက်သောအခါ သရက်ပင် သရက်အကိုင်းများကို တွေ့ရ၏။ ဤသို့ဖြစ်ခြင်းသည် အိပ်မက်မက်ခြင်းနှင့် တူမည်ထင်သည်။ ဟုတ်၏ မဟုတ်၏ကိုမူ ကျွန်ုပ်မသိ။ အာရုံသည် ရုပ်ပုံများအဖြစ် မှိတ်ထားသောမျက်စိမှာ ပေါ်လာခြင်းသည် အိပ်မက်ဟူ၍တော့ ကျွန်ုပ် ကောက်ချက်ဆွဲလိုက်သည်။

ဤအကြောင်းကို ပြိတ္တာကို ပြောပြလျှင် နားလည်ပါ့မလား မသိ။ ကျွန်ုပ်ကလည်း သူ နားလည်အောင် မည်သို့ပြောရမည်ဟူ၍လည်း ကျွန်ုပ်ကိုယ်တိုင်မသိပေ။ သို့ဖြစ်၍ ပြိတ္တာကို ပြောမပြောတော့ဟု သတ်မှတ်လိုက်သည်။

ကျောင်းဝိုင်းတွင်းမှ ခွေးများ လှုပ်ရှားပြေးလွှားသံကြောင့် ကျောင်းဝိုင်းအဝင်ဝသို့ လှမ်းကြည့်လိုက်သည်။ ဆရာတော်နှင့် ကျောင်းသားများ ဆွမ်းခံပြန်လာခြင်းကို တွေ့ရ၏။

ကျောင်းပေါ်မှ ကျောင်းသားအချို့ ခွေးများနှင့်အတူ ပြေးသွားကြပြီး သပိတ်ယူသူက ယူသည်။ ဆွမ်းချိုင့် ဆိုင်းထမ်း ပြောင်းထမ်းသူက ထမ်း



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဦးထွန်းကြိုင်၊ ဦးတင်မြဲတို့သည် ကျောင်းပေါ်မှဆင်းလာပြီး လှေကားရင်း၌ လက်အုပ်ချီလျက် ရပ်နေကြသည်။

ထို့နောက် ဆွမ်းစားအုန်းမောင်း ခေါက်သံ တတုံတုံ ပေါ်ထွက်လာလေ၏။

ကပ္ပိယကြီး ဦးဆောင်ပြီး ဦးထွန်းကြိုင်၊ ဦးတင်မြဲတို့ ကျောင်းအောက်သံဃာစင်ပေါ်၌ စကားဝိုင်းဖွဲ့ရန် စီစဉ်နေကြသည်။ ကျွန်ုပ်နှင့်ပြိတ္တာသည် ဝါးစင်ပေါ်မှ အစားအစာများကို အလျင်စလို စားလိုက်ကြပြီး မနက်ပိုင်းကကဲ့သို့ပင် ဦးထွန်းကြိုင်နှင့် မနီးမဝေးမှာ ထိုင်နေကြသည်။

"ကဲ . . . အိပ်မက်လေးမျိုးက စပြီးပြောကြတာပေါ့ ဟုတ်လား"

ကပ္ပိယကြီးက စကားဝိုင်း စတင်ဖွင့်လှစ်လိုက်သည်။

"စပါ၊ ကပ္ပိယကြီး ကြိုက်တဲ့နေရာကစပါ၊ ကျုပ်တို့က ဘာမှမသိတာမဟုတ်ဘူး၊ နားထောင်ဖို့ပဲ သိတယ်"

"ဒါဆိုလည်း ပါဠိလို မပြောတော့ဘူး၊ အနီးဆုံး မြန်မာပြန်ပြီး ပြောမယ်၊ မနက်က ပြောခဲ့တာမှာ အိပ်မက် ဘယ်နှမျိုးလို့ ပြောခဲ့သလဲ၊ မှတ်မိကြရဲ့လား"

"မှတ်မိပါတယ် ကပ္ပိယကြီးရယ်၊ လေးမျိုးပါ၊ အခုလေးတင် ကပ္ပိယကြီးပဲ ပြောပြီး"

ဦးတင်မြဲက သွက်သွက်လက်လက် ပြန်ဖြေလိုက်သည်။

"ပထမ တစ်မျိုးက သွေး၊ သည်းခြေ၊ လေ၊ သလိပ်ဆိုတဲ့ အပူဓာတ်တို့ အအေးဓာတ်တို့ဟာ ပုံမှန်မဖြစ်ဘဲ လွန်ကဲတာ ယုတ်လျော့တာဖြစ်လို့ အိပ်တဲ့အခါမှာ မြင်မက်တဲ့ အိပ်မက်၊ ဓာတ်ဖောက်ပြန်လို့ မက်တာပေါ့ဗျာ၊ အိပ်နေတုန်းမှာ မြင်ရတာမို့ အိပ်မက်လို့ ခေါ်တာဗျ"

"ကပ္ပိယကြီးကလည်း အိပ်နေလို့ အိပ်မက်မက်တာပေါ့၊ မအိပ်ဘဲ ဘယ်သူက အိပ်မက် မက်မှာလဲ"

"မျက်စိဖွင့်လျက်နဲ့ အိပ်မက်မက်တာ၊ မျက်စိပိတ်ထားပြီး ထိုင်လျက်မက်တာ၊ လမ်းလျှောက်လျက်မှာလည်း မက်တာတွေ ရှိသေးတယ်၊ ဦးထွန်းကြိုင် ဂါတ်တဲအဝမှာ အစောင့်ကျတဲ့လူ သေနတ်ထမ်းပြီး သတ်မှတ်ထားတဲ့ နေရာလေးမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်တာမျိုး တွေ့ဖူးလား"

"အင်း တွေ့တော့ မတွေ့ဖူးဘူး။ ကြားဖူးတာနဲ့တင် အခုတောင်မှ မျက်စိမှိတ်ကြည့်လိုက်ရင် သေနတ်ထမ်းလမ်းလျှောက်နေတာ မြင်နိုင်ပါတယ်ဗျာ"

"အင်း အခုဆိုရင် ဦးထွန်းကြိုင် မျက်စိဖွင့်လျက် အိပ်မက် မက်လိုက်တာပဲ"

"ဩော် ဟုတ်ပြီ ဟုတ်[...]
မျက်စိပိတ်ပြီး မအိပ်ဘဲ အိပ်မက်[...]
တာကျတော့ကော ဘယ်လိုလဲဗျာ[...]"

"အိပ်ပျော်နေတဲ့လူဟာ မ[...]
တတ်ရပ်ပြီး လမ်းလျှောက်ပါ့မလား[...]"

"မလျှောက်နိုင်ဘူးလေ၊ လဲ[...]
သွားမှာပေါ့"

"ခုန သေနတ်ထမ်းပြီး ခေါ[...]
တုံ့ခေါက်ပြန် လျှောက်နေတဲ့လူ[...]
မျက်စိတွေမှိတ်ထားပြီး ဟိုဘက်[...]
ဘက်လျှောက်နေရင်း အိပ်မက်မ[...]
တာမျိုးလည်းရှိတယ်၊ ပြီးတော့ အ[...]
တစ်ယောက် ကန်သင်းရိုးပေါ်မှာ ဟ[...]
ပါပါလမ်းလျှောက်တာမျိုးရော တွေ့[...]
ကြလား"

"ကျုပ် အရူးတစ်ယောက်[...]
တွေ့ဖူးတယ်၊ အရူးက စက္ကူယ[...]
တောင်တစ်ချောင်းကို ခေါင်းမှာကြိုး[...]
ချည်ပြီး "ငါကိုယ်တော်ရှင်မြတ် တိုင်[...]
ခန်းလှည့်လည်တော်မူတာကို မော[...]
မင်းဘာကြောင့် ပမာမခန့်လုပ်တာလဲ"
ဆိုပြီး လမ်းဘေးကအုန်းဆံခွံကြီး[...]
ခြေထောက်နဲ့ ကျုံးကန်လိုက်တယ်[...]
နောက်ပြီး သူ့နောက်က ထီးတော်[...]
ပါလာလေဟန်နဲ့ လက်ပိုက်ရင်း[...]
ပြီး မာန်ပါပါ တစ်လှမ်းချင်းလျှောက်[...]
သွားတယ်"

"သူ့မျက်စိထဲမှာတော့ လ[...]
ဘေးက မြက်ပင်၊ ချုံပင်တွေဟာ[...]
အသေပေးနေတဲ့ ပြည်သူပြည်သား[...]



www.burmeseclassic.com

www.burmeseclassic.com

တွေလို့ မြင်နေမှာပေါ့၊ ဦးတင်မြက သူ့ကို တစ်ယောက်တည်းလို့ မြင်ရပေမယ့် အဲဒီအရုပ်ဟာ မှုံးမတ် သေနာပတိ၊ မောင်းမမိဿံ၊ စစ်သည်ဗိုလ်ပါတွေ သူ့နောက်က ပါလာတယ်လို့ မြင်နေမှာပေါ့၊ အဲဒီလို မြင်နေတာဟာ အဲဒီအရုပ် မျက်စိဖွင့်လျက် အိပ်မက်မက်နေတာပဲ"

"သူ့ဟာသူရုပ်လို့ ထင်ရာမြင်ရာပြောတာ မဟုတ်ဘူးလား"

"သည်းခြေဖောက်ပြန်လို့ ရူးခြင်း ခုနစ်မျိုးရှိတယ် ဦးတင်မြရဲ့ အမြတမ်း ကြောက်လန့်ပြီး ယုန်ကလေးတစ်ကောင်လို အားငယ်တဲ့မျက်လုံးမျိုး ဖြစ်နေပြီ၊ အထိတ်တလန့် အမြဲတမ်း ဖြစ်နေတာမျိုးဆိုရင် သည်းခြေလိုက်လို့ရူးခြင်း၊ ခုနလို ပြောချင်ရာ ဟိုရောက်ဒီရောက် ပြောဆိုတတ်တဲ့ လူမျိုးက သည်းခြေပျက်လို့ ရူးတာ၊ ဒါကြောင့် ဓာတ်ဖော်လွဲဖောက်ပြန်ဖြစ်လို့ အိပ်မက် မက်နေတာကို အခုချုပ်ပြောခဲ့သလို သိနားလည်တဲ့လူရှားတယ်၊ အများသိတာကတော့ ဝမ်းချုပ်နေတုန်း ညဘက်မက်တာ၊ မီးဖွားပြီးစ ပေသွားနစဉ် အိပ်မက်မက်တာလောက်ပဲ ရှိတတ်တယ်။ အိပ်နေတုန်း မြင်မက်တဲ့ အိပ်မက်ကို သိရင်လည်း ဘာကြောင့် အိပ်မက်မက်တာထဲလို့ ခွဲခြားထားတာရှိတယ်၊ ဒီအချက်ကိုအခြေတည်ပြီး အိပ်မက်တိတ္ထိကျမ်းတို့၊ အိပ်မက်ဖတ် ပုရောဟိတ်တို့ဆိုတာ ရှေးအထက်ကျော် ကာရီကတည်းက ရှိခဲ့တာပေါ့"

ဖပွိုယကြီးက ရေနွေးငုံ၍ သောက်နေစဉ် ဦးထွန်းကြိုင်က ကွမ်းအစ်ကိုဖွင့်ပြီး ကွမ်းတစ်ယာ ယာကာ ပါးစောင်တစ်ဘက်သို့ ထည့်သွင်းငုံထားလိုက်၏။

"မြင့်မားတဲ့ တောင်ထိပ်တို့ ကမ်းပါးယံတို့က ကျလာတယ် ဆိုတာမျိုး၊ တောကောင်ကြီးတွေလိုက်လို့ ခွေးတို့ မြွေတို့ လိုက်လို့ ထိတ်လန့်တကြား ထွက်ပြေးရတာမျိုးမက်ရင် အဲဒါ ဓာတ်ဖောက်ပြန်လို့ မက်တာ၊ ဘဝတစ်ခုမှာ အရပ်ဒေသတစ်ခုခုမှာ ပြောခဲ့လုပ်ခဲ့တာတွေအတိုင်း ပြန်မြင်မက်တာမျိုးကျတော့ မသိစိတ်မှာ စွဲစွဲလှမ်းလမ်းငြိတွယ်နေလို့ အိပ်မက်အဖြစ်မက်တာ၊ ဒီ ဒုတိယ အမျိုးအစားကို စွဲလမ်းလို့ မက်တာဆိုပါတော့"

"မြတ်စွာဘုရားရဲ့ မယ်တော် မြင်မက်တဲ့ အိပ်မက်မျိုးလား"

"မဟုတ်ဘူး ဦးတင်မြပြောတဲ့ မယ်တော်မာယာအိပ်မက်က နောင်ဖြစ်မှာကို အတိတ်နိမိတ်ပေးတဲ့ အိပ်မက်ဗျ၊ တတိယ အမျိုးအစားပေါ့ ပုဗ္ဗနိမိတ် အိပ်မက်ပေါ့လေ၊ ကောသလမင်း အိပ်မက်ဆယ့်ခြောက်ချက်ဆိုတာမျိုးပေါ့"

"ဝတ်ဖြူစင်ကြယ်ဝတ် သူတော်စင်တွေက ဘယ်နေရာမှာ ဘာလုပ်ရင် ဘာဖြစ်မယ်ဆိုပြီး မက်တာကရော"

"အဲဒါ နတ်ပေးတဲ့အိပ်မက်၊ စတုတ္ထမျိုးပေါ့ နတ်ပေးတဲ့အိပ်မက်မှာ နတ်ကောင်းစောင်မတာရှိသလို နတ်ဆိုးက ချောက်တွန်းတာလည်းရှိတယ်"

"နတ်ဆိုးလား၊ နတ်ကောင်းလားဆိုတာ ဘယ်သူသိနိုင်မှာလဲ ကပ္ပိယကြီးရာ"

"အဲဒီလို မသိတဲ့အခါ ပထမ အိပ်မက်မက်ရင် ကောင်းမှန်းမသိ ဆိုးမှန်းမသိ ဖြစ်တတ်တာမို့ နိုးနိုးချင်းမှာ ဘယ်သူ့ကိုမှ မပြောရဘူး။ အိပ်မက်ကို နိမိတ်ကောက်ဖတ်တတ်တဲ့ ပုဂ္ဂိုလ်ရှာဖွေပြီး နိမိတ်ဖတ်ခိုင်းရတယ်၊ အဲဒီလိုနိမိတ်ဖတ်ခိုင်းဖို့ မရှိဘူးဆိုရင် ဆီးပင်ရှိရာကိုသွား၊ တလင်းလှဲ၊ ဆန်မန်းပေါက်ပေါက် ပူဇော် "အရှင်ဆီးပင်၊ ကျွန်ုပ်၏အိပ်မက်ကိုစောင့်ရှောက်ပါ" လို့ပြော၊ "ယံဒုန္နိမိတ္တံ"သုံးဂါထာကို သုံးခေါက်ရွတ်ရမယ်၊ "ကောင်းတဲ့ ၂ မက်ဖြစ်ရင် ကျွန်ုပ်ကိုအစ်ပါ၊ မငေ ..င်းတဲ့ အိပ်မက်ဖြစ်ရင် ကျွန်ုပ်ကို ...ပေးပါ နဲ့တော့လို့ပြော ပြီး အိမ်ပြ န်ရမယ်၊ ဒါဟာ အိပ်မက်ပြုပြင်တဲ့အစီအရင်ပဲ"

"ကပ္ပိယကြီးပြောလည်း ပြောစရာပဲ နော်၊ အိပ်မက်အကြောင်း ရှုမ်းတစ်စောင်မက ဖွဲ့လို့ရတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com

တာမမှားဘူး။ ခု ကပ္ပိယကြီးပြောပြတာဟာ အိပ်မက်အကြောင်း တစ်စွန်းတစ်စပဲ ရှိဦးမယ်မဟုတ်လား"

"ဟုတ်ပ ဦးထွန်းကြိုင်ရယ်၊ ကဲ…ကဲ အိပ်မက်ပေးတာ တောင်းတာ ပြောရအောင်လား။ အိပ်မက်အကြောင်း ပြောလို့ကတော့ တစ်ရက်တစ်ခုပြော သံသရာအဆုံးထိကို အပြီးအပြတ် ပြောနိုင်ပေမယ့် အိပ်မက်အကြောင်းက ကုန်နိုင်မှာမဟုတ်ဘူးဗျ"

"ပြောပါ။ ကျုပ်တို့ ပြောပြီးပြီကော၊ ကျုပ်တို့က နားထောင်ဖို့ပဲလို့"

ကပ္ပိယကြီးက အကြမ်းရည် ခပ်နွေးနွေးကို တစ်ကျိုက်တည်း မော့သောက်လိုက်သည်။ လည်ချောင်း တစ်ချက် ရှင်းလိုက်ပြန်သည်။

"အဟမ်း။ နတ်ပေးတဲ့အိပ်မက်ဆိုတဲ့ အိပ်မက်မျိုးကတော့ ခုနက ပြောခဲ့သလို နတ်ကောင်းက ပေးတာရှိတယ်၊ နတ်ဆိုးက ပေးတာရှိတယ်၊ နတ်ကောင်းက ပေးတဲ့အိပ်မက်ကတော့ ကောင်းမယ်၊ နတ်ဆိုးကပေးတဲ့အိပ်မက်က ဆိုးတယ်၊ ကြောက်စရာလန့်စရာ အိပ်မက်တွေကတော့ နတ်ဆိုးပေးတာလို့ အကြမ်းမှတ်ထားရင်ရပါပြီ။ ကေရာဇ်ဘုရင်ကို ထီးချက်စောင့် နတ်သမီးက ပေးတဲ့အိပ်မက်တို့၊ သာသနာပြုမင်းကို သောတာပန်နတ်ကြီးက ဓာတ်တော်မွေတော်တွေရှိတဲ့ ဘုရားပျက်ရှိတဲ့နေရာ ညွှန်ပြတာတို့၊ ဘဝဟောင်းမှာ အမေအမေအဆွေအမျိုး တော်စပ်ဖူးတဲ့နတ်က ဥစ္စာပေးချင်တာတို့ ဆိုတာတွေကတော့ နတ်ကောင်းပေးတဲ့ အိပ်မက်ပေါ့"

ကျွန်ုပ်နှင့် ဖြိုးထွာတို့သည် ကျောက်ဆစ်ရုပ်များသဖွယ် တုတ်တုတ်မျှ မလှုပ်မယှက် ငြိမ်သက်စွာ နားထောင်နေကြသည်။

"ဥစ္စာစောင့်တွေ လူ့ဘဝမှာ ဝင်စား၊ အချိန်တန်တော့ သိုက်နန်းပြန်သွားပြီး ကျန်ခဲ့တဲ့ ခင်ပွန်း၊ ဇနီး၊ သားသမီးတို့ကို ရွှေငွေဥစ္စာပေးချင်လို့ အိပ်မက်ပေးတာ၊ "အမေရယ်၊ အမေ့ဆီ လာခဲ့ပါရစေ"လို့ အိပ်မက်ထဲမှာ ပြောလာတဲ့ ဝေမာနိကပေးတဲ့ အိပ်မက်အမျိုးအစားတွေကိုလည်း နတ်ပေးတဲ့အိပ်မက်လို့ ပြောရမယ်၊ ဘာပဲဖြစ်ဖြစ် အိပ်မက်ပေးလို့ရတယ်ဆိုတာ ဦးထွန်းကြိုင်ရော၊ ဦးတင်မြပါ သဘောပေါက်ပြီ တင်တယ်"

"ဟုတ်ကဲ့ပါဗျာ၊ အိပ်မက်ပေးတယ်ဆိုတာ သိသွားပြီ"

"ခုန ဘဝတစ်ခုမှာ ဆွေမျိုးတော်စပ်ဖူးတဲ့နတ်က အိပ်မက်ပေးတာကို ပြောခဲ့တယ်နော်၊ အဲဒီနတ်က အရေးရှိရင် တ,လိုက်ဆိုပြီး မှာကြားထားတယ်ဆိုပါတော့၊ အသက်အရွယ်နဲ့ကြုံတဲ့အခါ မေမေနတ်သမီး၊ အဖေနတ်ကြီး ကယ်ပါဦးလို့ တမ်းတပြီး အိပ်ပျော်သွားတဲ့အခါ အိပ်မက်ထဲမှာ နတ်နဲ့တွေ့ပြီး ဘယ်လိုလုပ်၊ ဘယ်ကိုသွားဆိုပြီး ညွှန်ကြားပြောဆိုတယ်ဆိုတဲ့အကြောင်း ကြားဖူးမှာပေါ့နော်၊ အဲဒါ အိပ်မက်ကို တောင်းလို့ရတာလို့ ခေါ်တယ်ဗျ"

"ကောင်းပါပေ့ ကပ္ပိယကြီးရယ်၊ ဒီ အိပ်မက်တောင်းလို့ရတယ်ဆိုတာကိုတော့ ကျုပ် အကြိုက်တွေ့သွားပြီဗျာ"

"ဘာလဲ တင်မြ၊ ပုဆိုးတွေဘာတွေ ပြင်ဝတ်တာ ပြန်တော့မလို့လား"

"အင်းလေ ကိုကြီးကြိုင်က နေခဲ့မလို့လား"

သံဃာစင်မှ ဆင်းကာ ပုဆိုးပြင်ဝတ်နေသဖြင့် ဦးထွန်းကြိုင်က မေးခွန်းထုတ်လိုက်ခြင်းဖြစ်သည်။

"နေစမ်းပါဦးဟ၊ နေချိုမှ အတူပြန်ကြမယ့်ဥစ္စာ၊ အဘ ဘိုးဘိုးအောင်အကြောင်းပြောတဲ့ဆီတောင် မရောက်သေးဘူးလေကွယ်"

"အေးဟ၊ ဘိုးဘိုးအောင် ဆေးကြိမ်လုံးစီးရင်ပြီး တစ်ရွာလုံးက ခွေးတွေ ဖျာခင်းပြီး ထမင်းကျွေးကာ ကပ္ပိယကြီး ပြောပြမယ်ဆိုတာ အိပ်မက်ထဲမျောပါသွားလို့ သတိမေ့သွားတယ် ကိုကြီးကြိုင်ရေ"

ဦးတင်မြက သံဃာစင်ပေါ် ပြန်ထိုင်ရန် ဟန်ပြင်နေစဉ် ကပ္ပိယကြီးက အောက်သို့ဆင်း၍ မတ်တတ်ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီနေ့တော့ ကျေနပ်ကြပါတော့၊ ဆရာတော်က ဒီအကြောင်းတွေ ပြောတာထက် ရုပ်နာမ်ဖြစ်ပျက် မမြဲစက်တွေ ဆွေးနွေးတာ၊ ပြောဟောတာကို ပိုနှစ်သက်တယ်၊ ဒါကြောင့်လည်း လောကီထုပ္ပတ် လူ့တို့ဇာတ်ကို ပြောပြဖို့ ကျုပ်ကိုတာဝန်ပေးလိုက်တာပဲ၊ လောကနဲ့မကင်းကြတဲ့ ပုထုဇဉ်တွေဆိုတော့လည်း လောကဓာတ်ရဲ့ ဆန်းကြယ်နက်ရှိုင်းမှုကို လူတွေ စိတ်ဝင်တစား ရှိကြတာ မမှတာပဲမို့ မကင်းနိုင်ပေဘူး။ လူတွေ၊ နတ်ဗြဟ္မာတွေ၊ အပါယ်ဘုံသားတွေဆိုတဲ့ သုံးဘုံမှာ အထက်၊ အလယ်၊ အောက် လူးလာတဲ့ခေါက်ရောက်နေသမျှ ဒုက္ခမကင်းဘူး။ ဒုက္ခရဟတ်စီး၊ တစ်ပတ်ပြီး တစ်ပတ် လည်ပတ်နေမယ်ဆိုရင် ပျော်မွေ့နေမယ်ဆိုရင် နိဗ္ဗာန်မရောက်နိုင် မရနိုင်ဘူးလို့ ဆရာတော် မကြာခဏသတိပေးတာလည်း မမေ့ကြနဲ့ဦးလေ"

"မှန်ပါတယ်လေ၊ ကပ္ပိယကြီးပြောသလို နိဗ္ဗာန်ရောက်ကြောင်းတရားလည်း ကျင့်ကြံအားထုတ်ပါ့မယ်၊ လောကဓာတ်ကြီးရဲ့ အကြောင်းလည်း စိတ်အပန်းဖြေတဲ့ အနေနဲ့ဖြစ်ဖြစ် ရောက်တတ်ရာရာ အထူးအဆန်းလေးတွေလည်းသိချင်ပါတယ် ကပ္ပိယကြီးရယ်၊ လောကီလူသားတွေ ဖြစ်ပြီး လောကအကြောင်း အဆိုးအကောင်းသိထားရတော့ တွေ့ကြုံတဲ့အခါ အများအယွင်းဖြစ်တာတို့၊ အိုးနင်းခွက်နင်းဖြ^တာတို့ မဖြစ်နိုင်တော့ဘူးပေါ့"

"ဦးထွန်းကြိုင်တို့ကို ကျုပ်သိသမျှ အားလပ်ချိန်လေးများမှာ ပြောပြပါ့မယ်"

"ကောင်းပါပြီ ကပ္ပိယကြီးနဲ့ ကျောင်းဝင်းအနှံ့ အမှိုက်လှဲကျင်းမယ်၊ ပြန်တာတော့ နေချို့မှပဲ ပြန်မယ် နော်ဗျာ"

ဦးထွန်းကြိုင်လည်း သံယာစင်မှဆင်းပြီး ဦးတင်မြဘက် လှည့်ပြောလိုက်သည်။

"ဒီလို ကျောင်းဝင်းအမှိုက်လှဲတာလည်း ကပ္ပိယကြီး ဟိုဥပုသ်နေ့တုန်းက ပြောသလို ကိုယ့်မှာရှိတဲ့ အကုသိုလ် အဆိုးတရားတွေ ဆေးကြောသုတ်သင်တဲ့ လောကအစီအရင်တစ်မျိုးပေါ့ ဟုတ်လား ကပ္ပိယကြီး"

"ဟုတ်ပဗျာ . . . ဟုတ်ပ"

ကပ္ပိယကြီးနှင့်အတူ လိုက်ပါသွားသော ဦးထွန်းကြိုင်၊ ဦးတင်မြင့်တို့ ရေတွင်းမှ ရေငင်ပြီး ချိုးရေကန် ရေဖြည့်ခြင်း၊ ကုဋီရေဖြည့်ခြင်းများ ဆက်တိုက်လုပ်ကိုင်နေသည့်အချိန်ထိ ကျွန်ုပ်နှင့် ဗြိတ္တာမှာ မလှုပ်မယှက်ငြိမ်ချက်သား ကောင်းနေကြသည်။

"ဟော့ကောင် ဗြိတ္တာ၊ ဟိုမှာ အရိပ်ရနေပြီ ဘုရားသွားဝတ်ပြုရအောင်"

ကျွန်ုပ်က စတင်ရွေ့လျားရာ နောက်သို့ ဗြိတ္တာ လိုက်လာသည်။ သို့သော်ငြား စကားမပြန်၊ ငိုင်တိငိုင်တိုင်ဖြစ်နေသည်။

ကျွန်ုပ်သည် စေတီလေးအား ဦးချကန်တော့လိုက်ပြီးနောက် ကျုံ့ကျုံ့ကလေးထိုင်ကာ မျက်စိမှိတ်ထားလိုက်သည်။ မျက်စိထဲတွင် ရွှေတိဂုံဘုရားမှ ဘုရားဆင်းတုတော်လေးဆူကို မြင်တွေ့လာရသည်။ အတန်ကြာသော် ဘုရားဆင်းတုတော်များမှ အရောင်မျိုးစုံ လင်းထိန်ယှက်ဖြာခြင်းကို တွေ့ရ၏။ အလင်းရောင်များမှာ တဖြည်းဖြည်း ပို၍ ပို၍ များလာပြီး ဘုရားများ၏ မျက်နှာတော်များကိုပင် ဖုံးအုပ်သွား၏။ ထို့နောက် ပြိုးပြက်လင်းလက်သော အရောင်မျိုးစုံတို့ကိုသာ တွေ့မြင်ရသည်။ အရောင်များသည် နီလိုက်၊ စိမ်းလိုက်၊ ဝါလိုက် အမျိုးမျိုး ပြောင်းလဲနေ၏။ မကြာမီ အနီ အစိမ်း အဝါရောင်များ ရုတ်တရက် ပျောက်လွင့်သွားပြီး ဝင်းထိန်နေသော ဟင်းလင်းပြင်ကြီးကိုသာ မြင်တွေ့ရတော့သည်။

ဆက်ပါဦးမည် . . . .

မောင်ဟိန်းကျော်



www.burmeseclassic.com

www.burmeseclassic.com



# ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားသူများကို ရည်မှန်း၍

သက်လှိုင်မျိုး(စက်မှုတက္ကသိုလ်)

ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သူ မိဘ၊ ဆွေမျိုးသားချင်းများကို ရည်မှန်း၍ အလှူဒါနပြုလုပ်ပေးခြင်းသည် အလွန်တရာသိမ်မွေ့နူးညံ့သော ကိစ္စရပ်တစ်ခုပင်ဖြစ်ပါသည်။

လူတို့သည် အသက်ရှင်စဉ်က ကောင်းမှုကုသိုလ်များ မည်မျှလုပ်ဆောင်ခဲ့စေကာမူ ကွယ်လွန်ခါနီးအချိန်တွင် ဆွေမျိုးသားချင်းသံယောဇဉ်၊ ပစ္စည်းဥစ္စာ သံယောဇဉ်များကို ယတိပြတ် မပြတ်နိုင်ခဲ့သော် အယူလွဲခဲ့သော် မထင်မှတ်ဘဲ ပြိတ္တာဘုံ (တစ္ဆေ သရဲ ပြိတ္တာစသည်ဖြင့်)သို့ ရောက်ရှိသွားနိုင်ပါသည်။

ထိုအခါ စားဝတ်နေရေးမပြည့်စုံဘဲ ဒုက္ခကြီးစွာ ရောက်ရပါသည်။ ထိုဒုက္ခတို့မှ လွတ်မြောက်စေရန် ကျန်ရစ် သူတို့က တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရန် တာဝန်ရှိ ပါသည်။ ကွယ်လွန်သူများအား ရည်မှန်း၍ နည်းစနစ်ကျ ထိရောက်မှန်ကန်သော အလှူဒါနများကိုပြုလုပ်ပြီး အမျှဝေ ဝေရန် လိုအပ်ပါသည်။ သို့မှသာ ကွယ်လွန်သူမှာ ၎င်းသက် ရှိထင်ရှားရှိစဉ်က ပြုခဲ့ဖူးသော ကောင်းမှုကုသိုလ် အကျိုး ဆက်များအရ မြင့်မြတ်သော ဘုံဘဝသို့ ကူးပြောင်းရောက် ရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အသက်ရှင်နေသူ တစ်ဦးအဖို့ ဒုက္ခရောက်နေသော အကူအညီလိုနေသော ၎င်း၏ဆွေမျိုး မိတ်ဆွေ၊ သူငယ်ချင်းတို့ထံမှ ပြောဆို၍ အကူအညီရယူနိုင်ပါသည်။ အသက်ရှင်နေသူတစ်ဦးသည် အကြောင်းမလှ၍ ပြစ်ဒဏ်ခံရပြီး ထောင်ချသွားပါက ကျန်ရစ်သူတို့မှာ ပူဆွေးသောကရောက်လျက် ငွေအင်အား၊ လူအင်အားအမျိုးမျိုးသုံးကာ ထိုသူ အကျဉ်းထောင်ထဲတွင် နေရန်၊ စားရန်၊ အဆင်ပြေစေရန် လိုက်ထံကူညီတတ်ကြပါသည်။

လူတစ်ယောက် ကွယ်လွန်သွား၍ ပြိတ္တာဘုံ၌ တစ္ဆေ သရဲ ပြိတ္တာဖြစ်နေခဲ့သော် လူ့လောကရှိ အကျဉ်းထောင်ထဲတွင် နေရသည်ထက်ပို၍ ဒုက္ခများစွာ ခံစားနေရပေသည်။ ပြိတ္တာဘုံသို့ရောက်ရှိသွားသော် ဝတ်ရန်အဝတ်၊ စားရန်အစာ၊ သောက်ရန်ရေ၊ နေရန်နေရာ စသည်တို့က မပြည့်မစုံ၊ လူများအနားသို့လည်း ကပ်၍မရ၊ အိမ်တွင်း၊ ခြံတွင်းတို့မှာလည်း မောင်းထုတ်ခံရ၊ မိမိထက်ဝါရင့်ကြသော ပြိတ္တာကြီးများကလည်း နည်းမျိုးစုံဖြင့် အနိုင်ကျင့်ကြ၊ အချိန်နှင့်အမျှ ဒုက္ခမျိုးစုံကို ခံစားနေရတတ်ပါသည်။ ၎င်းတို့ ခံစားနေကြရသည့် ဒုက္ခအဖုံဖုံမှ လွတ်မြောက်အောင် "ကယ်ကြပါဦး" ဟူ၍ သားသမီးများထံ လာပြော၍မရနိုင်ပါ။

ထိုအခြေအနေမျိုးတွင် ကျန်ရစ်သူတို့ ကွယ်လွန်သွားသူအား စာနာသနားစွာဖြင့် လုပ်သင့်လုပ်ထိုက်သူများကို လုပ်ပေးရပါသည်။ ထိုသို့ ကူညီကယ်တင်မှု မပြုလုပ်ပေးခဲ့လျှင် ပြိတ္တာဘုံရောက်နေသူတစ်ဦးသည် နှစ်ပေါင်းများစွာတိုင်အောင် ဒုက္ခမျိုးစုံကို ခံစားနေရပေတော့သည်။

အို၊ နာ၊ သေဘေးကို ကြုံတွေ့နေကြရသော လူ့ဘဝတွင် နာရေးကိစ္စသည် မိသားစုတိုင်း တစ်နေ့မဟုတ် တစ်နေ့တွင် မလွဲမသွေ ကြုံတွေ့ရပေမည်။ မကြားလို၊ မမြင်လို၍မရ၊ နာရေးကိစ္စဖြစ်လာအောင် ကျန်ရစ်သူတို့က ပြုလုပ်ပေးနေကြသော ရက်လည်အလှူ၊ တစ်လပြည့်အလှူ စသည်တို့ကို နည်းစနစ်မှန်ကန်စွာ ပြုလုပ်တတ်သူ နည်းပါးပါသည်။ ထုံးတမ်းစဉ်လာအရ ပြီးစလွယ်၊ တာဝန်ကျေရုံ ပြုလုပ်နေကြသူ များပါသည်။

ကျန်ရစ်သူတို့သည် ကွယ်လွန်သူအတွက် ငွေကြေးအကုန်အကျခံကာ အလှူလုပ်ပေးသော်လည်း လောကအလိုက်လိုက်၍ ဂုဏ်ပကာသနကို ဦးစားပေးကြသဖြင့် ကွယ်လွန်သူခမျာ အကျိုးရသင့်သလောက် မရနိုင်ရှာပါ။

"သေသောသူ ကြာရင်မေ့" ဆိုသော စကားအတိုင်း ကွယ်လွန်သွားသူများကို ကျန်ရစ်သူတို့က အချိန်ကြာလာသည်နှင့်အမျှ မေ့ပစ်တတ်ကြပါသည်။ ကွယ်လွန်သူ ရှာဖွေထားရစ်ခဲ့သော အိုးအိမ်တိုက်တာ၊ ရွှေ ငွေတို့ကို ထုခွဲရောင်းချ၍ စားသုံးနေတတ်ကြ၍ ကွယ်လွန်သူခမျာ သေခါနီးအချိန်ပိုင်းလေးတွင် အယူလွဲသွားလေမလား။ ပြိတ္တာဘုံရောက်နေပြီး ဒုက္ခမျိုးစုံခံစားနေရရှာမလားဟု လေးနက်စွာ တွေးတောပြီး ကွယ်လွန်သူအတွက် ထိထိရောက်ရောက် အလှူဒါနပြုလုပ်ပေးရန် ကျန်ရစ်သူတို့က စိတ်ပါဝင်စားမှုနည်းပါးသည်ကိုလည်း တွေ့မြင်နေရပါသည်။

ကွယ်လွန်သူမှာမူ ၎င်းအတွက်ပြုလုပ်ပေးမည့် ကောင်းမှုကုသိုလ် အလှူဒါနများကို မျှော်တလင့်လင့်ဖြင့် အချိန်နှင့်အမျှ စောင့်စားနေတတ်ကြပါသည်။ သည်လိုနှင့် ကျန်ရစ်သူ ဆွေမျိုးသားချင်းတို့ အိုမင်းရင့်ရော်၍ ကွယ်လွန်သွားကြသည်အထိ ပြိတ္တာဘုံဘဝမှ မကျွတ်နိုင်ရှာပေ။ ထိုအခါ ကယ်တင်ပေးနိုင်မည့် ဆရာတစ်ဦးဦးကိုတွေ့လျှင် အသနားခံတောင်းပန်ငိုယိုကာ အလှူဒါနပြုလုပ်ပေးပါရန် ပြောဆိုတတ်ကြပါသည်။ ကြုံကြိုက်သည့် အလှူပွဲသို့ အခွင့်အရေးရလျှင်ရသလို အတင်းဝင်ရောက်ကာ သာဓုခေါ်နိုင်ရန် ကြိုးစားကြပါသည်။

"ခန္ဓာဝန်ထုပ် အကောင်ပုပ်ကို မြှုပ်နှံပြာချ သုသာန်ကိစ္စ ကြုံလာသောအခါဝယ် ကူညီသူသည် မိတ်ကောင်းမည်၍" ဟု ဆိုထားပါသည်။ ယခုအခါ ရန်ကုန်မြို့နှင့်တကွ အချို့မြို့နယ်များတွင် စေတနာ့ဝန်ထမ်း ဆောင်ရွက်နေကြသည့် "နာရေးကူညီမှုအသင်း" များသည် အဆိုပါ ဒေသနာကို အကောင်အထည်ဖော်နေကြသော လူမှုရေးအသင်းကြီးများပင် ဖြစ်ပါသည်။

အကယ်၍ ကွယ်လွန်သွားသူသည် မကွယ်လွန်ခင် လူ့ဘဝ၌ ကောင်းမှုကုသိုလ်များစွာ ပြုလုပ်ခဲ့၍ တရားကျင့်ကြံပွားများ အားထုတ်မှုကိုပြုခဲ့လျှင် ပြိတ္တာဘုံသို့ မည်သို့မျှ မရောက်နိုင်ပါ။ ကောင်းမွန်ရာ ဘုံဘဝများသို့သာ ရောက်ရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓရှင်တော်မြတ်ဘုရားက ဤသို့ဟောကြားတော်မူခဲ့ပါသည်။ ပုထုဇဉ်သတ္တဝါတို့ ကွယ်လွန်သွားကြသောအခါ

(က) နတ်ဘုံသို့ လားရောက်ခြင်း (ဒေဝဂတိ)၊

(ခ) လူ့ဘုံသို့ လားရောက်ခြင်း (မနုဿဂတိ)၊

(ဂ) တိရစ္ဆာန်ဘုံသို့ လားရောက်ခြင်း (တိရစ္ဆာန်ဂတိ)၊

(ဃ) ငရဲဘုံသို့ လားရောက်ခြင်း (နိရယဂတိ)၊

(င) ပြိတ္တာဘုံသို့ လားရောက်ခြင်း (ပေတဂတိ)

ဟူသော လားရာဂတိ ငါးမျိုးရှိပါသည်။ မည်သည့်ဘုံဌာနသို့ လားရောက်သွားသည်ကို ပုထုဇဉ်တို့ မသိရှိနိုင်ကြပါ။ ဘုရား ရဟန္တာများသာလျှင် သိရှိနိုင်ကြပါသည်။

"ဤမျှ ရှည်လျားသော သံသရာဝဲ ဘဝပေါင်း မြောက်မြားစွာ ကျင်လည်ခဲ့ကြရသောကြောင့် ကွယ်လွန်သူ ဆွေမျိုးသားချင်းတို့နှင့် ကင်းလွတ်ရာဘုံ ဌာနဟူ၍မရှိ။ ပြိတ္တာဘုံတွင်ဘဝအဆက်ဆက်က မိမိတို့နှင့် တော်စပ်ခဲ့ဖူးသော ဆွေမျိုးပြိတ္တာတို့ ရှိသည်သာတည်း"ဟူ၍ ဓမ္မပဒတွင် မှတ်သားဖူးပါသည်။

ထို့ကြောင့် ကွယ်လွန်သူအတွက်ရည်စူး၍ ပြုလုပ်သော အလှူဒါနအကျိုးဆက်သည်

(၁) ကွယ်လွန်သူခမျာ မထင်မှတ်ဘဲ ပြိတ္တာဘုံသို့ ရောက်နေခဲ့သော် ၎င်းအား မြင့်မြတ်သောဘုံဘဝသို့ ကူးပြောင်းရောက်ရှိသွားနိုင်စေရန် လမ်းကြောင်းပေးခြင်း၊ ကူညီပေးခြင်း၊ အထောက်အပံ့ပေးခြင်း ဖြစ်ပေသည်။

(၂) သံသရာဘဝ အဆက်ဆက်က တော်စပ်ခဲ့ဖူးသော ဆွေမျိုးပြိတ္တာများအတွက်လည်း ကူညီဆောင်ရွက်ပေးခြင်း။ သံသရာကြွေးဆပ်ခြင်း ဖြစ်ပေသည်။

(၃) အလှူဒါနကို ငွေအား၊ လူအားဖြင့်ပါဝင်၍ စေတနာစိုက်ထုတ် ဆောင်ရွက်ပေးသူများအတွက်လည်း ယခုဘဝ၊ နောင်ဘဝ၊ သံသရာအဆက်ဆက်တို့တွင် ကောင်းကျိုးချမ်းသာကို မလွဲမသွေရရှိစေမည်ဖြစ်ပေသည်။ ကွယ်လွန်သူကိုရည်စူး၍ ပြုလုပ်သော ကောင်းမှု ကုသိုလ်၏ အကျိုးတရားသည် -

- ငရဲဘုံ၌တည်သူအား ထိုဒါနသည် မရောက်။
- တိရစ္ဆာန်ဘုံ၌ တည်သူအား ထိုဒါနသည် မရောက်။
- လူ့ဘုံ၌တည်သူအား ထိုဒါနသည် မရောက်။
- နတ်ဘုံ၌တည်သူအား ထိုဒါန သည်မရောက်။
- ပြိတ္တာဘုံ၌တည်သူအား ထိုဒါနသည်ရောက်၏ဟု

မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ပါသည်။

"ချစ်သား အာနန္ဒာ…သတ္တဝါများ ကွယ်လွန်သွားကြသော် ငါဘုရား၏ လက်သည်းခွံပေါ်ရှိ မြေမှုန့်ပမာဏခန့်သည် သုဂတိဘုံ(လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ)သို့ ရောက်ရှိကြပြီး မဟာပထဝီမြေကြီးရှိ မြေမှုန့်ပမာဏခန့်သည် ဒုဂ္ဂတိဘုံ (အပါယ်လေးဘုံ)သို့ ရောက်ကြကုန်၏" ဟူ၍လည်း ဗုဒ္ဓရှင်တော်မြတ်ဘုရားက ဟောကြားတော်မူခဲ့ပါသည်။

"မြင်းမိုရ်တောင်ဦး မကကျူးသား ကျေးဇူးတော်ရှင် မွေးမိခင်နှင့် ကျွေးဖခင်တို့အား ရကြားပါစေ အမျှဝေ၏"ဟု ရွတ်ဆိုသည့်အတိုင်း ကျန်ရစ်သူ သားသမီးတိုင်းက ကွယ်လွန်သွားကုန်သော အမိ၊ အဖနှင့် ကျေးဇူးရှင်များအပေါ် တာဝန်ကျေပွန်ရန် လိုအပ်ပါသည်။

အချို့မှာ ကွယ်လွန်ချိန်၌ သံယောဇဉ်များပြတ်၍ အယူမှန်သော ကောင်းရာဘုံသို့ ရောက်ရှိသွားပါက အကြောင်းမဟုတ်သော်လည်း တချို့မှာမူ မိသားစုသံယောဇဉ်၊ ပစ္စည်းဥစ္စာသံယောဇဉ်တို့ကြောင့် အယူလွဲကာ ပြိတ္တာဘုံသို့ ရောက်ရှိသွားတတ်ပါသည်။ ထိုအခါ စွဲလမ်းသွားခဲ့သော ဘုရားကျောင်း၊ ကန်၊ လှူ၊ ပစ္စည်း စသည်တို့၏ ဝန်းကျင်တွင် မှီတွယ်နေတတ်ပါသည်။ တစ်ခါတစ်ရံလည်း ခြေဦးတည့်ရာ လျှောက်သွားနေ တတ်ပါသည်။ ဝတ်ရန်အဝတ်၊ သောက်ရန်ရေ၊ စားရန်အစာ၊ နားခိုရန်နေရာ စသည်တို့ကို ပင်ပန်းကြီးစွာ လိုက်ရှာဖွေနေရတတ်ပါသည်။

ကွယ်လွန်သူအတွက် အလှူဒါန ပြုလုပ်မည်ဆိုလျှင်-

(၁) အလှူဒါနပြုလုပ်မည့် နေ့ရက် အချိန်တို့ သိရှိပြီးနောက် ကွယ်လွန်သူအား အကြောင်းကြားရန် လိုအပ်ပါသည်။ ရောက်ရာဘုံဘဝ၊ ရောက်ရာအရပ်မှ ၎င်းအတွက် ရည်စူး၍ အလှူဒါနပြုလုပ်ရာ ဖြို့ လမ်း။ အိမ်အမှုင်သို့ လာရောက်ပြီး တရားနာယူသာဓုခေါ်ပါရန် ကြိုတင်ဖိတ်ခေါ်



www.burmeseclassic.com

www.burmeseclassic.com

ရပါသည်။

(၂) ကွယ်လွန်သူတို့နှင့် ပတ်သက်ရှိကြသော ဆွေမျိုးရင်း အထက်ပုဂ္ဂိုလ်များသည် ကွယ်လွန်သူအား ရောက်ရာဘုံဘဝ၊ ရောက်ရာအရပ် ( )နေ့တွင် ၎င်းအတွက်ရည်စူးပြုလုပ်မည့် အလှူအိမ်သို့ ကူညီရှုံမွှေ၍ စေလွှတ်ပေးပါရန် ကြိုတင်လျှောက်ထားရပါသည်။

(၃) မိမိတို့အရပ် ရေမြေအလိုက် စောင့်ရှောက်တော်မူကြသော ဘိုးဘိုးများ (ဥပမာ-ရွှေတိဂုံဘိုးဘိုး၊ ဆူးလေဘိုးဘိုး စသဖြင့်) အစောင့်အရှောက်နတ်များ (ဥပမာ-အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ် စသဖြင့်) နှင့် ရွာတော်ရှင်၊ မြို့တော်ရှင်၊ ကွင်းပိုင်၊ နယ်ပိုင် စသည်တို့ကို အမျှပေးဝေပါ။ ကွယ်လွန်သူ ရောက်ရာဘုံဘဝမှ အလှူပြုလုပ်ရာနေရာသို့ ကူညီစေလွှတ်ပေးပါရန် အနှောင့်အယှက်များရှိပါက ဖယ်ရှားပေးပါရန် မေတ္တာရပ်ခံရပါသည်။

(၄) အလှူအတွက် ပင့်ဖိတ်သော ရဟန်း၊ သံဃာတော်များတွင် အကျင့်သီလ၊ သိက္ခာ၊ သမာဓိနှင့် ပြည့်စုံတော်မူသော သံဃာတော်များပါဝင်ရန် အလွန်အရေးကြီးပါသည်။ သို့မှသာ ကွယ်လွန်သူအတွက် ပို၍အကျိုးသက်ရောက်ပါသည်။ အလှူရှင်အဖို့ မည်သည့်ရဟန်း၊ သံဃာတော်ကိုမဆို သံဃိကအလှူအဖြစ် သဘောထား၍ လှူလိုက်ပါက ရသင့်ရထိုက်သော အကျိုးတရားများကို မလွဲဧကန် ရရှိပါသည်။ "ကွယ်လွန်သူအတွက် အလှူဒါနပြုလုပ်လိုပါသဖြင့် အရှင်ဘုရား၏ကျောင်းတိုက်မှ သံဃာတော်ငါးပါး (သို့) သုံးပါး ကြွရောက်ချီးမြှင့် အလှူခံတော်မူပါဘုရား" ဟု ပင့်ဖိတ်လိုရာ ဘုန်းတော်ကြီးကျောင်းမှ အကြီးအကဲဆရာတော်အား လျှောက်ထားရန် လိုအပ်ပါသည်။

(၅) ကွယ်လွန်သူအား အလှူဒါနပြုရာသို့ လာရောက်နိုင်ရန်အတွက် ဆင့်ခေါ်ပေးပါရန် သံဃာတော်များကို ရိုသေစွာ လျှောက်ထားရပါမည်။

ကွယ်လွန်သူ အမည်၊ နေ့ သား/သမီး၊ ကွယ်လွန်သောအသက်၊ ကွယ်လွန်သောနေ့ရက်၊ သင်္ဂြိုဟ်သောနေ့ရက်၊ အလှူပြုလုပ်မည့်နေ့ရက်နှင့် အချိန်တို့ကို စာရွက်ပေါ်သပ်ရပ်စွာရေးသား၍ ပင့်ဖိတ်သောကျောင်းတိုက်မှ ဆရာတော်အား ရိုသေစွာ ဆက်ကပ်၍ လျှောက်ထားပါ။

"ကွယ်လွန်သူအား အလှူပြုလုပ်မည့် နေရာသို့ လာရောက်တရားနာ သာဓုခေါ်ရန်အတွက် ဆရာတော်ဘုရားက မေတ္တာထား၍ ကူညီအကြောင်းကြား ဆင့်ခေါ်ပေးပါရန် ရိုသေစွာ လျှောက်ထားပါသည်ဘုရား" ဟုဆိုကာ လျှောက်ထားရန် လိုအပ်ပါသည်။

(၆) ရဟန်း၊ သံဃာတော်များအား လှူဒါန်းသော လှူဖွယ်ပစ္စည်းများသည် ဆွမ်း၊ ဆွမ်းဟင်း၊ ရေ၊ သပိတ်၊ သင်္ကန်း၊ ထီး၊ ယပ်၊ ဖိနပ်၊ နေကာထိုင်ခင်း စသည်များ ဖြစ်သင့်ပါသည်။

ဘုရား၊ ကျောင်းတော်ဆောင်၊ ဇရပ်၊ သိမ်၊ ရေချမ်းစင်တို့ လှူဒါန်းနိုင်လျှင်လည်း ပို၍ကောင်းမွန်ပါသည်။ ငွေကြေးလှူဒါန်းလိုလျှင် "နဝကမ္မအလှူငွေ" ဟု စာအိတ်ပေါ်တွင်ရေးပြီး လှူဒါန်းသင့်ပါသည်။ ငွေကြေးကို တိုက်ရိုက်အလှူမခံသော သံဃာတော်များဖြစ်ပါက "အရှင်ဘုရားတို့နှင့် ဆက်စပ်သော ပစ္စည်းလေးပါးအတွက် လှူဒါန်းပါ၏ဘုရား။ ကပ္ပိယကာရကအား ညွှန်ကြားတော်မူပါဘုရား" ဟု လျှောက်ထားပြီး ကပ္ပိယမှတစ်ဆင့် လှူဒါန်းရပါသည်။

(၇) အလှူပြုလုပ်မည့်နေ့တွင် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်း၊ အမွှေးတိုင်တို့ဖြင့် ကပ်လှူပူဇော်ပါ။ ကွယ်လွန်သူသည် ယနေ့ပြုလုပ်မည့် အလှူဒါနသို့ လာရောက်ပြီး တရားနာ သာဓုခေါ်နိုင်စေရန် ဆုတောင်းခြင်းပြုလုပ်ပါ။

(၈) အလှူနေ့ သံဃာတော်များ ကြွရောက်ခါနီးအချိန်တွင် ကွယ်လွန်သူအား တရားနာသာဓုခေါ်ရန်အတွက် အိမ်တွင်းသို့ ကြွရောက်ပါရန် ကျန်ရစ်သူအများက ဖိတ်ခေါ်ရပါသည်။

(၉) သံဃာတော်များ ကြွရောက်လာသော် အလှူစတင်တော့မည်ဖြစ်ပါသဖြင့် ကွယ်လွန်သူ ဦး/ဒေါ်အား ကိုယ်တိုင်ကြွရောက်တရားနာ၊ သာဓုခေါ်ရန်အတွက် ထပ်မံဖိတ်ခေါ်ရပါသည်။ အိမ်၊ ခြံ၊ မြေတို့ကို စောင့်ရှောက်ကြကုန်သော ပုဂ္ဂိုလ်များနှင့်တကွ အိမ်စောင့်နတ်၊ ခြံစောင့်နတ်တို့သည်လည်း ကွယ်လွန်သူ ဦး/ဒေါ်ကို ခြံတွင်း၊ အိမ်တွင်းသို့ ဝင်ခွင့်ပြုပါရန်နှင့် အခြားအနှောင့်အယှက် အဟန့်အတားများကို ဖယ်ရှားရှင်းလင်းပေးရန် မေတ္တာရပ်ခံရပါသည်။ အလှူပြု

www.burmeseclassic.com

လုပ်ရာနေရာသည် ဘုန်းကြီးကျောင်း၊ ဓမ္မာရုံ စသည်တို့ဖြစ်ပါက ကွယ်လွန်သူအား ဝင်ရောက်ခွင့်ပြုရန် ဆရာတော်အကြီးအကဲ၏ ခွင့်ပြုချက်ကို တောင်းခံပါ။ ပြီးနောက် သာသနာစောင့်နတ်၊ ကျောင်းစောင့်နတ်တို့၏ ခွင့်ပြုချက်ကို တောင်းခံပါ။

(၁၀) အလှူဒါနပြုလုပ်ပွဲ၏ ရေစက်ချအမျှပေးဝေခြင်းကို ကျန်ရစ်သူတို့က စိတ်ပါလက်ပါ စေတနာပါပါဖြင့် ဆောင်ရွက်ပေးရပါသည်။ အလှူအတွက် ငွေအား လူအား စေတနာအား အမျိုးမျိုးစိုက်ထုတ်ကူညီသူများ ကိုယ်တိုင်ရေစက်ချအမျှပေးဝေနိုင်လျှင် ကွယ်လွန်သူအတွက် ပို၍ အကျိုးကျေးဇူးရှိနိုင်ပါသည်။

ရေစက်ချ အမျှပေးဝေသည့်သူများသည် ငိုကြွေးခြင်း၊ ပူဆွေးခြင်း စသည့် အကုသိုလ်စိတ်များကို ပယ်ဖျောက်၍ ပြုလုပ်ပေးနေသည့် အလှူဒါနပေါ်တွင် ကြည်လင်သန့်ရှင်းသောစိတ်ဖြင့် နှလုံးသွင်းကာ ရေစက်ချအမျှပေးဝေခြင်းကို ဆောင်ရွက်ရန် လိုအပ်ပါသည်။

(၁၁) တရားနာရေစက်ချပြီး အမျှဝေသော် ဆရာတော်၊ သံဃာတော်များ ရွတ်ဆိုပေးသည့်အတိုင်း လိုက်ဆို၍ အမျှပေးဝေပါ။ ကွယ်လွန်သူ၏ အမည်နာမကို နှုတ်မှ လေးလေးနက်နက်ခေါ်ဆိုပြီး အမျှပေးဝေသင့်ပါသည်။

(၁၂) အိမ်၊ ခြံအပြင်သို့ထွက်၍လည်း အမျှပေးဝေပါ။ သို့မှသာ အလှူ အိမ်ဝန်းကျင်ရှိ မကျွတ်မလွတ်ရှိကုန်သော သတ္တဝါအပေါင်းတို့လည်း သာဓုခေါ်ဆိုနိုင်မည် ဖြစ်ပါသည်။

(၁၃) ရေစက်ချပြီးသော ရေများကို စုပေါင်းပါ။ ပြီးနောက် အိမ်ဝင်း၊ ခြံဝင်းအတွင်း သင့်တော်မည့်နေရာတွင် မြေကြီးပေါ်သို့သွန်ပါ။ ထို့နောက် နှုတ်မှလည်း ကျွန်ုပ်တို့ လှူဒါန်းသော ကောင်းမှုအစုစု၏ ကုသိုလ်အဖို့ကို ကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှရကြပါစေ။ အားလုံးကြား ကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါဟု သုံးကြိမ်ပေးဝေရပါသည်။

(၁၄) "အလှူပွဲပြီးဆုံးသွားပြီဖြစ်ပါသဖြင့် သာဓုခေါ်ရန် လာရောက်ကြကုန်သော ကွယ်လွန်သူ ဦး/ဒေါ်နှင့် တကွ အခြားသောပုဂ္ဂိုလ်များအားလုံး ကျွန်ုပ်တို့၏ အိမ်၊ ခြံအပြင်ဘက်သို့ ထွက်ခွာသွားကြပါလော့။ အသင်တို့သွားလိုရာဌာနသို့ ဆက်လက်သွားနိုင်ကြပါပြီ" ဟု မမေ့မလျော့ ပြောကြ
ပါမည်။

အချို့သည် ခေါ်သာခေါ်ပြီး ပြန်လွှတ်ရန် မေ့နေတတ်ကြပါသည်။ ထိုအခါ မလိုလားအပ်သော အကျိုးဆက်များ ဖြစ်လာတတ်သဖြင့် ပြန်လွှတ်ရန် မမေ့သင့်ပေ။

မိဘဆွေမျိုးများ အသက်ရှင်နေစဉ် ကိုယ်တိုင်ကိုယ်ကျ ပြုစုလုပ်ကျွေး၍ ကျေးဇူးဆပ်နိုင်လျှင် အကောင်း ဖြစ်ပါသည်။ အကြောင်းမညီညွတ်၍ မလုပ်ကျွေးနိုင်ခဲ့ ကွယ်လွန်သွားသော မိဘများအတွက် ကောင်းမှုကုသိုလ် လုပ်ပေးပြီး အမျှပေးဝေခြင်းဖြင့် ကျေးဇူးဆပ်နိုင်ပါသေးသည်။

ငွေပေါင်းများစွာ အကုန်အကျခံ၍ ပြုလုပ်ပေးတိုင်း လည်း ကောင်းမှုအစုစု၏ ကုသိုလ်အဖို့ကို ကွယ်လွန်သူ ကျိန်းသေရလိမ့်မည်ဟုပြော၍ မရနိုင်ပါ။

တစ်ခါတစ်ရံ အမှတ်မထင်ဘဲ အမျှပေးဝေလိုက် ဖြင့် ရချင်ရသွားတတ်ပါသည်။ ထို့ကြောင့် အိမ်တွင် နေ့စဉ် ဘုရားရှိခိုး၊ ပုတီးစိပ်၊ ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ပြီးတိုင်း ဘုရားသောက် တော်ရေချမ်း၊ ဆွမ်း၊ ဆီမီး စသည်တို့ လှူပြီးတိုင်း ကောင်းမှုကုသိုလ် တစ်ခုခုပြုလုပ်ပြီးတိုင်း ကွယ် လွန်သူများ၏ အမည်နာမကိုခေါ်ပြီး အမျှပေးဝေပါ။

အကြောင်းတိုက်ဆိုင်လျှင် ကွယ်လွန်သူက အမှတ် မထင် သာဓုခေါ်ဆိုပြီး မြင့်မြတ်သောဘုံဘဝသို့ ကူးပြောင်း ရောက်ရှိသွားနိုင်ပါသည်။ သို့သော် ဘာမျှမလှူဒါန်း အမျှပေးဝေရုံမျှဖြင့် ကွယ်လွန်သူ၌ ကောင်းကျိုးချမ်းသာ နိုင်ပေ။

ဤသို့ဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားသော ကွယ် လွန်သူ မိဘဆွေမျိုးသားချင်းများကို ရည်မှန်း၍ အလှူဒါန ပြုလုပ်ပေးခြင်းသည် အလွန်တရာ သိမ်မွေ့နူးညံ့သော မ မနေ လုပ်သင့်လုပ်ထိုက်သော ကိစ္စရပ်တစ်ခုပင်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**သက်လှိုင်မျိုး(စက်မှုတက္ကသိုလ်)**



www.burmeseclassic.com

www.burmeseclassic.com


ဝိဇ္ဇာခရေ ဆေးပညာဖြင့် အောက်ပါရောဂါများကို ကုသပေးသည်

# ရွှေပြည်မင်း တိုင်းရင်းဆေးကုဌာန

ဆရာဦးခင်မောင်လှ (တသဆ-၀၂၂၉၀)

* အသည်းရောင်၊ အသားဝါ၊ အသည်းကြွပ်၊ အသည်းခြောက်၊ ရေဖျဉ်းစွဲ၊ အသည်းကြီးခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းအနာဖြစ်ခြင်း၊ နာတာရှည်အသည်းရောဂါအမျိုးမျိုး။

* နှစ်ရှည်လများ ဆီးချို၊ သွေးချိုကြောင့် အမျိုးသားအားနည်းရောဂါ နှင့် ဆီးကျောက်ကပ်ရောဂါ။

* လိပ်ခေါင်း၊ ဂရင်ဂျိနာ၊ စအိုဝတွင် အဖုအကျိတ်၊ စအိုနာအမျိုးမျိုး။

* အမျိုးသမီးများသားအိမ်အတွင်းအလုံးအကျိတ် တည်ခြင်း၊ ရက်ရှည်စီးယပ်အဖြူဆင်းခြင်း၊ ရင်သားအဖုအကျိတ် မခွဲမစိတ်မနာမကျင်ဆေးနှင့် သိန္ဓိဝင်ဆေးတောင့်၊ ခေါက်လုံးများဖြင့် သီးသန့် သက်သာပျောက်ကင်းစေရမည်။

* ခန္ဓာကိုယ် အတွင်းအပြင် နှစ်ရှည်လများ ဖြစ်ပွားနေသော အလုံး၊ အကျိတ်၊ အဖု၊ ကင်ဆာ(ခေါ်)မြစ်ပွားနာရောဂါအမျိုးမျိုးကို လက်ခံ၍ ကုသပေးသည်။

ဆေးခန်းဖွင့်ချိန်-

ရွှေပြည်မင်းဆေးတိုက်နှင့်ဆေးကုဌာန

နေ့လယ်(၁၂)နာရီ မှ ည(၇း၀၀)နာရီထိ

အမှတ်-၂၂၊အခိုင်း(၃)၊ ... ရန်ကုန်မြို့။ ဖုန်း-...

တနင်္လာနေ့တိုင်း ပိတ်သည်။



# မြင့်စေတနာဆေးတိုက်

(အရေပြားရောဂါမှန်သမျှဒိဋ္ဌပျောက်ကင်းစေရမည်။)

# ခရုသင်း (သမင်ဖြူ)

LEUCODERMA

ခရုသင်း (သမင်ဖြူ)၊ဖြူ နီ နက်ကွက်များ ◆အနာကြီးရောဂါ ◆ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့်အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။

LEUCODERMA, LEPROSY, YAWS, FUNGUS, PINTA, EC-ZEMA, RING WORM, DERMATITIS, Etc.

ဆရာ ဦးခင်မောင်မြင့် (မြင့်စေတနာဆေးတိုက်) ၊ အမှတ် (၃)၊ ဗိုလ်တောက်ရိပ်မြိမ်၊ ... အင်းစိန်လမ်းမကြီး၊ ဇာလာဓမ္မော်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၆၆၄၇၈၀၉-၇၉၈ ...

ဌာနခွဲ - အမှတ် (၂)၊ ၆၂-လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ ဆောင်တော်မှုရပ်၊ မန္တလေးမြို့ ၊ ဖုန်း - ၀၂-၂၄၆၈၈၊ ဖုန်း - ၀၉၂၀၀၂၈၄၃


www.burmeseclassic.com

www.burmeseclassic.com

# တောကြီးသားရဲ [၂]
# တာဝောကြီး

ယခင်လမှအဆက်



www.burmeseclassic.com

www.burmeseclassic.com

# တောကြီးတာဝေဿ (၂)

တာတေကြီး

ယခင် လ မှ အ ဆက်

## လောကအကြောင်း သင်ယူခြင်း

ကျွန်ုပ်နှင့် ဆုံတွေ့ရသော သူ၏ နာမည်မှာ ကိုခါး ဆိုသူဖြစ်ပြီး ၎င်းမှာ သူခိုးတစ်ဦး ဖြစ်လေ၏။ ၎င်းက ကျွန်ုပ်အား 'သုသာန်စောင့်ကြီး ဦးကျော်စွာ'နှင့် တွေ့ဆုံခွင့်ရရန် စီစဉ်ပေးမည် ဆိုသော်လည်း လွယ်လွယ်နှင့် တွေ့ခွင့်ရမည် မဟုတ်ကြောင်း ကျွန်ုပ် သိနေ၏။ နံနက်ပိုင်း ကျွန်ုပ်ထလျှင် ကိုခါး ဆိုသူမှာ ဆင်အော်လျှင်တောင် နိုးမည် မဟုတ်ဘဲ အိပ်နေကာ ကျွန်ုပ် အိပ်စက်မည့် ညအချိန်၌သာ ဝေလီဝေလင်း ပြန်လာလျှင် ၎င်းက ဆိတ်နို့စွပ်နှင့် နံပြား ဝယ်လာ၏။ လက်ဖက်ခြောက်ကောင်းကောင်းနှင့် ဖျော်ထားသော လက်ဖက်ရည် ပါဆယ် ဝယ်လာ၏။ ပြီးလျှင် ၎င်းတစ်နေ ကုန် စားရန် ကွမ်းထုပ်ဝယ်လာလေ ၏။ ကျွန်ုပ်က. . .

"ကိုခါးရယ်. . ခင်ဗျား အလုပ် ကြီးတာလည်း မဟန်ပါဘူးဗျာ၊ သူများတွေ အိပ်တဲ့အချိန်မှ ခိုးရ တယ်လို့"

ဟု ဆိုလျှင် ၎င်းက. . .

"ကောင်လေး ဘာသိလို့လဲ၊ လူတွေအိပ်တဲ့အချိန် ခိုးရတာ အပြစ်ကင်းတယ်ကွ၊ ဘာဖြစ်လို့လဲဆို လူဟာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားရင် လောဘ၊ ဒေါသ၊ မောဟ တွေ မေ့သွားတတ်တယ်လေ၊ အဲဒီ အတွက် ကျုပ်က သူတို့ မသိအောင် ခိုးသွားတဲ့အခါ ခိုးနေစဉ်တုန်းက စိတ်လို လောဘ၊ ဒေါသ၊ မောဟ မရှိတော့ဘူးလေ"

ဟု ဆိုလိုက်လေ၏။

ကိုခါး ဆိုသောသူမှာ ခိုးရာပါ ပစ္စည်းများကို ဇရပ်သို့ မယူလာဘဲ တစ်ခါတည်း ရောင်းရောင်းစားခဲ့ လေ၏။ ၎င်းအများဆုံး ခိုးသော အိမ်များမှာ ချမ်းသာကြွယ်ဝသော တရုတ်၊ ကုလား အိမ်သို့ တက်ခိုး လေ၏။ ကျွန်ုပ်အား ကိုခါးမှ သံ တစ်ချောင်းနှင့် သော့များစွာကို ဖွင့် နည်းအား သင်ပေးသေး၏။ ခြေ ထောက်နှင့် အသံမမြည်စေသော လမ်းလျှောက်နည်းကိုလည်း သင် ပေးလေ၏။ ကျွန်ုပ်က ၎င်းအား. .

"နေပါဦး ကိုခါးရေ. . ခင်ဗျား က ကျုပ်ကို သုသာန်စောင့်ကြီး ဦးကျော်စွာနဲ့ တွေ့ပေးမယ်ဆိုပြီး ခုတော့ ဘာလို့ သူခိုးပညာတွေ သင် ပေးနေရတာလဲ"

ဟု ဆိုသောအခါ ကိုခါးက ကွမ်းချေးများတက်သော သွားများ ပေါ်အောင် ပြုံးလေ၏။ ပြီးနောက် ၎င်း၏ ပိန်လှီသော ခန္ဓာကိုယ်အား အကြောအခြင်များ ဆန့်လိုက်ပြီး. .

"ဒါကတော့ ဒီလိုရှိတယ် ကောင်လေးရ၊ မင်းနားလည်အောင် ပြောရရင် ဆရာကြီးနဲ့ တွေ့ချိန် မတန်သေးလို့ပါ၊ ဆရာကြီးနောက်ကို ပုလိပ်တွေ ခြေရာခံလိုက်နေကြ တယ်လေ"

ဟု ဆိုရာ ကျွန်ုပ်က. . .

"နေပါဦး၊ ခင်ဗျားဆရာကြီးက ဘယ်သူမို့လဲ"

ဟု ဆိုလျှင် ကိုခါးမျက်နှာမှာ



www.burmeseclassic.com

www.burmeseclassic.com

တည်ငြိမ်သွားပြီး ကျွန်ုပ်အား စေ့စေ့ ကြည့်ကာ. . .

"သခင်ကျော်စွာ"

ဟု တစ်လုံးတည်း ပြောချ လိုက်လေ၏။

ထိုစဉ်က ကျွန်ုပ် နားလည်ထား သော 'သခင်'ဟူသော ဝေါဟာရမှာ အင်္ဂလိပ်အစိုးရကို တော်လှန်သူဟု သာ သိထားပေ၏။ ကျွန်ုပ်၏ ဖခင် ကြီးမှာလည်း သုသာန်စောင့်ကြီးထံ သွားသွားနေသည်မှာ ဘာကြောင့်ဆို တာကို ကျွန်ုပ် ရေးရေးလေး သဘော ပေါက်မိလေ၏၊ ကျွန်ုပ်က. . .

"ကျုပ်က ခင်ဗျားဆီက သူခိုး ပညာ သင်တာတော့ ဟုတ်ပါပြီ၊ အဲဒါတွေက ကျုပ်ဘဝအတွက် ဘာ အသုံးဝင်မှာလဲ"

ဟု ဆိုလျှင် ကိုခါးက. . .

"ပြောမှ ပြောတတ်လိုက်တာ ကောင်လေးရာ၊ လောကကြီးမှာ ကိုယ်နဲ့ပေါင်းတဲ့သူဆီမှာ ပညာတွေ အများကြီးရှိတယ်၊ ကုန်ကုန်ပြောရ ရင် သူတောင်းစားဆီက ပညာယူ ထားရင်တောင် အခြေအနေမကောင်း ရင် ကောင်လေးအတွက် တောင်း စားတဲ့ပညာက အသုံးဝင်မှာပါ"

ဟု ကိုခါးက ရှည်လျားစွာ ပြောလိုက်ပြီး ၎င်းဝယ်လာသော ဆိတ်စွပ်နံပြားကို ကျွန်ုပ်ထံသို့ ပေး လေ၏။ ကျွန်ုပ် တစ်သက်နှင့် တစ်ကိုယ် ယခုကဲ့သို့ လွန်စွာမှ အရသာရှိသော ဆိတ်စွပ်နံပြားကို မစားဖူးခဲ့ချေ။ ဆိတ်ရိုး ဆိုသော် လည်း အရိုးနှင့် အသားများ နူးအိ နေ၏။ အရည်မှာလည်း ငရုတ် ကောင်း မဆလာနှင့် ဆိတ်သား အရည်များကြောင့် ပူပူလေးနှင့် သောက်လိုက်တိုင်း အကြောထဲ စိမ့် ဝင် ဝင်သွားလေ၏။ နံပြား၏ နူးအိပုံ ကလည်း စားမိတိုင်း လျှာပေါ် စွဲ သွားလောက်အောင် ကောင်းလှ၏။ ကိုခါးက. . .

"ဆိတ်စွပ်နံပြားအကြောင်း ကောင်လေး တွေးနေတာလား၊ စား ပြီးရင် မတွေးနဲ့ ကောင်လေးရဲ့ အရသာဆိုတာ စားနေတဲ့အချိန် လေးပဲရှိတာ၊ စားပြီးသွားရင် အရသာ ဆိုတာ အိပ်မက် မက်သလိုပဲ၊ အိပ်မက်ထဲက အရာကို တမ်းတရင် ကိုယ်ပဲ စိတ်ညစ်ရမှာ"

ဟု ဆိုကာ ကွမ်းတစ်ယာကို ပါးစပ်ထဲသို့ ကောက်ဝါးလိုက်လေ ၏။

ကျွန်ုပ်နှင့် ကိုခါးသည် မြို့ပြင်ရှိ သုသာန်ကြီးထဲ၌ နေနေသည်မှာ နှစ်ဖာနီးပါးတောင် ကြာမြင့်ခဲ့လေ ၏။ ကိုခါးက ညနက်နက်ပိုင်းတွင် မရှိ၍ သုသာန်ဇရပ်ပေါ် ဝယ် ကျွန်ုပ် တစ်ယောက်တည်း အထီးကျန်စွာ- နေခဲ့ရလေ၏။ ကျွန်ုပ်မှာ ကိုခါး ပြော သလို ချက်ဆိုနားခွက်က မီးတောက် ပြီးသား ဆိုသလို သူခိုးပညာနှင့် ပတ်သက်၍ အတော်အတန် တတ် ကျွမ်းခဲ့လေ၏။ ညနက်နက်၌ သုသာန်ထဲဆင်း၍ လမ်းလျှောက် တတ်သော ကျွန်ုပ်အဖို့ ခြောက်လှန့်

ခြင်း၊ ကြောက်ရွံ့ခြင်း ဆိုတာလည်း
အသေးအဖွဲ့များသာ ဖြစ်ခဲ့လေ၏။
ကျွန်ုပ် ငယ်ငယ်ကမူ သုသာ
ဆိုသည်မှာ သရဲတစ္ဆေ မကောင်း
ဆိုးဝါးများ ခိုအောင်းရာ နေရာ
ထင်မိ၏။ တကယ်တမ်း နေကျင်
လာသောအခါ ငြိမ်းချမ်းသောနေရာ
ဟု စိတ်မှာ ထင်မိလေ၏။ ရံဖန်ရံ
၌ ကျွန်ုပ် မမြင်မတွေ့နိုင်သောနေရာ
မှ အနံ့ပေးခြင်း၊ အသံမြည်အော
ခြောက်လှန့်ခြင်းသာ ရှိသော်လည်
ကျွန်ုပ်၏ ငယ်စဉ်က အကျင့်အတိုင်
အသားမနာလျှင် ကျန်တာကြော
စရာ မလိုဆိုသော စိတ်ကြော
ကျွန်ုပ်အား သုသာန်၌ မည်မျှ
ခြောက်လှန့်ပစေ ကျွန်ုပ် မတု
မလှုပ်ခဲ့ပေ။

ဝေလီဝေလင်း ပြန်လာတ
သော ကိုခါးမှ ကျွန်ုပ်အား ထုံ
အတိုင်း လှုပ်နှိုး၍. . .

"ကောင်လေးရေ. . .ထ
ဒီနေ့တော့ ဘဲပေါင်းဟင်းနဲ့ ပေါင်
လေး ယူလာတယ်ကွ"

ဟု ဆိုလျှင် ကျွန်ုပ်က. . .

"ကိုခါးကတော့ အစဉ်အလ
ကို ဖျက်ပြန်ပြီ၊ ဘာဖြစ်လို့ ဆိ
စွပ်နံပြား မဝယ်ရတာလဲ"

ဟု ဆိုလျှင် ကိုခါးက ခေါ
ကုတ်လိုက်ပြီး. . .

"ပြောလည်း ခံရမှာပဲ ကော
လေးရာ၊ ကျုပ် တရုတ်အိမ် တစ်
ဝင်ခိုးတော့ ထမင်းစားခန်းထဲ
ပေါင်းထားတဲ့ ဘဲပေါင်းအနံ့

www.burmeseclassic.com

မြည်းကြည့်တာ၊ လျှာလည်သွားတာနဲ့ ကျန်တာ ဘာမှ မခိုးချင်တော့ဘူး၊ အဲဒီဘဲပေါင်းဟင်းကိုပဲ တစ်အိုးလုံး ခိုးလာခဲ့တယ်။ ကဲ. . . လျှာလည် မလည် စားသာကြည့်ပေတော့”

ဟု ဆိုသောအခါ ကျွန်ုပ်မှာ မြည်းစမ်းကြည့်မိ၏။ ကိုခါး ပြောသလို ဘဲပေါင်းမှာ လွန်စွာအရသာ ရှိလှ၏။ တရုတ်ဆေးမြစ်ပေါင်းစုံနှင့် ပေါင်းထားသော ဟင်းဖြစ်ပြီး အစားအစာ အကောင်းကြိုက်သူအတွက် ...င်း၏ အတွင်းပစ္စည်းများ ခိုးယူသွားခြင်းထက် ဘဲပေါင်းဟင်း အခိုးခံရသည်ကို နှမြောမိမှာ သေချာပေ၏။ ကိုခါးက. . .

“ဘယ်လိုလဲ ကောင်လေး. . ...ပေါ်မှာ အရသာတွေ့ရဲ့လား”

ဟု ဆိုသောအခါ ကျွန်ုပ်က. . .

“အရသာဆိုတာ စားနေတဲ့ အချိန်လေးပဲရှိတာ၊ စားပြီးသွားရင် အရသာဆိုတာ အိပ်မက် မက်သလို ...လ၊ အိမ်မက်ထဲက အရသာကို ...တရင် ကိုယ်ပဲ စိတ်ညစ်ရမှာ ...ရဲ့၊ ကျုပ် မတွေးတော့ဘူး”

ဟု ဆိုသောအခါ ကိုခါးက သူ...နှင့်သူ ပြန်မိသွား၍ ရှက်ရယ် ...လေ၏။

ကျွန်ုပ်မှာ ဦးကျော်စွာကို ...ရမည့် အချိန်ကာလ မည်မျှ ...မည် ဆိုတာကို ကိုခါးလည်း ...ရာ သေသေချာချာ မသိ ...ခင်ကြီး ပြောခဲ့သည့် စကား ...င်း ကျွန်ုပ် မတွေ့မချင်း ဦးကျော်စွာ ဆိုသူအား စောင့်ရပေမည်။

မိုးသည်းထန်စွာ ရွာသော ညတစ်ည၌ ကျွန်ုပ်၏ ဇရပ်ပေါ်သို့ လူ(၂)ဦး တက်လာလေ၏။ တစ်ဦးမှာ ကျွန်ုပ်၏ ပထမဆုံးဆရာ ကိုခါးဖြစ်ပြီး နောက်တစ်ဦးမှာကား မေးရိုးကားကား မျက်နှာပေါ်ဝယ် ကန့်လန့်ဖြတ် အမာရွတ်နှင့် ထွားထွားကျိုင်းကျိုင်း လူတစ်ဦးဖြစ်၏။ ထိုလူမှာ ခန္ဓာကိုယ်ပေါ်ဝယ် အဌာဝက ဘီလူးရုပ်ကြီး၏ ဦးခေါင်းပုံအား ဆေးမင်ကြောင် ထိုးထားလေ၏။ ၎င်း၏ မျက်နှာမှာ အမြဲတမ်း မရယ်မပြုံးဘဲ ခက်ထန်သော အသွင်ဆောင်နေလေ၏။ တစ်နည်းအားဖြင့် ဆိုရသော် တစ်လောကလုံး သူ့လုပ်စာ ထိုင်စားနေသော ရုပ်မျိုး ဖြစ်လေ၏။ ကိုခါးက. . .

“ကောင်လေးရေ. . . ကျုပ်နဲ့မင်း ဆုံတွေ့မှုက ဟောဒီညမှာပဲ ပြီးပြီ၊ ဟောဒီမုဆိုးကြီးနဲ့ မင်း လိုက်သွားပေတော့၊ ပြီးရင် ဆရာကြီးနဲ့ ဆက်တွေ့ဖို့ သူ ဆက်စီစဉ်ပေးလိမ့်မယ်”

ဟု ဆိုလေ၏။

ကျွန်ုပ်ဘဝကို သေချာတွေးကြည့်လျှင် လက်ဆင့်အရောင်းခံနေသော တိရစ္ဆာန်တစ်ကောင်လို ဖြစ်နေပေ၏။ ဒါကို အကဲခတ်မိသော ကိုခါးက. . .

“တောင်စဉ်ရေမရတွေ တွေးမနေနဲ့ ကောင်လေး၊ ကျုပ်တို့ဆရာကြီးက အဓိပ္ပာယ်မဲ့တာ ဘာမှမလုပ်ဘူး၊ ကောင်လေးအတွက် အကျိုးရှိမှာပါ”

ဟု ဆိုကာ ကိုခါးက. . .

“ကောင်လေးရေ. . ကျုပ်ကတော့ ကျုပ်အလုပ် ကျုပ်ဝတ္တရားမပျက် လျှောက်လုပ်လိုက်ဦးမယ်၊ ကံမကုန်ရင် ပြန်ဆုံကြတာပေါ့”

ဟု အော်ကာ အမှောင်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့သတည်း။

◆

## လာဘနှင့် တွေ့ပြီ

ကျွန်ုပ်သည် အထက်က ဆိုခဲ့သည့်အတိုင်း မုဆိုးကြီး ဦးလာဘခေါ်ဆောင်ရာနောက်သို့ လိုက်ခဲ့လေ၏။ မုဆိုးကြီးမှာ အင်္ဂပူမြို့လေးနှင့် မဝေးလှသော အနောက်ရိုးမကြီးထဲသို့ ကျွန်ုပ်အား ခေါ်ဆောင်လာ၏။ လမ်းခရီးက ခြေလျင်ခရီးဖြစ်၍ ရိုးမတောင်ခြေနားသို့ပင် အနည်းဆုံး (၁၀)ရက်နီးပါး သွားရေလေ၏။ အစားအသောက်အတွက် မုဆိုးကြီးက သားကောင် တစ်ကောင်မဟုတ်၊ တစ်ကောင် ဖမ်းဆီးကာ စားသောက်ကြရ၏။ ကျွန်ုပ်က. . .

“မုဆိုးကြီးရယ်. . ကျုပ် တွေ့ချင်တာက ဦးကျော်စွာပါ၊ ဘာဖြစ်လို့တောထဲ ခေါ်လာရတာတုံး”

ဟု ဆိုလျှင် မုဆိုးကြီးက မရယ်



www.burmeseclassic.com

www.burmeseclassic.com

မပြုံးသော မျက်နှာဖြင့်. . .

"ငါသိတာကတော့ မောင်ရင့်ကို မုဆိုးအတတ် သင်ပေးရမယ်၊ ပြီးရင် လာခေါ်တဲ့သူဆီ ထည့်ပေးရမယ်၊ ဒါပဲလေ၊ ကျန်တာ ငါမသိဘူး"

ဟု ခပ်ပြတ်ပြတ် ဖြေလေ၏။ တောနက်နက်ရောက်လေ မုဆိုးကြီးမှာ ယခင်လို မနေတော့ဘဲ အမြဲတမ်း သတိဝီရိယဖြင့် နေ၏။ ကျွန်ုပ်မှာ မုဆိုးကြီး၏ အနေအထားအတိုင်း လိုက်နေရလေ၏။ တောထဲ သွားနေရင်း မြွေဟောက်ကြီးတစ်ကောင်နှင့် မက်ပင်းတိုးသောအခါ ကျွန်ုပ် ထိတ်လန့်မိ၏။ မြွေဟောက်၏ ပုံစံမှာ သာမန်မြွေဟောက် တစ်ကောင် မဟုတ်ဘဲ ငန်းတော်ကျားနှင့် စပ်ထားပုံရ၏။ ပါးပျဉ်းထောင်လိုက်ပါက ခွက်နေသော ပါးပျဉ်းကြီးပေါ်ဝယ် အစိမ်းရောင် သမ်းနေလေ၏။ မုဆိုးကြီးက မြွေဟောက်အား တွေ့တွေ့ချင်းပင်. . .

"ငါ့လူ လုံးဝမလှုပ်နဲ့"

ဟု ဆိုကာ ၎င်းလက်ထဲမှ ပိုက်ကွန်ဖြင့် ပစ်ဖမ်းလိုက်လေ၏။ မြွေဟောက်မှာ ပိုက်ကွန်ထဲဝယ် လူးလွန့်နေသောအခါ မုဆိုးကြီးက အမြီးတည့်တည့်ချိန်ကာ လှံဖြင့် ထိုးချလိုက်မှ ငြိမ်သက်သွားလေ၏။ မြွေဟောက်၏ ဦးခေါင်းကို ကိုင်ပြီး ၎င်းလက်ထဲ၌ ကိုင်ထားသော ဓားမြှောင်ဦးချွန်ဖြင့် ခွဲထုတ်လိုက်၏။ လက်ထဲသို့ အဖြူရောင်အိတ်လေး ပါလာလေ၏။ ကျွန်ုပ်က. . .

"မုဆိုးကြီး အဲဒါ ဘာလဲဗျ"

ဟု ဆိုလျှင် မုဆိုးကြီးက. . .

"ဒါက တောကြီးမြွေဟောက်ရဲ့ အပြင်းဆုံး အဆိပ်အိတ်လေ၊ ဆင်တစ်ကောင်လောက်တောင် အဲဒီအဆိပ်မိရင် တုံးခနဲ လဲကျသေဆုံးသွားနိုင်တယ်၊ အသုံးလိုရင် အသုံးဝင်တာမို့ ဒါလေးပဲ ယူသွားတော့မယ်"

ဟုဆိုကာ တောကြီးမြွေဟောက်ကို ကိုင်၍ လွှင့်ပစ်လိုက်လေ၏။

ကျွန်ုပ်နှင့် မုဆိုးကြီးမှာ ညအခါ၌ သစ်ပင်ပေါ်တွင် အိပ်ကြ၍ နေ့အခါ၌ လမ်းလျှောက်၍သာ ခရီးဆက်ကြ၏။ မုဆိုးကြီးက ကျွန်ုပ်အား သားရဲတိရစ္ဆာန်များ၏ သဘာဝ၊ တိုက်ခိုက်လျှင် အသုံးပြုရမည့် လက်နက်ကိရိယာများအကြောင်းကို လက်တွေ့သင်ကြားပေးလေ၏။ ကျွန်ုပ်မှာ အစပထမ၌ ကြောင်အမ်းအမ်း ဖြစ်နေသော်လည်း ရက်ကြာလာသောအခါ ကျွန်ုပ်အဖို့ တီးမိခေါက်မိ ရှိလာ၏။

"မုဆိုးကြီးက လမ်းလည်းတော်တော်ကျွမ်းတာပဲ၊ ဒီလောက်နက်တဲ့ တောနက်ကြီးထဲ လမ်းကို ဘယ်လိုမှတ်ထားလဲ"

ဟု မေးရာ မုဆိုးကြီးက ပြုံးရုံလေးသာ ခပ်ဟဟ ပြုံးလိုက်ပြီး. . .

"ဒါက ငါ့လူအတွက်တော့ ခက်ချင်ခက်မယ်၊ ငါ့အတွက်ကတော့ မခက်လှဘူး၊ ဘာဖြစ်လို့လဲဆို ခွေးတွေ၊ ကြောင်တွေနဲ့ တိရစ္ဆာန်
အချို့ဟာ သူတို့အနံ့သိအောင် မ
ဖြစ်ဖြစ်၊ ကျင်ငယ်ဖြစ်ဖြစ် စွန့်သွ
တတ်ကြတယ်။ ဒါက သူတို့အတွ
နေရာမှတ်ခြင်း ဖြစ်သလို လူ
မှာလည်း အနံ့အာရုံဆိုတာ ရှိ
မယ်။ ဥပမာကွာ-ငါ့လူနဲ့ ငါ ဒီနေ
က ဖြတ်တယ်၊ ဘာထူးခြားလဲ သာ
လူတွေအတွက်တော့ မထူးခြား
ငါ့အတွက်တော့ ထူးခြားတ
ဒီနေရာလေးမှာရတဲ့အနံ့က တော
ကတိုးအနံ့ပဲ။ ဒီကနေ တောင်
ရောက်ဖို့ (၃)ရက်လောက်ပဲ
တော့တယ်။ အဲဒီလို နေရာတိုင်
ရှိတဲ့ အနံ့ကို မှတ်တာဟာ ခဲခဲ
ယဉ်းတော့ မဟုတ်ပါဘူး၊ သ
တရားကို နားလည်ယုံကြည် လ
နေဖို့ပဲ လိုတာပါ"

ဟု ပြောလိုက်ရာ ကျွန်ုပ်
မုဆိုးကြီး ဦးလာဘကို မချီး
မနေနိုင်အောင် ဖြစ်ခဲ့ရ၏။

ကျွန်ုပ်မှာ မုဆိုးကြီးထံမှ
သွားရင်း ပညာသင်ဆိုသလို
လာခဲ့ရာ (၁၀)ရက်မြောက်သော
ရိုးမတောင်ခြေနားသို့ ရောက်
အခါ မုဆိုးအတတ်ကို
အကျဉ်း တတ်မြောက်နေ
မုဆိုးကြီး၏ မိသားစုမှာ ရိုးမ
ခြေနားဝယ် နေကြပြီး ၎င်းအိ
အား နေချင်စဖွယ် ဝါးစိမ်း
ဆောက်ထားလေ၏။ တော
ခွေးများက အဝေးမှ မုဆို
ရသည်နှင့်ပင် ဟောင်၍ လာ
လေ၏။ (၈)နှစ်အရွယ်



www.burmeseclassic.com

www.burmeseclassic.com

လေးတစ်ဦးနှင့် ငါးနှစ်အရွယ် မိန်းကလေး ကလေးငယ်လေး(၂)ဦး မှာ သူတို့အဖေကို တွေ့သောအခါ အားရဝမ်းသာ ခုန်ပေါက်အော်ဟစ် ကြလေ၏။

ကရင်အကျီ ဝတ်ဆင်ထား သော မုဆိုးကြီး၏ ဇနီးဖြစ်သူမှာ အငယ်မလေးကို ခါးတစ်ခွင်ချီရင်း တားသံ ခပ်ဝဲဝဲဖြင့်. . .

"ညည်းသည် ပါလာတာကို အမောပြေ ရေနွေးကြမ်းနဲ့ သောက်ဖို့ ဆတ်သားခြောက်လေး မီးသွားဖုတ် ပေးဦးမယ်"

ဟု ဆိုကာ မီးဖိုချောင်ထဲ ဝင် သွားလေ၏။ မုဆိုးကြီးက သူ့သားနဲ့ သမီးကို ရင်ခွင်ထဲ ပွေ့ဖက်ရင်း. . .

"ဒါက ငါ့သား စောလူတဲ့၊ သမီးကတော့ နော်ဆေးဖော"

ဟု ဆိုကာ ကျွန်ုပ်အား ကလေး နှစ်ယောက်နှင့် မိတ်ဆက်ပေးလေ ၏။ ကလေးများမှာ အလွန်ချစ်စရာ ကောင်းပြီး စကားကြွယ်လှ၏။ ကျွန်ုပ်အား ကလေးငယ်လေးက. .

"ဖထီး သူငယ်ချင်းက မုဆိုး လား"

ဟု ဆိုလျှင် မုဆိုးကြီးက ကျွန်ုပ် ဘက်လှည့်ကာ ရယ်မောလိုက်ပြီး. .

"မုဆို ဖြစ်တော့မှာပေါ့ကွာ။ ဆိုးလော. . . မုဆိုးလောင်း"

ဟုဆိုလေ၏။ သမီးငယ်လေးက

"ဒါဆို ဖထီးသူငယ်ချင်းက မှုတ်လောင်းနဲ့ အတူတူပဲပေါ့ နော်"

ဟု ဆိုလိုက်သောအခါ ကျွန်ုပ် နှင့် မုဆိုးကြီးမှာ ပြိုင်တူရယ်မောမိ ကြလေတော့၏။

မုဆိုးကြီးနှင့် ကျွန်ုပ်မှာ ရှီးမ တောင်ပေါ်သို့ မတက်မီ လက်နက်၊ ရိက္ခာများကို ပြင်ဆင်ရ၏။ ကျွန်ုပ်က

"လူတွေနဲ့ ၊ အဲဒီလောက် အရမ်းဝေးတဲ့ နေရာမှာနေတော့ မုဆိုးကြီးတို့ မိသားစုတွေ ဘယ်လို ရှာဖွေ စားသောက်ကြလဲ"

ဟု ဆိုသောအခါ မုဆိုးကြီးက ရယ်၏။ ကျွန်ုပ်အား အထင်သေး သော ပုံစံဖြင့်ကြည့်ကာ. . .

"ငါ့လူက တော်တော်ဝေးတာ ပဲ၊ လူတွေနဲ့ ဘယ်လောက်နီးနီး ဘယ်လောက်ဝေးဝေး အရေးကြီး တာက ငါတို့ ရှင်သန်ရပ်တည်နေရ တဲ့ သဘာဝကြီးအပေါ်မှာ သဘာဝ က ပေးထားတာတွေ အများကြီးပါ၊ အလကားကို ပေးထားတာ"

ဟု ဆိုလေ၏။ ကျွန်ုပ်က. . .

"ဘာတွေ အလကားပေးလို့လဲ မုဆိုးကြီးရဲ့"

ဟု ဆိုသောအခါ. . .

"ခု . . ငါတို့မိသားစုနေတဲ့ အိမ် ကလေးဟာ တောထဲက အလေ့ကျ ပေါက်တဲ့ သစ်၊ ဝါးတွေလေ၊ စားဖို့ က တောထဲမှာ ငါ့လူတွေ့တဲ့အတိုင်း ပဲ၊ ရာသီပေါ် အသီးအနှံအရွက်တွေ အများကြီး။ ဒါတွေဟာ သဘာဝက မပေးလို့ ဘယ်သူပေးတာလဲ"

ဟု ဆိုလိုက်လေတော့၏။ ကျွန်ုပ်မှာ မုဆိုးကြီးနှင့် ရက်ပေါင်း များစွာ တောအတူလိုက်ရင်း ထောင် ချောက်ဆင် ဖမ်းရ၏။ ရင်ဆိုင်တွေ့ ရသည့် သားကောင်များနှင့် ကြုံလျှင် လုံးထွေးသတ်ပုတ်ရလေ၏။ တစ်ခါ တစ်ရံ မုဆိုးကြီးက ကျွန်ုပ်အား စမ်း သပ်စစ်ဆေးသောအားဖြင့် တောထဲ သို့ တစ်ဦးတည်း လွှတ်လေ့ရှိ၏။ ကျွန်ုပ်မှာ တောနက်ထဲသို့ ရောက် သောအခါ လမ်းစပျောက်၍နေလျှင် မုဆိုးကြီး ပြောသော နည်းကို သုံးရ လေ၏။ ထိုနည်းမှာ သာမန်လူများ အဖို့ သေချာလေ့ကျင့်မည်ဆိုလျှင် လွယ်ကူစွာ တတ်မြောက်နိုင်၏။ မိမိ ရောက်ရှိနေသော နေရာ၏ အနံ့များ ကို ဦးနှောက်ထဲက မှတ်သွားနိုင်ဖို့ပဲ ဖြစ်လေ၏။ ကျွန်ုပ်မှာ တောဝက်ကြီး တစ်ကောင်နှင့် ပက်ပင်းတိုးခဲ့ရသော အဖြစ်ကို ဘယ်တော့မှ မေ့ပျောက် မှာ မဟုတ်သလို တွေးမိတိုင်း ကြက် သီး တဖြန်းဖြန်း ထမိ၏။ ကျွန်ုပ်မှာ ဒရယ်တစ်ကောင်အား ပစ်ခတ်ရန် ချောင်းမြောင်းနေစဉ်မှာပင် တောဝက် ကြီးတစ်ကောင် ကျွန်ုပ်ရှေ့၌ ဘွား ခနဲ ပေါ်လာလေ၏။ တောဝက်ကြီး မှာ အစွယ်များ ချွန်မြနေပြီး တစ်ရှိန် ထိုး ဝိုက်ကို ပြေးပက်လေ၏။ ကျွန်ုပ် မှာ ဘေးသို့ ရှောင်လိုက်ရာ ကံ ကောင်းထောက်မစွာဖြင့် တွင်းဟောင်း ကြီးထဲသို့ ပြုတ်ကျသွားလေ၏။ တောဝက်ကြီးမှာ ကျွန်ုပ်ခန္ဓာကိုယ် အား လွန်ပြီး ထိုးတင်လိုက်သော လှံ သွား၏ ထိပ်ဖျားစိုက်ကာ သေဆုံး သွားလေ၏။ ကျွန်ုပ်မှာ တွင်းဟောင်း



www.burmeseclassic.com

www.burmeseclassic.com

ကြီးထဲမှ ကုန်းရုန်းထလိုက်သောအခါ မာကျောကျောအရာကို ခြေနှင့် ထောက်မိလေ၏။ ခြေထောက်အား သေချာကြည့်သောအခါ သံသေတ္တာဟောင်းကြီးတစ်လုံး တွေ့ရပြီး ဖွင့်ကြည့်လိုက်သောအခါ ရွှေဒင်္ဂါးပြားများကို တွေ့ရလေ၏။ ရွှေဒင်္ဂါးပြားများနှင့်အတူ ရောနေသော ဂျပန်ဓားတစ်လက်ကို တွေ့ရလေ၏။ ဂျပန်ဓားမှာ ကင်ဒိုဓားထဲတွင် အကောင်းစားသံမဏိဖြင့် ပြုလုပ်ထားပြီး လက်ကိုင်အရိုးအား ဆင်စွယ်ဖြင့် ကွပ်ထားလေ၏။

ထို့နောက် တောဝက်သားကို ကျွန်ုပ် ဖျက်ယူကာ အူကလီစာများကို တော၏ ရိုးရာအတိုင်း ယဇ်ပူဇော်ပေးရ၏။ တောဝက်သားအား မုဆိုးကြီးမိသားစုကို ပေးလိုက်သောအခါ အားလုံးပျော်ရွှင်စွာဖြင့် ကျွန်ုပ်အား ချီးကျူးကြလေ၏။ မုဆိုးကြီးက

"ငါ့လူကတော့ ကံကောင်းမှုတွေ သယ်ဆောင်လာပြီ ထင်ပါရဲ့၊ ဒီတောဝက်ကြီးက ရိုးမထဲဝင်တဲ့ မုဆိုးရင့်မကြီးတွေ လိုက်နေတာကြာပေါ့၊ တွေ့မယ့် တွေ့တော့လည်း ငါ့လူနဲ့မှ တွေ့ရတယ်"

ဟု ဆိုကာ တောဝက်ကြီး၏ အစွယ်နှင့် ပတ်သက်၍ ထိုအစွယ်သည် ထူးခြားသော အစွယ်အမတေ ဖြစ်သည်ကို ရှင်းပြလေ၏။ ကျွန်ုပ်မှာ တောဝက်ကြီးနှင့်အတူ မထင်မှတ်ဘဲ တွေ့ခဲ့ရသော ရွှေဒင်္ဂါးပြား သေတ္တာအကြောင်း ဖွင့်ပြောလျှင် ကောင်း,မကောင်း ဆိုတာကို စဉ်းစားမိလျှင် ဖခင်ကြီးပြောသောစကားကို နားထဲ၌ ကြားယောင်နေမိ၏။ 'ပြောချင်တာ မပြောနဲ့' ဆိုသော စကားအတိုင်း ကျွန်ုပ်လည်း မုဆိုးကြီးအား ရွှေဒင်္ဂါးပြား သေတ္တာအကြောင်း စကားမဟတော့ဘဲ မုဆိုးကြီးထံမှ မုဆိုးအတတ်ပညာကိုသာ ဆက်လက်သင်ကြားနေလေတော့သတည်း။

◆

## တောကြမ်းရင် ရောရမ်းတယ်

ကျွန်ုပ်နှင့် မုဆိုးကြီးမှာ ရိုးမထဲ နေ့စဉ်နီးပါး ဝင်ဖြစ်သလို သားကောင်များလည်း ညနေစောင်း ပြန်ချိန်၌ တစ်ကောင်မဟုတ် တစ်ကောင် ပါလေ၏။ လအားဖြင့်တွက်လျှင် မုဆိုးကြီးနေအိမ် ရောက်ရှိနေသည်မှာ (၉)လနီးပါး ကြာမြင့်ခဲ့လေ၏။ ကျွန်ုပ်မှာ မုဆိုးအတတ်ကို ကောင်းစွာ တတ်မြောက်နေပြီ ဖြစ်သလို ကျွန်ုပ်၏ အသားရောင်နှင့် ခန္ဓာကိုယ်မှာလည်း ယခင်ပုံစံမျိုး မဟုတ်တော့ဘဲ ပြောင်းလဲနေသည်ကို ကျွန်ုပ် သတိပြုမိလေ၏။ မုဆိုးကြီးက. . .

"ငါ့လူကြည့်ရတာ နေ့တိုင်း ဒီတောကြီးထဲ ဝင်နေရတာ ပျင်းနေပြီ ထင်ပါရဲ့ကွယ်၊ တောနက်ကြီးထဲ မဝင်ချင်ဘူးလား"

ဟု ဆိုလျှင် ကျွန်ုပ်က. . .

"ကောင်းတာပေါ့ မုဆိုးကြီး
အတွေ့အကြုံအသစ်တွေ ကျုပ်
ချင်နေတာ အတော်ဖြစ်သွား
ပေါ့"

ဟု ဆိုပြီး တောထဲဝင်လျှင်
ဆောင်သွားနိုင်မည့် ကျွန်ုပ်
ထားသည့် ကင်ဒိုဓားကို ထုတ်ခဲ့
၏။ မုဆိုးကြီးက ကျွန်ုပ်၏ ကင်ဒို
ကို မြင်သောအခါ. . .

"ကောင်းလိုက်တဲ့ ဓားပါလား
ငါ့လူ တောထဲက ရလာပြီ ထင်
ရွှေဒင်္ဂါးပြားတွေကော တွေ့မိ
ပေါ့"

ဟု ဆိုလိုက်သောအခါ အ
အပျက်အလုံးစုံကို သိနေသော မု
ကြီးအား ကျွန်ုပ် အံ့ဩမိလေ
ကျွန်ုပ်က. . .

"ဒီဓားနဲ့တွဲပြီး ရွှေဒင်္ဂါးပြား
ရှိတယ်ဆိုတာ မုဆိုးကြီးက ဘယ်
လုပ်သိလဲ"

ဟု ပြောလျှင် မုဆိုးကြီးသ
အဝေးသို့ ရီဝေစွာ ငေးမောကြည့်
လေ၏။ ပြီးမှ. . .

"ငါ့လူ မတွေ့ခင် အဲဒီ
ရွှေဒင်္ဂါးပြားကို ငါ တွေ့ခဲ့ပြီးပါပြီ
ဒါပေမဲ့ ငါ သေချာစဉ်းစားကြ
တော့ ဒီပစ္စည်းတွေယူပြီး မြို့
ထုခွဲရောင်းချရင် ငါတို့မိသားစု
သာနိုင်ပေမဲ့ စိတ်ဆင်းရဲစရာ
လည်း ကြုံရလိမ့်မယ်၊ ချမ်း
ကြွယ်ဝမှုဟာ ခံစား စံစားလို့
ပေမဲ့ ကြာလာတဲ့အခါ ပူ
တယ်၊ ခုဆို ငါတို့မိသားစု



www.burmeseclassic.com

www.burmeseclassic.com

ဘောက်ငြိမ်းလဲ့။ စားဖို့ ဝတ်ဖို့ နေဖို့ ပူရသလို ဘာအပူမှ မရှိဘူး။ ငါ့လူ အနေနဲ့ကတော့ ရည်မှန်းချက်တွေ ရှိနေသေးတော့ ဒါတွေ လိုအပ်ပါ တယ်ကွာ၊ ယူသာသွားပါ"

ဟု ဆိုလိုက်လေ၏။

ကျွန်ုပ် ဆုံတွေ့ရသော လူတွေ ထဲမှ မုဆိုးကြီးလာဘ ဆိုသူမှာလည်း ဘိုခါးကဲ့သို့ လူထူးလူဆန်းတစ်ဦး ဖြစ်၏။ အမှန်တကယ် သူ့နေရာ၌ အခြားသူတစ်ဦးဆိုလျှင် လောဘ များ အတောသတ်နိုင်မည် မဟုတ်။ မုဆိုးကြီးက. . .

"ငါ့လူ တောနက်ကြီးထဲ ဝင် တာတော့ ဟုတ်ပါပြီ၊ ခုဝင်မယ့်တော က ရိုးမတောကြီးထဲမှာ အနက်ဆုံး နေရာပဲ၊ တော်ရုံတန်ရုံမုဆိုး မပြော နဲ့ ငါလို မုဆိုးရင့်မကြီးတောင် အစပ် လောက်ပဲ ရောက်ဖူးတယ်၊ ငါ့လူ သွားချင်သပဆိုရင် အစပ်လောက် ထိ ငါ လိုက်ပို့ပေးမယ်၊ လပြည့်နေ့ ကျရင် ပြန်လာပေါ့"

ဟု ဆိုလေ၏။ ကျွန်ုပ်မှာ မုဆိုး ကြီး သတိပေးသလို တောနက်ထဲ ဝင်မိ ရိက္ခာခြောက်များ စုရ၏။ လမ်းခရီး၌ ရခဲ့ဖူးသော တောကြီး ကျောက်၏ အဆိပ်နှင့် မြားတံ ထိပ်ဖူးများသုတ်ကာ အဆိပ်မြားများ လုပ်ရလေ၏။ တောထဲ၌ စီးရမည့် ခြေစီးဖိနပ်အား ခိုင်မာစွာ ကြိုးနှင့် ချည်ရလေ၏။

ထို့နောက် ကျွန်ုပ်နှင့် မုဆိုးကြီး သည် ရိုးမတောကြီးသို့ ဝင်လာကာ မုဆိုးကြီးမှ တောနက်ကြီးအစပ်ထိ လိုက်လံပို့ဆောင်ပေးလေ၏။ ကျွန်ုပ် က. . .

"မုဆိုးကြီးရေ. . . ကျုပ်ကို အလုပ်မရှိ အလုပ်ရှာတယ်ပြောပြော၊ သေချင်တဲ့ကျား တောပြောင်းပဲပြော ပြော ကျုပ်ကတော့ အတွေ့အကြုံ တွေတော့ လိုချင်နေတာပါပဲ"

ဟု ပြောလိုက်ရာ မုဆိုးကြီးက-

"ဒါပေါ့ ငါ့လူရာ. . အပျံသင်စ ငှက်ကလေးတွေတောင် တောင်ပံ ဖြန့်ပြီး ပျံကြသေးတာပဲ၊ အရေးကြီး တာ ပျံတတ်သွားရင် တိမ်လွှာကို ထိုး ဖောက်ပြီး အာကာသထဲထိရောက် အောင် ပျံနိုင်ပါတယ်၊ ကဲ . . ပျံသာ ပျံ ငါ့လူရေ"

ဟု ပြောရာ ကျွန်ုပ်မှာ စိတ် အား တက်ကြွသွားမိ၏။ တောနက် ကြီးထဲ ဝင်စက ကျွန်ုပ်မှာ စိတ်စနိုး စနောင့် ဖြစ်ခဲ့သော်လည်း ဆုံးဖြတ် ချက် ခိုင်မာစွာ ချပြီးသောအခါ ကြောက်စိတ်ဟူ၍ မရှိတော့။ မြန်မာ ပြည်မြေပုံထဲတွင် ထင်ရှားစွာ တွေ့ နိုင်သော အနောက်ရိုးမ၏ ဆန်း ကြယ်ပုံက ကျွန်ုပ် စာဖွဲ့မမီလောက် အောင် လှပလေ၏။ လမ်းခရီး၌ ရံဖန်ရံခါ တောကြက်အုပ်လိုက် တွေ့ သလို တချို့နေရာ၌ ဒေါင်းများကို တွေ့ရလေ၏။ ကျွန်ုပ်မှာ အနားယူ မည့်နေရာရောက်တိုင်း ထိုနေရာ၏ အနံ့ကို မှတ်သားသလို သစ်ပင်ကြီး တစ်ပင်ပင်၌ ဓားဖြင့် အင်္ဂလိပ်အက္ခရာ 'M' ဆိုတာကို ထင်ရှားစွာ ထွင်းခဲ့ လေ၏။ မုဆိုးကြီး ပြောသလိုပင် တောနက်ကြီးမှာ ရံဖန်ရံခါ၌ ညကဲ့ သို့ သစ်ပင်ကြီးများ အုပ်အုပ်ဆိုင်း ဆိုင်းနှင့် မဲမှောင်နေ၏။ အချို့နေရာ များ၀ယ် လှပသော ရောင်စုံသစ်ခွ များ ပွင့်နေသည်မှာ ကြည့်ရသူအဖို့ မျက်စိအေးဆေး၏။ ကျွန်ုပ်မှာ ည ရောက်သော်အခါ ကြီးမားသော သစ်ပင်ကြီးပေါ်၌ ညအိပ်စက်ရလေ ၏။ ကျွန်ုပ်အဖို့ အအိပ်မမက်သူ တစ်ဦး ဖြစ်သလို တစ်ဦးတည်းဖြစ်၍ ပိုသတိထားရပေ၏။

ထိုညတစ်ည၌ ကျွန်ုပ်မှာ အိပ် စက်ရန် သစ်ပင်ပေါ်သို့ တက်သော အခါ နှာခေါင်းဝသို့ အနံ့စိမ်းတစ်ခု ရှူရှိုက်မိလေ၏။ ထိုအနံ့မှာ ထူးခြား သော နှင်းဆီအနံ့ဖြစ်ပြီး အစကနဦး ရှူခါစ၌ မွှေး၍ အေးမြသွားသလို ထင်ရပြီး ကြာကြာရှူမိသောအခါ ခန္ဓာကိုယ်တစ်ခုလုံး ပူဆင်းသွားလေ ၏။ မကြာမီအချိန်တွင်းမှာပင် ကျွန်ုပ်၏ မျက်ခွံများ လေးလံနေပြီး အိပ်ချင်စိတ်က တားမရအောင် ဖြစ် ခဲ့လေ၏။ ကျွန်ုပ်စိတ်ထဲ၀ယ် ဝေဝေ ဝါးဝါး ရှိနေခိုက် အသံတစ်သံ ကြား လိုက်ရလေ၏။

"မောင်တော်. . . မြနန်းလေ မောင်တော့်ကို မျှော်နေတာ ကြာ ပေါ့၊ မြနန်းနဲ့ မောင်တော် လိုက်ခဲ့ပါ"

ဟူသော မိန်းမပျိုတစ်ယောက် ၏ အသံနှင့်အတူ ဆံပင်များ နက် မှောင်ရှည်လျားပြီး လေးကိုင်းသဖွယ် နှုတ်ခမ်း၊ ခန္ဓာကိုယ် အချိုးအဆစ်



www.burmeseclassic.com

www.burmeseclassic.com

ဆောင့်တင်းလှုပကာ ထဘီရင်လျားနှင့် အမျိုးသမီးကို တွေ့လိုက်ရ၏။ ကျွန်ုပ်က. . .

"နေပါဦး. . ခင်ဗျားကို ကျုပ်မသိဘူး၊ ကျုပ်ကို ခင်ဗျားက ဘာကြောင့် စောင့်နေရတာလဲ"

ဟု ဆိုလျှင် အမျိုးသမီးငယ်က အသံလွင်လွင်လေးနှင့် ရယ်မောလေ၏။ သူမ ရယ်လိုက်တိုင်း မျှစ်စို့ပမာ ရှန်းကန်ထွက်နေသော သူမ၏ ရင်သားများ လှုပ်ခါသွားသောကြောင့် ကျွန်ုပ်မှာ ရင်ထဲ၌ ရေငတ်သလို ခြောက်ကပ်သွားလေ၏။ ကျွန်ုပ်က-

"နေစမ်းပါဦး. . ခင်ဗျားမှာ ဝတ်စရာအင်္ကျီ မရှိဘူးလား၊ ဘာလို့ ထဘီရင်လျားနဲ့ ကျုပ်ဆီ လာတာလဲ"

ဟု ပြောသောအခါ အမျိုးသမီးက ထပ်မံရယ်ပြန်၏။ ပြီးမှ သူမက-

"မောင်တော်ရယ်. . . မြနန်းနောက်ကို လိုက်မှာသာ လိုက်ခဲ့ပါ"

ဟူသော အသံမှာ ကျွန်ုပ်နားထဲ သံလိုက်ဓာတ်တစ်ခု ထည့်ထားသလို သူမ ဆွဲခေါ်ရာသို့ လိုက်ပါသွားခဲ့ရလေ၏။ အမျိုးသမီးငယ်၏ နောက်သို့ ကျွန်ုပ် လိုက်ပါခဲ့ရာ မကြာမီ ရေတံခွန်ကြီးကို ဘွားခနဲ တွေ့လိုက်ရ၏။ ထိုရေတံခွန်ဝယ် 'မြနန်း' ဟု ခေါ်သော အမျိုးသမီးငယ်ကဲ့သို့ လှပသော မိန်းမငယ်လေးများ ရေကစားနေတာကို တွေ့ရလေ၏။ လရောင်အောက်ဝယ် လှချင်တိုင်း လှနေကြသော မိန်းမပျိုလေးများကို ကြည့်ကာ ကျွန်ုပ်မှာ တဒင်္ဂ မိန်းမောသွားလေ၏။

"မောင်တော် ရေအတူချိုးရအောင်လေ"

ဟု ဆိုကာ မြနန်းမှ ကျွန်ုပ်၏ အဝတ်အစားများကို ချွတ်ပေးလေ၏။ ရေချိုးနေကြသော မိန်းမပျိုလေးများက ကျွန်ုပ်နှင့် မြနန်း အပြုအမူကို မြင်သောအခါ ခိုးခိုးခစ်ခစ် ရယ်ကြလေ၏။ ကျွန်ုပ်မှာ အနည်းငယ် ရှက်သွားပြီး. . .

"ရပါတယ်. . . ကျုပ်ဖာသာ ကျုပ် ချွတ်ပါ့မယ်"

ဟု ဆိုလျှင် မြနန်းက. . .

"အို. . . မောင်တော်ကလည်း အဲဒီလောက်ကြီး မြနန်းအပေါ် မစိမ်းပါနဲ့"

ဟု ဆိုကာ သူမ၏ ခန္ဓာကိုယ်မှာ ကျွန်ုပ်ခန္ဓာကိုယ်နှင့် နီးကပ်လာ၏။ ကျွန်ုပ်အဖို့ တစ်ကြိမ်တစ်ခါဖူးမျှ 'မ'သတ္တဝါ၏ အတွေ့အထိကို မခံစားဖူး၍ ယခုကဲ့သို့ ပြုမူသောအခါ ကျွန်ုပ်အသားများ တဆတ်ဆတ် တုန်ရီနေလေ၏။ မြနန်း၏အလှမှာ ပုရိသ ယောက်ျားသားတစ်ဦးအဖို့ ရင်ခုန်ရှိုက်တင်မက ရူးလောက်အောင် ဖြစ်သွားနိုင်လေ၏။

ထိုအချိန်မှာပင် ရေချိုးနေသော မိန်းမပျိုတစ်သိုက်မှ ကျွန်ုပ်နှင့် မြနန်းအား ရေထဲသို့ တွန်းချလိုက်လေ၏။ မြနန်းမှာ ကြောက်လန့်သလိုဖြစ်ကာ ကျွန်ုပ် ခန္ဓာကိုယ်ကို တင်းကြပ်စွာ ပွေ့ဖက်ထားလေ၏။ ရေထဲသို့ နှစ်ဦးသား ဖက်လျက်

ပြုတ်ကျသွားသော ကျွန်ုပ်အ
ရေချိုးနေသော မိန်းမပျိုများ ရ
မောနေစဉ်မှာပင် တောခြောက်
ကဲ့သို့ တပြောင်းပြောင်း၊ တဒိုင်းဒို
နှင့် ဆူညံစွာ အော်ဟစ်သံနှင့်အ
ခွေးဟောင်သံများလည်း ကြားရ
၏။ ကျွန်ုပ်ရှေ့၌ ရေချိုးနေသေ
မြနန်း အပါအဝင် မိန်းမငယ်မျာ
ရုတ်တရက် ထူးဆန်းစွာ ပျောက်
သွားလေ၏။ ကျွန်ုပ်လည်း နှာခေ
ထဲသို့ ရနံ့တစ်ခုရပြီး မေ့မြော
ကာ တစ်စုံတစ်ဦး လှုပ်နိုးမှ သ
လာပြီး မျက်စိဖွင့်ကြည့်မိလေ၏
"ငါ့လူ တော်တော်မှ ပျော်ရဲ့
အတွေ့ကြုံသစ်တွေကော ရရဲ့
ဟူသော အသံကြောင့်
ကြည့်လိုက်ရာ မုဆိုးကြီး ဦးလ
နှင့် မုဆိုးအချို့ကို တွေ့ရလေ
"ငါ့လူနဲ့ ချိန်းထားတာ လ
နေ့လေ။ သတ်မှတ်ချိန်
မလာတာနဲ့ အနီးနားတစ်ဝိုက
မုဆိုးတွေ အကူအညီတောင
လိုက်တာလာ၊ ကံသီပေလို့ပေါ့
ငါ့လူက မုဆိုးပညာတော့
ပါရဲ့။ ဒါပေမဲ့ ခုလို တောကြ
ရောမရမ်းရဘူး၊ ဒီအထဲမှာက
အတွက် အားလုံး သေမင်းတ
ဟူ၍သာ ဆိုလိုက်လေ
သတည်း။

(ရွှေလဆ

တာတေ


www.burmeseclassic.com

www.burmeseclassic.com

# ခုနစ်ရက်သားသမီးများအတွက်
# ဆရာမ ဒေါက်တာစောယုနွယ်က ဆောင်ရွက်ပေးနေပြီ

၁။ အမိအဘတွေက ကိုယ့်သားသမီးတွေကို ဆင်းစီးမြင်းရံပြီး ဘဝခရီးတစ်လျှောက် ပန်းခင်းတဲ့လမ်းကို လျှောက်လှမ်းစေချင်တာ မမွှတာပါပဲ၊ ဒါကြောင့် ကိုယ့်သားသမီးလေးတွေကို ကံဇာတာမြင့်မားစေတဲ့ ရက်တွေ၊ နေ့တွေမှာ မွေးစေချင်ကြပါတယ်၊ အဲဒီလိုကိစ္စတွေဖြစ်ခဲ့ရင် ဆရာမဒေါက်တာစောယုနွယ်ထံမှာ သင့်လျော်တဲ့ မွေးရက်ကို တွက်ချက်လိုက်ပါ။

## မွေးရက်ရွေးခြင်း

၂။ မွေးလာတဲ့ကလေးအတွက် မွေးသည့်အချိန်မှစလို့ လူမှုရေးပညာရေးတွေ ကောင်းစေဖို့ ဆောင်ရွက်ပေးပြီး မျက်နှာမြင်ချစ်ခင်စေ၊ နာမည်ကြားရုံနှင့် လူတိုင်းက ဖြူစေမယ့် နာမည်ကောင်းတွေကို ရွေးလိုက်ပါ။

## ကလေးအမည်ပေးလွှာ

၃။ မင်္ဂလာဆောင်မယ်တို့အတွက် နေ့ကောင်းနဲ့ရက်သာကိုရွေးပြီး တစ်သက်မခွဲ ရွှေလက်တွဲရမယ့်အဆောင်။

## မင်္ဂလာရက်မြတ်လက်ထပ်ရက်ရွေး

၄။ အလုပ်ကြီးအကိုင်ကြီး ဆိုင်ကြီးကန္တားကြီးတွေအတွက်

## လုပ်ငန်းအမည်ပေး

၅။ ငွေကြေးအဆင်ပြေလို့ အိုးအိမ် အသစ်ဆောက်မယ့်အခါ။

## အိမ်ဆောက်ပန္နက်တင်မင်္ဂလာ

၆။ နာမည်ကျော်ကြား လူသိများပြီး ဝင်ငွေကောင်းစေမယ့်

## အနုပညာရှင်တို့၏ အမည်ပေးလွှာ

စသည့်အကြောင်းအရာတို့ကို စနစ်တကျ တွက်ချက်ဆောင်ရွက်ပေးနေပါပြီ၊ နယ်မှ ဆောင်ရွက်လိုသူများ တယ်လီဖုန်းဖြင့် ဆက်သွယ်ခဲ့ပါလျှင် စာတိုက်၊ မော်တော်ကား စသည့်ရောက်ရှိမည့် လမ်းကြောင်းများနှင့် ပြန်လည်ပေးပို့နေပါပြီ။

ချမ်းသာကိုယ်စိတ်မြဲပါစေ • • • • •

**ဆရာမဒေါက်တာစောယုနွယ်**
အမှတ်-၂၀၅(က)၊ ဝိတောက်(၅)လမ်း၊ မြို့သစ်(ဂ)
ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၆၄၃၀၃၀


www.burmeseclassic.com

www.burmeseclassic.com

# ကြယ်စင်

## မြနန်းရှင်

ယခင်လမှအဆက်



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရမိုးကောင်းကောင်မှ

# ကြယ်ဝင်

မြနန်းရှင်

(ယခင်လမှအဆက်)

### အခန်း(၄)

ပြုံးပြုံးရွှင်ရွှင်နှင့် ရွာဦးကျောင်းမှ ပြန်ရောက်လာသော ဦးဘစိန်ကို ကြည့်ပြီး အိမ်နီးချင်းများကပါ ဝမ်းသာနေကြသည်။ ဆရာတော် ဆေးကုသပေး၍ ပျောက်ကင်းလာသည်လို့ပဲ ထင်မြင်ထားကြလေသည်။

သင်းမြ ဖိုးတူးကို အသာလက်တို့ကာ ခေါ်လိုက်တော့သည်။

"ကိုဖိုးတူး ဆရာတော်က ရှင်ချက်ချင်းကျောင်းကိုလာရမယ်တဲ့"

"ဟော ... ဟုတ်လား"

ကမန်းကတမ်း ပုဆိုးခေါင်းပေါင်းကာ သင်းမြနှင့်အတူ လိုက်ပါလာခဲ့သည်။ လမ်းလျှောက်ရင်း သင်းမြက အဖြစ်အပျက်အလုံးစုံကို ပြောလာခဲ့တော့သည်။

"ငါထင်တော့ ထင်နေတာ။ နင့်အဘ တောကပြန်လာပြီးကတည်းက မူပျက်နေတာ ဘာရယ်လို့ မမှန်းဆတတ်လို့သာ"

"ဟုတ်ပတော်။ ဆရာတော်လို ပုဂ္ဂိုလ်ထူးရှိနေလို့သာပေါ့"

"ဟိုရောက်ရင် ဆရာတော် ဘယ်လိုမိန့်မယ်မသိဘူး"

"ရှင့်ကို ကတိတွေ၊ ဘာတွေ တောင်း သစ္စာပြုခိုင်းမယ်ထင်တယ်"

သင်းမြကတော့ နဂိုကတည်းက အသောက်အစားကင်းသောယောကျ်ား အပေါ် သိပ်တော့မစိုးရိမ်မိပေ။ လင်မယားနှစ်ယောက် ကျောင်းထဲဝင်လိုက်တာနှင့် ...

"ဆရာတော်က တစ်ခါတည်း ကျောင်းပေါ်တက်ခဲ့ပါတဲ့"

ကျောင်းသားလေးက ဆီးပြီး ပြောလိုက်၍ ဆရာတော်ရှိရာ ကျက်သရေခန်းသို့လာခဲ့ကြတော့ သည်။ ဆရာတော်ကို ဝတ်ချကန်တော့ပြီးသည်နှင့် –

"အိမ်း ... ငါ့မှာလည်း နင်တို့မိသားစုအပေါ် ကယ်တင်ရဖို့ တာဝန်ဝတ္တရားရှိလို့ နင်တို့မိသားစုအတွက်ငါ ဗေဒါထဲဝင်ပြီး အလုပ်စခန်းဝင်ပေးရဦးမယ်"

"ကျေးဇူးကြီးလှပါတယ်ဘုရား"

"ကဲ ... ဒကာဖိုးတူး ရှေ့တိုး၊ အခုချိန်ကစပြီး ဒကာ ဒီပရိတ်ကြိုးကို ဝတ်ဆင်ရမှာဖြစ်တယ်။ ကျုပ်ဘက်က ချွတ်လို့ အမိန့်မလာမချင်း မချွတ်ကြရဘူး။ အသစ်လဲလှယ်ဖို့အကြောင်းရှိရင် လာလျှောက်တင်ကြကြားလော့"

"တင်ပါ့ဘုရား"

"နောက်တစ်ခုက ဒီကြိုးကို ဝတ်ဆင်ချိန်ကစပြီး ကံငါးပါးထဲက တစ်ပါးလုံမှုဖြစ်မှာ။ အဲဒါကို မင်းကတိပေးမှ ဖြစ်မယ်"

"တပည့်တော် ထိန်းနိုင်ပါတယ်ဘုရား"

"ကောင်းပြီ။ ဒီကိစ္စက ပေါ့ပေါ့တန်တန် ကတိပေးလို့မရဘူး။ ဒကာတို့အသက်နဲ့အမျှ အရေးကြီးလို့ ကတိသစ္စာပြုခိုင်းတာပါ"

"တင်ပါ့ဘုရား။ တပည့်တော် ရဲရဲကြီးသစ္စာပြုပါတယ်"

"ကဲ ... ဒါဆို ဘုရားဝတ်ပြုဆုတောင်းသစ္စာပြုပေတော့"

သည်လိုနှင့် ကိုဖိုးတူးတစ်ယောက် သူတို့မိသားစု အနာဂတ်တစ်လျှောက် အေးချမ်းဖို့ စောင့်ထိန်းရပေမည်။ မိသားစုကိုယ်စီ ပရိတ်ကြိုး အဟန့်ကြောင့်ပဲဖြစ်မည်။

ဦးဘစိန်ပင် အိပ်မက်များမမက်တော့ပေ။ အိပ်ရေးဝဝလင်လင် အိပ်စက်ရသဖြင့် ချောင်ကျနေသော မျက်နှာလေးမှာ မျက်နှာဖုံးတပ်ပြီး ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com

သကဲ့သို့ ပြည့်ပြည့်ဝဝနှင့် ကြည်လင်လို့နေသည်။

ယောဂီပုဆိုးနှင့် အင်္ကျီကို လဲလှယ်ဝတ်ဆင်ကာ ဆရာတော်အား ကတိပေးထားသည့်အတိုင်း ဥပုသ်သီလကိုသာ မြဲမြဲစွာ ဆောက်တည်လေသည်။

***

## အခန်း(၅)

လေတဖြူးဖြူးနှင့် ရွှာဦးစေတီ၏ ဆည်းလည်းသံ တချွင်ချွင်ကကျယ်လောင်စွာ မြည်နေပေသည်။

နံနက်အရုဏ်တက် ကျီးမနိုးမီ ရွှာဦးစေတီရှေ့မှာ ဆရာတော်၏အစီအမံဖြင့် အုန်း၊ ငှက်ပျော၊ ကွမ်း၊ ဆေး၊ လက်ဖက်၊ သစ်သီး၊ ဆွမ်းခဲဖွယ် စုံလင်စွာဖြင့် ဆက်ကပ်လှူဒါန်းပူဇော်လေသည်။ ညကတည်းက မိသားတစ်စု အိမ်မပြန်ဘဲ ဆရာတော်ကျောင်းမှာပင် ဝေယျာဝစ္စကူညီလုပ်ဆောင်ရင်း ကျောင်းဝင်းထဲမှာပင် အိပ်စက်ကြလေသည်။

ဆရာတော်မှ ဦးဆောင်ကာ လှူဒါန်းဖွယ်အစုစုကို ရှေ့မှာထားကာ ဆရာတော်၏နောက်မှာ သားအဖ တစ်တွေ တန်းစီထိုင်ကာ ရှိခိုးဦးချကြလေသည်။

ဆရာတော်၏ အောင်မြင်ခံ့ညားသောအသံက တည်ငြိမ်အေးဆေးစွာ ထွက်ပေါ်လာတော့သည်။

"နမောတဿ ဘဂဝတော၊ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

နမောတဿ ဘဂဝတော၊ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

နမောတဿ ဘဂဝတော၊ အရဟတော သမ္မာသမ္ဗုဒ္ဓဿ ...။

ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ အသရေတော်အနန္တ၊ အဆင်းတော်အနန္တ၊ အချင်းတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော စကြဝဠာကမ္ဘာမြေ မိုးဖြန်းဖြန်းဖြိုးမျှ တန်ခိုးတေဇော် အာနုဘော်နှင့် ပြည့်စုံတော်မူသော သုံးလောကထွတ်ထား ဗုဒ္ဓရှင်တော်မြတ်ဘုရားအား သက်တော်ထင်ရှား ရှိဘိသကဲ့သို့ ဒကာဦးဘစိန် မိသားစုမှ အမှူးပြု၍ အုန်း၊ ငှက်ပျော၊ ကွမ်း၊ ဆေး၊ လက်ဖက်စုံလင်စွာဖြင့်လည်းကောင်း၊ ဆွမ်းခဲဖွယ်ဘောဇဉ်အရသာနှင့် သောက်တော်ရေ၊ သုံးတော်ရေ၊ မျက်နှာသစ်တော်ရေများလည်း ဆက်ကပ်ပါသည် အရှင်ဘုရား။ မေတ္တာရှေ့ထား ကြွရောက်၍ အလှူခံတော်မူပါ။ ဘုဉ်းပေးသုံးဆောင်တော်မူပါအရှင်မြတ်ဘုရား။ ယနေ့ယခု ပြုလုပ်သော ကုသိုလ်ကောင်းမှုအစုစုကို အသိအမှတ်ပြုတော်မူပါ အရှင်သူမြတ်ကြီးဘုရား။

တပည့်တော်သည် ဒကာဦးဘစိန်မိသားစုကိုယ်စား လျှောက်ထားအပ်ပါသည်။ ၁၃၆၈ ခုနှစ်၊ တန်ခူးလဆန်း ---နေ့မှစ၍ ကိုးရက်တိုင်တိုင် အနန္တသုခပွဲကို ဆပ်ကပ်လှူဒါန်းပြီး ဂုဏ်တော်ပုတီး ၁၀၈ ပတ်ကို နေ့စဉ် သရဏဂုံသုံးပါးဆောက်တည်၊ ငါးပါးသီလ (သို့) ရှစ်ပါးသီလခံယူကာ ဆက်ကပ်လှူဒါန်း ပူဇော်ကျင့်ကြံပွားများ အားထုတ်ပါမည်။

ထိုအဓိဋ္ဌာန်ကုသိုလ်တို့အား ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာအမှူးထား၍ အောင်ငါးပါး ဓမ္မဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဝိဇ္ဇာ ရှစ်သောင်း ဆရာအပေါင်းတို့အသိသက်သေအရာ၌ တည်ပါစေသား။

ထွက်ရပ်ပေါက် အတွင်းစခန်း အပြင်စခန်းတို့တွင် သာသနာပြုစောင့်ရှောက်ကြကုန်သော ဗားမဲ့ဆရာတော်၊ အဘရက္ခန်းစင်ဆရာတော်၊ ရာဇကျော်ဆရာတော်၊ တပင်ရွှေထီးဆရာတော်၊ ရှင်အဇ္ဇဂေါဏဆရာတော်၊ ရှင်မထီးဆရာတော်၊ အန္တေဝါသိက ဆရာသမားအပေါင်း၊ ကမ္မဋ္ဌာနိက ဆရာသမားအပေါင်း၊ အဘ ပထမံဘိုးဘိုးအောင်၊ အဘအောင်မင်းခေါင်၊ ပထမံပေါက်ဂိုဏ်း၊ ဂိုဏ်းစဉ်အကြော် ပုဂ္ဂိုလ်မော်တို့အားလည်းကောင်း၊ ငါးဦးဆရာ ပွားများရာဝေလွှေချာန်အားဖြင့်၊ မွေ့ကြကုန်သော တပသအကျော် ဈာနမော်တို့အားလည်းကောင်း၊ မန္တ၊ ဂန္ထ၊ ဝေဒဈာန၊ လောကီရ၊ လောကုတ္တရာ ရှိကြကုန်သော အနန္တဂိုဏ်းဝင် ကျေးဇူးရှင်တို့အားလည်းကောင်း၊

ထက်မိုးစံပျော် မြတ်ဘိုးတော် သိကြားမင်းနှင့် ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ သာသနာတော်စောင့် နတ်မင်းအပေါင်းတို့အားလည်းကောင်း အသိသက်သေအရာ၌ တည်ပါစေသော်။

ဣန္ဒာ၊ သက္က၊ သူရဿတီ၊ စန္ဒီ ဟုမိဿွာ မဟာပိဿနိုး၊ တန်ခိုးထွန်းပေါ် ဂေါရဝိန်န အစရှိသော ဝိဇ္ဇာဇော်ဂျီ တပဿီတို့အားလည်းကောင်း၊

ဤကျင့်စဉ်တော်နှင့် ဆက်နွှယ်၍စောင့်ရှောက်ကြကုန်သော အဘ



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်မြတ်ဘုရားအပေါင်း။ အဘာ ရှင်ရသေ့အပေါင်း။ သိုက်ပိုင်းဆိုင်ရာ၊ ဓာတ်ပိုင်းဆိုင်ရာ၊ ပုဂ္ဂိုလ်ပိုင်းဆိုင်ရာ အပေါင်းတို့ အသိသက်သေအရာ၌ တည်ပါစေသား။

ထိုသစ္စာ မကျိုးမပေါက်ခဲ့သည်ရှိသော် ဒကာဦးဘစိန်မှ မသိနားမလည်၍ ကျူးလွန်ခဲ့သော ဘုမ္မိစည်းဝင် မြေသတ္တဝါမင်းအပေါင်းတို့ ကောင်းရာမွန်ရာ ဘုံဘဝရောက်၍ ကုသိုလ်ကောင်းမှုရပါစေသော်။

အပြစ်ကြွေးများရှိလျှင် ကြေပါစေသော်။

ဘုမ္မိစည်းဝင် ပုဂ္ဂိုလ်အပေါင်းတို့ သင်တို့ကိုယ်စားလှူဒါန်းပေးသော အနန္တသုခနဝင်းပွဲအား မေတ္တာရှေ့ထား ကြွရောက်၍ အတူတကွ ကောင်းမှုယူတော်မူလှည့်ကြပါကုန်လော့။ အမျှ ... အမျှ ... အမျှယူ၍ သာဓု ... သာဓု ... သာဓု ခေါ်ဆိုကြပါကုန်လော့''

ဆရာတော်မှ ဦးဆောင်ရွတ်ဖတ်ကာ ဦးဘစိန်မိသားစုက ရှိခိုးပူဇော်၍ အဓိဋ္ဌာန်အလုပ်စခန်းဝင်ကြလေသည်။

နံနက်မိုးမလင်းခင် အရုဏ်ချိန်ဖြစ်၍ လေနုအေး၏အအေးဓာတ်နှင့် အမှောင်ထုကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေစဉ် ...

တရှုံးရှုံး၊ တတွီတွီနှင့် မြွေတွန်သံများကြားရလေသည်။

ဆရာတော်မှ ...

''ဒကာတို့အားလုံး လုံးဝမျက်လုံး မဖွင့်ကြပါနဲ့။ ကိုယ့်စိတ်အာရုံကို မြတ်စွာဘုရားကိုသာ ညွှတ်ကိုင်းပူဇော်၍ ပုတီးစိပ်မပျက်ကြပါစေနဲ့။ သတိရှိပါစေ၊ သတိရှိကြပါစေ''

အမှန်တကယ်မှာ ...

ကြောက်ခမန်းလိလိ မြွေတို့သည် ဘုရားလာဖူးကြခြင်းဖြစ်ပေသည်။ ဝါကျင်ကျင်မီးသီးလုံးနှယ် မီးလုံးလေးများ အမှောင်ထုအတွင်း တရွေ့ရွေ့လှုပ်ရှားသွားနေပုံက ရုတ်တရက်မြင်ရပါက နာနာဘာဝတို့ သွားလာနေသကဲ့သို့ပင် ဖြစ်တော့သည်။

နံနက်အရုဏ်ဆွမ်းအတွက် အုန်းမောင်းခေါက်လေမှ ဆရာတော်က အလုပ်စခန်းသိမ်းစေတော့သည်။

''ကဲ ... ရန်သူကို မိတ်ဆွေဖွဲ့ပေးပြီးပြီနော်။ ကိုယ့်ဘက်က စည်းလုံဖို့လိုတယ်ဟေ့။ ပေါ့ပေါ့ဆဆမနေကြနဲ့။ အနန္တငါးပါးဂုဏ်နဲ့၊ ဘုရားဂုဏ်တော်ကို နှုတ်ရော၊ ကိုယ်မှာပါမပြတ်လပ်စေနဲ့။ သတ္တဝါကယ်တင်တယ် ဆိုတာ ဒီလိုကယ်တင်ရတာပဲ။ နို့မို့ မင်းတို့ထံဝင်စားတာ တကယ့်လူသားစစ်စစ်မဟုတ်ဘဲ မြွေစင်စစ်မွေးလာခဲ့ရင် အကုန်ဒုက္ခရောက်ကုန်မယ်။ ဒါကိုသိလို့ ကျုပ်က နှစ်ဖက်စလုံးအေးချမ်းဖို့ စီစဉ်ပေးရတာပဲ။ နေ့စဉ်ကတော့ ဒကာစိန် ဒီမှာအလုပ်လာလုပ်ပေးရမယ်နော်''

''တင်ပါ့ဘုရား''

''အေး ... နင်တို့လည်းပင်းမှာရှိတဲ့ ပရိတ်ကြိုးကတော့ ဘယ်အခါမှ မချွတ်ရဘူးနော်''

''တင်ပါ့ဘုရား''

''အေး ... သွားကြ၊ သွားကြ ငါလည်းဆွမ်းဘုဉ်းပေးပြီး အလုပ်စခန်းဝင်ရဦးမယ်''

သားအဖလေးဦး သေသေချာချာ ရှိသေဝပ်တွား ကန်တော့လိုက်တော့သည်။

''အိမ်း ... သာဓု ... သာဓု၊ သာဓု ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ''

* * *

**အခန်း(၆)**

''အစ်မရေ ... ဆရာတော်ရှိနေပေလို့သာနော်။ မနက်က မြွေတွေ အသံပေးတာ ကြောက်စရာ''

''ဟုတ်ပ ... ကိုယ့်ဘာသာဆို လန့်အော်မိမှာပဲ''

ညီအစ်မနှစ်ဦး မနက်စောစောကအဖြစ်ကို စားမြုံ့ပြန်နေခြင်းဖြစ်သည်။

''ဩော် ... ကုသိုလ်လုပ်ရင်း အမေ့ကိုသတိရလိုက်တာ။ ကြောက်စရာမရှိ တွေးကြောက်မိတော့ အမေ့ခမျာ ကံဆိုးရရှာတယ်''

သင်းမြကတော့ စိတ်မကောင်းကြီးစွာ အမေ့ကိုတမ်းတနေမိသည်။

''ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ။ အမေ့ရဲ့ကံကြွေး၊ ဝဋ်ကြွေးရှိလို့ဆပ်ရတယ်မှတ်။ သေနေ့စေ့ရင် ကြုံဖန်သေရတာပဲညီမရယ်။ အဲဒီလို တွေးကြည့်လိုက်နော်''

'နှင်းမြ'က သင်းမြခေါင်းလေးကို ပွတ်သပ်ရင်း နှစ်သိမ့်ရှာသည်။

''အဘကိုလည်း ဘာသာရေးအလုပ်ကို စိတ်အေးအေးဖြောင့်ဖြောင့် တန်းတန်း လုပ်ပါစေ။ လယ်နဲ့ယာကိစ္စ၊ ထင်းခုတ်တဲ့အလုပ်ကို ဖိုးတူးနဲ့ အစ်မပဲ လုပ်မယ်''

www.burmeseclassic.com

"အံမယ် ... ညီမလည်း လုပ်နိုင်ပါတယ်။ ကိုယ်နိုင်တာ ကိုယ်လုပ်မယ်လေ"

"အလိုလေး ... ရှင့်မှာ မပေါ့မပါးနဲ့ဟာ"

နှင်းမြက စိုးရိမ်တကြီး ပြောပြန်ရာ သင်းမြခမျာ တခစ်ခစ်ရယ်မောပြီး

"အမယ်လေး ... အစ်မရယ်၊ ကျုပ်က ခုမှ အိပ်မက်တယ်ပဲပြောရတာပါ။ ဘာမှမသေချာသေးပါဘူး"

"ဟဲ့ ... ဆရာတော်နှုတ်က ဖွင့်ပြောမှတော့ နင့်ကိစ္စသေချာလို့ပေါ့"

"ဟိ ...ဟိ အဲလိုဆို ရှက်တောင်ရှက်လာပြီ"

"ရှူးတူးတူးပေါတောတော လုပ်မနေနဲ့။ ဘုရား၊ တရားအလုပ် မမေ့နဲ့နော်။ ငါ့ညီမလေးက အရေးကြီးတယ်"

နှင်းမြ၏ စိုးရိမ်သံလေးကြောင့် သင်းမြပင် ကိုယ့်ဘာသာစိုးရိမ်သောကစိတ် ဝင်မိပြန်သည်။

"ဟုတ်ပါရဲ့။ တကယ်တော့ ဘယ်လိုအကောင်လေး မွေးမလဲမသိဘူးနော်"

"ရွှတ် .. ခုကတည်းက စကားပေါက်ကရမပြောပါနဲ့ဆို။ ကောင်းတာကိုပဲတွေး။ ကောင်းတာကိုပဲလုပ် ဟုတ်ပြီလား"

"ဟင်း ... ဟင်း အစ်မနဲ့ကိုဖိုးတူးက တစ်လေသံတည်းပဲနော်။ မုန့်ဆီကြော်က ဘယ်နေမှန်းမသိသေးဘဲနဲ့ ဟင်း ... ဟင်း"

"တယ် ... ဒီကောင်မလေးတော့"

နှင်းမြက ချစ်စနိုးလက်ရွယ်၍ ထုမည်ဟန်ပြင်နေစဉ် သင်းမြက နေရာမှ လှစ်ခနဲပြေးလေပြီ။

❋ ❋ ❋

## အခန်း(၇)

ရွာဦးစေတီသို့ ဦးဘစိန်အလုပ်စခန်းဝင်ဖို့လာတိုင်း နေ့စဉ် နွားနို့တစ်ပိဿာယူလာပြီး အင်တုံကို သန့်ပြန့်အောင်ဆေးကြောပြီး ဘုရားရင်ပြင်အနောက်ဘက်မှာ ချထားပေးရသည်။

"အာဟာရနဲ့ ဒါနပြုတာလည်း ကုသိုလ်ပဲ ဒကာစိန်ရဲ့"

ဟု ဆရာတော်က မိန့်ထားလေသည်။

ဘုရားဝတ်ပြုချိန် အတော်လေး အရှိန်ရလာပြီဆိုလျှင် လျှာခနဲ၊ လျှာခနဲ အသံကကြားနေရသည်။ ဆရာတော်က မျက်လုံး လုံးဝဖွင့်မကြည့်ရဟု မှာကြားသဖြင့် လုံးဝမဖွင့်ရဲပေ။

ကိုယ့်အလုပ်ကိုသာ အာရုံကို အမိအရယူကာ ပုတီးစိပ်မပျက်အောင် တချောက်ချောက်စိပ်ရတော့သည်။

အိမ်သို့ပြန်ရောက်ချိန်မှာတော့ နွားနို့လုံးဝမကြိုက်သော သင်းမြတစ်ယောက် နို့ကျို့ပြီးထည့်ထားသော ချိုင့်ကိုကိုင်ကာ အားရပါးရသောက်နေလေသည်။

ဦးဘစိန်ကတော့ သဘောပေါက်လိုက်သည်။ သင်းမြခန္ဓာကိုယ်ထဲရောက်နေသည့် သတ္တဝါက သွေးတောင်းသလိုတောင်းနေ၍ ဖြစ်ပေမည်။ သမက်ဖြစ်သူ ဖိုးတူးက သူ့ကို လှမ်းမြင်၍ ...

"အဘ ပုတီးစိပ်ပြီးလာပြီလား"

"အေးဟေ့ ... မနက်ခင်းတစ်ပိုင်းတော့ ပြီးလာပြီ။ ကျန်တာအိမ်မှာဆောင်ရွက်ရမှာ"

"အဘရော နို့သောက်ပါလား။ သက်သတ်လွတ်ဆိုပေမယ့် နို့ကတော့ သောက်ခွင့်ရှိမှာပါလေ"

"မသောက်တော့ပါဘူးကွယ်။ အိမ်ကငါ့သမီးရယ်၊ ဘုရားဖူးလာတဲ့ ပုဂ္ဂိုလ်တွေရယ်ပဲ ဝဝလင်လင်သောက်ရဖို့အရေးကြီးတယ်"

"ဟုတ်ပ အဘရယ်။ ဒီတစ်ခေါက်နို့ကတော့ ရောင်းဖို့အခွင့်မသာဘူးဗျ။ အာဟာရဒါနနဲ့ပဲ ပြီးတော့မှာ"

"ဒါလည်း ကုသိုလ်ရတာပဲ ကွယ်"

"ဟဲ့ ... နှင်းမြတစ်ယောက် ကော"

သမီးကြီးကို မမြင်တွေ့၍မေး ခြင်းပင်။

"ယာထဲမှာ ဟင်းရွက်စွတ်ဖို့ အဖော်ကောင်းလို့ပါသွားလေရဲ့"

"အေး ... ငါ့အတွက်နဲ့ သား သမီးတွေ ပင်ပန်းနေကြပြီ။ ဒီကိုးရက် ပြီးရင် အရင်ကလို လယ်နဲ့ယာအလုပ် ကူလုပ်ပေးပါ့မယ်ကွယ်"

"ဟာ ... အဘ၊ အေးအေး ဆေးဆေး ဘုရားအလုပ်လုပ်ပါ။ ကျွန် တော်တို့မောင်နှမ နိုင်ပါတယ်ဗျ"

"ဒါတော့ဒါပေါ့။ ကိုယ်နိုင်တဲ့ တော့ ထမ်းချင်သေးတာပဲ"

"ဟား ... ဟား၊ အဘ တော့ စံပဲ"

ဖိုးတူး ယောက္ခမဖြစ်သူ သဘောကျစွာ ရယ်မောရင်း စဉ် လှည်းဝင်လာသံကြား၍

ကြည့်စဉ် …

"အစ်မပြန်လာတာပါလား"

"ဒီနေ့ အစ်မပြန်လာတာ စောလိုက်တာ"

သင်းမြပါ ကမန်းကတန်းထကာ နှင်းမြသယ်ဆောင်လာသော ဖျာင်းရွက်တောင်းကို လင်မယားနှစ်ဦး ဝိုင်းကူသယ်ဆောင်ပေးလိုက်သည်။

ဦးဘစိန်ကတော့ နှင်းမြကိုလှမ်းကြည့်ရင်း …

"ဟဲ့ … နှင်းမြ၊ နေပူထဲကလာပြီး ချက်ချင်းရေအေးမသောက်ရဘူး။ အပူကြွတတ်တယ်။ လာ … ဒီမှာ အဘရေနွေးငွဲ့ထားတယ်"

သမီးကြီးပင်ပန်းလာတာမြင်၍ လှမ်းခေါ်ဂရုစိုက်ခြင်းပင် ဖြစ်ပါသည်။

ခေါင်းပေါင်းကိုချွတ်ကာ ချွေးသုတ်ရင်း …

"အဘရေ … ဒီနေ့ ယာထောင့်မှာရှိတဲ့ ငှက်ပျောတောက ငှက်ပျောခိုင်ကောင်းတာနဲ့ သွားခုတ်လာတာ။ ငှက်ပျောပင်အုံထဲမှာ မြွေအရေခွံပုံကြီးတွေ လက်တစ်ထွာလောက်မြင့်မယ်"

"အေးကွယ် … တို့မိသားစုနဲ့ မြွေကတော့ အကျိုးပေးသန့်ပုံရတယ်။ သတိဝီရိယနဲ့ သွားလာပေါ့သမီးရယ်"

"အဲသလိုပဲ သွားရတာပေါ့။ ဒါကြီးတွေကြောက်ပြီး ဘယ်မှမသွားရဲ၊ မလာရဲရင် ထမင်းငတ်ကုန်မှာအဘရဲ့"

"ဟုတ်ပါတယ်၊ သမီးတို့ တော်ပါတယ်။ ဒီနေ့ ဆရာတော်က နွားနို့ချောင်းဖို့မှာလို့ ယူသွားတော့ အင်တုံသန့်သန့်ရှာပြီး ဘုရားရင်ပြင်အနောက်ဘက်မှာ ကုသိုလ်ပြုခိုင်းတယ်။

တလူးလူး တလိမ့်လိမ့် မြေကြီးပေါ် လျှောခနဲ လျှောခနဲ လာသံကို ကြားရတယ်။ အဘလည်း ဆရာတော်မှာထားလို့ လုံးဝဖွင့်မကြည့်ရဲဘူး။ ကိုယ့်အလုပ်ကိုယ်လုပ်နေမိတယ်"

"အဘလည်း အဖော်လေးဘာလေးနဲ့ သွားရင်ကောင်းမယ်"

"စိတ်မပူစမ်းပါနဲ့ကွယ်။ လူပိုအဖော်ခေါ်မှ သူတို့က ဘုမသိဘမသိ၊ စည်းကျော်စည်းဖောက်မှ ဒုက္ခရောက်နေဦးမယ်။ ခုလို တစ်ယောက်တည်းက အေးအေးဆေးဆေး ရှိပါတယ်"

"ဟော … စကားကောင်းနေလိုက်တာ။ နေ့ ၁၁ ချက်တီးနေပြီ။ အဘဥပုသ်နဲ့မို့လား။ သမီးထမင်းခူးပေးထားမယ်။ ရေမိုးချိုးချင်ချိုးပါလား"

ဒေါ်မြထွေး မရှိတော့သော်လည်း သမီးနှစ်ယောက်နှင့်သမက်က ဂရုစိုက်ရှာပေသည်။

တောသူတောင်သားအလုပ်က နိစ္စဓူဝ တောတိုး၊ လယ်ဆင်း၊ ယာဆင်းလုပ်ရတာမို့ သံဃာ့ဝါရန်က အချိန်မရွေးဝင်လာတတ်တာကိုပဲ စိတ်ပူနေခြင်း ဖြစ်သည်။

ဆရာတော်၏ပရိတ်ကြိုးကို ဆွဲထားသည့်နေ့ကစ၍ အိပ်မက်ဆိုးလုံးဝ မမက်တော့ပေ။

တဖြည်းဖြည်းနှင့် ရန်အေးလာပြီဟု ဦးဘစိန်တွေးတောလိုက်မိပြန်သည်။

***

## အခန်း(၈)

ဘာလိုလိုနှင့် ဦးဘစိန်၏အနန္တသုခနဝင်းအဓိဋ္ဌာန် ကိုးရက်ပြီးမြောက်သောနေ့ဖြစ်၍ ဦးဘစိန် စိတ်လက်ပေါ့ပါးလာသည်။ နေ့စဉ် ၁၀၈ လုံးပုတီးကို ၁၀၈ ခေါက်စိပ်၍ ပူဇော်ပေးရတာ လွယ်သည့်ကိစ္စတော့မဟုတ်ပေ။

ဆရာတော်အား ဦးချနှုတ်ဆက်ပြီးပြန်ရာ …

"သာဓု … သာဓု … သာဓု ဒကာစိန်မိသားစု ကုသိုလ်တွေတစ်ပုံကြီးရစေတာပဲ။ အေး … ဒကာမလေးတွေ လျှော့လျှော့ပေါ့ပေါ့မနေကြဖို့ ဘုန်းကြီးမှာတယ်လို့။

ဒီမှာ ဒကာစိန် … လိုအပ်တာ စည်းမှန်သမျှ ကျုပ်စည်းခြားပေးထားတယ်နော်။ ဆရာတော်ရှိနေတာပဲဆိုပြီး ပေါ့ဆမေ့လျော့လို့ မရသေးဘူးနော်။ အေး … ဘုန်းကြီး အတန်တန် သတိပေးလိုက်တယ်နော်"

ဆရာတော် အထပ်ထပ်မှာကြားသောစကားကို နာခံရင်း ဦးဘစိန်ပြန်လာခဲ့သည်။ နေ့စဉ်အိမ်မှာလည်း ပရိတ်မေတ္တာများထုံမွမ်းရွတ်ဆိုကာနေခဲ့သည်။

ဦးဘစိန်လည်း တစ်သက်လုံး ဘုန်းကြီးကျောင်းသာ သွားနေသည်၊ ကျောင်းဝေယျာဝစ္စအလုပ်ကိုသာ ဝိုင်းဝန်းလုပ်ကိုင်နေရသည်၊ တစ်ခါဖူးမျှ ဩကာသကိုသာမနည်းပြီးဆုံးအောင် ကန်တော့ဖူးခြင်းမရှိချေ။ ပုတီးစိပ်ဖို့ဆိုတာပင် ဝေလာဝေး။

ယခုတော့ …

ကြောက်စိတ်ပါတာရော၊ သေရမည့်ဘေးမှ လွတ်ရန်လမ်းမရှိသဖြင့်သာ ကျုံးရှန်းဘုရားရှေ့ထိုင်ကာ ဘုရားရှိခိုး၊ ပုတီးစိပ်လုပ်ခဲ့ရခြင်း ဖြစ်သည်။ အဓိဋ္ဌာန်လည်းဝင်ရ၊ ဥပုသ်လည်း ကိုးရက်လုံးလုံး စောင့်ရတော့



www.burmeseclassic.com

www.burmeseclassic.com

လူကနည်းနည်း အားအင်ကုန်ခန်းချင်သလို၊ နုံးချည့်လာတော့သလို ခံစားရသည်။

အိမ်ရောက်တာနှင့် ယခင်ရက်များကလို ပုတီးစိပ်ခြင်းအလုပ်ကို မလုပ်တော့ဘဲ ပရိတ်ရွတ်ခြင်းမျှကိုပင် ဆောင်ရွက်ခဲ့ရာ အိပ်မက်ကလည်း မမက်တော့၊ မြွေသံလေသံပင် မကြားရသည်မှာကြာပြီဖြစ်၍ အတိတ်က ဆိုးဆိုးဝါးဝါး ကြုံဆုံခဲ့ရသော အကြောင်းကိစ္စကိုပင် မေ့လျော့လာတာ အမှန်ပင်။

အိမ်၏လယ်ယာ၊ စီးပွားရေးအလုပ် ပြင်ပကိစ္စများကိုတော့ သမီးကြီး နှင်းမြက ယောကျ်ားလေးသဖွယ် အားကိုးနေရသည်။

အပြင်ကြမ်းတမ်းသော လုပ်ငန်းခွင်ကိစ္စကို သင်းမြယောကျ်ား ဖိုးတူးက ဒိုင်ခံဆောင်ရွက်လေသည်။

ဦးဘစိန်မှာ နေ့စဉ်အိမ်ရေဖြည့်၊ နွားစာစဉ်း၊ နွားစာကျွေး၊ ခြံပတ်လည်သန့်ရှင်းရေးလုပ်၊ လယ်ယာထွက်၊ တောထွက်ပစ္စည်းများ ရောင်းချဖို့ပါလျှင် ပိုင်းဝန်းချည်နှောင်သိမ်းဆည်းရုံမျှပင် လုပ်ပေးရသည်။ တစ်နေ့ထက်တစ်နေ့ ရက်မှလသို့ ကူးပြောင်းလာခင်း သင်းမြ၏ကိုယ်ဝန်သည်လည်း ထင်ထင်ရှားရှား ပေါ်လွင်လာပြီမို့ ...

အိမ်၏ ချက်ရေးပြုတ်ရေး ပေါ့ပါးသောအလုပ်ကိုသာ ပိုင်းဝန်းလုပ်ကိုင်စေတော့သည်။

အစ်မကြီး အမိအရာမို့ နှင်းမြကတော့ ညီမငယ်ကို အတော်ပင်ဂရုစိုက်စောင့်ရှောက်ရှာလေသည်။

သင်းမြမို့ ချင်ခြင်းတပ်စားချင်တာမှန်သမျှ ငွေကုန်ကြေးကျခံကာ ဝယ်ယူကျွေးမွေးတတ်လေသည်။

"အစ်မ ... ရန်ကုန်မြို့ကထွက်တဲ့ ကိတ်မုန့်စားချင်တယ်အစ်မရယ်"

ဟုတ်တော့လည်း ဟုတ်ပါသည်။ နယ်မှာက ကိတ်မုန့်ဆိုတာ ဆန်နှင့်ရောဖုတ်ထား၍ ကြမ်းတမ်းပေရာ၊ တစ်ဖက်ရွာမှ မြို့တက်သူကို ရအောင်စုံစမ်းကာ ကိတ်မုန့်ကို မှာကျွေးရှာသည်။

"သင်းမြရေ ... ဟော့ ညီမလေး၊ ဒီမှာ ကိတ်မုန့်ဟ။ မြို့ကပြန်လာတဲ့လူကပြောတယ်။ ကိတ်မုန့်ဆိုတာ ကော်ဖီရည်နဲ့မှလိုက်ဖက်တာတဲ့။ အဲဒါ ကော်ဖီမှုန့်ပါ၊ သကြားနို့ဆီပါ ဝယ်လာပေးတယ်ဟော့"

"ဟား ... စားမယ်အစ်မ၊ မြန်မြန်"

သင်းမြတို့များ ကိုယ်ဝန်လေး တစ်ခါဆောင်တာ ဘေးလူဘယ်သူမှ မနေရ။ သင်းမြယောကျ်ား ဖိုးတူးထက် အစ်မနှင်းမြက သည်းသည်းလှုပ်။ သင်းမြမို့ တစ်ခုခုပူဆာလျှင် ရှာမှာရှာမရလို့က ဟိုလူလာပါ၊ ဒီလူလာပါခေါ်ယူကာ ရအောင်ရှာပေးရတာ အမော။ ညနေ ကောက်လှိုင်းစည်းရာက ပြန်လာပြီဆိုတာနှင့် ...

"ညီမလေး နေကောင်းလား" ဆိုပြီး နဖူးလေးစမ်းလိုက်၊ လက်ကလေးကိုင်လိုက် ဂရုတစိုက်မေးမြန်းတတ်သည်။ မွေးများမွေးလို့ကတော့ ဘယ်မျှချစ်ရှာမည်နည်း။ ရွာနီးချုပ်စပ် ဘေးပတ်ဝန်းကျင်ရှိ ရွာသူရွာသားများကပင် ...

"ဟဲ့ ... သင်းမြ၊ နင့်ယောကျ်ားထက် နင့်အစ်မက ပိုသည်းနေသလို..."

"ဟုတ်ပါ့၊ သူ့ညီမမျက်နှာ... တစ်ချိန်လုံးကြည့်ပြီး မေးနေတ...များ"

"အံမယ် ... ဒါက ဘာဟု...သေးလဲ၊ လက်သည်ဒေါ်မြိုင်က ...နေပါရော့လား။ သင်းမြကို ဗိုက်...ပေးရင် အနားကနေ ပျာယာခတ်...ပုံများ ဖိုးတူးက စိတ်မပူရဘူး၊ ...နေတာ ... ဖြစ်နေတာ"

ဟူ၍ တစ်မျိုး ...

"နှင်းမြ သည်းသည်းလှုပ်...တော့ ဖိုးတူးနောက်ဆုတ်နေရတ...ပေါ့။ သင်းမြတို့ ဒီလိုအစ်မမျိုးရှိတ...ကံကောင်းပါတယ်အေ"

လူတိုင်းက ဝိုင်းဝန်းပြော...သဖြင့် သင်းမြ အစ်မအပေါ် အတော်...ကို လေးစားအားနာနေရသည်။

ဘာလိုလိုနှင့် ကိုယ်ဝန်က ...လကျော် ရှစ်လသို့ တိုင်လာခဲ့...

ထိုင်ရ ထရ လေးလံလာသည်... အစ်မဖြစ်သူခမျာ ယောကျ်ားများနည်...တူ ယာအလုပ်ကိုလည်းလုပ်ရပေသည်...

နေပူစပ်ခါးလည်းလုပ်ရ၊ မိုး...လည်း ထွက်ရနှင့် မိန်းမသားဆိုတော...ပြန်လာတာနှင့် တစ်နေကုန် ပင်ပ...လာသမျှ ခန္ဓာကိုယ်ကိုက်ခဲနာကျင်...ဝေဒနာကို ခံစားနေရရှာသည်။

အိမ်ရောက်တာနှင့် ရေမိုး...သန့်စင်ပြီးတာနှင့် ဆေးသောက်အိပ်...သည်။ နံနက် သူများမထခင် အိပ်...မှထကာ လုပ်ငန်းခွင်ဝင်ရန် ချက်ပြု...ရသည်။

ညီမငယ်သင်းမြ မပေါ်...သည့်အသိနှင့် အိမ်မှုကိစ္စများ ...

www.burmeseclassic.com

www.burmeseclassic.com

တျုံးလုပ်ကိုင်ခဲ့ရသည်။

အစ်မဖြစ်သူ အိပ်ရာအနီးတွင် သင်းမြတိုင်ရင်း ခြင်ထောင်အပြင်မှ –

"အစ်မ ... အစ်မ"

"အင်း ... ဘာလဲညီမလေး ဗိုက်နာနေပြီလား"

"မဟုတ်ပါဘူး။ အစ်မကြည့် ရတာ နေမကောင်းရဲ့လားလို့"

"အေးဟယ် ... ခြေဆစ်လက် ဆစ်တွေက နာနေတယ်။ ကျောတွေ ရင်တွေလည်း နာနေတယ်ဟာ"

"အစ်မ ဆေးလိမ်းပါလား။ သင်းမြ ဆေးမြစ်သွေးခဲ့မယ်"

"ကောင်းသားပဲဟယ်"

"ပရုပ်မြစ်၊ ထင်းရှူးမြစ်၊ နလင် ကျော်မြစ်တွေစုပြီး သွေးခဲ့မယ်"

"ကောင်းတော့ ကောင်းပါရဲ့။ ဒါပေမယ့် ငါ့ညီမလေး ပင်ပန်းနေ တော့မယ်"

"အမလေး .. အစ်မက အများ ကြီး ပင်ပန်းနေတာပါ။ ဒီလောက်က ညီမလေး သွေးနိုင်ပါတယ်။ မမ အိပ် ရာပေါ်က စောင့်နေ"

"အေး ... အေး"

သင်းမြ ထသွားတော့မှ ဆေး လိမ်းခံရန် အကျီများချွတ်ကာ ထဘီ ရင်လျားပြီး စောင်လုံအောင်ခြုံကာ စောင့်နေလိုက်သည်။

မကြာမီ ... သင်းမြ ဆေး ချက်လေးကိုင်ကာ ရောက်လာပြီး ...

"အစ်မ လာ ... ဆေးလိမ်း အောင်"

"အင်း ... တော်တော်လေး နေရလို့သာ လိမ်းခိုင်းရတယ်။ နာစရာ"

"အစ်မကလည်း သူ့စိမ်းကျ နေတာပဲ"

"ညီမလေးက မပေါ့မပါးနဲ့ဖို့ပါ"

"ဒီသဘာဝက အိမ်ထောင် သည်တိုင်း ကြုံကြရတာပဲ။ အခွင့် အရေး ပိုမယူပါရစေနဲ့ အစ်မရယ်"

ညီအစ်မနှစ်ယောက် စကား တပြောပြောနှင့် ဆေးလိမ်းခံယူလိုက် သည်။

"အခုမှပဲ အကြောအခြင်တွေ လျော့သွားတော့တယ်"

"တော်ရုံအလုပ်ကို ကိုဖိုးထူးကို ခိုင်းပါ အစ်မရယ်။ အစ်မ မနိုင်မနင်း မလုပ်ပါနဲ့"

"သူလည်း နားရတယ်မှမရှိဘဲ။ ယာခင်း အသီးအကင်းချူးတာကျတော့ ယောကျ်ားနဲ့မိန်းမ မတူကြဘူးလေ"

"ဒါတော့ဒါပေါ့။ ကဲ ... အစ်မ ဆေးကလိမ်းရင်းနဲ့ ခြောက်သွားပြီ။ အဝတ်ပြန်ဝတ်ပြီး စောင်ခြုံအိပ်ပေ တော့"

"အေးပါအေ ... ညီမလေး မနက်ဖြန် လက်သည်ဒေါ်ညိုလာမှာ နော်။ ဗိုက်ပြင်ဖို့ဆို။ ကလေးကော အနေအထားကောင်းရဲ့လား"

"ကောင်းပါတယ် အစ်မ။ နွားနို့ ချည်းပဲ သောက်ပြီးရင်းသောက်နေရ လို့ မွေးလာတဲ့ကလေးက ထွားမှာ ကျိန်းသေတယ်"

"လူပြည်မရောက်ခင်ကတည်း က စားကောင်းသောက်ဖွယ် စားသုံး ခွင့်ရတာ နည်းတဲ့ကုသိုလ်ကံလား ကွယ်။ ညည်းမွေးရင် ယောကျ်ားလေး မွေးမှာ သေချာတယ်"

"အစ်မပြောတဲ့အတိုင်း မွေးလာ ရင်တော့ ကံကောင်းတာပါပဲ။ ရှင်ပြု ခွင့်ရတာပေါ့"

သင်းမြ အစ်မဖြစ်သူကို ခြင် ထောင်ချပေးပြီးမှ ထွက်လာခဲ့တော့ သည်။ အစ်မအခန်းမှအထွက်တွင် တစ်စုံတစ်ခုနှင့် တိုက်ပြီး ချော်လဲကျ မလိုပင် ဖြစ်သွားရသဖြင့် အစ်မနီးမည် စိုး၍ အသံတိတ် ခြေနာတာကိုပင် ကျိတ်မှိတ်ခံကာ ထွက်လာခြင်းဖြစ်ပေ သည်။

❋❋❋

## အခန်း(၉)

နေ့စဉ်နေ့တိုင်း တောအလုပ်၊ ယာအလုပ်ကို နေမပူခင်ပြီးအောင်လုပ် ရန် သွားလာတတ်မြဲမို့ မည်သူမှလည်း နှင်းမြကို ထကြည့်မနေတော့ပေ။

အကိုက်အခဲပျောက် သက်သာ ပြီမို့ ဒီကနေ့ သွားရလာရ ပေါ့ပါးသွက် လက်နေသည်။

ချူးဆွတ်ပြီးသော ရွှေဖရုံသီး၊ ပဲသီးများကို အိမ်သို့မသယ်တော့ဘဲ တစ်ခါတည်း ဟိုဘက်ရွာကို သွားပို့ လိုက်တော့မည်။ မွေးလာမည့်ကလေး ရဲ့ ကုသိုလ်ကံပါပဲ။

လယ်ကလည်း စပါးထွက်တိုး၊ ယာကလည်း စိုက်သမျှအောင်။ ဈေး ကောင်းရနှင့် အဆင်ပြေလှပေသည်။

စိတ်ကူးနှင့် အတွေးမှာ ပျော်နေ ၍ နှင်းမြအလုပ်ထဲတွင် ကောင်း ကောင်း စိတ်ဝင်စားနေသည်။ ရုတ် ခြည်းမြင်လိုက်ရသော မြင်ကွင်း ကြောင့် နှင်းမြ ကြက်သေသေကာ ကျောက်ရုပ်ပမာ ဖြစ်သွားရတော့ သည်။ တော်တော်နှင့် စကားသံထွက်



www.burmeseclassic.com

www.burmeseclassic.com

မလာ။ 'နှင်းမြ' ဆရာတော်မှာသော စကားသံတို့ကို နားမှာ ပြန်ကြားရင်း နှောင်တရမိလေတော့သည်။

"နှင်တို့ ပေါ့ပေါ့ဆဆမနေကြနဲ့။ သတိရှိရှိနေ။ လည်ပင်းက ပရိတ်ကြိုးကို ဘာကြောင့်နဲ့မှ မဖြုတ်ပစ်နဲ့"

ဒုက္ခတော့ လုံးလုံးရောက်ချေပြီ။

ခြေလှုပ်၊ လက်လှုပ်ဖို့ပင် မဝံ့ရဲတော့။ ရှေ့တစ်ကောင်၊ နောက်တစ်ကောင် သူ့ကို ဝန်းရံထားသည်။

ညက ဆေးလိမ်းစဉ် ဆေးဖပမည်စိုး၍ ခဏဆိုပြီး ပရိတ်ကြိုးကို ချွတ်ထားမိတာ ပြန်မဝတ်ဆင်မိ။

ပြီး ... ဘုရားရှိခိုး၊ ဝတ်တက်ခြင်းကို အဘလုပ်နေတာပဲဆိုပြီး ကိုယ်တိုင် မလုပ်ဖြစ်ခဲ့ပေ။

ဆိုခဲ့တဲ့သစ္စာ၊ ပေးခဲ့သည့် ကတိပျက်လေတော့ ရန်ပြုချင်သူ ကလဲ့စားချေချင်သူတို့က အလစ်အငိုက်ချိန်မှာ ဝင်ရောက်တိုက်ခိုက်လေပြီ။

သူ ပြေးထွက်ရန် ကြံစည်ရုံမျှရှိသေးသည်။ တစ်ကောင်ပြီးတစ်ကောင် ရောက်လာလိုက်တာ။ ကြက်သီးမွေးညင်းများထောင်ထကာ ခံစားနေရသည်။

ကြောက်ရွံ့တုန်လှုပ်ရသဖြင့် ဆီးပေါ့ပင် ထွက်ကျလာကုန်ပြီ။

အကြောက်လွန် သတိလစ်လဲကျသွားသဖြင့် အကူအညီတောင်းရန် အနီးအနားမှာ လူပင်ရှိမနေ။ နှင်းမြပတ်ဝန်းကျင် ကမ္ဘာလောက တစ်ခုလုံး ချာချာလည် မှောင်အတိကျသွားပါတော့သည်။

လည်မျိုမှာ ပြင်းထန်သော စူးရှဝေဒနာကြောင့် ထိုသတ္တဝါတို့ အနိုင်ယူမှုကို ဇကောင်းကောင်းခံစားသိရှိလိုက်ပါတော့သည်။

ရွာထဲသို့ ပုခက်စင်ပြင်ကာ ကသုတ်ကရုတ် ဝင်လာကြသူများက

"ဦးဘစိန်သမီး နှင်းမြ ပိုးကိုက်လို့ဗျို့"

ထိုအသံကို ကြားရသူတို့က နောက်က လိုက်လာကြသည်။

"ဟဲ့ ... သူ့အမေ ပိုးကိုက်သေတာ တစ်နှစ်ပင် မပြည့်သေးဘူး"

"အေးဟယ် နှင်းမြတို့မိသားစုဘာများဖြစ်နေကြပါလိမ့်"

တစ်ယောက်တစ်မျိုး ဝေဖန်ကြရင်း အိမ်ရှေ့သို့ ရောက်လာကြသည်။

အိမ်ရှေ့မှ ဆူညံသံကြား၍ ဦးဘစိန် ထွက်ကြည့်ရာ ...

"ဟင်"

မြင်ကွင်းက မလှပချေ။

"ဟဲ့ ... ဘယ်သူတုံး"

"နှင်းမြ ပိုးကိုက်ခံရတာဗျ"

"ဟော ..."

ဦးဘစိန်ခမျာ မတ်တတ်က ဗုန်းဗုန်းလဲမကျအောင် စိတ်တင်းထားရလေပြီ။ သင်းမြထွက်ကြည့်ရာ ပုခက်တွင်းမှ အစ်မဖြစ်သူလည်ပင်းတွင် တွေ့ရသော သွေးစိမ်းရှင်ရှင် ဒဏ်ရာကြောင့် အဖြေကို တန်းသိသွားရပါပြီ။

"အစ်မ ... အစ်မ၊ ဆေးရုံမပို့ကြတော့ဘူးလား။ ဆေးရုံပို့မယ်လေ"

"ကျုပ်တို့ ပို့မလို့ပဲဗျ။ ဆေးမှူးဆရာဝင္ဝေ စမ်းသပ်ပြီးပြီ။ ဆေးမမီတော့ဘူးလေ"

ဇက်ကျိုးနေပြီ။ မြွေက လည်ပင်းကို ကိုက်တာဆိုတော့ ဦးနှောက်ထဲနဲ့ အဆုတ်၊ နှလုံးထဲကို မိနစ်မဆိုင်းမြွေဆိပ်တို့ ပျံ့နှံ့စေတော့သည်။

"အီး .. ဟီး .. အီး .. ဟီး"

သင်းမြက အားရပါးရ ရှိုက်ကြီးတငင် အော်၍ငိုလိုက်တော့သည်။

သင်းမြ ငိုရှိုက်ရင်းမှ အစ်မဖြစ်သူ၏လည်ပင်းမှ ပရိတ်ကြိုးကို ကြည့်ရာ ဝတ်ဆင်ထားတာမရှိ။

နှင်းမြကို မနေ့က ဆေးလိမ်းပေးရန်ပြုခဲ့သော အိပ်ရာဘေးသို့ ကမန်းကတန်း ကြည့်လိုက်စဉ် ဆရာတော်ချီးမြှင့်သော ပရိတ်ကြိုးလေးက အရှင်သခင်ကို မျှော်နေပုံပင်။

"ဟုတ်ပါပြီ အဘ ... အဘဒီမှာကြည့်ပါဦး"

နှင်းမြချွတ်ထားသော ပရိတ်ကြိုးလေးကိုင်ကာ သင်းမြ ပြလိုက်သည်။

"တောက်"

ကျယ်လောင်ပြင်းပြသော တောက်ခေါက်သံက မကျေနပ်စိတ်၏ အရှိန်အဟုန်ကို သိသာစေသည်။ ဖိုးတူး အပြေးအလွှားပြန်ရောက်လာပြီး လူအုပ်ကြားထဲမှ တိုးကာ လှမ်းကြည့်

"ဘယ်သူလဲ .. ဘယ်သူလဲ"

စိုးရိမ်တကြီး ဟိုသည်ကြည့်ကာ အကဲခတ်နေသည်။

"မင်းမရီး နှင်းမြလေ"

"ဗျာ"

အစစအရာရာ မိခင်သဖွယ် အားကိုးရသော အစ်မဖြစ်၍ အထော် လေး တုန်လှုပ်ခြောက်ခြားသွားရသည်။

ဖိုးတူး သူ့လည်ပင်းရှိရာ ယောင်ယမ်းစမ်းသပ်ရာ သူ့လည်ပင်းတွင် ပရိတ်ကြိုးရှိနေသေးသည်။ ပေမယ့် ငိုရှိုက်နေသော သင်းမြ ထဲမှာလည်း ပရိတ်ကြိုးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com

ဒါဆို အစ်မနှင်းမြ စည်းပေါက် သွားပြီ။ ကျိန်စာမိလာသကဲ့သို့ ဆက်တိုက်ဖြစ်ပေါ်လာသော သူတို့မိသားစု။

အဖြစ်က တွေးရင်းပင် ကြောက်လာရသည်။

"ကဲ ... ကဲ ထုံးစံအတိုင်း အလောင်းစင်ပြင်ကြ။ ခေါင်းရိုက်သူ ရိုက်ထားနှင့်ကြ။ ငါ ရွာဦးကျောင်း သွားဦးမယ်"

ဦးဘစိန် ရွာဦးကျောင်းသွားမည် ဆို၍ သင်းမြ ကမန်းကတန်းပင် ဖိတ်ကြိုးကမ်းပေးလိုက်တော့သည်။

လေးတွဲ့သော ခြေလှမ်းတို့ဖြင့် ဦးဘစိန် ရွာဦးကျောင်းဆရာတော်ထံ ရောက်လာတော့သည်။

ခေါင်းငိုက်စိုက်ဖြင့် ဝင်လာသော ဦးဘစိန်ကို ဆရာတော် ကျောင်းပေါ်မှ စီး၍မြင်နေရသည်။

ဆရာတော်ကို မြင်တာနှင့် ခြေ အစုံကို ဦးတိုက်ကာ မျက်ရည်တွေ တွေ ကျလို့နေတော့သည်။

"ဟဲ့ ... ဒကာစိန်၊ ဘယ်သူ မြ မိမိမှုဆိုတာ နင်သိတယ်မို့လား"

"တင်ပါ့"

"အိမ်း ... အခု နင်တို့မှာ အပြစ်ရှိလား၊ မရှိလား"

"ရှိပါတယ်ဘုရား"

"အပြစ်ရှိရင် အပြစ်ဒဏ်ခံရ မယ် မဟုတ်လား"

"မှန်ပါ့ဘုရား"

"အေး ... နင်ပြုခဲ့တဲ့အပြစ်က ဆရာရှိသမျှ ဆပ်၍မကုန်နိုင်အောင် ကြီးကြီးလှပေတယ်"

"မှန်ပါ့ဘုရား"

"ငါ့ကို ကတိကဝတ်ပေးခဲ့တာ ဘယ်သူတွေလဲ"

"တပည့်တော်တို့ပါ ဘုရား"

"နင်တို့ စည်းကမ်းဖောက်ဖျက်တာ အပြစ်ရှိလား၊ မရှိလား"

"ရှိပါတယ်ဘုရား"

"ရှိရင် ဘာလုပ်ရမလဲ"

"အပြစ်ပေးခံရပါမယ်"

"သိတယ်နော် .... လှည့်စမ်း ဟိုဘက်"

မကြီးမငယ် အိုကြီးအိုမကျခါမှ ဦးဘစိန် ဆရာတော်၏တောင်ဝှေးဖြင့် အဆုံးအမခံယူရတော့သည်။

"ဖုန်း"

"မှတ်ပြီလား"

"မှတ်ပါပြီဘုရား"

"ဖုန်း"

"မှတ်ပြီလား"

"မှတ်ပါပြီဘုရား"

"ဖုန်း"

"မှတ်ပြီလား"

"မှတ်ပါပြီဘုရား"

ကျက်သရေခန်းထဲမှ အဖြစ် အပျက်ကို ကျောင်းသို့လာသော ညည်း သည်များရော ဘုန်းကြီးကျောင်းသား များပင် အံ့သြနေရလေသည်။

ဘာကြောင့်မှန်တော့ မသိကြ။

"ဟဲ့ ... ဒကာ နင်တို့ကို ငါ အတန်တန် မမှာခဲ့ဘူးလား၊ ပေါ့ပေါ့ ဆဆ မနေရဘူးလို့"

"မှာပါတယ် ဘုရား"

"စည်းပေါက်ရင် ဘာလုပ်ရ မလဲ"

"စည်းပြန်ကာရပါမယ် ဘုရား"

"အေး ... ရက်လည်ဆွမ်း သွတ်ပြီး နောက်နေ့ နင်တို့သားဖသုံး ဦး ပြန်လာခဲ့ကြ"

"တင်ပါ့ဘုရား"

"သွား ... သွား အိမ်မှာရှိတဲ့ လူတွေ သတိနဲ့နေကြဦး"

"တင်ပါ့ဘုရား"

"တယ်ခက်တဲ့ ကောင်တွေပဲ။ လောကမှာ မြင်အပ်၊ မမြင်အပ်တဲ့ အရာတွေကို မထီမဲ့မြင်ပြုရင် ကုရာ နတ္ထိ ဆေးမရှိဘူးကွဲ့။ လူ့သက်တမ်း စေ့နေချင်ရင် ကတိကဝတ်ပြုထားရင် အသိနဲ့နေ။ သတိနဲ့နေရတယ်ကွဲ့။ နင် တို့ပေါ့လျော့တော့ ဘုန်းကြီးလည်း ကြားက ကတိမတည်ရာ ရောက်တာ ပေါ့။ ခုတော့ အစက ပြန်စရတော့ အချိန်ကုန် ပင်ပန်းလှတယ်ကွယ်"

"ခွင့်လွှတ်တော်မူပါ ဘုရား"

"ဖြစ်ပြီးမှတော့ ဒီစကားပဲ နင် တို့ပြောတတ်မှာပေါ့။ အေး ... အိမ် ရောက်ရင် ငါပေးလိုက်တဲ့ ရေမန်းကို နင်တို့သုံးယောက် သေသေချာချာ သောက်ရမယ် ကြားလား"

"နာခံပါ့မယ်ဘုရား"

"ကဲ ... ကဲ ... ပြန်ပေတော့။ အချိန်က တန်ဖိုးရှိလှသကွဲ့"

ဦးဘစိန် ဆရာတော်အား ရှိ သေစွာကန်တော့ပြီး အိမ်သို့ပြန်လာခဲ့ တော့သည်။

***

## အခန်း(၁၀)

"အဘ နေကောင်းတယ်နော်"

တစ်ယောက်တည်း စကားတစ် လုံးမျှမပြောဘဲ ဆေးပေါ့လိပ်ကြီး ထိုင် ဖွာလို့ ငူငူကြီးထိုင်နေသော ဦးဘစိန် ကို သမက်ဖိုးတူးက သတိထားကာ မေးလိုက်သည်။

"ငါ အသုံးမကျလို့ ဖြစ်ကြရတာ ပါကွာ။ အဲ့ဒီတုန်းက ငါသာ အသေ



www.burmeseclassic.com

www.burmeseclassic.com

ခံလိုက်ရင် ခုလို မြထွေးနဲ့ နှင်းမြ သေရမှာ မဟုတ်ဘူး''

"ဒီလိုတော့ အစွဲအလမ်းမထားပါနဲ့ အဘရယ်။ သူ့ကံအကြောင်းနဲ့ သူ လာကြတာပါလေ''

နှင်းမြ အနားရောက်လာပြီး–

"အဘ ဒါ ရှောက်သီးနဲ့ပျားရည် ဖျော်ထားတယ်။ သည်းခြေဆေးလေးနဲ့ သောက်လိုက်ဦး''

"အေး ... ထားခဲ့ ထားခဲ့''

နောက်မှ သတိရကာ ...

"ဟဲ့သမီး ဆရာတော်ပေးတဲ့ ဆေးမန်း သောက်ကြရဲ့လား''

"သောက်လိုက်ပြီ အဘ''

"အေးဟေ့ ... ခုချိန်ကစပြီး သွားသတိ၊ လာသတိ ရှိကြပါကွယ်''

"အဘလည်း မှိုင်တွေမနေပါနဲ့။ အဘမှိုင်နေရင် သမီးတို့က ပိုအားငယ်တယ် အဘရဲ့''

သည်လိုနှင့် အသုဘမချမီ ညဘက် လူစောင့်အဖြစ် အားလုံး အိမ်ပေါ်မှာ ဝိုင်းဖွဲ့နေစဉ် ....

ဦးဘစိန်တစ်ယောက် သမီး၏ ခေါင်းတလားကို ဖွင့်ကြည့်လိုက်ရာ–

နှင်းမြအတွက် ထည့်ထားသော ငှက်ပျောတုံးနေရာမှာ မြွေတစ်ကောင် ဖြစ်လို့နေသည်။

ဦးဘစိန် ထိုမြွေကိုစိုက် ကြည့်ပြီး မေ့တ္တာပို့သကာ ...

"ဘာဖြစ်လို့ ငါတို့ကို ဒုက္ခပေးချင်ရတာလဲကွယ်။ ဝဋ်ကြွေးရှိရင် ဒီမျှနဲ့ပဲ ကျေပါတော့။ မင်းတို့ဒီလိုလုပ်တော့ မင်းတို့လောကကနေ လူ့ဘဝကိုရောက်လာမယ့် ကလေးကို ဘယ်လို ကျွဲညီစောင့်ရှောက်နိုင်မှာလဲ။ သေသေချာချာ စဉ်းစားကြဦး။ လူတွေကို လန့်အောင်လည်း မလုပ်ပါနဲ့၊ ဒုက္ခ မပေးပါနဲ့ကွာ''

မြွေကြီးကတော့ နားလည်၊ မလည်မသိ။ ဦးဘစိန် စကားပြောပြီး ခေါင်းတလား ပြန်အုပ်လိုက်သည်။

နောက်တစ်နေ့ အသုဘချ ရန် ကြေးစည်ထု အလောင်းခေါင်းတလား အသေပိတ်ရန် အဖုံးကို မလိုက်စဉ်

"မြွေ ... မြွေကြီး''

အားလုံး ပရိသတ်တွေ ရုတ်ရုတ်သဲသဲဖြစ်သွားရကာ ခေါင်းတလားအနား မကပ်ရဲကြချေ။

ထိုသတင်းသည် ပျံ့နှံ့ကာ တစ်မဟုတ်ချင်း ရွာဦးကျောင်း ဆရာတော် 'နား'သို့ ရောက်ရှိသွားလေတော့သည်။ ဆရာတော်သည် ထိုသတင်းကြားသည်နှင့် တောင်ဝှေးတဒေါက်ဒေါက်နှင့် အသုဘရပ်ကလာပ်ရှိရာသို့ ရောက်လာပြီး ...

"ဆရာတော် လက်ဖြင့် ဆေးမှုန့်အချို့ တောက်လိုက်ပြီး ...

"သုသာန်အထိ သူလိုက်မှာပဲ။ ဟိုမှာ သရဏဂုံတင်ရင် ခေါင်းဖွင့်ထားလိုက်။ သူ့တရားနာပြီး ထွက်သွားလိမ့်မယ်။ မင်းတို့ကို ရန်မပြုစေရဘူး။ စိတ်ချ''

နှင်းမြ အသုဘ အဖြစ်အပျက်ကတော့ ရွာမှာတင်မက ရွာနီးချုပ်စပ်အထိ သတင်းပျံ့နှံ့ကာ အပြေးအလွှားစက်ဘီး၊ လှည်းတို့နှင့် လာကြည့်ကြတော့သည်။ အမျိုးမျိုးလည်း ဝေဖန်ပြောဆိုလို့နေကြသည်။

ရွာသုသာန်မှာ သရဏဂုံတင်ကြသောအခါ မြွေကြီးက ခေါင်းထဲကနေ တရားနာနေဟန်ပြုသည်။

ရေစက်ချ အမျှဝေပြီးမှ ခေါင်းထဲမှထွက်ကာ လျှောခနဲ တောထဲသို့ ဝင်သွားလေတော့သည်။

အိမ်ရောက်တော့မှ သင်းမြတ ပင် စတင်ကာ ...

"အဘ အစ်မသေပြီး မြွေများ ဖြစ်သွားလားမသိဘူး''

"ဟဲ့ ပေါက်ကရ မပြောစမ်းနဲ့''

"အဘ မယုံရင် ဆရာတော်ကြ လာရင် မေးလျှောက်ကြည့်တာပေါ့''

အသုဘရက်လည်မှာတော့ ပရိ သတ်က လူစိမ်းမပါ၊ ကိုယ့်ရွာသား ချည်းပဲဖြစ်၍ ကျောင်းထိုင်ဆရာတော် ကို သင်းမြက မေးလျှောက်လေသည်။

"အရှင်ဘုရား ... တပည့်တော် တစ်ခုလျှောက်တင်ပါရစေ ဘုရား အသုဘနေ့က တပည့်တော်အစ်မရဲ့ ခေါင်းထဲမှာ ဝင်နေတဲ့မြွေက အစ်မ များလားဘုရား''

"အိမ်း ... နှင်းမြရဲ့အမေ မြ ထွေးဖြစ်ပေတယ်။ ဒါကြောင့် သူတ ရန်မမူတာလေ။ အေးလေ ... ဒီလို ဘဝမျိုးရောက်ကြရတယ်ဆိုတာ ဒါန သီလလောက်နဲ့ ရောင့်ရဲခဲ့ပြီး ဘာဝနာ ကုသိုလ်နည်းခဲ့ကြတာကိုး။ ကြုံတုန်း ဘုန်းကြီး တရားသဘောလေးပြောပြ မယ်''

လူတွေ၊ သတ္တဝါတွေမှာ ကံ အဟုန်တွေ အများကြီး ရှိကြတယ်။

စုတေခါနီး (သေခါနီး)ကို ပြော တာ။ အဲ့ဒီအချိန်မှာ အကျိုးပေးမယ့် ကံအစွမ်းကြောင့် ကံ၊ ကမ္မနိမိတ် ဂတိနိမိတ်သုံးပါးထဲက တစ်ပါးပါး ထင်မြင်လာတော့တယ်။ 'ကံ'ဆို တာ သေခါနီး တခြားဘဝမှာ ဖြစ်ပေါ်လာ မယ့် ပဋိသန္ဓေအကျိုးပေးဖို့ ကိုယ်ပြု ခဲ့ဖူးတဲ့ ကောင်းမှုကံ၊ မကောင်းမှုကံ



www.burmeseclassic.com

www.burmeseclassic.com

တစ်ပါးပါး ရှေးရှုထင်ပေါ်လာတဲ့ ကံအာရုံဖြစ်တယ်။

ကမ္မနိမိတ်ဆိုတာ ကုသိုလ်ကောင်းမှုပြုစဉ်က တွေ့ကြုံခဲ့သမျှ ဘုရားကျောင်းကန်၊ ဆွမ်း၊ သင်္ကန်း ဥပုသ်သီလ ဆောက်တည်ခဲ့တဲ့ အာရုံများ ထင်လာတာ။ အကုသိုလ် ကမ္မနိမိတ်က သားငါး ပိုက်ကွန်လက်နက်တွေနဲ့ သတ်ပုတ်ထိုးခုတ် ကျူးလွန်ခဲ့စဉ်က ထင်မြင်တဲ့ အာရုံနိမိတ်ဖြစ်တယ်။

ဂတိနိမိတ်ကတော့ ...

သေပြီးနောက် လားရာဘဝမှာ တွေ့ကြုံခံစားရသည့် သုဂတိဘုံကို ရောက်ရင် နတ်ဘုံ၊ နတ်နန်း ကောင်းတဲ့ စားဖွယ်၊ အဝတ်အစားတွေ သုံးဆောင်နေထိုင်ရမယ်။

ဒုဂ္ဂတိဘုံဆို ငရဲဘုံ၊ ပြိတ္တာ အသူရကာယ်၊ တိရစ္ဆာန်ဘုံတွေ ထင်လာတဲ့ အာရုံဟူသမျှ ဂတိနိမိတ်ဖြစ်ပေတယ်။

ရဟန္တာမှအပ ကျန်သတ္တဝါတွေဟာ ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ် တစ်ခုခုထင်လာပြီးမှ ဘဝကူးကြရတော့တဲ့။ အခု ဒကာ၊ ဒကာမတွေ လက်တွေ့အမြင်ပဲ။ သေခြင်းတရားဆိုတာ နေပါဦးလို့လည်း တားမရသလို ကြီးတယ်၊ ငယ်တယ် အရွယ်မရွေး၊ အချိန်မရွေး ကြုံတွေ့ကြရမယ့် ကိစ္စမျိုး။ ကိုယ့်ဘဝ အသက်ရှင်စဉ်ကာလမှာ ဒါန သီလလောက်နဲ့ မတင်းတိမ်ကြနဲ့။

ကိုယ်တိုင် ကျင့်ကြံအားထုတ်ကြပါ။ ကြိုးစားအားထုတ်ကြပါ။

ဘုန်းကြီးက တိုက်တွန်းရုံပဲတိုက်တွန်းနိုင်တာ။ ကိုယ်လုပ်မှ ကိုယ်ရတာပါ။ လောဘမီး၊ ဒေါသမီး၊ မောဟမီး ကြီးကြီးမားမား မတောက်လောင်အောင် ဆင်ခြင်နေထိုင်ကြပါကွယ်။

အသက် ဉာဏ်စောင့်၊ ဥစ္စာ ကံစောင့်ဆိုတာ အလကားထားခဲ့တာမှ မဟုတ်ဘဲ။

ကိုယ်အသက်ရှင် ရပ်တည်ရေးအတွက် သမ္မာအာဇီဝနဲ့ ရှာဖွေပြီး ကျန်းကျန်းမာမာနဲ့ ဘာဝနာဉာဏ်ထောက်ပံ့ပြီး စောင့်ရှောက်နိုင်ကြပါစေကွယ်''

''သာဓု ... သာဓု ... သာဓုပါဘုရား''

''အမှန်ဆို ကျူပ် မကြွလိုတော့ဘူး ဒကာစိန်တို့။ အစကနေ ပြန်စဖို့ အကြောင်းကရှိလေတော့ ကြွလာရပေတယ်။ ကိုင်း ... မေတ္တာဘာဝနာ ကြာကြာလေး ပွားပေးကြရမယ်။

စိတ်အာရုံကို ကြည်လင်အောင် မျက်လွှာကိုချ ဘုရားရှင်ကို အာရုံပြု။ သတ္တဝါအလိုက် မေတ္တာပို့ရမှာ။ စိတ်မှာထင်မြင်အောင် ပြုပေးရမယ် ဟုတ်ပြီလား။ ကိုင်း ... လိုက်ဆိုကြ။

အရှေ့အရပ်တွင် ရှိကြကုန်သော အနန္တသတ္တဝါ ....''

ဆရာတော်၏ မေတ္တာကရုဏာသံဖြင့် မေတ္တာဖြန့်ဝေပို့သမျှကို တရားနာပရိသတ် နာယူပွားများ မေတ္တာပို့ကြလေတော့သည်။

* * *

ရွာဦးကျောင်းမှာတော့ ကန်တော့ပွဲပေါင်း ၁၀၈ ပွဲပေးကာ ဆရာတော်အဓိဋ္ဌာန်ဝင်လေသည်။ ဦးဘစိန်မိသားစုမှာလည်း ပရိတ်ကြိုးဖောင်းကိုဖြုတ်ကာ ဆရာတော့်ထံ ပြန်အပ်နှံပြီး ဆရာတော်မှ ပရိတ်ကြိုးအသစ်လဲလှယ်ဝတ်ဆင်စေသည်။

''အေး ... ရှေ့ကတစ်ယောက်ကတော့ နမူနာပြသွားပြီ။ သူတို့နှစ်ကောင်အသက်ပေးရတော့ နှစ်ကောင်အစား ဒီကနှစ်ယောက်ကို အစားပြန်ယူတာပဲ။ မြင်ပြီလား ဒကာစိန်။ အေး ဘုရားအလုပ် နိစ္စဘတ်အလုပ်ကို မပျက်ကြစေနဲ့။ နင်တို့ ဘယ်နေရာသွားသွား နေရာဒေသမရွေး သူတို့မှာ လိုက်နိုင်တဲ့အစွမ်းရှိလေရဲ့။ ကံနိမ့်တဲ့လူ၊ ဘုရားတရားအလုပ် နည်းပါးတဲ့လူ ခံကြရတာပဲ။ သင်းမြ ... နင်က ပိုအရေးကြီးတယ်။ ဘုရားဂုဏ်၊ တရားဂုဏ်ကို နှုတ်ကနေ ထုံအောင် ရွတ်ပေတော့။ ကိုင်း ဒကာစိန်ကတော့ ဥပုသ်သီလနဲ့ အဓိဋ္ဌာန်ဆက်ဝင်ပေတော့။ ဒါမှ ကျန်လူတွေ ကံနာလန်ထူမှာ ဟုတ်ပြီလား''

''တင်ပါ့ဘုရား။ လိုက်နာပါ့မယ် ဘုရား''

သားအဖသုံးဦး ရှိခိုးဦးချ နှုတ်ဆက်ပြီး အိမ်သို့ပြန်ရင်း လမ်းတစ်လျှောက်မှာ ...

''အင်း .. ဒီလို လောကီ လောကုတ္တရာ ပေါက်မြောက်တဲ့ ဆရာသမား ကယ်ပေလို့ အဘ်တို့ အသက်ရှင်တာ။ ဆရာတော်ခိုင်းတာ ကြိုးစားကြကွယ်''

*(ဆက်လက်ဖော်ပြပါမည်။)*

□ မြန်နန်းရှင် □



www.burmeseclassic.com

www.burmeseclassic.com

## စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကြာတကန်ကျေးရွာအနီး

# ရှေးဟောင်းစေတီတော် ပြုပြင်တည်ဆောက်ရေးအတွက်

# ကုသိုလ်ပြု လှူဒါန်းရန် ဖိတ်ခေါ်လွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကြာတကန်ကျေးရွာအနီး၌ လွှမ်းခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်ကဟု ခန့်မှန်းရသော ရှေးဟောင်းစေတီပျက်တစ်ဆူ ရှိပါသည်။

ထိုစေတီပျက်အား ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ ၂၂-ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၆၇)ရှိ ဓမ္မဝါစီကျောင်းတိုက်မှ သီလရှင် 'ဒေါ်နန္ဒဝတီ' သည် ပြုပြင်လိုသောဆန္ဒ ဖြစ်ပေါ်ခဲ့ရာ ကျေးရွာရှိ ဆရာတော် 'ဦးသီဟ' နှင့် ရပ်ရွာလူကြီးများကို တိုင်ပင်လျက် ၁၃၇၆-ခုနှစ်၊ နတ်တော်လဆုတ် ၁၃ ရက်နေ့တွင် မြို့နယ်သံဃာ့နာယက ဆရာတော် အပါအဝင် ပင့်သံဃာ ၉ ပါးတို့နှင့် မြေသန့်မင်္ဂလာ ပြုလုပ်ပြီး စေတီပျက် ပရိဂုဏ်ကိုင်းလျက် စေတီရင်ပြင်ဘောင် အုတ်ရိုးစီလုပ်ငန်းကို ၅၅ ပေ ပတ်လည် ကာရံပြုပြင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် လိုအပ်သည့် အဝီစိတွင်း တူးဖော်ခြင်း၊ ရေလှောင်ကန် ဆောက်လုပ်ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ပါသည်။

ဤတွင် ခုနစ်ရက်သားသမီးအပေါင်းတို့အနေဖြင့် သာသနိကအဆောက်အအုံများ တိုးတက်ဖွံ့ဖြိုးလျက် ဗုဒ္ဓသာသနာ အဓွန့်ရှည်ရန် ပါဝင်လှူဒါန်းလိုကြပါက အောက်ပါပုဂ္ဂိုလ်အသီးသီးထံ လှူဒါန်းနိုင်ကြပါကြောင်း စေတနာလောင်း၍ နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန် လိပ်စာများ**

(၁) ဆရာတော် ဦးသီဟ (၀၉-၄၀၃၇၃၀၂၅၀)
(၂) ဆရာလေး ဒေါ်နန္ဒဝတီ(ဓမ္မဝါစီ သီလရှင်ကျောင်း) (၀၉-၄၂၁၁၆၆၉၈၈)
(၃) ဒေါ်ကြင်တင်(၂၄၊ နတ်စင်လမ်း၊ ကျောက်မြောင်း၊ တာမွေ) (၀၉-၅၄၄၆၀၉)
(၄) ဒေါ်တင်တင်အေး(၇/မြေညီ၊ ငွေလရောင်လမ်း၊ ဥက္ကလာ) (၀၁-၄၀၀၉၂၃)
(၅) ဒေါ်နွဲ့နွဲ့ဝင်း(၁၇၊ ကျောက်တောလမ်း၊ ကျောက်မြောင်း) (၀၉-၃၁၄၈၇၀၉)
(၆) ဦးအောင်ရွှေ(၅၄၊ လမ်း ၁၂၀၊ မင်္ဂလာတောင်ညွန့်)

www.burmeseclassic.com

www.burmeseclassic.com

# တိရစ္ဆာန်များ (မှ) လူသားများကို အကျိုးပြုပုံ

သမားတော်ကြီးဒေါက်တာသက်ဆွေ(ရှေ့ဆောင်တင်ဆွေ)


## ကသပိုးငါး

ကသပိုးငါးများသည် ရေချိုငါးများဖြစ်၍ မြစ်ချောင်း၊ အင်း အိုင်များတွင် ပေါက်ဖွားကျက်စားကြ၏။ ကသပိုးငါးသည် ငါးရံ့နှင့် ပုံသဏ္ဌာန်တူပြီး ဖြူရွှေ သောအရောင်ရှိ၏။ ဖုံးပတ်သုံးလက်မ မှ ငါးလက်မခန့်သာရှိ၏။ အကြေးခွံများ ထိုရှိ၏။

ရသာအကျိုးသွားမှာ ချိုသောအရသာရှိ၏။ သည်းခြေ တိုပွားစေ၏။ သွေးအားကို တိုးပွားစေ၏။ လေကိုနိုင်၏။ ဝမ်းကိုရှင်စေ၏။ သုက်နှင့်သလိပ်ကို ပွားစေ၏။ အင်းအိုင်များ တွင်နေသော ကသပိုးငါးတို့သည် ချိုဆိမ့်၏။ ဆူ၏။ အားကို ဖြစ်စေ၏။ စိမ့်စမ်းရေတံခွန်များတွင်နေသော ငါးဖြစ်ပါက အားကိုဖြစ်စေ၏။ အသက်ကိုရှည်စေ၏။ အသိပညာတိုးပွား စေ၏။ မျက်စေ့ကိုကြည်လင်စေ၏ဟု ရှေးဟောင်းဆေးကျမ်းများ တွင် ဖော်ပြကြ၏။ ကသပိုးငါးကို အာဟာရဓာတ်စာအဖြစ် စားသုံးကြ၏။ မိမိတို့၏ ရောဂါလက္ခဏာအခြေအနေကို လေ့လာသိရှိပြီး မြစ်ချောင်းငါး၊ အင်းအိုင် ငါး၊ စိမ့်စမ်းရေတံခွန် ငါးများစားသုံးခြင်းဖြင့် ကျန်းမာရေးအထောက်အကူပေးမည် ဖြစ်သည်။ ငါးကျည်း၊ ငါးခူများလောက် အရသာမရှိသော်လည်း ဖျားနာနသောသူများအား ကျွေးသင့်၏။

ကသပိုးငါး စားသုံးခြင်းဖြင့် ဖျားနာသူများ၊ မျက်စိနာ သူများ၊ သွေးတိုး၍ ခေါင်းကိုက်မူးဝေနေသူများ၊ လေထိုး၊ လေအောင့်၊ လေနာရောဂါဖြစ်သူများ စားသုံးပေးခြင်းဖြင့် ပျောက်ကင်းချမ်းသာစေနိုင်ပါသည်။ ရေချိုပိုင်းတွင် နေထိုင် ကျက်စားသော ငါးများဖြစ်သဖြင့် ရေကြီးသောအချိန်တွင် ဖမ်းယူရရှိနိုင်ခြင်းမရှိဘဲ ရေကျသောအချိန်မှ ဖမ်း၍ရနိုင်၏။ ၎င်းငါးများသည် အုပ်စုလိုက်ဖွဲ့၍ မနေသဖြင့် အခြားငါးများ နှင့်ရော၍ ပါလာတတ်ကြ၏။ သည်းခြေသည် အလွန်သေး ငယ်၍ အမှတ်သညာနည်းသောကြောင့် ငါးမျှားရာတွင် ကသပိုး ငါးသားဖြင့် မျှားပါက ကသပိုးငါးပင်ပြန်မိသည်ဆို ၏။ ထို့ကြောင့် ဇာတ်တူသားစားသောငါးမျိုး မိမိတို့အသား ပင်မသိဟု ပြောဆိုကြ၏။

ကသပိုးငါးနှင့် ပတ်သက်၍ ရသာဓာတုကျမ်းတွင် "ငါးကြင်းစောက်မျိုး၊ ကသပိုးဟု၊ ငါးနှစ်ခုမှ၊ စတုဓာတ၊ လေး ခုဆိုရိ။ ဓာတ်အခိုးပြင်း၊ အကင်းကောန်၊ ကြေသည်မှန်ရှင့်၊ ဒသံဗလ၊ အားဆယ်ဝကို၊ ဥစ္စာရိတ္တာ၊ ပွားစေရာသည်၊ ကျမ်း လာသိတိုင်း မညီးတည်း"ဟု ဖော်ပြထားသည်ကို သိရှိရ



www.burmeseclassic.com

ပါသည်။

ထို့ကြောင့် ကသပိုးငါးအား ဓာတ်စာသဘော စားသုံးခြင်းဖြင့် ကျန်းမာရေးအထောက်အကူပေးမည် ဖြစ်ပေသည်။

## ကသမျှင်ငါး

ကသမျှင်ငါးများသည် ပင်လယ်တွင်ကျက်စားကြသော ကသပေါင်းငါးများကဲ့သို့ ငါးကြီးမျိုးဖြစ်၏။ ကိုယ်လုံးကြီးမားပြီး အကြေးခွံများပါရှိ၏။ ပွန်ဘာသာအရ ကသမျှင်ဟုခေါ်ပြီး မြန်မာဘာသာအရ "သမျှင်"ငါးဟု ခေါ်ကြ၏။

တိုင်းရင်းဆေးကျမ်းများ အဆိုအားဖြင့် သီတ ပထဝီဓာတ်နှင့် အာပေါဓာတ်လွှမ်းကဲသော ငါးမျိုးဖြစ်၏။ ရေငန်ပင်လယ်ထဲတွင်နေ၍ အကြေးခွံရှိသော ငါးဖြစ်သဖြင့် ကသပေါင်းငါးကဲ့သို့ ခွန်အားကိုဖြစ်စေ၏။ ကြွက်သားနှင့် အကြောတို့ကို သန်မာစေ၏။ ကာမကို အားပေး၏။ နှုတ်ကို မြိန်စေ၏။ ငါးကြီးများဖြစ်သောကြောင့် အသားကို အခြောက်လှန်း၍ ပြုလုပ်သုံးစွဲကြ၏။ ကသမျှင်ငါးကို ဆေးဝါးဖော်စပ်ရာတွင် အသုံးပြုပုံပြုနည်း ဖော်ပြမထားသော်လည်း ဖျားနာသောသူများအား ကသမျှင်ငါးခြောက်ကြော် ချက်ကျွေးပါက အဖျားကျ၍ အားရှိကာ ပျောက်ကင်းစေနိုင်၏။ နာလန်ထစသူများကို ကျွေးပေးပါက ကိုယ်ကာယစွမ်းအားများတိုးကာ ကျန်းမာလာမည်ဖြစ်၏။

ထို့ကြောင့် ကသမျှင်ငါးအားဓာတ်စာအဖြစ် စားသုံးခြင်းဖြင့် ကျန်းမာရေးအထောက်အကူပေးပေမည်။

## ကထာန်း (ခေါ်) ပုစွန်လုံး

အညာဒေသတွင် ပုစွန်လုံးဟုခေါ်ပြီး အောက်အရပ်ဒေသတွင် ကထာန်းဟုခေါ်ဆိုကြ၏။ ပုစွန်လုံးကို နှစ်မျိုးတွေ့ရှိရပြီး ရေချိုပုစွန်လုံးနှင့် ရေငန်ပုစွန်လုံးတို့ဖြစ်၏။ ပင်လယ်ကထာန်းများသည် အကောင်ကြီး၍ပြားပြီး ဘေးပတ်လည်အခွံတွင် အတွန့်များပါရှိ၏။ အခွံပို၍မာ၏။ ရေချိုပုစွန်လုံးသည် အညာဒေသ လယ်ကန်သင်းရိုးများပေါ် တွင်းတူး၍ တွင်းအောင်းနေတတ်ကြ၏။ ကျွန်တော်များငယ်စဉ်က အညာဒေသ၌ လယ်ကန်သင်းပေါ်ရှိ ပုစွန်လုံးများနှိုက်၍ ယူခဲ့[...] အချို့က ရောင်းစားကြ၏။ ပုစွန်လုံးကိုကြော်၍စားကြ၏။ ပုစွန်[...] လုံးအဆီကို မန်ကျည်းစိမ်းဖြင့် ချက်စားကြ၏။ ပုစွန်[...] ကိုကြော်၍စားကြ၏။ ပုစွန်လုံးအဆီကို မန်ကျည်းစိမ်း[...] ချက်စားကြ၏။ ပုစွန်လုံး၏ ခြေထောက်ကလေးများ [...] စားပါက ခံတွင်းတွေ့၍ အရသာရှိလှ၏။ ရေသတ္တဝါများတွ[...] ခြေထောက်ပါသောသတ္တဝါ တွေ့ရခဲ၏။ ပုစွန်လုံးများသ[...] ရေထဲတွင်လည်းကောင်း၊ ကုန်းပေါ်တွင်လည်းကောင်း သွ[...] လာနိုင်၏။ ပုစွန်လုံးများတွင် ခြေချောင်း ၁၀ချောင်းပါ[...] နောက် ဟိုဘက်လေးချောင်း၊ ဒီဘက်လေးချောင်းဖြင့်သွ[...] ရှေ့နှစ်ချောင်းသည် ကြီး၍ အတက်ကြီးနှစ်ခုစီပါ၏။ ၎င်း[...] ကထာန်းလက်မဟု ခေါ်ဆိုကြ၏။

ကျောကုန်းတွင် မာကျောသော အခွံထူဖြင့် ဖုံးအု[...] ထားပြီး ခြေချောင်းများတွင်လည်း မာကျောသောအခွံ[...] ဖုံးအုပ်ပါရှိ၏။ ကထာန်းများသည် ရန်သူကို လက်မြင်း[...] တတ်၏။ ၎င်း၏မျက်လုံးများသည် အညှာတံပါရှိ၍ ဝင်ထွ[...] ပြုလုပ်နိုင်၏။ ပါးစပ်တွင်လည်း ကိုက်ဖြတ်ရန်၊ စမ်းသပ်[...] အစာကိုဝါးခြေရန် အင်္ဂါများ ပါရှိ၏။

ကထာန်းများသည် မြစ်၊ ချောင်း၊ အင်း အိုင်၊ ပင်လယ်[...] သမုဒ္ဒရာ စသည့် ရေရှိသောနေရာများတွင် ပေါက်[...] ကျက်စားကြ၏။ ကထာန်းအမျိုးပေါင်း များစွာရှိ၏။ အ[...] စား ကထာန်းများသည် ခရုခွံ၊ ကမာခွံများထဲတွင် ဝင်၍နေ[...] ၏။ ကထာန်းမကြီးများသည် ဥများကို ရင်ဘတ်တွင်ကပ်[...] ပြီး ပေါက်ချိန်ကျသောအခါ မြစ်၊ ချောင်း၊ ကမ်းစပ်များ[...] ချထားခဲ့ပြီး ပြန်၍မကြည့်တော့ပေ။ ဥခွံမှ ကထာန်း[...] ကလေးများပေါက်လာသောအခါ ရေထဲသို့ဆင်းသွား[...] လျှင် မြူးတူးပျော်ပါး၍နေကြ၏။ ကထာန်းငယ်လေးမျ[...] ငါးလိပ်တို့က စားသောက်တတ်ကြ၏။ ကထာန်းများကြီ[...] သောအခါ ရန်သူတွေ့လျှင် တိုက်ခိုက်တတ်၏။ အကာ[...] ခြေချောင်းကျိုးသွားသော် ဖြတ်ချထားခဲ့ကြ၏။ ၎င်း[...] တွင် နောက်ထပ်အသစ်တစ်ချောင်း ထပ်၍ပေါက်လာ[...] ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်းတွင် ထူးခြားသော ကထာ[...] မျိုးရှိ၏။ ၎င်းကို အုန်းကထာန်း (သို့) မြေကထာန်းဟု[...]

အုန်းကထာန်းများသည် အုန်းပင်ပေါ်တက်ပြီး အုန်[...]



www.burmeseclassic.com

www.burmeseclassic.com



ကဏန်း (ခေါ်) ပုစွန်လုံး

ျားကိုစားကြ၏။ ဒုန်းပင်တက်လည်း အလွန်ကျွမ်းကျင်၏။ ိုကြောင့် ဒုန်းကဏန်းဟု ခေါ်ဆိုကြ၏။

ကဏန်းခေါ် ပုစွန်လုံး၏ အကျိုးသွားအာနိသင်များမှာ ဏန်းတစ်ကောင်လုံးတွင် ခာတ်ကြီးငါးပါးစလုံး ဦးဆောင်ပါ င်နေ၏။ အစိတ်အပိုင်းအားလုံး ဆေးဖက်တွင်အသုံးပြုနိုင် ။ ရှေးအခါက ပုစွန်လုံးများကို တောင်သူလယ်သမားများ လျှင် စားသုံးကြသော်လည်း ယခုအခါ လူတိုင်းစားသုံး ြ၏။ ၎င်းကိုစားသုံးခြင်းဖြင့် သွေးအားကိုကောင်းစေသော စားအစာများဖြစ်သည့် အသား၊ ငါး၊ အသည်း၊ နို့၊ ထော ်၊ ဗိုန်ချဉ်၊ ဗိုန်ခဲများထွက် သွေးအားကိုကောင်းစေပြီး းကိုဖြစ်စေသော ကျန်းမာရေးအထောက်အကူပြုသော ဟာရကောင်းဖြစ်၏။ ကဏန်းကိုစားသုံးခြင်းဖြင့် ပျောက် င်းစေနိုင်သော ဝေဒနာများမှာ ကိုယ်ခန္ဓာဖွံ့ဖြိုးပြီး အားကို ိစေ၏။ အရိုးအဆစ်ကို ခိုင်မာစေ၏။ သွားများကို မာကျော င်းမွန်စေ၏။ သွေးအား နှလုံးအားနည်း၍ မူးဝေမော ှုသော ရောဂါဝေဒနာများ ပျောက်ကင်းစေနိုင်၏။ အသွား ။ အထိုင်အထ လေးကွေးသည်ကို ပျောက်ကင်းစေ၏။ ဆင်၊ အိပ်မပျော် ကယောင်ချောက်ချားဖြစ်ခြင်းများကို ည်း ပျောက်ကင်းစေနိုင်၏။ အမျိုးသမီးများ မီးယပ်ရောဂါ ါ ပျောက်ကင်းစေ၏။

မှတ်ချက် ။ ။ ပင်လယ်ကဏန်းကြီးများ စားသုံးရာ တွင် ရေစင်ကြယ်စွာ ဆေးကြောပြီး ချက်စားရာ၏။ မသန့် စင်ပါက ပင်လယ်အုနာ ဖြစ်တတ်၏။ အကယ်၍ ပင်လယ် အုနာဖြစ်ပါက ပင်လယ်အုန်းသီးဆံ သွေးသောက်ပါက ပျောက်ကင်းစေ၏။

## ကတိုးကောင်

ကတိုးကောင်များသည် ကုန်းနေသတ္တဝါများဖြစ်၏။ ဒရယ်၊ ချေငယ်တို့နှင့်တူ၏။ အလျားသုံးပေခန့်ရှိပြီး လည် ပင်းရှိုးရှည်ပြီး ၂၀ လက်မခန့် ရှိ၏။ အရောင်အားဖြင့် (၁) ရွှေသောအဆင်း ရှိသည့်ကတိုး။ (၂) ကြောင်ကျားသော အဆင်းရှိသည့်ကတိုးနှင့် (၃) မည်းနက်သော အဆင်းရှိသည့် ကတိုးဟူ၍ သုံးမျိုးရှိ၏။ ၎င်းပြင် ကြောင်ကတိုးလည်း ရှိ သေး၏။

ကတိုးဟူသော. ဝေါဟာရသည် ပါဠိဘာသာ ကတ္ထ ရိကာ ဟုခေါ်၏။ ကတ္ထူရိကာပုဒ်အရ ကတိုရ်းဟုရေးသင့် ကြောင်း ဘိုးတော်မင်းတရားကြီးလက်ထက် အမတ်ကြီး ဦးပေါ်ဦးရေးသားချက်ထုံးတွင် တွေ့ရ၏။ ကတိုးကောင်များတွင် ချက်တိုင်အောက်၌ ကတိုးအိတ်ရှိကြ၏။ ၎င်းအိတ်မှမွှေး သည်ကို အချို့က ဝေးစေ့မှမွှေးသည်ဟုလည်းကောင်း၊ ခွာမှ မွှေးသည်ဟုလည်းကျွှောင်း ပူဆိုကြ၏။

နီပေါနိုင်ငံမှ ကတိုးများသည် ရွှေရောင်အဆင်းရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

ကာသမီယနိုင်ငံမှ ကတိုးများသည် ကြောင်သောအဆင်းရှိ၏။ အာသံပြည်နယ်က ကတိုးများသည် မည်းနက်သော အဆင်းရှိပြီး အကောင်းဆုံးဖြစ်၏။


ကတိုးကောင်ကို မိဂနာဘိကာဟူသော ပရိယာယ် တစ်ပုဒ်လည်း ရှိသေး၏။ သား၏ချက်ဟု အဓိပ္ပာယ်ရသည်။ ကတိုးကောင်ငယ်လျှင် ကတိုးအိတ်ငယ်၍ အကောင်ကြီးလျှင် အိတ်ကြီးသည်။ ၎င်းအိတ်အတွင်းမှ ကတိုးရသည်။ ကတိုးကောင်များသည် အုပ်စုဖွဲ့၍မနေကြဘဲ တစ်ကောင်ချင်းနေကြသည်။ တစ်ခါတစ်ရံ ဖိုမတွဲ၍နေတတ်သည်။ တောထူထပ်ပြီး တောင်ပေါ်ဒေသများတွင် နေတတ်ကြ၏။ ကတိုးကောင်များကို ထောင်ချောက်ဖြင့်ဖမ်းယူပြီးလျှင် ကတိုးအိတ်ဖောက်၍ ကတိုးကိုယူကြ၏။ ဆင်များသည် အစွယ်ကြောင့် သေကြရပြီး ကျားသစ်များသည် အရေခွံကြောင့် သေကြရ၏။ ထို့အတူ ကတိုးကောင်များသည်လည်း ကတိုးအိတ်ကြောင့် သေကြရပေသည်။

အာယုဗ္ဗေဒဆေးကျမ်းများ အလိုအရ ကတိုး၏အကျိုးသွားမှာ သုက်ကို ပွားစေ၏။ ကာမစိတ်ကိုဖြစ်စေ၏။ မျက်စိနာရောဂါ၊ အရေပြားရောဂါ၊ ကုဋ္ဌနူ နာများပါ ပျောက်စေ၏။ သည်းခြေနာ၊ သလိပ်နာ၊ ပါးစပ်၌ဖြစ်သောအနာ၊ အနံ့ဆိုးထွက်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အအေးမိခြင်း၊ တွေဝေမိန်းမောခြင်း၊ အဆိပ်သင့်နာ စသည်တို့ပါ ပျောက်ကင်းစေ၏။

ခေါ်မတိုင်းသားတို့၏ အယူအဆကို ဖော်ပြရ
ဆိုပါက စိတ်၊ ဦးနှောက်၊ ကာမ၊ ခွန်အားတို့ကို ဖြစ်
အဆိပ်မိခြင်းကို ပျောက်ကင်းစေ၏။ မျက်စိနာရောဂါဖြစ်
မျက်စိကွင်းပေးက ပျောက်၏။ ခေါင်းကိုက်ခြင်းပါ ပျောက်
၏။ အမျိုးသမီးများ ယောနိတွင်းထည့်ပေးပါက ကိုယ်
တည်သည်ဟုဆို၏။ သံဝါသမပြုမီ လိင်ကိုသုတ်လိမ်း
ခြင်းဖြင့် လိင်ကို ခိုင်မာစေတတ်၏ဟု ဖော်ပြထားသည်
တွေ့ရှိရ၏။ ၎င်းအပြင် ငိုတစ်လုည်း၊ ရယ်တစ်လှည့်ဖြစ်
နလုံးရောဂါ၊ ရောင်ရမ်းသောရောဂါ၊ အသက်ရှူမဝ
ရောဂါ၊ အိပ်နေရင်း သွားကြိတ်သောရောဂါများလည်း ပျော
စေ၏။ ပန်းနာရင်ကျပ် သလိပ်ကပ်ရောဂါ၊ ခံတွင်းပျက်ရော
အရေပြားရောဂါ၊ အဆုတ်ရောဂါ၊ ပန်းသေ၊ ပန်းညိုးရော
များပါ ပျောက်ကင်းစေနိုင်၏။

ကတိုးဆေးအဖြစ် သုံးစွဲရာ၌ ဆရာညွှန်ကြား
အတိုင်း သုံးစွဲရာ၏။ အတိုင်းအဆလွန်ပါက အပူလွန်ရော
များဖြစ်တတ်၏။ ထိုအခါ ပရပ်ကို ဖြေဆေးအဖြစ် သုံး

ကတိုးကောင်များသည် ထူးခြားသော သတ္တဝါ
ဖြစ်ပြီး တိုင်းရင်းဆေးတွင် ကတိုးဖြင့်ဖော်သော ဆေး
၏။ သေလုမြောပါးဖြစ်နေသော ဝေဒနာရှင်အား ကတိုး
ဆေးဖျော်တိုက်ပါက ရုတ်တရက်မသေဘဲ အသက်
ရှင်လာသည်များလည်း တွေ့ရှိရဖူး၏။ ထို့ကြောင့် ကတိုး
လိုအပ်သလိုသုံးစွဲနိုင်ရန် တင်ပြလိုက်ပါသည်။



ကတိုးကောင်


သမားတော်ကြီးဒေါက်တာသက်
(ရွှေဆောင်တင်
09-730571


ကိုးကား

ရွှေဆောင်တင်
တိရစ္ဆာန်များမှ လူသားများ
အကျိုးပြုပုံကျမ်း။



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကျောက်ကာသိမ်ကုန်းဘုရားမှ သိုက်မောင်နှမ

မနှင်းမွှေး(ပြည်)

လပြည့်လကွယ် ညနေစောင်းအချိန်ဆိုပါက တစ်ရပ်ကွက်လုံးက မရင်သူဇာကို ခဏခဏဆိုသလို ဝိုင်း၍ကြည့်နေရသည်။ ထိုသို့ကြည့်ရပါသော အကြောင်းရင်းမှာမူ မရင်သူဇာသည် ထိုလပြည့် လကွယ်ရက်နေ့ ညနေရောက်တိုင်း "ကိုကြီးသီဟ・・・ကိုကြီးသီဟ လာနေပြီ"ဆိုပြီး ဘုရားကျောင်းဆောင်မှာ ဖျာခင်းပေးထား၏။ မရင်သူဇာကတော့ ကျုံ့ကျုံ့လေး ထိုအနားတွင်ထိုင်ကာ ရှိသေစွာ ခေါင်းညိတ်လို့နားထောင်နေ၏။ တစ်ဖက်က ဘာအကြောင်းပြောလေသည်မသိရသော အကြောင်းများကို မရင်သူဇာ ခေါင်းလေးတညိတ်ညိတ် လုပ်နေသည်ကို ဆောက အိမ်နီးနားချင်းတွေက ဝိုင်းအုံကြည့်နေကြသည်။ သူတို့သည် မရင်သူဇာပြောပြောနေသော ကိုကြီးသီဟတို လုံးဝမမြင်ဖူးပေ။ ဖျာခင်းထားသော နေရာကိုသာ အများသူငါ ငူးစိုက်ကြည့်နေခြင်းဖြစ်သည်။ ထိုအထဲတွင် စာရေးသူ မိမိသည်လည်း ပါဝင်ပါသည်။ သို့သော် ဘာဆိုဘာမှမမြင်ရသော မိမိမှာ အများနည်းတူ ဖျာကိုသာ စိုက်ကြည့်နေမိသည်။ ဘယ်သူမှမမြင်နိုင်သည့် အရာကို မရင်သူဇာတစ်ယောက်ကမူ ကောင်းကောင်းမြင်နေရသည်။ "ကိုကြီးသီဟရယ်・・・ညီမလေးကို မနှောင့်ယှက်ပါနဲ့နော် တောင်းပန်ပါတယ်။ ညီမဒီဘဝမှာပဲပျော်တယ်"ဟု တောင်းပန်စကားပြောနေသံကို ဘေးမှကြားနေရသည်။ သူမက ဘဝဟောင်းမှာကျန်ခဲ့သော သိုက်ထဲသို့ ဘယ်နည်းနဲ့မှ မပြန်ချင်ဘူးဟု ပြောနေသည်။ ဥစ္စာစောင့်ကိုကြီးသီဟထံမှ ပြောသံသဲ့သဲ့တို့ကို ကြားနေရ၏။ သို့ပါသော်လည်း မပီပိုးတဝါးအသံများဖြစ်သည်။ ဒါကြောင့်လည်း တစ်ဖက်မှ "မဖြစ်ဘူးညီမလေး" ဟုဆိုသည့် စကားများကိုသာ ပြောနေပုံရသည် ထင်ပါသည်။ လူ့ဘဝမှ မရင်သူဇာကလည်း တောင်းပန်သံနှင့်အတူ ငိုရှိုက်သံကပါ တစ်ဆက်တည်း ရောယှက်၍လာနေတော့သည်။

"ဟင့်အင်း ကိုကြီးသီဟ・・・ဟင့်အင်း။ ဖခမည်းတော်ဘိုးဘိုး ဘဘမင်းကို ပြောလိုက်ပါ။ ရင်သူကို သနားပါလို့။ ရင်သူကိုသနားပါလို့သာ ပြောပေးပါ ကိုကြီးသီဟရယ်"

ဟု ပြောပြီး ဝုန်းခနဲ ပစ်လဲကျသွားပါတော့သည်။ ဒါက ရင်သူဇာဘဝတွင် ဖြစ်ရိုးဖြစ်စဉ် ဖြစ်ရပ်တစ်ခုပင်ဖြစ်သည်။

ထိုအခါမှ ဘေးမှကြည့်နေပါသော ဆွေမျိုးသားချင်းများနှင့် အိမ်နားနီးချင်းတို့မှာ ဝိုင်းအုံ၍လာကြသည်။ ထို့နောက် နောက်ဆက်တွဲ လုပ်ရပ်များဖြစ်သည့် ရေမန်းများတိုက်ကြ၊ ယပ်ခတ်ကြနှင့် လုပ်နေကျအတိုင်း ရင်သူဇာကို ဝိုင်းဝန်း၍ ပြုစုမှုများ လုပ်ပေးပါတော့သည်။ ရင်သူဇာမှာ ထိုသို့ဖြစ်တိုင်း နေ့ရက်နှင့် အချိန်ကို မှတ်သားထားပါက လပြည့်နှင့် လကွယ်နေ့များသာ ဖြစ်သည်။ အချိန်ကာလသည်ကား ညနေ နေဝင်ရီတရောအချိန်ကာလပင်ဖြစ်သည်။ မည်သည့် "သိုက်ဆက်"က ပါလာသနည်းဟု မေးလိုက်သည့်အခါတိုင်း "ဘုရားသိုက်ကလာတာပါ"ဟု ဖြေသည်။ ရင်သူဇာ၏ ဘဝဟောင်းမှရောက်လာသော ကိုကြီးသီဟ ဆိုသူမှာလည်း



www.burmeseclassic.com

www.burmeseclassic.com

ကျောက်ကာသိမ်ကုန်း ဘုရားသိုက်က ဟု ဆို၏။ ထိုကျောက်ကာသိမ်ကုန်း ဘုရားသိုက်မှာ ဘယ်မှာရှိပါသလဲဟု မေးသောအခါတွင် "စက်တိုင်ဘုရားမှာ ရှိတယ်"ဟု ပြောပါသည်။ ထိုစက်တိုင် ဘုရားဆိုသည်မှာ ပြည်မြို့နယ်အတွက် သုံးလေးမိုင်အကွာလောက်တွင် ရှိပါသော သရေခေတ္တရာမြို့ဟောင်းမှ မှော်ဇာရွာပြင်တွင်ရှိပါသော ဒွတ္တပေါင်မင်း တည်ထားခဲ့သော စက်တိုင်ဘုရားပင် ဖြစ်သည်။ ထိုနေရာတွင် ကျောက်ကာ သိမ်ကုန်း ဘုန်းကြီးကျောင်းတစ်ကျောင်း လည်းရှိသည်။ ထိုကျောက်ကာသိမ် ဘုန်းကြီးကျောင်း၏အနောက်ဘက် သိပ်မကွာလှသောနေရာတွင် ဘုရား ပျက်သုံးဆူ ရှိသည်။ စာရေးသူမိမိ လည်း ထိုနေရာသို့ ရောက်ခဲ့ဖူးပါသည်။ ထိုသို့ရောက်ခဲ့စဉ်က အမှတ်တရဓာတ် ပုံရိုက်ခဲ့၍ ထိုဓာတ်ပုံကို တစ်နေ့ယူ လာပြီး ပြသလိုက်မိသည်။ ထိုအခါ ကာယကံရှင်ဖြစ်သူ သိုက်ဆက်ရှင် ရင်သူဇာမှာ ဘုရားပုံကိုကြည့်ရင်း ရှိက် ကြီးတငင်ငိုမိပါတော့သည်။ ပြီးမှ သူမ ထိုနေရာ ထိုဒေသများသို့ ဖြတ်သန်း ခဲ့ပုံများ၊ ကျင်လည်ခဲ့ပုံများနှင့် သူမမှာ မောင်ကြီးသီဟသူနှင့် သူမ၏မောင်ငယ် သံသုကဆိုသည့် မောင်နှစ်ယောက် ကျန်ခဲ့သည့်အကြောင်း ပြောပြပါသည်။ ခုလို လပြည့်လကွယ် ညနေဆည်းဆာ နေဝင်ရီတရောမှာ အမြဲလာရောက် သူမှာ သူမ၏မောင်နှမသုံးယောက်ထဲမှ အစ်ကိုကြီးသီဟသူဆိုသည့် တစ် ယောက်ဖြစ်ပြီး သိုက်ထဲတွင်ကျန်ခဲ့သော မောင်ငယ် သံသုကမှာမူ အလွန် အေးဆေးပြီး မောင်ကြီးသီဟသူလောက် ဒေါသမကြီးကြောင်း စသည်တို့ကို ရင် သူဇာမှ မိမိကို ဖြစ်ကြောင်းကုန်စင် ပြောပြရှာပါသည်။

သူတို့ မောင်နှမသုံးယောက်ကို အုပ်ချုပ်သူမှာ "ဘဘမင်း"ဆိုသူ သိုက် ဘိုးဘိုးကြီးဖြစ်ပါသည်။ သိုက်တို့မည် သည်မှာ ပထမအရွယ်မှ ဒုတိယအရွယ် ဘဝအထွေထွေ ပြောင်းလဲသော်လည်း သူတို့မှာ သိုက်ကိုပြန်ချိန်တန်၍ မပြန် ပါက အကြောင်းအမျိုးမျိုး နှောင့်ယှက် ကာ သတိလာပေးလေ့ရှိသည်။ မရင် သူဇာကမူ ဘယ်နည်းနဲ့မှ သိုက်သို့မပြန် ချင်သေးပေ။ ဒီလူ့ပြည်မှာက သာသနာ ပြုလုပ်ငန်းများ ပြုလုပ်၍ရသည်။ သိုက် (ဥစ္စာစောင့်)ဘဝတွင် ကိုယ်တိုင်ကိုယ် ကျ ဒါန၊ သီလ၊ ဘာဝနာများကို အစွမ်း ကုန်ပြုလုပ်၍မရပေ။ ထို့ပြင် သိုက် ထဲတွင်နေရသည်မှာ ဘယ်လိုမှမလွတ် လပ်ပြန်။ သိုက်စည်းကမ်းအရ နာရီ အချိန်နှင့် သွားလာနေကြရသည်။ သတ်မှတ်ချက်နာရီ ကျော်သွားပါက အပြစ်ပေးခြင်းခံရပြန်သည်။ ရင်သူဇာ ၏ ဘဝဟောင်းမှ သိုက်နာမည်မှာ စုနန်း သက်လျှာဖြစ်သည်။ ထိုနာမည်ကို ဘဘမင်းဆိုသူမှ ပေးထားခြင်းဖြစ် သည်။ ခု သူမ၏အစ်ကို ရောက်လာ ခဲ့ပြီး ညီမစုနန်း လူ့ဘဝမှာနေရတာ တော်လောက်ပါပြီဟု လာပြောကာ ဘဘမင်းဆိုသူက အခေါ်လွှတ်လိုက်လို့ အစ်ကိုတော်မှ ရောက်လာရတာပါဟု ရင်သူဇာမှ သူ၏အဖေနှင့် အမေတို့ကို ပြောပြခဲ့ပါသည်။

ရင်သူဇာဘုရားအတွက် လှူ... လို့ဆို၍ ထီများထိုးခဲ့ရာမှာလည်း ... ခေတ်စားနေသော ထီများမကြာခ... ပေါက်ဖူးပါသည်။ ရင်သူဇာ ထီပေါက်၍ ရသမျှငွေအားလုံးကို ဘုရားကိုလှူဒါန်း ပစ်လိုက်သည်။ ရင်သူဇာကို သိုက်ထဲ မှာ ဘိုးဘိုးဘဘမင်းတို့က အမြဲတမ်းမှာ ထားတာက သိုက်ဆရာများနှင့် လုံးဝ အဆက်အသွယ်မလုပ်ရပါဘူးဟု မှာ ထားသည်။ သိုက်ဆရာနှင့် အဆက် အသွယ်လုပ်မည်ဆိုပါက ရင်သူဇာ၏ အသက်ကို သူတို့ ချက်ချင်းဆိုသလို နုတ်ယူ၍သွားမည်ဟု ပြောထား၍ ရင် သူဇာ၏ လက်ရှိ မိဘနှစ်ပါးမှာ သိုက် ဆရာများနှင့် လုံးဝအဆက်အသွယ် မလုပ်ဘဲ ရင်သူဇာကို ဒီအတိုင်းပဲ ဂရု တစိုက်ကြည့်ထားခြင်းလည်းဖြစ်သည်။ ရင်သူဇာကလည်း သိုက်ဆရာတို့ကို အသေကြောက်သည်။ ဘုရားသိုက်ထဲမှ ပစ္စည်းများကိုလည်း ရင်သူဇာတို့က နှောင်ဘုရားတစ်ဆူပွင့်သည်အထိ ကာ ကွယ်စောင့်ရှောက်ထားရတာဟု ပြော ပြရှာပါသည်။ သိုက်ထဲတွင်ကျန်ခဲ့သော အစ်ကိုဖြစ်သူ သီဟမှာလည်း ညီမ တော် စုနန်းတစ်ယောက် လူ့ဘဝတွင် သိုက်ဆရာများနှင့်တိုင်ပင်ကာ သိုက် ကြီးဖြတ်တာတို့၊ သိုက်တူးဖော်တာတို့ လုပ်မည်ကို အတော်ပင်စိုးရိမ်ပုံရသည်။ ဒါကြောင့်လည်း သူ့ညီမစုနန်းကို ခုလို မျိုးလာရောက်၍ ခဏခဏသတိပေး... ခြင်းပင် ဖြစ်သည်။ ယခုညနေ...ည် ကား တန်ခေါင်မှန်းလပြည့်နေ့ နေဝင်

www.burmeseclassic.com

ရှိတာရာ အချိန်ဖြစ်ပါသည်။ ထို့ကြောင့် ပင် သိုက်က မောင်ကြီးသီဟ ရောက်လာမည်ဟု ရင်သူဇာပြောပြီး ဖျာလိပ်ကလေးကို ခင်းနေကျအတိုင်း ဖြန့်ကာ ခင်းကျင်းပြီး စောင့်မျှော်နေခိုက် လူအများမမြင်ဘဲနှင့် ဂုန်းဆိုသော အသံနှင့်အတူ အသံကို ကြားလိုက်ရသည်။

x x x

## သိုက်ချုပ်ဘိုးတော်ကြီးနှင့် လပြည့်ည ညနေဆည်းဆာချိန်

သင်ဖြူးဖျာလေးပေါ်သို့ ဂုန်းခနဲဆိုသလို ကျရောက်လာသည့်အသံမှာ တောင်ဝှေးတစ်ချောင်းနှင့် သိုက်ဘိုးတော်ကြီး သိုက်ချုပ်ဘိုးဘိုးဘဘမင်းဆိုသူပင်ဖြစ်သည်။ သိုက်ချုပ်ဘိုးတော်ကြီးသည် တောင်ဝှေးကိုသာ ရင်သူဇာ၏ အိမ်သူအိမ်သားများနှင့် မိမိနှင့်ကြည့်နေသော်သူများကို မြင်သာအောင်သာ ပြသဖြင်းဖြစ်ပြီး ကျန်သည့်ခန္ဓာကိုယ် အစိတ်အပိုင်းကမူ ရင်သူဇာတစ်ယောက်တည်းသာ မြင်နေရပါသည်။ ရင်သူဇာသည် အံ့ဩဟန်ဖြင့် "ဘဘမင်း၊ ဘဘမင်းကိုယ်တိုင် ကြွချီလာသည်"ဟူ၍သာ ပြောနေရှာပါသည်။ ပြီးမှ ရင်သူဇာသည် ခေါင်းငုံ့ကာ ငြိမ်သက်နေပြီး ရှိုက်သံစာချီ၍ ကြားလိုက်ရသည်။

"သမီးတော် ခုအချိန်မှာတော့ ထိုက်လို့မဖြစ်သေးဘူး ဘဘမင်းရယ်။ အချိန် နှစ်နှစ်၊ သုံးနှစ်လောက် ပေးလို့ ရဘူးလားဟင်။ ဘဘမင်း သမီးကို မခေါ်ပါနဲ့ဦးနော်။ ဒီလူ့ပြည်မှာ သာသနာပြုချင်သေးတယ်"

ဟု ငိုယိုပြောနေသော ရင်သူဇာမှာ မောနေပုံရသည်။ တစ်ဖက်မှလည်း မည်သည့်အကြောင်းစုံကို ညွှန်ကြားနေသည်ကို မသိပေ။ ရင်သူဇာထံမှ "ဟုတ်ကဲ့"ပြောလိုက်၊ "ဒါကတော့ မဟုတ်ပါဘူး ဘဘမင်း"ဟူ၍ ပြောလိုက်၊ တောင်းပန်လိုက်နှင့်။ အချိန်တို့သည် မှောင်စပျိုးလာသောအခါတွင်တော့ ရင်သူဇာမှာ ထိုင်လျက် ငိုနေသည့် အနေအထား။ ထိုမှတစ်ဆင့် လက်အုပ်လေးချီကာ လဲကျသွားပါတော့သည်။ ထိုသို့ဖြစ်သောအချိန်တွင် တောင်ဝှေးသည် လူများမျက်စိအောက် မြင်ကွင်းမှ ပျောက်ခြင်းမလှ ပျောက်ကွယ်၍ သွားပါတော့သည်။ အချိန်၊ နေ့ရက်တို့ကို ကြည့်လိုက်သောအခါတွင်တော့ လပြည့်နေ့ ညနေဆည်းဆာ အချိန်ပင်ဖြစ်တော့သည်။ ဘဘမင်း ထိုင်သွားသည့် နေရာထိုင်ခင်း သင်ဖြူးပေါ်သို့ မိမိသည် ထိုင်ချလိုက်သောအခါတွင်တော့ လူတစ်ယောက်ထိုင်သွားခါစကအတိုင်း ပူနွေးနွေး အငွေ့အသက်ကျန်ရစ်ခဲ့ကြောင်းကို မိမိသတိထားလိုက်မိသည်။ ရင်သူ ကိုတော့ လုပ်နေကျအတိုင်း ဆွေမျိုးညီအစ်ကို မောင်နှမများက "ဟဲ့...ဟဲ့ ရှူဆေးယပ်ခတ်ပါဦး။ ဆရာတော်ရဲ့ရေ... ရေမန်းယူခဲ့"ဟု အော်သူအော်၊ ပြောသူပြောနှင့်။ "ဟော...ဟော သတိရလာပြီ"ဟု ပြောသူပြောနေသော အသံတို့သည် ဆူညံစွာဖြင့်ပင် ထုံးစံအတိုင်း လပြည့်လကွယ်နေ့ ဆည်းဆာချိန်ရောက်တိုင်း ရင်သူဇာအိမ်မှ ကြားနေကျအသံဗလံများပင် ဖြစ်ပါတော့သည်။

စာရေးသူမိမိသည် "ဒီကိစ္စ ဘယ်အလွတ်ခံနိုင်ပါ့မလဲ"မေးကိုမေးရမည်။ အမိအရကို မေးရမည်လေ။ သို့မှသာ ဒီလိုမျိုးဖြစ်တတ်သော "သိုက်"တို့ရှိကြောင်းကို အများသူငါကို မိမိပြန်လည်၍ ပြောပြရသည်။ ထိုသို့ မိမိကမေးပြီး ပြန်လည်တင်ပြပါမှ ဗဟုသုတရကြ မည်ဆိုသည်က မည်သူ့မှ မငြင်းနိုင်ပေ။ ရင်သူဇာလိုဖြစ်ရပ်ကလည်း သိုက်ဆက်တစ်ရာမှာ တစ်ယောက်တောင် ကြုံတောင့်ကြုံခဲသော ဖြစ်ရပ်မဟုတ်ပါလား။ မိမိသည် သတိရလာပြီဖြစ်သော ရင်သူဇာ၏အနားသို့ ဖြည်းညင်းစွာကပ်ပြီး သိလိုသော အကြောင်း တစ်စုံတစ်ခုကို စတင်မေးလိုက်သောအခါတွင် ရင်သူဇာမှာ ခေါင်းလေးညိတ်ပြရှာပါသည်။ ပြီးမှ အချိန်ကာလတို့သည် သူမဘဝတွင် အနည်းငယ်လောက်မှ မကျန်တော့ပါကြောင်း ရှင်းပြပါသည်။ ဒီတန်ဆောင်မုန်းလပြည့် နောင်နှစ်ဒီအချိန်၊ သို့မဟုတ် လပြည့်နေ့ နံနက်စောစောတွင် သူမသည် သိုက်နန်းသို့ပြန်ရမည်ဟု တိတိကျကျပြောပြသည်။ "ဘဘမင်း"ဆိုသူ၏ တောင်ဝှေးကို မြင်လိုက်ရသည့် အကြောင်းကို မိမိတို့က ရင်သူဇာကို ပြောပြလိုက်သောအခါတွင် သူမမှာ

"ဟုတ်တယ်၊ ဘဘမင်းကပြောသွားတယ်။ သူ တကယ်ပြတာဖြစ်ကြောင်း၊ အားလုံးကိုမြင်အောင် သူ့ရဲ



www.burmeseclassic.com

တာဖြစ်ကြောင်း ပြောပြသွားသည်

ဟု ဆိုပါသည်။ မိမိသည် သိုက်ချုပ်ကြီး ဘဘမင်း၏တောင်ဝှေးကို ကြည့်လိုက်သောအခါတွင် သစ်ကနက်သားဖြင့် ပြုလုပ်ထားသော တောင်ဝှေးဖြစ်ပြီး တောင်ဝှေးမှာ ပြောင်လက်နေကြောင်းကို တွေ့လိုက်ရသည်။ ထို့နောက် ရင်သွေးဇာအတွက် အဓိကမှာ တာကတော့ "သိုက်ဆရာ ဘိုးတော်ဆိုသူများနှင့်တကွ သိုက်ကြိုးဖြတ်မည့်သူများ မလာရအောင် ရင်သွေးဇာမှာ ထိုသူတို့ကို လုံးဝ မိမိတို့၏သိုက်ထဲမှ ဘုရားပစ္စည်းမှန်သမျှကို ပြောမပြဖို့ ကတိတောင်းနေ၏။ ရင်သွေးဇာကလည်း ကတိတွေ ထပ်၍ထပ်၍ပေးနေသော်လည်း ဘဘမင်းဆိုသူ သိုက်ဘိုးဘိုးကြီးမှ မယုံမကြည်ဖြစ်လျက်ရှိကြောင်း မိမိကို ထိုအကြောင်းအရာများကို ပြောပြရှာပါသည်။ ဘဘမင်းဆိုသည့် သိုက်ချုပ်ဘိုးဘိုးက ဒီလောက်တောင် ကြောက်နေရသော ဒီသိုက်ဆရာ၊ သိုက်တူးမည့်သူများနှင့် သိုက်အဆက်ဖြတ်မည့်သူများသည် တကယ်ပဲ သိုက်တူးနိုင်၍လော။ သို့မဟုတ် သိုက်ဆက်အထုံရှိသူကို တကယ်ပဲ ဖြတ်နိုင်ပါ၍လောဟူ၍ စဉ်းစားစရာကြီး ဖြစ်နေတော့သည်။ လူ့လောကတွင် တကယ်အမှန်အကန် အဘ၊ ပုဂ္ဂိုလ်နှင့် သီလ၊ သမာဓိနှင့်ပြည့်စုံသော သိုက်ဆရာနှင့် သိုက်အဆက် ဖြတ်ပေးမည့်သူတွေလည်းရှိသည်ဆိုသည့် အကြောင်းကို ဘဘမင်းဆိုသည့် သိုက်ချုပ်ဘိုးဘိုးကြီးသည် ထင်မြင်မိနေတော့သည်။

တစ်နှစ်ဆိုသော အချိန်ကာလတို့သည် မည်သို့မျှမကြာလိုက်ပါ။ ရင်သွေးဇာ ကတိပေးထားသော အချိန်ဖြစ်သည့် တန်ဆောင်မုန်းလရောက်ဖို့ နှစ်လအလိုမှာတော့ ထူးထူးဆန်းဆန်းများ တွေ့ရပါပြီ။ ရင်သွေးဇာသည် တစ်နှစ်လုံး ကုသိုလ်ကောင်းမှုနှင့်သာ မွေ့လျော်နေ၏။ ထို့ပြင် ဥပုသ်သီတင်းသီလခံဆောက်တည်ခဲ့သည်မှာ ဝါတွင်းကာလသုံးလပင် ဆောက်တည်ခဲ့၏။ သူမသည် မကြာခင် သိုက်မှပြန်ခေါ်၍ လိုက်၍သွားရမည်ဖြစ်သည်။ သူမ၏မိဘများနှင့် မောင်နှမများက တိုးတိုးတိတ်တိတ် သိုက်ဖြတ်ဆရာများနှင့် သက်တမ်းတိုးလိုသည်။ သို့သော် သူမက "လုံးဝမပြုလုပ်ပါနှင့်"ဆိုထားပါသောကြောင့် မည်သူမျှ မလုပ်ရဲပေ။ သူမသည် ဒီလူ့ဘဝတွင်နေရသည်မှာ ကျေနပ်လှပါပြီဟု ပြောနေပြီး မိမိကိုလည်း သူမ၏အိမ်သို့ အလည်ရောက်တိုင်း ခဏခဏ နှုတ်ဆက်စကားဆိုနေပြန်သည်။ မိမိကလည်း လူတစ်ယောက် ဒီဘဝမှ တခြားဘဝသို့ရောက်ရမည့် အဖြစ်ဆိုတော့ မယုံတစ်ဝက်၊ ယုံတစ်ဝက်နှင့် စောင့်ကြည့်နေရမည့် အဖြစ်ပေကိုး။ စောင့်ကြည့်ရဦးမည်ပေါ့။ ရင်သွေးဇာ၏ ဘဝ အချိန်ကာလသည်ကား နှစ်လ၊ နှစ်လ၊ နှစ်လပဲလိုတော့သည်လေ။

× × ×

## သိုက်ခေါ်လောင်းသံ

တန်ဆောင်မုန်း လပြည့်နေ့
ကျောက်ကာသိမ်ကုန်းသိုက်နန်းသို့
တော့မည့် ကာယကံရှင် ရင်သွေး
ရင်သွေးဇာတို့ မိသားတစ်စုလုံး စိုးရိမ်
ဖြင့် ဝိုင်း၍ကြည့်ရှုနေကြသည်။ သို
နန်းသို့ပြန်ရမည့် ရင်သွေးဇာကို အ
အချိန်မှာ ဘာဖြစ်မလဲဟူ၍သာ စော
ကြည့်နေကြသည်။ ရင်သွေးဇာတို့အိ
လာရောက်ခေါ်မည့်သူမှာ ကျောက်က
သိမ်ကုန်းသိုက်မှ သိုက်ချုပ်ဘိုးဘိုး
ဘဘမင်းပဲဖြစ်မည်လော၊ သို့မဟုတ်
က ရင်သွေးဇာ၏သိုက်ဘဝက အစ်
တော်သူ ကိုကြီးသီဟဆိုသည့် သို
ဆက်အကိုတော်ပဲ ဖြစ်မည်လော
သာ စောင့်ကြည့်၍ နေရရှာသော အ
သူ့အိမ်သားအများစုမှာ လပြည့်
မရောက်ခင် ရင်မော၍သာ နေကြ
သည်။ ရင်သွေးဇာကတော့ ဘာမှ
သလိုနေ၏။ ဆုံးဖြတ်ချက်တစ်ခုကို
ဖြတ်ထားပြီးပြီလား မပြောတတ်
တစ်နေ့သောအခါတွင် သိုက်ကြိုး
ပေးမည့် ပဲခူးမြို့ ဘုရားကြီးကျေး
ဘိုးတော်တစ်ပါး ရောက်ရှိလာခဲ့ရာ
ပုဂ္ဂိုလ်မှ ရင်သွေးဇာကို ရှေ့မှာထိုင်
ရင်သွေးဇာ၏ သိုက်ဆက်ဘိုးဘိုးနှင့်
ရုံးယူနေသည့် သိုက်ကြိုးဖြတ်ပေး
ဘိုးတော်တို့ စိတ်အဆက်အသွယ်
သည်ဟုဆို၏။ ထိုဘဘမင်းဆိုသူ
သိုက်ဆက်ကိုဖြတ်ပေးမည့် ဘိုး
အား ရင်သွေးဇာနှင့်သူတို့ကို သိုက်

www.burmeseclassic.com

ဖြတ်မပေးရန် တောင်းပန်စကားဆိုခဲ့သည်။ ထိုတောင်းပန်စကားမှာ သူ့ကို ဘယ်လိုမှ လူ့ဘဝမှာ ဆက်ထားလို့မရကြောင်းနှင့် သိုက်တွင်ရှိသော ဥစ္စာပစ္စည်း၊ ပစ္စည်းယမ်းများမှာ ရင်သူဇာရှိမှ ဖြစ်မည့် ပစ္စည်းတစ်ချို့ရှိကြောင်း၊ ထိုပစ္စည်းမှာ ပြည်တန်ပတ္တမြားဆိုသည့် နီရဲစိုရွှဲ၍ အလင်းဖြာထွက်နေသော ပြည်တန်ပတ္တမြားပင်ဖြစ်ကြောင်းနှင့် ၎င်းကို ကိုင်ဆောင်ခွင့်ကို ရင်သူဇာရရှိထားသည့်အတွက် ၎င်းမှာတာဝန်ရှိကြောင်း သိုက်ဆက်ကိုဖြတ်၍ မပေးပါရန် ၎င်းတို့ဘက်မှ တောင်းပန်ခဲ့သည်။ သိုက်ဆက်ဖြတ်ပေးရမည့် ဘိုးတော်ကလည်း ပြန်လည်တောင်းပန်၍ သူ့အား သူမ၏မိသားစုက နောက်ထပ်သက်တမ်း သုံးနှစ်ကို ဆက်လက်၍ တိုးပေးရန် တောင်းဆို၍ သူမှာ ထိုသို့လုပ်ပေးရမည်ဖြစ်ကြောင်း တောင်းဆိုပြန်သည်။ သို့သော် “သိုက်ချုပ်ဘိုးတော်ကြီး ဘဘမင်းမှ လုံးဝခွင့်မပေးချေ။ “မဖြစ်ဘူး” ဟူ၍သာ ပြောနေ၏။ ထိုနောက်တွင် သိုက်ချုပ်ဘိုးဘိုး ဘဘမင်းနှင့် သိုက်ကြိုးဖြတ်မည့် ဘိုးတော်တို့သည် တစ်ယောက်နှင့်တစ်ယောက် အတိုက်အခံများပြုပြီး၍ “သူနိုင် ကိုယ်နိုင်ဖြင့် ပြိုင်ကြမည်”ဟု ဆိုကြပြန်ရာ သဘောတူညီကြပြီး ကြိုးတစ်ချောင်းကိုယူ၍ တိုင်နှစ်တိုင်ကြားတွင် ချည်နှောင်ထား၏။ ထိုကြိုးတစ်ချောင်းကို ပြုလုပ်သူမှာ သိုက်ဘိုးတော် ဘိုးဘိုးဘဘမင်းမှ ပြုလုပ်ခြင်းမဟုတ်ဘဲ လူပုဂ္ဂိုလ်ဖြစ်သော သိုက်ဆက်ဖြစ်မည့်ဘိုးတော်မှ ပြုလုပ်ခြင်းဖြစ်သည်။ ကြိုးမှာ တော်တော်ခိုင်ခံ့သော နိုင်လွန်နှင့် ပလတ်စတစ်ကို ရောစပ်ထပ်၍ ပြုလုပ်ထားပါသော နှစ်ထပ်လိမ်ကြိုးဖြစ်သည်။ လုံးဝမပြတ်နိုင်ပါ။ တော်ရုံနှင့် မပြတ်နိုင်သည့် ကြိုးတစ်ချောင်းဖြစ်သည်။ သတ်မှတ်ထားချိန် အချိန်မိနစ်မှာ ၁၀ မိနစ်အတွင်း ထိုကြိုးမှာ နှစ်ပိုင်း၊ သို့မဟုတ် သုံးပိုင်းလောက် ပြတ်တောက်သွားပါက သိုက်ချုပ်ဖက်က အနိုင်ရရှိမည်ဖြစ်ပြီး ရင်သူဇာကို သိုက်ကပြန်ခေါ်သွားမည်ဟု ကတိပြုကြသည်။ ၁၀မိနစ်အချိန်တွင် ကြိုးမဖြတ်နိုင်ပါက လူပုဂ္ဂိုလ်ဖြစ်သော သိုက်ဆက်ဖြတ်ပေးမည့် ပဲခူးဘိုးတော်မှ နိုင်မည်ဖြစ်သည်။ ထို့နောက် ၎င်းတို့သည် အတူတကွ လပြည့်နေ့မတိုင်ခင် တစ်ရက်အလိုတွင် ပြိုင်ကြပါပြီ။ ၁၀ မိနစ်အချိန်ဖြင့် စတင်ခဲ့ရာ သိုက်ကြိုးမှာ ၁၀ မိနစ် မပြည့်ခင်မှာပင် အလိုလိုနေရင်း မည်သူမှ မည်သို့မျှမလုပ်ရပါဘဲ အပိုင်းပိုင်းပြတ်၍သွားပါတော့သည်။ ထိုအချိန်တွင် လူမတွေ့ရဘဲ ရယ်သံနှင့်အတူ အောင်ပွဲခံသော အင်မတန်မှသာယာလှသော ခေါင်းလောင်းသံကိုကြားလိုက်ရသည်။ ထိုသာယာလှသော ခေါင်းလောင်းသံမှာ လူပြည်မှ အမြဲတီးသော ခေါင်းလောင်းထိုးသံနှင့်မတူဘဲ တော်တော်ကိုသာယာနာပျော်ဖွယ်ရှိပြီး ထိုခေါင်းလောင်းသံ၏ အသံမျိုးကို လူ့ဘဝတွင် မည်သူမျှ မကြားဘူးချေ။ တကယ်တော့ သိုက်ချုပ်ဘိုးတော်ကြီး ဘဘမင်း၏ အောင်ပွဲရခေါင်းလောင်းသံပင် ဖြစ်ပါတော့သည်။

ပဲခူးဘိုးတော်မှာမူ “သူရှုံးသွားပြီ” ဟု အိမ်သားများကို လှည့်၍ပြောလိုက်၏။ သူမကို မိမိတို့လူ့ဘဝဘက်မှ လက်လွှတ်၍ သိုက်နန်းသို့သာ ပြန်ခွင့်ပေးရတော့မည်ဟူ၍သာ ပြောကြားပြီး ပဲခူးဘိုးတော်မှာ နောက်ကြောင်းသို့ပြန်လှည့်၍ ပြန်သွားပါတော့သည်။ ရင်သူဇာမှာမူ ရင်သူဇာမှာမူ ထိုင်နေရင်းနှင့်ပင် ခေါင်းလောင်းသံကြားကတည်းက မည်သည့်စကားမှပင် မပြောနိုင်ဘဲ လဲ၍ကျသွားကာ မေ့မြော၍သွားခဲ့တော့သည်။ ရင်သူဇာကို အိမ်သားများက ထိုမေ့မြောနေသည့်အတိုင်းပင် ထားလိုက်ကြပါတော့၏။ မည်သူမျှ မတတ်နိုင်သည့်ကိစ္စ။ ဘယ်သူမှမကယ်နိုင်ကြပေ။ လပြည့်နေ့ ညနေခင်း ဆည်းဆာချိန်ရောက်လာသောအခါတွင်တော့ ရင်သူဇာတို့တစ်အိမ်လုံး လှုပ်ခါသွားသလို အိမ်ကြီးတစ်အိမ်လုံး ယမ်းခါသွားသလို အားလုံးခံစားလိုက်ရ၏။ ထို့နောက် အရပ်လေးမျက်နှာမှ အမွှေးနံ့သာတို့သည် မွှေးပျံ့သင်းထုံနေလျက်ရှိကြ၏။ အားလုံးက အမွှေးနံ့သာကို ရှူရှိုက်ကြည့်ရင်း မေ့မြောနေသော ရင်သူဇာကို တစ်ချက်လှမ်းကြည့်လိုက်ရာ ၎င်းနားတွင် မြူမြူအရိပ် သဏ္ဍာန်တစ်ခုကို မြင်လိုက်ရ၏။ တစ်ချိန်တည်းမှာ မနေ့ကကြားလိုက်ရသော ခေါင်းလောင်းသံကို မည်သည့်နေရာမှ ပေါ်လာပြီး မည်သူတီးသည်မသိ။ ခေါင်းလောင်းထိုးသူမရှိပါဘဲ သာယာနာပျော်ဖွယ်ရာ ကြားလိုက်ရပြန်သည်။ ထိုအချိန်တွင် ခေါင်းလောင်းသံကြောင့် ရင်သူဇာကို



www.burmeseclassic.com

www.burmeseclassic.com

အားလုံး စိုးရိမ်တကြီး စိုက်၍ကြည့်နေသည့်အချိန်တွင်တော့ ရင်သွေးဇာ၏ ခန္ဓာကိုယ်မှာ အနည်းငယ်လှုပ်ရှားလာပြီး နှုတ်မှ "လိုက်ခဲ့ပါပြီ ကိုကြီးသီဟရယ်။ ညီမလေးစုနန်းသက်လျာ လိုက်ခဲ့ပါပြီ" ဟုပြောရင်း ရင်သွေးဇာမှာ ငြိမ်သက်၍ လူ့ဘဝမိသားစုထဲမှ သိုက်နန်းမိသားစုများရှိရာသို့ ပြန်သွားပါတော့သည်။ အနားတွင် ထိုင်၍ကြည့်နေသော မိမိမှာ တစ်ခုတည်းသော စိတ်ကူးတစ်ခုရလိုက်သည်။ ငါသွားကိုသွားမှဖြစ်မည်။ ထိုမော်ဇာမြို့မှ ကျောက်ကာသိမ်ကုန်းကို သွားမှဖြစ်မည်ဟူ၍သာ ဆုံးဖြတ်ချက်ချထားလိုက်ပါတော့သည်။

ကိစ္စများပြီး၍ တစ်လလောက်ကြာသော အချိန်ကာလတွင် စာရေးသူ မိမိသည် ကျောက်ကာသိမ်ကုန်းသိုက်သို့ရောက်ရှိသွားရာ အင်မတန်မှ ထူးဆန်းမှုများနှင့် ကြုံတွေ့လိုက်ရပါသည်။ ထိုကျောက်ကာသိမ်ကုန်းကျောင်းမှ ဆရာတော်မှနေ၍ မိမိအား သိုက်နှင့် ပတ်သက်၍ ဖြစ်ကြောင်းကုန်စင်ပြောပြလိုက်သောအခါတွင်တော့ . . .။

× × ×

## သိုက်ကပြန်ယူသွားသော ပုလဲပုတီးလေး

ကျောက်ကာသိမ်ကုန်း ဆရာတော်မှာ မော်ဇာရွာသားစစ်စစ်ဖြစ်ပြီး ထိုဆရာတော်ဘွဲ့နာမည်မှာ ဦးဝိမလဖြစ်သည်။ ထိုဆရာတော်၏ ဘိုးဘွားစဉ်ဆက်သည် ကျောက်ကာသိမ်ကုန်းကျောင်းတိုက်တွင် ဆရာတော်ကြီးများဖြစ်ခဲ့ကြသည်။ ထို့ကြောင့်လည်း ဆရာတော်သည် ငယ်စဉ်ကလေးဘဝကတည်းကပင် ထိုကျောင်းတွင် ဘကြီးဆရာတော်ဘုရားများ၏ လက်ထဲတွင် ကြီးပြင်းလာခဲ့ခြင်းဖြစ်သည့်အလျောက် ကျောင်း၏ အစဉ်အဆက် သမိုင်းကြောင်းကို သိထားသူပင် ဖြစ်သည်။ ရင်သွေးဇာတို့မောင်နှမသိုက် ရှိသည်ဆိုခြင်းကြောင့် မိမိသည် ထိုကျောက်ကာသိမ်ကုန်းသိုက်သို့ ဒုတိယအကြိမ်ရောက်ရှိ၍ သွားပြန်ပါသည်။ မိမိတို့ကျောင်းရောက်သောအခါတွင် အမွှေးနံ့သာတစ်ခုကို ရှူရှိုက်မိသည်။ မိမိ၏မိတ်ဆွေနှစ်ဦးနှင့် သွားခြင်းဖြစ်သဖြင့် ၎င်းတို့လည်း အနံ့တစ်ခုရရှိကြောင်းကို မိမိကိုပြောပြသည်။ သူတို့သည် တစ်ခုခုထူးဆန်းနေသလိုမျိုး ခံစားရသည်ဟုဆိုသည်။ သည်ဖြစ်ရပ်က ပထမဆုံးကျောင်းထဲသို့ ဝင်လာလာခြင်း ဖြစ်ရပ်ဖြစ်သည်။ ထိုကျောင်းတွင် ပထမဆုံးကျောင်းထိုင်ဆရာတော်၏ ရေတွင်းဟောင်းတစ်တွင်းရှိသည်။ ထိုရေတွင်းထဲမှနေ၍ စကားပြောသံ သဲ့သဲ့လေးကို ကြားလိုက်ရ၏။ မည်သူမှလည်း အနားတွင်မရှိပါဘဲနှင့် ကြားလိုက်ရခြင်းဖြစ်သည်။ မိမိသည် ရေတွင်းဟောင်းကြီးအနားတွင် တစ်ယောက်တည်းရှိနေခြင်း ဖြစ်သည်။ မိတ်ဆွေနှစ်ဦးက သိမ်ကုန်းကျောင်းပေါ်တွင် ဆရာတော်ဦးဝိမလနှင့် စကားပြောနေသည်။ ဆရာတော်သည် မိမိကို ကျောင်းပေါ်သို့တက်လာပါရန် လှမ်းခေါ်လိုက်သောအချိန်တွင် မိမိ၏လက်ကို တစ်စုံတစ်ယောက်မှ လှမ်း၍ပုတ်လိုက်သလို ခံစားလိုက်ရ၏။ မိမိက ကျောင်းပေါ်သို့တက်ရော့ လျှောက်သွားမှုနေ၍ -

"ရင်သွေးဇာရေ . . . ငါတို့ကိုတေ မနှောင့်ယှက်ပါနဲ့၊ စောင့်ရှောက်ပါရှေ နှင့်အတွက် အလှူလာလုပ်တာ"

ဟု မိမိက ပြောလိုက်သောအ တွင် သိုက်ချုပ်ဘိုးဘိုး ဘဘမင်းဦ ကြွလာစဉ်တုန်းကအတိုင်း အမွှေ တစ်ခု ရလိုက်ပါတော့သည်။ ကျော ပေါ်သို့ တက်လိုက်သောအခါတွင် -

"ဘုန်းဘုန်းဘုရား ဒီမှာသိုက် တယ်ဆိုတာ အမှန်ပဲလားဘုရား"

ဟု ပြောလိုက်သောအခါတွင်

"ဒကာမလေးရယ် . . . ရှိတာပေ သိုက်မှ ကြီးကြီးကျယ်ကျယ် သိုက်တ ခုပါပဲ ဒကာမလေး။ ဒီမော်ဇာရွာတ အရင်က အမိပတိ သရေခေတ္တရာ ဝန်းတစ်ခု ဖြစ်ခဲ့ဖူးတာလေ။ အထ ကရတွေရှိတာပေါ့"

ဟု ဆရာတော်မှ မိန့်တော်မူ သည်။ မိမိက "ဒါဆို ထူးထူးခြားခြာ တွေ ဆရာတော် မတွေ့ဘူးလားဘုရာ

ဟု မေးရာ ဆရာတော်မှ -

"အင်း . . . ထူးထူးခြားခြားတေ တွေ့ရတာပေါ့ကွယ်။ အသံတွေကြာ တယ်။ နောက်ပြီး အမွှေးနံ့သာတွေ တယ်။ သူတို့ရှိကြောင်းလည်းပြတယ် တစ်နေ့ ဘုန်းကြီးရဲ့ဘကြီး ဆရာတေ လက်ထက်မှာပေါ့။ ဘုန်းဘုန်း ကလေးဘဝပဲရှိသေးတာပေါ့။ အဲ အချိန်မှာ မိန်းကလေးတစ်ယောက်နှ ယောက်ျားလေးနှစ်ယောက် ကျေ ပေါ်ကိုရောက်လာတယ်။ အဲဒီဘုန်း

www.burmeseclassic.com

ဘုန်းဘုန်းက ကလေးဆိုတော့ ကျောင်းအောက်မှာ ဖန်လုံးလိုမ့်တမ်းကစားနေတာ။ ကျောင်းအိမ်၊ ကျောင်းစားတွေနဲ့ပေါ့"


ဟု ပြောပြပြီး ခဏရပ်ကာ သံဆော်ခွက်ပောင်းထဲမှ ရေနွေးကြမ်းခါးခါးတစ်ခွက်ကို သောက်နေပါတော့သည်။ ပြီးမှ -

"အဲဒီမိန်းကလေးရဲ့ လက်ထဲမှာ ပန်းမျိုးစုံကိုင်လာပြီး ယောကျ်ားလေးနှစ်ယောက်ကတော့ သက်န်းတစ်စုံစီကိုင်လာပြီး ကျောင်းပေါ်တက်သွားတာမြင်လိုက်ရတယ်။ ဘုန်းဘုန်းက ကျောင်းထိုင်ဆရာတော်ကြီးရဲ့ ညီမဝမ်းကွဲရဲ့သားဆိုတော့ ဆရာတော်ရဲ့တူတော်တာပေါ့။ ဆရာတော်က ဘုန်းဘုန်းတို့လိုပဲ ငယ်ရွယ်ကွဲ၊ ဒါနဲ့ ကျောင်းအောက်က ကျောင်းသားတစ်ယောက် လာစမ်းဆိုတော့ မောင်မြဆိုတဲ့ကျောင်းသားက ကျောင်းပေါ်ကိုပြေးတက်သွားတာ ဘုန်းဘုန်းမှတ်မိသေးတယ်။ ဆရာတော်က ပန်းတွေကို ဘုရားကပ်ဖို့ မောင်မြကို ထုမ်းပြောတယ်။ အဲဒီအချိန်မှာ ဆရာတော်က ဟဲ့…ဧည့်သည်တွေကို ရေနွေးကြမ်းချပေးပါဦးဟု ပြောလည်းပြော ဘုန်းဘုန်းက တစ်ဆက်တည်း ဧကာမလေးတို့မောင်နမတစ်တွေက ဘယ်မှာနေကြတာတုန်းဟု မေးလိုက်သောအခါကျတော့ ဘုန်းဘုန်းဘုရား…တပည့်တော်တို့ဟာ ဘုန်းဘုန်းတို့ ကျောင်းရဲ့အနီးတစ်ဝိုက်မှာပဲ နေပါတယ်ဘုရား။ နောက်ပြီး တပည့်တော်တို့ကို အုပ်ချုပ်ထားတော့ ဘိုးဘိုးဘဘမင်းက အုပ်ချုပ်ပါတယ်ဘုရားဟု ပြန်ဖြေကြားသည်။ ထို့နောက် အဖေ၊ အမေ မရှိကြဘူးလားဟု ဆရာတော်မှမေးရာ အဖေ၊ အမေအတွက် ရည်စူးပြီး ဒီသင်္ကန်းလာကပ်တာပါဘုရားဟု ပြောလိုက်၏။ ဆရာတော်မှ ဒါဆိုရင် အဖေ၊ အမေ ခုံးပါးသွားတာကော ဘယ်လောက်ကြာပြီလဲဟု မေးလိုက်သောအခါတွင် မောင်နမနှစ်ယောက်ထဲမှ အစ်ကိုဖြစ်သူက အနှစ် ၃၀၀ လောက်တော့ ရှိတော့မယ်ဘုရားဟု ပြောလိုက်သောအခါတွင် ဆရာတော်လည်း မျက်လုံးပြူးပြီးကြည့်လိုက်သောအခါတွင် ထိုမောင်နမသုံးယောက်မှာ ဘုန်းကြီး၏ မျက်စိအောက်မှာပင် ပျောက်ခြင်းမလှ ပျောက်ကွယ်၍သွားပါတော့သည်"

ဟု ယခုလက်ရှိ ဆရာတော်ဦးဝိမလမှ သူ၏ ငယ်စဉ်က ဖြစ်ရပ်တို့ကို မှတ်မိသမျှ ပြောပြပါသည်။ ထိုအချိန်မှစ၍ ထိုနေရာ၊ ထိုဒေသတွင် "သိုက်မောင်နမများ"ရှိကြောင်း သတင်းကြီးသွားပါတော့သည်။ ထိုနားမှ ဗောဓိညောင်ပင်ကြီးသည်လည်း အနှစ် ၄၀၀ ကျော် ၅၀၀ နီးပါးရှိသည်ဟု ပြောပြပါသည်။ မိမိသည်လည်း ထိုဗောဓိညောင်ပင်ကြီး၏ အနီးသို့သွားရောက်ပြီး အမျှအတန်းပေးဝေကာ သိုက်မောင်နမတွေကို ယခုပြုသမျှ ကုသိုလ်ကောင်းမှုများကို အမျှပေးလိုက်မိပါတော့သည်။ အမျှသံပေးပြီးသောအခါတွင် သင်းထုံလှသော အမွှေးရနံ့နှင့်အတူ မိမိတို့တစ်တွေမှာ သာယာနာပျော်ဖွယ်ဖြစ်သော ခေါင်းလောင်းသံကို ကြားလိုက်ရပါတော့သည်။ မိမိတို့မှာ ခေါင်းလောင်းသံကို နားထောင်ရင်းကြက်သီးများ အဖုလိုက်ထသွားပါတော့သည်။ ပြီးမှ ကျောင်းထိုင်ဆရာတော်ဦးဝိမလနှင့်အတူ ထိုဗောဓိပင် ညောင်ပင်ကြီး၏ ဘေးပတ်လည်တွင် ရေသွန်းလောင်းပြီး ရင်သူဇာ လွှာဘဝတွင် မိမိကိုပေးထားခဲ့သော ပုလဲပုတီးလေးကို ညောင်ပင်၏အောက်ခြေတွင်ထားခဲ့ပြီး မိမိတို့တစ်တွေသည် ကျောင်းပေါ်သို့ ပြန်လာခဲ့ကြပြီး ခဏအကြာတွင် ထိုနေရာသို့ ပြန်လည်သွားရောက် ကြည့်လိုက်သောအခါတွင် လူသူအရောက်အပေါက်နည်းသော ဗောဓိညောင်ပင်ကြီး၏ အောက်ခြေတွင် ပုလဲပုတီးလေးမှာ မည်သူတစ်ဦးတစ်ယောက်မှ မရှိပါဘဲနှင့် လုံးဝပျောက်ကွယ်သွားခဲ့ပါပြီ။ သိုက်နန်းသို့ ရောက်ရှိသွားသော ရင်သူဇာမှာ မိမိတို့ သူမဆီရောက်လာခဲ့သည်ကို အဘယ်မျှပျော်ရွှင်ပြီး သူမသည် လွှာဘဝတွင် မိမိကို သူမြတ်နိုးစွာပေးခဲ့သော တစ်ခုတည်းသော လက်ဆောင်ပုလဲပုတီးလေးကို သူမရှိရာသိုက်သို့ အရောက်လာပြီး ပြန်လည်ပေးခဲ့သောကြောင့် သူမသည်လည်း သိုက်ဘဝတွင် မည်မျှဝမ်းသာပြီး ကြည်နူးနေမည်ကို မိမိတစ်ယောက်တည်းသာ သိနိုင်သော အသိတစ်ခုဖြင့် မိမိသည် ရွှင်ပြုံးပျော်ရွှင်စွာ မှန်းဆအတွေးများဖြင့် ကျောက်ကာသိမ်ကုန်းမှ ပြည်မြို့ကြီးဆီသို့ ပြန်လည်ထွက်ခွာလာခဲ့ပါတော့သတည်း။

မနှင်းပွင့်(ပြည်)

www.burmeseclassic.com



# ဆေးဖက်ဝင်သည့် မိခင်ပထဝီမြေ

ကျော်ဇောဟိန်း(နံ့သာ)

မိခင်ပထဝီမြေကြီးသည် လူသားများနှင့် သတ္တဝါများအတွက် အသက်ရှင်ရေး၊ နေထိုင်ရေး၊ သွားရေး၊ လာရေးအတွက် ပံ့ပိုးပေးသလို မိမိ၏မြေပေါ်တွင် သဘာဝအလျောက်ပေါက်လာသော နွယ်မြက်သစ်ပင်များ၏ အသီး၊ အပွင့်၊ အခေါက်၊ အမြစ်တို့ကိုလည်း လူသားတို့နှင့် သတ္တဝါများအတွက် အာဟာရနှင့် ဆေးဖက်ဝင်အပင်များအဖြစ် အကျိုးပြုနေပါသည်။

ကျေးဇူးကြီးမားလှသော မိခင်ပထဝီမြေကြီးသည် သတ္တဝါအများကို သူ၏ ရင်ဝယ်သားကဲ့သို့ သဘောထားရှိလေသည်။ ဤမိခင်ပထဝီမြေကြီး ဆေးဖက်အသုံးဝင်ပုံကို လူတိုင်း မသိကြသော်လည်း ဆေးပညာလိုက်စားသူများနှင့် လူကြီးသူမများကတော့ သိရှိကြလေသည်။ လောကတွင် ဓာတ်ကြီးလေးပါး ရှိသည်ကိုတော့ လူတိုင်းသိကြပါသည်။ ဓာတ်ကြီးလေးပါးတွင် ပထဝီမြေဓာတ်သည် ခိုင်မြဲ ခက်ထန်၊ ကြမ်းတမ်းသော ဓာတ်ဟုရှေးဆရာမြတ်တို့က ဆိုကြပါ

ဓာတ်ကြီးလေးပါးသည် သတ္တဝါတို့၏ ကိုယ်တွင်းလည်း ရှိ၏၊ ကိုယ်ပမှာလည်းရှိ၏။ ထို့ကြောင့် လူတို့
တစ်ခါတစ်ရံ ပထဝီမြေဓာတ်ပါသည့် အစားအစာမျ
စားသုံးမှုနည်းပါးသောအခါများတွင် အိပ်မက်များမက်
သည်။ သစ်ပင်ပေါ်မှ လိမ့်ကျခြင်း (သို့မဟုတ်) အမြင့်
နေရာရာမှ အောက်သို့ကျ၍ ရင်ထဲတွင်အေးသွားခြင်း
သော ခံစားမှုမျိုးကို ခံစားရတတ်သည်။

တိုင်းရင်းဆေးပညာအရ ပထဝီမြေဓာတ်ပါ
အစားအစာများကို စားပေးရမည်ဖြစ်လေသည်။ ဥပမာ
ဖြင့် ကြက်သား၊ ယုန်သား၊ ဆိတ်သား၊ နွားသား၊
သမင်သား၊ စိုင်၊ ဆတ်၊ နှမ်း၊ မြေပဲတို့ကို စားပေး
ဖြစ်လေသည်။ မြေကြီးသည် ဘုရားလက်ထက်ကတည်
ဆေးဖက်ဝင်သော အခန်းကဏ္ဍမှပါဝင်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်လက်ထက်တော်က ရဟန်းပျိုကလေးတစ်ပါးသည် ဆွမ်းခံရင်း သူ့ကိုချစ်ခင်နေသော အိမ်ရှင်မိန်းကလေးတစ်ဦး၏ (ခပ်ဆေး)ကျွေးခြင်းခံရလေသည်။ ထိုရဟန်းတော်ကလေးမှာ ဆေးကြောင့် မေ့လျော့ထိုင်းမှိုင်းသော ရောဂါဖြစ်လေတော့သည်။ ထိုအကြောင်းကို ဘုရားရှင်အားလျှောက်ထားရာ ဘုရားရှင်ကိုယ်တော်မြတ်က "အနုဇာနာမိ ဘိက္ခဝေ သီတာ လောလိပါရယတုံ"အစရှိသည့် ဆေးနည်းကို ခွင့်ပြုတော်မူသည်။

ဤကဲ့သို့သော ရောဂါ၊ ခပ်ဆေး၊ ဝီယဆေး မိခဲ့သည်ရှိသော် လယ်သမားများ လယ်ထွန်ရာတွင် အသုံးပြုသော ထယ်သွား၊ ထွန်သွားများ၌ ကပ်နေသောမြေစိုင်ခဲကို ရေနှင့် ဖျော်၍တိုက်ရမည်ဟု ဆိုလိုသည်။ ဤကား ဘုရားရှင် ခွင့်ပြုတော်မူသော ဆေးပင်ဖြစ်ပါသည်။ ဘုရားရှင်ခွင့်ပြုတော်မူသော ဆေးပင်ဖြစ်ပါသည်။ ဘုရားရှင်ခွင့်ပြုသော ဤဆေးကြောင့်ပင် ထိုရဟန်းတော်ကလေးသည် ရောဂါပျောက်ကင်းသွားရလေသည်။

ယခုခေတ်တွင် အထက်ပါကဲ့သို့ ခပ်ဆေး၊ ဝီယဆေးများမိခဲ့သော် ထယ်သွား၊ ထွန်သွားတစ်ခုခုတွင် ကပ်နေသော မြေကိုယူပါ။ ၎င်းနောက် ရေသန့်သန့်၊ သို့မဟုတ် ဘုရားစင်ရေမှ သောက်တော်ရေကိုဖျော်၍ ဘုရားဂုဏ်တော်ကိုးပါးကို ရွတ်ဆိုကာ တိုက်ကျွေးပါ။ လက်ငင်းသက်သာပျောက်ကင်းစေပါသည်။ ယနေ့တိုးတက်နေသော သိပ္ပံခေတ် ရောက်ရှိနေသည့်တိုင်အောင် လူသားတို့သည် မိခင်မြေကြီးနှင့် ကင်းကွာ၍မရသေးပေ။ မြင့်မားသောတိုက်တာအဆောက်အအုံများ ဆောက်လုပ်ရာတွင်လည်း မိခင်မြေလွှာသည် အဓိကနေရာမှ ပါဝင်လျက်ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် တိုက်တာ၊ အဆောက်အအုံများဆောက်သောအခါ အုတ်နီခဲများသည် "မြေကြီး"ဖြစ်ပါသည်။ မြေကြီးကို ပုံသွင်းပြီးမီးဖုတ်ထားခြင်းကြောင့် အုတ်နီခဲများ ဖြစ်လာရပါသည်။ ထို့အပြင် ဘိလပ်မြေဆိုသည်မှာလည်း မြေဖြူမှုန့်တစ်မျိုးမှ ထုတ်လုပ်ထားခြင်းဖြစ်ပါသည်။ ခေတ်တွေအဆက်ဆက် ပြောင်းလဲတိုးတက်လာခြားသော်လည်း ယနေ့အထိ လူတို့အနီးအနားတွင် အမြတ်တနိုးထားလေ့ရှိသောအရာမှာ မြေကြီးဖြင့် ပြုလုပ်ထားသော (သောက်ရေအိုး)ပင်ဖြစ်လေသည်။ မြေနှင့်ပြုလုပ်ထားသော သောက်ရေအိုး၊ သဲမြေများဖြင့် ရောစပ်ပြုလုပ်သော သောက်ရေအိုးတို့ဖြစ်ကြပါသည်။ သဘာဝမြေကြီးဖြင့်ပြုလုပ်သော သဲမြေအိုးသည် ရာသီမရွေး အေးချမ်းလျက်ရှိပြီး သောက်သုံးသူများ၏ ရင်ကိုအေးမြကြည်လင် လန်းဆန်းစေပါသည်။

သဘာဝအလျောက် အေးချမ်းလျက်ရှိနေသော သောက်ရေအိုးထဲသို့ ပိုမိုအေးစေလိုသော ဆန္ဒဖြင့်သဘာဝလွန်ကဲ၍ရလာသော ရေခဲတုံးများကိုထည့်လိုက်ပါက သဘာဝအေးလျက်ရှိနေသော သောက်ရေအိုး၏ဓာတ်သည် ပျက်စီးသွားပြီး နောက်ရက်များတွင် ယခင်ကကဲ့သို့ မအေးနိုင်တော့ပါ။ (ဒန်၊ သတ္တု၊ ကြေးအိုးများ မပေါ်ခင်အခါက လူတို့သည် မြေအိုးများနှင့် ထမင်း၊ ဟင်းများကို ချက်ပြုတ်လေ့ရှိကြပါသည်။ မြေအိုးနှင့်ချပ်ပြုတ်ထားသော ထမင်း၊ ဟင်းများသည် မြေသင်းရနံ့ကလေးများ မွှေးကြိုင်လျက်ရှိနေပါသည်။ မြေအိုးနှင့်ချက်ပြုတ်စားသောက်ရသော ခေတ်ကလူတို့သည် ဒေါသ၊ မောဟ၊ မာနတို့ကင်းဝေးကြပါသည်။ လူအချင်းချင်း ကိုယ်ချင်းစာနာ၍ ကူညီရိုင်းပင်းတတ်ကြပါသည်။ မကောင်းကြံသော စိတ်မျိုးမရှိကြပါ။ ထို့ကြောင့် မြေအိုးနှင့် ထမင်းဟင်းချက်ပြုတ်စားရသောခေတ်က လူသားတို့သည် ရောဂါကင်း၍ အသက်ရှည်ကြလေသည်။ (ယနေ့ တိုးတက်ပြောင်းလဲနေသော သိပ္ပံခေတ်တွင် ဒန်၊ သတ္တု၊ ကြေး၊ စတီးအိုးများက နေရာယူထားကြသော်လည်း မြန်မာလူမျိုးတို့၏ မီးဖိုချောင်တွင် ယနေ့အထိ မပစ်ပယ်နိုင်သေး၍ အထင်အရှားရှိနေသော အိုးကတော့ ငါးပိရည်ကျိုသော မြေအိုးလေးပင် ဖြစ်လေသည်။ လူသားတို့သည် နှောင်နှစ်ပေါင်းများစွာတိုင်အောင် မြေကြီးကို ပစ်ပယ်လို့ရမည် မဟုတ်နိုင်သေးပေ။

### ဆေးဖက်အဝင်ဆုံး မြေကြီးကိုသုံး

#### အပူကိုက်နာ

ကိုယ်ပူအဖျားမရှိဘဲ ပခုံး၊ လက်မောင်း၊ လက်ဖျားကျော၊ တင်ပါး၊ ခြေသလုံး၊ ခြေဖမိုး၊ ဘယ်နေရာမျိုးကို မဆိုထုံကျင်ကိုက်ခဲတတ်၏။ အပူကိုက်နာကို စမ်းသပ်ကြည့်သော် အသားမှာ ပူ၏။ အသားလည်း ကြွတတ်၏။ ဤကဲ့သို့ ရောဂါ



www.burmeseclassic.com

www.burmeseclassic.com

မျိုးဖြစ်လျှင် နွေရာသီဖြစ်ပါက မြေနီကိုယူ၍ ရေနှင့်ဖျော်ပြီး လိမ်းကျံပေးပါက သက်သာပျောက်ကင်းစေပါသည်။

**မီးယပ်သွေးသွန်**

မြေတစ်ဆုပ်ကိုယူ၍ ရေတစ်ခွက်တွင်ဖျော်ကာ ၁၀ မိနစ်ခန့်စိမ်ထားပြီး အပေါ်ယံရေကြည်ကိုသောက်ပါက သက်သာပျောက်ကင်းချမ်းသာပါသည်။

**ပျားရည်သည်းသော်**

မြေကြီးကို မန်ကျည်းစေ့နှစ်စေ့ခန့် စားပေးလျှင် သက်သာပျောက်ကင်း ချမ်းသာစေပါသည်။

**ဒွလာမီးယပ်ပျောက်ဆေး**

မြေကြီးကို မီးတွင်ရဲအောင်ဖုတ်ပါ။ (၎င်းမြေကို မြေသဲခင်းဟု ခေါ်ပါသည်။) ကြက်သွန်ဖြူဥတစ်လုံးကို ဓားနှင့်အဖျားဘက်မှလှီးပြီး အခေါင်းလုပ်ပါ။ ထို့နောက် ဘိန်းခြောက်ရွေးသားထည့်၍မီးကင်ပါ။ မြေသဲခင်းကို အရည်ဖျော်၍ ၎င်းရေကြည်နှင့် ကြက်သွန်ဖြူ မီးကင်ကိုကြိတ်ပါ။ လက်ဖက်ရည်တစ်ငွန်းခန့် လုံးထားပြီး ၎င်းကို တစ်နေ့နှစ်လုံးမှ သုံးလုံးအထိ တိုက်ကျွေးနိုင်ပါသည်။ (ရောဂါသက်သာလျှင် လျှော့၍တိုက်ပါ။)

**မြွေဆိပ်ပျောက်ဆေး**

မြေကြီး၊ ကျင်ကြီး၊ ကျင်ငယ်၊ သစ်ရွက်စိမ်း ၎င်းလေးပါးကို အညီအမျှထည့် ဖော်မံပြီး မီးကျွမ်းအောင်ဖုတ်၊ ၎င်းပြာကို ပုလင်းနှင့်ထည့်ထားပြီး မြွေကိုက်သူကို တိုက်လည်းတိုက်၊ လိမ်းလည်းလိမ်းကျံပေးပါ။

မြေညီသည် သည်းခြေသလိပ်ကို ပယ်တတ်၏။ ထိခိုက်ဒဏ်ရာရခြင်း၊ မီးယပ်နီ၊ သွေးဖောက်ပြန်ခြင်း၊ မီးယပ်ရောဂါမှန်သမျှကို သက်သာပျောက်ကင်းစေ၏။

မြေဖြူသည် အနာပေါက်၊ မျက်စိရောဂါ၊ သွေးဖောက်ပြန်ခြင်းတို့ကို သက်သာပျောက်ကင်းစေ၏။ သည်းခြေနှင့် အပူကိုပယ်တတ်၏။

**အပူနာအဖုအကျိတ်**

ဤရောဂါများကို မြေကြီးဖြင့်ပြုလုပ်ထားသော ရေအိုးတွင်ထည့်ပြီး အသုံးပြုပြီးသားသန့်ရှင်းသော အိုးကွဲ (သို့မဟုတ်) အိုးခြမ်းကွဲများကိုသွေး၍ လိမ်းပေးပါက အပူနာကြောင့်ဖြစ်သော အဖုအကျိတ်အနာများကို ပျောက်ကင်းချမ်းသာစေပါသည်။

**ထိခိုက်ရှနာဖြစ်သော်**

မြေကြီးနှင့်ပြုလုပ်ထားသော အုတ်နီခဲများကို အမှုန့်ပြုလုပ်ပြီး သိပ်ပေးပါက သွေးထွက်ခြင်းရပ်တန့်ပြီး ထိခိုက်ရှနာများလည်း သက်သာပျောက်ကင်းချမ်းသာစေပါသည်။

**ဖားပြုပ်ကိုက်ပျောက်ဆေး**

ဖားပြုပ်ကိုက်၍ ပြင်းစွာအနာရသော် မြေကြီးဖြင့်ပြုလုပ်ထားသော အုတ်နီခဲများကို အမှုန့်ပြု၍ဖြူး၊ အနာနေရာကို ရေတွင်ဖျော်၍လိမ်း၊ အနည်းငယ်သောက်၊ ဖားပြုပ်ကိုက်ခါစဖြစ်လျှင် လိမ်းရုံမျှနှင့် မျက်စိအောက်တွင် သက်သာပျောက်ကင်းစေသည်။ ကိုက်ခါစမဟုတ်ဘဲ ငန်းရောက်သောအခါမျိုးနှင့်ကြုံလျှင်မူကား ၎င်းအုတ်ခဲမှုန့်ကိုပင် ကန်စွန်းရွက်၊ ဘူးရွက် ရရာအရွက်များနှင့် ထောင်းချေရောစပ်၍ အနာနေရာကို လိမ်းပေးခဲ့သော် ဖားပြုပ်ကိုက်ခြင်း အနာရောဂါသက်သာပျောက်ကင်း ချမ်းသာစေ၏။

**အရပ်ဖျားကာကွယ်ဆေး**

မိမိအရပ်မှ အခြား ရေခြား မြေခြားသွားသောသူသည် ရေခံမြေခံမရှိပါက ဖျားနာပြီး ၄က်ဖျားရောဂါ ဝင်တတ်ပါသည်။ ဤသို့မဖြစ်ရလေအောင် မိမိရောက်သည့် အရပ်ဒေသများတွင် မြေကြီးအနည်းငယ်ယူ၍ ရွှေးငယ်ခန့် သုံးလုံးလုံးပါ။ ပြီးသောအခါ သောက်ရေသုံးငုံစာနှင့် သောက်ထားပါက မြေခံရေခံ ဝမ်းထဲသို့ရောက်ရှိနေသဖြင့် ဖျားနာရောဂါများ အလွယ်တကူဝင်ရောက်နိုင်ခြင်း မဖြစ်နိုင်တော့ပါ။

ကျော်ဇောဟိန်း(နံ့သာ)



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မြမြလှိုင်

www.burmeseclassic.com

www.burmeseclassic.com

# အဆုံးမဲ့ စီးဆင်းခဲ့သော်လည်း

■ မြမြလှိုင်

ဦးခေါင်းတစ်ခေါင်းလုံး အုံခဲနှာကျင်နေသလို ခံစားရသည်။ တစ်ညလုံး နှစ်နှစ်ခြိုက်ခြိုက် မအိပ်လိုက်ရ။ မပျော်တစ်ဝက်၊ ပျော်တစ်ဝက် ဇမ်းစက်ရခဲ့သည်မှာ မည်သင်သာခဲ့။ အသက်ငယ်ရွယ်စဉ်က ကြမ်းပျဉ်ပေါ်တွင် ရှုံ့ရေးသဲမှုံ့ပေကျန်နေပါစေ။ တစ်ကိုယ်လုံးလှဲချပြီး ခေါင်းနှင့်ကြမ်း ထိလိုက်သည်နှင့် မိနစ်ပိုင်းအတွင်းမှာပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားသည်။ ယခုတော့ မဟုတ်ပြီ။

ဇရာအချိန်ရောက်လို့ အသက်အရွယ်ကြောင့် ပြောင်းလဲကုန်ပြီဖြစ်မည်။ သို့မဟုတ် အတွေးပေါင်းများစွာတို့က ဦးနှောက်ထဲသို့ စိမ့်ဝင်စီးဆင်နေသောကြောင့် အိပ်စက်ခြင်းကိုများ ပါန့်ဖားချိနေသလား။ မိမိအသက်ငယ်စဉ်ကာလ နုပျိုရွယ်စဉ်ဘဝမဟုတ်။ မေ့မေ့လျော့လျော့နေမိသည်ကို အနီစွတရားက မနေ။ သခါရတရားကို အမြဲသတိပေးလာသည်။ ဒေါ်အေးလှိုင်တစ်ယောက် အသက်ငါးဆယ်ကျော်ကာပင်အမျိုးသမီးရောဂါ စရလာသည်။ နုပျိုလန်းဆန်း တက်ကြွမှုတို့က ဒေါ်အေးလှိုင်အတွက် ကွယ်ပျော်လွှင့်စင်ကုန်ပြီ။ တစ်ပါးသူကို မဆိုထားနှင့် မိမိကိုယ်တိုင်ပင် သိလာသည်။

မိန်းမတို့အလှ ဆံထုံးကဆိုသလို ဒေါ်အေးလှိုင် ငယ်စဉ်ဘဝ ဆံပင်အလှမှာ ဝိတုန်းရောင်ကျော့သော နက်မှောင်စွာဝေဖြာပြီး တင်တွေးတင်ပွေ့နှင့် ခြေဖနောင့်အထိ ရှည်လျားခဲ့သည်။ ယခုတော့ ဘွားအေးလှိုင်ဘဝတွင် ခေါင်းထက်ရှိ ဆံနွယ်တို့မှာ မနွယ်နိုင်တော့။ ဖွေးဖွေးဖြူလွ ဆံပင်တို့မှာ ဘွားအေးလှိုင်အတွက် ကျိုးကျိုးကျဲကျဲနှင့် ကွမ်းသီးလုံးခန့် ဆံထုံးလေးသာရှိတော့သည်။

ဒေါ်အေးလှိုင်ဘဝတွင် အသားအရေတို့မှာ ဝင်းမွတ်ဖြူစင် ချောမွေ့သည်။ ယခုတော့ ဖွားအေးလှိုင်အရွယ်တွင် ခန္ဓာကိုယ်တွင်း အဆီအသွေးတို့ခမ်းခြောက်စပြုလာကာ မျက်နှာတွင် တင်းတိပ်နှင့်မဲ့ခြောက်တို့က မင်းမူနေပြီ။

တောက်ပရှန်းစို ကော့မျက်တောင်အလှတို့မှာ မှုန်ရီဝေဝါး အမြင်တွေပင် မှားစပြုလာပြီ။ ကြည်ကြည်လင်လင်မရှိ။ ခါးကကိုင်း။ နားကထိုင်းနှင့် ဇရာပိုင်းသို့ ခြေလှမ်းအားနှင့် လှမ်းလာခဲ့သည်။ မနီးတစ်ဝက် ဝေးတစ်ဝက်နှင့် မိုးစင်စင်လင်းခဲ့ပြီ။

ခြင်ထောင်ကို အသာမလိုက်သည်။ ချက်ချင်း လျင်မြန်စွာမထနိုင်။ ခေါင်းထက်က ပြေကျနေသည့် ငွေခြည်မျှင်တို့ကို လက်တစ်ဖက်နှင့်သိမ်းကာ ရသလောက် ဆံထုံးသေးသေးကို ထုံးလိုက်သည်။

"ဟင်း…"

ရင်ထဲမှ သက်သောင့်သက်သာ ထွက်လာခြင်းမဟုတ်သော သက်ပြင်းမောကို နင့်နင့်လှိုက်လှိုက်ချလိုက်ရသည်။ အိပ်ယာမှထလာပြီး မျက်နှာသစ်ရန်အတွက် အောက်ထပ်သို့ ဆင်းလာခဲ့သည်။ အောက်ထပ်ရောက်မှ အိမ်ကိုလှမ်းမျှော်ကြည့်လိုက်သည်။ အိမ်မှာ ခိုင်ခိုင်ခန့်ခန့် သွပ်မိုးနှစ်ထပ်ပျဉ်ထောင်အိမ်ဖြစ်သည်။ အိမ်ကို စဆောက်စဉ်အခါကတည်းက နှစ်ထပ်ဆောက်ပြီး အပေါ်ထပ်နှစ်ခန်း၊ အောက်ထပ်နှစ်ခန်း၊ လေးခန်းဖွဲ့ကာ ဆောက်သည်။ အိမ်စဆောက်စဉ်ကပင် ဒေါ်အေးလှိုင်နှင့် ခင်ပွန်းသည်တို့က ရည်ရွယ်ချက်ထားကာဆောက်ခဲ့ကြခြင်းဖြစ်သည်။ စိတ်တိုင်းကျသည့်လူရလျှင် စပေါ်နှင့် အိမ်ဂုဏ်တင်ဖို့အတွက် ရည်ရွယ်ပြီး အခန်းဖွဲ့ထားခြင်းဖြစ်သည်။

"လှိုင် အစ်ကိုတို့ရဲ့ကလေးတွေငယ်တုန်းတော့ ကိစ္စမရှိဘူး။ သားသမီးသုံးယောက်စလုံး အရွယ်ရောက်လာတဲ့အခါမှာ သူတို့အတွက် စဉ်းစားထားရမယ်"

ကလေးတို့၏အဖေက မိသားစုအရေးကို ကြိုကြိုတင်တင် စဉ်းစားကာ လုပ်ကိုင်ခဲ့သည်။

"ဒီခြံနဲ့အိမ်က အစ်ကိုတို့အတွက်…



www.burmeseclassic.com

www.burmeseclassic.com

အိုစေမှင်းစာပဲ။ ဝန်ထမ်းဘဝနဲ့ မြေကွက်လေးရထားတော့ အိုးပိုင်အိမ်ပိုင်လေးဖြစ်တာ။ ဒါလေးကိုပဲ သားနဲ့သမီးတွေအတွက် အမွေထားခဲ့နိုင်မယ်"

သည်မြို့သစ်တွင် မြေကွက်ကို မဲပေါက်လျှင်ရသည်။ မြေကွက်ကိုစပြီးလာကြည့်စဉ်ကပင် ငှမိုးရိပ်ချောင်းကိုဖက်နင့်ကူးရသည်။ ထိုစဉ်က ဒေါ်အေးလှိုင်၏အသက်မှာ လေးဆယ်ကျော်ဝန်းကျင်သာ ရှိသေးသည်။ တက်တက်ကြွကြွနှင့် လင်တစ်ထမ်း မယားတစ်ရွက် အိမ်ဆောက်ဖို့ကို စီစဉ်ကြိုးစားခဲ့ကြသည်။ ရွံ့စပ်စပ်၊ နွံထူထူ၊ ကိုင်းတောမြေပြက်ကြားအက်တွေကို ကျော်ဖြတ်ခုတ်ထွင်ကာ မိမိတို့ရထားသည့် မြေကွက်ကို ချုံရှင်းလင်း။ မြေဆိုးဖယ်၊ ပရိတ်ရွတ်ပြီး အိမ်ဆောက်ရန် ကွင်းပြင်ထီးထီး၊ နေပူကျဲကျဲအောက်တွင် ဖြစ်လာသမျှဒုက္ခကို မမှုနိုင် ရုန်းကန်ခဲ့ရသည်။

"အစ်ကိုတော့ အရိပ်လည်းရ၊ စားဖို့လည်းရ၊ ရောင်းရင်လည်း အိမ်စရိတ်ကာမိအောင် ယောဒီအပိုထားတဲ့ မြေကွက်ကို သေသေချာချာ ပေါင်းတင်၊ မြေစာချပြီး မာလကာ၊ သခွား၊ သမြေနဲ့ ဘူးစိုက်မယ်"

အပင်စိုက် ဝါသနာပါလွန်းသည့် ခင်ပွန်းသည်က သူ့ဆန္ဒအတိုင်း စားပင်သီးပင်တို့ကို ဈေးမှ မျိုးစေ့လေးတွေဝယ်စုကာ အိမ်စပြီးဆောက်ကတည်းက မြေဘောင်ဖော်ကာ စိုက်တော့သည်။ ဈေးငွေရသည့်အိမ်လေးကို ဆောက်ရာတွင် စုဆောင်းထားသည့် ရွှေတိုရွှေစလေးတွေပါ စုပေါင်းရောင်းချကာ ဆောက်ထားသည့်အိမ်ပိုင်၊ ခြံဝင်းလေးတွင် အပင်လေးတွေကိုစိုက်ကာ ရေလောင်းရသည်က မမောနိုင်မပမ်းနိုင်။ ခြံစည်းရိုးအကာအရံကို ပုဏ္ဏရိက် ပန်းပင်တွေကို ကိုင်းကူးကိုင်းဖြတ် စိုက်ထားလိုက်သည်။ အဝီစိရေတွင်းကို မဖြစ်မနေတူးထား၍ ရေအတွက်လည်း အခက်အခဲ မရှိတော့ပေ။

သားသမီးသုံးယောက်၏ တာဝန်က မသေးလှ။ သားကြီးကဆယ်တန်း၊ သမီးလတ်က ရှစ်တန်း။ သမီးထွေးလေးက ခြောက်တန်းကျောင်းသူဖြစ်သည်။ ဒေါ်အေးလှိုင် အိမ်ထောင်ကျစဉ်က အသက်မှာ ဆယ့်ခုနစ်နှစ်သာသာလေးသာ ရှိသေးသည်။ ခင်ပွန်းသည်က သူ့ထက် ဆယ့်နှစ်နှစ်ကြီးသည်။ နှစ်ယောက်သား ချစ်ကြင်နာမှုတွေနှင့်အတူ တည်ဆောက်သော ဘဝ၏ အေးချမ်းရိပ်မြုံလေးဖြစ်သည်။ သားမယားအပေါ်တွင် ကြင်နာယုယမှုနှင့် သစ္စာတရားကို လက်ကိုင်ထားသူဖြစ်သည်။ ညာတာထောက်ထားတတ်သော သူဖြစ်၍ မိသားစုအပေါ်တွင် ဘယ်သောအခါမှ ဒေါသစကားနှင့် ပြောကြားခြင်းမရှိခဲ့။ အစားအသောက်ကို ဗာဟီရများအောင် မပြုလုပ်စေဘဲ နီးသည်ကျွေးသမျှနှင့် စားသောသူဖြစ်သည်။

မြို့သစ်တွင် တချို့လည်း ခြံဝင်းသန့်သန့် တိုက်တာတွေဆောက်ကြသည်။ ဒေါ်အေးလှိုင်တို့က ကိုယ့်ဝင်းကိုယ့်ခြံ ကိုယ်ပိုင်အိမ်လေးကို ကျေနပ်နေကြသည်။ လင်သားပေးသမျှလစာကို ခြိုးခြံချွေတာပြီး အိမ်အတွက် လိုအပ်တာလေးတွေကို ဖြည့်ပြီးဖြည့်သည်။

"ယောက်ျားရေ နေပူလာပြီ။ အိမ်ပေါ်တက်လာခဲ့တော့"

"အေးပါ လှိုင်ရယ်။ ဒီမြက်လေးတွေနုတ်ပြီးရင် လာမှာပါ"

ပေါင်းမြက်ကိုရှင်း၊ အပင်တွေရေလောင်း၊ စပယ်ပွင့်လေးတွေ ပွင့်လာလျှင် သူပျော်သည်။ ဘုရားတင်ဖို့ ပန်းခူးရသည်မှာ နံနက်တိုင်း ဖြစ်သည်။ စပယ်တစ်ပွင့်၊ နှစ်ပွင့်ကိုလည်း ဒေါ်အေးလှိုင်၏ခေါင်းပေါ်တွင် ပန်ထားပေးလိုက်သည်။ သားသမီးတွေအပေါ်တွင်လည်း ဖခင်ကောင်းတစ်ယောက် ဖြစ်သည်။

"အစ်ကို…သားကြီးက ဉာဏ်သိပ်ကောင်းတာ။ ထူးချွန်စေရမယ်။ ဒါမှ အငယ်နှစ်ယောက်ကို နမူနာယူနိုင်ရမှာ"

ဖခင်ဖြစ်သူ၏ စေတနာနှင့် မျှော်လင့်ချက်ကို သူက ဖြည့်ဆီးမှုမရှိ ကွက်လပ်ပြုလိုက်သည်။ ဆယ်တန်းအထိ နှစ်ချင်းပေါက် အောင်လာခဲ့သူ ဆယ်တန်းမှာပင် သုံးကြိမ်သုံးခါကျ သည်။ ထို့နောက် ပညာရေးတွင် စိတ် မဝင်စားဟုဆိုကာ ဗွာနတစ်ခုတွင် စားဝင်လုပ်သည်။ အဆင်မပြေ၊ အလု ရှိရာသို့ အိမ်ကနေ သွားလာရသည် ဝေးလွန်းသည်ဟုဆိုကာ အလုပ်ထွ လိုက်သည်။ အငယ်နှစ်ယောက် လည်း ဆယ်တန်းနှင့် အထက်တ ကျောင်းသူတွေဖြစ်လာပြီး သား လွင်မောင်သည် မောင်နှမတွေထဲ အကြီးဆုံးဖြစ်သော်လည်း ဖခင်ဖြ မျှော်လင့်ထားသလို စံနမူနာယူ အရည်အချင်းက အလျဉ်းမရှိ။ အ ကိုဝင်လုပ်သည်။ လစာနည်းသည်

www.burmeseclassic.com

ဆိုကာ ထွက်လိုက်သည်။ နောက်ထပ် အလုပ်ပြောင်းသည်။ အဆင်မပြေ။ အလုပ်တွေကို တစ်ခုပြီးတစ်ခု ပြောင်း လုပ်သလို အပေါင်းအသင်းကလည်း စုံ ာသည်။ ရှိသမျှပိုက်ဆံကိုသုံးကာ ထိုးထွက်သည်။ တစ်မြို့ပြီး တစ်မြို့ တစ်နယ်ပြီးတစ်နယ်ဖြစ်သည်။ ပါသွား သမျှပိုက်ဆံကုန်လျှင် အိမ်ပြန်လာသည်။

ခရီး တစ်ခါတစ်ခါထွက်လျှင် ည်း သုံးလေးလကြာသည်။ မိသားစု နှင့် သံယောဇဉ် အတော်လေးကင်းကွာ နေသည်။ ယခုတော့ အလုပ်ကိစ္စဟုဆို ာ နယ်ဘက်သို့ ခရီးထွက်သွားသည်။ ခင်ဖြစ်သူလည်း သားအပေါ်တွင် ထား ည့် မျှော်လင့်ချက်ကို တံခါးပိတ်ကာ ာ့ခတ်ထားလိုက်ပြီ။ ပင်စင်ယူခါနီး ွင် ခင်ပွန်းသည် တရှောင်ရှောင်နှင့် ဖြာခဏ မောတတ်လာသည်။ ဆရာ နှင့်ပြသည်။ အထူးကုနှင့်မပြ။ ငွေ ဖြိုကုန်မည်ဟု ဒေါ်အေးလှိုင်ကိုပြော ည်။ သာမန်ဆရာဝန်ပေးသော ဆေး သာ ရောဂါဝေဒနာကို ကုသသည်။ ာက်သွားသည့် အခါလည်းရှိ၍ ယ်းမထားခဲ့ပေ။

အလုပ်ကအပြန် အိမ်ပေါ်ရောက် ည်နှင့် ရင်ဘတ်ထဲကအောင့်သည်ဆို ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်လိုက်ပြီး ကျောမှီကာ မျက် စိုမှိတ်ကာမှိန်းလိုက်သည်။ အသက် နှစ်ချက်လောက် ခပ်ပြင်းပြင်းရှူ ာ အသက်ပါသွားရသည့် ခင်ပွန်း ည်၏ အဖြစ်ကို ဒေါ်အေးလှိုင် ရင်နှင့် ကွဲစွာ မြင်တွေ့ခံစားလိုက်ရသည်။ ပြေသောက်ရန် ယူလာသည့် ရေ ခွက်မှ ရေတစ်စက်မျှပင် မသောက် လိုက်ရ။ ခင်ပွန်းသည်၏ နှိမ့်ချည်မြင့် ချည်ခုန်နေသည့်ရင် တဖြည်းဖြည်း ငြိမ်သက်ခြင်းမဟုတ်။ ကြည့်နေရင်းက လုံးဝငြိမ်ကျသွားသည်။ မျက်လုံးအစုံက အပေါ်သို့ စက္ကန့်ပိုင်းလေးမျှ ငေးကြည့် လိုက်သည်။

ခင်ပွန်းသည်၏ ခန္ဓာကိုယ်မှာ ပူပူ နွေးနွေးရှိနေဆဲဖြစ်၍ အသက်မရှိတော့ ပြီကို ယုံနိုင်စရာပင်မရှိ။ မယုံတစ်ဝက် ယုံတစ်ဝက်နှင့် နဖူး၊ ပါးပြင်၊ လက် မောင်းအိုးတို့ကို စမ်းသပ်မိသည်။ အိမ် တွင် လက်ရှိအတူနေသူက သမီး အငယ်ဆုံးသာရှိသည်။ သားကြီးက နယ်တွင် အလုပ်ကိစ္စနှင့်သွားရင်းက ထိုနယ်သူနှင့်ပင် အိမ်ထောင်ကျသွား သည်မှာ တစ်နှစ်လောက်ရှိပြီ။ သမီး အလတ်ကလည်း အဝေးနေမဟုတ် သော်လည်း အနီးအနားတွင်မရှိ။ မြို့ သစ်နှင့် အလှမ်းကွာဝေးသည့် သန်လျင် ဘက်တွင် ခင်ပွန်းသည်နောက်သို့ သျှောင်နောက်ဆံထုံး ပါသွားသည်။ အိမ် တွင် သမီးငယ်နှင့် မိမိတို့လင်မယား သာရှိသည်။

ငယ်လင်ငယ်မယားဆိုသည့် သံ ယောဇဉ်သည် အသက်အရွယ်ရလာ လေလေ” အိမ်ထောင်သက် ပိုပြီးနိုင်မြဲ လာလေလေ။ သံယောဇဉ်က ပိုမိုခိုင်မြဲ လို့လာသည်။ အဖြူရောင်ချစ်ခြင်း မေတ္တာတွင် သစ္စာသွေးက, ရဲရဲနီနေ သည်။ ဇနီးနှင့် သားသမီးတို့အပေါ် ကြီး စွာသော မေတ္တာအနန္တနှင့် ရင်အုပ်မကွာ စောင့်ရှောက်ခဲ့သူဖြစ်သည်။ ဒေါ်အေး အေးလှိုင်အဖို့ နွေးထွေးကြင်နာမှု ယုယ မှုများစွာနှင့် ခင်ပွန်းသည်၏အရိပ်ကို ခို လှုံခွင့် ရခဲ့ရသည်မှာ မေ့ဖျောက်ထားလို့ မရတော့ပေ။ ခေတ္တခဏ ခွဲခွာရစဉ် အမြဲတမ်း သတိရတတ်သည်။ ယခုလို တစ်သက်တာထာဝရ ခွဲခွာရပြီဆိုသည့် အမြင်နှင့် အသိခံစားလိုက်ရသည့်အခါ တွင် ကြေကွဲမဆုံး တမ်းတမဆုံး ရင်နာ ရမဆုံး ဖြစ်တော့သည်။

သားအမိနှစ်ယောက်တည်း ရှိ၍ ပတ်ဝန်းကျင်အိမ်များကို လှမ်းအော်ကာ အကူအညီတောင်းရသည်။ အိပ်ရာထဲ သို့ ယူချထားသော ရုပ်ကလာပ်ကို ကြည့်ရင်း ဒေါ်အေးလှိုင်၏ရင်ထဲတွင် မိုးချိန်းလေသလား။ မုန်တိုင်းကျ၍ လှိုင်း လေထံလေသလား ခန့်မှန်း၍မရ ရင်မှာ မွန်းကျပ် တုန်လှုပ်နေသည်။ အနား တွင်ထိုင်ကာ မျက်နှာကို တစိမ့်စိမ့် ကြည့်ရင်းက ရင်ထဲမှာ လှိုက်လှိုက် တက်ကာ ရှိုက်သံကထွက်လာသည်။ မျက်ရည်ပေါက်တို့ ဖိုးဖိုးပေါက်ပေါက်ကျ လို့လာသည်။ ထာဝရခွဲခွာသွားပြီ ဆို သည့်အသိကြောင့် အားကိုးရာမဲ့စွာဖြင့် မှုပန်သောက၊ ကြေကွဲဝမ်းနည်းမှုတို့က အတိုင်းအဆကို နှိုင်းမရစွာခံစားရသည်။

သေသူကို သေသွားပြီမှန်းသိသော် လည်း အသိကင်းမဲ့စွာဖြင့် မိသားစု တွင် ပြန်လာပါကြောင်း ဆုတောင်းမိ သည်။ ခင်ပွန်းသည်၏အသက်ကို ပြန် ပေးပါရန် တောင်းချင်သည်။ သေမင်း သို့မဟုတ် အနိစ္စတရားထံသို့ ဒေါ်အေး အေးလှိုင် ရူးမိုက်စွာ စိတ်ကူးမိသည်။ အဖေ၊ အမေနှင့် သမီးငယ်လေးတို့မှာ ဤအိမ်အမိုး အကာအောက်တွင် သုံး နာရီသြိဂံသဖွယ်ရှိခဲ့သည်။ ယခုတော့

www.burmeseclassic.com

www.burmeseclassic.com

အနားတစ်ဖက်က ဘက်ပဲ့လို့သွားပြီ။ အပျော်အပါး အသောက်အစားကင်းကာ ဖောက်ပြန်ခြင်းအလျဉ်းမရှိ။ ဇနီးမယားအပေါ်တွင်လည်း အပြစ်ဟူသမျှ မြူမျှပင် မထင်တတ်သည့် ခင်ပွန်းသည်။ လင့်ဝတ္တရား ကျေပွန်လွန်းသည့် ခင်ပွန်းသည်။ တစ်သက်တာ ခွဲခွာလိုက်ရပြီဆိုသောအခါ အားကိုးမဲ့စွာ ပူပန်သောက ထပ်တစ်ရာရှိတော့သည်။ ဆုံးရှုံးမှုတို့သည် တန်ဖိုးမဖြတ်နိုင်တော့ပေ။ လင့်ဝတ္တရားကျေးပွန်လွန်းသည့် ခင်ပွန်းသည်။ ခွဲခွာထွက်သွားရက်သည်ကို အိပ်မက်သာဖြစ်ပါစေဟု၊ မဖြစ်နိုင်မှန်းသိလျက်နှင့် ဆုတောင်းမိသည်။

"တကယ်ပဲ လှိုင့်ကို ထားရစ်ခဲ့ပြီလားရှင်"

ရင်ထဲမှာ အသက်ရှူတန့်သည်အထိ ရှိုက်မိသည်။ အိမ်မှနေ ရုပ်ကလာပ်ကို သယ်ယူသည့် အချိန်တွင် ဒေါ်အေးလှိုင် မကြည့်တော့။ အသက်ရှင်စဉ်အခါက ယောက်ျားဖြစ်သူ စိမ်သမျှကို တစ်ခွန်းမျှ ခွန်းတုံ့မပြန်ဘဲ နားထောင်ခဲ့သည်။ နောက်ဆုံးခရီးသည် ပြာပုံအတိပြီးမည်ဆိုသည်ကိုသိ၍ မကြည့်ရက်၊ မမြင်ရက်။ လိုက်မသွားခဲ့။

"အမေ အမေ မျက်နှာမသစ်ပဲ ရေဖလားကြီးကိုင်ပြီး ငိုင်နေတာ ဘာတွေစဉ်းစားနေတာလဲဟင်"

သမီးငယ်မသီတာ အနားသို့ရောက်လာပြီးပြောမှ ဒေါ်အေးလှိုင် အတွေးစတို့ ရပ်တန့်သွားသည်။

"အစ်ကိုကိစ္စကို စဉ်းစားနေတာလား။ ခေါင်းထဲမထည့်ပါနဲ့အမေရယ်။ အမေသာ နေကောင်းအောင်နေပါ"

သွားတိုက် မျက်နှာသစ်ပြီး ရေဖလားကို ရေကန်ပေါ် ပြန်တင်လိုက်သည်။ သမီးငယ် သီတာပြောတာ မှန်သည်။ သားကြီး၏အကြောင်းကို စဉ်းစားနေခြင်းဖြစ်၍ ညကလည်း ကောင်းကောင်းအိပ်မပျော်။ ယခုမနက်နိုးတော့လည်း အတွေးက ဆက်နေသည်။ ကလေးတို့အဖေဆုံးပြီးသည့် အချိန်တွင် သားကြီးကော၊ သမီးလတ်ပါ အိမ်ထောင်အသီးသီးကျပြီးကြပြီ။ နယ်ဘက်သို့ ခရီးထွက်ရင်း သားကြီးက အိမ်ထောင်ကျသည်။ သူ့တွင် မိဘပေါ်၌ ထားရှိရမည့် စိုးရိမ်ကြောင့်ကြမှု၊ စေတနာထားရှိမှုတွေက သူ့ရင်ထဲတွင် ကွက်လပ်ဖြစ်နေသည်။ သူ့အတွက်ကိုသာ အဓိကထားသည်။ မိဘ၌ ရှိသည်မရှိသည်ကိုမစဉ်းစား။ လိုအပ်လျှင် လိုအပ်သလို တောင်းသည်။ ယခုတော့ အိမ်ထောင်ကျပြီ။ တစ်နှစ်ဝန်းကျင်လောက်တော့ ရှိတော့မည်။ မနေ့က ဒေါ်အေးလှိုင်ထံ စာတစ်စောင်ရောက်လာသည်။

စာထဲတွင်ပါသည့် အကြောင်းအရာက အမေ့ကို သတိရကြောင်း၊ နေကောင်းရဲ့လားဆိုသည့် အကြောင်းအရာတစ်လုံးမျှပင်မပါ။ သူ့အိမ်ထောင်ကျပြီး မိန်းကလေးဘက်ကို သူ့အိမ်၏စီးပွားရေးကို သာသာထိုးထိုးပြောထား၍ အိမ်ကို အဆင်ပြေအောင် ပြုပြင်ပေးထားပေးပါဟု ရေးထားသည်။

"ဟွန်း . . . အမေ့သားကတော့ လွန်တယ်။ သိပ်ပြီး တစ်ကိုယ်ကောင်းဆန်တာပဲ။ အိမ်ပြင်တယ်ဆိုတာ အလကားပြင်လို့ရတာမှ မဟုတ်တာ။ ဒီအမေက ဘယ်လိုနေထိုင်ပြီး စားသောက်ကြတယ်ဆိုတာကို တစ်ခွန်းတောင် မေးမြန်းမရဘူး။ သူ့ဖြစ်ချင်တာတွေပဲသိတယ်"

"သမီးရယ် သိပ်ပြီး စဉ်းစားနေစရာမလိုပါဘူး။ အောက်ထပ် အခန်းခွဲထားတာကိုဖြုတ်ပြီး နည်းနည်း ချဲ့လေးဘာလေးရှင်းပြီးရင် ဆေးနည်းနည်း ထပ်သုပ်လိုက်ရင် ကြည့်ပျော်ရှုပျော်ဖြစ်ပါတယ်။ နောက် ရေချိုးခန်းနဲ့အတွင်းခန်းကိုလည်း ပြင်လိုက်ရင် အဆင်ပြေပါတယ်"

"အမေ"

"ဘာလဲသမီး"

"အစ်ကိုကြီး ပြောတဲ့အတိုင်း ဖြစ်ပါပြီတဲ့။ အမေ့မှာ ဘာရှိလို့လဲဟင်"

"အမေ စီစဉ်နိုင်ပါတယ်အေ"

"အစ်ကိုကြီးနဲ့ မလတ်တို့က သိပ်တစ်ကိုယ်ကောင်းဆန်တာပဲ။ အကြီးတွေဖြစ်ပြီး သူတို့က ပိုသိတတ်ရမှာကို ခုတော့ သူတို့အတွက်ပဲကြည့်ကြတယ်"

အမေဆောက်ခဲ့သည့် အိမ်သည် ဆယ်နှစ်ကျော် သက်တမ်းလွန်ပြီး သစ်လွင်တောက်ပမှုတို့က ကင်းမဲ့ပြီး အဆောင်အယောင်အနေနှင့် ထုတ်ဖော်ပြင်ဆင်ဖို့အတွက် ဘွားအေးလှိုင်တွင် ငွေကြေးက ကျဲကျဲပါးပါးလေးသာ အနိုင်နိုင်။ အခြေအနေမှန်ကိုမသိသော သားကြီးက သူ့ဆန္ဒကိုသာ တွန်းတိုက်ပြောနေသည်။ အိမ်၏စရိတ်ကို ခင်ပွန်းသည်ဆုံးသွား၍ ရရှိသော မိသားစုပင်စင်လစာနှင့် သမီးငယ်လေး၏ ကုမ္ပဏီဝန်ထမ်းလစာနှင့် မြီးခြံစားသောက်နေသည်ကိုတော့ သားကြီးနှင့် မလတ်တို့က သိကြမည်မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com

"သမီးရယ် သူ့ဘက်ကကြည့်တော့လည်း မှန်ပါတယ်။ သူများသားသမီးကို ယူထားတဲ့အတွက် သူလည်း သင့်တင့်လျောက်ပတ်တဲ့ အနေအထား ရှိတယ်ဆိုပြီး ပြချင်မှာပေါ့"

"သဘောပဲပေါ့ အမေရယ်...။ အမေအဆင်ပြေရင် ပြီးတာပါပဲ"

"အမေ ဖြေရှင်းတတ်ပါတယ် သမီးရယ်"

အမေက သူပြောသည့်အတိုင်း သူ့ဘာသာသူ လိုအပ်တာကို စီစဉ်သည်။ အောက်ထပ် အခန်းကန့်ထားသည်ကိုဖြုတ်ကာ အိပ်ခန်းတစ်ခန်းဖွဲ့ပြီး ဧည့်ခန်းပြုလုပ်သည်။ ရေချိုးခန်း၊ သန့်စင်ခန်းတို့ကို သီးသန့်ဖွဲ့လိုက်သည်။ ရေပိုက်သမားနှင့် ရေပိုက် ပိုက်ခေါင်းတို့ကိုတပ်သည်။ ဖွဲ့ထားသည့်အခန်းကိုလည်း အစိမ်းနုရောင် ဆေးသုတ်လိုက်သည်။ ပြတင်းပေါက်တွင် လိုက်ကာလေးများတပ်သည်။ ပင်ပန်း၍လားမသိ။ ဒေါ်အေးလှိုင် ပိန်သွားသည်။ ထမင်းလည်း သိပ်မစားနိုင်။ ပါးစပ်နာနေသည်ဟုပြောသည်။ ညာဘက် အပေါ်ရှေ့သွားသုံးချောင်း ကျိုးထား၍ ဒေါ်အေးလှိုင် ထမင်းကောင်းကောင်းမစားနိုင်။

မသီတာသည် အထွေးဆုံး သမီးမိန်းကလေးဖြစ်သည်။ စီးပွားရေးအင်အား ချို့တဲ့လာစဉ်မှာပင် ဆယ်တန်းပညာ အရည်အချင်းလောက်နှင့်သာ ရပ်တန့်လိုက်ပြီး ကုမ္ပဏီတွင် ဝင်လုပ်လိုက်သည်။ အမေနှင့်အတူတူ တပူးပူး တတွဲတွဲ နေသူဖြစ်၍ သည်အိမ်ကို ပြင်ဆင်ရသည်နှင့်ပတ်သက်ပြီး အခြေအနေအားလုံးကို မခြွင်းမချန် သိထားသူဖြစ်သည်။

"သမီးရယ် သူတို့ကို ဘာမှပြောမနေပါနဲ့။ အမေလည်း ကျန်းမာရေးကောင်းပါတယ်"

ဒေါ်အေးလှိုင်၏စကားကို နားထောင်ပြီး မသီတာ နှုတ်ဆိတ်ကာနေရမည်။ အစ်ကိုကြီး ရောက်လာပြီး စီးပွားရေးလုပ်ငန်း လုပ်သည်ဟုပြောသည်။ အစ်မလတ်ကိုပါ ဝင်ခေါ်ခဲ့၍ သားသမီးနှစ်ယောက်စလုံးကို အမေဒေါ်အေးလှိုင် မြင်တွေ့ရ၍ ဝမ်းသာပီတိဖြစ်ရသည်။

"နွဲ့လေးက အလုပ်တွေများပြီး ခေါင်းမူးနေတာနဲ့ မလိုက်လာခဲ့ဘူး။ အမေတို့လမ်းက ပြင်နေတော့ ကားဝင်လို့လည်းမရ။ ဆိုက်ကားစီးလာခဲ့ရတာ နေကပူလိုက်တာ။ တအားပင်ပန်းတာပဲ။ ကိစ္စရှိလို့သာ လာရတာ"

ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းဆိုသည့်စကားကို အစ်ကိုကြီးက ဆိုလိုက်သည်။ အမေ့အိမ်၊ အမေရှိရာသို့ လာခဲ့ရသည်ကိုပင် မဖြစ်မနေကိစ္စရှိ၍သာ လာခဲ့ရသည် ပင်ပန်းသည့်ပုံစံမျိုး ပြနေသည်။

"ဒါဆို အိမ်ကို မင်းတို့ လာမနေကြဘူးလား"

"လာတော့ လာမှာပါ။ လမ်းတွေသွားရလာရတာ ခြောက်ခြောက်သွေ့သွေ့ဖြစ်မှ လာလို့ကောင်းမှာ။ အမေ့အိမ်ကို ခုလိုပြင်ထားတော့လည်း အမြင်လှတာပေါ့။ အခု ဒီရပ်ကွက်က စံပြရပ်ကွက်ဆိုတော့ အိမ်ဈေးတွေ၊ မြေဈေးတွေ ဈေးကောင်းနေတယ်။ အမေသိလား"

အိမ်ကိုလာသည်။ အမေ့အိမ်မှ အမေချက်ကျွေးတာကိုစားသည်။ အမေ နေကောင်းရဲ့လားဆိုသည့် စကားတစ်ခွန်းကို အလိုမဆို။ သူသိချင်သော အိမ်မြေဈေးကိုသာ မေးလာသည်။ အစ်မလတ်ကတော့ စကားသိပ်မပြော။ ပြင်ပြင်ဆင်ဆင်ပြုလုပ်ထားသည့် အိမ်ကိုသာ သေသေချာချာ လှည့်ပတ်ကြည့်နေသည်။

"အခု အမေ့အိမ် ဒီအခြေအနေနဲ့ဆို အနည်းဆုံး သိန်းလေးငါးခြောက်ရာတော့ ပြေးမလွတ်ဘူး။ ကျွန်တော် ဝယ်လက်ကိုခေါ်လာပြီး ဈေးပြောကြည့်မယ်။ မကောင်းဘူးလားအမေ"

"နေပါဦး။ ဒီအိမ်ကို ဈေးဖြတ်ပြီး ပြောနေရအောင် မင်းက ဘာလုပ်မလို့လဲ။ ငါမရောင်းဘူး။ ဒီအိမ်က မင်းတို့ရဲ့ အဖေ ချွေးနဲ့စာနဲ့ ဆောက်ခဲ့တဲ့အိမ်။ ဒီအိမ်မှာ မင်းတို့အဖေရဲ့ အငွေ့အသက်တွေ အများကြီးရှိတယ်"

အမေက ပါးစပ်ထဲတွင် လေးညှင်းပွင့်လေးငုံကာ ညာဘက်လက်ကိုက်နေ၍ ဘယ်လက်ဖြင့် ဆေးလူးနေသည်။

"ဒီလိုပါ အမေရဲ့။ အမေ့မှာက သားသမီးသုံးယောက် ရှိပေမယ့် ကျွန်တော်နဲ့မလတ်က အဝေးမှာနေကြတာ။ အမေတစ်ခုခုဖြစ်သွားရင် ချက်ချင်း ကျွန်တော်တို့က မရောက်လာနိုင်ဘူး။ သီတာမကလည်း နုံနုံအအ။ ဒါကြောင့် ဒီအိမ်ကို ရတဲ့ဈေးနဲ့ရောင်းပြီး လေးပုံပုံ။ အမေနဲ့သီတာမက တစ်ပုံစီ။ ကျွန်တော်နဲ့ မလတ်က တစ်ပုံစီယူမယ်။ အမေနဲ့သီတာမက တခြားနေရာမှာ အသင့်အတင့်အိမ်လေး ဝယ်နေပြီး



www.burmeseclassic.com

www.burmeseclassic.com

ကျန်တဲ့ပိုက်ဆံကို ဘထ်တိုးထည့်ပြီး စားပေါ့။ ကျွန်တော်ကလည်း လုပ်ငန်းတစ်ခုတိုးချဲ့လုပ်မလို့ တစ်ဖက်ကိုလည်း စကားတွေလွှန်ထားပြီ။ ငွေကိုလည်း တခြားလူတွေဆီက အတိုးနဲ့ ချေးထားရတယ်။ နွံ့လေးတို့ဘက်ကလည်း တစ်ဝက်လောက်တော့ ပေးမယ်လို့ပြောတယ်။ အဲဒါ ငွေကလိုနေတယ်"

အိမ်ကျဉ်းကျဉ်း၊ လမ်းကျဉ်းကျဉ်းချောင်ကျသည်ဆိုသောနေရာသို့ မယားလုပ်တဲ့သူ မလိုက်ချင်၍ ခေါ်မလာဘဲ တစ်ယောက်တည်းလာရင်းက သူ့ဆန္ဒကိုသာ အစ်ကိုကြီးသည် အမေ့ကို အတင်းတွန်းတွန်းတိုက်တိုက် ပြောဆိုနေသည်။

"နေပါဦး။ ဝယ်လက်တွေ အပိုင်ခေါ်ခဲ့ရအောင် ဒီအိမ်ကိုရောင်းမယ်လို့ ဘယ်သူက ပြောလို့လဲ"

"အငယ်မ‥နင်အငယ်ဆုံးဆိုပြီး ဝင်မပါနဲ့။ အမေသေရင်လည်း မဖြစ်မနေ ဒီအိမ်ကို ရောင်းရမှာပဲလေ"

"ဒီအိမ်မှာ အစ်ကိုကြီးနဲ့မလတ် အမေက မသေသေးဘူးလေ။ အမွေစကား မပြောပါနဲ့"

"ငါက အမွေစကားပြောတာ မဟုတ်ဘူး။ ဖြစ်နိုင်ရင် စိုက်ပေးထားပါလို့ ပြောတာ။ နောက်အိမ်ရောင်းပြီးလို့ အမွေခွဲရင် ငါဝင်မပါတော့ဘူးလေ"

အမေ့ထံမှ စကားသံတစ်လုံးမှ ထွက်မလာ။ ခေါ်အေးအေးလှိုင်ဓါးရင်ထဲတွင် သွားလေသူအား လွမ်းလွမ်းဆွတ်ဆွတ် သတိရမိသည်။ ခင်ပွန်းသည် ကွယ်လွန်ခဲ့သည်မှာ ယခုမှ ခုနစ်လသာ စွန်းသေးသည်။ အမေ့ကို ဂရုတစိုက်နှင့် ဘာတစ်ခွန်းမှ မေးဖော်မရ။

"ဒီအိမ်ကို ပြင်ထားတော့ ပိုပြီး ရောင်းပန်းလှတာပေါ့"

အမေက ဘာတစ်ခွန်းမှမပြော။ မျက်ရည်ကြည် ဝေ့ကာဝဲနေသော မျက်လုံးအစုံနှင့် သားကြီးကိုကြည့်နေသည်။

"ပြောကြ ပြောကြ။ ငွေစကား အမွေစကားတွေပဲ ပြောကြပါ။ အမေ့အတွက်ကို မစဉ်းစားဘဲ လိုရာကိုပဲ ပြောနေကြတယ်။ အစ်ကိုကြီး သုံးခဲ့ဖြုန်းခဲ့တာတွေကို မှတ်မိသလောက် စာရင်းတွက်ကြည့်ပါ။ မလတ် လက်ထပ်တော့လည်း သမီးဖြစ်သူ မျက်နှာမငယ်ရအောင် အမေ တတ်နိုင်တဲ့အင်အားနဲ့ ဖြည့်ဆည်းပေးရတယ်။ ကျွန်မတို့သားအမိမှာ ခြိုးခြံချွေတာစားပြီး မလတ်လက်ထပ်တုန်းက တင်ထားတဲ့ အကြွေးတွေကို နှစ်ပေါက်အောင် အတိုးအရင်းပေါင်းပြီး ဆပ်ခဲ့ရတယ်။ တစ်ခါ အစ်ကိုကြီးက မိန်းမခေါ်လာမယ်၊ အိမ်ကိုကြည့်ကောင်းအောင် ပြင်ပါဆိုလို့ မြင်မိုကြီးစားရပြန်ရော။ သွားသုံးချောင်းကျိုးသွားလို့ အံကပ်လေးပြန်လုပ်မယ်ဆိုပြီး ရည်ရွယ်ထားပေမယ့် ရောင်းလိုက်ရတဲ့ ရွှေတိုရွှေစလေးက အိမ်ပြင်တဲ့အထဲ ပါသွားပြီလေ။ ရွှေသွားကွပ်ထားတဲ့ သွားသုံးချောင်းနေရာမှာ အခုတော့ ဘာအံကပ်၊ သွားတုမှ မစိုက်နိုင်တော့ဘူးလေ။ ပျော့ပျော့စားလို့ရတဲ့ အစာတောင် ရှေ့သွားလေးတွေနဲ့ မြုံ့နေရတဲ့ အမေ့ဘဝကို နားလည်ကြရဲ့လား"

မြမြလှိုင်


## အနန္တသိဒ္ဓိစွမ်းအားပြဒါးရှင်
## အဆောင်ဓာတ်လုံး
## ဘော် + ဘင် + ပြဒါးသွတ်

ဤလေးပါးတို့သည် မူလဓာတ်ပေါ်... ပစ္စည်းများဖြစ်သဖြင့် ထင်ပေါ်ကျော်ကြား... လာဘ်လာဘ ပေါကြွယ်လှပြီး လူတိုင်းလို... သော ဝိယ-လာဘ-ဓန-ပညာ စသည်... အတွက် သေချာစီမံ၍ ကောင်းသောအချိန်... ကောင်းသောနက္ခတ်နှင့်ကြံ့ကြိုက်ချိန်၌ သ... ကျင့်စဉ်စွမ်းအားဖြင့် ရောယှက်ပေါင်းစပ်... သိဒ္ဓိပြီးအောင် အဆောင်ပြဒါးရှင်ဓာတ်လုံး... ပါရမီဓာတ်ခံရှိသူများထံ သတင်းကောင်း... လိုက်ပါသည်။

အဆိုပါ ပြဒါးရှင်ဓာတ်လုံးကို ဆော... ထားခြင်းအားဖြင့်‥‥

ဖော်ပြပါအကျိုးထူးများ ရရှိပါလိမ့်မည်...

၁။ ကျရောက်မည့်၊ ကျရောက်လတ္တံ့သော... ဘေးဆိုးများ ကာကွယ်နိုင်ခြင်း။

၂။ ဝိယ + ဓန လာဘ ပညာရေး ထေ... တို့ကို ရရှိနိုင်ခြင်း။

၃။ အတိုက်အခိုက် စုန်း၊ နတ်၊ သို... စသော နှောင့်ယှက်မှုကို ကာကွယ်နိုင်... ခြင်း။

၄။ ပြည်တွင်းပြည်ပ ကုန်းလမ်း၊ ရေလမ်း... လေလမ်း သွားရာတွင် ဆောင်ထား... ဖြင့် ဘေးရန်အသွယ်သွယ်ကင်းပြီး ... ရာခရီးကို ရောက်နိုင်ခြင်း။

၅။ တမေးပွဲပြေဆို လူတွေ့စစ်ဆေး ... ကိစ္စများအောင်နိုင်ခြင်း စသော ကော... ကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံ... အဆိုပါ အဆောင်ပြဒါးရှင်လုံးကို အ... ရှိပါက‥‥

နေ့စဉ် နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာ...

ရောင်ပြန်မဂ္ဂဇင်းတိုက်

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်...

ဖုန်း- ၀၉-၂၅၁၀၂၂၃၃...




www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီး အရယ် ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်) (ဝါတွင်းဝါပ တနင်္လာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း)၊ ပဲခူး(ဒေးစွန်းပါ)၊ သန်လျင်(ကျောက်တန်း) ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အကူးဆောင်ရွက်သည်(မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထီနှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

ဆိုင်အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၇၃၁-၅၃၁၈၈
နံနက် (၈း၃၀) နာရီ မှ နေ့လည် (၁၂း၃၀) နာရီ။
အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/၀၅၆-၂၁၆၀၉(အိမ်)
ညနေ (၄း၀၀) နာရီ နောက်ပိုင်း

လိုင်စင်အမှတ် - ၁/၂၀၁၅ ဟသထလ(၂၇၄၆)

# အောင်ဝိဇ္ဇာဓိုရ်ဆေးတိုက်

- ကျားအားနည်း၊ သေ/ညှိုး၊ တစ်ခဏပြီးသွားခြင်း၊ အားမထိန်းနိုင်၊ ပန်းလန်းပြီး ရုတ်တရက် ညှိုးနွမ်းခြင်း၊ အကြောများ ရှုန်းကန်မှုနည်း၊ ရာနှုန်းပြည့် မစွမ်းဆောင်နိုင်ခြင်းများအတွက် အောင်ဝိဇ္ဇာဓိုရ်မှ ကုသရင်း ထုတ်လုပ်ထားသည့် အကြောအားဖြည့် စားဆေး၊ လိမ်းဆေး၊ ဆေးမျိုးစုံ (TMR 011176), (1114), (TMR 011177), (1114)
- လိင်ခေါင်းတွင်း/ပြင်၊ စအိုဝဖုသီးထွက်၊ ဝမ်းသွားအားမရ သွေးပါ၊ စအိုဝယောင်ရမ်းနာကျင်ခြင်း၊ လိင်ခေါင်းအဖု တဖြည်းဖြည်းကြီးလာခြင်း၊ အရိအခွဲကျခြင်းတို့ကို အထူးကုသ ဆေးများဖြင့် အမြစ်ပြတ် ကုသပေးနေပါပြီ။ (1208 y 7427942)
- ခရုသင်း၊ သမင်ဖြူ၊ နှင်းခူစို/ခြောက်၊ ကာလသားရောဂါများ ကုသပေးနေပါပြီ။ အထူးကုဆေးများလည်း ရရှိနိုင်ပါသည်။ (0813 y 10568)သွေးသန့်ဆေး၊ သွေးညှိဆေး၊ မီးယပ်၊ ထိမ်ငုပ်၊ ယားယံ/ဖုပိမ့်ထခြင်း၊ အပူငြိမ်းဆေး၊ အဆီကျဝမ်းပျော့၊ သွေးသန့်ဆေးများလည်း ရရှိသည်။

∴ ဆေးခန်း - အမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း၊ KBZ ဘဏ်ဘေး၊ (၀၁-၃၈၇၀၉၇)၊ (၀၉-၃၁၉၂၁၁၃၅)
∴ ပင်ရင်းဖြန့်ချိရေး - အမှတ်(၈၆)၊ (၉၄)လမ်း၊ မင်္ဂလာတောင်ညွန့်၊ (၀၉-၅၀၁၆၃၇၂၊ ၀၉-၅၀၃၃၈၃၉)
∴ ပင်မဖြန့်ချိရေး - ကိုဝင်းမြင့်+မဘောဘိ(ကမ်းနားလမ်း)၊ (၁၅)လမ်းထောင့်၊ ကိုလုစိုး(သိမ်ကြီးဈေး)၊ လူထုမေတ္တာ(သိမ်ကြီးဈေး)၊ သီဟ(သန်လျင်မြို့မဈေးအနီး)၊ အောင်ရတနာ(၂၈×၈၃)လမ်းထိပ်၊ ကောင်းသန့်(၂၆၄/၂၈)၊ (၈၂×၈၃ လမ်းထိပ်)၊ မတ္တူ-မင်္ဂူ(၂၀×၂၂) မြန်မာ့ဂုဏ်ရည်(၂၆)၊ (၈၈×၈၉)၊ ဓနုလ(ဈေးချို)၊ အာရောဂျ(သိမ်ကြီးဈေး)၊ အာရောဂျ နှ(၄)၊ နေပြည်တော်မြို့မဈေး ပွဲကတော်မင်္ဂလာရပ်(ပျဉ်းမနား)၊ ကိုတူးတူး(ပကွေးတိုင်းဆေးရုံကြီးနောက်ဘက်)တို့တွင် ရရှိနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# စကြာဒေဝီ၏ နှလုံးသားကွန်ရက်

## လေးသူစံ

"ပတ္တမြားလက်စွပ်က လှတယ်ဆိုအော့၊ ငါ့မှာ လင်တစ်ကိုယ်လုံးနဲ့ လဲထားလို့ရတဲ့လက်စွပ်ပါ အယောင်း . . . ဟင်း ဟင်း"

မြောက်နန်းမိဖုရားကြီး ခင်သဲ၏ ထေ့ငေါ့စကားတို့ကို ပြန်လည်လျှောက်တင်နေသည့် ရွှေညာနှင့် ရွှေစာတို့၏ အသံတို့ကို နားဆင်နေလျက်မှပင် ခင်သဲ၏သရဲ့သင်္ကြန်တို့ကိုပါ မြင်ယောင်တော်မူ၍ သက်ပြင်းချလိုက်ရသည်က ပင် တိတ်တခိုးဖြစ်၏။

ပြောရှာပေမပေါ့။ မိန့်တော်မူပေမပေါ့လေ၊ သူ့ခမျာ မင်းတုန်းမင်းကြီး၏ အိမ်တော်ပါမယားကြီး ဖြစ်ခဲ့သော်လည်း မိဖုရားခေါင်ကြီးဆိုသည့် ဂေဇီဘွဲ့ထူးနှင့် လွဲခဲ့ရသည်ကိုးလေ။ ရွှေလင်ပန်းနှင့် အချင်းဆေး၍ ရွှေပုခက်၊ မြပုခက်များနှင့် မွေးဖွားကြီးပြင်းလာခဲ့ရသည့် နန်းသွေးစစ်စစ်မှသာ မိဖုရားခေါင်ဂေဇီဖြစ်ထိုက်ပေသမို့ ငယ်နာမည် စုဖုရားမှနေ "သီရိပဝရတိလောကရတနာမင်္ဂလာဒေဝီ"ဘွဲ့တော်နှင့် မင်းတုန်းဘုရင်မင်းမြတ်၏ မိဖုရားခေါင်ကြီး ဖြစ်လာခဲ့ရသည်။ ခင်သဲ၏လက်မှ လုယူခဲ့ခြင်း မဟုတ်။

စုဖုရား၏ ငယ်ဘဝသည် ရွှေရောင်လွှမ်းတစ်လှည့်၊ ကုပ်ပေါ် ဓားဝဲတစ်လှည့်ဖြစ်ပါသည်။ စုဖုရား၏ဘိုးတော်မှာ ဗဒုံမင်းဖြစ်၍ ဦးကြီးက ဘကြီးတော်မင်း၊ ဖခမည်းတော်က သာယာဝတီမင်း၊ မောင်တော်က ပုဂံမင်းနှင့် အိမ်ထောင်ဖက်ခင်ပွန်းဖြစ်သူက မင်းတုန်းမင်းတြားဖြစ်ပါသောကြောင့် နန်းသွေးစစ်စစ်ဖြစ်၏။

စုဖုရားလေးကို ကောဇာသက္ကရာဇ် ၁၁၇၄ ခုနှစ်တွင် ခမည်းတော် သာယာဝတီမင်းနှင့် မယ်တော် မိဖုရားခေါင်ကြီး ကျပင်းမင်းသမီးတို့မှ မွေးဖွားသန့်စင်ခဲ့ပါသည်။ အဘိုးဖြစ်သူ ဗဒုံမင်းလက်ထက်တော် ကောဇာသက္ကရာဇ် ၁၁၇၄ ခုနှစ်မှ ၁၁၈၁ ခုနှစ်အထိ ရွှေနန်းတော်အတွင်းမှာ လွတ်လပ်ပျော်ရွှင်စွာ ကြီးပြင်းလာခဲ့ရသည်။ ခုနစ်နှစ်သမီးအထိ ချမ်းမြေ့ခဲ့ရပါသော စုဖုရားလေးခမျာ ဦးကြီးဖြစ်သည့် ဘကြီးတော်မင်းလက်ထက်တွင် ဓားထက်လှပါသော မိဖုရားခေါင်ကြီး မယ်နုနှင့် ဖခမည်းတော် သာယာဝတီမင်းတို့၏ ထီးနန်းလုပွဲတွင် ကြားညှပ်ခံရပါသည်။ သို့သော် မိဖုရားလေး၏ အရွယ်နှင့်မလိုက်စွာ နေထိုင်တတ်မှုတို့ကြောင့် ခေါင်မိဖုရားကြီး နန်းမတော်မယ်နု၏ဓားချက်ဖြင့် ကံကုန်သွားကြသူများစာရင်းမှ လွတ်ကင်းချမ်းသာခဲ့ရသည်။

ခမည်းတော် သာယာဝတီမင်းကြီး ပြည့်ရှင်ဘုရင် ဖြစ်လာသည့်အချိန်မှစ၍ စုဖုရားလေး၏ကံဇာတာ တက်လာခဲ့ပါသည်။ ခမည်းတော်သည် စုမင်းသမီးလေးကို အချစ်ဆုံးဖြစ်တော်မူသောကြောင့် အထူးအခွင့်အရေးကြီးတစ်ခုကို ဆုလာဘ်အဖြစ် ချီးမြှင့်တော်မူထားပါသည်။ စုလေး၏ ဆင်ခြင်ဆုံးဖြတ်နိုင်မှု၊ ဉာဏ်ပညာမြင့်မားပုံကို ယုံကြည်ပါသောကြောင့် တရားခံများကို ရွှေနှုတ်ကယ်တင်ခွင့်အာဏာကို ပေးအပ်ထားခြင်း ဖြစ်၏။

စုလေး၏ တန်ခိုးအရှိဆုံး ဂုဏ်အရည်အချင်းမှာ သူမတူအောင် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းနှင့် မေတ္တာစိတ်ထား ရှိခြင်းများ ဖြစ်ပါသည်။ ပြည့်ဝသော နှလုံးသားပိုင်ရှင်ဖြစ်သည်ကြောင့် ပြည်သူပြည်သားအပေါင်းနှင့် နန်းတွင်းပညာရှိ မှူးမတ်များက ပေးအပ်ခေါ်ဝေါ်ကြသော ဘွဲ့မည်မှာ "စကြာဒေဝီ"ဖြစ်ပါသည်။

ယခုလည်း မြောက်နန်းမိဖုရားကြီး ခင်သဲ၏ စော်ကားသောအသုံးအနှုန်းတို့ကို သည်းခံခွင့်လွှတ်၍ ရယ်မောခြင်းဖြင့်သာ အမှုကို မေ့စေခဲ့၏။ ခင်သဲပြောတာ မှန်သားပဲ။ မယ်မယ်ဖုရားက ပတ္တမြားလက်စွပ် ချီးမြှင့်ထားခဲ့တာကိုးဟုသာ ဆိုရှာသည်။ ဘုရင့်သမီးတော်ဖြစ်သော်လည်း နှလုံးသားကိစ္စတွင် ကိုယ်တိုင်ဆုံးဖြတ်ပိုင်ခွင့် မရှိခဲ့ရှာသော စကြာဒေဝီ၏ရင်ထဲမှာမူ . . .။

× × ×

မေတ္တာနှလုံးသားတို့ဖြင့် သည်းခံခွင့်လွှတ်တတ်မှုကို အံ့ဩလောက်အောင် ဖြစ်ခဲ့ရသည့် အဖြစ်အပျက်တစ်ခုကို ထပ်မံကြုံရပါသေးသည်။ ပြည်သူပြည်သားများနှင့် နန်းတွင်းသားများ၏ ရှေ့မှောက်မှာဖြစ်သဖြင့် စုဖုရားစကြာဒေဝီအပေါ် ပိုမို၍ လေးစားချစ်ခင်တန်ဖိုး



www.burmeseclassic.com

www.burmeseclassic.com

ထားခဲ့ကြခြင်းပင်။

"အို"

"ဟယ်"

ပရိသတ်အပေါင်းမှာ အာမေဋိတ် သံပြုပြီးမှ ပြည့်ရှင်မင်းတြားကြီးနှင့် ခေါင်ဖုရားကြီးတို့၏ ရှေ့တော်မှောက်မှာ ခစားနေကြရခြင်းကို သတိရမိပြီး ပါးစပ် များကို လက်ဝါးနှင့်အုပ်မိသွားကြရပါ၏။ အလျှုခန်းမကြီးတစ်ခုလုံးမှာ အပ်ကျ သံကို ကြားရလောက်အောင်ပင် တိတ် ဆိတ်ငြိမ်သက်သွားခဲ့ပေပြီရော။

ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင်မင်း တြားကြီးနှင့် စကြာဒေဝီ မိဖုရားခေါင် ကြီးတို့သည် အလှူရေစက် လက်နှင့် မကွာ ဆိုသကဲ့သို့ပင် ဘက်ပေါင်းစုံ ထောင့်စေ့အောင် လှူနေကြသည့် မောင် နှံဖြစ်ပါသည်။ မင်းခမ်းမင်းနားဖြင့် ကြီး ကျယ်ခမ်းနားလှပါသော နားသအလှူ ကြီးတစ်ခုတွင် ရာဇပလ္လင်ပေါ်၌ မိဖုရား ခေါင်ကြီးနှင့် မင်းတုန်းမင်းတြားကြီးတို့ စံမြန်းတော်မူနေခိုက် အလယ်နန်း မိဖုရားဖြစ်သည့် ဆင်ဖြူမရှင်သည် ရုတ် တရက် ကြွချီရောက်လာပြီးနောက် ရာဇ ပလ္လင်ထက်သို့ တက်လာ၍ ပူးတွဲကာ ထိုင်တော်မူလေသည်။ မင်းတြားကြီးနှင့် မိဖုရားခေါင်ကြီးတို့မှာ မမျှော်လင့်မထား ခဲ့သော အဖြစ်သနစ်ကြောင့် အရှက် တော်ရသွားခဲ့ရပြီး စိတ်ညှိုးငယ်ခဲ့ရ သည်။ နှစ်ပါးလုံးမှာ နူးညံ့သောနှလုံး သားပိုင်ရှင်များပီပီ ဒေါသအမျက်ကို မျို သိပ်နိုင်ခဲ့ကြသည်။

ဓားထက်လှပါသော နန်းမတော် မယ်နု၏စိတ်မျိုးသာဆိုလျှင်ဖြင့် ဆင်ဖြူမ ရှင်၏ဇက် ပြတ်ပေတော့မည်။ နန်း တွင်းဥပဒေကို ချိုးဖောက်ဝံ့သူက ဆင် ဖြူမရှင်။ ဤကဲ့သို့သော ပွဲကြီးမျိုးများ၌ ရာဇပလ္လင်ပေါ်တွင် ပြည့်ရှင်မင်းမြတ်နှင့် ခေါင်ဖုရားကြီးမှအပ မည်သည့်ပုဂ္ဂိုလ်မျှ စံမြန်းခွင့်မရှိ။

ပြီးတော့ ဆင်ဖြူမရှင်ဆိုသည်က လည်း ခေါင်မိဖုရားကြီး စကြာဒေဝီ ကြောင့်သာ အလယ်နန်းမိဖုရားဖြစ်လာ ခဲ့ရသူ။ စကြာဒေဝီသည် ခမည်းတော် မင်းကြီး ပေးအပ်ထားခဲ့သည့် တရားခံ များကို ရွေးနုတ်ခွင့် အထူးအာဏာကို သုံး၍ ဆင်ဖြူမရှင်လေးကိုကယ်တင် ကာ မွေးစားထားခဲ့သူ။ ဤကဲ့သို့ ငါမွေး သည့်မျောက်က ငါ့ပြန်ခြောက်လေခြင်း ဟု အမျက်တော်မာန်မရှုဘဲနှင့် "ဆင်ဖြူ မရှင်မှာ အပြစ်မရှိပါဘူး။ သူ့ရဲ့ မလိမ္မာ မှုဟာ အကျွန်ုပ်ရဲ့တာဝန်ပါ အရှင်မင်းကြီး။ အကျွန်ုပ်ရဲ့ သွန်သင်ဆုံးမမှု ပေါ့လျော့ သွားလို့ပါ။ ယခုတစ်ကြိမ်တော့ ခွင့်လွှတ် တော်မူပါ"ဟု မင်းတြားကြီး၏ ရှက် ဒေါသစိတ်တော်ကို ပြေလျော့နိုင်ခဲ့သူ။ ဆင်ဖြူမရှင်ကိုလည်း ဆုံးမရုံမျှနှင့် ကိစ္စ ပြီးစေခဲ့သူ။

× × ×

စကြာဒေဝီ ခေါင်ဖုရားကြီး၏ မေတ္တာနှလုံးသားတို့ဖြင့် ရန်သူ၊ မိတ် ခွဲမခွဲခြားဘဲ ဒုက္ခရောက်နေသူများကို ကူညီအားပေး ကယ်တင်စောင့်ရှောက်ခဲ့ သည်မှာ ဆင်ဖြူမရှင်တစ်ပါးတည်း မဟုတ်ခဲ့ပါ။

နန်းတွင်း အရေးတော်ပုံများသည် အရှုပ်တကာ့ထိပ်ခေါင် အရှုပ်ဆုံးဖြစ်၏။ ထီးနန်းပလ္လင်လုပွဲများကြောင့် အဖေကို သားကသတ်၊ အစ်ကိုကို ညီကသတ်၊ ဘကြီးတော်ကို တူကနန်းချနှင့် မြန်မာ့ ရာဇဝင်တစ်လျှောက်လုံးမှာ ကျောချမ်း စရာများ ဖြစ်ခဲ့ပါသည်။ ဤကဲ့သို့အား ဖြင့် အသတ်ခံသွားကြရရာသည့် ရာဇ ဝတ်သားများ၏ မိဘမဲ့ကလေးများကို သနားကြင်နာစိတ်တို့ဖြင့် ခေါ်ယူမွေးစား ဝံ့သူမှာ စကြာဒေဝီဖြစ်သည်။ စကြာ ဒေဝီသည် ထိုကလေးများအပေါ်မှာ သ... သမီးအရင်းပမာ ပြုစုစောင့်ရှောက်မှု... နွေးထွေးစွာပေးခဲ့ပါသည်။

နန်းမတော်ကြီး၏ အဆော... တော်တွင် အသက်အမြုတေကို ... တင်ခဲ့သည့်သူပေါင်း ၁၆ ဦးကျော် ... နီးပါးရှိကြ၏။ အလယ်နန်းမိဖုရားအ... တော်ကောက်ခြင်းခံရသူ ဆင်ဖြူမ... အပါအဝင် အိမ်ရှေ့မိဖုရားဖြစ်လာခဲ့... လှိုင်ထိပ်ခေါင်တင်နှင့် ယောအတွင်း... ဖြစ်လာခဲ့သည့် ဦးဘိုးလှိုင်တို့သည် စကြာ ဒေဝီ၏ သွန်သင်ဆုံးမမှုတို့ကြောင့် ... လယ်တင့်ခဲ့ကြသူများပင်။ စာဆို... အကျော်အမော် မြဝတီမင်းကြီးဦး... လည်း အချုပ်သားဘဝမှ ရွေးနုတ်က... တင်ခဲ့သည့် မေတ္တာရှင်ကြီးဖြစ်ပါသ...

ဤကဲ့သို့ မိဘမဲ့ကလေးများ... အသက်ကို ကယ်တင်စောင့်ရှောက်... သည့် ဇီဝိတဒါနတို့ကို နောင်လာနော... သားများ အတုယူကြစေရန်အတွက်... လည်း ကျောက်ထက်အက္ခရာကို ... ပေးထားခဲ့ပါသည်။

ကုန်းဘောင်ရာဇဝင် ခေတ်အဆ... ဆက်တွင် အခြေကြီးသည့် နန်း... အစစ်ဖြစ်ပြီး မြော်မြင်တွေးခေါ်တ... ဉာဏ်ပညာကြီးမား၍ သဒ္ဓါတရား... သူကို ပြပါဆိုလျှင်လည်း စကြာ... ခေါင်ဖုရားတစ်ပါးတည်းသာ ရှိ၏။

ရတနာပုံမြို့သစ်ကြီးကို ... ထောင်ရန် အကြံပြုအခါပေးကော... သူ၊ အညာသူစစ်စစ်ဖြစ်သော... ခမည်းတော်သာယာဝတီမင်းကြီး ... သို့ စုန်ဆင်းချိန်တွင် အတူလိုက်... ရွှေတိဂုံဆံတော်ရှင်ဘုရားကြီးကို ... ကြဲခဲ့သူ၊ ရွှေတိဂုံစေတီတော်ကြီး၏ ... တော်ကြီးကို ငယ်စဉ်ကတည်းက ...



www.burmeseclassic.com

www.burmeseclassic.com

ဒိန်းချင်သော သဒ္ဓါတရားရှိခဲ့သူ၊ မိဖုရားခေါင်ကြီးအဖြစ် လက်ညှိုးညွှန်ရာ ရေဖြစ်လာသော အနေအထားသို့ရောက်ရှိလာသောအခါ ထိုခေတ်၏တန်ဖိုး ၉၄၁၄၅၂ ကျပ်ကုန်ကျသည့် ရွှေထီးတော်ကြီးကို ရွှေတိဂုံစေတီတော်ရှင်ဘုရားဟွင် တင်လှူခဲ့သူ၊ ပိဋကတ်သုံးပုံတို့ကိုလည်း ပေထက်အက္ခရာတင်စေပြီး တစ်နိုင်ငံလုံးသို့ ဖြန့်ဝေလှူဒါန်းနိုင်ခဲ့သူ၊ သက္ကရာဇ် ၁၂၃၃ ခုနှစ်တွင် မင်းတုန်းမင်းတြားကြီးနှင့်အတူ ပဉ္စမသင်္ဂါယနာတင်လှူပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပနိုင်ခဲ့သူ။ သေဖြင့် ဂုဏ်အရည်အချင်းများစွာ ပြည့်စုံသူဖြစ်နေခြင်းကြောင့်လည်း ပြည်သူပြည်သားတို့၏ နှလုံးသည်းပွတ်တွင်းမှနေ "စကြာဒေဝီ"ဟု ကမ္ပည်းတင်ခဲ့လေသလားမသိ။

× × ×

"သမီးဖြင့် မိဖုရားမဖြစ်ချင်ပေါင်၊ အရပ်သားပဲဖြစ်ချင်တယ်။ ဘဝကို ရိုးရိုးလေးပဲ နေချင်တယ်"

အိမ်ရှေ့စံမင်းသား၏ မိဖုရားဖြစ်လာခဲ့သူ လှိုင်ထိပ်ခေါင်တင်မင်းသမီးလေးက မယ်တော်မမြလေးကို ပြောခဲ့ဖူးသော ဂန္ထဝင်စကားဖြစ်၏။ ထိုစကားနှတ်ထွက်ကိုသိထားသူ စကြာဒေဝီခေါင်ရားကြီးသည် မိဖုရားဖြစ်စေ၊ အရပ်သူထင်ဖြစ်စေ ဉာဏ်ပညာနှလုံးရည်ကိုသုံး၍ တိုင်းပြုပြည်ပြု လုပ်ငန်းများတို့ကို ဦးဆောင်ဦးရွက် လုပ်ကိုင်ပါက နှလုံးသားပြည့်သနားက အသေးအမွှား သာမည်ဖြစ်ကြောင်းကို လက်တွေ့ဆောင်ရွက်ပြခဲ့သော ရာမှုရှားသည့် အာဂအမျိုးသမီးခေါင်းဆောင်တစ်ပါးလည်း ဖြစ်ခဲ့၏။

ရတနာပုံ မင်းနေပြည်တော်ကြီး၏ မြို့ဝင်မြို့ထွက် နေရာများတွင် ကြီးမားပြီး အဆောင်ဆောင် အခန်းခန်းများဖြင့် အုတ်ဇရပ်ကြီးများကို ဆောက်လုပ်စေခဲ့သည်။ ဆီ၊ ဆန်၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ လက်ဖက်၊ နှမ်း။ မြေပဲ စသဖြင့် စားသောက်ဖွယ်ရာ အစုံအလင်တို့ကိုလည်းကောင်း၊ အိုးခွက်ပန်းကန်၊ ရေ၊ မီး၊ ထင်း၊ ဆေးရိုး၊ ဆေးရွက်၊ ကွမ်း၊ ဆေးလိပ်၊ ဘီး၊ မှန်၊ ကျောက်ပြင်၊ သနပ်ခါးတုံး၊ သင်ဖြူးဖျာ၊ စောင်၊ ခေါင်းအုံး စသည့် အသုံးအဆောင်ပစ္စည်းတို့ကိုလည်းကောင်း ဇရပ်ကြီးထဲတွင် စီစဉ်ထားရှိပေးထားသည်မှာ ခရီးသွားဧည့်သည်များအတွက် လိုလေသေးမရှိစေရပါ။

ထို့အပြင် စကြာဒေဝီမိဖုရားခေါင်ကြီးသည် အမျိုးသမီးတို့၏ အာဝေနိကဒုက္ခတို့ကို ညှာတာစာနာမှုများစွာတို့ဖြင့် ခရီးသွားအမျိုးသမီးများ ရုတ်တရက် မီးဖွားလာမှု ကြုံတွေ့လာရပါက အဆင်ပြေစေရန်အတွက် လက်သည်ကိုပါ ထားရှိပေးခဲ့သည်အထိ စေ့စပ်သေချာသူဖြစ်ပါသည်။ မကျန်းမာသူခရီးသည်များအတွက်ကိုလည်း ဆေးဆရာများနှင့် အနှိပ်သည်တို့ကိုပါ စီစဉ်ဆောင်ရွက်ပေးထားခဲ့လေရာ ပြည်သူပြည်သားအပေါင်း၏ အားကိုးယုံကြည်မှု မေတ္တာတို့ကို ရရှိနေသည်မှာ မဆန်းလှပေ။

ဘဝရှင်မင်းတြား မင်းတုန်းမင်းကြီးနှင့် စကြာဒေဝီမိဖုရားခေါင်ကြီးတို့၏ စိတ်တူကိုယ်တူ လှူခဲ့ကြ သည့် ဒါနကုသိုလ်တော်တို့ကို ပေါင်းစုငွေ်ကိလျှင် ထိုခေတ်ငွေ ၂၂ ကုဋေနှင့် ၆ သန်း တန်ဖိုးရှိပါသည်။ ထိုခေတ်၏ ရွှေတစ်ကျပ်သား တန်ဖိုးမှာ ကျပ် ၃၀-၄၀ သာ ဖြစ်၏။

ထိုခေတ်က ရတနာပုံနေပြည်တော်အတွင်းရှိ ကျောင်းတိုက်ပေါင်း ၂၁၇ ကျောင်း။ ကျောင်းပေါင်း ၁၄၄၂ ကျောင်း။ ရဟန်းတော်ပေါင်း ၈၇၁၁ ပါး။ သာမဏေ(ကိုရင်) ၆၆၄၈ ပါးတို့အတွက်ကိုလည်း လစဉ် ဆွမ်းဆန်တင်းပေါင်း ၂၀၄၆၂ တင်းကို ဒါနပြုလှူမြဲဖြစ်ပါသည်။ မြို့တော်အတွင်းမှာလည်း ကမ္မဋ္ဌာန်းဌာန ၁၂ ခုနှင့် ဓမ္မာရုံကြီး ၁၁ ဆောင်တို့ကို ဆောက်လုပ်ပေးထား၍ ဘုရားရှိခိုး ဝတ်တက်စေပါသည်။ လစဉ်လည်း ပရိယတ္တိစာပြန်ပွဲများကို ကျင်းပပေးခဲ့ပြီး သာသနာတော်ကြီးကို ထွန်းကားပြန့်ပွားစေရန် ကြိုးပမ်းအားထုတ်ပေးခဲ့သည့် သာသနာ့မိခင်ကြီးလည်း ဖြစ်ပါသည်။

အဆောင်ရသူတွေရော၊ အဆောင်မရသူတွေရော၊ မောင်းမခြွေရံများနှင့်ရော နှလုံးသားကွန်ရက် ဖြန့်ကျက်နိုင်လွန်းခဲ့သည့် ဘဝရှင်မင်းတြားကြီးအတွက် နှလုံးသားကို အပွန်းပဲ့ထိခိုက်မခံဘဲနှင့် ပြည်သူပြည်သားတို့၏ အောက်ခြေဘဝယအထိဆင်းပြီး မျှဝေခံစားဆောင်ရွက်ပေးခဲ့သည်မှာ အတ္တကိုဘေးဖယ်၍ ပရဟိတကို ဦးစားပေးခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ပြည်သူလူထု၏ ယုံကြည်အားကိုးမှုနှင့် ချစ်ခြင်းမေတ္တာတို့ကို အပြည့်အဝရယူသွားနိုင်ခဲ့သော စကြာဒေဝီမိဖုရားခေါင်ကြီးကဲ့သို့ အမျိုးသမီးကောင်းများစွာ ပေါ်ထွန်းလာပါစေဟု မေတ္တာရည်လျက် ရေးသားလိုက်ရပါသည်။

**လေးသူစံ**

၀၉-၂၅၀၆၇၉၂၅၀

**မှီငြမ်း**

(၁) မြန်မာရာဇဝင်ပေါင်းချုပ်

(၁) ကံနှင့်အလုပ်၊ အလုပ်နှင့်ကံ (ဒေါက်တာသက်လွင်)



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းပြည့်

# ဆရာကြီး အောင်ဘုန်းမြင့်

**နက္ခတ္တဗေဒ ဖလိတပညာရှင် - မဟာဂန္ဓာရီဗေဒင် လက္ခဏာသုတေသီ**

စာရေးဆရာ – အောင်ဘုန်းမြင့် (ကချင်မြေ)

ကလောင်ခွဲ – ကာလီဒါ့ရှ် (မြန်မာပြည်)

- ➤ ယတြာ မာတ်ရိုက်မာတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ➤ ဘဝရေရှည်ဆောင်လမ်းညွှန် အတိုင်ပင်ခံသည်။
- ➤ နေ့စဉ် နံနက်(၆)နာရီ မှ (၉)နာရီအတွင်း အခမဲ့ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။ ဖုန်း - ၀၁-၅၄၀၇၂၀၊ ၀၉-၃၁၀၂၂၈၁၆

# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

## လိပ်ခေါင်းရောဂါမှန်လျှင် ဒိဋ္ဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့် ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့ လာရောက်လေ့လာနိုင်ပါသည်။(နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနုအားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

**မှတ်ချက်။ ။လိပ်ခေါင်းရောဂါသည် စားဆေးသက်သက်ဖြင့် လုံးဝပပျောက်ကင်းပါ။**

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန်(လိပ်ခေါင်းအထူးကုဝိဇ္ဇာ)

**ရန်ကုန်ဆေးခန်းဌာနခွဲ**

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၂၅၀၃၁၃၄၂၇၊

၁၃-၁၄လမ်းကြား၊ ၈၀-၈၁လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၃၅

www.burmeseclassic.com

www.burmeseclassic.com

# အညာသူ အညာသား ဆန်ကောရောင်းသူများ

သူတော်စိန်

ကျုပ်မွေးရပ်ဇာတိက အညာ။ အညာဆိုတော့ မြန်မာနိုင်ငံ၏ အသက်သွေးကြော မိခင် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ် နှစ်သွယ်ပေါင်းစည်းရာ မြစ်ဆုံဒေသ မြောက်ဘက်မနီးမဝေး စစ်ကိုင်းတိုင်းဒေသကြီး (ဟိုစဉ်က စစ်ကိုင်းခရိုင်)အတွင်းက တောခေါင်ခေါင် ချောင်ကျကျရွာ။ ရွာ့အမည်က "ကိုးပင်"။ ကျုပ်တို့ရွာမှာက တောင်သူယာလုပ် ဓားမခုတ်ဘဝဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသူများဖြင့် သာယာပါ၏။ ငြိမ်းချမ်းပါ၏။ ရွာကျောင်းဆရာတော်၏ အဆုံးအမဖြင့် ရွာသူရွာသားများက ရိုးသားသည်။ ဖြူစင်သည်။ ယာကို မြတ်နိုးသည်။ ယာလုပ်ငန်းကို တန်ဖိုးထားသည်။

ယာလုပ်ငန်း လုပ်ကြသူများဖြစ်သည့်အားလျော်စွာ ယာလုပ်ငန်းနှင့် မကင်းရာမကင်းကြောင်း ကုန်လုပ်ကိရိယာများဖြစ်သည့် ထွန်၊ ထယ်၊ လှည်း၊ နွား စသည့်အပြင် ဝါး၊ နီးဖြင့် ရက်လုပ်သည့် ထည့်စရာ တောင်း၊ စလုံးမျိုးစုံလည်း ရှိကြရ၏။ တောင်းဆိုရာတွင် တင်းတောင်း၊ လောင်းတောင်း၊ ခံတောင်း၊ ခံပက်၊ ဆန်ကော၊ ဆန်ခါခုံး၊ ပုတ်၊ ရိုင်ပတ် စသည်ဖြင့် စုံလှပါသည်။ တင်းတောင်းဆိုသည်မှာ ၁၆ ပြည်စံကိုက် သမာဓိတင်းတောင်းဖြစ်ပြီး သီးနှံမျိုးစုံ ရောင်းဝယ်သည့်အခါ ခြင်တွယ်ရန် အသုံးပြုပါသည်။ လောင်းတောင်းဆိုသည်မှာ တင်းတောင်းထက် အနည်းငယ်အဝကျဉ်း၍ ပို၍မြင့်ပါသည်။ ရောင်းဝယ်မည့်သီးနှံကို ၎င်းလောင်းတောင်းဖြင့်ကျုံးယူပြီး တင်းတောင်းထဲထည့်ကာ စတုတ်(လေးဘက်လေးတန် ညီနေသောတုတ်)ဖြင့် တိုက်ရပါသည်။ ခံတောင်းဆိုသည်မှာ တစ်တင်း-နှစ်တင်း စသည့်သီးနှံများကို ယာယီထည့်ထားရန် ဖြစ်ပါသည်။ ခံပက်ဆိုသည်မှာ ခံတောင်းထက်အဝကျယ်၍ တစ်တောင့်ထွာခန့်ရှိပြီး၊ ခမ်ပက်ပက် ခပ်နိမ့်နိမ့် ဖြစ်ပါသည်။ ဈေးရောင်းဈေးဝယ်ကြသည့်အခါဖြစ်စေ၊ ယာခင်းရှိ ယာထွန်သူများအား ထမင်းပို့ရာတွင်ဖြစ်စေ အသုံးဝင်ပါသည်။ ဆန်ကောဆိုသည်မှာ နီးဖြင့်ရက်ထားပြီး ဘေးနှုတ်ခမ်းစောင်းပါသည့် ခပ်ပက်ပက် အဝိုင်းပုံစံဖြစ်ပါသည်။ အသီးအနှံများ လှေ့ရာတွင်ဖြစ်စေ၊ ပြာစင်ရာတွင်ဖြစ်စေ၊ နေလှန်းရာတွင်ဖြစ်စေ ထည့်ရန် အသုံးပြုပါသည်။ အကြီးအသေးဟူ၍ အရွယ်အစားနှစ်မျိုး ရှိတတ်ပါသည်။ ဆန်ခါဆိုသည်မှာ ဆန်ကောနှင့်တူပြီး ခပ်ကျဲကျဲရက်ထားသဖြင့် သီးနှံများဆန်ခါချရာတွင် အသုံးပြုပါသည်။ ဆန်ခါစိပ်၊ ဆန်ခါကျဲဟူ၍ နှစ်မျိုးရှိတတ်ပါသည်။ ဆန်ခါခုံးဆိုသည်မှာ လုံးခြမ်းပုံစံဖြစ်ပြီး အသီးအနှံများ ရေစစ်ရာတွင် အသုံးပြုပါသည်။ ပုတ်ဆိုသည်မှာ သုံးလေးပေခန့်ကျယ်သည့် လေးထောင့်ပုံ တောင်းအကြီးကြီးဖြစ်ပါသည်။ သီးနှံမျိုးစေ့များ များများစားစားထည့်ရန် အသုံးပြုပါသည်။ အထူးသဖြင့် ဘေးပတ်လည်တွင် နွားချေးကို အရည်ဖျော် သုတ်လိမ်းပြီး နောင်နှစ်အတွက် သီးနှံမျိုးစေ့ထည့်ကာ အပေါ်မှ သဲလေးလက်မခန့် ဖုံးထားခြင်းဖြင့် သီးနှံများ ပိုးကိုက်ခြင်းမှ ကာကွယ်ပေးပါသည်။ ရိုင်ပတ်ဆိုသည်မှာ လှည်းပေါ်တွင်ဖြစ်စေ၊ အခြားတစ်နေရာမှာဖြစ်စေ သီးနှံများများစားစား ထည့်သွင်းထားရန်အတွက် အသုံးပြုပါသည်။ အနံ နှစ်ပေခွဲနှင့် အလျားဆယ်ပေခန့်ရှိသည့် ဝါးဖြင့်ရက်ထားသော ဖျာရှည်ဖြစ်ပါသည်။ ၎င်းကို



www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းပတ်ထောင်ထားပြီး အထဲတွင် သီးနှံများ လောင်းထည့်ထားရပါသည်။

ဤသည်မှာ အညာသူ၊ အညာသား တောသူတောင်သားတို့၏ ဓလေ့နှင့်အညီ ယာလုပ်ငန်း၊ ကိုင်းလုပ်ငန်း လုပ်ကိုင်ရာတွင် သီးနှံမျိုးစေ့ဘဝမှ အပင်ပေါက်ပြီး ဆင့်ပွားအဖိုးတန်အသီးအနှံများ ထွက်ရှိရရှိအောင်လုပ်ဆောင်ရာတွင် မရှိမဖြစ် လိုအပ်လှသည့် ကုန်လုပ်ကိရိယာအချို့နှင့် ပတ်သက်၍ အမြွက်မျှတင်ပြခြင်း ဖြစ်ပါသည်။

ဤနေရာတွင် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ တောင်သူလယ်သမား အများဆုံးနေထိုင်သည့် မြန်မာနိုင်ငံတွင် မိုးကောင်းသည့် အောက်ပြည်အောက်ရွာ တောင်သူများက နိုင်ငံ့ဝမ်းစာဖြစ်သည့် စပါးသီးနှံ အဓိကစိုက်ပျိုးသည့် လယ်ယာလုပ်ငန်းကို အဓိကအားထားကာ မိုးရေစပ်စပ်တွင် ကျွဲနှင့်(ထိုစဉ်က)ဖက်၍ ရုန်းကန်လုပ်ကိုင်ကြရပါသည်။ အညာအရပ်ဒေသတွင်မူ ယာလုပ်ငန်းနှင့် ကိုင်းလုပ်ငန်းဟူ၍ နှစ်မျိုးကွဲပြားပြန်ပါသည်။ ကိုင်းလုပ်ငန်းဆိုသည်မှာ မြစ်နားချောင်းနားရှိ မြေများသည် နယုန်လခန့်မှစ၍ သီတင်းကျွတ်ကာလအထိ မိုးတွင်းတစ်ချိန်လုံး ဧရာဝတီ၊ ချင်းတွင်း စသည့်မြစ်ကြီးများမှ ပြည့်လျှံစီးဝင်လာသည့် ရေအယဉ်တွင် စီးမျောပါလာသည့် အနယ်အမှုန်များကို ပို့ချခြင်းဖြင့် အဖိုးတန် မြေဆီမြေနှစ်များကို အပေါ်ယံမြေလွှာအဖြစ် ထားခဲ့ကာ သီတင်းကျွတ်ကာလခန့်တွင် ရေကျသွားပြီး အဖိုးတန်မြေဆီမြေနှစ်များကို အပေါ်ယံမြေလွှာအဖြစ် ထားခဲ့ကာ သီတင်းကျွတ်ကာလခန့်တွင် ရေကျသွားပြီး မြေနုကျွန်းပေါ်လာပါသည်။ ထိုအခါ တောင်သူများက မြေအစိုဓာတ်သင့်တော်သည့် အခြေအနေတွင် ထွန်ယက်၊ ထယ်ထိုး၊ ကြိတ်တုံးကြိတ်၊ ဓားကွင်းတိုက်ခြင်း စသည်ဖြင့် တမန်းညက်သွားသည့်အခါ သင့်လျော်ရာ မြေပဲ၊ ပဲကြီး၊ ဂုန်ဖီလျှော်၊ နေကြာ စသည့် သီးနှံများစိုက်ပျိုးကာ သီးနှံထွက်ရှိအောင် ဆောင်ရွက်ကြပါသည်။

အညာဒေသသည် ပူပြင်းခြောက်သွေ့သည့်အားလျော်စွာ နွားကို (ယခင်က) အဓိကအားထားကာ လုပ်ကိုင်ကြရပါသည်။ ထို့ကြောင့်ပင် တောသူတောင်သားများက နွားကို ကျေးဇူးရှင်အဖြစ် သတ်မှတ်ခေါ်ဝေါ်ကြသည်မှာ ကျေးဇူးတရားစောင့်စည်းတတ်သည့် မြန်မာတို့၏ ဓလေ့စရိုက်ပင် မဟုတ်ပါလော။

ထို့ပြင် အညာဒေသ ရေဝင်ပိုင်းမဟုတ်သည့် ယာမြေ၊ စနယ်မြေကို စိုက်ပျိုးလုပ်ကိုင်ရာတွင် ရံခါ တစ်ဖြိုက်နှစ်ဖြိုက်သာ ရွာတတ်သည့် ကျေးဇူးရှင်အညာမိုးကို အားကိုးလုပ်ကိုင်ထွန်ယက်ပြီး ဂျုံ၊ နှမ်း၊ ငရုတ်၊ ပဲမျိုးစုံ၊ ဂုန်လျှော်၊ ဝါ စသည့် သီးနှံများ စိုက်ပျိုးကြရပါသည်။ စနယ်မြေ၏ သဘာဝသည် သဲဆန်တတ်သဖြင့် သဲပါဝင်မှုကိုလိုက်၍ သီးနှံစိုက်ပျိုးကြရသည့် အားလျော်စွာ အချို့ဒေသတွင် သဲယာကြီး၊ သဲယာလေး၊ ဦးဖြူသဲယာ၊ ဒေါ်နှ သဲယာ၊ ငြိမ်းတို့၊ ယာကောက် စသည်

**အညာတောရပ်များတွင် ငါးရက်တစ်ဈေးသည် အညာသူ၊ အညာသား များအတွက် ကုန်စည်ဖလှယ်ရာ၊ လိုအပ်သည့်ပစ္စည်းပစ္စယများ ဝယ်ယူကြရသည့် ဘုံဈေးသဖွယ်ဖြစ်ပါသည်။**

ဖြင့် မိခင်ယာမြေများကို ချစ်စနိုးအမည်များ မှည့်ခေါ်သုံးစွဲတတ်ကြပါသည်။

အမှန်အားဖြင့်တော့ ကိုင်းသမား ယာသမား အညာသားတောင်သူများသည် ဟိုစဉ်အခါကပင် ကိုင်းသီးနှံ ယာသီးနှံဟူ၍ နှစ်သီးစား လုပ်ကိုင်ကြပါသည်။ သီတင်းကျွတ်လမှ စတင်ထွန်ယက်စိုက်ပျိုးသည့် ကိုင်းမြေ မြေပဲ- စသည့်သီးနှံများကို တပို့တွဲ တပေါင်းလခန့်တွင် မြေပဲနုတ်ခြင်း ရိတ်သိမ်းဆွတ်ခူးခြင်းဖြင့် သီးနှံများ စုဆောင်းသိမ်းဆည်းကြရပါသည်။ ဤသည်ကို အညာဒေသအခေါ်အား စီးမောင်းတက်သည်ဟု ခေါ်ပါသည်။ ဝါခိုဝါခေါင်လများတွင် အောက်ပြည် အောက်ရွာတွင် မိုးဖြိုင်ဖြိုင်သည်း ရွာတတ်သော်လည်း အညာဒေသတွင် မှ ထိုမိုးကိုပင် တစ်ဖြိုက် နှစ်ဖြိုက်



www.burmeseclassic.com

www.burmeseclassic.com

ထောက် ရှာချစေရန် တောသူတောင်သားများ ဆုတောင်းကြရပါသည်။ ထင်သို့ တစ်ဖြိုက်နှစ်ဖြိုက် ရွာချတတ်သည့် မိုးရိပ်မိုးခြေကိုစောင့်၍ ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း လုပ်ကြရပါသည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်းခန့်တွင် စိုက်ပျိုးထားသည့် သီးနှံများမှ ရှုံ့နုတ်ခြင်း၊ ပြောင်းရိတ်ခြင်း၊ ဂျုတ်သီးဆွတ်ခူးခြင်းစသည့် ယာလုပ်ငန်းတာဝန်များ ဆောင်ရွက်၍ သီးနှံရိတ်သိမ်းစုဆောင်းကြပါသည်။ ဤသို့ဖြင့် အညာသူအညာသား ယာသမား၊ ကိုင်းသမားများဘဝသည် အလုပ်နှင့်လက် မပြတ်အောင် လုပ်ကိုင်ခြင်းဖြင့် အသက်မွေးကြရပြီး ရသမျှ အားလပ်သည့်အချိန်တွင် ရွာကျောင်း ဆရာတော်ထံတွင် ဥပုသ်သီတင်းဆောက်တည်ခြင်း၊ အနုမောဒနာ တရားနာကြားခြင်းဖြင့် ဆရာတော်ကြီးများ၏ အဆုံးအမကိုခံယူကာ ပင်ပန်းသည့်ဘဝအမောကို မေ့ဖြင့် နှစ်သိမ့်မွေ့လျော်ကြရပါသည်။

အညာတောရပ်များတွင် ငါးရက်တစ်ဈေးသည် အညာသူ၊ အညာသားများအတွက် ကုန်စည်ဖလှယ်ရာ၊ လိုအပ်သည့်ပစ္စည်းပစ္စယများ ဝယ်ယူကြရသည့် ဘုံဈေးသဖွယ်ဖြစ်ပါသည်။ ရောင်းကြဝယ်ကြသည့် ကုန်စည်ကလည်း စုံလင်လှသည်။ အလှကုန်၊ လူသုံးကုန်၊ စာရေးကိရိယာ မျိုးစုံသည်။ လယ်ယာသုံးပစ္စည်းတွင် ဆန်ကော၊ ဆန်ခါ၊ တောင်း၊ ပလုံး စသည်လည်း ပါတတ်ရာ မိမိအိမ်တွက် သီးနှံမျိုးစုံကိုလည်း ထိုဈေးမှာပင် ရောင်းချကြလေသည်။ အခိုပါ ငါးရက်တစ်ဈေးအပြင် ရံခါ သီးနှံပေါ်ချိန်၊ စီးမောင်းတက်ချိန်များတွင် ခရီးသွားကုန်ဈေးသည်များလည်း လာတတ်ကြပါသည်။ အထူးသဖြင့် ၎င်းတို့သည် သီးနှံပေါ်စ စီးမောင်းတက်ချိန်တွင် ရွာသို့ ရောက်လာတတ်ပြီး ရွာရှိ ခင်ရာမင်ရာ မိတ်ဆွေတစ်ဦးဦးအိမ်တွင်ဖြစ်စေ၊ ဘုန်းကြီးကျောင်းအတွင်း ဇရပ်တစ်ခုခုတွင် ဖြစ်စေ စတည်းချကာ ရွာနီးချုပ်စပ် လှည့်လည်ရောင်းချတတ်ကြပါသည်။

တစ်နေ့ ကျုပ်တို့ရွာကို ဆန်ကောရောင်းသူတစ်ယောက် ရောက်လာပါသဗျ။ ဆန်ကော၊ ဆန်ခါ အရွယ်အစားကလည်း မျိုးစုံလှသပေါ့။ ဒီမှာ ကျုပ်တို့အဘွားကလည်း အိမ်အတွက် လိုအပ်မယ့် ပစ္စည်းလေးများဝယ်ဖို့ ဆန်ကောရောင်းသူကို ခေါ်လိုက်သဗျာ။

"ဆန်ကောသည်လာပါဦး။ ဘယ်ဈေးရောင်းလဲ ပြောပါဦး"

"ပစ္စည်းတော့ စိတ်ချ အဒေါ်ရေ။ ဈေးနှုန်းကတော့ အစားစားပေါ့ဗျာ။ သင့်တော်ရင် ဈေးနှုန်းလည်း ညှိလို့ရပါသဗျာ"

ကျုပ်အဘွားက ဆန်ကောခပ်ကြီးကြီးတစ်ချပ်ကို လှမ်းယူပြီး ပြာကြည့်လိုက်၊ လှေကြည့်လိုက် ဟန်ပန်နဲ့ လုပ်ကြည့်ရင်း ဘာမှမပြောသေးဘဲ ဆန်ကောရောင်းသူ သူ့တူသားအရွယ်ကောင်လေးကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ကာ…

"မင်းပစ္စည်းတွေကတော့ မဆိုးပါဘူးကွဲ့။ ဒါပေမယ့် ဈေးလေးနာလေးတော့ ပြောကြရမှာပေါ့။ ခု အဒေါ်လက်ထဲက ဆန်ကောအရွယ်ဆိုရင် ဘယ်လောက်ရောင်းမလဲ၊ ရောင်းနိုင်မယ့်ဈေးပြောနော်"

"အဒေါ်ရယ် ကျွန်တော်က ပိုမပြောပါဘူး။ အဒေါ်လက်ထဲက ဆန်ကောအရွယ်ဆိုရင် ငါးမူးနဲ့ပေးမှာပါ။ အဒေါ်ဘယ်နှစ်ချပ်ယူမှာလည်း။ အရေအတွက်များရင်တော့ ဈေးတစ်မျိုးပေါ့"

"မင်းဈေးနှုန်းကြည့်ပြီးတော့ သုံးလေးချပ်ယူသင့်ရင် - ယူမှာပေါ့။ ပြီးတော့ အဒေါ်က မင်းပစ္စည်းတန်ဖိုးကို မြေပဲနဲ့ ပေးချေမှာ။ မင်းသိသားပဲ မြေပဲတစ်တောင့်ဖြစ်လာဖို့ အဒေါ်တို့မှာ ဘယ်လောက်ပင်ပင်ပန်းပန်း နွားနဲ့ဖက်ပြီး ရုန်းကန်လာခဲ့ရတယ်ဆိုတာ ငါ့တူကြီးသိမှာပေါ့"

ထိုအခါ ဆန်ကောရောင်းသူလေးက အိမ်ခြံဝင်းထဲက တလင်းထဲရှိ မြေပဲပုံကြီးကိုကြည့်ကာ ပြုံးရောင်သန်းသွားသည်။ အိမ်ရှေ့မနီးမဝေး ပက်လက်ကုလားထိုင်ပေါ်တွင် အခန့်သားထိုင်ကာ "ဇိနတ္ထပကာသနီ"ကျမ်းစာဘုတ်အုပ်ကြီးကို အသံထွက်ဖတ်နေသည့် အဘိုးဦးစော်ကဲက မျက်ခုံးတွန့်ကာ အဘွား ဆန်ကောဝယ်နေသည့်ဘက် တစ်ချက်လှည့်ကြည့်လိုက်သည်။

"ဟုတ်ပါတယ် အဒေါ်ရယ်၊ ကျွန်တော် အများကြီး သဘောပေါက်ပါတယ်။ အဒေါ်ကို ကျွန်တော်က ကျွန်တော့်အဒေါ်အရင်းလို လေးစားတဲ့အတွက် ကျွန်တော် တစ်ခုတင်ပြချင်ပါတယ်"

www.burmeseclassic.com

"ဟာ・・ဆိုပါဦးကွ။ မင်းက ဘာတွေ မိန့်ခွန်းခြွေမလို့လဲ။ မနေ့စက တို့ရွာလာတရားဟောတဲ့ ဟိုပုဂ္ဂိုလ်ကြီးလိုတော့ မလုပ်နဲ့နော်"

"အခေါ် ကျွန်တော်က ဆန်ကောရောင်းတဲ့သူပါခင်ဗျ။ နိုင်ငံရေးသမား မဟုတ်ပါဘူး။ ဆန်ကောတစ်ချပ်ဖြစ်လာဖို့ဆိုတာ အများကြီး လူ့စွမ်းအားအရင်းအမြစ်တွေ သုံးရပါတယ်။ စစချင်း ဝါးရဖို့အတွက် ဟို အထက်ချင်းတွင်းမြစ်ဖျား ငက်တော၊ ခွေးတောထဲက ဝါးကိုခုတ်ပြီး နွယ်ကြိုးနဲ့ စည်းရသဗျ။ ပြီးမှ ဝါးစည်းအများကြီးကို ဖောင်ဖွဲ့ပြီး ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ဖောင်မျှောရပါသဗျာ။ မြစ်ကြောင်းအတိုင်း ဖောင်မျှောတာ လွယ်လှချည်ရဲ့လို့ မထင်နဲ့ အခေါ်ရေ၊ လမ်းမှာ သေမင်းခံတွင်းလို့ခေါ်တဲ့ ဝဲတွေက စောင့်နေသဗျာ။ အဲဒီ ဝဲတွေထဲမှာ မုံရွာအထက်ဘက်က ရွှေစာရေးဝဲဆိုတာ အဆိုးဆုံး၊ ကြောက်စရာအကောင်းဆုံးဗျာ။ ဘယ်လောက်ဆိုးသလဲဆို ဖောင်တစ်ခု ဖောင်တစ်ခု ရွှေစာရေးဝဲထဲပါသွားလို့ကတော့ လူရော၊ ဖောင်ရောအားလုံး စုန်းစုန်းမြုပ်ပျောက် သွားတာခင်ဗျ။ ဒါကြောင့် ဖောင်သမား အညာသားတွေက 'ယောကျ်ားဖောင်စီး၊ မိန်းမပီးနေ'တဲ့။ ပြီးတော့ 'ရွှေစာရေးကိုတော့ အမေတောင် ပေးချင်ပါသတဲ့'ခင်ဗျား။ အဲလောက်ပါ အခေါ်။ အဲရွှေစာရေးဝဲက လွတ်လာတဲ့ဖောင်က ဝါးကို သင့်တော်တဲ့အနေရအောင် အခြောက်လှန်းရသဗျာ။ ပြီးမှ လိုအပ်တဲ့ အရွယ်အစား ခွဲခြမ်းစိတ်ဖြာ ဖြတ်တောက်ပြီးမှ လိုချင်တဲ့အရွယ် ဆန်ကောအရွယ်ရအောင်ရက်ပြီး နှုတ်ခမ်းပေါင်ကို ကြိမ်မျှင်ပါးပါးလေးတွေနဲ့ ခိုင်အောင် တုပ်ရ ဆိုင်းရပါတယ်။ ဆန်ကောနှုတ်ခမ်းဆိုတာ လုပ်ငန်းနဲ့သင့်တော်ရဲ့ အနိမ့်အမြင့်ကို ပညာရှင်တွေက တွက်ဆပြီးမှ ထားတာပါဗျာ။ မြင့်လွန်းရင်လည်း မဖြစ်သလို၊ နိမ့်လွန်းရင်လည်း မရပါဘူးခင်ဗျာ။ အဲဒါတောင် ဟိုအပြောဆရာတွေက ဆန်ကောလောက်မှ စောက်မနက်ဘူး၊ ဘာဘူးနဲ့။ မဆီမဆိုင် ကျွန်တော်တို့ဆန်ကောကို အပြောနဲ့ ထိကပါးရိကပါးလုပ်တာ ဘယ်ကောင်းပါ့မလဲ အခေါ်ရယ်။ အဲဒါကြောင့် ဆန်ကောအကြီးတစ်ချပ်ကို မြေပဲ နှစ်ပြည်တော့ပေးဖို့ ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျာ"

ဒီတော့မှ အဘွားကလည်း -

"မင်းက နှစ်ပြည်တော့ များသကွာ။ တစ်ပြည်နဲ့တစ်ခွက်ဆို ပြီးရော ပေါ့။ ဒါတောင် အခေါ် မင်းကို သနားလို့ပေးတာနော်"

"ဒီလိုလုပ်ပါ အခေါ်ရယ်။ ကျွန်တော်ရွာက ထွက်လာတာ သုံးရက်လောက်ရှိပြီ။ ခုထိ သိပ်မရောင်းရသေးလို့ ကျွန်တော် ပြောနေရတာပါ"

ထိုစဉ် မနီးမဝေး ပက်လက်ကုလားထိုင်တွင် အခံ့သားထိုင်ကာ "ဇိနတ္ထပကာသနီ" ကျမ်းစာဘုတ်အုပ်ကြီးကို အားပါးတရ အသံထွက်ဖတ်နေသူ အဘိုးဦးစော်ကဲက・・・

"ဟော့・・ဟော့・・မမုန်း၊ သူ တောင်းတဲ့ နှစ်ပြည်နှုန်း ပေးလိုက်ကွာ။ သူ့ခမျာ လာရ၊ သွားရ ဘယ်လောက်ပင်ပန်းရှာမလဲ"

ထိုအခါ အဘွားဒေါ်မုန်းက -

"ရှင်ဘာသိလို့လဲ။ ကျုပ်က ... အိမ်အတွက် မလေတန်မလေ၊ မ... တန်မလွှင့်အောင် ဈေးဆစ်နေတာ ... က ဘာသိလို့လဲ"

"ဟဲ့・・・မမုန်း မင်းဈေးဆစ်... လည်း ဆစ်ပေါ့ကွာ။ ခု ငါ ဘုတ်... ကြီးထဲမှာက အရှင်ဥပဂုတ္တကိုယ်တော်... မြတ်ကြီးက ဟိုငနဲ မာန်နတ်ကို ဆုံး... လုပ်နေပြီ။ အဲဒါ ငါအေးအေးချမ်း... ဇာတ်သိမ်းခန်းလေး ဖတ်လို့ရအော... ဟိုကလေးတောင်းတဲ့ ဈေးပေးလိုက်... ကွာ။ တို့မြေပဲပုံကြီးက ဘာမှ ... လျော့စရာမရှိပါဘူး"

ထိုအခါ အဘွားက -

"ကဲ・・・လူကလေး မင်း... သလို နှစ်ပြည်နှုန်း အခေါ်ပေး... မင်းတစ်ခုသိထားဖို့က အရှင်ဥပဂု... ကိုယ်တော်မြတ်ကြီး ဝင်ကူလို့ ... ဒီဈေးရတယ်မှတ်လိုက် ဟုတ်လား..."

- ဆန်ကောမှန်သမျှ ဝိုင်း... တတ်သည်မှာ သဘာဝနိယာမ ဖြ... သည်။

- ထိုအတူ မည်သည့်ဆန်ကော... ကမျှ စောက်မတိမ်ပါ။

- ဆန်ကော၏ သဘာဝအ... အနက်သာ ဖြစ်သည်ကို နား... သည်းခံတော်မူကြပါကုန်။

သူ...



www.burmeseclassic.com

www.burmeseclassic.com

# လောကီရေးရာ မှတ်သင့်စွာ

## သုတေသီဆရာငြိမ်း

သက်ကြီးစကား သက်ငယ်ကြားခဲ့တာလည်း ဖြစ်ချင်ဖြစ်မည်။ လေ့လာဖတ်ရှုမိသော စာအုပ်စာတမ်းတွေမှ ကောက်နုတ်ထားသည်လည်း ဖြစ်ချင်ဖြစ်မည်။ ပြီးတော့ လက်တွေ့အဖြစ်သနစ်များနှင့် ကြုံတွေ့ရင်ဆိုင်ပြီး အသိတရားများ တိုးပွားလာခြင်းလည်း ဖြစ်ချင်ဖြစ်မည်။

မည်သို့ဖြစ်စေ ကြားခဲ့ရ ကြုံတွေ့သိရှိခဲ့သမျှတို့သည် လောကီနယ်ပယ်ထဲ ကျင်လည်နေသမျှ ကာလပတ်လုံး လောကီကောင်းကျိုးအတွက် တစ်ထောင့်တစ်နေရာမှ အကျိုးပြုနေသည်သာပဲ ဖြစ်သည်။ ထိုသို့သော အကျိုးဖလတို့ တိုးပွားရရှိဖို့ရန်အတွက် ဖတ်ရှုသူတို့အပေါ် စေတနာနှင့် တင်ပြခြင်း ဖြစ်ပါ၏။

### ဝမ်းဗိုက်ချပ်စေချင်သလား

အိမ်ထောင်ရှင်အမျိုးသမီးများ မီးဖွားပြီးပါက ဝမ်းဗိုက်ကို ဂရုမစိုက်ပါလျှင် ကာလအနည်းငယ်ကြာသော် ဝမ်းစူပွံ့ပွံ့နှင့် အကြည့်ရဆိုးတတ်ပါသည်။ သို့ဖြစ်၍ ဝမ်းဗိုက်ကို ချပ်ချပ်ရပ်ရပ်ကလေး ဖြစ်စေလိုပါက -

ရေတက်ကောင်း သုံးကျပ်သား။ ပရုတ် တစ်ကျပ်သားနှင့် လေးညှင်း ငါးကျပ်သားတို့ကိုစုလျက် အမှုန့်ကြိတ်ချေပေးပါ။ ပြီးလျှင် တောအရက်စစ်စစ် ဆယ့်နှစ်ကျပ်သားနှင့် ဖျော်စပ်ပါ။ သည့်နောက် မီးဖွားပြီးစဝမ်းဗိုက်ကို လိမ်းပေးပြီး အသင့်ချုပ်ထားသော အဝတ်စဖြင့် ဝမ်းဗိုက်အား စည်းနှောင်ပေးထားပါမူ ဝမ်းဗိုက်သည် စူထွက်လာခြင်းမရှိဘဲ ချပ်ချပ်ရပ်ရပ်ကလေးနှင့် ကြည့်ပျော်ရှုပျော် ဖြစ်လာပါလိမ့်မည်။

### ခြေသည်း ဘယ်မှာပွင့်သလဲ

လက်သည်းပွင့်ခြင်းများကို ကြုံဖူးကြပါလိမ့်မည်။ အကောင်းလည်းရှိသလို၊ အဆိုးလည်းရှိတတ်ကြောင်း။ ထို့အတူ လက်သည်းမှာကဲ့သို့ ခြေသည်းများမှာလည်း ပွင့်လေ့ရှိပါသည်။ ဂရုထား၍ ကြည့်ကြစေလိုပါသည်။ အကယ်တန္တခြေသည်းပွင့်သည်နှင့်စပ်လျဉ်း၍ ဘာတွေဖြစ်တတ်သည်ကို သိလိုပါလျှင် ရှေ့ဆက်ဖတ်ကြည့်စေချင်ပါသည်။

(က) ခြေမ၌ ခြေသည်းပွင့်ပါက ကာမဂုဏ်၌ နှစ်ခြိုက်ပျော်မွေ့ရတတ်သည်။

(ခ) ခြေညှိုး၌ ခြေသည်းပွင့်ပါက ခရီးရှည်ထွက်ရတတ်ပါသည်။

(ဂ) ခြေလယ်၌ ခြေသည်းပွင့်ပါက ဂုဏ်သတင်းကျော်စောတတ်ပါ သည်။

(ဃ) ခြေသူကြွယ်၌ ခြေသည်းပွင့်ပါက ချစ်သူကောင်း အိမ်ထောင်ဖက်ကောင်းနှင့် ဆုံစည်းရတတ်သည်။

(င) ခြေသန်း၌ ခြေသည်းပွင့်ပါက မိမိထက်ငယ်သူက မိမိအပေါ် ငြိုငြင်ခြင်း၊ အငြိုးထားခြင်း၊ အမျက်သိုခြင်းတို့ ကြုံရတတ်ပါသည်။

ကိုင်း . . . ကိုယ့်ခြေသည်းလေးတွေကို ကိုယ်ကြည့်လိုက်ကြပါဦး။

### အရမ်းခေါင်းကိုက်နေသလား

ခေါင်းကိုက်ခြင်းသည် လွန်စွာ ခံစားရခက်သော ဝေဒနာတစ်ရပ်ဖြစ်ပါသည်။ နေထွက်မှသည် နေဝင်ချိန်အထိ ခေါင်းကိုက်ဝေဒနာခံစားရပါက အချို့ အရပ်ဒေသများ၌ "နေဖမ်းစားခြင်း" ခံရသည်ဟု ယူဆကြပါသည်။ နေဖမ်းစားသည်ဖြစ်စေ၊ ဖမ်းစားခြင်းမဟုတ်သည်ဖြစ်စေ အနေခက်လောက်အောင် ခေါင်းကိုက်ဝေဒနာခံစားရပါက -

(က) ခေါင်းကိုက်ဝေဒနာ ခံစားနေရသူ အိပ်စက်သည့်ခေါင်းအုံးကို အသက်အောင့်၍ လက်ဖြင့်ခုနစ်ချက် ပုတ်ပြီး နေပူတွင်ထုတ်လှန်းပါ။ ၂၄ နာရီအတွင်း သက်သာပျောက်



www.burmeseclassic.com

www.burmeseclassic.com

ကင်းသွားပါလိမ့်မည်။

(ခ) စက္ကူကတ်ပြားတစ်ခုပေါ်၌ နေနတ်သားပုံရေးဆွဲပြီး နေနှင့်ထိတွေ့နိုင်သည့် အိမ်ပြင်တစ်နေရာရာ၌ ချိတ်ဆွဲပါ။ အမှားရှိက ခွင့်လွှတ်ပါရန် တောင်းပန်ပါ။ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(ဂ) ထမင်းတစ်ဆုပ်နှင့် ရေတစ်ခွက်ကိုယူ၍ နေနတ်သားကိုလှူပါ။ ခေါင်းကိုက်ပျောက်အောင် ဆုတောင်းပေးပါ။ မကြာခင် သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(ဃ) ခေါင်းကိုက်ဝေဒနာ သက်သာပျောက်ကင်းသွားပါက နေမင်းကြီးအား အထူးကျေးဇူးတင်ပါကြောင်း လျှောက်ထားပြီး ကန်တော့လိုက်ပါ။ (နောင်ဘယ်သောအခါမှ ခေါင်းကိုက်ဝေဒနာ မခံစားရတော့ကြောင်း မှတ်သားရပါသည်။)

## ကြီးပွားရအောင် ဒါတွေရှောင်

လောက၌ ကြီးပွားချမ်းသာမှုကို အလိုရှိကြသူတွေချည်းပင် ဖြစ်ပါသည်။ အချို့ ကြီးပွားချင်စိတ်ရှိပါသော်လည်း ရှောင်ကြဉ်သင့်သည်တို့ကို မရှောင်ကြဉ်၍ ကံမရှိ၊ ဉာဏ်ရှိ တိုင်းမွဲဆိုသလို ဖြစ်နေကြရပါသည်။ သည့်အတွက် ကြီးပွားတိုးတက်ရအောင်အတွက် အောက်ပါ အသေးအဖွဲကလေးများကို ဂရုတစိုက်နှင့် ရှောင်ကြဉ်ကြစေလိုပါသည်။

(က) အိပ်ရာ စောစောမထခြင်း။ (ခ) အိပ်ရာထပြီးနောက် စိတ်တို ဒေါသကြီးပြီး မိသားစုအား ရန်ရှာခြင်း။ (ဂ) အိမ်ရှေ့တံခါးပေါက်ကိုပိတ်ပြီး လေကားရှေ့၌ ထိုင်နေခြင်း။ (ဃ) ကလေးအား အိမ်ရှေ့မျက်နှာစာ၌ ရှူးရှူးတည်ခြင်း၊ အီးအီးတည်ခြင်း။ (င) မနက်စောစော ကလေးငိုသည်ကို တိတ်အောင် မချော့ခြင်း။ (စ) ကလေးကို အဓိပ္ပာယ်မရှိ အီစေခြင်း။ (ဆ) ထမင်းဝိုင်း၌ ထမင်းကို ပလုတ်ပလောင်းစားပြီး စကားများပြောဆိုခြင်း။ (ဇ) ထမင်းစားနေစဉ် ပါးစပ်မှ "တပြွတ်ပြွတ်"နှင့် အသံမြည်ခြင်း။ (ဈ) ပျက်စီးဆုံးရှုံးစေမည့် စကားများကိုသာ ပြောခြင်း။

စသည့် အနိဋ္ဌာရုံကိစ္စရပ်များကို သတိထား၍ ရှောင်ရှားကြည့်စေချင်ပါသည်။ ရှောင်ရှားနိုင်လေ တိုးတက်ကြီးပွားမည့်လမ်းပေါ်သို့ ရောက်လေဟု ဆိုလိုက်ပါရစေ။

## ဘယ်ငှက်ပျောနဲ့ ပွဲတိုးမလဲ

မိရိုးဖလာ ဓလေ့ထုံးတမ်းအရသော်လည်းကောင်း ကိုးကွယ်ပသမှုဆိုင်ရာ အရသော်လည်းကောင်း မိမိတို့သည် ကန်တော့ပွဲတိုးတတ်ကြပါသည်။ ဤ၌ ငှက်ပျောသီး၏ အ ကဲထူးသည် ပါဝင်၍လာပါပြီ။ မိမိတို့မှာ ဆန္ဒအာသီ တွေရှိကြသည်။ ထိုဆန္ဒအာသီသတွေကား အဘယ်နည် ငင်းဆန္ဒအာသီသများ ပြည့်ဝစေရန်အတွက် စပ်ဟပ်သ ငှက်ပျောကို ရွေးချယ်လိုပါလျှင် လေ့လာထားသမျှ တင်ပြလိုက်ပါသည်။

(က) နတ်အပေါင်း ချစ်ခင်စေလိုပါက နံ့သာ ငှက်ပျော၊ (ခ) နာမည်သတင်းကျော်စေလိုပါက သီ ငှက်ပျော၊ (ဂ) လိုရာဆန္ဒပြည့်ဝပြီး ဘေးရန်ကင်းလို ဆင် စွယ်ငှက်ပျော၊ (ဃ) အတိုက်အခံအန္တရာယ်မှ ကင်း စေလိုပါက ဖီးကြမ်းငှက်ပျော၊ (င) စီးပွားဥစ္စာ ကြွယ်ဝလို ရွှေငှက်ပျော၊ (စ) ရာထူးဌာနန္တရတိုးတက်ပြီး ခိုင်ခံ့လို ရနိုင်ငှက်ပျော။

စသည့် ငှက်ပျောတို့အား ဆိုင်ရာ ဆန္ဒအာသီ အလိုက် ပွဲတိုးကြည့်ပါက ထူးခြားသော ရလဒ်နှင့် ကြုံတွေ့ လိမ့်မည်။

## စီးပွားတက်ပို့ဆိုရင်

စီးပွားဥစ္စာများ ဒီရေအလား တိုးတက်စေရန်အတွ အောက်ပါနမော ငါးချက်ဂါထာအား ရွတ်ဖတ်သရ ပွားများပါ။ နေ့စဉ် ဘုရားကျောင်းဆောင်ရှေ့၌ ပုတီးတစ် မျှရအောင် စိပ်ပေးပါ။ နမောငါးချက် စီးပွားတက်ဂါထာ ထူးခြား၍ စီးပွားတက်ဂါထာမှာ ထူးခြား၍ အကျိုးပေး အကျိုးပေးမြန်လှပါသည်။

(၁) နမောတဿ
(၂) နမောတဿ ဘဂဝတော
(၃) နမောတဿ အရဟတော
(၄) နမောတဿ သမ္မာသမ္ဗုဒ္ဓဿ
(၅) နမောတဿ ဘဂဝတော၊ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သုတေသီဆရာ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အစိမ်းသော လူဝင်စား

ကျော်မင်းနိုင်

ကံမောင့်ကို လူဝင်စားအဖြစ် တစ်ရွာလုံးက ပြောကြသည်။ ပိုထူးတာက ရိုးရိုးလူဝင်စားမဟုတ်ဘဲ အင်းသရဲကြီးဝင်စားသည်ဟု ဆိုကြပြန်သည်။

ကံမောင့်ကို အင်းသရဲကြီး ဦးတာတီး ဝင်စားသူအဖြစ် သံသယနှင့်မဟုတ်ဘဲ တကယ်တမ်းယုံကြည်ယားသူမှာ ကံမောင့်အစ်ကိုရင်း ညာထဲမောင်ပင်ဖြစ်၏။

ညာထဲမောင်သည် ပေတောကုန်းရွာ ဘုန်းကြီးကျောင်းမှာ ထိုအရေးတွေကြို့တင်မြင်ပြီး ရဟန်းဝတ်သွားသူဖြစ်၏။ ယခုဆိုလျှင် ဦးပဥ္စင်းကြီးဦးညာထဲ အမည်တွင်နေလေပြီ။

ဦးပဥ္စင်းကြီး ဦးညာထဲမှာ ကံမောင်ထက် အသက်ငါးနှစ်ခန့်ကြီးသူ ဖြစ်သော်လည်း လောကုတ္တရာအလုပ်၌ အမှတ်တကုတ် ကြိုးစားအားထုတ်နေသူဖြစ်၏။

ဦးညာထဲ သက်န်းစည်းနေသော ဘုန်းတော်ကြီးကျောင်းမှာ ပေတောကုန်းတောင်ပေါ်ကျောင်းဖြစ်၏။ ဝါတွင်းအခါကာလများမှာသာ တောင်ပေါ်ကျောင်းမှာသာ သီတင်းသုံးပြီး ဝါပကာလများတွင် ပဲခူးရိုးမကြီး၏ တောင်တန်းများသို့ ခိုဝင်ကာ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းလေ့ရှိသည်။

ဦးပဥ္စင်းဦးညာထဲ ငယ်ငယ်ရွယ်ရွယ်နှင့် တရားရခဲ့ခြင်းမှာ အင်းသရဲကြီး ဦးတာတီးနှင့် ဆက်နွယ်နေသော အကြောင်းရှိသည်။

ညီအငယ်ဆုံးဖြစ်မည့် ကံမောင်ကိုယ်ဝန်စရှိစဉ်မှာပင် ညာထဲမောင်တို့အမေ အိပ်မက်ဆိုးတွေ မကြာမကြာမြင်မက်တတ်သည်။ ထိုအိပ်မက်ဆိုးတွေမြင်မက်တိုင်း ညာထဲမောင်တို့အမေ ဒေါ်သုန်က အဖေဖြစ်သူ ဦးစိန်မောင်အား ပြန်ပြန်ပြောတတ်သည်ကို ညာထဲမောင်ကော အစ်မကြီးဖြစ်သူ ဒေါ်နန်းယုန်တို့ပါ ပြန်ပြန်ကြားနေရ၏။

"ကိုစိန်မောင်ရယ်...ခက်တော့တော်တော်ခက်နေပြီ။ အင်းသရဲကြီး ဦးတာတီးက ကျွန်မတို့အိမ်မှာ လာနေတယ်လို့ပဲ မက်မက်နေတယ်။ ပြီးတော့ ကျုပ်ဇလေ အဲဒီအိပ်မက်မက်ပြီးတိုင်း နောက်နေ့ရောက်ရင် ငါးတွေကို အစိမ်းလိုက်စားချင်တဲ့စိတ်တွေ ပေါ်ပေါ်လာတယ်။ သွေးသားက ချင်ခြင်းတပ်တာလား မသိပါဘူးတော်"

"ဟေ...ဟုတ်လား။ အိပ်မက်ခဏခဏမက်နေပုံထောက်တော့ အင်းသရဲကြီး ဦးတာတီး မင်းဗိုက်ထဲကို တကယ်ဝင်စားနေပြီနဲ့တူတယ်။ ဒါဆိုလည်း ဘာဖြစ်သလဲကွာ။ ခု ငါက အင်းထဲသွားငါးရှာတိုင်း အင်းသရဲကြီးဦးတာတီးကို အရိုအသေပေး ပူဇော်ပသနေရတာ။ သူက မင်းဗိုက်ထဲဝင်စားပြီး ငါ့သားဖြစ်သွားရင် ငါ့ကို သူ့အဖေအနေနဲ့ ပြန်အရိုအသေပေး ရှိခိုးရမှာ။ ပိုတောင်ကောင်းသေးတယ်။ မင်းဗိုက်ထဲကတာတီးကလေး အပြင်ရောက်မှ သူ့ကိုပြန်ပြီး ငါးတွေများများရအောင် ပြန်ခိုင်းစားရမှာပေါ့ကွာ...ဟား ဟား ဟား"

ညာထဲမောင့်တို့အဖေ ဦးစိန်မောင်က လူပျော်လူရွှတ်ကြီးပီပီ အကြောက်အလန့်မရှိပဲ ထိုသို့ပြန်ပြောတတ်ပေမယ့် အင်းသရဲကြီးဦးတာတီးက ခွင့်လွှတ်စိတ်ရှိပုံမပေါ်။

နောက်တစ်နေ့ အင်းထဲထွက်ပြီး ငါးရှာအထွက်မှာ ညာထဲမောင်တို့အဖေ ဦးစိန်မောင် အင်းထဲမှာပင် လှေမှောက်ပြီး ရေနစ်သေသွားခဲ့၏။

"ဒီအင်းနားမှာနေ ဒီအင်းထဲမှာကြီးခဲ့တဲ့ စိန်မောင်ဟာ ရေကူး အင်မတန်ကျွမ်းကျင်တဲ့လူ။ လှေမှောက်ပြီး ရေနစ်သွားတာ အလောင်းတောင်မတွေ့တော့တူးဆိုတော့ တကယ့်ကို ထူးဆန်းတာပဲဟေ့"

ဦးစိန်မောင်အဖြစ်ကြောင့် ပေတောကုန်းရွာတစ်ဝိုက် အံ့သြဘနန်းဖြစ်ကြသည်။

ဇနီးသည် ဒေါ်သုန်မှာမူ ကြိတ်မနိုင် ခဲမရဖြစ်ပြီး သူ့အိပ်မက်အကြောင်းကို အိမ်နီးနားချင်းများကိုပင် မပြောရဲ။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် ဒေါ်သုန်မှာ ကံမောင့်ကို ကိုယ်ဝန်ဆောင်နေစဉ်အတွင်း ငါးအစိမ်းစားသည့်အကျင့် ပါသွားခဲ့သည်။

ကံမောင့်အား မွေးပြီးနောက် မီးတွင်းမှာပင် ဒေါ်သုန် ဆုံးပါးသွားခဲ့လေ၏။ ထိုဖြစ်ရပ်ဆိုးများကြောင့် ကံမောင်၏အစ်ကို ဉာဏ်မောင်မှာ စောစီးစွာ တရားရခဲ့ပြီး ဘုန်းကြီးကျောင်းရောက်သွား၏။

အစ်မကြီးဖြစ်သူ မနှင်းယုန်ကသာ မောင်အငယ်ဆုံးကံမောင်အား ဂရုစိုက် မွေးခဲ့ရလေသည်။

"ငါ့သူကို မရက်စက်ရဲလို့သာပေါ့ ဉာဏ်မောင်ရယ်။ ပြီးတော့ သေသွားတဲ့ အဖေနဲ့ အမေကလည်း ငါ့ကို အိပ်မက်ပေးနေတယ်။ ဒီကလေးကို အသက်ရှင်အောင်သာမွေး။ တို့ ဆင်းရဲတဲ့ဘဝက ကျွတ်လွတ်ရလိမ့်မယ်တဲ့။ အဖေကဆိုရင် နောင် ဒီတာတီးလူဝင်စားကလေး အရွယ်ရောက်လာလို့ လောကကြီးထဲမှာ သူနေလို့ထိုင်လို့ အပျော်ဆုံး။ အကောင်းဆုံးအချိန် ရောက်လာရင် တရင်းရှင်းစရာတွေ ရှိနေသေးတယ်။ ရှင်အောင်သာမွေးလို့ အထပ်ထပ်အခါခါ အိပ်မက်ထဲမှာ မှာမှာနေတယ်။ ဘာတွေများလဲ မသိပါဘူး ဉာဏ်မောင်ရယ်။ ငါတော့ စိတ်တွေရှုပ်ရှုပ်လာပြီ မောင်လေးရယ်"

"မမရယ် ဒီအကြောင်းတွေ တစ်ခြားသူတွေ မသိပါစေနဲ့။ တော်ကြာ ဒီကလေးကို အန္တရာယ်ပေးကြပါဦးမယ်။ ပြီးတော့ ဦးတာတီးနဲ့ပတ်သက်ပြီး ကျုပ်တို့ မောင်နှမတွေကို အထင်သေးကြပါဦးမယ်ဗျာ"

ဉာဏ်မောင်က အစ်မကြီးဖြစ်သူ မနှင်းယုန်ကို ထိုမျှသာပဲ အားပေးစကားပြောနိုင်သည်။

သူက တရားရနေသူမို့ သဗ္ဗေသတ္တာ ကမ္မသကာဟူသော ဗုဒ္ဓမြတ်ဘုရား ဟောကြားမွက်ဖော်သော တရားအတိုင်း ကျင့်ကြံနေထိုင်ရတော့သည်။

သူတို့မောင်နှမအတွက် ကံကောင်းသွားခြင်းမှာ သူတော်ကောင်းတရားရှိပြီး သဒ္ဓါတထားပြည့်ဝသော ယောက်ဖဖြစ်သူ ကိုမောင်သန့် သူတို့မိသားစုဝင် ဖြစ်လာခြင်းပင်။

ယင်းမောင်သန့်မှာ သူတို့နေထိုင်ပဲခူးမြစ်ဖျားပိုင်း ငန်းတောကြီး တောင်းတူတစ်ပိုင်တွင် နာမည်အရှိန်အဝါကြီးသော မနောမယအထက်လမ်းဆရာကြီး ဦးခန့်၏သားကြီး ဩရသဖြစ်၍ အထက်လမ်းလိုက်နေသော ဆရာတစ်ပိုင်းလည်းဖြစ်၏။

ထိုဆရာတစ်ပိုင်းဖြစ်သော မနောမယဝိဇ္ဇာဆရာသန့်ကြောင့် အင်းသရဲကြီး ဦးတာတီး၏ အနှောင့်အယှက်ပယောဂများ အစ်မကြီးမနှင်းယုန်တို့မိသားစုအတွက် ခေတ္တခဏ ငြိမ်းအေးစေခဲ့သည်ဟု ဆိုရမည်။

သို့သော် အင်းသရဲကြီး ဦးတာတီးတစ်ဖြစ်လဲ ကံမောင်အဖို့မှာတော့ မငြိမ်းအေးနိုင်ပါလေတော့။ သူမိဘအစဉ်အဆက် နေထိုင်ခဲ့သော ခြံဝိုင်းထဲမှာ တာရှည်မနေနိုင်။

တောလိုက်၊ ငါးဖမ်း၊ မုဆိုးဘဝ၊ တံငါဘဝနှင့် ကြုံသလို နေထိုင်အသက်မွေးရတော့သည်။ ယင်းကြောင့် ကံမောင်သည် သူ့အစ်မကြီး ဒေါ်နှင်းယုန်တို့ဆီ တစ်လကိုးသီတင်းကြာအောင် ပြန်မရောက်တတ်။

သူဝါသနာပါသော ပါဏာတိပါတကံဖြစ်သော အမဲလိုက်၊ သားသတ်၊ ငါးဖမ်း၊ အရက်သေစာ သောက်စားမူးယစ်ပျော်ပါးရင်းနှင့်သာ အချိန်တွေ ကုန်လွန်စေရတော့သည်။

BURMESE CLASSIC

□□□

အင်းသရဲကြီး ဦးတာတီးမှာ ကံမောင်အဖြစ် လူဝင်စားဘဝမှာတင် ထိုသို့ ကိုယ့်ခြံကိုယ့်မြေကို မိသားစုနှင့်အေးအေးလူလူ နေထိုင်ရသောဘဝမျိုးကို မပိုင်ဆိုင်ရပဲ ဖြစ်သလိုဘဝ၊ ကြုံရာကျရာ နေနေခဲ့ရသည်မဟုတ်။ ဟိုးအတိတ်ကာလ ဘဝအဆက်ဆက်ကပင် ထိုအဖြစ်မျိုးနှင့် ကြုံခဲ့ခဲ့ရသည်။

တံငါသည် တောလိုက်မုဆိုးဘဝနှင့် သူတစ်ပါး အသက်အမြှုကို ဖျက်ဆီးသောအကြောင်းကံကြောင့် သူ့ကို ဒိဋ္ဌမမှ အကျိုးရောက်စေသလား မပြောတတ်။

လွန်ခဲ့သော နှစ်ပေါင်း ၆၀ ခန့်ပေတောကုန်းရွာဟောင်း၌ တာတီးအဖြစ် လူ့ဘဝနှင့် နေစဉ်ကပင် အထုံပါလာခဲ့သည်။

တာတီးသည် ရွာထဲတွင်မနေနိုင်။

နုနာစွဲနေသဖြင့် ထိုခေတ်အချိန်အခါက တောရွာများ၏ ရှေးရိုးစွဲအယူအဆအရ ရွာပြင်ထွက်နေရသည်။

ပေတောကုန်း အင်းစောင်းမှာ တဲထိုးနေရသောဘဝ။

ဆင်းကလည်းဆင်းရဲ၊ ဘဝကလည်း အပယ်ခံဘဝဆိုတော့ သူနှင့်



www.burmeseclassic.com

www.burmeseclassic.com

...သုသာန်သချိုင်းမှာ နေထိုင်ရသော ...သုတာရာဇာသမီး ခွဲမိနှင့် အိမ်ထောင် ...ရလေသည်။

အင်းစောင်းမှာ တာတီးနေရပြီဆို ...အင်းကြီး၏အထာကို ပိုင်နိုင်ကျွမ်း ...လာခဲ့သည်။ ဘယ်အချိန် အင်း ...လျှင် လူစားမည်။ ဘယ်ကာလ ...ထဲက အညှီနံ့ပေးလျှင် ဘယ်လို ...ဖြစ်ဆိုးမျိုး ဆိုက်ရောက်တတ်သည် ...ပြီ သိနေ၏။

ရေကူး ရေငုပ်ရာတွင်လည်း အင် ...တန် ကျွမ်းကျင်သည်။

ပေတောကုန်းတစ်ရွာလုံး တာတီး ...သည် ငါးဖားရှာရာ၌ ပြိုင်စံရှား၏။ ရေ ...ငုပ်ရာတွင် တာတီးလို ကြာကြာ ဘယ် ...သူမှ ရေမငုပ်နိုင်ကြ။ တာတီး ဆယ့်ငါး မိနစ်လောက် ရေထဲမှာ ကြာကြာငုပ်နိုင် သည်။ သူ့မျက်လုံးနီနီကြီးတွေက ရေထဲ မှ အကောင်ဘလောင်တွေကိုပင် မြင်ရ သည်ဟု ပြောကြသည်။

တာတီး ရေထဲမှာ အကြာကြီး ငုပ်၍ ပြန်ပေါ်လာပြီဆိုလျှင် သူ၏ဝဲယာ လက်နှစ်ဖက်မှာ ငါးတစ်ကောင်စီ ဆုပ် ကိုင်၍ ပါးစပ်ပြူကြီးမှလည်း ငါးတစ် ကောင်ကိုကိုက်ခွဲပြီး ပါလာတတ်သည်။

တာတီးရှာ၍ရလာသော ငါးများ ကို သူ့မိန်းမခွဲမိက ရွာထဲမှ ဝယ်နေ ကျဖောက်သည်များကို ရောင်းသည်။ ဝယ်နေကျဟုဆိုရာ၌ ပေတောကုန်းရွာ မှ အချို့ ကိုယ့်ကိုယ်ကို လူရေသန့်တွေ ဟု ယူဆ ဘဝင်မြင့်နေသူတွေက ကိုယ် ပျက်နေသော တာတီးကြီးဖမ်းလာသည့် ငါးကိုမစား။ သချိုင်းကုန်းမှ သုတာရာဇာ သမီး ခွဲမိရောင်းသောငါးကိုမစားဟု ဆိုကာ မဝယ်ဘဲနေသူတွေရှိသေးသော ကြောင့်ဖြစ်၏။

မည်သို့ပင်ဖြစ်စေ တာတီးနှင့်ခွဲမိ တို့သည် သူတို့ရှာဖွေရလာသော ငါး တွေထဲမှ အကောင်းဆုံးဖြစ်မည်ထင် သောငါးကို ကောင်းမွန်စွာချက်ပြုတ်ပြီး ပေတောကုန်း ဘုန်းတော်ကြီးကျောင်းသို့ ဖွဲ့ဆော်ဦး ပို့တတ်သည်။ ထိုကုသိုလ် ကံလေးကပင် မကောင်းမှုကံဆက် ကြောင့် ပရလောကသားသရဲကြီး ဖြစ် သွားရရှာသော တာတီးကို တစ်နေရာ မှာ အကျိုးပေးသည်ဟု ဆိုရမည်။ တာ တီးသရဲဖြစ်သွားတာတောင်မှ အင်း သရဲကြီးအဖြစ် ကမ္မဋ္ဌိတ္တိခေါ်သော စွမ်း အင်ပါဝါတွေရှိနေ၏။

တာတီးနှင့်ခွဲမိမှာ သူတို့ပေတော ကုန်းရွာမှာ သူတို့ရှာဖွေသော သားငါး များ ဝယ်သူနည်းပါးစေကာမူ သိပ်ပြီး ဂရုစိုက်နေကြသည်မဟုတ်။ သူတို့ရွာ နှင့် သုံးမိုင်ခန့်ဝေးသော ထန်းတောကြီး ရွာဈေးသို့ သွားရောင်းလျှင် ဖောက် သည် အလိုလိုရှိနေပြီးသား။

ထိုစဉ်က ပဲခူးမြစ်ဖျားမှာရှိနေ သော ထန်းတောကြီးရွာနှင့် ဇောင်းတူ ရွာကြီးတို့မှာ ယနေ့ခေတ်လို မြို့နယ် ကြီးများ မဟုတ်ကြသေး။ လူနေစည် ကားပြီး စီးပွားရေးဖွံ့ဖြိုးသော ရွာကြီး တွေအဖြစ်နှင့် ရှိနေ၏။

ထန်းတောကြီး ဇောင်းတူနှင့် ပဲခူး မြို့ကြီးတို့မှာ အဆက်အသွယ်မပြတ်ရှိ နေ၏။ ပဲခူးရိုးမတောကြီးထဲမှ သစ်ဝါး တွေခုတ်ပြီး ပဲခူးမြစ်လက်တက်ချောင်း တွေမှ သစ်ဝါးတွေ မျှောချလာပြီး ထန်း တောကြီး ဇောင်းတူသစ်ဆိပ်မှာ သစ် ဖောင်ဖွဲ့ကြသည်။ ဝါးဖောင်စပ်ကြသည်။ သစ်ဆိပ်၊ ဝါးဆိပ်၊ ဖောင်ဆိပ်အဖြစ် စည်ကားနေ၏။

ရာသီဥတု ကြည်လင်သာယာ သောအခါများတွင် ပဲခူးသို့စုန်ဆင်းရာ မော်တော်ဆိပ်ပင် ရှိသေးသည်။ အခါ မပြတ်မှ ပဲခူးမြို့ကြီးသို့ သစ်တင်ကား ကြီးများ ဥဒဟိုသွားနေရာဖြစ်သည်။

ယင်းကြောင့် ငါးဖားနှင့် ပဲခူးရိုးမ ကြီးထဲမှ တောကောင်အမဲများ ဝယ်ယူ ရာ လက်ခံနိုင်တွေရှိနေ၏။ ပဲခူးတိုင်း၏ တိုင်းမြို့ကြီးဖြစ်သော ပဲခူးမှတစ်ဆင့် ထို တောထွက်ပစ္စည်းများကို မြန်မာပြည် အရပ်ရပ်သို့ ရောက်သွားနိုင်သည်။

ယင်းကြောင့် တာတီးရှာဖွေရလာ သော သားငါးတွေအတွက် ဖောက် သည်မပူရ။

ရွာက ကြုံရာနွားလှည်းနှင့် ထန်း တောကြီးဈေး တက်ရောင်းရုံသာ။

ပြီးတော့ တာတီးအတွက် အမြဲ တမ်း ဖောက်သည်တစ်ယောက်က တော့ ရှိနေ၏။ ရွာထိပ်ဘုံဆိုင်မှ ထန်း တက်သမားအညာသားဆိုင်ဖြစ်၏။ ထို ခေတ်က အရက်ဆိုင် ထန်းရည်ဆိုင် များကို ဘုံဆိုင်ဟု သိမ်းကျုံးခေါ်နေဆဲ ရှိသေးသည်။

တာတီး ရေထဲက ငါးဖားရှာလာ လာ၊ တောထဲက အမဲရှာလာလာ ရွာ ထိပ်ဘုံဆိုင်က အညာသားကို သင့် တော်သလောက်ပေးလိုက်လျှင် ပြေ လည်ပြီ။ တာတီးအကြွေးသောက်ထား သမျှကြေသည်။ တာတီးမှာ သည်လို ဖောက်သည်ကောင်းတွေ ရှိနေ၏။

ဘာပူစရာလိုသေးလဲ။



www.burmeseclassic.com

www.burmeseclassic.com

လျှော်စရာတန်းစရာ ဘုန်းကြီးကျောင်း ရှိသည်။ အရက်သောက်စရာ ဘုံဆိုင်ရှိသည်။

ကောင်းမှုကုသိုလ်နှင့် မကောင်းမှုအကုသိုလ်တို့ ခွေးရောယှက်တင် ရောနှောနေသော တာတီး၏ဘဝကား ဟိုမရောက်သည်မရောက်။

□□□

အဲသည် ကောင်းမှုကုသိုလ်နှင့် မကောင်းမှု အကုသိုလ်တို့ကြားမှာပင် တာတီးပျော်နေသည်။ တာတီးတင်မက တာတီးမိန်းမ ခွဲမိပင် ကျေနပ်နေသည်။

ကာမဂုဏ်သား ခုံလည်နွားတွေဟု ဆိုထားကြသည်မဟုတ်လား။

မိမိတို့ ကြုံရာကျရာ ဘဝလေးတွေ၌ပင် အကောင်းထင်နေကြသည်။

တာတီးနှင့် ခွဲမိတို့ချည်းမဟုတ်။ ပဲတောကုန်း ရွာသူရွာသားအချို့ပင် ထိုသို့ သူတို့ကြုံရာကျရာ ဘဝကလေးတွေမှာ ပျော်ပိုက်နှစ်ခြိုက်နေကြသည်။

ပဲတောကုန်းသည် ပဲခူးရိုးမကြီး အစပ်မှာရှိ၍ တောခေါင်တောင်ကြား အရပ်ဖြစ်၍ ထိုစဉ်က မျက်စိကြီးနားကြီးများ အရောက်အပေါက်နည်းကြသည်။ ပညာတတ်ဟူ၍ မည်မည်ရရ မရှိ။ ပဲတောကုန်း သူကြီးဖြစ်နေသော မောင်ညွှန့်သည်ပင်လျှင် မြို့မှ လေးတန်းကျောင်းသားကြီးဖြစ်၏။

တောခေါင်ခေါင် တောင်ကြားမှာ ရှိနေသော ပဲတောကုန်းရွာအနီးတွင် သဘာဝက ဖန်ဆင်းပေးထားပုံရသော ပဲတောကုန်းအင်းကြီးက ရှိနေသည်။

ပဲတောကုန်း အင်းကြီးထဲကို ပဲခူးရိုးမပေါ်မှကျလာသော တောင်ကျရေများ စီးဝင်နေသဖြင့် မိုးရာသီတွင် ရေလျှံနေပြီး ဆောင်းနှင့်နွေရာသီတိုင် ရေပြတ်သည်ဟူ၍မရှိ။

ပဲတောကုန်းရွာ တည်နေရာကလည်း ပဲတောကုန်းအင်းကြီးနှင့် ဆက်စပ်လျက်ရှိနေပြန်သည်။ ပဲတောကုန်းရွာ အနီးဝန်းကျင်မှာ မြေပြန့်လွင်ပြင်များ ရှိ၏။ တောတွေတောင်တွေကြားက မြေပြန့်လွင်ပြင်ဖြစ်၍ တောင်ပေါ်မှကျလာသော ချောင်းရေများ ရေဝပ်ရာလျှိုများ၊ အိုင်များရှိ၏။ အင်းတွေအိုင်တွေ ရှိ၏။

ယင်းကြောင့် မိရိုးဖလာအစွဲအရ တောစောင့်နတ် တောင်စောင့်နတ်များကို လေးစားကြ၏။ အင်းစောင့်၊ အိုင်စောင့်တွေရှိသည်ဟု အစွဲအလမ်းကြီးကြ၏။ ပူဇော်ပသကြ၏။

ထိုသို့ တောစောင့်နတ်၊ တောင်စောင့်နတ်၊ အင်းစောင့်အိုင်စောင့်များကို အစွဲအလမ်းကြီး ပူဇော်ပသနေကြရခြင်းမှာ ခေတ်နောက်ကျကျန်နေ၍ဟု ပြောလို့မဖြစ်။

ထိုအရပ်များ၌ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များကလည်း ရှိနေတတ်သည်။ လျှို့ဝှက်ဆန်းကြယ်သော သာဓကတွေကလည်း ရှိနေသေးသည်။

ထိုဖြစ်ရပ်ဆန်းကြယ် လျှို့ဝှက်ထူးခြားသော သာဓကတွေမှာ အင်းသရဲကြီးဦးတာတီး၏ ဖြစ်စဉ်တွေကိုကြည့်လျှင် သိနိုင်၏။

အင်းသရဲကြီး ဦးတာတီးအရင် အစဉ်အဆက်က ပဲတောကုန်းအင်းကြီးကို အပိုင်စားရထားသော အစောင့်အရှောက်တွေ ရှိခဲ့ဖူးသည်။ အရပ်အခေါ် အင်းသရဲကြီးတွေ ပင်ဖြစ်၏။

ထိုအင်းသရဲကြီးတွေကို ဘယ် ခေတ်ဘယ်အချိန်ကာလက စပေါ် သည်ဟု မည်သူမျှ အတတ်မပြောနိုင် ကြ။ ပြောနိုင်သော သက်ကြီးသူမတွေ ပင် ကွယ်လွန်သွားခဲ့ကြကုန်ပြီ။

ရွာနေပြည်ထိုင်ဟု ဆိုရမည်ဖြစ် သော အင်းသရဲကြီး ဦးတာတီး အကြောင်းလောက်ကိုသာ တစ်ဆင့် စကား တစ်ဆင့်ကြားဖြင့် သိနိုင်ကြ တော့သည်။

ရပ်ဓလေ့ရွာဓလေ့၊ တောဓလေ့ တောင်ဓလေ့ ရွာရှိလျှင် ရွာတော်ရှင်ရှိ ၏။ တောတောင်ရှိလျှင် တောစောင့် နတ် တောင်စောင့်နတ်ရှိ၏။ အင်းကြီး အိုင်ကြီးရှိလျှင် ထိုအင်းကြီးအိုင်ကြီးများ ကို အပိုင်စားကြရသော အင်းစောင့်အိုင် စောင့်များရှိကြသည်။

သူတို့ကို တစ်ပွဲစားကြီးဟု ခေါ် ကြသည်။

ထိုအင်းစောင့်၊ အိုင်စောင့်များ သည် အတိတ်ကံအရ ကမ္မဇိဒ္ဓိ အစွမ်း ထက်ပုံချင်း မတူကြ။ အရှိန်ပါဝါ အနိမ့် အမြင့်ကွာခြားကြသလိုပင်။

ကမ္မဇိဒ္ဓိ အဆင့်မြင့်သူတွေကို တောစောင့်နတ်၊ တောင်စောင့်နတ် အင်းစောင့်နတ်၊ ကန်စောင့်နတ်ဟု ခေါ် ဆိုကြပြီး အဆင့်နိမ့်သူတွေကို တေ ကပြိတ္တာကြီးတွေဘဝဖြင့် အင်းသ ကန်သရဲဟု ခေါ်ကြသည်။

ပဲတောကုန်း အင်းကြီးက အင်းသရဲကြီးစိုးရာ အင်းကြီးဖြစ်၏။

အင်းသရဲကြီးများသည်

www.burmeseclassic.com

ထာဝရအပိုင်စား ကြီးစိုးကြသည်မဟုတ်။

ကျွတ်လွတ်ချိန်တန်လျှင် ကျွတ်လွတ်သွားကြရသည်သာ။

ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ကူးပြောင်းသွားကြရသည်သာ။

သူတို့ ကျွတ်လွတ်သွားမည့်အချိန်တွင် သူတို့ကိုယ်စား အင်းစောင့်တော့မည့်ဆက်သင့်သူကို ရှာဖွေထားခဲ့ကြရလေသည်။

□□□

ထိုသို့ ရှာဖွေထားခဲ့ရသူတွေထဲမှာ အင်းသရဲကြီးဦးတာတီးသည် ကံဆက်အလှည့်သင့်သူ ဖြစ်သွားခဲ့၏။

သူ့ဘဝပေးကလည်း ကုသိုလ်ကံနှင့် အကုသိုလ်ကံ ရောထွေးနေခဲ့သည် မဟုတ်လား။

ထိုနေ့က တာတီးသည် ပေတောကုန်းအင်းကြီးထဲ ငါးရှာမဆင်းမီ ပေတောကုန်းရွာထိပ် အညာသားဘုံဆိုင်သို့ ပင်နေကျအတိုင်း ဝင်လာခဲ့သည်။

အညာသား၏ ဘုံဆိုင်ဆိုသည့် အဝိုင်းပင် ချက်အရက်လည်းရသည်။ ထန်းရည်လည်းရသည်။ အမြည်းကလည်း တာတီးတို့လို ရွာခံမုဆိုးတံငါတွေရှိနေ၍ တောစာ၊ တောင်စာ၊ ရေစာ၊ အင်းစာ ငါးဟင်းရသည်။ တစ်ခါတစ်ရံ လိပ်ပင်ရတတ်သည်။

တာတီး ထိုနေ့က ပေတောကုန်းအင်းထဲဆင်းပြီး ငါးရှာရမည့်နေ့။

ပေပေရေရေ တာတီးသည် ထိုနေ့က ရှားရှားပါးပါးရတတ်သော ဖွဲ့ဆော်ဦး ပေရည်နှင့်ကြုံသဖြင့် ပေရည်ကို လိပ်သားနှင့် လွှာတွေ့အာတွေ့ ဖြစ်သွားသည်။

ပေရည်ဆိုသည်မှာ ပေပင်မှထွက်သော ထန်းရည်လို မူးယစ်ရီဝေသော အာနိသင်ရှိသည့် အရည်ပင်ဖြစ်၏။

ပေပင်ကလည်း ထန်းပင်အုန်းပင် ကွမ်းသီးပင်တို့လို ပင်စည်တစ်ဖြောင့်တည်း အပင်အမျိုးအစား။ ရှေးလူကြီးတွေ ဆရာတော်သမားတော်ကြီးတွေကတော့ ပေရွက်ဖြင့် ဇာတာဖွဲ့ကြသည်။ ကမ္မဝါစာရေးကြသည်။ အင်းအိုင်လက်ဖွဲ့ ခါးလှည့်မန္တရားများ မှတ်တမ်းတင်ကြသည်။

ထန်းပင် အုန်းပင်တွေက ထန်းမှုန်အုန်းမှုန်တွေထွက်သလို ပေပင်မှ ပေမှုန်တွေထွက်တတ်သည်။ ထိုပေမှုန်ပေခိုင်မှ ထန်းရည်ခံသလို ပေရည်ကိုလည်း လူတို့က စိမ်ဖန်တီးပေးပြီး ထန်းရည်ကဲ့သို့ သောက်သုံးကြသည်။ မူးယစ်စည်းစိမ် သူ့ရာမေရယလုပ်ကြသည်။

တောင်ခြေရွာတွေမှာ ထန်းပင်ပေါပြီး ထန်းရည် ဖောဖောသီသီရနိုင်သော်လည်း ပေပင်က ရွာတိုင်းတွင် ပေါပေါများများမရှိတတ်ပဲ ပေတောကုန်းရွာနီးဝန်းကျင်မှာသာ ရှိတတ်၍ ပေရည်ရခဲသည်။ အညာသားလို ကျွမ်းကျင်လိမ္မာသောသူကလည်းရှိဦးမှ ပေရည်သောက်ရတတ်သည်။

ပေရည်အမူးကဲ ထန်းရည်အမူးထက်သာသည်။

ထိုနေ့က ရှားရှားပါးပါး ဖွဲ့ဆော်ဦးရတတ်သော ပေရည်ကို ပေတောကုန်းရွာသား တာတီးအကြိုက်ဆော်သည်။

ထန်းရည်ဆိုင်ရှင်ကြီး အညာသားကလည်း လိပ်သားမစားသူတွေကို ယုန်သားအမြည်းထုတ်ရောင်း၍ ပေတောကုန်းကျေးရွာသားတွေ ခံတွင်းလိုက်ကာ ကြွက်တွင်းအဘ ရေတံလျှောက်တွေ ဖြစ်ကုန်သည်။

ထိုအထဲမှာ တာတီးသည် အကဲဆုံး၊ အသည်းဆုံး။

ဆိုင်ရှင်အညာသားကပင် သတိပေးယူရသည်။

"တာတီး မင်း အင်းထဲဆင်းမလို့ဆို။ သိပ်မူးနေရင်မကောင်းဘူး။ အင်းကြီးက ညညအော်သံတွေပေးနေတာလည်း မကြာသေးဘူး။ တချို့အင်းသမားတွေတောင် အင်းထဲမဆင်းရဲကြဘူးကွ။ မင်း မူးပြီးဆင်းလို့ ဖြစ်ပါ့မလား။ တော်ရုံသောက်ပေါ့ကွာ"

"ဟာ...အညာသားရဲ့ တာတီးက အင်းကိုပိုင်တဲ့အကောင်ပဲ။ ဒီပြင်ကောင်တွေ အင်းကြီးအော်ထားလို့ အင်းထဲဆင်းပြီး ငါးမဖမ်းရဲပေမယ့် တာတီးက အင်းမင်းသားပဲ ဖမ်းရဲတာပေါ့။ သူများတွေ အင်းထဲမဆင်းရဲလို့ ငါးထွက်မဖမ်းကြရင် ပိုကောင်းသေးတယ်။ တာတော တစ်ယောက်တည်းဖမ်း။ တစ်ယောက်တည်း ပိုရတာပေါ့။ ဘာလဲ ခင်ဗျားကံကျွပ်ကို စိုးရိမ်လို့လား။ အင်းမင်းသား တာတီးပါဗျာ။ စိုးရိမ်မနေစမ်းပါနဲ့"

"ခွေးကောင်တာတီး မင်းကိုစိုးရိမ်တာထက် ငါ့ဖောက်သည်တစ်ယောက် လျော့သွားမှာကို စိုးရိမ်လို့ပြောတာကွ။ နင့်လိုပဲ ငါးအရှာကောင်းတဲ့ ခွေးညိုတို့ဆိုရင် အင်းအော်ထားလို့ ညည မဆင်းရဲဘဲ နေ့ဘက်ဆင်းပြီးဖမ်းလို့ အင်းထဲက မြန်တက်လာတာကြာပြီ။ ဟိုမှာ



www.burmeseclassic.com

www.burmeseclassic.com

သောက်နေတာ မမြင်ဘူးလား"

အညာသား စကားကြောင့် ခွေးညိုတို့ရှိရာသို့ တစ်ချက်မျှော်ကြည့်လိုက်သည်။

ညနေစောင်းပြီဆိုတော့ အင်းထဲနေ့ဘက်ဆင်းသော ခွေးညိုတို့ ပြန်တက်လာ၍ ပေရည်စည်စိမ်နှင့် ယစ်ဝေနေပေပြီ။

အင်းအော်ထားတာကို ကြောက်လန့်ပြီး ညဘက် အင်းထဲမဆင်းရဲသူတွေမှာ တာတီးတို့မပါ။ တာတီးက အကြောက်အလန့်ရှိသူမဟုတ်။ တာတီး ဂရုမစိုက်ဘဲ ဆက်တွယ်နေသည်။ ညနေ နေဖျိုးဖျအချိန်တောင်မှ တာတီးသည် ထန်းရည်ဆိုင်က မထ။

သိပ်မကြာလိုက်ပါ။ ဆိုင်ရှင်အညာသားက တာတီမိန်းမ ဆွဲမိ ခြေတစ်ဖက် ဆာတာဆာတာနှင့် ထန်းရည်ဆိုင်ဘက် ခေါနှင့်မောနှင့် လျှောက်လာတာကို လှမ်းမြင်လိုက်သည်။

"ဟော့…တာတီး မင်း အိမ်ပုလိပ်တော့ လိုက်လာပြီ။ မင်းကလည်း စောစောကတည်းက သွားပါဆိုမှ သောက်ချက်က မြင်းသကိုးကွ"

သူတို့ ရပ်ရွာဝလေ့အရ မိန်းမကို အိမ်ပုလိပ်ဟု ခေါ်ကြသည်။ ဒီတော့မှ တာတီးကြီး သူ့မိန်းမရောက်လာတာကို သတိထားမိသည်။ ဆွဲမိကိုတော့ တာတီးချစ်သည်။ ချစ်ဆို တာတီးလို လူအပယ်ခံတစ်ယောက်အတွက် ရှားရှားပါးပါးရထားသော ဘဝကြင်ဖော်တစ်ယောက်ပဲ မဟုတ်လား။

"ကိုတာတီး ရှင် ခုအချိန်အထိ အင်းထဲ မဆင်းသေးဘူးလား။ ဒီနှစ် ဗှာဘုရားပွဲ နားကပ်ကလေး အမီပန်ရအောင် ကြိုးစားပြီး ငါးရှာမယ်လို့ ပြောထားတာ။ ရှင့်ရဲ့ ဒီလိုသောက်လုံးကြီးပုံမျိုးနဲ့ဆိုရင် ကျုပ်နားနဲ့နားကပ်နဲ့တော့ အပုံကြီးဝေးပါသေးရဲ့တော်"

ဆွဲမိကလည်း အပေါက်ဆိုးဆိုး ဆိုတော့ တာတီး ဆက်သောက်နေ၍ မဖြစ်ပြီ။

သို့သော် ရှားရှားပါးပါးရသော ပေရည်ကိုတော့ မက်နေသေးသည်။

"ကိုအညာသား အိမ်ပုလိပ်ကတော့ ခင်ဗျားအမြင်ပဲ။ ကျုပ် အင်းထဲမှာ အလုပ်လုပ်ရင်း အပန်းဖြေသောက်ဖို့ ပေရည်တစ်လုံးပေးလိုက်။ ကျုပ် အင်းထဲက ပြန်တက်လာတဲ့ မနက်ဖြန်မနက် ထုံးစံအတိုင်းပေးပါ့မယ်ဟုတ်လား"

အညာသားလည်း ဆွဲမိ လျှာဆက်ရှည်နေမည်ကို နားမခံနိုင်။ တာတီးပြောသည့်အတိုင်း ပေရည်တစ်လုံး ငှက်ပျောဖူးပုလင်းနှင့် ထည့်ပေးလိုက်သည်။

တာတီး ပေရည်တစ်လုံးဆွဲပြီး အင်းဘက် ထွက်လာခဲ့၏။ နှုတ်ကြမ်းလျှာကြမ်းနိုင်သော ဆွဲမိကို ဘာတစ်ခွန်းမျှ ဆက်၍မပြောနိုင်။ ဒါကို တစ်ထိုင်တည်းသောက်နေသူတွေ ရယ်သွမ်းဖွဲ့ကြသည်။

"တာတီးကြီးတို့ကတော့ သူ့ဆေးနဲ့သူ ဟုတ်နေတာပဲကွ"

တာတီးကတော့ သူများတွေ ဘယ်လိုပြောပြီး ဘယ်လိုကျန်ရစ်ခဲ့သည်ကို ဂရုစိုက်မနေ။ သူ့အချစ်ကလေး ဆွဲမိ၏ သပေါက်သပာမ်း အသံကို သူ့ရဲ့ မူးယစ်ဝေ ဂီတသံလေးနှင့် ခွန်းတုံ့ပြန်၍ပင် သွားသေး

"မယားအတွက် စိန်နား ဆင်းရဦးမယ် အင်းထဲကို"

သည်တော့မှ လျှာပူအော လုပ်သော အင်းမင်းသား တံငါသ တော် မဆွဲမိ စိတ်ကျေနပ်မှုရပြီး နေထိုင်ရာ သင်္ချိုင်းကုန်းအစပ် ထဲ သို့ ပြန်သွား၏။

တာတီး၏ ခြေလှမ်းများ လည်း ပေတောကုန်းအင်းကြီး ဘက်သို့ မမှန်တမှန် သရိုသရီ မကိုက်၊ စည်းမမှန်။

၀၀၀

တာတီး၏ ခြေလှမ်းတွေမှာ တောကုန်းအင်းကြီးဆီသို့ ဦးတည် သော်လည်း အင်းကြီးထဲသို့ ချ ရောက်မသွား။

အင်းရေပြင်ကျယ်ကြီးကို သန်း၍ တိုက်ခတ်လာသောလေ အပုပ်နံ့ ညှီစို့စို့နံ့သော်လည်း က ငါးပုပ်နံ့ပဲဟု ထင်သည်။ သူ့လှေကလေး ကြိုးချည်ထားရာ စပ်က ညင်ပင်ကြီးအောက်မှာ ထောက်နားသည်။

ကညင်ပင်ကြီးက အဓိ ကညင်ပင်ကြီး။

ပေတောကုန်းအင်းကြီး ထ ပေါက်ရောက်နေသော သစ်ကြီး တွေထဲမှာ အမြင့်ဆုံးအကြီးဆုံး တမ်းအရင့်ဆုံး အပင်ကြီး။ ယော ကြီး သုံးဖက်စာမျှရှိပြီး ပင် လည်း မတ်စောက်လှသည်။

ဖောင်းထနေသော

www.burmeseclassic.com

တွေကြားမှာ လူတစ်ယောက်ပင် ဝင်အိပ်နိုင်သည့်။ အပွေးအခေါက်တွေကလည်း ပက်ကြားအပ်လို ရှုတ်တွနေ၏။ အမှတ်တမဲ့ကြည့်လျှင် တစ္ဆေမျက်နှာကြီးလို ကြမ်းတမ်းခြောက်လှန့်နေသယောင်။

ထိုကညင်ပင်ကြီးမှာ အဘအင်းစောင့်သရဲကြီး စံမြန်းရာ သွပ်းမိုးနှင့် ရေနံရည်ဝနေသော သစ်သားအိမ်နတ်ကွန်းမည်းမည်းကလေးရှိနေ၏။

တာတီးသည် လူမိုက်တို့၏ လက္ခဏာအတိုင်း အချိန်စောလေးသည်ဟု သူ့ဖာသာသူသတ်မှတ်ကာ ကညင်ပင်ကြီး၏ မြစ်ပျဉ်းတွေကြားမှာ ပစ်လှဲချသည်။ လှဲချရာက ပေရည်ပုလင်းအား ပိတ်ဆို့ထားသော ဖော့ဘူးဆို့ကို ပါးစပ်နှင့် ကိုက်ခွဲဖွင့်သည်။

"ဖောင်း"

ပေရည် ငုက်ပျောဖူးပုလင်းမှ ဘူးဆို့သည် စောစောကတည်းက ပုလင်းကို လှုပ်ခါယမ်းလျက် ပါလာခြင်းကြောင့် ဆူဝေနေသည့်ဒဏ် မခံနိုင်ဘဲ ဖောင်းကနဲမြည်သံနှင့်အတူ ကန်ထွက်သွား၏။

"ဟဲဟဲဟဲ···မင်းက ပေရည်စစ်ကြောင်း ကြော်ငြာလေ ငါကလည်း အသောက်သမားစစ်ကြောင်း ပြရလေပေါ့ကွာ···ဟားဟားဟား"

တာတီး သဘောကျစွာပြောပြီး ပုလင်းကိုမော့သည်။

မူးယစ်စေသော သူ့ရာရည်သည် ပူရှရှနှင့် လည်တိုင်မှ ရင်ခေါင်းထဲ စီးဆင်းသွား၏။ ဒီတော့မှ တာတီး မြည်းစရာအမြည်း ပါမလာခဲ့တာကို သတိရသည်။

"သူကြီးမရှိတော့ ရွာဆူတယ်၊ အမြည်းမရှိတော့ အာပူတယ်။ ဂန်းဒါမလာပြီး ပွဲကြမ်းလို့ ကတိုက်ကရိုက်ထွက်လာခဲ့တာနဲ့ ငါ အမြည်းမေ့လာခဲ့ပြီ"

ခုမှ အမြည်းကိုတမ်းတရင်း ပတ်ဝန်းကျင်ကို ငဲ့စောင်းကြည့်သည်။

လား···လား··,·ကညင်ပင်ကြီး၏ မြစ်ပျဉ်းတစ်နေရာမှာ ငါးအသေတစ်ကောင်။ ပြီးတော့ ပိန်းရွက်နှင့် တင်ထား ဆက်သထားတာမျိုးမဟုတ်။ ငါးက လက်တစ်ဝါးစာရှိသော ငါးကြီးမျိုး။

တိုင်းယက်တဲ့ ပက္ကလာ မိုးရွာတာနှင့် အခင်သင့်ဆိုတာလို ဖြစ်သွား၏။ တာတီး ငါးအသေကောင်ကို ကောက်ယူပြီး အစိမ်းလိုက် ကိုက်စားသည်။ သူ့ပါးစပ်ကို ငါးသေကြီးမှာ တွယ်ကပ်နေသော ပုရွက်ဆိတ်များက ဝိုင်းကိုက်သော်လည်း မမှုဘဲ ပုရွက်ဆိတ်များကိုပါ ဝါးစားပစ်သည်။

သို့ဝါးစားရင်း နောက်ဆုံးလက်ကျန် ပေရည်ပုလင်းကို မော့သောက်မည်ပြုစဉ် အင်းချောင်းကို ဖြတ်သန်းပြီး လေပြင်းတစ်မ တိုက်ခတ်လာသည်။ ညှီစို့စို့ အနံ့အသက်ကြီး ရှူးရှူး ၂၅ ရောက်လာပြန်၏။ အပုပ်နံ့တွေ ၊တာတီး ဂရုမစိုက်နိုင်။

လေပြင်းနှင့်အတူ လက်ဝါးမည်းမည်းကြီး တာတီး၏နဖူးပြင်ကို ရိုက်ချလိုက်သည်။

"ဖြန်း···"

လက်တစ်ဖက်မှ ဆုပ်ဖမ်းလိုက်စဉ် သူ့လက်ထဲ ပိန်းရွက်ခပ်ကြမ်းကြမ်းကြီးတစ်ရွက် ပါလာသည်ကို သတိထားမိသည်။

"ဟင်···ဒါဆို"

တာတီးသိလိုက်ပြီ။ သူအမြည်းအဖြစ် ကောက်ယူဝါးစားခဲ့သောငါးမှာ အင်းသရဲကြီးကို ထုံးစံအတိုင်း ပိန်းရွက်ကြမ်းနှင့်တင်ပြီး ဆက်သထားသောငါး ဖြစ်မည်။

"အို···ဘာဆိုင်တာလိုက်လို့။ ငါက တခြား၊ ပိန်းရွက်က တခြားပဲ။ အေးလေ···ဆိုင်တော့ကော ဘာဖြစ်သေးလဲ။ တာတီးဘုန်းကြီးတော့ အင်းသရဲကြီးမနေသာလို့ ငါ့ကို ပြန်ဆက်သတယ်လို့ပဲ သဘောထားရမှာပေါ့"

တာတီး မူးမူးနှင့် တွေးချင်ရာတွေး ပြောချင်ရာပြောပြီး အင်းထဲ ဆင်းလာခဲ့သည်။

အင်းစပ်မှာ ကြိုးချည်ထားသော လှေကလေးပေါ်တက်သည်။ တာတီး ဘယ်လောက်မူးသွားသလဲဆိုလျှင် လှေကို ကြိုးချည်ထားသော လှေဦးကြိုးကိုပင် မဖြေမိ။ လှေဝမ်းထဲမှာချထားသော လှော်တက်ကို ကောက်ကိုင်ပြီး လှော်နေမိ၏။

လှေက ကမ်းစပ်မှာပင် ဟိုထိုး သည်ထိုး ရုန်းနေပေမယ့် နေရာမရွေး။

သို့သော် လှေလှော်နေသည့်တာတီးက သူ့လှေ လျင်မြန်သောအဟုန်နှင့် ရေလယ်သို့ ရောက်သွားသည်ဟုပင် ထင်နေ၏။

ပြီးတော့ သူ့လှေဘေးမှာ ငါးကြီးတစ်ကောင်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုငါးကြီးသည် ငါးကိုယ်လုံးနှင့် လူခေါင်းကြီးဖြစ်နေ၏။ လူခေါင်းနှင့်ဟု ပြောရမည်ထက် ကြောက်စရာ၊ လန့်စရာ တစ္ဆေသရဲကြီးတစ်ကောင်၏ မျက်နှာမျိုး။ မှုနေသော တာတီးအဖို့ အမြင်အမျိုးမျိုးက ချောက်ချားဖွယ်ဖြစ်နေသလို အသံအမျိုးမျိုးတွေလည်း ကြားနေရပြန်သည်။

"ဟေ့ကောင် တာတီး။ မင်း ငါ့အစာကို ယူစားသလို မင်းလည်း အခု ငါ့အစာပြန်ဖြစ်ပြီကွ"

ထိုတစ္ဆေဦးခေါင်းနှင့် ငါးကြီးက ပြောရင်း တာတီးကိုခုန်ဟပ်ပြီး ရေထဲသို့ ဆွဲချသွား၏။

"နင့်မေကလွှား။ ဘယ်လိုလဲဟ ညည်းစိမ်ပျက်လိုက်တာ"

စိတ်ကြမ်းလူကြမ်းတာတီး သူ့စရိုက်ကြမ်းအတိုင်း ပါးစပ်မှဆဲဆိုရင်း ရေထဲ ယက်ကန်ယက်ကန်နှင့်ပါသွား၏။

□□□

"ဗွမ်း...ဗွမ်း"

ဦးခေါင်းမှ နာကျင်မှုဖြစ်ကြောင့် ပထမတော့ တာတီးရေထဲမှာ တဗွမ်းဗွမ်း ရုန်းကန်သည်။ ခေါင်းကိုကိုက်ဆွဲထားသောငါးကြီးကလည်း မလွှတ်။

တာတီးကို ရေပြင်အနက်ကြီးသို့ ဆွဲချသွား၏။

သို့သော် နာကျင်မှုဝေဒနာတွေက တစ်စစ ပျောက်ပြယ်သွားခဲ့သည်။ ထိုနာကျင်မှုသည် သာယာမှုအဖြစ်သို့ ရောက်ရှိသွားပြန်သည်။

အပုပ်နံ့တွေ၊ ငါးညှီစော်အနံ့တွေ အမွှေးနံ့သာရနံ့တွေအဖြစ် ပြောင်းလဲသွား၏။

ထို့အတူ တာတီးဘဝသည်လည်း ပြောင်းလဲသွားရလေပြီ။

လူတွေ သေဆုံးသွားစဉ် မသာချသည့်နေ့၊ ရည်လည်ခွမ်းသွပ်သည့်နေ့များ၌ ဘုန်းတော်ကြီးတွေ "ဘဝတစ်ပါးမှ ဘဝတစ်ပါးသို့ ကူးပြောင်းရောက်ရှိသွားသော"ဆိုသည့်စကားအတိုင်း တာတီးဖြစ်သွားရလေပြီလား။ ဘဝတစ်ပါးမှ ဘဝတစ်ပါးသို့ တကယ်ပဲ ကူးပြောင်းသွားခဲ့လေပြီလား။

ဘယ်လိုပဲဖြစ်ဖြစ် တာတီးအဖို့တော့ အင်မတန်သာယာသောဘဝသို့ ရောက်ရှိသွား၏။

တာတီးဦးခေါင်းကို ကိုက်ဆွဲချလာသောငါးကြီး ပျောက်သွားပြီး တာတီးခေါင်းမှာ ရွှေစင်အတိပြီးသော ငါးခေါင်းသရဖူကြီးရောက်နေ၏။

ပြီးတော့ တာတီး ရွှေရောင်နှင့် ကျောက်သံပတ္တမြားတွေ စီခြယ်ထားသည့် ရေအောက်နန်းတော်ကြီး၏ ပလ္လင်ကြီးပေါ် ရောက်ရှိသွားခြင်းပင်။

အကျသိုလ်ကောင်ကြီး တာတီးအတွက် အရာအားလုံးသည် နှစ်သက်ကျေနပ်ဖွယ်၊ သာယာညွတ်နူးဖွယ်ချည်းဖြစ်နေ၏။

သူ့ကို ခစားပြီး ပြားပြားဝပ်နေသူတွေထဲမှာ ဘဝပြောင်းလာသော တံငါသည်တွေ သူတို့ ပဲတောကုန်းရွာမှရော၊ အင်းကြီးပတ်ဝန်းကျင်ရှိရွာတွေမှရောပါသည်။ မျက်နှာသိ၊ မျက်နှာစိမ်းတွေစုံသည်။

အဲဒီအထဲမှာ သူ့အကျေနပ်ဆုံး
အနှစ်သက်ဆုံးကား ငြိမ့်ပြောင်းသော
တူရိယာသံစဉ် တီးမှုတ်သီဆို ကခုန်သံ
များနှင့်အတူ ဖျော်ဖြေနေသော ငါးနတ်
မိမယ်၊ ပုဇွန်နတ်မိမယ် ရေသူမသတ္တ
ဣတ္ထိယအလှမယ်ကလေးများကိုပင်။

ဖျော်ဖြေပွဲပြီးတော့ စားသောက်ပွဲ
ကြီး။ ရေနေသတ္တဝါ အမျိုးမျိုးကို မြိမ်
စားပွဲကြီးပေါ် ရွှေပန်းကန်ပြားကြီးတွေနှ
ပြင်ဆင်ထားသည်။ သို့သော် ချက်ပြုတ်
ကြော်လှော်ထားသည်မဟုတ်။ ပကတိ
အစိမ်းသက်သက် အကောင်လိုက်
အတိုင်း။

ဒါပေမယ့် စားသောက်ရသည်မှာ
နတ်သုဓါတစ်မျှ အရသာရှိလှသည်။

အိပ်စက်ရာတွင်ပင် ပတ္တမြား
သလွန်ညောင်စောင်းပေါ်မှာ ငါးနတ်
မယ်ကလေးများနှင့် အိစက်ညက်ညော
သော ဖဲမွေ့ရာထက်၌ အကြည်အ
အထူးထူးသော ဖောသောဖသာတွေ
စိုက်နေသည်မှာ ဘယ်ဘဝနှင့်မျှ မ
နိုင်ပါလေတော့။

ဒါ...ဒါပေမယ့်...

ကြည်နူးဖွယ်ပျံ့ သာယာနာ
ဖွယ် ရှုခင်းရုံတွေ ပြီးတော့ ကြော
လန့်ချောက်ချားဖွယ်ရာ အနိဋ္ဌာရုံ
ကြီးသို့ ချက်ချင်းကန်ချခံလိုက်ရ
ပြောင်းလဲသွားပြန်၏။

တာတီးကြီး၏ ကိုယ်ပေါ်မှာ
ဝတ်နန်းစားတွေ မရှိတော့။ ရေ
အဖြစ် ရွှေသားအတိပြီးသော ကျေ
သံပတ္တမြား စီခြယ်ထားသော
လည်း ပျောက်သွား၏။

www.burmeseclassic.com

တာတီး လူ့ဘဝကလာခဲ့သလို ရုတ်ရုတ်ပြတ်ပြတ်၊ ပေပေရေရေ။

သူ့ကို သူသတ်ဖြတ်ခဲ့သောငါး တွေ၊ တောရိုင်းတိရစ္ဆာန်တွေက လက်နက်မျိုးစုံနှင့် ဝိုင်းထိုးခုတ်ကြသည်။

ဒဏ်ရာ ဒဏ်ချက်တွေကြောင့် သွေးအလူးလူး။

မခံမရပ်နိုင်ဖြစ်ပြီး တာတီးထွက်ပြေးသည်။ မလွတ်။ တိရစ္ဆာတစ်ကောင်ကောင်၏ အထိုးအခုတ် အဝိုင်းအဖြတ်တွေကြားကနေ တိရစ္ဆာန်တစ်ကောင်၏ အကိုက်အခဲ၊ အကုတ်အဖြဲကို ခံရပြန်သည်။ တစ်ကောင်တည်းမဟုတ်။ အကောင်ပေါင်းများစွာ။ အမျိုးအမည်တစ်မျိုးတစ်စားတည်းမဟုတ်။ အမျိုးအစားပေါင်းများစွာ၊ များစွာ။

ဝေဒနာတွေ ခံစားရသည်မှာ ကြောက်ပါးလီလီ။ ဆဲဒီလို အနီ့ဘွာင့် အသည်းနိုက် အူလှိုက်အောင် ခံစားနေရာက လွတ်မြောက်လိုလွတ်မြောက်ငြား အသံကုန်၊ အသံပြာကြီးနှင့် ကုန်းရုန်းအော်ဟစ်မိသည်။

"ကြောက်ပါပြီဗျာ။ ကယ်တော်မူကြပါ"

သူ့အော်သံကြောင့် ကယ်မယ့်သူ အစား ရေနစ်ရာမှာ ဆွဲကူနစ်မည့် ကြောက်လန့်တုန်လှုပ်ဖွယ် အသံကြီး တွေသာ ကြားရသည်။

"ဟဲ့ . . . လူမိုက်တာတီး။ နင် ရောက်နေတာ နေ့စံလို့ ညခံ၊ ညခံလို့ နေ့စံရတဲ့ အသူရကာယ်ဘုံ။ နင့်ရဲ့ ပြုခဲ့သမျှ ဝင့်ကြွေးကို နင်ပြန်ပြီး ဆပ်ရမှာပေါ့။ ဘာ ခုမှ ကြောက်ပါပြီလဲ"

ဆဲဒီအသံကြီး ကြားပြီးနောက် တာတီးအဖို့ လွတ်လမ်းမမြင်တော့။ သေချင်ပေမယ့် ချက်ချင်းမသေပြန်။

တာတီး ပြန်လည်ပြောပြခြင်းမှာ မစွမ်းသာနိုင်သော ဒုက္ခဝေဒနာတွေ ခံစားရင်းက တစ်ကိုယ်လုံး လေဟာနယ်ထဲ မြောက်တက်သွားပြန်၏။

အညှဉ်းဆဲ အနှိပ်စက်ခံ ငရဲမှ လွတ်မြော ာ်သွားပြီးနောက် -

တာတီး ဘဝပြောင်းသွားပြန်၏။

ရွှေစင်အတိ ကျောက်သံပတ္တမြား တွေ စီခြယ်ထားသော ရွှေငါးခေါင်း ဆောင်းထားသည့် စည်းစိမ်ခံဘုရင်ကြီး ဖြစ်လာပြန်သည်။

ထူးခြားသည်မှာ စည်းစိမ်ခံစားနေရစဉ် ငရဲခံခဲ့ရသော အဖြစ်ဆိုးကြီးတွေကို လုံးဝသတိမရ။ ပျော်ပျော်ပါးပါး စံစားသည်။ ကာမဂုဏ်အာရုံ၌ လုံးဝနှစ်မြှုပ် ပျော်ပိုက်လျက်။

ငရဲခံရသောအချိန်ကျ၍ ငရဲခံရသောအခါတွေမှာလည်း စည်းစိမ်ခံစားရသော ရွှေငါးခွေခါင်းဆောင်ဘုရင်ကြီး အဖြစ်ကို အနည်းငယ်မျှပင် သတိမရ။

တာတီးဘဝတွင် စံတစ်လှည့်၊ ခံတစ်လှည့်နှင့် တာတီး ကျင်လည်နေခဲ့ရသည်။ လူ့ဘဝကုသိုလ်ကံ ပြုမိခဲ့ခြင်းက စံရပြီး အကုသိုလ်ကံပြုမိ မကောင်းခြင်းကား ခံရခြင်းများလား။

ကျော်မင်းနိုင်

# ပဋ္ဌာန်းရွှေကျမ်းရတနာအိပ်

# ရွှေအလင်းတိုင်

ပဋ္ဌာန်းဆက် အားကောင်း၍ လူ့ဘုံလောကတွင် ကျင်လည်နေထိုင်လျက်ရှိကြသော ပါရမီရှင်များအတွက် အားထားစရာ ပဋ္ဌာန်းရွှေကျမ်း ရတနာအိပ် ရွှေအလင်းတိုင် ပေါ်ထွက်လာပါပြီ။

၎င်းသို့ ပေါ်ထွက်ရအောင်လည်း ပဋ္ဌာန်းရွှေကျမ်းကျင့်စဉ်ကို အဓိဋ္ဌာန်တင် သမထစွမ်းအင်ဖြင့် စီမံ၍ထားသဖြင့် ပါရမီရှင်များ လိုအပ်သော ကိစ္စအဝဝကို ဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။

အထူးသဖြင့် လျှို့ဝှက်စီမံထားသော ဂမ္ဘီရပစ္စည်းတစ်မျိုးနှင့် တွဲဖက်၍ စီမံထားပါသည်။ အသေးစိတ်သိလိုသူများ လူကိုယ်တိုင်ကြွရောက်၍ မှာယူနိုင်ပါသည်။

— ဆက်သွယ်ရန် —


**ရောင်ခြည်မြန်မာဂူစင်းတိုက်**

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၂၅၁၀၂၂၃၃၁



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အကြံကောင်း

## မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

၁၉၇၅ ခုနှစ်၊ မတ်လအတွင်း နေ့တစ်နေ့၏ မွန်းလွဲ ၁၂ နာရီခွဲအချိန်။

"ဆေးရုံကြီး ရေခဲတိုက်နားကို သွားမယ်။ ဘယ်လောက်ပေးရမလဲ"

"နှစ်ဆယ့်ငါးကျပ်"

"ဟာ…များတာပေါ့ဗျာ။ နည်းနည်းလောက်တော့ လျှော့ပါဦး"

အငှားယာဉ်မောင်းသည် စကားဖင် ဆက်၍မပြောတော့ဘဲ ကားကို ဝူးခနဲ မောင်းထွက်သွား၏။

"တောက်…မတန်တဆ တောင်းရက်ကြတယ်"

သက်မောင်သည် တစ်ကိုယ်တည်း မကျေမချမ်း ရေရွတ်လိုက်မိ၏။ ယော…လာပြန်ပြီ နောက်ထပ်အငှားယာဉ်တစ်စီး။ သို့ရာတွင် ခရီးသည်နှင့် အငှားယာဉ်မောင်းတို့သည် ကားခကို ညှိနှိုင်း၍ မရကြ။ နောက်ထပ် တစ်စီးပြီးတစ်စီး တားလိုက်၊ ရပ်လိုက်၊ မေးလိုက်၊ ဖြေလိုက်၊ ဝူးခနဲမောင်းထွက်သွားလိုက်နှင့် ကြာတော့လည်း သက်မောင် စိတ်ပျက်ချင်သလိုလို ဖြစ်လာ၏။ လက်ပတ်နာရီကို ကြည့်လိုက်တော့ ၁၂ နာရီနှင့် ၄၅ မိနစ်။

"အင်း…အသုဘက မွန်းလွဲ ၁ နာရီတိတိမှာ ချမယ်ဆိုတော့ မီမှ မီနိုင်ပါဦးမလား။ ငါ့အိတ်ထောင်ထဲမှာလည်း ငွေနှစ်ဆယ်ပဲကျန်တော့ သည်းခံပြီး စောင့်ရဦးမှာပေါ့လေ။ အမှန်ကတော့ ဒီခရီးဟာ အလွန်ဆုံးမှ တစ်ဆယ့်ငါးကျပ်လောက်ပဲ တန်တာ"

သူသည် ကုန်သည်လမ်း စာပေဗိမာန်သို့ ကိစ္စတစ်ခုဖြင့်လာရင်း စာအုပ်သုံးအုပ်ကို ဝယ်လိုက်မိသောကြောင့် အိတ်ကပ်ထဲတွင် ငွေလက်ကျန် နည်းသွားရခြင်း ဖြစ်၏။ မွန်းလွဲ ၁ နာရီတိတိတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ တာမွေသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည့် အသုဘတစ်ခုကို မှလွဲမသွေ လိုက်ပို့ရဦးမည်ဖြစ်ရာ သူ့ခမျာ အကြံအိုက်လျက်ရှိနေရှာ၏။

ဟိုင်းလတ်(စ်) အငှားကားလွတ်ကြီးတွေက သူ့ရှေ့မှ တစ်စီးပြီးတစ်စီး ဖြတ်မောင်းသွားကြသော်လည်း -

"အင်း…မာဇဒါလေးဘီးကားကလေးတွေတောင် ဒီခရီးကို နှစ်ဆယ့်ငါးကျပ်တောင်းနေကြတာ။ ဒီကားကြီးတွေဆိုရင် အနည်းဆုံး သုံးလေးဆယ်လောက် တောင်းမှာ"

သို့ကလို အငဲတွေးတစ်ရပ်က ခြောက်လှန့်နေသဖြင့် မတားရဲ၊ မငှားရဲခဲ့ချေ။ လက်ပတ်နာရီကို ကြည့်လိုက်တော့၊ ဟိုက်…ဒုက္ခော။ မွန်းလွဲ ၁ နာရီထိုးဖို့ ရှစ်မိနစ်သာ လိုတော့သည်။ ထိုအခိုက် အဝါရောင် ဟိုင်းလတ်(စ်)ကားကြီးတစ်စီးက သူ့ရှေ့နားတွင် ကွီးခနဲ ဘရိတ်အုပ်ထိုးရပ်လိုက်ပြီး -

"ဘယ်ကို သွားမလို့လဲခင်ဗျာ"

"ဆေးရုံကြီး ရေခဲတိုက်နားကိုပါ။ နှစ်ဆယ်နဲ့ ပို့ပေးနိုင်မလားခင်ဗျာ"

သူက မဝံ့မရဲ မေးလိုက်မိရာ -

"ကဲ…ကဲ…တက်ပါဆရာ။ ကျွန်တော်ပို့ပေးပါ့မယ်"

အခုမှ သူ့ခမျာ ရင်အေးသွားရရှာတော့သည်။ သူသည် အပေါ်ဝတ်အင်္ကျီအိတ်ထဲမှ စီကရက်ဘူးကို ထုတ်ယူကာ တစ်လိပ်ကို မီးညှိပြီး အားပါးတရ ဖွာရှိုက်လိုက်၏။ ဒရိုင်ဘာဘက်သို့လည်း စီးကရက်ဘူးကို ကမ်းပေးလိုက်၏။

"ဟာ…နေပါစေခင်ဗျာ။ ကျွန်တော်မသောက်တတ်ပါဘူး။ ဆရာ့ကို ကြည့်ရတာ အတော့်ကို ရင်မောနေပုံရတယ်။ သိပ်ပြီးရင်းနှီးတဲ့လူတစ်ယောက်ရဲ့ အသုဘကို လိုက်ပို့ဖို့အတွက် မမီလိုက်မှာ စိုးရိမ်နေတယ်ထင်တယ်"

"ဟာ…ဟုတ်ပါတယ်။ ခင်ဗျားရဲ့ကားနဲ့သာအဆင်မပြေရင် အဲဒီအသုဘကို လိုက်ပို့ဖို့ မီနိုင်မှာမဟုတ်တော့ဘူး။ အရင်းနှီးဆုံးသူငယ်ချင်းအမေရဲ့ အသုဘဆိုတော့ မပို့လို့မဖြစ်ဘူး။ သိပ်ပြီးမျက်နှာနာစရာ ဖြစ်နေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

"ကားတွေက ငှားလို့မရဘူး လား"

"ဟာ • • •လေးဘီးမာဇဒါကား ကလေးတွေက နှစ်ဆယ့်ငါးကျပ် လောက် တောင်းတာခင်ဗျ။ ကျွန်တော့် အိတ်ထဲမှာလည်း ငွေက နှစ်ဆယ် လောက်ပဲ ကျန်တော့တာ။ ကားကြီး တွေတော့ မကြာခဏ ဖြတ်သွားကြ ပါရဲ့၊ သုံးဆယ်၊ လေးဆယ်လောက် တောင်းမယ်ထင်ပြီး မတားရဲခဲ့၊ မငှား ရဲခဲ့ဘူးခင်ဗျ"

"ဗွား•••ဟား•••ဟား။ ဖြစ်ပုံ များကတော့ တယ်ပြီးရယ်စရာကောင်း တာပဲခင်ဗျ။ ကျွန်တော်တို့လို အငှား ကားကြီးမောင်းသူတွေကလည်း ကိုယ့် ရဲ့ကားကို အင်မတန်မှ ငှားစေချင် တယ်။ ဈေးဆစ်ချင်တယ်ဆိုရင်လည်း ဆစ်နိုင်သေးတယ်။ တော်ရုံသင့်ရုံ ဈေး ရရင် လိုက်ပို့ပေးလိုက်တာချည်းပါပဲ။ ဒါပေမယ့် ခရီးသည်တွေက ကျွန်တော် တို့လို အငှားကားကြီးမျိုးတွေကိုကျ တော့ ဟိတ်ဟန်ကြောင့် လန့်ပြီး မတားရဲ၊ မငှားရဲကြဘူး။ အမှန်က တချို့ခရီးတွေမှာ ကျွန်တော်တို့လို ကားကြီးတွေ ကားလေးတွေထက် တောင် ဈေးသက်သာသေးတယ်။ အဲဒါ ကို သူတို့မသိကြရှာဘူး။ ခရီးသည်မရ ဘဲ အလကားလျှောက်မောင်းနေရမယ့် အစား တော်ရုံသင့်ရုံ ကားခရရင် လိုက်ပို့လိုက်တာက ပိုပြီး အကျိုးရှိ တယ်မဟုတ်လား ခင်ဗျာ"

သက်မောင်၏ခေါင်းထဲသို့ အကြံ ကောင်းတစ်ချက် လက်ခနဲ ဝင်လာ၏။ သူတစ်ဖက်သတ်ချစ်နေမိခဲ့သော မမ မြိုင်၏ မျက်နှာကိုလည်း ကွက်ခနဲ မြင်ယောင်လိုက်မိ၏။ ဒေါက်တာသီတာ မြိုင် (ခေါ်) မမမြိုင်။

"ကဲ•••ရေခဲတိုက်နားကို ရောက် ပါပြီ။ ဆရာလိုက်ပို့ရမယ့် အသုဘက တော့ မီရုံပဲရှိမယ် ထင်တယ်"

အငှားယာဉ်မောင်းက သူ့ကို သတိပေးလိုက်တော့မှ သူသည် ကား တံခါးကို ဆွဲဖွင့်ကာ ကမန်းကတန်း ဆင်းလိုက်၏။

"အေးဗျာ•••ခင်ဗျားရဲ့ကျေးဇူး ပါပဲ။ အသုဘပို့ဖို့အတွက် မီရုံသာမက ဘူး။ အတွေးအခေါ်တစ်ခုပါ ပြောင်း လဲသွားပြီး အကြံကောင်းတစ်ချက်ကို လည်း ရလိုက်သေးသဗျို့"

**လူတို့သည် တစ်ခါတစ်ရံ အခြေအနေတစ်ခုခုကို အကြောင်းပြုပြီး အကြံကောင်း ဉာဏ်ကောင်းများ ရရှိတတ်ကြ၏။ သို့ရာတွင် ချက်ချင်း အကောင်အထည် မဖော်လိုက်မိပါက••**

"ဟာ • • •တယ်ဟုတ်ပါလား။ ဘယ်လိုအကြံကောင်းမျိုးလဲ ဆရာ"

"အိုး•••ဒါကတော့ ကျွန်တော့် ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စဖြစ်နေလို့ မပြောပါရစေနဲ့တော့။ ခင်ဗျားနဲ့ တွေ့ ကြုံသိကျွမ်း ခင်မင်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ ရော့•••အဲဒါ ကျွန် တော့်ရဲ့ လိပ်စာကတ်ပြားလေး"

"ကျွန်တော့်ရဲ့နာမည်ကတော့ အောင်ဖေဝင်းပါဆရာ။ ရေကျော် ဗိုလ်ဝါလမ်းမှာ နေပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက ဘွဲ့ရပြီး တက္ကစီမောင်းနေတဲ့ လမ်းပေါ်က အညတြလေးတစ်ယောက်ပါ။ နောင် ကိုတွေ့ရင်လည်း ခေါ်ပါဆရာ။ ကျွန် တော့်ကို သွားခွင့်ပြုပါခင်ဗျာ"

"အင်း•••ငါဟာ အချစ်ရေးကိစ္စ မှာ လေးဘီးအငှားကားကလေးတွေကို တားပြီး ငှားစီးဖို့ ကြိုးစားသလို အထင် နဲ့အမြင် ပါစင်အောင် လွဲခဲ့ရဖူးတယ်။ ငါနဲ့ အဆင့်တူ တန်းတူရည်တူ နည်းပြ ဆရာမလေးဒွေးဒွေးကို လက်ထပ်ဖို့ ချစ်ရေးဆိုပြီး စကားကမ်းလှမ်းကြည့် တုန်းက တိုက်တစ်လုံး၊ ကားတစ်စီး ပိုင်တော့မှ သူ့ကို လာပြောပါတဲ့။ နို ရင်တော့ အိပ်မက်တောင် မမက်ပါ တဲ့။ အဲဒီလို မောက်မောက်မာမာ ငြ ပြန်တာကို ခံခဲ့ရတယ်။

"ငါဟာ မမမြိုင်ကို တစ်ဖ သတ် နှစ်နှစ်ကာကာ ချစ်နေမိပါ ကယ်နဲ့ မမမြိုင်ဟာ ချောမော တယ်။ ပါရဂူဘွဲ့လည်း ရထား ရာထူးအဆင့်ကလည်း ကထိ မိဘတွေကလည်း ချမ်းသာတယ်



www.burmeseclassic.com

www.burmeseclassic.com

ခန့်ဂုဏ်အရှိန်တွေကို ရှံ့ပြီး ချစ်ရေး ဆိုဝံ့ခဲ့ဘူး။ ဟိုင်းလတ်(စ်)အငှားကား ကြီးကို တားပြီး ငှားမစီးရဲခဲ့သလိုပေါ့။ ယ်တော့ မမမြိုင်ဟာ ဟိုင်းခါနီး အမျိုးကြီးတစ်ယောက်ဖြစ်တဲ့ပြင် ငါ့ အပေါ်မှာ ကရုဏာရော စေတနာပါ အပြည့်အဝရှိနေတယ်ဆိုတာ သူ့ရဲ့ ပြောဆိုပြုမှု ဆက်ဆံမှုတွေက အရိပ် ပြနေခဲ့ကြတာပဲ။ ငါက သူ့ကို အရှိန်နဲ့ ထန့်နေတာကြောင့် အဲဒီအရိပ်တွေကို အကောင်မထင်နိုင်ခဲ့တာကိုး။ ငါသာ ချစ်ခွင့်ပန်ရင် သူ့ဘယ်နည်းနဲ့မှ ငြင်းမှာ မဟုတ်ဘူး။ သက်မောင်တို့ အိုရချည် သေးရဲ့။ ဟေး...ဟေး...တောက်၊ ဒီအတွေးအခေါ်အမှန်နဲ့ အကြံကောင်း ကို ဒီကနေ့ ရေခဲတိုက်သွားဖို့ ဟိုင်း လတ်(စ်)ကားကြီးကို ငှားစီးမှပဲ ရတော့ တယ်။ အင်း...အချိန်တော့ မနှောင်း သေးပါဘူးထင်တယ်။

သို့ကလို တွေးမိသည့်တိုင်အောင် ချီတုံချတုံဖြစ်နေသေးသဖြင့် နောက် ထပ်တစ်လေလောက်ကြာတော့မှ ဆုံး ဖြတ်ချက်တစ်ရပ်ကို ပြတ်ပြတ်သားစွာ ချလိုက်နိုင်တော့သည်။

"ဒီကနေ့ မမမြိုင်ဆီကိုအရောက် သွားမယ်။ ပြီးတော့ ချစ်ခွင့်ပန်မယ်။ သူသာ လက်ခံမယ်ဆိုရင် လက်ထပ်ဖို့ အမြန်ဆုံး စီစဉ်ရမယ်"

သူသည် ရေမိုးချိုးပြီး သပ်ရပ် လှပစွာ ဝတ်စားဆင်ယင်ကာ အိမ် အပြင်ဘက်သို့ ထွက်လာစဉ် -

"စာပါတယ်ခင်ဗျ။ ဆရာဦးသက် မောင်နာမည်နဲ့ မှတ်ပုံတင်စာဖြစ်လို့ လက်မှတ်ထိုးပြီး ယူရပါမယ်"

စာပို့လုလင်၏ အော်သံကြောင့် သူ့ခြေလှမ်းများ တုံ့သွားရသည်။ ဘယ် ကစာပါလိမ့်ဟု သိချင်စိတ်စောစွာဖြင့် ရွှေးပြီးပြီးချင်း ဖောက်ဖတ်လိုက်သော အခါ -

*ဆရာခင်ဗျား...*

*ကျွန်တော့်ကို မှတ်မိလိမ့်မယ် ထင်ပါတယ်။ တစ်ခါက အသုဘပို့ဖို့ ကိစ္စအတွက် စာပေဗိမာန်ကနေ ရေခဲ တိုက်အသွား ဆရာငှားပြီးစီးခဲ့တဲ့ ဟိုင်း လတ်(စ်)အငှားကားမောင်းသူ အောင် ဖေဝင်းပါ။ အခုလာမယ့် တနင်္ဂနွေနေ့ မှာ ကျွန်တော် မင်္ဂလာဆောင်တော့ မယ်ဆရာ။ သတို့သမီးကတော့ ရန်ကုန် တက္ကသိုလ်(----)ဌာနမှာ ကထိက အဖြစ် တာဝန်ထမ်းဆောင်နေတဲ့ ဒေါက်တာသီတာမြိုင် ဖြစ်ပါတယ်။ မမမြိုင်နဲ့ ကျွန်တော် သိကျွမ်းရင်းနှီး ခဲ့ကြတာကတော့ ကြာပါပြီ။ သူ့အိမ် က မော်တော်ကား ပျက်တဲ့အခါတိုင်း ကျွန်တော့်ရဲ့ကားကို ငှားပြီးစီးလေ့ရှိခဲ့ တယ်။ သူ့ကို ကျွန်တော် ချစ်မိခဲ့ပေ မယ့် ချစ်ရေးမဆိုဝံ့ခဲ့ပါဘူး။ အဲ... ကျွန်တော့်ကို ရဲဆေးတင်ပေးလိုက်တာ ကတော့ ဆရာ ကျွန်တော့်ရဲ့ကားကို ငှားစီးခဲ့တဲ့နေ့ပါပဲ။ မမမြိုင်နဲ့ ကျွန် တော့်ရဲ့ အနေအထားမှာ ကျွန်တော် ဟာ ကိုယ့်ကိုယ်ကို ခရီးသည်လို သဘောထားပြီး စဉ်းစားမိသွားတယ်။ ဘယ်လိုလဲဆိုတော့ ဟိုင်းလတ်(စ်) အငှားကားကြီး တားပြီး ငှားမစီးရဲတဲ့ ခရီးသည်တစ်ယောက်အနေနဲ့ပေါ့ဆရာ။ အဲဒါကိုလည်း စဉ်းစားမိရော နောက် တစ်နေ့ မမမြိုင်နဲ့ဆုံတဲ့အခါ ရဲရဲဝံ့ဝံ့ ချစ်ခွင်ပန်လိုက်တော့တယ်။ ကျွန် တော့်ရဲ့ ဆုံးဖြတ်ချက်နဲ့ မေတ္တာဟာ စစ်မှန်လို့လား မသိဘူး ဆရာရေ။ အခြေအနေကတော့ မင်္ဂလာဆောင် ဖိတ်စာဝေတဲ့ အဆင့်အထိ ရောက် သွားပြီလေ။ မမမြိုင်ကလည်း သူဟာ ဆရာနဲ့ ခင်မင်ရင်းနှီးတဲ့အကြောင်း ပြောပြပါတယ်။ ဒါ့ကြောင့် ကျွန်တော် တို့ရဲ့ မင်္ဂလာဆောင်ကို ဆက်ဆက် ကြွပါလို့ နှစ်ယောက်စလုံးက အနူး အညွတ် ဖိတ်ကြားလိုက်ပါတယ်ဆရာ။ ဒီရက်အတောအတွင်း ကျွန်တော်တို့ နှစ်ယောက်စလုံး အရေးပေါ် ခရီးသွား စရာရှိနေလို့ မင်္ဂလာဆောင်ဖိတ်စာကို စာတိုက်ကပဲ မှတ်ပုံတင်စာနဲ့ ပို့လိုက် ရတာကို ခွင့်လွှတ်ပါ။*

*လေးစားစွာဖြင့်*

*အောင်ဖေဝင်း*

သက်မောင်၏ မျက်စိများ ပြာ ဝေသွား၏။ သူသည် အောင်ဖေဝင်းထံ မှ စာနှင့် မင်္ဂလာဆောင်ဖိတ်စာကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက် မိတယ်။ လူတို့သည် တစ်ခါတစ်ရံ အခြေအနေတစ်ခုခုကို အကြောင်းပြု ပြီး အကြံကောင်း ဉာဏ်ကောင်းများ ရရှိတတ်ကြ၏။ သို့ရာတွင် ချက်ချင်း အကောင်အထည်မဖော်လိုက်မိပါက ထိုအကြံကောင်းသည် "အကျန် ကောင်း" ဖြစ်သွားရတတ်ပေသည်။

**မနုသဉ္ဇကျော်ဝင်း**

**(အမျိုးသားစာပေဆုရ)**



www.burmeseclassic.com

www.burmeseclassic.com

# ဘဝအမောပြေမယ့် လှတောတစ်ခွင်ဟာသများ

ဦးကောင်းထူး

## အချောင်ကြီးရှိသေးတယ်

မတတ်နိုင်သူတွေအတွက်တော့ ဘယ်စီးစီး လေးဆယ်ပြားဆိုတဲ့ ဘတ်စ်ကားဟာ ဘိုးဘိုးအောင်ပဲ။ ဘိုးဘိုးအောင်ကလည်း ရေရေလည်လည် မှ,ပါတယ်။ အစ်မကြီး ဟိုဘက်လှည့် ကျောချင်းကပ်ပါ။ ညီမ ဟိုဘက်တိုးပြီး သုံးယောက်တန်းလိုက်လေ။ ဟုတ်ပြီ။ အစ်ကိုတို့ အထဲတိုးပါ။ အထဲမှာ ဘာမှ မရှိပါဘူးဗျို့ အကြီးအကျယ် မစနေပါတယ်။

"ဘာမှမရှိပါဘူးဆိုတော့ ကျွန်မတို့ခရီးသည်တွေက ဘာတွေလဲရှင့်"

လှမ်းခေါ်တဲ့ ဘိုးဘိုးအောင်ကလေး မကြားချင်ယောင်ဆောင်နေတယ်။

"ဗဟိုဈေး ရောက်လား"

"ရောက်တယ် အဘ၊ တက်‥ တက်၊ အလယ်မှာ အချောင်ကြီးရှိသေးတယ်"

ခရီးသည်ကြီးက ပိုစ့်ဘုတ်ပေါ် ရောက်အောင်တက်ပြီး အထဲကိုကြည့်လိုက်ရာက -

"မင်းဟာက အချောင်ကြီးရှိသေးတယ်သာ ပြောနေတာ ဘာချောင်တာလဲကွ။ သောက်ကျိုးနည်း ပုရွက်ဆိတ်လေးဘက်ထောက်သွားရင် ချောင်တာကို ပြောတာလား သူငယ်ရဲ့"

ပြောပြောဆိုဆို ပြန်ဆင်းသွားတဲ့အတွက် ချွေးဒီးဒီးကျအောင် ကျပ်တည်းပိတ်လှောင်နေတဲ့ ခရီးသည်တွေအတွက် ရယ်မောစရာတစ်ခု ရသွားကြပါတယ်။

□□□

## ကျိုးနွံပါပေသည်

လှတောသားများရဲ့ ပါးစပ်ကသာ ရှင်တာမဟုတ်ဘူး။ မျက်စိကလည်း လျင်တယ်လေ။ လျင်ရုံတင်မဟုတ်၊ မြင်လည်းမြင်တတ်တယ်။

မြင်ရပုံက မျက်နှာထားတင်းတင်းနဲ့ လက်ပေါက်ကတ်တဲ့ စာရေးကြီးအနေနဲ့ တောက်တောက်ပပ ဝတ်စားထားသူတွေ၊ ငွေရှင်သူတွေ သူ့ရှေ့ကဖြတ်သွားတိုင်း ပြုံးပြုံးရွှင်ရွှင် ထပြီး ခေါင်းညွတ်ခါးကုန်းတယ်။

အကြိမ်ပေါင်း များလာတဲ့အခါမှာ လှတောသားကြီးရဲ့ ပါးစပ်ဟာ ပိန်းဥမစားဘဲ ယားလာတဲ့အတွက် -

"အလိုလေး စာရေးကြီးရယ်။ ထထပြီး ဦးညွတ်ရ ပြန်ထိုင်ရနဲ့ ပင်ပန်းလှပါတယ်။ ထိပ်လိုသာ ရင်ဘတ်နဲ့မြေကြီး တစ်ခါတည်းထိပြီး ဝမ်းလျားမှောက်နေလိုက်ပါတော့"

စာရေးကြီး ဘယ်လိုပဲ စိတ်ဆိုးပေမယ့် ဘေးကလူတွေကတော့ ရယ်တာပဲ။

□□□

## ခိုင်ချက်မှာဖြင့်

သွားနုတ်ဆရာ ကံဆိုးချင်တော့ လှတောသားနဲ့မှ ကြုံရလေတယ်။ သူကလည်း အဘိုးကြီးရဲ့ သွားမို့ ခွေးခြေ ပြီးအဝင်နဲ့ ဆေးတစ်လုံးထိုးပြီး နုတ်တယ်။ ရခြေမရှိတော့မှ နှစ်လုံးထပ်ထိုးတယ်။ မရဘူး။

ချွေးဒီးဒီးကျနေပေမယ့် ထ[illegible] မလျှော့ရဲဘူး။ ထပ်ပြီး ဆေးထိုး။ ထပ်ပြီးနုတ်တယ်။ ခက်ခက်ခဲခဲနုတ်တော့မှ သွားက ကျွတ်ထွက်တယ်။ ချက်ချင်း ပါးလှုတ်ကျင်းခိုင်းပြီး ဆေးရည်စွတ် ထားတဲ့ ဂွမ်းကို သွားအပေါက်မှာ [illegible] ပေးမယ်လုပ်တော့ လက်ကာပြပြီး -

"အလိုလေးကွယ့် ခိုင်လိုက်[illegible] သွား။ ပန်းပဲမောင်တင့်တယ်နဲ့ ဟာ[illegible] လီကို သံကြိုးရိုက်ပြီး ခေါ်ရ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ထင်နေတာ"

လို့ ပြောတယ်။ ဗွမ်းကိုကိုက်တယ်။ ဆေးခန်းထဲက လူတွေ အူလန်သည်းလန် ရယ်ပေမယ့် သူက ဣန္ဒြေကြီးနဲ့လေ။

□□□

## ကောင်းပုံအကြောင်းစု

အသုဘ ရက်လည်ဆွမ်းသွတ်သောအခါ ဘုန်းတော်ကြီးများကို ဆွမ်းကပ်လှူဒါန်းပြီး တရားနာသည်။ ချက်ပြုတ်လုပ်ကိုင်သူများသည် ဆွမ်းကျန်ဟင်းကျန်များကို ဝိုင်းဖွဲ့စားသောက်ကြသည်။ ထိုရက်လည်ဆွမ်းသွတ်အတွက် ရေတာဝန်ယူရသည့်သူသည် နောက်ဆုံးကျမှ ချွေးတလုံးလုံးနှင့် လျှောက်လာပြီး ထမင်းစားသည်။ အသုဘရှင်သည် အများထက်ပင်ပန်းသော ထိုသူကို သတိပြုမိသည်။ ထို့ကြောင့် ထိုသူအားရပါးရစားသည်ကို ကြည်နူးစွာ ကြည့်နေခဲ့သည်။

ထိုသူထမင်းစားပြီးချိန်တွင် စေတနာထားကြောင်း ပေါ်လွင်စေသောလိုကြောင့် လှမ်းမေးလိုက်၏။

"ထမင်းစားလို့ ဝရဲ့လား။ ထမင်းစားလို့ကော ကောင်းရဲ့လား"

ထိုသူသည် ပြောင်တင်းနေသော ဝမ်းဗိုက်ကို ငုံ့ကြည့်ပြီး -

"ဝပုံတော့ မပြောနဲ့၊ ငါးဆီပူလင်နေမှားသလားမှတ်ရ"

"စားလို့ကော ကောင်းရဲ့လား"

"ထမင်းစားလို့ ကောင်းပုံများတော့ ငယ်ထိပ်ကို တင်းပုတ်နဲ့ ထိုးလိုက်သလား မှတ်ရတယ်။ မေ့သွားတာပဲ"

ရေသမား၏ ပြေသံအဆုံးတွင် တညီးညီးတမှိုင်မှိုင် ဖြစ်နေခဲ့သော အသုဘရှင်မှာ အားရပါးရ ရယ်လိုက်မိလေသည်။ ထိုအဖြေကို ကြားရသူတိုင်း ဟန်လုပ်မနေနိုင်၊ ရယ်မောကြလေ၏။

□□□

## ကောင်းလေစွ လှလေစွ

သျှောင်ဖြူဦးကြီး ပြန်လာသောအခါ လူကြီးနှစ်ယောက်လည်း လိုက်ပါလာကြလေ၏။ သုံးလေးလှမ်းမျှ လှမ်းမိသောအခါ ထိုဦးကြီးက သူ့နောက်မှ ပါလာသူများကို လှမ်းမေး၏။

"မောင်ပုပ္ပားရဲ့အလောင်းကိုမြင်တော့ မင်းတို့ကော သေချင်စိတ် ပေါ်မလာဘူးလား"

"ကတ်သီးက ကတ်သတ်ဗျာ"

တစ်ယောက်က ထိတ်လန့်စွာ ပြော၏။

တစ်ယောက်ကလည်း "ခင်ဗျား သေပါလား"ဟု အကြံပေး၏။ ထိုသို့ အကြံပေးပြီးမှ -

"ဘာပြုလို့ မတော်မတည့်စကားတွေ ပြောနေရတာလဲ"

"မင်းတို့ဟာ အတော် နမော်နမဲ့နိုင်ကြသေးတာပဲ . . .။ မောင်ပုပ္ပားရဲ့ အလောင်းကို မြင်ထားလိုက်ကြတာ မင်းသားကလေးကျနေတာပဲ။ မသာနဲ့ မတူဘဲ နတ်သားလေးနဲ့ တူနေတယ်ဟေ့။ သူ့လိုသာ လှလှလေးပြင်ပေးမယ်ဆိုရင် မင်းတို့လည်း သေဖို့ကောင်းပါတယ်ကွာ"

အတူပါလာသူ နှစ်ယောက်မှာ ရယ်ရအခက်၊ စိတ်ဆိုးရအခက်နှင့် ကာသိကအောက် ဖြစ်သွားကြလေ၏။

□□□

## ကြီးပွားချမ်းသာရေး

ကားတစ်စီး ထိုးဆိုက်လိုက်တိုင်း ကားဘေးနှစ်ဖက်သို့ ဈေးသည်များ ဝိုင်းအုံလာကြ၏။ ကြက်သွန်လုံးကြော်၊ ကြက်ကြော်၊ အမဲကြော်၊ ဝက်အူချောင်း၊ မုန့်မျိုးစုံ၊ ဆီးသီး၊ ပြောင်းဖူး၊ သနပ်ခါးတုံး၊ ဆီထမင်း၊ ဆေးလိပ်၊ ကွမ်းယာ၊ မြေပဲ စသည်ဖြင့် ဆူညံစွာ အော်ကြ၏။

ဈေးသည်များမှာ အရွယ်စုံသည်။ ယောက်ျားကြီး၊ မိန်းမကြီးတွေ၊ ယောက်ျားပျိုကလေးတွေပင် ပါဝင်၏။ ခရီးသည်များသည် လိုချင်သောပစ္စည်းကို ကားပေါ်မှလှမ်းပြီးဝယ်ကြ၏။ မိန်းမပျိုတစ်စုမှာမူ ကားပေါ်မှဆင်းကာ သနပ်ခါးတုံးရောင်းသော လူငယ်ကို ဝိုင်းအုံနေကြ၏။

တစ်ယောက်တစ်ခွန်း ဈေးဆစ်သံမှာ ညံနေ၏။ တစ်ချက်တစ်ချက်လည်း ရယ်မောလိုက်ကြသေး၏။ သနပ်ခါးတုံးတွေကို အမျိုးမျိုးရွေးချယ်ပြီး အနည်းငယ်သာ ဝယ်ကြသည်။

ထိုမိန်းမပျိုများ ပါဝင်သော ကားထွက်သွားလျှင် အသက်ငါးဆယ်ရွယ် အဘွားအိုတစ်ယောက်သည် ဆီးသီးဗန်းကို ရွက်လျက် သနပ်ခါးတုံးသည်ထံ ရောက်လာ၏။ လျော့သွားသော သနပ်ခါးတုံးနှင့် ရလိုက်သော ပိုက်ဆံကို စစ်ဆေး၏။ ပိုက်ဆံအရနည်းရသောကြောင့် အဘွားအို မကျေနပ်။

"ငါရောင်းရင် အစိတ်လောက် ရနိုင်တဲ့ဟာကို နင်ရောင်းလို့ နှစ်ဆယ်တည်းရတာ။ နင်နဲ့ပုံ အပုံနဲ့ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com

ချောင်ကို မီးထွန်းပြီးရှာတာတောင် မကြီးပွားဘူးဟဲ့ သိလား"

ထိုအခါ သနပ်ခါးတုံးသည်က

"ဘယ်ကြီးပွားမလဲဗျ။ ချောင်က မီးထွန်းလို့မှ မရတာဘဲ"

အဘွားအိုမှာ ဆဲဆိုနေသော်လည်း အခြားဈေးသည်များမှာ တသောသောနှင့် ရယ်မောနေကြလေသည်။

□□□

## ကြိတ်ဆုံ့ငိုရမည်

ကျောက်ပုံစခန်း၏ အနီးအနား ဝန်းကျင်တွင် ထန်းရည်များ၊ တောအရက်များ ရတတ်သည်ကို ၎င်းလမ်းနှင့် ရင်းနီးသော ခရီးသည်များနှင့် ကားသမားပါ သိကြ၏။ သို့ရာတွင် တစ်ခါတစ်ရံ အပြောအဆို အတိုင်အတန်းရှိပါက အဖမ်းအဆီးများလည်းရှိတတ်၏။

၎င်းကဲ့သို့ အဖမ်းအဆီးခံရပြီးစ ရက်တစ်ရက်တွင် သားနားသပ်ရပ်စွာ ဝတ်ထားသော လူတစ်စုသည် ဒိုင်နာကားသစ်ကလေးတစ်စီးနှင့် ရောက်လာကြကာ ထန်းရည်စုံစမ်းကြသည်။ သူတို့သွင်ပြင်ကိုကြည့်ပြီး လူကြီးတွေထင်သည့်အတွက် မည်သူကမျှ လမ်းမပြကြပေ။

နောက်ဆုံးတွင် နေကာမျက်မှန်အကောင်းစားတပ်ထားသော လူငယ်တစ်ယောက်သည် အမဲကြော်ရောင်းသော လူကြီးတစ်ယောက်၏ဘေးသို့ ချဉ်းကပ်လာပြီးလျှင် -

"ကျွန်တော်တို့ လူကြီးတွေ မဟုတ်ပါဘူးဗျာ။ ရန်ကုန်က ဧည့်သည်တွေကို ထန်းရည်တိုက်ချင်လို့ပါ"

"တစ်မြန်နေ့က အဖမ်းခံရတာနဲ့ ရောင်းတဲ့လူ မရှိတော့ဘူး ဆရာလေး"

"ကျွန်တော်တို့ လူကြီးတွေမဟုတ်ပါဘူးဗျာ"

"သိပါတယ်၊ မရောင်းကြလို့ပါ"

"မရောင်းဘူးသာဆိုတယ် ဦးလေးပါးစပ်က နံ့သလိုလိုပါကလား"

"ချွေးက ဖြစ်ပါလိမ့်မယ်"

"ပိုက်ဆံပိုပေးပါ့မယ်ဗျာ။ တစ်မြူလောက်ရရင် တော်ပါပြီ"

"ဟိုဘက်ကုန်းမှာ ရှိမလားမသိဘူး ဆရာလေး။ ဒီနားတော့ မရှိဘူးဗျ"

လူငယ်သည် ဈေးသည်ကြီးလှမ်းမျှော်ကြည့်သော တံတားဟိုဘက်သို့ သွားရန် ကားပေါ်သို့ ပြန်တက်သွားလေ၏။ လူငယ်ရှိစဉ်က ခပ်ဝေးဝေးသို့ ခွာပြီးနေခဲ့သူများသည် လူငယ်ထွက်သွားမှ စုရုံးလာကာ စုံစမ်းကြ၏။

ဈေးသည်ကြီးက ဇာတ်စုံခင်းပြပြီးနောက် ကြုံးဝါးလိုက်ပုံမှာ -

"ကျောက်ပုံသားကို ဒီလိုညစ်လို့ ဘယ်ရမလဲကွ။ လမ်းကြိတ်စက်နဲ့ကြိတ်ပြီး ညစ်ရင်တောင် သံတုံးကြီးငိုသွားရမယ်...ဟင်း"ဟု ဖြစ်၏။

ဈေးသည်များမှာ ဝါးခနဲ ရယ်မောလိုက်ကြလေသည်။

□□□

## စိန်ဟင်း၊ စိန်ထမင်း

ဤစခန်းတွင် ခရီးသည်တင်ကားများ၊ ကုန်တင်ကားများသာ ရပ်နားခြင်း မဟုတ်ချေ။ နွားလှည်းများလည်း ဝင်ရောက်ရပ်နားတတ်သည်။ သို့ရာတွင် တောဖြစ်သော်လည်း နွားလှည်း နည်းသည်။ နွားလှည်းမှလူများ ဖက်ရည်သောက်တတ်သော်လည်း စားသူ မရှိသလောက်ပင်။

တစ်ခါ၌ လှည်းသမားသုံးယော သည် ထမင်းဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်ပြီး ထမင်းစားကြ၏။ ထမင်း ပြီး၍ ကျသင့်ငွေကိုမေးရာ တစ် ငါးကျပ်ဟု ဆိုသည်။

"များလှချေကလား"

"မများပါဘူးရှင်။ ထမင်း သုံးကျပ်၊ လိုက်ပွဲက တစ်ပွဲငါး ပေါင်း လိုက်ပွဲ ၁၂ ပွဲပါ။ ဟင်း ပန်းကန်ဖိုးမယူဘဲ ထားပါသေး

ထမင်းသည်ကလေးက သ ချေငံစွာ ရှင်းပြသည်။ အိတ်ထဲ နှိုက်နေသော လှည်းသမားကြီး မဝင်ပေ။ များသည်၊ ဈေးကြီးသည် ပင် ထင်နေသည့်အတွက် -

"ကလေးမရယ် . . . မင်း ကလေးကတော့ ဗေလုဝနတ်စောင် လို သာယာပေါ့ကွယ်။ မင့်ထမင်း ကတော့ ဆန်နဲ့ သားငါး၊ အသီးအ ဟုတ်မယ်မထင်ပါဘူးကွယ်"

လှည်းသမားကြီး၏ စ မည်ကဲ့သို့ ဖြေရှင်းရမည်မသိ ကြောင့် ထမင်းသည်ကလေးမှာ ဟနေရရှာ၏။ ထို့နောက် လှည်း ကြီး၏ နောက်ဆက်တွဲစကားကို ရမှ ရယ်မောနိုင်လေ၏။

လှည်းသမားကြီး၏ နောက် တွဲစကားမှာ -

"ဒါလောက်ဈေးကြီး တော့ စိန်တွေ၊ ကျောက်



www.burmeseclassic.com

www.burmeseclassic.com

တွေကို ချက်ထားတာထင်ပါ့ကွယ်"ဟု ဖြစ်လေ၏။

□□□

## ဒူးရင်းသီးရယ် ချစ်လို့ပါ

ဆီဝံထမင်းသည်ကလေးကလည်း ပေါချာချာ၊ ထမင်းဆိုင်မှ အလုပ်သမားကြီးကလည်း ပေါတောတောမို့ ဆိုင်နီးနားချင်းများက သူတို့ချင်း နီးစပ်စေလိုသော စေတနာဖြင့် မထိတထိ နောက်ပြောင်ကြသည်။

ဆီထမင်းသည်ကလေးမှာ ခပ်ပေါပေါဖြစ်သော်လည်း အလုပ်သမား၏ နှုတ်ခမ်းနှင့် မေးစေ့တွင် ထိုးစိုးထောင်ထောင်ပေါက်နေသော အမွေးများကို သတိပြုမိသည်။ ထို့ကြောင့် မဲ့ရွဲ့ပြီး

"သူ့ကို လင်လုပ်မယ့်အတူတူ ဒူးရင်းသီးပေါ် မျက်နှာအပ်ပြီး မှောက်လျှက်လှဲလိုက်တာကမှ တော်လိမ့်ဦးမယ်"

ဆိုင်နီးနားချင်းများမှာ "ဒီလိုတော့လည်း နင်က ပြောတတ်သားပဲ"ဒိုကာ အားရပါးရ ရယ်မောနေကြလေ၏။

□□□

## ပျော့ပုံအိပုံက

ယနေ့ • • •ဤစခန်းမှ အစားအသောက်ဆိုင်များ ရတနာပုံဆိုက်သောနေ့ ဖြစ်သည်။ အတက်ကားရော အဆင်းကားပါ များပြားသည်။ ထမင်းစားသူ၊ လက်ဖက်ရည်သောက်သူလည်း များပြားသည်။ ထမင်းဆိုင်တိုင်းလိုလိုပင် ထမင်းဟင်း နှစ်ခါပြန်ချက်ကြရာ ညနေ ၅ နာရီခန့်တွင် အားလုံးလက်မြှောက်ကာ ဆိုင်ပိတ်ကြတော့သည်။

"ဆန်ရှိပေမယ့် အသားငါး မပြည့်စုံဘူး"

"လူတွေ ပင်ပန်းလှပြီ တောရော ပေါ့"

သို့ရာတွင် လောဘကြီးသော ဆိုင်တစ်ဆိုင်မှာ မပိတ်သေးဘဲ ဖြစ်သလို ကြံဖန်ချက်ပြုတ်နေသည်။ ထိုအချိန်တွင် ဘုံရားဖူးကားနှစ်စီး ရောက်လာသည်။ လူတစ်ရာခန့်ရှိရာ တစ်ဆိုင်တည်းသာ ကျန်တော့သော ထမင်းဆိုင်မှာ ရှိနှင့်သော ထမင်းဟင်းနှင့် မလုံလောက်သည့်အတွက် အပြေးအလွှား ချက်ပြုတ်ရလေသည်။

"မကျက်သေးဘူးလားဗျို့ ဆာလှပြီ"

"မြန်မြန်လုပ်ပါတော့"

စားပြီးသူများ ထွက်သွားကြသည်။ ထမင်းမစားရသေးသူများ အော်နေကြသည်။ ဆိုင်ရှင်အဒေါ်ကြီးမှာ ဟင်းအိုးကို ပြေးဖွင့်ပြီး ဟင်းအိုးကို စမ်းသပ်ကြည့်၏။

"ဝက်သားဟင်းပဲရှိတယ်၊ အားနာစရာကောင်းနေပြီ"

"ဝက်ဝက်ဗျာ၊ ချပါ"

"ဟင်းမနူးသေးလို့ ခဏစောင့်ပါဦး"

"ရေဆူနေပြီမဟုတ်ံလား၊ အနံ့တောင်ထွက်နေပြီပဲ၊ လုပ်ပါတော့"

ထမင်းသည်ကြီးမှာ ဤမျှ ပူဆာလွန်းသောသူများကို စိတ်မရှည်တော့သဖြင့် -

"အခုအတိုင်းသာ ထည့်ပေးရရင်တော့ ဖဲ့လို့မရ၊ ကိုက်လို့မရနဲ့ ဝက်သားဟင်းစစ်စစ်က ကားတာယာတုံးဟင်း ဖြစ်နေမှာ သေချာတယ်ရှင့်"

ဟု ကုန်းပြီးအော်လိုက်ရာ ထမင်းဆာနေသူများမှာ ဝေါခနဲ ရယ်မိကြလေ၏။

□□□

## ဖရုံစေ့လျော်

ကွမ်းယာ၊ ဆေးလိပ်ကို ထမင်းဆိုင်ဘေးတွင် ကပ်ပြီးရောင်းချနေသော ဆိုင်ရှင်ကတော်သည် ဆိုင်အတွက် လိုအပ်သောပစ္စည်းများ ဝယ်ယူပြီး မြို့မှပြန်လာ၏။ ဆိုင်တွင်ကျန်ခဲ့သော ယောက်ျားသည် ပစ္စည်းများကို တစ်မျိုးစီကောက်ယူပြီး ဆိုင်ပေါ်တင်ရာ အထုပ်တစ်ခုကို မြှောက်ပြပြီးမေး၏။

"အဲဒါက ဘာလဲဟေ့"

"ဖရုံစေ့လျော်လေ။ တော်ပဲ သေသေချာချာ မှာလိုက်လို့ ရှာပြီးဝယ်လာတာ"

ဆိုင်ရှင်ယောက်ျားသည် တစ်ထုပ်ကိုဖောက်ကာ သုံးလေးစေ့ဖောက်ကာ စားကြည့်၏။ စားပြီးလျှင် ဆေးလိပ်ရွေးနေသည့် စျေးဝယ်များအားလှမ်းပေး၏။

"ဖရုံစေ့လျော်တဲ့ဗျာ၊ ကြည့်ကြစမ်းပါဦး။ မည်းခြစ်နေတာပဲ၊ ဆိတ်ချေးတုံးကို ထုရိုက်ပြီး လျော်ထားတာကမှ သူ့ထက် ကျက်သရေရှိဦးမယ်"

စျေးဝယ်များမှာ နောက်ဆုတ်သွားပြီး "ခင်ဗျားပဲ စားပါ၊ ကျုပ်တို့ မစားပါရစေနဲ့"ဟုပြောကာ ရယ်မောငြင်းဆန်နေကြလေ၏။

ဦးကောင်းထူး



www.burmeseclassic.com

www.burmeseclassic.com

# သာသနာ့အာဇာနည် အရှင်ဦးဝိစာရ

## နှင့်

# အာဇာနည်စိတ်ဓာတ်

ကိုမောင်သန်းဝင်း

ရွှေတိဂုံစေတီတော်ကြီး၏ အနောက်တောင်ထောင့် ဦးဝိစာရလမ်းနှင့် အလုံလမ်းဆုံ အလယ်ဗဟိုနေရာတွင် ဦးဝိစာရအဝိုင်းရှိသည်။ ဦးဝိစာရအထိမ်းအမှတ် ကျောက်တိုင်နှင့် ဦးဝိစာရကြေး ရုပ်တည်ထား၍ ဦးဝိစာရအဝိုင်းဟု အမှတ်သညာပြုကြခြင်း ဖြစ်သည်။

ရှေးမြန်မာဘုရင် ကောရာဇ်မင်းတို့ လက်ထက်အခါက ထီးဆောင်း၊ နန်းရန်အဖြစ် တည်ထောင်ခဲ့သော ဥဒေ္ဒနီပြည်နောင်အခါတွင် သလ္လာဝတီပြည်ကို အစွဲပြု၍ သလ္လာဝတီမည်သော ချင်းတွင်းမြစ်ကမ်းခြေတွင် အစဉ်အဆက် မြို့စားရွာစားများခန့်၍ အုပ်ချုပ်ခဲ့သော မုံရွာခရိုင် ချောင်းဦးမြို့အပိုင်(ယခင် အမြင့်မြို့အပိုင်) အမြင့်တောင်ဘက် အနီမ့်ကိုးရွာ အပါအဝင်ဖြစ်သော ကမ်းနိမ့်ရွာတွင် ဉပသကာဂုဏ်နှင့် ကုံလုံပြည့်စုံသော ခမည်းတော်ကျောင်းဒါယိကာကြီး ဦးပြား၊ မယ်တော် ကျောင်းအမကြီး ဒေါ်ငလပ်တို့မှ မြန်မာသက္ကရာဇ် ၁၂၅၀ ပြည့်နှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဦးဝိစာရလောင်းလျာ မောင်လုကျော်ကို ဖွားမြင်ခဲ့သည်။ ဒုတိယမြောက်သားဖြစ်သည်။ အစ်မမှာ မဖွားသိုက်၊ ညီမှာ မောင်သာပုံတို့ဖြစ်ကြသည်။

ဦးဝိစာရလောင်းလျာ မောင်လုကျော်အား ငယ်စဉ်က အင်းနားရွာဆရာတော် အရှင်စန္ဒိမာကျောင်းတွင် ပညာသင်ရန် အပ်နှံထားသည်။ ၁၂ နှစ်သားအရွယ်တွင် သာမဏေ
ပြုသည်။ ဘွဲ့တော်မှာ ဗုဒ္ဓဟူးသားဖြစ်၍ ရှင်ဝိစာရဖြစ်သည်

ရှင်ဝိစာရသည် မှတ်ဉာဏ်ကောင်း၍ သွက်လက်
ချာသည်။ သို့ဖြင့် ဆရာတော်ဦးစန္ဒိမာက အချစ်ပိုခဲ့သည်
သာမဏေအဖြစ် လေးဝါအထိနေပြီးမှ ရှင်လိင်ပြန်ကာ
များနှင့်အတူ နေထိုင်ခဲ့သည်။ ရှင်လူထွက်ပြီး လူပျို
အရွယ်ရောက်လာ၍ ရုပ်ရေးရွာရေးကို အားတက်သ
လုပ်ဆောင်သည်။ သို့ဖြင့် ကာလသားခေါင်းဆောင်ဖြစ်ခဲ့သည်

အသက် ၁၈ နှစ်အရွယ်တွင် မိဘများက မောင်
ကျော်အား မမယ်ဉာဏ်နှင့် အိမ်ထောင်ပြုပေးသည်။
ရန်အမည်ရ သမီးတစ်ယောက် ထွန်းကားခဲ့သည်။ သုံး
အကြာ ယောက္ခမတို့၏ နိုင်ထက်စီးနင်း နှိမ့်ချဆက်ဆံ
မခံရပ်နိုင်သဖြင့် အိမ်ထောင်ရေးပဋိပက္ခဖြစ်သည်။
မမယ်ဉာဏ်အားခေါ်ယူ၍ တသီးတခြားနေရန်ပြောရာ
ကမလိုက်သဖြင့် တစ်ယောက်တည်း နေအိမ်ကဆင်းခဲ့

ထို့နောက် မောင်လုကျော်သည် ရင်း
အလျောက် တစ်ရွာတည်းနေသူ မသေးမြင့်နှင့် ဒုတိယ
ထောင်ထူထောင်သည်။ ဒုတိယဇနီး မသေးမြင့်နှင့်
သမီး မန္တယ်ကို ထပ်မံရရှိခဲ့သည်။

ကိုလုကျော်သည် အိမ်ထောင်နှစ်ဆက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ခုံတွင် လောကဓံတရားအဖုံဖုံကို ကြုံတွေ့ခဲ့ရသည်။ လောကုတ္တရာအခြေခံရှိသူတစ်ယောက်ဖြစ်၍ စိတ်သက်သာရာ သက်သာကြောင်းအဖြစ် အားလင်းကြီးမြို့ တင့်တောင်းတောရကျောင်းတွင် သုံးလကြာမျှ အေးချမ်းစွာ အဓိဋ္ဌာန်ပြု ဥပုသ်ရက်ရှည် စောင့်ထိန်းဆောက်တည်ကာ ဘာဝနာပွားများအားထုတ်နေစဉ် ကြီးစွာသော သတိသံဝေဂဖြစ်ကာ လူ့လောက၊ လူ့ဘဝကြီးကို ငြီးငွေ့လျက် ရဟန်းဘောင်သို့ ဝင်လိုသောဆန္ဒ လွန်စွာပြင်းပြခဲ့သည်။ သို့ဖြင့် မိဘများနှင့် ဇနီးသည်အား ခွင့်တောင်းခံပန်ကြားကာ အသက် ၂၃ နှစ် အရွယ်တွင် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သည်။ ဥပဇ္ဈာယ်ဆရာတော်မှာ ဘုံပျံဆရာတော် အရှင်အာဒိစ္စဖြစ်သည်။ ဘွဲ့တော်မှာ သာမဏေဘဝက ဘွဲ့အတိုင်း ဦးဝိစာရပင် ဖြစ်သည်။

ဦးဝိစာရသည် ရဟန်းဘဝရောက်ပြီး မန်ကျည်းဖုတ်ရွာ ဆရာတော်ဦးရာဇိန်ထံတွင် ရှေးဦးစွာ သဒ္ဒါကျမ်းကျွတ်လွတ်ပြီးမြောက်အောင် သင်ယူခဲ့သည်။ ထိုမှတစ်ဆင့် ပျဉ်းမနား ကံဦးတိုက်ဆရာတော် ဦးကုသလ္လ၏ ခြေတော်ရင်းတွင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသော ပိဋကတ်ကျမ်းဂန်တို့ကို သင်ယူပြီး ချောင်းဦးပထမရွှေတောင် ဆရာတော်ဘုရားထံ၌ နှစ်ဝါတိုင်တိုင် ဝိနည်းသိက္ခာတော်များကို ထူးထူးကဲကဲ ထပ်မံသင်ယူလိုက်နာခဲ့ပြန်သည်။

ထို့နောက်တွင်မှ မန္တလေး ရွှေရေးဆောင်တိုက် ဆရာတော်ဘုရားထံတော်တွင်လည်းကောင်း၊ ပခုက္ကူမြို့မဟာဝိသုတာရာမတိုက် ဆရာတော်ဘုရားထံတွင်လည်းကောင်း ဆက်လက်၍ လောကုတ္တရာစာပေများကို လေ့လာလိုက်စားရင်း တစ်ဖက်မှ စာသင်သားသံဃာတို့အား စာပေပိဋကတ်များကို ပို့ချသင်ကြားပေးခဲ့သည်။

မန္တလေး ရွှေရေးဆောင်တိုက်တွင် သီတင်းသုံးနေခိုက် ၁၂၇၀ ပြည့်နှစ်တွင် သာသနာ့ဆုးပြောင့်ခလုတ် ဖြစ်သော အန္တရာယ်များကို ကိုယ်တော်တိုင် ကြုံတွေ့ရင်ဆိုင်ခဲ့ရသဖြင့် ဦးဝိစာရကိုယ်တော်အား အမျိုးသားစိတ်ဓာတ်ရင့်သန်ပွားများစေသော အရေးအခင်းကြီးတစ်ခု ပေါ်ပေါက်လာခဲ့သည်။

နှစ်စဉ် သီတင်းကျွတ်လဆန်း ၁၁ ရက်နေ့မှ ၁၃ ရက်နေ့တိုင် ကျင်းပမြဲဖြစ်သော မန္တလေးအိမ်တော်ရာ ဘုရားပွဲသည် စည်ကားလှသည်။ ဘုရားပွဲတော်ရက်အတွင်း တစ်ညတွင် အင်္ဂလိပ်မျက်နှာဖြူ မန္တလေးရာဇဝတ်ဝန် မစ္စတာစတီးဝပ်ဆိုသူသည် နောက်လိုက်နောက်ပါ ပုလိပ်(ရဲ)များခြံရံလျက် ဘုရားရင်ပြင်ပေါ်သို့ ဖိနပ်ခြေနင်းများစီး၍ တက်ရာမှ လှုပ်ရှားဆူပွက်ကာ အရေးအခင်းဖြစ်ခဲ့သည်။

ထိုအချိန်မှစ၍ ဦးဝိစာရကိုယ်တော်သည် သာသနာတော်၏အန္တရာယ် အသွယ်သွယ်ကို ရှင်းလင်းသုတ်သင်နိုင်ရေးအတွက် အမျိုးသားစိတ်ဓာတ်ဖြင့် နိုင်ငံရေးကိစ္စရပ်များကို စိတ်ဝင်စားလာခဲ့သည်။ ထို့နောက် ဦးဝိစာရသည် မန္တလေး ရွှေရေးဆောင်တိုက်မှ ပခုက္ကူ မဟာဝိသုတာရာမတိုက်သို့ ရွှေပြောင်းသီ တင်းသုံးနေထိုင်တော်မူသည်။

ဦးဝိစာရသည် ၁၂၈၂ ခုနှစ်ခန့်တွင် မလှိုင်၊ ပန်းအိုင်နယ်တွင် အင်္ဂလိပ်အစိုးရက မြေ သမာဓိကြေးအခွန်တော်သစ်ကို မတရားသဖြင့် စတင်ကြီးကြပ် ကောက်ခံမှုနှင့် ပတ်သက်သော တရားကို ဟောတော်မူရာ အင်္ဂလိပ်အစိုးရက ရာဇသတ်ကြီးပုဒ်မ ၁၂၄(က)၊ ၁၀၈ အရ ဦးဝိစာရနှင့် ဦးပုညကိုယ်တော်နှစ်ပါးအား ထောင်ဒဏ် ၆ လစီ အပြစ်ပေးခဲ့သည်။

၁၂၈၅ ခုနှစ်ဆန်းတွင် ဦးဝိစာရသည် ပခုက္ကူမြို့မှ ရန်ကုန်သို့ ကြွရောက်တော်မူပြီး ကြည့်မြင်တိုင် ဝေဠုဝန်တိုက်တွင် သီတင်းသုံးနေထိုင်တော်မူသည်။ ထိုကျောင်းတွင် စာသင်သား တပည့်သံဃာတို့အား စာပေပို့ချရင်း တစ်ဖက်မှ သံဃာသာမဂ္ဂီအဖွဲ့ကြီး၏ လုပ်ငန်းတာဝန်များကို ထက်သန်တက်ကြွစွာ ပါဝင်ဆောင်ရွက်သည်။

ထိုစဉ် ဆရာတော်ဦးဥတ္တမကိုယ်တော်ကြီးသည် ဦးဝိစာရ ၏ သွက်လက်ချက်ချာသော ဥပဓိရုပ်၊ ထက်မြက်သော စိတ်ဓာတ်၊ ပရိသတ်ဆွဲဆောင်နိုင်စွမ်းရှိသည့် အဟောအပြောကို နှစ်သက်တော်မူသဖြင့် လက်တွဲခေါ်ယူခဲ့သည်။ ဦးဥတ္တမကိုယ်တော်ကြီးသည် ဦးဝိစာရကိုခေါ်၍ ကျိုက္ခမိ၊ မြိတ်၊ ထားဝယ်၊ တနင်္သာရီနယ်သို့ သွားရောက်၍ ဝံသာနုတရားလှည့်လည်ဟောသည်။ (ထိုစဉ်က အင်္ဂလိပ်အစိုးရသည် ဆား(ချက်)ခွန် မတရားစည်းကြပ်ကောက်ခံနေသည်။)

www.burmeseclassic.com

ဦးဝိစာရသည် သံဃာအဖွဲ့ချုပ်ကြီး၏ လက်မှတ်ရ ဓမ္မကထိက ပုဂ္ဂိုလ် ကျော်အပါး ၂၀၀ တို့အနက် တစ်ပါး အပါအဝင်ဖြစ်သဖြင့် တရားနာပရိသတ်များက ကြိုက်နှစ်သက်ကြသည်။ အဟောအပြောလည်း ကောင်း၍ဖြစ်သည်။

ဦးဝိစာရသည် ဆရာတော်ဦးဥတ္တမ အဆက်အသွယ်ဖြင့် ၁၂၈၆ ခုနှစ်၊ ၁၉၂၂ ခုနှစ်တွင် အိန္ဒိယပြည် ဗုဒ္ဓဂယာမြို့၌ကျင်းပသော ပြည်လုံးကျွတ် ကွန်ဂရက်အသင်းကြီး ညီလာခံသို့ တက်ရောက်ဖြစ်သည်။ ထိုမှတစ်ဆင့် ကာလကတ္တားမြို့သို့ ကြွရောက်သီတင်းသုံးနေထိုင်ပြီး ပါဠိ၊ သက္ကတ၊ ဟိန္ဒီစာပေများ လေ့လာဆည်းပူးခဲ့သည်။ နိုင်ငံရေးဗဟုသုတများကိုလည်း ရှာမှီးလေ့လာခဲ့သည်။ ဤသို့ဖြင့် နှစ်ဝါတိုင်တိုင် အိန္ဒိယပြည်၌ သီတင်းသုံးနေထိုင်ပြီးနောက် စစ်တကောင်းမှ တစ်ဆင့် ရခိုင်ပြည်သို့ လှည့်လည်တရားဟောပြောပြီး သကာလ မြန်မာပြည်သို့ ပြန်လည်ကြွရောက်တော်မူခဲ့သည်။

ဆရာတော်ဦးဝိစာရသည် မြန်မာပြည်သို့ ပြန်လည်ကြွရောက်ခဲ့ပြီး အနယ်နယ်အရပ်ရပ်သို့ မနားမနေသွားရောက်ပြီး ဝံသာနုတရားများကို မနားမနေဟောခဲ့သည်။ ဆရာတော်ဦးဝိစာရသည် ဝံသာနုပုဂ္ဂိုလ်ကျော် ဖြစ်လာသောအခါတွင်ကား အင်္ဂလိပ်အစိုးရက မြန်မာပြည်နိုင်ငံရေး (လူဆိုး) စာရင်းဝင် နံပါတ် ၄၄ အဖြစ် မှတ်တမ်းတင်ခြင်းအမှုပြုကြလေတော့၏။

(အင်္ဂလိပ်စုံထောက်မှတ်တမ်းတွင် ဦးဝိစာရ၏ ဥပဓိရုပ်နှင့် ကိုယ်ရေးအချက်အလက်များကို ဖော်ပြမှတ်တမ်းပြုထားသည်မှာ "မုံရွာဦးဝိစာရ၊ အဖဦးပြား။ အမိဒေါ်ဇလပ်၊ အရပ် ၅ ပေ၊ ၈ လက်မခန့်မြင့်သည်။ ကိုယ်လုံးကိုယ်ထည် တုတ်ခိုင်သန်စွမ်းသည်။ နဖူးကျယ်သည်။ မျက်ခုံးသာမန် ဖြစ်သည်။ သို့သော် မျက်လုံးကြည်လင်ကောင်းမွန်သည်။ နှာတံပေါ်၍ ပါးစပ်ကျယ်သည်။ သွားများညီညာသော်လည်း ကွမ်းစားလွန်း၍ ညိုညစ်သည်။ လက်ချောင်းကလေးများ သေးသွယ်သည်။ အသားညို၍ မှတ်ဆိတ်ကျင်စွယ်မရှိ။ ကိုယ်တွင် ထင်ရှားသောအမှတ်အသားများ မတ်စေ့ခန့်အရွယ်ရှိ အမာရွတ်တစ်ခု လက်ျာလက်မောင်းတွင် ရှိသည်။ စကားပြောလျှင် မျက်မှောင်ကုတ်၍ ကျယ်ကျယ်ပြောသည်။

အသံကြည်လင်စူးရှသည်။ ထိုမျှမကသေး။ ဦးဝိစာရ၏ (ရှေ့နောက်၊ ဘေး) အနေအထားအမျိုးမျိုးကိုလည်း ဓာတ်ပုံရိုက်ယူထားကြသည်။

ဦးဝိစာရသည် တရားဟောရာတွင် ရဲရင့်ပြတ်သားပွင့်လင်းသည်။ အသံဩဇာနှင့်လည်း ပြည့်စုံသည်။ တရားနာပရိသတ်၏အာရုံကို သိမ်းကျုံးဆွဲဆောင်နိုင်သည်။ ထို့ပြင် နှစ်လိုကြည်ညိုဖွယ်ရာ ရဟန်းတော်တို့၏ ဣန္ဒြေသိက္ခာတော်နှင့် ပြည့်စုံညီညွတ်ရန် တည်ငြိမ်သိမ်မွေ့စွာ နေထိုင်တတ်သဖြင့် ဒကာ၊ ဒကာမများ၏ ကြည်ညိုလေးစားခြင်းကို အထူးခံယူရရှိလေသည်။

ထို့ကြောင့် ဦးဝိစာရအား ဝံသာနုနှစ်ပတ်လည်အစည်းအဝေးများသို့လည်းကောင်း၊ ပရိယတ္တိစာပြန်ပွဲများ ဘုရားပွဲများသို့လည်းကောင်း၊ တရားဟောပြောရန် ပင့်ဖိတ်လျှောက်ပေါ်များလှသည်။ ဤသို့ဖြင့် အရှင်ဦးဝိစာရသည် အနယ်နယ်အရပ်ရပ်သို့ ဝါတွင်းသုံးလမှအပ မရပ်မနားကြွရောက်၍ တရား ဟောပြောရသည်။ တရားဟောပြောထွက်တိုင်းလည်း ပုလိပ်စုံထောက်တို့က နောက်မှ တကောက်ကောက်လိုက်ကြသည်။

ထို့နောက် ၁၂၈၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ ၁၉၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့၌

**သာသနာ့ဝန်ထမ်း ရဟန်းတော်တို့အား**

**သာမန်လူပုဂ္ဂိုလ်များက**

**မသုံးစွဲထိုက်သော**

**"မောင်မင်း နာခံရမည်" ဟူသော**

**အလွန်တရာ ရိုင်းစိုင်း**

**စော်ကားရာရောက်သည့်**

**အသုံးအနှုန်းဝေါဟာရကြောင့်။**



www.burmeseclassic.com

www.burmeseclassic.com

လက်ပံတန်းမြို့နယ်၊ သာရဝေါတိုက်နယ်၊ စနေညောင်ကုန်းရွာတွင် တိုက်နယ်ခံ ဝံသာနုအသင်းများ အစည်းအဝေးကျင်းပရန် တော်သလင်းလအတွင်းမှစ၍ ဓမ္မကထိကဆရာတော် အရှင်ဦးဝိစာရအား ကြိုတင်ဖိတ်ကြားပြီးဖြစ်သည်။ ဤတွင် သာယာဝတီ စတြိတ်အရေးပိုင်က အိန္ဒိယရာဇသတ် ဥပဒေပုဒ်မ-၁၄၄ အရ သာယာဝတီ စီရင်စုနယ်မြေအတွင်း သီတင်းကျွတ်လဆန်း ၁ ရက်နေ့မှအစပြု၍ တန်ဆောင်မုန်းလကုန်အထိ လူစုဝေးခြင်း၊ အစည်းအဝေးများ ကျင်းပခြင်းမပြုရဟု သတ်မှတ်၍ အမိန့်ဆင့်ဆို တားမြစ်သည်။

ဤသို့ အနှောင့်အယှက်အဟန့်အတားပြုလာသဖြင့် စီစဉ်ထားပြီးဖြစ်သော အစည်းအဝေးကို ရက်ရွှေ့ရေး၊ မရွှေ့ရေး ပြဿနာပေါ်သည်။ အရှင်ဦးဝိစာရက "ကိုယ့်အလုပ်ကိုယ်လိုက်ကြပါ"ဟု မိန့်ဆိုသဖြင့် အစီအစဉ်အတိုင်း အစည်းအဝေးကျင်းပရန် စီစဉ်ချိန်တွင် အရှင်ဦးဝိစာရထံ အမိန့်စာ ရောက်လာသည်။

အမိန့်စာမှာ (ရာဇဝတ်ကျင့်ထုံးပုဒ်မ-၁၄၄ အရ အဆောတလျင်အမိန့်) လက်ပံတန်းမြို့ ဘုန်းကြီး။ (မှန်ရှာ) ဦးဝိစာရသိစေရန် ဆင့်ဆိုလိုက်သည်မှာ "မောင်မင်းနှင့်တကွ ဝံသာနုအသင်းသူ အသင်းသားများနှင့် သံဃာသာမဂ္ဂီကြီး အချို့သည် အသင်းအစည်းအဝေး စုရုံးခြင်းပြုပြီး အစိုးရမင်းတို့အား အကြည်ညိုပျက်အောင် တရားဟောပြီး လှုံ့ဆော်ခြင်းပြုလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်သဖြင့် လူစုဝေးခြင်း၊ တရားဟောခြင်းမပြုလုပ်ရ။ အစည်းအဝေးတစ်စုံတစ်ရာ၌ မောင်မင်းပါဝင်တက်ရောက်ခြင်း မရှိစေရ။ နယ်ပိုင်ဝန်ထောက်မင်း။ ပထမတန်း ရာဇဝတ်တရားသူကြီး။ သာယာဝတီမြို့ (ရက်စွဲ ၂၁-၁၀-၂၆)"ဟူ၍ ဖြစ်သည်။

အဆိုပါ အမိန့်စာတွင် သာသနာ့ဝန်ထမ်း ရဟန်းတော်တို့အား သာမန်လူပုဂ္ဂိုလ်များက မသုံးစွဲထိုက်သော "မောင်မင်းနာခံရမည်"ဟူသော အလွန်တရာ ရိုင်းစိုင်းစော်ကားရာရောက်သည့် အသုံးအနှုန်းဝေါဟာရကြောင့် ပုဒ်မ-၁၄၄ အမိန့်ကို ဖီဆန်ကာ စီစဉ်ထားသည့်အတိုင်း အစည်းအဝေးကိုကျင်းပသည်။ ဆရာတော်ဦးဝိစာရ တရားဟောသည်။

"သာသနာတော်ကြီး၏ ဘေးရန်အတန်တန်တို့သည် မခံမရပ်နိုင် လောက်အောင်ပင် ပြိုပြင်စရာအကြောင်းများ ဆက်ကာဆက်ကာ ပေါ်ပေါက်နေကြောင်း။ မိစ္ဆာလူမျိုးဆိုသည်မှာ ဘုရားမရှိ၊ တရားမသိ။ သံဃာကို ရှိသေရမှန်း မသိသူတို့ကို ခေါ်ထိုက်ကြောင်း။ ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားစည်ပင်ခဲ့သော မြန်မာနိုင်ငံတော်ကြီးသည် သာသနာ့ဒါယကာ မြန်မာမင်းဆက် တိမ်ကောပပျောက်ပြီးသည့်အခါမှစ၍ နိုင်ငံရပ်ခြားတိုင်းတစ်ပါးမှ ဘာသာမတူ လူမျိုးကွဲပြားမျက်နှာဖြူ အင်္ဂလိပ်မိစ္ဆာလူမျိုးများက လက်နက်အားကိုးစစ်တိုက်သိမ်းယူ၍ အနိုင်အထက် အဓမ္မလာရောက်အုပ်ချုပ်မင်းလုပ်သည့်အချိန်မှစ၍ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ လေးရပ်တို့သည် တစ်စတစ်စ နေထိကြာကဲ့သို့ ညှိုးနွမ်းခြောက်သွေ့လာခဲ့ရကြောင်း။

ဘုရားမြေ ကျောင်းမြေများအတွင်း ဖိနပ်ခြေနင်းများစီး၍ ဥဒဟိုသွားလာနေခြင်း။ ရွှေတိဂုံစေတီတော်ကြီးပေါ်မှ စစ်ခံတပ်ကတုတ် ပြုလုပ်ထားခြင်း၊ ထိုမျှမက ရွှေတိဂုံစေတီတော်ပေါ်၌ စက်ဆုပ်ရွံရှာဖွယ်အတိပြီးသော အင်္ဂလိပ်မသာအလောင်းကောင်များ မြှုပ်နှံသင်္ဂြိုဟ်ခြင်းစသော ပြစ်မှုစော်ကားချက်များသည် မြန်မာလူမျိုးတို့၏ အထွတ်အမြတ်ဖြစ်သော ဘာသာသာသနာတော်ကြီးကို ရှီးတွင်းခြင်ဆီအထိ အလွန်တရာ နာကျင်လောက်အောင် မိုက်မဲစော်ကားနေခြင်း မဟုတ်ပါလော။

အဝတ်မပါ ကိုယ်ဗလာတည်းနေ၍ ဆွမ်းမစားဘဲနေခဲ့သော ရက်ပေါင်းမှာ ၄၀ ကျော်မျှ ရောက်ရှိလာသည်။ အစာမစားဘဲ ရက်ပေါင်းများစွာကြာခဲ့သည့်အတွက် ဆရာတော်ဦးဝိစာရမှာ ဂုန်နီအိပ်ရာပေါ်တွင် ဗုန်းဗုန်းလဲလျက် မှိန်းစက်နေရှာတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤ၍ဤမျှ မြန်မာအမျိုးသား ဒါယကာ၊ ဒါယိကာမ အပေါင်းတို့ ဆည်းကပ်ကိုးကွယ်နေကြသော ဗုဒ္ဓဘာသာ သာသနာတော်ကြီးသည် အထိနာနေသည်ကို သိသွားစေရန် ဦးပဥ္စင်းက သတိပေးနှိုးဆော်လိုက်ရပါကြောင်း"ဟူ၍ ဟော ကြားခဲ့ရာ ပုလိပ်အရာရှိတစ်ဦးက အရှင်ဦးဝိစာရအား ပုဒ်မ-၁၈၈ အရ အာဏာဖီဆန်မှုဖြင့် ဖမ်းဆီးကာ သာယာဝတီ အချုပ်ထောင်သို့ ခေါ်ဆောင်သည်။

သာယာဝတီ ဒီစတြိတ်တွဲဘက် အထူးအာဏာရ ရာဇဝတ်တရားသူကြီးက စစ်ဆေး၍ အိန္ဒိယရာဇသတ်ကြီး ပုဒ်မ-၁၈၈ အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသည်ဆိုကာ ၁၂၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၂ ရက်နေ့ (၂၂· ၁၁ · ၂၆) တွင် အလုပ်မဲ့ထောင်ဒဏ် နှစ်လကျခံစေဟု အမိန့်ချမှတ်ပြီး သာယာဝတီထောင်မှ ရန်ကုန်ဗဟိုထောင်ကြီး သို့ ပြောင်းရွှေ့အကျဉ်းချသည်။ (၂၂·၁· ၂၇)ရက်တွင် သာယာ ဝတီထောင်သို့ ပြန်ပို့သည်။

သာယာဝတီထောင်မှ (၂၃·၁· ၂၇)ရက်နေ့ နံနက် ပိုင်း လွတ်ရက်စေ့ရန်အတွက် ထောင်ဘူးဝမှ အသင့်စောင့် ကြိုနေသော ပုလိပ်အရာရှိတစ်ဦးက သာယာဝတီအရေးပိုင် ၏ ဝရမ်းစာကိုပြ၍ ရာဇသတ်ပုဒ်မ-၁၂၄(က)အရ ထပ်မံ ဖမ်းဆီးကာ သာယာဝတီထောင်သို့ ပြန်သွင်းသည်။

သာယာဝတီထောင်၌ အကျဉ်းကျစဉ် အရှင်ဦးဝိ စာရက ၁၂၈၈ ခုနှစ်၊ ပြာသိုလဆုတ် ១၅ ရက်(လကွယ်နေ့) ဥပုသ်နေ့ (၁ · ၂ · ၂၇)တွင် ဗုဒ္ဓဘာသာရဟန်းတော်တို့၏ ဝိနည်းသိက္ခာပိုဒ်နှင့်အညီ သိမ်တစ်ခုခုသို့ ကြွရောက်ဥပုသ် ပြုနိုင်ရန် စီစဉ်ပေးစေလိုကြောင်း အရေးပိုင်တို့ထံ စာရေး ပေးပို့သည်။ အရေးပိုင်တို့က ငြင်းဆိုသည်။ ထိုအချိန်မှစ၍ အရှင်ဦးဝိစာရသည် ဆွမ်းဘုဉ်းပေးခြင်းမပြုဘဲ အစာငတ်ခံ ဆန္ဒပြ အရေးဆိုတော့သည်။

အစာငတ်ခံဆန္ဒပြသည့် ၄ ရက်မြောက်နေ့တွင် အရှင်ဦးဝိစာရအား လက်နက်ကိုင်ပုလိပ်(ရဲ)တို့က ဘတ်စ် ကားဖြင့် ရန်ကုန်ထောင်ကြီးသို့ ညချင်းခေါ်ယူရွှေ့ပြောင်း သည်။ ရန်ကုန်ထောင်တွင်လည်း အစာငတ်ခံဆန္ဒပြလျက်ရှိ သည်။ ဥပုသ်ပြုခွင့် မရမချင်း အစာငတ်ခံနေခဲ့ရာ ရက်ပေါင်း ၄၀ မြောက်နေ့တွင်မှ ထောင်အာဏာပိုင်တို့က ဥပုသ်ပြုခွင့် ကို အလျှော့ပေးလိုက်သဖြင့် ဆွမ်းပြန်စားသည်။

အကျဉ်းသားဖြစ်သည်နှင့် တစ်ပြိုင်နက် သင်္ကန်းများ ချွတ်၍ ထောင်ဝတ်လဲရမည်ဟု ထောင်အာဏာပိုင်တို့က ဆိုလာသည်။ ဦးဝိစာရကမူ သင်္ကန်းမချွတ်ဘဲနေသည်။ နောက် ဆုံး အင်္ဂလိပ်လူမျိုး ထောင်အရာရှိလေးယောက်က အတင်းဆွဲ ချွတ်သောအခါကျမှပင် ဦးဝိစာရမှာ သင်္ကန်းချွတ်ခံလိုက်ရ သည်။ သို့သော် ထောင်အဝတ်ကိုကား မဝတ်။ အဝတ်မပါ ကိုယ်ဗလာဖြင့်သာ သီတင်းသုံးနေသည်။

အရှင်ဦးဝိစာရသည် "ငါ့အား မည်သို့ပင် ညှဉ်းပန်း နှိပ်စက်ကြ၍ ကာယဒုက္ခဝေဒနာကို ခံစားရပါစေ။ ခန္တီပါရ မီကိုတည့်ဆောက်၍ ဆွမ်းဘုဉ်းမပေးဘဲ အသက်ဇီဝိန်ချုပ် သည်အထိ သံဃာများနှင့် သာသနာတော်ကြီး၏ အကျိုး စီးပွားကို ရှေးရှု၍ အစာငတ်ခံရန် အဓိဋ္ဌာန်အံ့"ဟု စိတ်ပိုင်း ဖြတ်ကာ ဆွမ်းမစားတော့ပေ။

ဤသို့ အဝတ်မပါ ကိုယ်ဗလာတည်းနေ၍ ဆွမ်းမစား ဘဲနေခဲ့သော ရက်ပေါင်းမှာ ၄၀ ကျော်မျှ ရောက်ရှိလာသည်။ အစာမစားဘဲ ရက်ပေါင်းများစွာ ကြာခဲ့သည့်အတွက် ဆရာ တော်ဦးဝိစာရခမျာ ဂုန်နီအိပ်ရာပေါ်တွင် ဖုန်းဖုန်းလဲလျက် မှိန်းစက်နေရှာတော်မူသည်။ စကားလည်း မပြောနိုင်။ သတိ မှာလည်း မေ့တစ်ချက်၊ မမေ့တစ်ချက်ဖြစ်နေသည်။ မျက်စိ ပင် အလင်းရောင်ကို ကြည့်မရအောင် ပြင်းထန်လှသော ဒုက္ခဝေဒနာများကို ခံစားနေရရှာသည်။

ထောင်အရာရှိများသည် ၁၂၈၉ ခုနှစ်၊ တပေါင်းလ ဆန်း ၆ ရက်နေ့ နံနက်တွင် ဆရာတော်ဦးဝိစာရအား သင်္ကန်းပြန်ပေးသည်။ ယင်းနေ့လယ် ၁ နာရီခန့်တွင် ကာလ ကတ္တားသို့ထွက်မည့် သင်္ဘောဖြင့် အိန္ဒိယပြည်၊ မေဒနီထောင် သို့ ပို့လိုက်ပြန်သည်။ ထိုမှတစ်ဖန် ၁၂၉၀ ပြည့်နှစ် တပေါင်း လဆန်း ၇ ရက် (၁၄ · ၂ · ၂၉)တွင် ကာလကတ္တားမြို့ရှိ လာလ်ဗဂျားရဲဌာန၊ အလီပူရဲဌာန ဘာလီဂန်ဂျ်ရဲဌာနများ သို့ အသီးသီးပို့၍ ဖမ်းဆီးချုပ်နှောင်ထားပြန်သည်။

ကာလကတ္တားရှိ ရဲဌာနအသီးသီးမှတစ်ဖန် ၁၂၉၀ နှစ်၊ တပေါင်းလဆန်း ၁၁ ရက် (၁၈ · ၂ · ၂၉)နေ့တွင်



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်ထောင်ကြီးသို့ ပြန်ပို့ကြသည်။ ယင်းနောက် ရန်ကုန်ထောင်မှ ဆရာတော်အား လွှတ်လိုက်သည်။ ထောင်မှလွှတ်သောအခါ အမျိုးသားလွတ်မြောက်ရေးအတွက် ဆက်လက်ဆောင်ရွက်သည်။ ဘဝဒုက္ခအတွေ့အကြုံ စာအုပ်ငယ်တစ်အုပ် ကိုယ်တိုင်ရေးသားဖြန့်ချိသည်။

ထိုအချိန် အိန္ဒိယမှရောက်လာသော မဟာတ္တမဂန္ဓီကြီးကို မြန်မာနိုင်ငံမှ သောင်းသောင်းဖြဖြ ကြိုဆိုညှိခံပွဲအခမ်းအနားသို့ ဦးဝိစာရဆရာတော် တက်ရောက်၍ ဝံသာနုတရားကိုဟောသည်။ မဟာတ္တမဂန္ဓီကြီး၏ အကြံပေးချက်၊ တိုက်တွန်းချက်နှင့် အိန္ဒိယအမျိုးသား ကွန်ဂရက်ကြီးမှ ဆေးကုပေးရန် စီစဉ်ဖိတ်ကြားချက်အရ ဦးဝိစာရသည် (၆·၄·၂၉)ရက်နေ့တွင် ကာလကတ္တားသို့သွားမည့်သင်္ဘောဖြင့် အိန္ဒိယသို့ သွားရောက်ရန် သင်္ဘောဆိပ်ကမ်းသို့အဆင်း တတိယအကြိမ် အဖမ်းခံရပြန်သည်။ သုံးခွအပိုင်၊ ဖရုံကာရွာ၌ ဟောပြောမှုကြောင့်ဟုဆိုကာ ဖမ်းခြင်းဖြစ်သည်။

ဆရာတော်သည် ရန်ကုန်ထောင်အတွင်းရှိစဉ် တောင်းဆိုချက်များမရသဖြင့် အစာငတ်ခံဆန္ဒပြသည်။ ၁၂၉၁ ခုနှစ်၊ ပထမဝါဆိုလဆုတ် ၈ ရက် (၁၈-၆-၂၉)တွင် ဆရာတော်၏အမှုကို ရုံးတင်စစ်ဆေးမည့်နေ့။ ဤနေ့သည် ဆရာတော်ဆွမ်းဘုဉ်းမပေးဘဲနေသည်မှာ ၈၁ ရက်တိုင်လေပြီ။ လဲလျောင်းနေရာမှ မထနိုင်တော့ပေ။ ဟံသာဝတီ စက်ရှင်တရားသူကြီးသည် ထောင်တွင်းဝင်ရောက်ကာ ဆရာတော်အားအပြစ်ရှိသည်ဆိုကာ တစ်ကျွန်းပို့ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၆ နှစ် အပြစ်ပေးသည်။ ဆရာတော်က ပက်လက်အနေအထားနှင့်ပင်။

(၁၇·၈·၂၉)နေ့ (စနေနေ့) ဝံသာနုသတင်းစာတိုက်ကိုယ်စားလှယ်များ ထောင်တွင်းဝင်၍ ဆရာတော်ကို ဖူးတွေ့သည်။ ဆရာတော်သည် ပက်လက်အနေအထားဖြင့် "သာသနာတော်အရေးအခွင့်အတွက် ပါဠိလိပုတ်ပြည် ရဟန်းတော်များ အသက်စွန့်လွှတ်တော်မူခဲ့ကြဖူးသည့် လမ်းစဉ်အတိုင်း ငါသည်လည်း အသက်စွန့်လွှတ်ရန် မြတ်သောပါရမီအမိဋ္ဌာန်ကို ပြည့်မြောက်အောင်နေခြင်းဖြစ်ကြောင်း။ ယခုအတိုင်းဆိုလျှင် ဥပုသ်နေ့စ်ပတ်မျှသာ ငါ၏အသက်ခန္ဓာကိုယ် တွယ်နေနိုင်တော့မည်" ဟု မိန့်ကြားသည်။

ဆရာတော် အရှင်ဦးဝိစာရသည် ရက်လရှည်ကြာဆွမ်းဘုဉ်းမပေးဘဲနေခဲ့ရာမှ ၁၆၆ ရက်မြောက်နေ့ ၁၂၉၁ ခု၊ တော်သလင်းလဆုတ် ၂ ရက် (၁၉-၉-၂၉) ကြာသပတေးနေ့၊ ည ၈ နာရီ မိနစ် ၂၀ အချိန်တွင် ရန်ကုန်ထောင်အတွင်း၌ ပျံလွန်တော်မူခဲ့သည်။

၁၂၉၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်(၈·၂·၃၀) ရက်နေ့ ညနေ ၄ နာရီခွဲကျော်ကျော်အချိန်တွင် ရွှေတိဂုံစေတီတော် အနောက်တောင်ဘက် ကန်တော်မင်ပန်းခြံမြေ၌ ဆရာတော်ဦးဝိစာရ၏ ရုပ်ကလာပ်ကို အဂ္ဂိဈာပန သာဓုကီဠနသဘင်ဖြင့် သင်္ဂြိုဟ်ပူဇော်ကြသည်။

မီးသင်္ဂြိုဟ်ပြီးနောက် တပည့်သံဃာတို့က အရိုးများကောက်ယူ၍ အမှတ်တရဖြစ်စေရန် အမြင့် ၅ ပေရှိ အရိုးအိုးစေတီတစ်ဆူကို စတုဒိသာဇရပ်ကြီး(ယခု အင်းလေးဓမ္မာရုံ)အနီး မြေပေါ်တွင် တည်ထားခဲ့ကြသည်။ (အရိုးအိုးစေတီမည်သို့ပျောက်သွားသည် မသိချေတော့။)

၁၃၀၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက် (၁၉၄၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်) စနေနေ့တွင် ဆရာတော်အရှင်ဦးဝိစာရ အထိမ်းအမှတ်ကျောက်တိုင်နှင့် ကြေးရုပ်ဖွင့်ပွဲကို (ယခုလက်ရှိနေရာတွင်)ခမ်းနားစည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ထိုစဉ်က စစ်ဝန်ကြီးဖြစ်သော အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်တက်ရောက်၍ အာဇာနည်ဆရာတော် ဦးဝိစာရအား ဂုဏ်ပြုမိန့်ခွန်းပြောကြားခဲ့သည်။


ကိုလိုနီနယ်ချဲ့တို့အား တွန်းလှန်၍ အမျိုးသားလွတ်လပ်ရေးအတွက် အသက်စွန့်ကာ ကြိုးပမ်းဆောင်ရွက်ခဲ့သော အာဇာနည် အရှင်ဦးဝိစာရ၏ အာဇာနည်စိတ်ဓာတ်သည်ကား ကမ္ဘာတည်သရွေ့ အရည်တည်တံ့ခိုင်မြဲနေမည်မှာ မလွဲကေန်ပါတည်း။

ကိုမောင်သန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com



# မြန်မာ့ရိုးရာ ခုံစွန်း ငွေဝင်အဆောင်စီရင်များ

အောင်မြင်စိုး

**ကံမြင့်၊ လာဘ်ပွင့်၊ ငွေဝင်ဂါထာတော် ထူးမြတ်ကြီး**

**တုမေ့ စိတ္တံ ဆကာယောစ၊**
**သဗ္ဗ ဓေဝ မနုဿစ။**
**သီတံ ဥဒက ဗ္ဗာစ္ဆိတံ၊**
**ပတ္တံမေ ယောတုမေ မေတ္တံ။**

တိမ်မြုပ် ပျောက်ကွယ်လုနီးပါးဖြစ်နေသော မြန်မာ့ရိုးရာ ခုစွန်း၊ ငွေဝင်အဆောင်စီရင်များအကြောင်း တင်ဆက်ပါမည်။ မိမိတို့၏ မွေးဖွားရာ မြန်မာသက္ကရာဇ် နောက်ဆုံးအလုံးကို ယူရပါမည်။ တစ်သက်တာအားဖြင့် စီရင်ဆောင်ရွက်နိုင်ပါသည်။

ဥပမာ -

၁၃၂၅, ၁၃၃၅, ၁၃၄၅ > ၅ ခုစွန်းဖွား

၁၃၂၇, ၁၃၃၇, ၁၃၄၇ > ၇ ခုစွန်းဖွား

၁၃၃၀, ၁၃၄၀, ၁၃၅၀ > ၀ ခုစွန်းဖွား

ဟု သိနိုင်ပါသည်။



www.burmeseclassic.com


www.burmeseclassic.com

၁ ခုစွန်းဖွား - ကြာသပတေးနေ့တွင် နေအိမ်ဘုရား ကျောင်းဆောင်တော်၌ ရှောက်သီး (သို့) သံပရာသီးလှူဒါန်း ပါ။ တံမြှင့်၊ လာဘ်ဖွင့်ဂါထာ ၁၀၈ ခေါက်ရွတ်ပွားပါ။ အထက် ပါနေ့တိုင်း မကြာခဏလှူဒါန်းပေးပါ။

၂ ခုစွန်းဖွား - ဗုဒ္ဓဟူးနေ့တွင် ဒေါင်းတောင်နှစ် ချောင်းအား နေအိမ်ဘုရားကျောင်းဆောင်တော်၌ တစ်ဖက် တစ်ချက် လှူဒါန်းပါ။ (သို့မဟုတ်) ဗုဒ္ဓဟူးနေ့တွင် ရွှေဖြင့် ဒေါင်းပုံရုပ်ပုံပြုလုပ်ပြီး သုံးစွဲပါ။ ဂါထာရွတ်ပါ။

၃ ခုစွန်းဖွား - ဆွမ်းဆန်စိမ်းလောင်းလှူခြင်း။ ဆွမ်း ဆန်စိမ်းလောင်းရာတွင် ပါဝင်ကူညီခြင်းပြုလုပ်ပါ။ တနင်္လာနေ့ တွင် ငွေဆွဲကြိုး စတင်ဝတ်ဆင်ပါ။ ဂါထာရွတ်ပါ။

၄ ခုစွန်းဖွား - ဗုဒ္ဓဟူးနေ့တွင် ဆင်ခံဘုရားပုံတော်၊ ရုပ်ပုံတော်၊ ဆင်းတုတော် စတင်ဝယ်ယူ ထုလုပ်ပူဇော်၊ အနေ အထားတင် ကိုးကွယ်ပါ။ ဂါထာမြဲတွဲရွတ်ပါ။



၅ ခုစွန်းဖွား - စနေနေ့တွင် နဂါးရုံဘုရားပုံတော်၊ ရုပ်ပုံကားချပ်၊ ဆင်းတုတော် စတင်ကိုးကွယ်ပူဇော်ပါ။ (သို့မ ဟုတ်) ရွှေငါးမူးသား(သို့) ငွေငါးမူးသားကို နဂါးရုပ်၊ နဂါးပုံ လက်စွပ် ဝတ်ဆင်ပေးပါ။ ဂါထာထူးရွတ်ပါ။

၆ ခုစွန်းဖွား - တနင်္ဂနွေနေ့တွင် ကုက္ကားငှက်ဂဠုန် ရုပ်ကို တန်ခိုးကြီးဘုရား မွေးနံ့ထောင့်မှာလှူပါ။ နေ့ခုနစ်နေ့ နံကောင်များအနက် ကုက္ကားပေါ်ရှိ အခြားနေ့နံအကောင်များ ကို ညှပ်ပစ်ပါ။ ကုက္ကားငှက်ဂဠုန်တစ်ကောင်တည်းသာ ကျန်ပါစေ။ မကြာခဏ ပြုလုပ်ပေးပါ။ ဖော်ပြမည့်ဂါထာကို အထူးရွတ်ပွားပေးပါ။


၇ ခုစွန်းဖွား - အင်္ဂါနေ့တွင် ရွှေ၊ ငွေ ခုနစ်ပဲ (သို့) ခုနစ်ရွေးသားကို ဆိတ်ရုပ်ပုံ ပန်းထိမ်ဆိုင်တွင်ပြုလုပ်ပါ။ ကလေးငယ်များတွက် လည်ပင်းမှာဆွဲထား၊ ခမည်းပေးပါ။ လူကြီးများ ဆေးတွင်စိမ်၊ ဆေးရုး၍ ကျန်းမာသက်သာပါလိမ့် မည်။ (သို့) ဆီးမြစ် ကျား (ယာလက်ခလယ် လက်တစ်ဆစ် တစ်လက်မ)၊ မ (ဝဲဘက် လက်ခလယ်တစ်ဆစ် တစ်လက်မ ခန့်)ဆောင်ထားပါ။ ဆီးသီး၊ ဆီးယိုလှူ၊ ကိုယ်တိုင်စားပါ။ ဂါထာ တော်ထူးမြတ်ကြီး ရွတ်ပွားပူဇော်ရန် အင်္ဂါနေ့တိုင်းဖြစ်ပါသည်။

၈ ခုစွန်းဖွား - အင်္ဂါနေ့တွင် ကသစ်သား ခြင်္သေ့ ရုပ်ထု ကော်သုတ်ပါ။ ကလေးများ ပရိတ်ကြိုးဖြင့် လည်ပင်းဆွဲပါ။ လူကြီးများ အလုပ်စားပွဲ၊ ဘုရား ကျောင်းဆောင်တော်မြတ်မှာ ထားပါ။ သောက မရောက်၊ သူခိုးဘေးကင်း၊ သိကြားမ,သလို ကံကောင်း။ သူကြွယ်ဖြစ်စေရန် အမိဋ္ဌာန်ပါ။ ဂါထာတော်ရွတ်ပွားပါ။

www.burmeseclassic.com

www.burmeseclassic.com





၉ ခုစွန်းဖွား ထီးဖြူကို သင့်တော်သောအရွယ် ဘုရားမှာလှူဒါန်းပါ။ ဝိတ်ဖြူမျက်နှာကြက်ချပ်လှူပါ။ မျက်နှာကြက်ပြားလှူပါ။ နေအိမ်ဘုရားမှာဆိုရင် မွေးနေ့မှာ ထီးဖြူ ကနုတ္တတီး လှူဒါန်းပူဇော်ပါ။ ဂါထာမြတ်ရွတ်ပွားပေးပါ။ မွေးနေ့တိုင်း ဖြစ်ပါသည်။

၀ ခုစွန်းဖွား စကြာပန်ကာ လေးခုကို အိမ်ရှေ့ဖြစ်စေ၊ လေတိုက်သောနေရာတွင် ချိတ်ဆွဲလှူဒါန်းပါ။ စကြာဓာတ်၊ မကောင်းသောဓာတ်များကို ဖယ်ရှားပါလိမ့်မည်။ ဂါထာမြတ် ရွတ်ပွားပူဇော်ပေးပါ။

အထက်ပါ (၁)မှ (၀)ထိ ခုစွန်းဖွား ကလေးသူငယ်၊ လူကြီးမိဘတို့အတွက် တစ်သက်တာ ငွေဝင်လာဘ်ပွင့် အန္တရာယ်ကင်းအဆောင် စီရင်များအား ပြသခဲ့ပေပြီ။ ဆက်လက်၍ ရွတ်ပွားပူဇော်ရမည့် ဂါထာထူးမြတ်ကြီးကို ဖော်ပြပါလတ္တံ့။

**ကံမြင့်၊ လာဘ်ပွင့်၊ ငွေဝင်ဂါထာတော် ထူးမြတ်ကြီး**

**တုမေ့ ဝိတ္တံ့ ဆကာယောစ၊**
**သဗ္ဗဓေဝ မနုဿာစ။**
**သိတံ ဥဓက ဣဋ္ဌိတံ၊**
**ပတ္တံမေ ဟောတုမေ မေတ္တံ။**

**အနက် (သိရှိထားရန်သာ)**

ခပ်သိမ်းကုန်သော နတ်လူတို့၏ ကိုယ်စိတ်နှ... သီတာရေပမာ၊ အေးမြသာယာပြီး တောင့်တအပ်သော ... ရှိရာဟူသရွေ့ ပြည့်ဝကြပါစေ။ မိမိကိုယ်တိုင်သည်လည်း ... လူတို့ပို့သသော မေတ္တာကို ခံယူရနိုင်ပါစေသတည်း။

(မှတ်ချက်။ ။ သာသနာ့အာဇာနည်၊ ဂန္ထိရပ... ကြီး၊ ရသေ့ကြီးဦးခန္တီ၏ ဓေါက်ချာတွင် ရေထိုးထား... သိရ၏။)

သို့ပါ၍ ကံမြင့်၊ ငွေဝင်၊ လာဘ်ရှင်၊ အန္တရာယ်... လိုသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် ... တို့နှင့်သက်ဆိုင်ရာ ခုစွန်းနေ့များအလိုက် ပူဇော်ဖော်ပြပါ ... တော်ထူးမြတ်ကြီးကို ၁၀၈ ခေါက်နှင့်တကွ စွမ်းနိုင်... ရွတ်ပွားတော်မူကြခြင်းအားဖြင့် အထက်ဖော်ပြပါ အ... အကျိုးတရားတို့သည် ကောန်မလွဲ ပြည့်စုံလာစေနိုင်... သာဓကများစွာ ရှိကြပါသည်။

မိမိတို့ဘဝ၏ တစ်သက်တာ၊ နှစ်ပိုင်း၊ လပိုင်း ... ပိုင်း၊ အချိန်ကာလပိုင်းတို့၏ ယတြာသုဘွန်းများအနက် ... သက်တာနှင့် ရက်ပိုင်းအလိုက်တွက် သုတေသနပြု ... တင်ဆက်ပါသည်။ ယုံကြည်စွာပြုလုပ်ပါ။ ယုံကြည်ခြင်း... ၅၀% အမှုကိစ္စ အောင်မြင်ပြီးစီးသည် မဟုတ်ပါ...

အောင်...



www.burmeseclassic.com

www.burmeseclassic.com



# မွန်ပေစာထဲမှ လျှို့ဝှက်ဗေဒင်ဟောကိန်း

ညွန့်ခိုင်မာ(ကျောက်ဆည်)

မွန်ပေစာထဲမှ လျှို့ဝှက်ဗေဒင်ဟောကိန်းတစ်ခုကို တင်ပြအပ်ပါသည်။ မွေးနေ့သိရန်မလိုပါ။ ရောက်သက်ကို သိလျှင် တွက်ပြီး ဟော၍ရပါသည်။

လက်ရှိရောက်သက်ကို ၉ နှင့်ပေါင်းပါ။ ရလဒ်ကို ၄ နှင့်မြှောက်ပါ။ ရလဒ်ကို ၇ နှင့်စားရပါမည်။ ရသော အကြွင်းအလိုက် သက်ဆိုင်ရာဟောကိန်းကို ဖတ်ရပါမည်။

ဥပမာ(၁)

ရောက်သက် ၃၄ နှစ်ရှိသူကို တွက်မည်ဆိုပါက

၃၄ + ၉ = ၄၃

၄၃ × ၄ = ၁၇၂

၁၇၂ ÷ ၇ = အကြွင်းမှာ (၄)ရပါသည်။

ဥပမာ(၂)

ရောက်သက် ၅၈ နှစ်ရှိသူကို တွက်မည်ဆိုပါက

၅၈ + ၉ = ၆၇

၆၇ × ၄ = ၂၆၈

၂၆၈ ÷ ၇ = အကြွင်းမှာ (၂) ရပါသည်။

ဥပမာ(၃)

ရောက်သက် ၅၉ နှစ်ရှိသူကို တွက်မည်ဆိုပါက

၅၉ + ၉ = ၆၈

၆၈ × ၄ = ၂၇၂

၂၇၂ ÷ ၇ = အကြွင်းမှာ (၆) ရပါသည်။

တွက်ချက်ရာတွင် ခက်ခဲမှုမရှိဘဲ လွယ်ကူစေရန် ရောက်သက်အသီးသီးအတွက် သက်ရောက်အကြွင်းဇယားကို အသင့်တွက်ပြီး ဖော်ပြအပ်ပါသည်။

## မွန်ပေစာ လျှို့ဝှက်ဗေဒင်ဟောကိန်းများ

### (၅)ကြွင်း သက်ရောက်ဟောကိန်း

(၅)ကြွင်းသက်ရောက်နှစ်တွင် ကံကောင်းလာမည်။ ပျော်ရွှင်ရမည်။ စိတ်ချမ်းသာရမည်။ အိမ်ဝင်နိုင်သည်။ လယ်မြေ၊ ခြံမြေ၊ ယာမြေတို့ သင့်အတွက် ဝင်လာနိုင်သည်။ ရရှိနိုင်ပါသည်။ နေစရာထိုင်စရာ စိတ်တိုင်းကျ ဖြစ်လာပါမည်။



www.burmeseclassic.com

www.burmeseclassic.com

## မွန်ပေစာ လျှို့ဝှက်ဗေဒင်ဟောကိန်း
## ရောက်သက်အသီးသီးအတွက် အသင့်တွက်ပြီး သက်ရောက်အကြွင်းဇယား

| သက်ရောက် အကြွင်း | ရောက်သက်အသီးသီး | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၅ – ကြွင်း | ၁ | ၈ | ၁၅ | ၂၂ | ၂၉ | ၃၆ | ၄၃ | ၅၀ | ၅၇ | ၆၄ | ၇၁ | ၇၈ | ၈၅ | ၉၂ |
| ၂ – ကြွင်း | ၂ | ၉ | ၁၆ | ၂၃ | ၃၀ | ၃၇ | ၄၄ | ၅၁ | ၅၈ | ၆၅ | ၇၂ | ၇၉ | ၈၆ | ၉၃ |
| ၆ – ကြွင်း | ၃ | ၁၀ | ၁၇ | ၂၄ | ၃၁ | ၃၈ | ၄၅ | ၅၂ | ၅၉ | ၆၆ | ၇၃ | ၈၀ | ၈၇ | ၉၄ |
| ၃ – ကြွင်း | ၄ | ၁၁ | ၁၈ | ၂၅ | ၃၂ | ၃၉ | ၄၆ | ၅၃ | ၆၀ | ၆၇ | ၇၄ | ၈၁ | ၈၈ | ၉၅ |
| ၀ – ကြွင်း | ၅ | ၁၂ | ၁၉ | ၂၆ | ၃၃ | ၄၀ | ၄၇ | ၅၄ | ၆၁ | ၆၈ | ၇၅ | ၈၂ | ၈၉ | ၉၆ |
| ၄ – ကြွင်း | ၆ | ၁၃ | ၂၀ | ၂၇ | ၃၄ | ၄၁ | ၄၈ | ၅၅ | ၆၂ | ၆၉ | ၇၆ | ၈၃ | ၉၀ | ၉၇ |
| ၁ – ကြွင်း | ၇ | ၁၄ | ၂၁ | ၂၈ | ၃၅ | ၄၂ | ၄၉ | ၅၆ | ၆၃ | ၇၀ | ၇၇ | ၈၄ | ၉၁ | ၉၈ |

**(၂)ကြွင်း သက်ရောက်ဟောကိန်း**

ဤနှစ် (၂)ကြွင်းသက် ရောက်ကာလတွင် ပူပင်စရာ အကြောင်းမရှိပါ။ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းများ အောင်မြင်မည်။ စီးပွားဖြစ်ထွန်းမည့်နှစ် ဖြစ်ပါသည်။ လာဘ်လာဘရွှင်မည်။ ဝင်ငွေများ ကောင်းမွန်နေမည်။

**(၆)ကြွင်း သက်ရောက်ဟောကိန်း**

(၆)ကြွင်းကျသော သက်ရောက်နှစ်ကာလတွင် လာဘ်လာဘရွှင်မည်။ ငွေများရမည်။ ငွေရေးကြေးရေးအတွက် ပူပန်စရာမရှိပါ။ မိမိလိုအပ်သော အရာများ ဝယ်နိုင်ခြမ်းနိုင်မည်။ ဝင်လာမစဲ တသဲသဲဖြစ်၍နေမည်။

**(၃)ကြွင်း သက်ရောက်ဟောကိန်း**

(၃)ကြွင်းသက်ရောက်နှစ်တွင် လက်ရှိနေထိုင်သော နေအိမ်မှ တခြားအိမ်သို့ ပြောင်းရွှေ့ရပါမည်။ ပြောင်းရွှေ့ရန် အကြောင်း ဖန်လာမည်။ လက်ရှိအလုပ်အကိုင်မှလည်း အခြားအလုပ်သို့ ပြောင်းလဲလုပ်ကိုင်ရတတ်သည်။ ဝန်ထမ်းဖြစ်လျှင် လက်ရှိမြို့ရွာမှ အခြားမြို့ရွာသို့ ရွှေ့ပြောင်းရတတ်သည်။

**(၀)ကြွင်း သက်ရောက်ဟောကိန်း**

ဤနှစ်သည် သင့်ကို သတိပေးချက်များနှင့် ပြည့်နှက်နေသည်။ အစစအရာရာ ဝီရိယရှိရန် လိုအပ်ပါသည်။ ရန်သူမျိုးငါးပါး သတိပြုရမည်။ ဘေးဥပဒ်ကျရောက်နိုင်သော သတင်းစကားကို နားစွင့်၍နေထိုင်ရန် လိုပါသည်။

**(၄)ကြွင်း သက်ရောက်ဟောကိန်း**

(၄) ကြွင်းသက်ရောက်နှစ်သည် သင့်အတွက် [illegible] ကောင်းသော သက်ရောက်နှစ် ဖြစ်ပါသည်။ ပျော်ရွှင်ဖွယ် [illegible] ရာ စိတ်ချမ်းသာစရာများ ဖြစ်ပေါ်လာမည်။ လာဘ်လာဘ ရွှင်မည်။ ရွှေ၊ ငွေ၊ ပစ္စည်းဥစ္စာများရမည်။ ဝင်လာ [illegible]

**(၁)ကြွင်း သက်ရောက်ဟောကိန်း**

(၁) ကြွင်းသက်ရောက်နှစ်သည် သင့်ကို ကံ [illegible] မည်။ ကျန်းမာရေး အထူးဂရုပြုရန်လိုပါသည်။ အ [illegible] အဆို၊ အသွားအလာ၊ အနေအထိုင် အထူးသတိ [illegible] သင့်ပါသည်။ ဤနှစ်တွင် သေဘေးအထိ ကြုံတွေ့ [illegible] ကြောင်း လျှို့ဝှက်မွန်ပေစာက ဖော်ပြထားပါသည်။

ညွန့်ခိုင်မာ(ကျောက်ဆ [illegible]

၀၉ ၃၃ [illegible]



www.burmeseclassic.com

www.burmeseclassic.com

# အသက်ရှည်စေလိုကြောင်း

## သိကောင်းစရာများ

မင်းဝေဖြိုး (မုံ)

လောကတွင် လူသားတိုင်းတို့သည် အသက်ရှည်လို ကြသည်။ အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် မသေလိုကြပေ။ အသက်ရှည်ခြင်းသည် ကံသာလျှင် ပဓာနဖြစ်သော်လည်း ကံ ကုန်၍သေကြသူများမှာ အလွန်နည်းပါးပါသည်။ ဉာဏ်၊ ဝီရိယတို့ဖြင့် မပြုစု၊ မစောင့်ရှောက်ကြဘဲ ကံမကုန်ဘဲနှင့် သေ ဆုံးသူများသာဖြစ်ကြသည်။ ဝီရိယတို့ဖြင့် ပြုစုစောင့်ရှောက် ပေးပါက ကံကုန်သည်အထိ အသက်ရှည်နိုင်ပါသည်။

အသိဉာဏ်တရားသည် အသက်ရှည်ခြင်း၏အကြောင်း ခံတရားပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အသိဉာဏ် သည် မှားသည်၊ မှန်သည်ကိုလည်းကောင်း၊ အကျိုးဖြစ်ထွန်း သည်၊ အပြစ်ဖြစ်သည်ကိုလည်းကောင်း ခွဲခြားသိမြင်နိုင်ခြင်းပင် ဖြစ်သည်။

ကျွန်ုပ်တို့၏ ကိုယ်သည်လည်း ရုပ်သက်၊ နာမ်သက်၊ ဟူ၍ နှစ်မျိုးပေါင်းထားလျက်ရှိရာ ယင်းနှစ်မျိုးစလုံးသည် ပေါင်းများစွာ ဆက်လက်၍တည်ရှိဖြစ်ပေါ်နေပါလျှင် အသက် ရှည်နေသည်ဟု ဆိုရပေမည်။ ချုပ်ငြိမ်းသွားပါက အသက်တို သည်ဟု ဆိုရပေမည်။ ဆက်လက်၍ မဖြစ်ပေါ်လာတော့ဘဲ ငြိမ်းသွားပါက သတ္တဝါများသေသည်ဟု အဓိပ္ပာယ်ရရှိပါသည်။

ရုပ်တရား၊ နာမ်တရား အားလုံးတို့သည် သင်္ခါရသဘော တရားများပင် ဖြစ်ကြပါသည်။ သင်္ခါရဆိုသည်မှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ပင် ဖြစ်သည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ ကို ဉာဏ်ကဦးဆောင်ပေးရန် အထူးလိုအပ်ပါသည်။

"အသက်ကိုဉာဏ်စောင့်" ဆိုသည်မှာ အထူးမှန်ကန် ပါပေသည်။ ဉာဏ်နှစ်မျိုးရှိရာတွင် သုတမယဉာဏ်နှင့် စိန္တာမယဉာဏ်များ ဖြစ်ကြပါသည်။ ကြား၍ဖြစ်စေ၊ မြင်၍ဖြစ်စေ၊ ဖတ်ယူ၍ဖြစ်စေ၊ မေးမြန်း၍ဖြစ်စေ၊ တွေးနေ၍ဖြစ်စေ သိမြင်လာ သောဉာဏ်ကို "သုတမယ"ဉာဏ်ဟုခေါ်သည်။ စိန္တာမယဉာဏ် သည်ကား သုတမယဉာဏ်ကို အခြေခံ၍ ပိုမိုပြီးသိမြင်လာ သော ဉာဏ်မျိုးဖြစ်သည်။

"အသက်ကိုဉာဏ်စောင့်"ဆိုသော စကားအရ အထက် ဖော်ပြပါ ဉာဏ်တို့ဖြင့် ရုပ်သက်၊ နာမ်သက်တို့ကို ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ဖြင့် ပြုပြင်စောင့်ရှောက်သွားပါလျှင် အသက် ရှည်စေနိုင်သည်။ ကျွန်ုပ်တို့သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ ဖြင့် ပြုပြင်ရမည်ဆိုသော်လည်း ကံ၊ စိတ်တို့ထက် ပြုပြင်ရန် လိုသည်မှာ ဥတု၊ အာဟာရပင်ဖြစ်သည်။ သင့်လျော်သော ဥတု၊ အာဟာရတို့ကို မှီဝဲလျှင် အသက်ရှည်၍ မသင့်လျော်သော ဥတု၊ အာဟာရတို့ကို မှီဝဲပါက အသက်တိုတတ်ပါသည်။

အသက်ရှည်ခြင်းတွင် ဥတုထက် အာဟာရက ပို၍ အရေးကြီးပါသည်။ သတ္တဝါတိုင်းတို့တွင် အသက်ရှည်ရန်အတွက် အစာအာဟာရကို မှီဝဲရသည်။ အစာအာဟာရကင်းပါက အသက်မရှင်နိုင်ပါ။ သတ္တဝါတိုင်းတို့သည် အစာအာဟာရကို နေ့စဉ်နှင့်အမျှ စားသုံး၍နေကြ ရပါသည်။ အစာစားတိုင်းလည်း ကောင်းကျိုးကို မဖြစ်စေနိုင်ပါ။ ဆိုးကျိုးလည်းဖြစ်လာနိုင်ပါသည်။

ထို့ကြောင့် "အစာလည်းဆေး၊ ဆေးလည်းအစာ"ဟူ၍ ဖော်ညွှန်းပြောဆိုထားပါသည်။ ဘေးဖြစ်သော အစားအစာများ ကို မှီဝဲသုံးစွဲရာ၌ ဉာဏ်ဖြင့်ဆင်ခြင်၍ မှီဝဲသုံးစွဲစားသောက်ရ ခြင်းနှင့် စားသုံးရာ၌ နည်းလမ်းမှန်ကန်ရန် အရေးကြီးပါသည်။

ကျွန်ုပ်တို့သည် အစာအာဟာရကို မှီဝဲစားသုံးရာ၌

(က) အချိန်မှန် မှီဝဲစားသုံးခြင်း။

(ခ) သင့်လျော်ရာကို စားသုံးရခြင်း။

(ဂ) ကြေညက်လွယ်သည့် အစားအစာများကို စား သုံးရခြင်း။



www.burmeseclassic.com

www.burmeseclassic.com

(ဃ) အတိုင်းအတာဖြင့် စားသုံးရခြင်း

တို့ ဖြစ်ကြပါသည်။ အစာအစာကို လိုအပ်သည့်အခါ၌ မစားဘဲနေပါက ဝမ်းမီးကြောင့် အပူနှင့်လေတို့ထလာပြီး ရင်ဝတွင် လေခံလာရတတ်သည်။ ကြာလာသောအခါ အစာအိမ်ရောဂါ၊ လေပူရောဂါများ ဖြစ်လာတတ်ပါသည်။ ဝမ်းမတောသေးဘဲ အစာစားပြန်လျှင်လည်း အစာမကြေရောဂါ၊ ပျို့အန်ရောဂါများ ဖြစ်လာစေနိုင်ပါသည်။

သို့ရာတွင် အစားအစာကို အချိန်မှန်စားသော်လည်း တွေ့သမျှကို မစားရပါ။ ဉာဏ်ဖြင့်ချင့်ချိန်၍ လျော်ကန်သင့်မြတ်သော အစားအစာကိုသာ ရွေးချယ်၍ စားသုံးသွားရမည်။ သို့သော်လည်း မိမိနှင့်မသင့်လျော်သော အစားအစာများကို မိမိရှေ့မှောက်သို့ ရောက်ရှိလာသောအခါတွင် ကြိုက်နှစ်သက်ပါက လူ့သဘောသဘာဝအရ ရှောင်နိုင်ခဲပါသည်။ အများအားဖြင့် ရသတဏှာ၏အလိုသို့သာ လိုက်သွားတတ်ကြပါသည်။

"အစားမတော်တစ်လုတ်"ဟူသော စကားအရ အသက်ရှည်လိုသူတိုင်းသည် မိမိနှင့်မသင့်တော်သည့် အစားအစာများ အပေါ်၌ ဖြစ်လာသော ရသတဏှာကို သတိသံဝရ ဉာဏသံဝရတို့ဖြင့် ထိန်းချုပ်သွားသင့်ပါသည်။

အစားအစာများကို ရွေးချယ်ပြီး အချိန်မှန်စားသော်လည်း ကြေညက်လွယ်သော အစားအစာမျိုးကိုသာ ရွေးချယ်၍ စားသုံးကြရပါသည်။

သင့်လျော်သော အစားအစာ၊ ကြေညက်လွယ်သော အစားအစာများကို အချိန်မှန်စားသုံးသော်လည်း ကိုယ့်အင်အားဖြင့် ချင့်ချိန်၍ အတိုင်းအတာတစ်ခုအဖြစ်သို့ စားသုံးသွားရပါမည်။ သို့မှသာ ဝမ်းမီးက အစာကြေချက်နိုင်မည်ဖြစ်၍ "တန်သေး၊ လွန်သေး"မဖြစ်တော့ပါ။

ထို့ကြောင့် ကျွန်ုပ်တို့သည် အစားအစာကို စားရာ၌ အချိန်မှန်စားရခြင်း၊ သင့်တော်သောအစားအစာများကို စားရခြင်း၊ ကြေညက်လွယ်သောအစားအစာကို စားရခြင်းနှင့် အတိုင်းအတာဖြင့်စားရခြင်းတို့သည် အသက်ကိုရှည်စေလိုသည့် အထောက်အပံ့ပင်ဖြစ်ကြောင်း တင်ပြပါသည်။

လူတိုင်းတို့သည် အသက်ရှည်စေရန် အထက်ပါ အစာအာဟာရတို့ဖြင့် ပြုပြင်သွားရုံနှင့် မလုံလောက်သေးပေ။ ဥတုဖြင့် ပြုပြင်ရန်လည်း လိုပေသေးသည်။ ဥတုဆိုရာမှာလည်း ပြင်ပ၊ ကိုယ်တွင်း၊ ပူမှု၊ အေးမှု ညီညွတ်မျှတမှုမရှိသဖြင့် ဖောက်ပြန်လာသောအခါ၌ မကျန်းမမာဖြစ်လာတတ်ပါသည်။

ထို့ကြောင့် ကိုယ်တွင်းဥတုသည် ပြင်ပဥတုနှင့် လိုက်လျော ညီထွေရှိလာအောင် ဉာဏ်ဖြင့်ဆင်ခြင်၍ ပြုပြင်ပြောင်းလဲပေး ရပါမည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ရေ၊ လေ၊ မီး၊ ရာသီဥတု အခြေအနေတို့ကို ထိုက်သင့်သလိုအသုံးချပြီး နေတတ်ပါမှ ကျန်းမာပြီး အသက်ရှည်စေနိုင်ပါသည်။

အသက်ရှည်ခြင်း၊ တိုခြင်းတွင် ကံ၊ စိတ်ဟူသော အခြေခံသဘောတရားအဖြစ်ဖြင့် ပါဝင်နေခြင်းဖြစ်သည်။ ကံသည် အသက်ရှည်နေခြင်းအတွက် အတိတ်ကပြုလုပ်ထား သည့် ကုသိုလ်ကောင်းမှု အထောက်အပံ့ပေါ် မူတည်ပါသည်။ ကုသိုလ်ကောင်းမှုကောင်းလျှင် အသက်ရှည်စေနိုင်ပါသည်။ လူတို့၏စိတ်သည်လည်း အသက်ရှည်စေသောအရာတွင် ပါဝင် ပတ်သက်၍ နေပါသည်။

"စိတ်ထောင်းကိုယ်ကြေ၊ စိတ်ပျိုကိုယ်နု" ဆိုသည့် စကားအရ စိတ်ညစ်၍နေပါက စိတ်တိုတတ်သည်။ စိတ်ချမ်း သာအောင် ပြုပြင်နေထိုင်သွားပါက အသက်ရှည်စေနိုင်ပါသည်။ ထို့ကြောင့် လူ့လောကတွင် လောဘကြီးသူ၊ ဒေါသကြီးသူ များသည် အရွယ်အို၍ အသက်တိုစေပါသည်။ လောဘနှင့် ဒေါသကို အစဉ်အမြဲထိန်းသိမ်းသွားပါက အသက်ရှည်စေ နိုင်ပါသည်။

ကျွန်ုပ်တို့သည် ဖြစ်ပြီးသားအတိတ်အကြောင်းများကို ပြန်မတွေးရပါ။ ပြန်ပြီးတွေးနေပါက စိတ်မကောင်း၊ အိပ်မပျော် ဖြစ်မည်။ အိပ်ရေးပျက်က ကျန်းမာရေးထိခိုက်၍ အသက် ရှည်ရမည့်အစား အသက်တိုသွားရပေလိမ့်မည်။ ဖြစ်ပျက်ပြောင်းလဲ ကြုံနေရသော ပစ္စုပ္ပန်ကာလအခြေအနေများကို ရှောင့်ရဲတင်း တိမ်ပြီး နေသွားပါလျှင် ကိုယ်၏ကျန်းမာရေးနှင့် ညီညွတ်၍ အသက်ရှည်စေနိုင်ပါသည်။

ထို့အပြင် လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှား အမျိုးမျိုးဖြင့် အခါအားလျော်စွာ ဆောင်ရွက်သွားပါက ကျန်းမာ ရေးကို အထောက်အပံ့ဖြစ်စေပြီး အသက်ရှည်လာနိုင်မည် ဖြစ် ပါသည်။


ထို့ကြောင့် ကျွန်ုပ်တို့သည် ရှုသက်၊ နာမ်သက် နှစ်ပါး ရှိနေသော ခန္ဓာကိုယ်ကို ကံ၊ စိတ်၊ ဥတု၊ အာဟာရနှင့် ကိုယ် လက်လှုပ်ရှားမှုတို့ဖြင့် အထက်ဖော်ပြပါအတိုင်း ပြုပြင် နေထိုင်သွားပါက အသက်ရှည်စွာဖြင့် နေသွားရမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

မင်းဖေမြင့်(ရ...)



www.burmeseclassic.com

www.burmeseclassic.com



# နိမိတ်ပြမည့် ဖယောင်းတိုင်

အင်္ဂဝိဇ္ဇာဆရာအောင်

စိတ်ထဲမှာအကြံအစည်တွေက ရှိနေသည်။ လုပ်စရာ၊ ကိုင်စရာ၊ ဆောင်ရွက်စရာတွေက တစ်ပုံတစ်ပင်၊ ထိုအကြံအစည်တွေ အကောင်အထည်ဖော်နိုင်ပါ့မလား။ လုပ်စရာကိုင်စရာ၊ ဆောင်ရွက်စရာတွေ အဆင်ပြေချောမွေ့ပါ့မလား အစရှိသဖြင့် စိတ်တထင့်ထင့်ဖြစ်နေပါက နိမိတ်ပြဖယောင်းတိုင်ကို ထွန်းညှိ၍ အဖြေရှာကြည့်စေလိုပါသည်။ ဂမ္ဘီရဆန်သော အစီအမံတစ်ခု ဖြစ်ပါ၏။ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးဆိုလျှင် ဘာလုပ်လုပ်၊ ဘာကိုင်ကိုင်၊ ဘာကြံစည်ကြံစည် အမိဋ္ဌာန်အဖြစ် ဖယောင်းတိုင်ထွန်းကာ နိမိတ်ဖတ်လေ့ရှိပါသည်။ ဤတွင် ရှေ့ဆက်သင့်လျှင် ရှေ့ဆက်၍ နောက်ဆုတ်သင့်လျှင် နောက်ဆုတ်ပါသည်။ ထိုအခါဝယ် ဆုံးရှုံးနစ်နာမှုများ ကင်းပလျက်အောင်မြင် တိုးတက်မှုများရရှိနေခဲ့သည်မှာ ကိုယ်တွေ့မျက်မြင်ဖြစ်ပါ၍ စာရှုသူတို့လေ့လာ သုံးသပ်ဆုံးဖြတ်နိုင်အောင် တင်ပြလိုက်ပါသည်။

"ပထမဦးဆုံး ဘုရားကျောင်းဆောင်ရှေ့ကို ကိုယ်လက်သန့်စင်၊ သန့်ပြန့်တဲ့ အဝတ်အစားတွေဝတ်ဆင်ပြီး သွားရမယ်။ ဘုရားကျောင်းဆောင်ရှေ့မှာ ရိုရိုသေသေထိုင်လို့ ဘုရားဝတ်ပြုကန်တော့၊ ပြီးရင် ငါးပါးသီလကို လေးလေးနက်နက်ခံယူရမယ်။ ပြီးပြီဆိုရင် ကျောင်းဆောင်က မီးတိုင်ခွက်မှာ ဖယောင်းတိုင်သုံးတိုင်ကို မီးညှိပူဇော်ပေးရော့မျိုး"



www.burmeseclassic.com

www.burmeseclassic.com

"ဖယောင်းတိုင်က အရောင်ရွေးသေးလား"

"အင်း…ဖယောင်းတိုင်ရဲ့အရောင်ဟာ အနီ၊ ဒါမှ မဟုတ် အဝါရောင်ဆိုရင်တော့ ပိုကောင်းပေသပေါ့မျာ။ အဲသည်လို တစ်ခုခုနဲ့ အဆင်ပြေလို့ ထွန်းညှိပူဇော်ပြီးတဲ့အခါ 'အခုလုပ်ကိုင်မယ့် အလုပ်ကိစ္စနဲ့ပတ်သက်လို့ အောင်မြင်မှု ရနိုင်၊ မရနိုင်ကို နိမိတ်မှန်ပြသပေးပါလို့'ဆုတောင်းရမယ်ပေါ့"

"ဘယ်လိုမျိုး နိမိတ်တွေပြသလဲ။ ကောက်ချက်ကိုကော ဘယ်လိုဆွဲရသလဲဆိုတာကို ရှင်းပြပေးပါဦး"

မိတ်ဆွေက စိတ်ရှည်လက်ရှည် ရှင်းပြသည်။ ဤသို့ လုပ်ဆောင်ရသော ကိစ္စသည် ဘာမျှမခက်ခဲ။ ဖြစ်ပေါ်လာသည့် ဖယောင်းတိုင်၏အရိပ်အခြည်ကို ကြည့်၍ နိမိတ်ကောက်တတ်ဖို့ အရေးကြီးပါသည်။ မိတ်ဆွေကောက်ယူသော နိမိတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ဖယောင်းတိုင်သည် မီးညွန့်တလူလူ တက်နေရာမှ ဖယောင်းနှင့်မီးစာ ကုန်စင်စွာ လောင်မြိုက်ပြီးမှ မီးငြိမ်းသွားခဲ့ပါလျှင် ကြံစည်သမျှအောင်မြင်ပါလိမ့်မည်။ လုပ်သမျှအောင်မြင်ပါလိမ့်မည်။

၂။ ဖယောင်းတိုင်မီးသည် လောင်ချင်သလိုလို၊ မလောင်ချင်သလိုလို အနေအထားမျိုးပြနေပါလျှင် အကြံအစည်များ ထစ်ငေါ့ပါလိမ့်မည်။ အလုပ်အကိုင်၌ အနှောင့်အယှက်များ ကြုံလာတတ်သည်။ သတိထား၍ အကောင်အထည်ဖော်ပါ။

၃။ ဖယောင်းတိုင်မီးသည် ကနဦး၌ မလောင်ချင်သလိုဖြစ်နေပြီးမှ နောက်ဆုံး အသားကျကာ လောင်သွားပါမူ ဦးစွာ အနှောင့်အယှက်နှင့်ကြုံပြီးမှ နောက်ဆုံးတွင် အောင်မြင်မှုရရှိတတ်ပါသည်။

၄။ ဖယောင်းတိုင်မီးသည် လင်းလက်တောက်ပနေရာမှ ရုတ်ခြည်းငြိမ်းသွားပါက အကြံအစည်များ အထမမြောက်တော့ပါ။ လုပ်ငန်းကိုင်ငန်းများ မအောင်မြင်တတ်ပါ။

၅။ ဖယောင်းတိုင်မီး ကုန်သွားသော်လည်း ဖယောင်းစက်များ တင်ကျန်နေသေးပါက အလုပ်အကိုင် အကြံအစည်များ ချောပြေမှု မရှိတတ်ပါ။

၆။ ဖယောင်းတိုင်မီးသည် ဖြည်းဖြည်းချင်းလောင်မြိုက် ဖယောင်းစက်တွေ ကျန်နေပါက အလုပ်အကိုင် ရုတ်ခြည်းဖြစ်မလာတတ်သေးပါ။ စိတ်ရှည်သည် ဖို့လိုအပ်ပါလိမ့်မည်။

၇။ ဖယောင်းတိုင်မီးသည် ရုတ်တရက် လဲကျသွား ရုတ်ခြည်းမီးငြိမ်းသွားသည်ဆိုပါက အလုပ်အ များ ပျက်ပြားသွားပြီဟု ယူဆလိုက်ပါ။

၈။ လောင်မြိုက်နေသော ဖယောင်းတိုင်မီးသည် ဖယော တိုင်တစ်ခြမ်းကိုသာ လောင်မြိုက်ပြီး တစ်ခြမ်း လပ်နေပါက လုပ်ငန်းခွင်၌ အန္တရာယ်ပေးမည့် များရှိနေသည့် သဘောဖြစ်ပါသည်။

၉။ ဖယောင်းတိုင်ထွန်းနေရင်းမှ တစ်ဖျစ်ဖျစ်နှင့် များပြည့်လာပါက လုပ်ငန်းလုပ်ကိုင်နေရာမှ ခတ်ကျစရာ အကြောင်းကိစ္စများပေါ်လာတတ် လုပ်ငန်းကိုလည်း ရုတ်ခြည်းရပ်ဆိုင်းပစ်ရတတ် သည်။

၁၀။ ဖယောင်းတိုင်မှ ဖယောင်းရည်များ အိုင်ထွန်းမီး လာပါက လုပ်ကိုင်နေရသော အလုပ်သည် အ ရှိမှုထက် အကျိုးမဲ့မှုက ပိုမိုများတတ်ပါသည်။ ပြုဆင်ခြင်ရပါမည်။

"အဲသည် နိမိတ်လက္ခဏာတွေကိုသတိပြုပြီး အ အကိုင်အကြံအစည်တွေ အကောင်အထည် ဖော် မဖော်သင့် ဆုံးဖြတ်ပေါ့။ သေသေချာချာအဓိဋ္ဌာန်ဝင်ပြီး ဆောင်ရင် မှန်ကန်တိကျတာ ကြုံရပါလိမ့်မယ်။ အ သဘောနဲ့တော့ မလုပ်ဆောင်စေချင်တာ အမှန်ပဲ"

မိတ်ဆွေက ၎င်း၏ ရင်တွင်းရှိသမျှကို ပွင့်လင်း ထုတ်ဖော်ပြောဆိုခဲ့ပါ၏။ စာရှုသူတို့အနေဖြင့် အသိ ဉာဏ်မြေကတတ်၊ ချွန်းကဲ့သို့အုပ်လျက် လောကီအ အတွက် ဆောင်ရွက်နိုင်ကြပါစေသတည်း။

**အင်္ဂဝိဇ္ဇာဆရာအော**



www.burmeseclassic.com

www.burmeseclassic.com




ကျွန်ုပ်နှင့် ကိုပေသီးသည် အမှတ်မထင် တွေ့ဆုံခဲ့ရခြင်းဖြစ်ပြီးလျှင် ကိုပေသီး၏ အတွေ့အကြုံတစ်ရပ်သည်လည်း ကျွန်ုပ်အတွက် လွန်စွာမှပင် အထူးအဆန်းဖြစ်ရပေ၏။

ကိုပေသီးသည် ရေစကြိုဘက်မှ အောက်ပြည်သို့ စုန်ဆင်းလာသော အညာသားဖြစ်၏။ ထန်းတက်ခြင်း၊ ယာလုပ်ခြင်းတို့ဖြင့် ကျင်လည်ခဲ့သည်ဖြစ်ပေရာ ၎င်း၏ ပခုံးကြွက်သားတို့သည် စေးပျစ်မာကျောလှပေသည်။

ကိုပေသီးသည် အောက်ပြည်အောက်ရွာ၌ ကြုံရာကျပန်း လုပ်ကိုင်စားသောက်ရင်း နောက်ဆုံး၌ ဘုတလင်မြို့နယ်မှ ကျွဲကတ်ကျေးရွာသူတစ်ဦးနှင့် အကြောင်းပါကာ ထိုရွာမှာပင် အခြေချဖြစ်ခဲ့ပေ၏။

"ကျုပ်တို့ ကျွဲကတ်ကတော့ဗျာ ဘယ်အရာ အတည်မမြဲဆိုသလိုဗျ။ တိုးမြစ်ရေတိုက်စားသမျှ ခံနေရတာကလား။ ရွာလည်း ဟိုရွှေ့ဒီပြောင်း နောက်ဆုံး ရွာသင်္ချိုင်းကုန်းတောင် ပြောင်းခဲ့ရတာ အကြိမ်ကြိမ်ရှိပြီ။ ကျုပ်ပြောချင်တာ သင်္ချိုင်းကုန်းအပြောင်းအလဲမှာ ကျုပ်ကိုယ်တိုင် ကြုံတွေ့ခဲ့တဲ့ ဖြစ်ရပ်မှန် ထိတ်လန့်ချောက်ချားစရာ ကိစ္စတစ်ခုကိုပဲ။ ကျုပ်ဆရာ ယုံချင်ယုံမယုံချင်နေ ပြောပြရသေးတာပေါ့"

ဟူ၍ အညာလေဖြင့် အစချီကာ ကျွန်ုပ်အား ဤသို့ပြောပြသွားပါလေတော့၏။

**စာရေးသူ**

မြေဆီဩဇာ ကောင်းလှသော မြစ်ဝကျွန်းပေါ်ဒေသသည် စိုက်မကုန်၊ ပျိုးမကုန် သီးနှံများ

www.burmeseclassic.com

ဖြင့် ထမင်းမငတ်၊ ဟင်းမငတ် နေနိုင်ကြသူများ နေထိုင်ကြ၏။ ကျွန်တော်လည်း ရေကြည်ရာ၊ မြက်နုရာ ရှာဖွေရင်း အောက်ပြည်အောက်ရွာသို့ ရောက်ရှိခဲ့သည်ဖြစ်ရာ အညာသားပီပီ စုတတ်ဆောင်းတတ်လေသည်မို့ အောက်ပြည်အောက်ရွာ ငွေရာရ အလွယ်သားဟူသော စကားအတိုင်း စုမိဆောင်းမိဖြစ်ခဲ့ပေ၏။

သို့နှင့်ပင် ကျွန်တော်သည် ရောဝတီမြစ်မကြီးနှင့် လက်ခွဲမြစ်ဖြစ်သော တိုးမြစ်တို့ဆုံရာနှင့် မနီးမဝေး၌ ကမ်းခြေရွာကြီး ကျွဲခတ်ရွာတွင် ရွာသူမျိုးချော မထက်အေးဆိုသူနှင့် ရည်ငံဖြစ်လေ၏။ ရည်ငံရာမှပင် သားမှတ်မှတ်၊ မယားမှတ်မှတ် ပေါင်းဖော်ဖြစ်ရာမှ ကျွန်တော်လည်း ဆံထုံးနောက်သျှောင်ပါ ကျွဲခတ်ရွာသား ဖြစ်သွားရပေတော့သည်။

ကျွန်တော့်မိန်းမ "မထက်အေး၏ အစ်ကို မျိုးအောင်ဆိုသူသည် လူပျိုကြီးဖြစ်သည့်အားလျော်စွာ ရွာကာလသားခေါင်းလည်းဖြစ်၏။ သီချင်းဆိုခြင်း၊ ဂီတနှင့်သက်ဆိုင်သည်များကို တီးခတ်တတ်ခြင်း။ ထို့ကြောင့် သာရေးနာရေးကိစ္စများတွင် ရှေ့ဆုံးတန်းမှ ပါဝင်ရသူဖြစ်ပေ၏။ မျိုးအောင်၏နောက်တွင် တီးတတ်၊ ဆိုတတ်သော ကာလသားများက အချိန်ပြည့် ဝန်းကာဝိုင်းကာရှိနေကြသည်ဖြစ်ရာ တီးဝိုင်းခေါင်းဆောင်တစ်ဦးဖြစ်၍ နေပေတော့၏။

ကျွဲခတ်ရွာသည် မင်္ဂလာဆောင်လျှင်လည်း ဆယ်ရက်ဆယ်လီ ပျော်ပွဲဖွဲ့၏။ မျိုးအောင်တို့တီးဝိုင်းကို စနစ်တကျ ခေါ်ဖိတ်၏။ ရှင်ရဟန်းခံပြုလျှင်လည်း ဆယ်ရက်ဆယ်လီ ပြုလုပ်၏။ မျိုးအောင်တို့ဝိုင်းတော်သားတွေ မပါမပြီး။ ယုတ်စွအဆုံး နာရေးဖြစ်၍ သင်္ချိုင်းချတော့မည်ဆိုလျှင်တောင် မျိုးအောင်တို့ တီးဝိုင်းကိုငှားကာ ဗျိုင်းတောင်တီးစေသည်ချည်းဖြစ်၏။ ဂုဏ်တုဂုဏ်ပြိုင်ဟုဆိုရမည်လား မသိ။ ဆွေကြီးမျိုးကြီးထဲက အကြီးအကဲတစ်ယောက် တိမ်းပါးပြီဆိုလျှင် အလောင်းစင်ကို အိမ်ရှေ့၌ ခုနစ်ရက်ခုနစ်လီ ထားရှိပြီး နယ်စုံ အမျိုးစောင့်သည်ဟု အကြောင်းပြကာ မဏ္ဍာပ်ထိုး၍ ဗုံချိုးကျင်းပတတ်ကြပေ၏။

တစ်နှစ်သော မိုးတွင်းကြီး၌ လယ်ကေပေါင်းများစွာ ပိုင်ဆိုင်သော ရဟန်းအစ်မကြီးတစ်ဦး ဆုံးပါးသွားရာ မယ်တော်ပုံမှာ ရှင်ပွန်းတပ်လျက် ရွာသူဌေးကြီးပီပီ ခုနစ်ရက်ခုနစ်လီ ဆွေမျိုးစုံ စောင့်လေတော့၏။

အိမ်ရှေ့၌ မဏ္ဍာပ်ကြီးထိုးလျက် အလှူကြီးအတန်းကြီးပေးကာ မျိုးအောင်တို့တီးဝိုင်းသည်လည်း ထုံးစံအတိုင်း နေ့မအား ညမနား တီးခတ်ပေးရတော့၏။

မျိုးအောင်ကို အကြောင်းပြုပြီး ကျွန်တော်ရော မထက်အေးပါ ထိုမဏ္ဍာပ်မှ ပြန်မရဖြစ်နေရသည်။ ရွာသူဌေးကြီးမိသားစုကတော့ ဒီတစ်ချိမှ ပတိတ်ပဟန်မပြုပြီးရောလား ပုံစံမျိုးဖြင့် "ဟဲ့…နင်တို့ ဒီမှာ မနက်စာ ညစာစား၊ ဒီမှာအိပ်"

"ဟိုဒင်းတို့အုပ်စု သောက်စရာအားလုံး စီစဉ်ထားတယ်။ ပြန်ကို မပြန်ရဘူး။ ဒီမှာနေ"

အစရှိသဖြင့် ရှေ့တွဲလွဲ နောက်တွဲလွဲ ဝတ်စားဆင်ယင်ပြီးလျှင် မဏ္ဍာပ်တိုင်တက်ပြုကြပေတော့၏။ တစ်ရွာလုံးမီးနိုးတိတ် ခုနစ်ရက်ခုနစ်လီ ပျော်ပွဲကြသကဲ့သို့ ရှိနေပေသည်။

ကျွန်တော် စိတ်ဝင်တစား ရှိမိသည်မှာ အလောင်းကို ရင်ခွဲ၍ အတွင်းကလီစာများထုတ်၊ ပြန်ချုပ်ပြီး မပုပ်သိုးအောင် ထိန်းထားနိုင်ခြင်းကိုဖြစ်၏။

သေဆုံးသည့်နေ့မှာပင် အလောင်းရင်ခွဲသည့်ကိစ္စအား နားလည်ကျွမ်းကျင်သည့် ချက်ကြီးဆိုသူကို အရပ်ကိုးမောင်း ခိုင်းစေလေရာ -

"ပေသီး မင်း ငါ့ကိုကူပေးစမ်းကွာ"

ဆိုသဖြင့် ကျွန်တော်လည်း အကူရင်ခွဲသမားအဖြစ် ပါဝင်ခဲ့ရပေ၏။

သေဆုံးသူ အဘွားကြီးသည် အသက်ရှစ်ဆယ်ကျော်အရွယ် ပိန်ပိန်ပါးလေးမို့ ခွဲရစိတ်ရသည်မှာ လက်မလုပေ။ ချက်ကြီးသည် ဝက်ရိုးခုတ်ဓားမကြီးဖြင့် ရင်ညွန့်မှစ၍ ကျွမ်းစွာ ရင်ဖွင့်လေရာ အနား၌ ဝိုင်း များသည် "အမလေး"ဟု အာမေ ပြုရင်း ဝေးရာသို့ရှဲသွားလေသည်။ ညွန့်မှ ချက်အောက်ထိခွဲပြီး ရင်ခြမ်းခွဲဖြဲလိုက်ရာ အတွင်းကလီစ သည် အညှီနံ့များ၊ သွေးပုပ်၊ ပြည် များထွက်ပြီးလျှင် အပြင်သို့ ထွက်လာလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ချက်ကြီးသည် ကာလီစာများကို အိုးတစ်စုတွင်းသို့ မယူထည့်၏။ ဆားများ၊ နနွင်းများဖြင့် နယ်ဖတ်ပြီးလျှင် လုံခြုံအောင် ဖုံးအုပ်လိုက်၏။ ကာလီစာ မရှိတော့သော ဗိုက်တစ်ခုလုံး၏အတွင်းသို့ ဆားပိသာချိန် မည်မျှရှိမည်မသိရအောင်ထည့်လျက် မွှမ်းမံ၏။ ပြီးလျှင် ဗိုက်ကို ဝက်သိုးချုပ်ပြန်ချုပ်လိုက်လေသည်။

ကျွန်တော်သည် တစ်သက်နှင့် တစ်ကိုယ် လူသေရင်ခွဲခြင်းအား တစ်ခါမှ မမြင်ဖူးသော်လည်း ကြောက်ရွံ့ခြင်း မရှိ အသေးစိတ် ကြည့်ရှုနေမိပေသည်။

"ကဲ…ပေသီး မင်းနဲ့ငါပဲ ဒီအိုးကို သင်္ချိုင်းသွားပို့ရအောင်။ နေ့မကူးခင် အလောင်းမြှုပ်မယ့်နေရာမှာ အရင်သွားမြှုပ်ထားရမယ်"

နောက်ဆုံးမှာတော့ သူဘရာဇာ ဖြစ်သွားကြသူမှာ ကျွန်တော်နှင့်ချက်ကြီးပင် ဖြစ်ပေတော့သည်။ ချက်ကြီးက အိုးကိုထမ်း၊ ကျွန်တော်က တူရွင်း၊ ပေါက်ပြားများကိုင်လျက် ရွာသုသာန်သို့ ရောက်ရှိသွားချိန်က နေဝင်ဖျိုးဖျပြစ်နေပေပြီ။ ရွာသင်္ချိုင်းသည် ကမ်းပါးတိုက်စားခြင်းခံရသော တိုးမြစ်ကမ်းဘေး၌ ခပ်တဲတဲလေးသာ ရှိလေတော့သည်။

"သုသာန်နယ်နိမိတ်က ဒါအလွန်ပဲ။ ဒီထက်ခုတ်လို့မရဘူး။ ရေစူးက တအားတိုးနေတော့ ငါထင်ပါတယ်။ ဒီမိုးမကုန်ခင် ဒီအလောင်း ရေထဲပါသွားမှာ"

ချက်ကြီးက ပေါက်ပြားဖြင့် ချက်မှန်မှန်ပေါက် မြေတူးပြီး သူ့ထင်ကြေးကို ပြောသည်။ မှန်သည်။ ကျွန်တော့်စိတ်၌လည်း ရေစူးအားကောင်းလှသော တိုးမြစ်ရေသည် သုသာန်မြင်တည့်တည့်သို့ အဟုန်ကြီးစွာ တိုးခွဲလျက်နေသော မြင်ကွင်းကြောင့် တစ်မိုးတောင်မကုန်ပဲ ထင်မှတ်လိုက်မိလေသည်။

ထိုနေ့ည ဤမိုးသည် ခပ်သည်းသည်းမစဲဘဲ ရွာလေ၏။ ရေဒီယိုမှ မုန်တိုင်းအလားသတင်းကို မကြာခဏထုတ်လွှင့်လျက်ရှိ၏။ မိုးထဲရေထဲမှာပဲ အသုဘအိမ်က စည်ကားလွန်းမက စည်ကားလွန်းလှသည်။

"မိုးက ရွာချင်သလိုရွာ၊ ဒို့က တီးချင်သလိုတီးမဟေ့"

ဟု မျိုးအောင်က ခပ်ထွေထွေလေးဖြစ်ချိန်မှာ လက်သံကုန်ဖွင့်လေတော့သည်။

ခြောက်ရက်မြောက် ညတွင် မိုးရေလေပါ မွှေလေရာ မိုးထားသော ရေကာဖျင်းကြီးမှာ လေနောက်လိုက်၍ သွားလေ၏။ မျိုးအောင်တို့တီးဝိုင်းမှာလည်း မိုးရေဖြင့် ရွှဲနစ်သွား၏။

"ကဲဟေ့…မိုးနဲ့လေနဲ့ မထူဘူး။ ဗျိုင်းတောင်တီးမယ်။ ဒီညကတည်းက ကြိုချပစ်မယ်။ မကောင်းဘူးလား"

"ကောင်းတယ် ကောင်းတယ်"

မျိုးအောင်၏ စေခိုင်းစကားကို တီးဝိုင်းသားများအားလုံး ထောက်ခံကြပြီးလျှင် ညာသံပေးလျက် ဗျိုင်းတောင်တီးလုံး ပေးလေတော့၏။

မိုးသံလေသံ တဖြောင်းဖြောင်း၊ တဝီးဝီးကြား၌ ဗျိုင်းတောင်သံပါ ရောဝင်နေချိန် အိမ်ရှေ့ရှိခေါင်းကြီးသည် ခေါင်းစင်ပေါ်မှ အောက်သို့ ခေါင်လိုက်ကြီးကျလာလေ၏။

မြင်ရသူအားလုံး "ဟာ"ခနဲ၊ "ဟင်"ခနဲ ဖြစ်ကြရပြီး ရုတ်တရက် ကြက်သေသေသွားကြသည်။ ခေါင်လိုက်ကျနေသော ခေါင်းကြီးသည် တဖြည်းဖြည်း ယိမ်းကျသွားပြန်၏။ နောက် တစ်ဖန် လေအဝှေ့နှင့်အတူ ဒိုင်းခနဲ ခေါင်လိုက်ဖြစ်သွားပြန်၏။

"အလောင်း သူ့ဘာသာကစားနေတာ။ ဆက်တီး…ဆက်တီး"

ဟု မျိုးအောင်က အဖွဲ့သားတွေကို ပြောလိုက်ရာ ဗျိုင်းတောင်သံနှင့်အတူ အခေါင်းကြီးသည် ဟိုဘက်ယိမ်းလိုက်၊ ဒီဘက်ယိမ်းလိုက် ယိမ်းကနေသည့်ကဲ့သို့ ဖြစ်နေပေတော့၏။

ထိုမြင်ကွင်းကိုကြည့်၍ အချို့က ကြောက်ရွံ့ထိတ်လန့်ကြ၏။ အချို့က အတိတ်နိမိတ်အမျိုးမျိုး ကောက်ယူကြ၏။ နောက်နေ့ ခုနစ်ရက်မြောက်နေ့တွင် မိုးလေသည်းသည်း တိုက်ခိုက်ရွာသွန်းနေသည့်ကြားမှ အလောင်းကို သုသာန်သို့ ပို့ဆောင်ကြလေ၏။

သုသာန်အစပ်ရှိ တိုးမြစ်ရေသည် တဝုန်းဝုန်း မြည်သံပေးတိုက်စားလျက်ရှိ၏။ ကမ်းတို့သည်လည်း ရေတိုးသံနှင့်အတူ ပွဲကာပွဲကာ ကျနေလေ၏။

ချက်ကြီးနှင့် ကျွန်တော်က မြေကို ခပ်နက်နက်တူးပြီး ခေါင်းကိုမြှုပ်လိုက်၏။ လိုက်ပို့ကြသူတို့သည် ဝတ်ကျေဝတ်ကုန်သာအောဖြစ်၍ သုသာန်မရောက်တစ်ရောက်မှာပင် လှည့်ပြန်သွားကြလေရာ နောက်ဆုံး၌ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

တို့ ချက်ကြီးတို့ မျိုးအောင်တို့သာ ကျန်ရှိခဲ့ပေသည်။

"ဒီအလောင်းဟာ ဒီသုသာန်မှာ နောက်ဆုံးချတဲ့အလောင်းပဲ။ တွေ့တယ် မဟုတ်လား။ ရေစီးနဲ့ကမ်းပြိုနေပုံများ ဒီပြိုပုံမျိုးနဲ့ဆို နောက်နေ့မကူးဘူး။ ဒီအလောင်း ရေထဲပါမှာ ကျိန်းသေတယ်"

ချက်ကြီး ပြောသည့်အတိုင်းပင် အလောင်းချသည့် ခုနစ်ရက်ပြည့် ရက်လည်ပြီးချိန်မှစကာ လေမုန်တိုင်းဝင်လာသည်။ သစ်ကိုင်းတွေကျိုး၊ သစ်ပင်တွေလဲဖြင့် ထိတ်လန့်စရာကောင်းလွန်းနေ၏။ ရက်လည်ညထိပင် ရွာမှလူအများက နာရေးအိမ်၌ စုဖွဲ့နေသေးသည်ဖြစ်ရာ လူစုများသဖြင့် အားရှိနေကြပေသည်။

မုန်တိုင်းသည် ဝေ့ကာ ဆောင့်၍ တိုက်၏။ မိုးသည် ပိုက်ဖြင့်ထိုးသကဲ့သို့ လေနှင့်အတူ ဝေ့ကာရွာ၏။ ကြီးမားခိုင်ခံ့သော နာရေးဖြစ်သည့် သူဌေးအိမ်ကြီးပင် လေမိုးဒဏ်ကြောင့် တသိမ့်သိမ့်တုန်ခါနေ၏။

ညအတော်နက်လေ မိုးနှင့်လေက ကြမ်းလာလေမို့ အမျိုးသမီးများ ပါးစပ်က "ဘုရား ဘုရား"ဖြစ်နေကြပြီး သတ္တိကောင်းလှပါသည်ဆိုသော ယောက်ျား ကြီးများပင် မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်နေကြပြီ။

ကျွန်မတော်လည်း ကြောက်ရွံ့သည်မဟုတ်ဘဲ စိတ်ချောက်ချားသလို ခံစားနေရသည်။ ချက်ကြီးကို ကြည့်လိုက်ပြန်တော့လည်း အိမ်ရှေ့မျက်နှာတူရူသို့ မျက်တောင်မခတ် စိုက်ကြည့်နေသည်ကို တွေ့မြင်ရသည်။ ကျွန်တော်ရော ချက်ကြီးပါ၊ စိတ်တွင်း၌ တစ်ခုခုထူးခြားနေသကဲ့သို့ ရှိနေစဉ် လေနှင့်အတူ ဝဲပျံလာသော ပျဉ်ချပ်တစ်ချပ် အိမ်ရှေ့တည့်တည့်သို့ ဖျန်းခနဲ လာကျလေတော့သည်။ လက်နှိပ်မီးဖြင့် သေသေချာချာ ထိုးကြည့်လေသောအခါ -

"ဟာ . . . ခေါင်းပျဉ်အဖုံးကြီးကွ။ ဒီမယ်တော်ကြီးရဲ့ ခေါင်းအဖုံးကြီးကွ"

ဟု အံ့ဩလွန်းမက အံ့ဩလွန်းစွာဖြင့် ရေရွတ်ပြောဆိုနေကြလေတော့သည်။

ချက်ကြီးက -

"ငါထင်တဲ့အတိုင်းပဲ။ ငါ့စိတ်ထဲ လေးလံနေတာ။ ဒီည သုသာန်ပြိုသွားပြီ။ ဒီခေါင်းအဖုံးဟာ သူ့အတွက် သင်္ချိုင်းသစ်ရှာပေးဖို့ ရောက်လာတာပဲ"

ဟု ရေရွတ်လိုက်ရာ ကြားရသူ ကျွန်တော်တို့အားလုံး ကြက်သီးတဖျန်းဖျန်း ထသွားရပေတော့သည်။ အမုန်လည်း မယုံနိုင်ဖွယ်ကောင်းအောင် ထိတ်လန့်စရာကောင်းနေသည် မဟုတ်ပါလား။

နံနက်လင်းသောအခါ လေသည် လုံးဝငြိမ်သက်သွားသလို မိုးကလည်း သူမပါသလို ဖြောက်ဖြောက်လေးမျှ မကျ။ ညကဝှက်ထားသော လေရိုင်းကြောင့် တစ်ရွာလုံး ရှုပ်ပွနေသည်။ ကိုယ့်အိမ်ရှေ့ကို မရှင်းနိုင်သေး။ ကိုယ့်အိမ်ကိုယ် ဝင်မကြည့်နိုင်သေး။ တစ်ရွာလုံး ရောက်သွားကြသည်က သုသာန်ဆီသို့။ မှန်ပေသည်။ သုသာန်ကား မရှိတော့။ ရေစီးဖြင့် မျောပါသွားပြီး အံ့ဩစရာကောင်းသည်က မနေ့ကမှ မြေမြှုပ်ထားသည့် မယ်တော်ကြီး၏မြေပုံကို တိုက်စားသွားပြီးနောက် ကမ်းပြိုခြင်းမရှိတော့ဘဲ ရှိနေခြင်းပင်။

သို့နှင့်ပင် ရွာကျောင်းဆရာတော်နှင့် ရပ်ရွာလူကြီးများ တိုင်ပင်နှီးနှောကြကာ သုသာန်မြေကို နောက်တစ်နေရာသို့ ရွှေ့လိုက်ကြပြီးလျှင် အဦးဆုံးမြှုပ်နှံသူအဖြစ် ခေါင်းပျဉ်ဖုံးကြီးကို မြှုပ်နှံကြကာ မြေသန့်ပရိတ်၊ မေတ္တာသုတ်များ ရွတ်ဖတ်ကြလေ၏။

မယ်တော်ပျံသည်လည်း နောက်ထပ်ခုနစ်ရက် ထပ်တိုးပြီးလျှင် ဆယ့်လေးရက်တိတိဖြစ်သွားလေ၏။ မျိုးအောင်တို့ ဝိုင်းသည်လည်း နောက်ထပ်ခုနစ်ရက်တိုးကာ မနားတမ်း ဖြေဖျော်ကြရပေသည်။

ထိုသုသာန်၏ အမည်ကို "မယ်တော်ကြီးသင်္ချိုင်း"ဟု မှည့်ခေါ်ခဲ့ကြပေသတည်း။

ဘုန်းမြတ်သာခေါင်





www.burmeseclassic.com

www.burmeseclassic.com

# သိသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

## ဒေါက်တာမင်းသိခ်၏ နည်းစနစ်အတိုင်းဟောသည့်

## ဒေါက်တာဓာတယုန္ဓယ်

တကယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ပုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွတာပါပဲ။ ပြည်ပုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ပုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ ဇာတ်ရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် ....




- အမှတ်(၂၀၅/က) ပိတောက်(၅)လမ်း၊ မြို့သစ်(၈)၊
- ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁-၆၄၃၀၃၀


www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဇွန်လအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် ဘာပဲလုပ်လုပ် အပင်ပန်းခံသလောက် အကျိုးမရှိတတ်ဘူး။ အနစ်နာခံ၊ အရှုံးပေးပြီး နှလုံးအေးအောင် နေပေမယ့်လည်း ကိုယ့်ကိုဖိနှိပ်တဲ့ သူများနေတတ်တယ်။ လုပ်ငန်းသစ် စပ်တူလုပ်ဖို့ အကူအညီကောင်းတွေ ရလာတတ်တယ်။ ဆိုင်တစ်ဆိုင်ဖွင့်ဖို့ ရည်ရွယ်ထားရင် ဒီကာလမှာဖွင့်ရင် အဲကောင်းဆုံးပါပဲ။ စက်ပစ္စည်းတွေလည်း ဝင်တတ်တယ်။ စပ်တူလုပ်ဖို့ဆိုရင်တော့ တနင်္ဂနွေ၊ အင်္ဂါသားသမီးက အကောင်းဆုံးပါပဲ။ ယခုကာလတွင် ထိမထိုးသင့်ပါ။ ထိပေါက်လျှင် မိသားစုအတွင်း ကျန်းမာရေး ဆိုးဆိုးရွားရွား ညံ့သွားတတ်တယ်။ မသွားချင်သောခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ အထက်လူကြီး ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲတတ်တယ်။ အမွေလုပွဲ၊ မြေလုပွဲတွေနဲ့လည်း ကြုံရတတ်တယ်။ အိမ်ငှား၊ မြေငှား တရားအမှုအခင်း သေးသေးလေးတွေကို လိုက်လံဖြေရှင်းပေးရတတ်တယ်။ အိမ်မှာသုံးနေတဲ့ ရေပိုက်တွေ၊ ရေကန်တွေ ပြုပြင်ရတတ်တယ်။ ပြည်ပခရီးထွက်ဖို့ ကြံရွယ်ထားရင် ကျန်းမာရေးညံ့နေလို့ ခရီးစဉ် နောက်ဆုတ်သွားရတတ်တယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် တပေါင်းလနဲ့ ကဆုန်လများ ပါဝင်နေရင်တော့ ထိုလတွေမှာ မမျှော်လင့်ဘဲ ငွေရတတ်တယ်။ သားသမီးများ ကျန်းမာရေး အနည်းငယ် ညံ့တတ်တယ်။ ဗုဒ္ဓဟူးသားသမီးရှိရင် အိမ်ကနေ ထွက်သွားတတ်တယ်။ ရွှေထည်ပစ္စည်းလည်း ထွက်တတ်တယ်။ ရွှေဝယ်မိပါက ဝယ်သူ၏ ဇနီး၊ ခင်ပွန်း အိမ်ကနေ ထွက်တတ်တယ်။ မိမိအိမ်မှာ ကိုယ်ဝန်ဆောင်သည်ရှိလျှင် အိမ်မှာ မမွေးရပါ။ အပြင်မှ ကိုယ်ဝန်ဆောင်သည် အိမ်မှာ လာမွေးလျှင် ကောင်းပါသည်။ လေနှင့်ပတ်သက်သော ရောဂါ ခံစားရတတ်တယ်။ ဝမ်းပျက်ဝမ်းလျှော ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရား တစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ကုက္ကားအဖြူ(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၃၇၊ ၃၁၊ ၁၃၊ ၁၅

### အထူးသတိပြုရန်

ယခုကာလတွင် အလုပ်တွေ မတိုးချဲ့ပါနှင့်။ အလုပ်မပြောင်းပါနှင့်။ အမှုမဖြေရှင်းရပါ။ တတ်နိုင်သလောက် အချိန်ဆွဲထားပါ။ မဖြစ်မနေ ပြဿနာတွေ ရှင်းရမယ်ဆိုရင် အရှုံးပေးလိုက်ပါ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်က ဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း ဆွမ်းပူပူပေါ်တွင် ငါးဆမ်း၊ ဆားဖြူး၍ အုန်းသီးစိတ်တပ်ပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဇွန်လအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် ကျန်းမာရေးကောင်းပြီး ပျော်ရွှင်ရမယ့်အချိန် ဖြစ်ပါတယ်။ အလှူတစ်ခုလည်း မမျှော်လင့်ဘဲ ပြုလုပ်ရမယ်။ အဖက်ဖက်မှာ စိတ်ချမ်းသာစရာတွေ ကြုံတွေ့လာရလိမ့်မယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာမယ်။ နာရေးကိစ္စကိုအကြောင်းပြု၍ ခရီးသွားရတတ်တယ်။ ကိုယ့်ကို မခေါ်တဲ့သူတွေက ပြန်ခေါ်၊ နှိမ့်ချခဲ့တဲ့သူတွေက ပြန်မြှောက်ပင့်တာမျိုး ကြုံရတတ်တယ်။ ကိုယ်က ဖြစ်သလို ဝတ်ထားရင်တောင် ဘေးလူက ကြည့်လို့ကောင်းနေတတ်တယ်။ အစားအသောက် စားတဲ့အခါလည်း ဘာနဲ့ပဲ စားရစားရ စားလို့ကောင်းနေတတ်တယ်။ ဒါပေမဲ့ ဆရာသမားကဲ့သို့သော ပုဂ္ဂိုလ်များနှင့် အဆင်မပြေ ဖြစ်မယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့် လမ်းခွဲရတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စတွေလည်း ဖြေရှင်းရတတ်တယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ရေး ဂရုစိုက်ပါ။ အထင်အမြင်လွဲမှားမှုတွေဖြစ်ခြင်း၊ အစွပ်အစွဲ ခံရခြင်းမျိုး ဖြစ်တတ်တယ်။ ယခုရောက်နေတဲ့ကာလတွင် တပို့တွဲ၊ တပေါင်းလများ ပါနေရင် အနည်းငယ် ဂရုစိုက်ပါ။ အိမ်ထောင်ရေး ပြိုကွဲမှုမျိုး ဖြစ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် အစာမှား၊ ဆေးမှားဖြစ်ခြင်း၊ သွားဒုက္ခပေးခြင်းများ ကြုံမယ်။ အဆိပ်ရှိသော်အကောင် အကိုက်ခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ယပ်အဖြူရောင်(၆)ခုတို့ကို လှူပေးပါ။ အညှံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ တနင်္လာ

### ညှံ့သောရက်

အင်္ဂါ၊ သောကြာ

### ကံကောင်းသောနံပါတ်

၂၄၊ ၄၂၊ ၄၆

### အထူးသတိပြုရန်

ယခုနှစ်တစ်နှစ်လုံး မိသားစုအားလုံး ဆိတ်သားဟင်း မစားရ။
သဇင်ပန်းများကို အင်္ဂါနေ့နှင့် သောကြာနေ့များတွင် လှူဒါန်းခြင်း မပြုရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် မွေးနေ့တိုင်း ခတ်ကြီးလေးပါးဆွမ်းကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဇွန်လအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် စည်းစိမ်ဥစ္စာများ တိုးပွားလာမယ်။ မိဘတွေ လည်း ပြန်ပြီးကြည့်ရှုစောင့်ရှောက်နိုင်မယ့်ကာလ ဖြစ်တယ်။ စီးပွား သိ သာသာတက်မယ်။ သိကြားမ,လိုက်သကဲ့သို့ လက်ရှိအခြေအနေထ များစွာမြင့်တက်သွားလိမ့်မယ်။ လုပ်ငန်းများ သိသိသာသာ အောင်မြင် ရမယ်။ လုပ်ငန်းဟောင်းများ ပြန်ပေါ်တတ်တယ်။ ဝန်ထမ်းဖြစ်လျှင် ရာ တက်လိမ့်မယ်။ အထက်လူကြီး ဆရာသမားလို ပုဂ္ဂိုလ်မျိုးက ကြည့်ရှုစော ရှောက်တတ်တယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်း တွေ့မယ်။ သင်တ တစ်ခု တက်ရမယ်။ စာမေးပွဲတစ်ခု ဝင်ရောက်ဖြေဆိုလျှင် အောင်မြင်မ ပြည်ပက ကိုယ့်ကို လာရောက်ဖို့ ခေါ်ယူတာမျိုး ကြုံတွေ့ရတတ်တ မြေတစ်ကွက်လည်း ဝင်တတ်တယ်။ မိမိအိမ်မှာ စေ့စပ်မင်္ဂလာပွဲ လုပ်ရတ တယ်။ သူများမင်္ဂလာဆောင်ပွဲတွေလည်း မါဝင်လုပ်ဆောင်ပေးရတတ်တယ်။ လွတ်လပ်ပြီး အရွယ်ရောက်သူဆိုလျှ အိမ်ထောင်ကျတတ်တယ်။ အဖိုးတန်တဲ့ ကျောက်မျက်ရတနာတစ်ခု ကိုယ့်ဆီ ဝင်လာတတ်တယ်။ အပျို လူပျိုဆိုလျှ တပေါင်းလမှာ မြောက်အရပ်မှ ချစ်သူရည်းစား ရတတ်ပါတယ်။ အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တ စကားများ ဖြေရှင်းရခြင်း၊ ရင်းနှီးသူလုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရခြင်းမျိုး ဖြစ်တတ်တယ်။ သူတစ်ပါးကြော အမှုအခင်းနှင့် ပတ်သက်ရတတ်တယ်။ စိုးရိမ်စရာ မရှိပါ။ စပ်တူရှယ်ယာ လုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင် အောင် မယ်။ စက်ပစ္စည်းအသစ်များ ဝင်လိမ့်မယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက်နှင့် ပတ်သက်ပြီး စိတ်ညစ်ရတတ်တ ကျန်းမာရေးအနေဖြင့် နှလုံးနှင့် ပတ်သက်၍ ကျန်းမာရေးညံ့ခြင်း၊ ဒူး၊ နား ဒုက္ခပေးခြင်းများ ဖြစ်တတ်တယ်။ အဲဒါကြောင့်လ ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပ (၅)ညွန့်၊ တံခွန်အဖြူ(၂၁)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၅၅၊ ၃၃၊ ၃၅၊ ၅၃

### အထူးသတိပြုရန်

ယခုကာလတွင် နာရေး လုံးဝမသွားပါနှင့်။ ညအိပ်ညနေ နာတာရှ လူမမာများ လာရောက်ဆေးဝါးကုသပါက လက်မခံပါနှင့်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ဘုရားတွင် ကြာသပတေးနေ့တိုင်း ဆီထမင်း(၈) တစ်ပန်းကန်၊ စံပယ်ပန်း(၈)ကုံး တစ်ပန်းကန် လှူဒါန်း ပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဖွန်လအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းတဲ့အချိန် ဖြစ်ပါတယ်။ မပြည့်စုံတာတွေ ပြည့်စုံလာတတ်တယ်။ ဖြစ်ချင်တာတွေ မုချဖြစ်လာမှာ ဖြစ်ပါတယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်း လုပ်ရတတ်တယ်။ လုပ်ငန်းသစ်ပေါ်ခြင်း(သို့မဟုတ်)လက်ရှိအလုပ်နှင့် ပတ်သက်သော အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ လုပ်ငန်းနှင့် ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ လုပ်ရတတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်သောကာလဖြစ်တယ်။ မင်္ဂလာဆောင်လျှင် စည်ကားသော မင်္ဂလာဆောင်ဖြစ်မယ်။ ခရီးအကျိုးပေးသောကာလဖြစ်တယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ပြည်ပခရီးဝေးသွားလိုလျှင် ယခုကာလတွင် ပြုလုပ်ပါက ကံကောင်းတတ်တယ်။ ယခုကာလတွင် အိမ်ဆောက်ပါက အိမ်ကြီးအိမ်ကောင်းရ၍ အကျိုးပေးသော အိမ်မျိုးဖြစ်တတ်တယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းများ ဝင်လာတတ်တယ်။ ယခုကာလတွင် ဝယ်သော ရွှေထည်ပစ္စည်းသည် ရာသက်ပန် အကျိုးပေးတာမျိုး ဖြစ်တတ်တယ်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံမယ်။ စက်ပစ္စည်းများ အသစ်လဲရခြင်း၊ ထွက်နေသော စက်ပစ္စည်းများ ပြန်ဝင်မယ်။ မြေအဝင်မခံရပါ။ မဖြစ်မနေ မြေဝယ်ရမယ်ဆိုရင်တော့ ဖျာချောလေးတစ်ချပ် ရဟန်းတစ်ပါးကို လှူလိုက်ပါ။ အလုပ်တွင် အတိုက်အခံ အပြိုင်အဆိုင် ကြီးစွာကြုံမယ်။ အတိုက်အခံ မှန်သမျှ အနိုင်ရမယ်။ အကြီးအကဲက ကိုယ့်ကို အကူအညီပေးတတ်တယ်။ ငွေများ ထီပေါက်သကဲ့သို့ အထုပ်အထည်နှင့် ရတတ်တယ်။ ရကာနီးတွင် ငွေကြေးအထစ်အငေါ့ ကြီးစွာဖြစ်ပြီးမှ ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အမြင့်က လိမ့်ကျတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့် (၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ငှက်ပျောသီးရှပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၆၄၊ ၆၂၊ ၄၆၊ ၄၂

### အထူးသတိပြုရန်

အိုးပိုင် အိမ်ပိုင် ရနိုင်သောကာလဖြစ်သောကြောင့် သူတစ်ပါး၏ အိမ်ထောင်ရေးကိစ္စ၊ မင်္ဂလာကိစ္စများကို တာဝန်ယူ၍ ဆောင်ရွက်ပေးခြင်း၊ သူများ၏ အိမ်ထောင်ပရိဘောဂပစ္စည်းများကို မိမိအိမ်တွင် ခေတ္တထားခြင်းမျိုး မပြုလုပ်ရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်


မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း လက်သုပ်ဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဇွန်လအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညံ့တော်ပါတယ်။ သွားဖို့ကြံရွယ်ထားတဲ့ ခရီးစဉ်တွေ ပျက်သွားတတ်တယ်။ ဒါပေမဲ့ မထင်မှတ်သောခရီး၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ သူတစ်ပါးကိစ္စအတွက် ခရီးသွားရတတ်တယ်။ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်ခြင်းများ ကြုံမယ်။ လူမျိုးခြားကူညီမှုပေးတတ်တယ်။ ပြည်ပခရီးဝေး သွားမယ်ဆိုလျှင် ဒီကာလမှာ ထွက်လိုက်ပါ။ အနည်းငယ် စိတ်အနှောင့်အယှက်ဖြစ်စရာတွေ ကြုံလာပေမယ့် အောင်မြင်မှု ရရှိသွားမှာ ဖြစ်ပါတယ်။ မိသားစုအတွင်း စိတ်ဝမ်းကွဲစရာတွေ ကြုံတွေ့ရတတ်တယ်။ ကိုယ်ရည်ရွယ်တာကတခြား၊ မိသားစုဖြစ်ချင်တာတခြားဖြစ်နေတတ်တယ်။ အတတ်ပညာတစ်ခု သင်ကြားရတတ်တယ်။ ဝန်ထမ်းဆိုလျှင် အလုပ်နှင့် ပတ်သက်တဲ့ သင်တန်းတက်ရတတ်တယ်။ ပညာရပ်နှင့် ပတ်သက်၍ ကောင်းပါတယ်။ ငွေဝင်နည်းပေမယ့်လည်း ထီကံကောင်းတဲ့ကာလ ဖြစ်ပါတယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေတဲ့သူတွေအဖို့ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ အလုပ်တွင် အပျက်အစီး၊ အဆုံးအရှုံး၊ အလေအလွင့် များနေလိမ့်မယ်။ လက်ရှိအလုပ်အကိုင် ပြောင်းချင်စိတ် ပေါ် လာမယ်။ ပြောင်းလျှင် ပိုဆိုးသွားတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေရင်းများနှင့် လမ်းခွဲရတတ်တယ်။ အလှူ မင်္ဂလာပွဲ အစီအစဉ်များ အထစ်အငေါ့ကြုံခြင်း၊ ရှက်ရွံ့ရခြင်းများ ကြုံရတတ်တယ်။ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ ငွေပျောက်ခြင်း၊ ကြွေးစာင်ခြင်းမျိုး ဖြစ်တတ်တယ်။ သူတစ်ပါး၏ အမှုကိစ္စကို လိုက်လံဖြေရှင်းပေးရတတ်တယ်။ ကျန်းမာရေး အနေဖြင့် အစာအဆိပ်ဖြစ်ခြင်း၊ ခြေထောက်၊ ခါး၊ သွား ဒုက္ခပေးခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ကြက်လျှာ အစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၁၊ ၅၃၊ ၇၅၊ ၇၇

### အထူးသတိပြုရန်

ယခုကာလတွင် အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်ပြောင်းခြင်း မပြုပါနှင့်။ မည်သည့်ပစ္စည်းမှ မငှားပါနှင့်။ ငှားလျှင် ဆုံးရှုံးသွားတတ်တယ်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း နှီဆွမ်း(၁၂)မိနစ်ကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဇွန်လအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် မထင်မှတ်တဲ့ အပြောင်းအလဲတွေ ကြုံတွေ့ရတတ်ပါတယ်။ မိမိလုပ်နေတဲ့ အလုပ်နေရာ ပြောင်းရွှေ့ရခြင်းမျိုးလည်း ကြုံရတတ်တယ်။ အလုပ်သစ်တစ်ခုလည်း လုပ်ရတတ်တယ်။ အိမ်နေရာအသစ်ရခြင်း၊ နေရာထိုင်ခင်း မွမ်းမံပြင်ဆင်ရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ကြုံရတတ်တယ်။ ခရီးများသွားနေရမယ်။ ထိုခရီးများသည်လည်း သင့်အတွက် အကျိုးထူးစေပါလိမ့်မယ်။ မထင်မှတ်ဘဲ ပညာတစ်ခု သင်ကြားရခြင်း၊ သင်တန်းတစ်ခု တက်ရခြင်းများ ပြုလုပ်ရတတ်တယ်။ မရည်ရွယ်ဘဲ မြေဝင်တတ်တယ်။ အလုပ်ကောင်းပေမယ့် မိမိအပေါ် မကောင်းကြံခြင်း၊ မကောင်းပြောခြင်းများ ခံရတတ်သောကြောင့် နည်းနည်းသတိထားပါ။ လူမျိုးခြား ဒုက္ခပေးတတ်တယ်။ လက်အောက်ငယ်သားအတွက် စိတ်ညစ်ရတတ်တယ်။ ရွှေနှင့် ရ ဘနာပစ္စည်းများထွက်ခြင်း၊ ပေါင်နှံရခြင်းများ ကြုံရတတ်တယ်။ အစိုးရဝန်ထမ်းများအဖို့ ရာထူးတက်တာနှင့်အမျှ ပစ်စာ တိုင်စာမျိုးတွေလည်း ကြုံတွေ့ရတတ်တယ်။ တနင်္ဂနွေသားသမီး၊ သောကြာသားသမီး ဌာနဆိုင်ရာအကြီးအကဲ၊ ဆွေမျိုးအကြီးအကဲတို့က အကူအညီကောင်းပေးလာလိမ့်မယ်။ အင်္ဂါနာမည်၊ စနေနာမည်ပါသော ကျန်းမာရေးညံ့သည့် သက်ကြီးရွယ်အိုများ အိမ်သို့လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်တယ်။ ပြည်ပခရီးငေး အကျိုးပေးသောကာလဖြစ်သောကြောင့် ယခုကာလတွင် ပြုလုပ်ပါ။ ကျန်းမာရေးအနေဖြင့် ဆေးမှား၊ အစာမှား ဖြစ်တတ်တယ်။ ဆရာဝန် ညွှန်ကြားချက်မပါဘဲ ဆေးမသောက်ရပါ။ ခြေထောက်တွင် အန္တရာယ်ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွှန့်(၄)ညွှန့်၊ ပေါက်ပန်းဖြူ(၅)ညွှန့်၊ ထီးအနီရောင်(၁၀)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

သောကြာ၊ တနင်္ဂနွေ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၆၊ ၆၁၊ ၁၂၊ ၆၇

### အထူးသတိပြုရန်

ယခုကာလတွင် မိမိခြံ၊ ကား ရောင်းချ၍ လုပ်ငန်းသစ် စတင်လုပ်ခြင်းမျိုး မပြုလုပ်ရပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် သောကြာနေ့တိုင်း အုန်းဆွမ်း(၆)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဖွန်လအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းတဲ့အချိန် ဖြစ်ပါတယ်။ မရသေးတာတွေ ရလာလိမ့်မယ်။ ရပြီးသားပစ္စည်းတွေလည်း တိုးပွားလာတတ်တယ်။ အလှူအတန်းကိစ္စတွေလည်း ပြုလုပ်ရတတ်တယ်။ ငွေအစုလိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ မိမိအလုပ်မှလည်းကောင်း၊ ထီပေါက်၍သော်လည်းကောင်း ဝင်လာတတ်ပါတယ်။ လက်ရှိအခြေအနေထက် အဆပေါင်းများစွာ စီးပွားတက်လိမ့်မယ်။ အဖိုးတန်ကျောက်မျက်ရတနာများ ဝင်မယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေး အောင်မြင်လိမ့်မယ်။ ကိုယ်ပိုင်လုပ်ငန်းလုပ်တဲ့သူဆိုရင် လုပ်ငန်းတွေ အများကြီး တိုးချဲ့ရတတ်တယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေ မြင့်တက်ခြင်း ကြုံရလိမ့်မယ်။ ပညာရေးကိစ္စများ၊ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ ရွှေထွက်ခြင်း၊ ရွှေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ရွှေဝယ်လျှင် အသစ်သာ ဝယ်သင့်တယ်။ အပျက်အဟောင်း မဝယ်သင့်။ ဆွေမျိုးအကြီးအကဲတို့ရဲ့ ကျန်းမာရေးညံ့တဲ့သတင်း ကြားရတတ်တယ်။ သက်ကြီးရွယ်အိုထဲမှ တနင်္ဂနွေ၊ ဗုဒ္ဓဟူး အမည်ပါတဲ့လူတွေ မိမိအိမ်မှာရှိရင် တခြားရွှေ့ထားလိုက်ပါ။ လက်အောက်ငယ်သားများနှင့် ပတ်သက်ပြီး စိတ်ပူပင်ရတတ်တယ်။ ယခုကာလတွင် မိမိလုပ်ငန်းတွေကို အင်နဲ့အားနဲ့ တိုးချဲ့လုပ်ကိုင်သင့်သော်လည်း ဖြတ်လမ်းနည်းတော့ မလိုက်ပါနှင့်။ လက်ရှိလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်သင့်သော်လည်း အလုပ်ပြောင်းပြီး မလုပ်ပါနှင့်။ ပြည်ပခရီးသွားရကိန်း ရှိတယ်။ ခရီးများ မကြာခဏ ထွက်ရတတ်တယ်။ လာဘ်ရွှင်ပေမယ့် ကျန်းမာရေးတော့ ဂရုစိုက်ပါ။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်နဲ့ ဦးခေါင်း ဒုက္ခပေးတတ်တယ်။ မတော်တဆ ထိခိုက်ဒဏ်ရာရလို့ အရိုးကျိုးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ကနက္ကဒန်ထီးဖြူ(၁)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၂၁၊ ၂၇၊ ၇၂၊ ၇၆

### အထူးသတိပြုရန်

မိမိအိမ်အနီးအနားတွင် ကလေးတစ်ယောက် ရေနစ်သောနိမိတ်တွေ့ပါကလည်းကောင်း၊ အရူးတစ်ယောက် ကခုန်သောနိမိတ်တွေ့ပါကလည်းကောင်း ဝင်လာစရာရှိသော လာဘ်လာဘများ၊ လုပ်ငန်းများ နှောင့်နှေးတတ်သောကြောင့် ကျွန်ုပ်နှင့် လာရောက်တွေ့ဆုံပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်


မိမိနေအိမ်ကဘုရားတွင် ငွေထီး(၉)လက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဇွန်လအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှဲ့နေပါတယ်။ ထင်သလောက် အောင်မြင်မှု မရရှိနိုင်သေးတဲ့ကာလ ဖြစ်ပါတယ်။ သင်တန်းတစ်ခုတက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုခုသို့ ဝင်ရောက်ရခြင်းများ ကြုံရတတ်တယ်။ နားချိန်မရလောက်အောင် အလုပ်ရှုပ်မယ်။ လွန်စွာပင်ပန်းလိမ့်မယ်။ အလုပ်တွင် မပျော်ဘဲ ဖြစ်နေတတ်တယ်။ အလုပ်ပြောင်းရန် စိတ်မကူးပါနှင့်။ ပြောင်းလျှင် အဆင်မပြေနိုင်သေးပါ။ အထက်လူကြီး၊ ကြီးကဲသူတို့က ကူညီမ,စလိမ့်မယ်။ မြေတစ်ကွက်ဝင်တတ်ပါတယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်သောကိစ္စများ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်လိမ့်မယ်။ လူငယ်လူရွယ်များ မိန်းမခိုးခြင်း၊ ယောက်ျားနောက်လိုက်ခြင်းများလုပ်လျှင် ဆွေပြတ်မျိုးပြတ် ဖြစ်ကုန်တတ်တယ်။ ဘာသာရေးနှင့် ပတ်သက်သော ပုံတော်များ ဝင်လာလိမ့်မယ်။ အိမ်တွင် ကိုယ်ဝန်ဆောင်သည်ရှိလျှင် ဆေးရုံ၌ မီးဖွားပါ။ အိမ်၌ မီးဖွားလျှင် အဆင်မပြေ ဖြစ်တတ်တယ်။ အလှူရက်၊ မင်္ဂလာရက် ရွှေ့ရတတ်တယ်။ ဆွေမျိုးသားချင်းထဲမှ နာရေးကြုံရတတ်တယ်။ ယခုကာလတွင် ကြွေးပေးခြင်း၊ ကြွေးတောင်းခြင်းများ မပြုပါနှင့်။ ဤကာလအတွင်း အမွေရခြင်း(သို့မဟုတ်) အမွေ့ကဲ့သို့ ပစ္စည်းရခြင်းများ ကြုံရတတ်တယ်။ ယခုကာလတွင် လက်ခံလိုက်လျှင် အလဟဿ ကုန်သွားတတ်တယ်။ ကျန်းမာရေး ဂရုစိုက်ပါ။ စိတ်ထောင်းကိုယ်ကျေ ဖြစ်နေတတ်တယ်။ သင်သည် မိန်းကလေးဖြစ်ပါက သွေးဖောက်ပြန်ပြီး စိတ်နှင့်ပတ်သက်သော ဝေဒနာ ခံစားရတတ်တယ်။ အမျိုးသားဖြစ်ပါက ဝမ်းဗိုက်နှင့် ပတ်သက်သော ဝေဒနာများ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ယပ်အဲဝါရောင်(၁၇)ခုတို့ကို လှူပေးပါ။ အညှံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညှံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၁၅၊ ၂၄၊ ၅၉

### အထူးသတိပြုရန်

ယခုကာလတွင် ဖိမ်ခံလိုစိတ်ဖြင့် အိပ်ရာကောင်းကောင်းနှင့် မအိပ်ပါနှင့်။ အိပ်လျှင် ကျန်းမာရေးချူချာခြင်း၊ ပြဿနာဟောင်း၊ ရောဂါဟောင်းများ ပြန်ပေါ်လာတတ်တယ်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ထမင်းပေါ်ပျားရည်ဆမ်းပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၆-ခုနှစ်၊ ဇွန်လ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

**ဒေါက်တာစောယုနွယ်**

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၆၄၃၀၃၀

---

### တနင်္ဂနွေသားသမီးများအတွက်

စက်ပစ္စည်းအသစ်တွေဝင်မယ်၊ ထီပေါက်တတ်တယ်။ ထီပေါက်ရင် ငွေကို ကိုယ်တိုင်မကိုင်ပါနဲ့။ အမှုအခင်းတွေကို ကိုယ့်ကိစ္စမဟုတ်ဘဲ ဖြေရှင်းနေရတတ်တယ်။ လမ်းခရီးသွားရင် မော်တော်ကား ဒုက္ခပေးတတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို အုန်းသီးပါတဲ့မုန့် လက်ဆောင်ပေးပါ။

---

### တနင်္လာသားသမီးများအတွက်

အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်တွေ ကြွလာတတ်တယ်။ ငယ်ရွယ်သူတွေအဖို့ အစွပ်အစွဲ အထင်လွဲမှုတွေ ကြုံရမယ်။ မော်တော်ကားအသစ် ပြောင်းလဲရမယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ကြက်သားနှင့် ပြုလုပ်ထားသောမုန့် လက်ဆောင်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

စီးပွားရေး သိသိသာသာ တိုးတက်သောကာလဖြစ်တယ်။ လုပ်ငန်းဟောင်းများ ပြန်လည်ပေါ်လာတတ်တယ်။ လုပ်ငန်းတွေလည်း သိသိသာသာ အောင်မြင်မယ်။ လွတ်လပ်ပြီး အရွယ်ရောက်သူဆိုလျှင် အိမ်ထောင်ကျတတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ပဲဆီတစ်ဗူး လက်ဆောင်ပေးလိုက်ပါ။

## ဗုဒ္ဓဟူးသားသမီးများအတွက်

မပြည့်စုံတာတွေ ပြည့်စုံပြီး ဖြစ်ချင်တာတွေ ဖြစ်လာလိမ့်မယ်။ အလုပ်နေရာ ပြောင်းရွှေ့တာမျိုး၊ အိမ်ပြောင်းရတာမျိုးတွေ ကြုံမယ်။ လက်ဝတ်ရတနာ ရွှေထည်များ ဝင်လာတတ်တယ်။ အချစ်ရေးမှာ လမ်းခွဲရတတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဝက်သားနှင့် ပြုလုပ်ထားသောမုန့် လက်ဆောင်ပေးပါ။

## ကြာသပတေးသားသမီးများအတွက်

မထင်မှတ်တဲ့ခရီး သွားရတတ်တယ်။ နိုင်ငံရပ်ခြားခရီးဖြစ်မယ်။ မိသားစုအတွင်း အနည်းငယ် စိတ်ဝမ်းကွဲစရာ ကြုံတွေ့ရတတ်တယ်။ အတတ်ပညာတစ်ခု သင်ရတတ်တယ်။ ငွေဝင်နည်းပေမယ့် ထိုက်ကောင်းတတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်မုန့်တစ်ဗူး လက်ဆောင်ပေးပါ။

## သောကြာသားသမီးများအတွက်

မထင်မှတ်တဲ့ အပြောင်းအလဲကြုံမယ်။ အိမ်နေရာအသစ် ပြောင်းရမယ်။ ခရီးများ သွားနေရတတ်တယ်။ လူမျိုးခြားက ဒုက္ခပေးတတ်တယ်။ ဌာနအကြီးအကဲက အကူအညီပေးမယ်။ လက်အောက်ငယ်သားအတွက် စိတ်ညစ်စရာကိစ္စပေါ်မယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို သကြားတစ်ထုပ် လက်ဆောင်ပေးပါ။

## စနေသားသမီးများအတွက်

မိမိအလုပ်မှလည်းကောင်း၊ ထီပေါက်၍လည်းကောင်း ငွေ ဘးဝင်လာတတ်ပါတယ်။ လက်ရှိအခြေအနေထက် အဆပေါင်းများစွာ စီးပွားတက်မယ်။ လူမျိုးခြား နိုင်ငံခြားနှင့် ပတ်သက်သော လုပ်ငန်းများ ဝင်လာလိမ့်မယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ကိုကာကိုလာတစ်ဗူး လက်ဆောင်ပေးပါ။

## ရာဟုသားသမီးများအတွက်

အညှဉ့်ကြီးမဟုတ်ပေမဲ့ ထင်သလောက် အောင်မြင်မှုမရသေးတဲ့ကာလဖြစ်တယ်။ နားချိန်မရအောင် အလုပ်ရှုပ်နေမယ်။ လွှန်စွာပင်ပန်းလိမ့်မယ်။ အလုပ်တွင် မပျော်ပိုက်ဘဲ ရှိနေမယ်။ ကားပွတ်တိုက်မိလိမ့်မယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ပူတင်းပေါင်မုန့် လက်ဆောင်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး (၂၅၉၈) နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ

ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ (၂၅၉၈)နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ၁၃၇၇-၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်(၁၇-၄-၂၀၁၆)တနင်္ဂနွေနေ့မှ တန်ခူးလပြည့်ကျော် ၄ ရက်(၂၆-၄-၂၀၁၆)အင်္ဂါနေ့အထိ ၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ZN**

## အလှူ့ရေစက်ချပွဲ

ကျိုက္ကမီမြို့ ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး၏ ဂန္ဓကုဋိတိုက်အတွင်းရှိ မြတ်ဗုဒ္ဓကိုယ်တော်အား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ အင်္ဂါထောင့်ရှိ မြတ်ဗုဒ္ဓတစ်ဆူအား ရွှေသင်္ကန်းအနားကွပ်တော် ဆက်ကပ်လှူဒါန်းခြင်း၊ စောင်းတန်းဓာတ်လှေကား တပ်ဆင်ခြင်း၊ အပူခံကျောက်ပြားခင်းခြင်းနှင့် တခြားသော လှူဒါန်းမှု အစုစုတို့အတွက် ရေစက်ချအခမ်းအနားကို ၁၃၇၇-ခုနှစ်၊ တပေါင်းလပြည့်နေ့(၂၃-၃-၂၀၁၆) ဗုဒ္ဓဟူးနေ့ နံနက် ၅း၃၀ နာရီတွင် ရေလယ်ဘုရားကုန်းတော်ပေါ်ရှိ သီရိရတနာ ခန်းမဆောင်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

စိုးဝင်းထွဏ်း

## စွယ်တော်ရတနာစေတီတော်၏ စုဒ္ဒသမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာ့အေးစေတီလမ်းရှိ ညောင်တုန်းပါဠိတက္ကသိုလ်စာသင်တိုက်၌ ကိန်းဝပ်စံပယ်လျက်ရှိသော စွယ်တော်ရတနာစေတီတော်၏ စုဒ္ဒသမအကြိမ် ဗုဒ္ဓပူဇနီယပွဲအလှူတော်မင်္ဂလာ ရေစက်ချ အခမ်းအနားကို ၂၀၁၆-ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်၊ အင်္ဂါနေ့(တပို့တွဲလပြည့်) မွန်းလွဲပိုင်းတွင် လှုရတနာကျောင်း ဒုတိယထပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ဘုရားဒါယကာ၊ ဒါယိကာမများက ဆရာတော်သံဃာတော် အရှင်မြတ်တို့အား သင်္ကန်း စသော လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ညောင်တုန်းတိုက်နာယက စာချ လှုရတနာဆရာတော် ပထမကျော်၊ အဂ္ဂမဟာအကျော်၊ အဂ္ဂကထာပြန်အကျော်၊ ဝင့်သကာ၊ ပိဋ္ဌပါရဂူ သ-စ-အမှာစရိယ "ဘဒ္ဒန္တ နာရဒါဘိဝံသ"မှ အနုမောဒနာ ရေစက်ချတရား ဟောကြားချီးမြှင့်ခဲ့ရာ ကြွရောက်လာကြသော ဧည့်ပရိသတ်များမှ အမျှပေးဝေ သာဓုခေါ်ဆို၍ ရေစက်ချခဲ့ကြကြောင်း သိရှိရသည်။


### အောက်ပါဌာနများသို့ လှူဒါန်းလိုပါလျှင် . . .

- ❖ HIV ပိုးကူးစက်ခံ မိဘမဲ့ကလေးများ၏ သုခရိပ်မြုံဂေဟာ (၀၁-၅၈၁၉၅၅)
- ❖ ဆည်းဆာရိပ် ဂီလာနသိုးဘွားရိပ်သာ (၀၉-၇၃၀၁၈၀၀၇)
- ❖ နာရေးကူညီမှုအသင်းသို့ လှူဒါန်းလိုလျှင်ဖြစ်စေ၊ အကူအညီလိုလျှင်ဖြစ်စေ ဆက်သွယ်ရန် (၀၁-၆၃၉၄၉၀)၊ (၀၁-၇၀၉၂၇၇)၊ (၀၁-၅၈၁၃၆၃)၊ (၀၁-၇၀၄၇၈၄)


www.burmeseclassic.com

www.burmeseclassic.com

## ကျိုက်မှော်ဝန်း ရေလယ်စေတီတော် (၁၀၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ



ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကျက်သရေဆောင် ရေးဟောင်းသမိုင်းဝင် ကျိုက်မှော်ဝန်း ရေလယ်စေတီတော်မြတ်ကြီး၏ (၁၀၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၇၇-ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်(မတ်လ ၁၅ ရက်မှ ၂၃ ရက်) တပေါင်းလပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

၂၀၁၆-ခုနှစ်၊ မတ်လ ၁၅ ရက်နေ့ ည ၇ နာရီတွင် ဓမ္မပူဇာအဖြစ် ဘုတလင်ဆရာတော်"ဘဒ္ဒန္တကုဏ္ဍာစရိယ"(တိပိဋကဓရ တိပိဋကကောဝိဒ)၊ ၂၀၁၆-ခုနှစ်၊ မတ်လ ၁၆ ရက်နေ့ညတွင် မြင်းမူဆရာတော်"ဘဒ္ဒန္တပညာသီရိလင်္ကာရ"(တိပိဋကဓရ)၊ ၂၀၁၆-ခုနှစ်၊ မတ်လ ၁၇ ရက်နေ့ညတွင် ရေလယ်စေတီတော် ဩဝါဒါစရိယ နိုင်ငံတော်ဩဝါဒါစရိယ ကန်ပြောင်ကျောင်းဆရာတော်"ဘဒ္ဒန္တသုန္ဒရ"(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ဆရာတော်တို့မှ တရားဓမ္မများ ဟောကြားတော်မူခဲ့ကြကြောင်း သတင်းရရှိသည်။

၂၀၁၆-ခုနှစ်၊ မတ်လ ၁၈ ရက်နေ့မှ ၂၃ ရက်နေ့(တပေါင်းလပြည့်နေ့)နံနက်အထိ ငါးစပ်ဘုရားတန်ဆောင်းတွင် သံဃာတော် အပါး(၃၀)တို့မှ မဟာပဋ္ဌာန်းဒေသနာတော်ကို အသံမစဲ ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

၂၀၁၆-ခုနှစ်၊ မတ်လ ၂၃ ရက်(တပေါင်းလပြည့်) အရုဏ်တွင် ကျိုက်မှော်ဝန်း ရေလယ်စေတီတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီး အရုဏ်ဆွမ်း ဆက်ကပ်၍ သံဃာ့ပူဇာအဖြစ် နံနက် ၁၀ နာရီတွင် ဘုရားအမှူးပြုသော ပင့်သံဃာ ၁၀၁ ပါးအား ရွှေမှော်ဝန်း သာသနာ့ဗိမာန်၌ နေ့ဆွမ်းဆက်ကပ်ပြီး မွန်းလွဲ ၁ နာရီတွင် ငွေပဒေသာပင်နှင့် ဆွမ်းဆန်စိမ်း လောင်းလှူ၍ ညနေ ၆ နာရီတွင် မှော်ဝန်းမြစ်လယ်ရှိ စေတီတော်မြတ်အား ဆီမီးမျှော ပူဇော်ခဲ့ကြကြောင်း သိရှိရသည်။

ဘုရားပွဲတော် ပျော်ပွဲရွှင်ပွဲများအဖြစ် မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြပွဲများ။ သစ္စာမေတ္တာ ရွှေမန်း(ချမ်းသာ)ဇာတ်သဘင် အဖွဲ့ဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

အင်ကြင်း

---

## အမ္ဘာရာမ ဗုဒ္ဓစွယ်တော်မြတ်နှင့် ပန်းပေါင်းဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်လမ်း၊ အမှတ်-၄၆ ရှိ အမ္ဘာရာမ ဗုဒ္ဓစွယ်တော်မြတ်နှင့် ပန်းပေါင်းဘုရားကြီး သီတင်းသုံးတော်မူရာ အမ္ဘာရာမ ဝိပဿနာ တရားတိုက်တွင် ၁၃၇၇-ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ (၂၀-၂-၂၀၁၆)စနေနေ့မှ (၂၃-၂-၂၀၁၆)အင်္ဂါနေ့(တပို့တွဲလပြည့်နေ့)အထိ ၄ ရက်တိုင်တိုင် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခြင်း၊ ပဋ္ဌာန်းတရား ဒေသနာတော်ဖြင့် ရွတ်ဖတ်ပူဇော်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်းတို့ဖြင့် ကပ်လှူပူဇော်၍ ဗုဒ္ဓပူဇနိယပွဲတော်ကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

# စာရေးဆရာကြီး သော်တာဆွေ ကွယ်လွန်ခြင်း (၂၂)နှစ်ပြည့် ဂါရဝပြု ဒါနအလှူပွဲ ကျင်းပ



စာရေးဆရာကြီး သော်တာဆွေသည် အသက်(၇၆)နှစ် (၄-၃-၁၉၉၅)နေ့ရက်တွင် ကွယ်လွန်ခဲ့သည်။ ဆရာကြီး၏တပည့် စာရေးဆရာ သုဝဏ္ဏကျော်စိန်မှ အမှတ်တရ ဂါရဝပြုဒါနပွဲများကို ကျင်းပခဲ့ရာ နှစ်စဉ် မတ်လ ၂ ရက်နေ့တိုင်း စာရေးဆရာများ ဖိတ်ကြားခြင်းနှင့် ရဟန်းစာဆိုများကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်ခဲ့သည်။

ယခုနှစ်ကျင်းပသော ဂါရဝပြု ဒါနအလှူပွဲကို မြောက်ဥက္ကလာပမြို့နယ်၊ နီလာလမ်း၊ သာသနာ့ဗိသုဒ္ဓိမွှော်ရုံ၌ ၂-၃-၂၀၁၆ နံနက် ၁၀ နာရီတွင် စတင်ကျင်းပပြုလုပ်ခဲ့ရာ ရဟန်းစာဆိုများ၊ စာရေးဆရာ၊ ဆရာမများ (၁၀၀)ကျော် တက်ရောက်ခဲ့ကြသည်။

ဆရာသုဝဏ္ဏကျော်စိန်မှ သူ၏စာအုပ်(၄)အုပ်ကို နိဘယ်စာပေပွဲတော်မှာ ရောင်းချပြီး ရရှိတဲ့ငွေနဲ့ ယခုပွဲလေးကို ပြုလုပ်ကြောင်း ပြောကြားခဲ့ပါသည်။

သံဃာများကို ဆွမ်းကပ်၍ တက်ရောက်လာကြသော စာပေမိတ်ဆွေများကို နေ့လည်စာဖြင့် ဧည့်ခံပြီး ဂီတစာဆို မောင်မျိုးသူ တေးဂီတအဖွဲ့မှ တေးသံသာများဖြင့် သီဆိုဧည့်ခံမှု ပြုခဲ့ကြောင်း သိရှိရပါသည်။


စာရေးဆရာကြီး သော်တာဆွေ အမှတ်တရ ဂါရဝပြု ဒါနပွဲတွင် ဆရာသုဝဏ္ဏကျော်စိန်၊ မင်းသားကြီး မြင့်စိုး၊ သောကြာဦးမောင်ကလေး၊ ဆင်ဖြူကျွန်း အောင်သိန်း၊ ဦးခင်ဇော်(မရမ်းကုန်း)၊ ညီမေတ္တာတို့မှ သော်တာဆွေ အမှတ်တရစကားများ ပြောကြားခဲ့ပါသည်။

ကိုမိုး(ရွှေပြည်သာ)

www.burmeseclassic.com

www.burmeseclassic.com

## ကမ္ဘာ့ပထမဆုံး ဝေရောစန ကျောက်စိမ်းစေတီတော်မြတ်ကြီး၏ ပထမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ



ကမ္ဘာ့ပထမဆုံး ဝေရောစန ကျောက်စိမ်းစေတီတော်မြတ်ကြီး၏ ပထမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ကိုးတောင်ပြည့်(မေတ္တာစေတီတော်) ရွှေထီးတော်တင်လှူပွဲနှင့် ဌာပနာပိတ်ပွဲ အလှူတော်မင်္ဂလာ အခမ်းအနားကို ၁၃၇၇-ခုနှစ်၊ တပေါင်းလပြည့်နေ့၌ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အောင်ပွဲအထိမ်းအမှတ်အဖြစ် မင်းသားဖိုးချစ်ဇာတ်ပွဲနှင့်အတူ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ မြန်မာ့ရိုးရာခြင်းလုံးအလှခတ်ပြိုင်ပွဲစသည့် ပျော်ပွဲရွှင်ပွဲများကို ၅ ရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

သားငယ်

## ပဉ္စမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲ

၁၃၇၈-ခုနှစ်၊ ကဆုန်လပြည့်(ဗုဒ္ဓနေ့)(၂၁-၅-၂၀၁၆) စနေနေ့တွင် ကျင်းပမည့် ပဉ္စမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲကြီး၏ ပြိုင်ပွဲဝင်အဆင့် အလယ်တန်းဆင့်(၅ တန်း ဖြေဆိုပြီးမှ ၈ တန်း ဖြေဆိုပြီးထိ)သူများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ရွေးချယ်မည့် ပြိုင်ပွဲဝင် အရေအတွက်(၃၀)ဦး။ စာဖြေဌာနအသီးသီးမှ ရမှတ်အများဆုံး အနည်းဆုံး(၁)ဦး။ စုစုပေါင်း (၅၀)ဦး ဖြစ်ပြီး လေ့လာကြည့်ရှုရမည့်စာအုပ်မှာ ရေးဖြေဝင်ခွင့်အတွက် "သုတစုံလင် ဗုဒ္ဓဝင်"စာအုပ်(သုတဖွဲ့မှထုတ်ဝေသည်)။ ပြိုင်ပွဲဝင်အဆင့်အတွက် "မဟာဗုဒ္ဓဝင်" ၆ တွဲ ၈ အုပ် (မင်းကွန်းဆရာတော် ရေးသားသည်)စသည့် စာအုပ်များကို လေ့လာရမည် ဖြစ်သည်။


ရေးဖြေဝင်ခွင့် ဖြေဆိုရမည့်ရက်မှာ (၉-၄-၂၀၁၆) စနေနေ့တွင် သက်ဆိုင်ရာဌာနများ၌ ရေးဖြေတစ်ကြိမ် ဖြေဆိုရမည်ဖြစ်သည်။

ရေးဖြေအထောက်အကူပြုသင်တန်းကို သာစရိယသွတ္တိ စာသင်တိုက်၊ နတ်စင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်တွင် (၇-၃-၂၀၁၆)ရက်နေ့မှစ၍ နံနက် ၈ နာရီမှ ၁၁ နာရီအထိ ၁၀ ရက် သင်တန်း ပို့ချပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ဖောင်ထုတ်ယူနိုင်မည့်ရက်မှာ (၇-၃-၂၀၁၆) ရက်နေ့ဖြစ်ပြီး ပြန်လည်ပေးပို့ရမည့် နောက်ဆုံးရက်မှာ (၃၁-၃-၂၀၁၆)ရက်နေ့ ဖြစ်သည်။

အသေးစိတ် သိရှိလိုပါက(ဖုန်း-၀၉-၇၉၆၉၂ ၉၉၇၂)သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

www.burmeseclassic.com



အလုပ်လုပ်ပြီဆိုလျှ
အများနဲ့ အရင် ရင်ဆိုင်ပြီးမှ အ
ဆိုတာ တွေ့ရတတ်ပါတယ်
အများဆိုတာ အမှန်ကို ရှာ
တွေ့နိုင်မယ့် နည်းလမ်းတစ်ခု
မှတ်ယူပြီး အလုပ်တွေ လုပ်
ဆိုရင် အလုပ်လုပ်ပြီး မှားသွား
အများတွေဟာ အများမဟုတ်
ကို တွေ့ရလိမ့်မယ်။

ဘာမှမလုပ်ဘဲ ထိုင်
တာက အများပါ။ လော
အောင်မြင်ချင်ရင် အလုပ်
လုပ်ပြီး စွန့်စားပါ။ စွန့်လွှတ်

www.burmeseclassic.com